# ခရစ်ယာန်ပညာရေး



# EDUCATION - E.G. WHITE

# ခရစ်ယာန်ပညာရေး

# ခရစ်ယာန်ပညာရေး

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၂၆၀၀

တန်ဖိုး – ၈၀၀၀.၀၀ ကျပ်

ပထမအကြိမ်

# စကားချီး

ပညာရေးဘာသာရပ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖတ်နိုင်မည့်စာအုပ်၊ ခေတ်ရေစီးကြောင်းမှာ လက်ရှိလုပ်ငန်း၌ပြောင်းလဲနေသော အချိန်ကာလ၏ စိန်ခေါ်မှုများကို ကောင်းစွာကြဲ့ကြဲ့ခံမည့်စာအုပ်မှာ အမှန်ပင်ရှားပါးလျက်ရှိသည်။ ဤစာအုပ်တွင် ရှင်းလင်းစွာဖွင့်ပြထားသော အခြေခံသဘောတရားများသည် ဆယ်စုနှစ်ပေါင်းများစွာ၊ ထောင်သောင်းမကသောမိဘများ၊ ဆရာသမားများ၏ လက်စွဲဖြစ်နေပေသည်။ ယခုတွင် ဤစာအုပ်ကိုကျယ်ပြန့်စွာဖြန့်ဝေပြီး၊ ဖတ်ရှုနေကြသည်ဖြစ်ကာ၊ ၎င်း၏စာသားများ၊ စာမျက်နှာများကိုမပြောင်းလဲဘဲ၊ ခရစ်ယာန်အိမ်ထောင်စာကြည့်တိုက်စာအုပ်တွဲအဖြစ် ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

လူတိုင်းသည်အသက်တာ၏အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ ကျရှုံးခြင်းများနှင့်အောင်မြင်မှုများကိုနဖူးတွေ့ဒူးတွေ့ရင်ဆိုင်ကြရမည်။ လူသည် ဤအတွေ့အကြုံများကို ရင်ဆိုင်လာရသောအခါ၊ အခြေအနေကိုထိန်းချုပ်နိုင်သောသူလော၊ သို့မဟုတ် အခြေအနေ၏သားကောင်ဖြစ်သွားသလော ဆိုသည်မှာ၊ ထိုအရာများကိုကိုင်တွယ်ဖြေရှင်းရန် သူ၏ပြင်ဆင်မှု ပညာရေးပေါ်တွင်တည်နေပေသည်။

စစ်မှန်သောပညာရေးကိုအစွမ်းအစအားလုံးလိုက်ဖက်ညီစွာ တိုးတက်ခြင်း၊ ဤအသက်တာနှင့် နောင်ထာဝရအသက်အတွက်ပြီးပြည့်စုံစွာ ပြင်ဆင်ခြင်းဟူ၍ ကောင်းစွာအနက်ပြန်ဆိုထားသည်။ ငယ်ရွယ်စဉ်ခါတွင် နေအိမ်နှင့်ပုံမှန်ကျောင်းအလုပ်တို့တွင် အသိဉာဏ်တိုးတက်လာ၍၊ အသက်ရှင်နေထိုင်မှုပုံစံတည်ဆောက်လာကာ၊ အကျင့်စာရိတ္တဖြစ်တည်လာသည်။

ကျယ်ကျယ်ပြန့်ပြန့်ကြည့်ပြီး၊ စစ်မှန်သောပညာရေးတွင် ပါဝင်သော အရာများ၌ အစဉ်ရှိနေသောတန်ဖိုးများကို ကောင်းစွာပိုင်းခြားသိမြင်လျက်၊

ဤစာအုပ်ကိုရေးသားသူသည် သူတို့နားလည်သဘောပေါက်နိုင်မည့်နည်းလမ်းကို ညွှန်ပြပေးသည်။ ဉာဏအစွမ်းများစနစ်တကျဖွံ့ဖြိုးစေမည့်ပညာကို ရှင်းလင်းစွာ ဖေါ်ပြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားဖြစ်စေမည့်ပညာကိုလည်းအထူးပြုထားသည်။ ဘုရားသခင်သည် ဉာဏ်ပညာအားလုံး၏အရင်းအမြစ်ဖြစ်ကြောင်း အသိအမှတ်ပြုသည့်ပညာကို အလေးအနက်ထောက်ခံသည်။ {Ed p.7}

ပညာရေးဘာသာရပ်အကြောင်း ကျယ်ပြန့်စွာရေးသားရာ၌ စာရေးသူ၏အရင်းခံရည်ရွယ်ချက်မှာ၊ ဘဝလမ်းခရီးကို စတင်လှမ်းသည့်လူငယ်များသည် ကောင်းသောတိုင်းသူပြည်သားများအဖြစ် ရပ်တည်နိုင်ရန်အတွက် အဆင်သင့်ရှိစေရန်လည်းကောင်း၊ အသက်တာ၏လက်တွေ့ကျသော အတွေ့အကြုံများအတွက် ကောင်းစွာပြင်ဆင်ထားနိုင်ရန်လည်းကောင်း၊ ကိုယ်ကာယပြည့်စုံစွာကြီးထွားရန်လည်းကောင်း၊ အစွန်းအထင်းမဲ့သောအကျင့်စာရိတ္တနှင့် အခြေခံစည်းမျဉ်းများကိုကိုင်စွဲထားသောစိတ်နှလုံးများဖြင့် ဘုရားသခင်ကိုကြောက်ရွံ့ရန်လည်းကောင်း စသည်တို့ဖြစ်ကြသည်။ ဤစာအုပ်၌ အဓိကရေးသားချက်များမှာ၊ လူငယ်များကို အိမ်နှင့်ကျောင်းများ၌ သွန်သင်လမ်းပြသူတို့နားလည်ရန် အရေးပါသောအခြေခံစည်းမျဉ်းများဖြစ်သည်။

ဤစာအုပ်ကိုရေးသားသူမှာ လူငယ်လူရွယ်တို့၏မိတ်ဆွေဖြစ်သည်။ သူမသည်နှစ်ပေါင်းများစွာ စာသင်ကျောင်းများနှင့်နီးကပ်စွာရှိနေခဲ့ပြီး၊ မိမိတို့ဘဝရပ်တည်မှုအတွက်ပြင်ဆင်ရာ၌ လူငယ်များ၏ပြဿနာများကိုလည်း ကောင်းစွာသိကျွမ်းသူဖြစ်သည်။ ဤအရာများထက်အရေးကြီးသည်မှာ သူမသည်စာရေးဆရာနှင့် တရားဟောသူအဖြစ် သာမန်ပညာနှင့်ကျွမ်းကျင်မှုထက် သာ၍များစွာပညာအစွမ်းကိုရရှိသူဖြစ်သည်။

အသေးစိတ်သင်ရိုးညွှန်းတမ်း သို့မဟုတ် တစ်မူထူးခြားသောပညာရေးစနစ်အဖြစ် မှတ်ယူ၍မဟုတ်ဘဲ၊ ကြီးမားသောအခြေခံလမ်းပြစည်းမျဉ်းများအဖြစ် အလေးထားကြ၍၊ ဤစာအုပ်သည်ကမ္ဘာနှင့်အဝန်း ဩဇာလွှမ်းရကာ၊ ဘာသာစကားများစွာဖြင့် ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။ {Ed p. 8}

*The Trustees of the*
*Ellen G.White Publications.*

"ငါတို့ရှိသမျှသည်မျက်နှာဖုံးကိုဖွင့်လျက်၊ မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ... ငါတို့သည်ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏။"

# မာတိကာ


| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | စစ်မှန်သောပညာရေး၏ အရင်းအမြစ်နှင့်ရည်ရွယ်ချက် | ၁ |
| ၂။ | ဧဒင်ဥယျာဉ်ကျောင်း | ၁၀ |
| ၃။ | ကောင်းမကောင်းသိကျွမ်းခြင်း | ၁၄ |
| ၄။ | ပညာရေးနှင့်ကယ်တင်ခြင်းဆက်စပ်မှု | ၂၁ |
| ၅။ | ဣသရေလတို့၏ ပညာရေး | ၂၆ |
| ၆။ | ပုရောဖက်ကျောင်းများ | ၄၂ |
| ၇။ | ကြီးမြတ်သောပုဂ္ဂိုလ်တို့၏ အသက်တာ | ၅၁ |
| ၈။ | ဘုရားသခင်ထံမှစေလွှတ်တော်မူသောဆရာ | ၇၇ |
| ၉။ | ခရစ်တော်၏ နည်းလမ်းများကိုသရုပ်ဖော်ခြင်း | ၉၄ |
| ၁၀။ | သဘာဝတရားထဲကဘုရားသခင် | ၁၁၁ |
| ၁၁။ | ဘဝသင်ခန်းစာများ | ၁၁၆ |
| ၁၂။ | အခြားသောသရုပ်ပြသင်ခန်းစာများ | ၁၃၀ |
| ၁၃။ | ဉာဏနှင့်ဝိဉာဏကိုလေ့ကျင့်ပျိုးထောင်ခြင်း | ၁၄၁ |
| ၁၄။ | သိပ္ပံပညာနှင့်သမ္မာကျမ်းစာ | ၁၄၈ |
| ၁၅။ | စီးပွားရေးအခြေခံသဘောတရားများနှင့်နည်းလမ်းများ | ၁၅၇ |
| ၁၆။ | သမ္မာကျမ်းစာမှအတ္ထုပ္ပတ္တိများ | ၁၇၁ |
| ၁၇။ | ကဗျာအလင်္ကာနှင့်သီချင်း | ၁၈၉ |
| ၁၈။ | သမ္မာကျမ်းစာ၏ နက်နဲမှုများ | ၂၀၃ |
| ၁၉။ | သမိုင်းဖြစ်ရပ်နှင့်အနာဂတ်ဟောပြောချက် | ၂၀၉ |
| ၂၀။ | သမ္မာကျမ်းစာသင်ပေးခြင်းနှင့်လေ့လာခြင်း | ၂၂၅ |

၂၁။ ဇီဝဗေဒကိုလေ့လာခြင်း ........................................ ၂၃၆

၂၂။ ချုပ်တည်းခြင်းနှင့်အာဟာရဗေဒ ........................................ ၂၄၅

၂၃။ အပန်းဖြေခြင်း ........................................ ၂၅၁

၂၄။ လက်မှုသင်တန်း ........................................ ၂၆၀

၂၅။ ပညာရေးနှင့်အကျင့်စာရိတ္တ ........................................ ၂၇၂

၂၆။ သင်ကြားနည်းများ ........................................ ၂၇၉

၂၇။ ကိုယ်ဟန်အပြုအမူ ........................................ ၂၉၂

၂၈။ ဝတ်စားဆင်ယင်မှုနှင့်ပညာရေးဆက်စပ်မှု ........................................ ၂၉၉

၂၉။ ဥပုသ်နေ့ ........................................ ၃၀၄

၃၀။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်း ........................................ ၃၀၈

၃၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ........................................ ၃၂၀

၃၂။ ကြိုတင်ပြင်ဆင်မှု ........................................ ၃၃၄

၃၃။ ပူးပေါင်းလုပ်ဆောင်ခြင်း ........................................ ၃၄၄

၃၄။ စည်းမျဉ်းစည်းကမ်း ........................................ ၃၄၉

၃၅။ အနာဂတ်ကျောင်းတော် ........................................ ၃၆၃

# အခန်း ၁

# စစ်မှန်သောပညာရေး၏အရင်း အမြစ်နှင့်ရည်ရွယ်ချက်

ပညာရေးနှင့်ပတ်သက်၍၊ ကျွန်ုပ်တို့၏အတွေးအခေါ်သည် အလွန်ကျဉ်းမြောင်းပြီး၊ နိမ့်ကျလွန်းနေသည်။ သာ၍ကျယ်ပြန့်သောအမြင်၊ သာ၍မြင့်မားသောရည်ရွယ်ချက်လိုအပ်နေသည်။ စစ်မှန်သောပညာရေးမှာ ဘာသာတစ်ခုကို လိုက်နေခြင်းထက်ပိုသည်။ ယခုအသက်တာအတွက် ပြင်ဆင်ခြင်းထက်လည်းပိုသည်။ ၎င်းသည် လူပုဂ္ဂိုလ်တစ်ခုလုံးနှင့်လည်းကောင်း၊ သူအသက်ရှင်နေသရွေ့ကာလပတ်လုံးနှင့်လည်းကောင်း သက်ဆိုင်သည်။ စစ်မှန်သောပညာရေးမှာ ကိုယ်ကာယ၊ ဉာဏ နှင့် ဝိဉာဏ အစွမ်းများလိုက်ဖက်ညီစွာ တိုးတက်ခြင်းဖြစ်သည်။ ၎င်းသည် ကျောင်းသားအား ဤလောကတွင်ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်ရန်အတွက်နှင့် နောင်လာမည့်ကမ္ဘာ၌ သာ၍ကြီးမားသောတာဝန်ကို သာ၍ပျော်ရွှင်စွာထမ်းဆောင်ရန်အတွက် ကြိုတင်ပြင်ဆင်ပေးသည်။ {Ed 13.1}

ထိုသို့သောပညာရေး၏အရင်းအမြစ်ကို သမ္မာကျမ်းစာထဲမှနှုတ်တော်ထွက်စကားများ၌တွေ့မြင်နိုင်သည်။ သမ္မာကျမ်းစာသည် "ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့ဝှက်ထားလျက်" (ကောလောသဲ ၂း၃) ရှိရာ ကိုယ်တော်ကိုညွှန်ပြပေးသည်။ "ဘုရားသခင်မှူကား၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံတော်မူ၏။" (ယောဘ ၁၂း၁၃)။ {Ed 13.2}

ကမ္ဘာပေါ်တွင်ကြီးမြတ်သောဆရာသမားများ၊ ဉာဏ်ကြီးရှင်များနှင့် သုတေသီကြီးများ၊ မိမိတို့ပြောစကားများအားဖြင့်အတွေးအခေါ်များကိုနှိုးဆွ၍

အသိဉာဏ်ပညာကိုပွင့်စေသောသူများ ပေါ်ထွန်းခဲ့ကြသည်။ သူတို့အား မိမိတို့လူမျိုးနွယ်စု၏လမ်းပြရှင်များ၊ အကျိုးတော်ဆောင်များအဖြစ်ဂုဏ်ပြုခဲ့ကြသည်။ သို့ရာတွင် ထိုသူတို့ထက်သာ၍ မြင့်မြတ်သောသူတစ်ဦးရှိတော်မူသည်။ ဤလောက၏ဆရာသမားကြီးများကို သမိုင်းတွင်ခြေရာခံရှာတွေ့နိုင်သည်။ သို့ရာတွင် သူတို့မတိုင်မီအလင်းရှင်ရှိတော်မူသည်။ ကျွန်ုပ်တို့၏ နေမိသားစုမှလနှင့်ကြယ်တို့သည် နေ၏အလင်းရောင်ကိုရောင်ပြန်ဟပ်နေသကဲ့သို့၊ သူတို့၏သွန်သင်ချက်များသည် မှန်ကန်နေသရွေ့၊ ဤလောက၏အတွေးအခေါ်ပညာရှင်ကြီးများသည် ဖြောင့်မတ်ခြင်းနေမင်း၏ရောင်ခြည်တော်ကိုရောင်ပြန်ဟပ်နေခြင်းဖြစ်သည်။ အတွေးမျှင်အားလုံး၊ ဉာဏ်ပညာရောင်ခြည်တိုင်းသည် လောက၏အလင်းရှင်ထံတော်မှလာသည်။ {Ed 13.3}

ယနေ့လူတို့သည် "သာ၍မြင့်မားသောပညာရေး" ၏ သဘောသဘာဝနှင့်အရေးကြီးမှုကို များစွာပြောဆိုနေကြသည်။ စစ်မှန်သော "သာ၍မြင့်မားသည့်ပညာရေး" သည် "ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့်ပြည့်စုံတော်မူ" (ယောဘ ၁၂း၁၃) ၍၊ နှုတ်တော်အားဖြင့် "နားလည်နိုင်သောဉာဏ်"သုတ္တံ ၂း၆) ကို မြွက်ဆိုတော်မူသောသူထံမှလာသည်။ {Ed 14.1}

ဘုရားသခင်ကိုသိကျွမ်းခြင်း၌ စစ်မှန်သောဉာဏ်ပညာနှင့် မှန်ကန်သောကြီးထွားမှုအားလုံးသည် အရင်းတည်သည်။ ကာယ၊ ဉာဏ၊ ဝိဉာဏနယ်ပယ်စသည့်တို့တွင်လှည့်၍၊ မည်သည့်အရာကိုကြည့်ကြည့်၊ (အပြစ်တရား၏ဖျက်ဆီးမှုများမပါ) ဤဉာဏ်ပညာကိုဖော်ပြလျက်ရှိသည်။ ကျွန်ုပ်တို့သည်မည်သည့်စူးစမ်းလေ့လာမှုပင်ပြုလုပ်သည်ဖြစ်စေ၊ ရိုးသားသောရည်ရွယ်ချက်ဖြင့် အမှန်တရားရရှိရန်လုပ်ဆောင်လျှင်၊ အရာရာတိုင်း၌လုပ်ဆောင်တော်မူလျက်ရှိသော မမြင်နိုင်သည့်တန်ခိုးကြီးသောဉာဏ်ပညာရှင်ကြီးနှင့်ထိတွေ့လုပ်ဆောင်ကြသည်။ လူ၏စိတ်သည် ဘုရားသခင်၏စိတ်တော်နှင့်လည်းကောင်း၊ ကန့်သတ်ချက်နှင့်လူသားသည် အနန္တရှင်နှင့်လည်းကောင်း ပေါင်းစပ်ခွင့်ရရှိသည်။ ထိုသို့သော

ကိုယ်၊ စိတ်၊ နှလုံး တို့ရင်းနှီးပေါင်းစပ်ခြင်း၏ အကျိုးမှာ ခန့်မှန်း၍ပင်မရနိုင်ချေ။ {Ed 14.2}

ဤသို့သော ရင်းနှီးပေါင်းစပ်မှုတွင် အမြင့်မားဆုံးသောပညာရေးကို မြင်တွေ့နိုင်သည်။ ဤအရာမှာ ဘုရားသခင်၏ကြီးထွားမှုဆိုင်ရာနည်းလမ်းဖြစ်သည်။ "ဘုရားသခင်နှင့်အကျွမ်းဝင်၍၊ မိတ်သဟာယဖွဲ့လော့" (ယောဘ ၂၂း၂၁) မှာ လူသားများအတွက် ကိုယ်တော်၏သတင်းစကားဖြစ်သည်။ ဤကျမ်းချက်၌ဖော်ပြသောနည်းလမ်းမှ လူသားမျိုးနွယ်၏ရှေးဦးဖခင်လိုက်လျှောက်ခဲ့သော ပညာရေးနည်းလမ်းပင်ဖြစ်သည်။ အပြစ်မဲ့သောအာဒံသည် သန့်ရှင်းသောဧဒင်ဥယျာဉ်၌ရှိနေခဲ့စဉ်က၊ ဘုရားသခင်ညွှန်ကြားပေးသော နည်းလမ်းပင်ဖြစ်သည်။ {Ed 14.3}

ပညာရေးလုပ်ငန်း၌ သဘောပေါက်ထားသည့်အရာကိုနားလည်ရန်၊ လူသား၏သဘောသဘာဝနှင့် လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်တို့ကို ကျွန်ုပ်တို့စဉ်းစားသုံးသပ်ရန်လိုအပ်သည်။ မကောင်းမှုကိုသိကျွမ်းခြင်းအားဖြင့် လူသား၏အခြေအနေပြောင်းလဲမှုနှင့် လူသားမျိုးနွယ်၏ပညာရေး၌ ကိုယ်တော်၏ မွန်မြတ်သောရည်ရွယ်ချက်ဆက်လက်ပြည့်စုံစေရန်အတွက် ဘုရားသခင်၏အကြံအစည်တော်တို့ကိုလည်း စဉ်းစားသုံးသပ်ရန်လိုအပ်သည်။ {Ed 14.4}

အာဒံသည်ဖန်ဆင်းပြီးခါစတွင်၊ ကိုယ်ကာယ၌လည်းကောင်း၊ ဉာဏ၌လည်းကောင်း၊ ဝိညာဏ၌လည်းကောင်း၊ မိမိဖန်ဆင်းရှင်၏ ပုံသဏ္ဌာန်ကိုဆောင်ခဲ့သည်။ "ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီလူကိုဖန်ဆင်းတော်မူ၏" (ကမ္ဘာ ၁း၂၇)။ လူသည်သာ၍ကြာကြာအသက်ရှင်လေ၊ ဖန်ဆင်းရှင်၏ဘုန်းတန်ခိုးတော်ကို သာ၍ပြည့်စုံစွာရောင်ပြန်ဟပ်ရန်မှာ ကိုယ်တော်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ လူသား၏အစွမ်းအားလုံးသည် တိုးတက်နိုင်စွမ်းရှိသည်။ သူတို့၏လုပ်နိုင်စွမ်းနှင့်အားမာန်သည် အဆက်မပြတ်ကြီးထွားရမည်။ သူတို့၏စွမ်းဆောင်မှုကိုလေ့ကျင့်၍ ကျယ်ပြောလှသောအခွင့်အလမ်းနယ်ပယ်၊

သူတို့၏စူးစမ်းရှာဖွေမှုအတွက်ကြီးကျယ်ခမ်းနားသော ပညာရပ်နယ်ပယ်ရှိနေခဲ့သည်။ "ပညာစုံလင်သောဘုရား၏ အံ့ဖွယ်သောအမှုတော်" (ယောဘ ၃၇း၁၆) ဖြစ်သည့် မြင်တွေ့ရသောစကြာဝဠာ၏နက်နဲမှုများသည် အာဒံ၏လေ့လာမှုကို ဖိတ်ခေါ်နေခဲ့သည်။ မိမိ၏ဖန်ဆင်းရှင်နှင့်မျက်နှာချင်းဆိုင်၍ နှလုံးသားချင်းဆက်နွယ်မှုသည် သူ၏မြင့်မားသောအခွင့်ထူးပင်ဖြစ်သည်။ သူသည်ဘုရားသခင်အပေါ် သစ္စာစောင့်သိနေခဲ့လျှင် ဤအရာအားလုံးသည် ထာဝရကာလပတ်လုံးသူ၏ဥစ္စာဖြစ်နေလိမ့်မည်။ ထာဝရကာလတစ်လျှောက် သူသည် ပညာဘဏ္ဍာများကိုဆက်လက်ဆည်းပူး၍ အသစ်အသစ်သော ပျော်ရွှင်မှုကိုရှာဖွေတွေ့ရှိကာ၊ ဘုရားသခင်၏ဉာဏ်တော်၊ တန်ခိုးနှင့်ချစ်ခြင်းမေတ္တာတို့ကို သာ၍ရှင်းလင်းစွာနားလည်လာလိမ့်မည်။ မိမိကိုဖန်ဆင်းရသည့်ရည်ရွယ်ချက်ကို ပို၍ပို၍ပြည့်စုံစေကာ ဖန်ဆင်းရှင်၏ဘုန်းတော်ကိုသာ၍သာ၍ ရောင်ပြန်ဟပ်နိုင်လိမ့်မည်။ {Ed 15.1}

သို့ရာတွင် နားမထောင်ခြင်းအားဖြင့် ဤအရာကိုလက်လွတ်ဆုံးရှုံးခဲ့ရသည်။ အပြစ်တရားကြောင့် ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည်ပျက်သုဉ်းသွားရတော့သည်။ လူ၏ကိုယ်ကာယ၏တတ်နိုင်စွမ်းသည် အားလျော့လာ၍၊ ဉာဏအစွမ်းသည်လျော့ပါးလာကာ၊ သူ၏ဝိညာဉ်ရေးအမြင်အာရုံသည်မှုန်ဝါးရလေတော့သည်။ သူသည်သေမျိုးဖြစ်လာခဲ့သည်။ သို့သော် လူသားမျိုးနွယ်ကို မျှော်လင့်ခြင်းကင်းမဲ့စွာမထားခဲ့ပါ။ မဆုံးသောမေတ္တာနှင့် သနားခြင်းကရုဏာအားဖြင့် ကယ်တင်ခြင်းစီမံကိန်းကိုရေးဆွဲကာ၊ ကရုဏာအချိန်ကာလကိုခွင့်ပြုပေးခဲ့သည်။ လူ၌မိမိဖန်ဆင်းရှင်၏သဏ္ဌာန်တော်ပြန်လည်ဖြစ်လာစေရန်၊ သူ့အားဖန်ဆင်းချိန်က ပြည့်စုံမှုမျိုးပြန်လည်ရရှိစေရန်၊ သူဖန်ဆင်းချိန်က ဘုရားသခင်၏ရည်ရွယ်ချက်အတိုင်း ကိုယ်၊ စိတ်၊ နှလုံး သုံးပါးကြီးထွားမှုကိုမြှင့်တင်ပေးရန်စသည်တို့မှာ ကယ်တင်ခြင်းလုပ်ငန်းစဉ်ပင်ဖြစ်သည်။ ဤအရာမှာ ပညာရေး၏ဦးတည်ချက်၊ အသက်တာ၏ကြီးမားသောရည်မှန်းချက်ပင်ဖြစ်သည်။ {Ed 15.2}

ဖန်ဆင်းခြင်းနှင့်ကယ်တင်ခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သော ချစ်ခြင်းမေတ္တာသည် စစ်မှန်သောပညာရေး၏ အခြေခံပင်ဖြစ်သည်။ အသက်တာ၏လမ်းပြအဖြစ် ဘုရားသခင်ပေးတော်မူသောပညတ်တော်တွင် ဤအရာကိုရှင်းလင်းစွာဖေါ်ပြထားသည်။ ပထမနှင့်ကြီးမြတ်သောပညတ်မှာ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့" (လုကာ ၁၀:၂၇) ဟူ၍ဖြစ်သည်။ အနန္တအရှင်၊ သဗ္ဗညုတဉာဏ်တော်အရှင်ကို အစွမ်းသတ္တိရှိသမျှ၊ စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှဖြင့်ချစ်ခြင်းအရာမှာ စွမ်းအင်အားလုံးကို အမြင့်ဆုံးတိုးတက်စေခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်၊ စိတ်၊ ဝိညာဉ်တို့၌ ဘုရားရှင်၏ပုံသဏ္ဌာန်တော်ကို ပြန်လည်ရရှိစေခြင်းကိုဆိုလိုသည်။ {Ed 16.1}

ပထမပညတ်ကဲ့သို့ပင် ဒုတိယပညတ်မှာ "ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့" (မဿဲ ၂၂:၃၉) ဟူ၍ဖြစ်သည်။ မေတ္တာကိုအရင်းခံသောပညတ်သည် ဘုရားသခင်နှင့်လူတို့၏အမှုကိုထမ်းရွက်ရန်၊ ကိုယ်၊ စိတ်၊ ဝိညာဉ်ကိုဆက်ကပ်ရန် ခေါ်ဖိတ်လျက်ရှိသည်။ ဤအမှုထမ်းရွက်ခြင်းသည် ကျွန်ုပ်တို့အားသူတစ်ပါးအတွက် ကောင်းချီးဖြစ်စေနေစဉ်မှာပင်၊ ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသောကောင်းချီးမင်္ဂလာကို ယူဆောင်လာပေးသည်။ တစ်ကိုယ်ကောင်းမဆန်မှုသည် စစ်မှန်သောတိုးတက်မှုအားလုံး၏အခြေခံဖြစ်သည်။ ကိုယ်ကျိုးမဖက်သောဝန်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့သည်အစွမ်းအစအားလုံး၏ အမြင့်မားဆုံးသောဖွံ့ဖြိုးမှုကိုရရှိသည်။ ကျွန်ုပ်တို့သည် သာ၍သာ၍ဘုရားသခင်၏သဏ္ဌာန်တော်ကိုပြည့်စုံစွာ ယူတင်ဝတ်ဆင်သူများဖြစ်လာသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ကောင်းကင်၏အလိုတော်ရှိနေသောကြောင့် ကောင်းကင်နိုင်ငံတော်နှင့်ကိုက်ညီသူများဖြစ်လာကြသည်။ {Ed 16.2}

ဘုရားသခင်သည်စစ်မှန်သော ဉာဏ်ပညာအားလုံး၏အရင်းအမြစ်ဖြစ်သည့်အတွက်၊ ကျွန်ုပ်တို့သိရှိပြီးဖြစ်သည့်အတိုင်း၊ ပညာရေး၏ပထမရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏စိတ်ကိုကိုယ်တော်ထံသို့ပို့ဆောင်ရန်ဖြစ်သည်။ အာဒံနှင့်

ဧဝတို့သည်ဘုရားသခင်နှင့်အတူ တိုက်ရိုက်အကျွမ်းတဝင်ရှိခြင်းအားဖြင့်ဉာဏ်ပညာကိုရရှိခဲ့ကြသည်။ ကိုယ်တော်၏လက်ရာများမှ ကိုယ်တော်အကြောင်းကို သူတို့သင်ယူကြသည်။ ဖန်ဆင်းသောအရာအားလုံးသည် မူလပြည့်စုံခြင်း၌ ဘုရားသခင်၏စိတ်ကူးအတွေးများကို ဖော်ပြကြသည်။ အာဒံနှင့်ဧဝတို့အတွက် သဘာဝတရားသည် ဘုရားရှင်၏ဉာဏ်တော်ဖြင့် ဖွေးဖွေးလှုပ်နေကြသည်။ သို့ရာတွင် အပြစ်ကျူးလွန်ခြင်းအားဖြင့်၊ တိုက်ရိုက်အကျွမ်းတဝင်ဆက်ဆံခြင်း၊ ဖန်ဆင်းခြင်းလက်ရာများမှ ဘုရားသခင်အကြောင်းသင်ယူမှုသည် ပြတ်တောက်သွားရလေတော့သည်။ အပြစ်တရားကြောင့် ရုပ်ပျက်ဆင်းပျက်ဖြင့် ညစ်ညမ်းနေသောကမ္ဘာမြေသည် ဖန်ဆင်းရှင်၏ဘုန်းအသရေကို ရေးရေးလေးမျှသာ ရောင်ပြန်ဟပ်နိုင်တော့သည်။ ကိုယ်တော်၏ သရုပ်ပြသြဝါဒသင်ခန်းစာများမှာ အမှန်ပင်မပျက်စီးသေးချေ။ မြောက်မြားစွာသော ဖန်ဆင်းထားသည့်လက်ရာများပေါ်တွင် ကိုယ်တော်၏လက်ရာများကို ရှာဖွေတွေ့ရှိနိုင်သေးသည်။ သဘာဝတရားသည် မိမိ၏ဖန်ဆင်းရှင်ကိုဖွင့်ဟပြောဆိုနေဆဲဖြစ်သည်။ သို့ရာတွင် ဤဖော်ပြမှုမှာ တစ်ပိုင်းတစ်စသာဖြစ်၍၊ မပြည့်စုံတော့ချေ။ ကျွန်ုပ်တို့၏အပြစ်ထဲကျရှုံးသည့်အခြေအနေ၌ အစွမ်းများအားနည်းလာ၍၊ အမြင်အာရုံများ အကန့်အသတ်ဖြစ်လာကာ၊ မှန်ကန်စွာအနက်ဖွင့်ဆိုနိုင်စွမ်းမရှိကြတော့ချေ။ နှုတ်ကပတ်တော်၌ ဘုရားသခင်ပေးတော်မူသော၊ ဘုရားရှင်၏ကိုယ်တိုင်ပို၍ ပြည့်စုံသောဖော်ပြမှုကို ကျွန်ုပ်တို့လိုအပ်လာသည်။ {Ed 16.3}

သမ္မာကျမ်းစာသည် သမ္မာတရား၏ပြီးပြည့်စုံသောစံဖြစ်၍၊ ပညာရေးကဏ္ဍတွင် အမြင့်ဆုံးနေရာ၌ထားရှိရမည်။ ထိုက်တန်သောပညာရေးကိုရရှိရန်မှာ၊ သမ္မာကျမ်းစာတွင် ဖော်ပြသကဲ့သို့ ဖန်ဆင်းရှင်ဘုရားသခင်နှင့်ကယ်တင်ရှင်ခရစ်တော်ကို သိကျွမ်းသောပညာရရှိရမည်။ {Ed 17.1}

ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသောလူသားတိုင်းအား ဖန်ဆင်းရှင်၏အစွမ်းနှင့်ဆင်တူသော ပင်ကိုယ်လက္ခဏာ၊ တွေးခေါ်နိုင်သောအစွမ်းနှင့်လုပ်ဆောင်နိုင်သောအစွမ်းတို့ကို အပ်နှင်းထားသည်။ ဤအစွမ်း

တန်ခိုးများကို တိုးတက်စေသောသူတို့မှာ တာဝန်ဝတ္တရားကိုထမ်းဆောင်သောသူများ၊ စီမံကိန်းလုပ်ငန်းများ၌ဦးဆောင်သူများ၊ အကျင့်စာရိတ္တကိုသြဇာလွှမ်းသူများဖြစ်ကြသည်။ ဤအစွမ်းတန်ခိုးများကိုတိုးတက်စေရန်၊ လူငယ်တို့အားအခြားသူတို့၏အတွေးအခေါ်များကို တွေးတောစဉ်းစားသူမျှသာမဟုတ်ဘဲ၊ ကိုယ်တိုင်တွေးခေါ်စဉ်းစားသူအဖြစ် သင်ကြားပေးရန်မှာ စစ်မှန်သောပညာရေး၏အလုပ်ပင်ဖြစ်သည်။ လူတို့ပြောဆို၊ ရေးသားချက်များကိုသာ လေ့လာသင်ကြားမည့်အစား၊ ကျောင်းသူကျောင်းသားများကိုအမှန်တရား၏ အရင်းအမြစ်များ၊ သဘာဝတရားနှင့်သမ္မာကျမ်းစာ၌ စူးစမ်းလေ့လာရန်အတွက် ကျယ်ပြန့်သောနယ်ပယ်ကိုညွှန်ပြပေးပါ။ သူတို့အားဝတ္တရားနှင့်ဘဝ၏ကြီးမားသောအမှန်တရားများကို စဉ်းစားချင့်ချိန်စေပါ။ ထိုအခါ စိတ်အာရုံသည် ကျယ်ပြန့်လာ၍၊ ကြံ့ခိုင်လာမည်။ ကျောင်းများသည် အားနည်းသောပညာတတ်များအစား၊ တွေးခေါ်လုပ်ဆောင်ရာ၌ အားကြီးသူများ၊ အခြေအနေ၏ကျေးကျွန်များမဟုတ်ဘဲ၊ အခြေအနေကိုဖန်တီးယူနိုင်သောသူများ၊ စိတ်သဘောထားကြီးသူ၊ အတွေးအခေါ်ရှင်းလင်းသူ၊ မိမိတို့ယုံကြည်ချက်အပေါ်ရဲရင့်သူတို့ကိုမွေးထုတ်ပေးရမည်။ {Ed 17.2}

ထိုသို့သောပညာရေးသည် ဉာဏကိုထိန်းသိမ်းကြပ်မတ်ခြင်း ကိုယ်ကာယကိုလေ့ကျင့်ပေးခြင်းတို့ထက်ပိုသည်။ ၎င်းသည်အကျင့်စာရိတ္တကို ကြံ့ခိုင်စေသည်။ ထို့ကြောင့်အမှန်တရားနှင့်ဖြောင့်မတ်မှန်ကန်မှုတို့သည် ကိုယ်ကျိုးလိုအင်ဆန္ဒ၊ လောကီရည်မှန်းချက်တို့တွင် နစ်မြုပ်သွားမည်မဟုတ်ချေ။ ၎င်းသည် မကောင်းမှုကိုတွန်းလှန်ရာတွင် စိတ်သဘောကိုအားအင်ခိုင်မာစေသည်။ အချို့သောအဓိကစွဲလမ်းမှုတို့သည် ဖျက်ဆီးသောစွမ်းအားဖြစ်မလာတော့ဘဲ ရည်ရွယ်ချက်များနှင့် လိုအင်ဆန္ဒအားလုံးကို ကြီးမားသောအမှန်တရားနိယာမနှင့်ညီညွတ်စေသည်။ ကိုယ်တော့်ဂုဏ်တော်၏စုံလင်မှုသည် ကိန်းဝပ်လာသောအခါ၊ စိတ်သဘောသည်အသစ်ဖြစ်လာ၍ စိတ်ဝိညာဉ်သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်အတိုင်း ပြန်လည်ပြုပြင်ခြင်းခံရသည်။ {Ed 18.1}

ဤအရာထက် သာ၍မြင့်မားသောပညာရေးသည် အဘယ်ပညာနည်း။ မည်သည့်အရာသည် ၎င်းနှင့်တန်ဖိုးညီမျှနိုင်မည်နည်း။

“ရွှေစင်ကိုပေး၍ ပညာကိုမရ။
ငွေကိုချိန်၍ ပညာအဖိုးကိုမမီနိုင်။
ဩဖိရရွှေ၊ မြတ်သောရှပ်ဟံကျောက်၊ နီလာကျောက်နှင့် ဝယ်သော်လည်း မရနိုင်။
ရွှေစင်ဖြစ်စေ၊ ကျောက်သလင်းဖြစ်စေမမီနိုင်။
ရွှေစင်တန်ဆာများနှင့် ဖလှယ်၍မရနိုင်။
သန္တာနှင့်ပုလဲကို ပြောစရာမရှိ။ ပညာသည်ပတ္တမြားထက်သာ၍အဖိုးကြီး၏။” (ယောဘ ၂၈း၁၅–၁၈)။ {Ed 18.2}

လူသား၏အတွေးအခေါ်ရောက်ရှိနိုင်သည့် အမြင့်ဆုံးထက်သာ၍မြင့်မားစေရန်မှာ မိမိ၏သားသမီးများအတွက် ဘုရားသခင်၏စံထားဖြစ်သည်။ ဘုရားဝတ်၌မွေ့လျော်၍၊ ဘုရားရှင်နှင့်တူရန်မှာ ရောက်ရှိရမည့်ပန်းတိုင်ပင်ဖြစ်သည်။ ကျောင်းသား၏ရှေ့မှောက် အဆက်မပြတ်တိုးတက်နေသောလမ်းကြောင်းပွင့်နေသည်။ သူ၌ ကောင်းမွန်၊ စင်ကြယ်၊ မြင့်မြတ်သောစံချိန်ရောက်ရှိရန် ရည်ရွယ်ချက်ရှိနေသည်။ သူသည်စစ်မှန်သောဉာဏ်ပညာကို အမြန်ဆုံးနှင့်အများဆုံးရရှိရန် ရှေ့သို့ချီရမည်။ ကောင်းကင်သည် မြေကြီးထက်မြင့်မားသကဲ့သို့ သူ၏ကြိုးစားအားထုတ်မှုသည်လည်း ကိုယ်ကျိုးဖက်သည့် ယာယီအကျိုးမျှထက် သာ၍မြင့်မားသောအရာများကို ဦးတည်လိမ့်မည်။ {Ed 18.3}

လူငယ်တို့အား ဘုရားသခင်ကိုသိကျွမ်းခြင်းပညာကို ပေးအပ်ခြင်းနှင့် ကိုယ်တော်၏ဂုဏ်တော်နှင့် သဟဇာတဖြစ်အောင်ပုံသွင်းပေးခြင်းတို့၌ ဘုရားရှင်၏ရည်ရွယ်ချက်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သောသူသည် မြင့်မြတ်သောအမှုကိုလုပ်ဆောင်သောသူဖြစ်သည်။ ဘုရားရှင်၏စံချိန်ကိုရောက်ရှိနိုင်ရန် စိတ်ဆန္ဒကိုနှိုးဆွပေးရာတွင်၊ သူသည်ကောင်းကင်နှင့်အမျှမြင့်မားပြီး စကြာဝဠာနှင့်အမျှကျယ်ဝန်းသောပညာ၊ ဤအသက်တာတွင်၊ သင်ယူ၍မပြီးဆုံးနိုင်သောပညာ၊

ထာဝရကာလတစ်လျှောက် ဆက်လက်သင်ကြားရမည့်ပညာ၊ ပြင်ဆင်ပေးသော ဤကမ္ဘာမြေကျောင်းမှ သာ၍မြင့်မားသောပညာသင်ယူရမည့်အထက်မှ ကျောင်းသို့သွားရန် ကျောင်းသား၏နိုင်ငံကူးလက်မှတ်ကို သေချာစေသည့် ပညာကိုတင်ဆက်နေသူဖြစ်သည်။ {Ed 19.1}

***

# အခန်း ၂

# ဧဒင်ဥယျာဉ်ကျောင်း

ကမ္ဘာဦးအစကပြဋ္ဌာန်းခဲ့သောပညာရေးစနစ်သည် ခေတ်အဆက်ဆက်မှ လူတို့အတွက်စံနမူနာဖြစ်သည်။ ထိုစနစ်ကို သာဓကပြသည့်အနေဖြင့် စံနမူနာ ကျောင်းတစ်ခုကို ကျွန်ုပ်တို့၏ရှေးဦးမိဘတို့၏အိမ် ဧဒင်ဥယျာဉ်တွင်တည်ထောင် ခဲ့သည်။ ဧဒင်ဥယျာဉ်သည်ကျောင်းခန်းဖြစ်ပြီး သဘာဝတရားသည် သင်ခန်းစာ စာအုပ်ဖြစ်ကာ ဖန်ဆင်းရှင်ကိုယ်တော်တိုင်သည် စာသင်ပြသူဖြစ်ပြီး လူသား မျိုးနွယ်၏မိဘတို့သည်ကျောင်းသူ၊ ကျောင်းသားများဖြစ်ကြသည်။ {Ed 20.1}

"ဘုရားသခင်၏ပုံသဏ္ဍာန်၊ ဘုန်းအသရေတော်"(၁ကော ၁၁း၇) ဖြစ်ရန် ဖန်ဆင်းထားသောအာဒံနှင့်ဧဝတို့သည် သူတို့၏အဆုံးစွန်ထိုက်တန်မှုကို ရရှိခဲ့ကြသည်။ သွင်ပြင်အားဖြင့်ကြော့မော့တင့်တယ်ပြီး ကိုယ်ခန္ဓာအချိုးအဆညီ၍၊ မျက်နှာပေါက်မှာညီညာလှပကာ၊ သူတို့၏မျက်နှာထားတွင်ကျန်းမာသည့်အ ရောင်အသွေးနှင့် ဝမ်းမြောက်မျှော်လင့်ခြင်း၏ရောင်ခြည်များတောက်ပပြီး၊ သူတို့ သည် အပြင်ပန်း၌ မိမိတို့ဖန်ဆင်းရှင်၏ပုံသဏ္ဍာန်နှင့်ဆင်တူလျက်ရှိခဲ့ကြ သည်။ ဤကဲ့သို့သော ပုံသဏ္ဍာန်ဆင်တူခြင်းကို ကိုယ်ကာယ၌သာတွေ့မြင်ရ သည်မဟုတ်၊ စိတ်၊ ဝိညာဉ်အစွမ်းတို့သည်လည်း ဖန်ဆင်းရှင်၏ဘုန်းအသရေ တော်ကို ရောင်ပြန်ဟပ်ကြသည်။ မြင့်မားသောအသိဉာဏ်နှင့် ဝိညာဉ်ရေး ဆုကျေးဇူးများ အပ်နှင်းခံရသောအာဒံနှင့်ဧဝတို့ကို "ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်" (ဟေဗြဲ ၂း၇) ၍ဖန်ဆင်းတော်မူခဲ့သည်။ ထို့ကြောင့်သူတို့သည် မြင်တွေ့နိုင်သောစကြဝဠာ၏ အံ့ဖွယ်ရာများကိုထိုးထွင်းသိမြင်နိုင်သည်သာမက၊

လူ့ကျင့်ဝတ်နှင့်တာဝန်ဝတ္တရားများကိုလည်း သဘောပေါက်နားလည်နိုင်ကြသည်။ {Ed 20.2}

"ထာဝရအရှင်ဘုရားသခင်သည်လည်း အရှေ့မျက်နှာ၊ ဧဒင်အရပ်၌ ဥယျာဉ်ကိုစိုက်ပျိုးပြီးလျှင်၊ ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌နေရာချတော်မူ၏။ ထိုမြေထဲကအဆင်းလှ၍ စားဖွယ်ကောင်းသောအပင်အမျိုးမျိုးကို ထာဝရအရှင်ဘုရားသခင်ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌ အသက်ပင်လည်းရှိ၏။ ကောင်းမကောင်းသိကျွမ်းရာအပင်လည်းရှိ၏" (ကမ္ဘာဦး ၂း၈၊၉)။ အပြစ်တရားက မတို့ထိသော ဤလှပသောသဘာဝတရား၏အလယ်တွင် ကျွန်ုပ်တို့၏မိဦးဖဦးတို့သည် သူတို့၏ပညာကိုရရှိခဲ့ကြသည်။ {Ed 20.3}

မိမိ၏သားသမီးများကိုစိတ်ဝင်စားရကာ၊ ကောင်းကင်ဘုံ၌ရှိသောအဖသည် သူတို့၏ပညာရေးကို ကိုယ်တိုင်လမ်းညွှန်ပြသတော်မူခဲ့သည်။ သူတို့ကို ကိုယ်တော်၏စေတမန်များဖြစ်သည့် ကောင်းကင်တမန်များက မကြာခဏလည်ပတ်ကြပြီး၊ သူတို့ထံမှအကြံဉာဏ်များနှင့်သင်ကြားပို့ချမှုများကို ရရှိခဲ့ကြသည်။ သူတို့သည်နေအေးသောအချိန်တွင် ဥယျာဉ်၌လမ်းလျှောက်ကြစဉ် ဘုရားသခင်၏အသံတော်ကိုမကြာခဏကြားရပြီး၊ ထာဝရအရှင်ဘုရားနှင့် မျက်နှာချင်းဆိုင်၍ တရင်းတနှီးဆက်ဆံခဲ့ကြသည်။ သူတို့အတွက် ကိုယ်တော်၏အကြံတော်မှာ "အကျိုးနည်းစေခြင်းငှာကြံစည်သောအကြံမဟုတ်ဘဲ၊ .... ငြိမ်ဝပ်ခြင်းငှာသာ" (ယေရမိ ၂၉း၁၁) ဖြစ်သည်။ ကိုယ်တော်၏ရည်ရွယ်ချက်တိုင်းသည် သူတို့၏အမြင့်မားဆုံးသောကောင်းကျိုးအတွက်ဖြစ်သည်။ {Ed 21.1}

အာဒံနှင့်ဧဝတို့အား "ဧဒင်ဥယျာဉ်ကိုပြုစုစောင့်နေစေခြင်းငှာထားတော်မူ၏" (ကမ္ဘာဦး ၂း၁၅)။ စကြဝဠာကိုပိုင်သတော်မူသောသူသည် ကြွယ်ဝစွာထောက်ပံ့နိုင်သော်လည်း၊ သူတို့သည်ပျင်းရိနေရန်မဟုတ်ချေ။ အသုံးဝင်

သောအလုပ်အကိုင်ကိုသူတို့အားပေးခြင်းမှာ ကိုယ်ခန္ဓာကြံ့ခိုင်လာစေရန်၊ စိတ်အတွေးကျယ်ပြန့်လာစေရန်နှင့် အကျင့်စာရိတ္တာတိုးတက်စေရန် စသည့် ကောင်းချီးမင်္ဂလာအတွက်ပင်ဖြစ်သည်။ {Ed 21.2}

သူတို့ရှေ့၌ဖြန့်ကြက်နေသော သဘာဝတရားသင်ရိုးညွှန်းတမ်းစာအုပ်သည် သင်ကြားပို့ချမှုနှင့်ဝမ်းမြောက်ကြည်နူးခြင်းတို့၏ အရင်းအမြစ်အဖြစ်မကုန်မခန်းနိုင်အောင်ရှိနေသည်။ သစ်တောထဲမှသစ်ရွက်တိုင်းနှင့် တောင်များမှ ကျောက်တုံးတိုင်းတွင်လည်းကောင်း၊ လင်းလက်သောကြယ်အားလုံးနှင့်ကမ္ဘာမြေ၊ ပင်လယ်နှင့်ကောင်းကင်တို့တွင် ဘုရားသခင်၏နာမတော်ရေးထားလျက်ရှိသည်။ ဖန်ဆင်းထားသောသက်ရှိ၊ သက်မဲ့များ၊ သစ်ရွက်ပန်းမန်နှင့်သစ်ပင်များ၊ ရေထဲကလဝိသန်မှစ၍ နေရောင်ခြည်မှမြူမှုန်အထိ အသက်ရှင်သောသတ္တဝါအားလုံးတို့ထံမှ ဧဒင်ဥယျာဉ်၌နေထိုင်သောသူတို့သည် ၎င်းတို့တစ်ခုချင်းစီမှ အသက်၏လျှို့ဝှက်ချက်များကို လေ့လာစုဆောင်းခဲ့ကြသည်။ ကောင်းကင်က ဘုရားသခင်၏ဘုန်းအသရေတော်၊ မိမိတို့လမ်းကြောင်း၌စနစ်တကျလည်ပတ်နေသည့် မရေမတွက်နိုင်သောကမ္ဘာဂြိုဟ်များ၊ မိုးတိမ်တို့သည် မပေါ့မလေးမှန်မှန်" (ယောဘ ၃၇း၁၆) ရှိနေခြင်း၊ အလင်းနှင့်အသံ၊ နေ့နှင့်ညတို့၏လျှို့ဝှက်ဆန်းကြယ်မှုများတို့မှာ ကမ္ဘာပေါ်ရှိ ပထမဦးဆုံးသောကျောင်းမှ ကျောင်းသူကျောင်းသားများလေ့လာခဲ့သော သင်ခန်းစာများဖြစ်သည်။ {Ed 21.3}

သဘာဝတရား၏နိယာမနှင့်လည်ပတ်နေမှု၊ ဝိညာဉ်ရေးလောကကိုထိန်းချုပ်သောသမ္မာတရား၏မဟာနိယာမများတို့ကို အရာရာကိုပိုင်တော်မူသောသူသည် သူတို့စိတ်ထဲတွင်ဖွင့်ပြတော်မူခဲ့သည်။ "ဘုရားသခင်၏ဘုန်းတော်ကိုသိသော ဉာဏ်၏အလင်းရောင်" (၂ကော ၄း၆) တွင် သူတို့၏စိတ်ဝိညာဉ်တန်ခိုးများတိုးတက်ခဲ့ပြီး၊ သူတို့တည်ရှိနေခြင်း၏ပျော်မွေ့ဖွယ်အကောင်းဆုံးသောအရာကို သူတို့သဘောပေါက်ခဲ့ကြသည်။ {Ed 22.1}

ဘုရားသခင်ဖန်ဆင်းခြင်းအပြီးတွင်၊ ဒေင်ဥယျာဉ်သာမကကမ္ဘာမြေတစ်ခုလုံးသည် အလွန်ပင်လှပနေခဲ့သည်။ အပြစ်တရား၏အစွန်းအထင်း၊ သေခြင်း၏အရိပ်တို့သည် လှပသောဖန်ဆင်းခြင်းကိုမဖျက်ဆီးသေးချေ၊ ဘုရားသခင်၏ဘုန်းတော်သည် "မိုးကောင်းကင်ကိုဖုံးအုပ်လျက်၊ မြေကြီးသည်ဂုဏ်အသရေတော်နှင့်ပြည့်စုံလျက်ရှိ၏။" "နံနက်ကြယ်တို့သည်တညီတညွတ်တည်းသီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့်ကြွေးကြော်ကြ၏" (ဟဗက္ကုတ် ၃း၃၊ ယောဘ ၃၈း၇)။ ထို့ကြောင့် ကမ္ဘာမြေသည် "ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော" (ထွက်မြောက်ရာ ၃၄း၆) သူ၏အမှတ်သင်္ကေတအဖြစ်ကိုက်ညီမှုရှိကာ၊ မိမိ၏ပုံသဏ္ဍာန်တော်နှင့်ဖန်ဆင်းသောသူတို့အတွက်လေ့လာရန် သင့်လျော်ပေသည်။ ဒေင်ဥယျာဉ်သည် ဘုရားသခင်အလိုရှိတော်မူသောကမ္ဘာမြေကို ပုံဆောင်ထားသည်။ ကိုယ်တော်၏ရည်ရွယ်ချက်မှာ လူဦးရေတိုးပွားလာသောအခါ၊ သူတို့သည်မိမိပေးထားတော်မူသကဲ့သို့အိမ်များနှင့်ကျောင်းများကို တည်ထောင်ရန်ဖြစ်သည်။ ထို့ကြောင့် အချိန်ကုန်လွန်လာသည်နှင့်အမျှ၊ ကမ္ဘာမြေတစ်ခုလုံးကို ဘုရားသခင်၏နှုတ်ထွက်စကားနှင့်လက်ရာများကို လေ့လာသောအိမ်များနှင့်ကျောင်းများဖြင့်ပြည့်ကာ၊ ကျောင်းသားများသည်လည်းအစဉ်အဆက်၊ ဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အလင်းရောင် သာ၍သာ၍ပြည့်စုံစွာရောင်ပြန်ဟပ်နိုင်စေရန် ကိုက်ညီမှုရှိလာကြပေမည်။ {Ed 22.2}

***

# အခန်း ၃

# ကောင်းမကောင်းသိကျွမ်းခြင်း

အပြစ်မဲ့ပြီးသန့်စင်မွန်မြတ်သူအဖြစ် ကျွန်ုပ်တို့၏မိဦးဖဦးတို့ကို ဖန်ဆင်းခဲ့သော်လည်း အမှားမပြုနိုင်သည့်တစ်ဖက်ကမ်း၌ သူတို့ကိုနေရာချမထားခဲ့ချေ။ ဘုရားသခင်သည် သူတို့အားမိမိ၏ပညတ်ချက်များကျူးလွန်ရန်အစွမ်းတန်ခိုးမရှိအောင် ဖန်ဆင်းနိုင်ပေသည်။ သို့သော် ထိုသို့သောအဖြစ်မျိုးတွင် အကျင့်စာရိတ္တတိုးတက်ခြင်းမရှိနိုင်ချေ။ သူတို့၏ဝန်ဆောင်မှုသည် ဆန္ဒအလျောက်မဟုတ်တော့ဘဲ၊ အတင်းအကျပ်ခိုင်းစေမှုမျိုးဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် သူတို့အားနားထောင်ရန် သို့မဟုတ် နားမထောင်ရန်ရွေးချယ်နိုင်သောအစွမ်းကိုပေးထားသည်။ သူတို့သည် ကိုယ်တော်ကပေးလိုသည့်ကောင်းချီးများအပြည့်အဝမရရှိမီ၊ သူတို့၏ချစ်ခြင်းနှင့်သစ္စာစောင့်သိမှုကိုစမ်းသပ်ရပါလိမ့်မည်။ {Ed 23.1}

ဧဒင်ဥယျာဉ်ထဲတွင် "ကောင်းမကောင်းသိကျွမ်းရာအပင်လည်းရှိ၏။.... ထာဝရအရှင်ဘုရားသခင်ကလည်း ကောင်းမကောင်းကိုသိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကားမစားရ၊ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏" (ကမ္ဘာဦး ၂း၉–၁၇)။ အာဒံနှင့်ဧဝတို့သည် မကောင်းမှုကိုမသိရှိလိုသည်မှာ ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ကောင်းသောအရာသိကျွမ်းခြင်းအခွင့်ကိုမူ သူတို့အားလွတ်လပ်စွာပေးထားသည်။ သို့သော် မကောင်းမှုကိုသိကျွမ်းခြင်းဖြစ်သည့် အပြစ်တရားနှင့်၎င်း၏အကျိုးဆက်များ၊ ပင်ပန်းစွာလုပ်ကိုင်ခြင်း၊ ကြောင့်ကြစိုးရိမ်မှု၊ စိတ်ပျက်ခြင်းနှင့်

ဝမ်းနည်းပူဆွေးခြင်း၊ နာကျင်မှုနှင့်သေခြင်း စသည်တို့ကိုမူ မေတ္တာတရားဖြင့် ထိမ်ချန်ခဲ့သည်။ {Ed 23.2}

ဘုရားသခင်သည် လူသား၏ကောင်းကျိုးကို ကြိုးစားရှာဖွေစဉ်တွင်၊ စာတန်သည် သူ၏ပျက်စီးခြင်းကိုရှာကြံနေသည်။ တားမြစ်ထားသောအပင်နှင့် ပတ်သက်၍ ဘုရားသခင်၏သတိပေးချက်ကိုလျစ်လျူရှုပြီး ဧဝသည် ထိုအပင်ကိုချဉ်းကပ်သောအခါ သူမ၏ရန်သူနှင့်ထိတွေ့ဆက်ဆံခဲ့သည်။ သူမ၏ စိတ်ဝင်စားမှုနှင့်စပ်စုလိုစိတ်ကိုလှုံ့ဆော်ကာ၊ စာတန်သည် ဘုရားသခင်၏ စကားတော်ကို ငြင်းပယ်ရန်နှင့်ဘုရားရှင်၏ဉာဏ်တော်နှင့်ကောင်းမြတ်ခြင်းကို မကိုးစားရန် အယုံသွင်းချဉ်းကပ်လာခဲ့သည်။ "သင်တို့သည်မကိုင်မစားဘဲ နေကြလော့။ သို့မဟုတ် သေမည်ဟုဘုရားသခင်အမိန့်တော်ရှိ၏" ဟူသော ကောင်းမကောင်းသိကျွမ်းရာအပင်နှင့်ပတ်သက်၍ မိန်းမ၏ပြောစကားကို၊ လှည့်ဖြားသူက "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့သည်ကို ဘုရားသခင်သိတော်မူသည်" (ကမ္ဘာဦး ၃း၃–၅) ဟု ပြန်ဖြေခဲ့သည်။ {Ed 23.3}

ကောင်းသောအရာကိုသိကျွမ်းခြင်းကို မကောင်းမှုသိကျွမ်းခြင်းနှင့် ရောနှောလိုက်လျှင် ကောင်းချီးဖြစ်လာမည့်အသွင်မျိုးပေါ်စေရန် စာတန် အလိုရှိသည်။ ထိုသို့ဖြင့် ထိုအပင်၏အသီးကိုမစားရန် တားမြစ်ခြင်းသည် ဘုရားသခင်သည် ကောင်းသောအရာများစွာကို ထိမ်ချန်ထားသည်ဟုဆိုသည်။ ပညာနှင့်အစွမ်းတန်ခိုးအတွက် ရရှိမည့်အံ့ဖွယ်ဥစ္စာများကြောင့် ဘုရားသခင်သည် သူတို့အား ထိုအသီးကိုမစားရန်တားမြစ်ကြောင်း၊ ထိုအကြောင်းကြောင့်သာ၍မြင့် မြတ်တိုးတက်မှုကိုရောက်ရှိခြင်းနှင့် သာ၍ကြီးမားသောပျော်ရွှင်မှုကို ရှာဖွေတွေ့ ရှိခြင်းတို့မှ သူတို့ကိုကာကွယ်ခြင်းဖြစ်ကြောင်း စာတန်ပြောဆိုခဲ့သည်။ သူကိုယ်တိုင်တားမြစ်သောအသီးကိုစားခဲ့ကြောင်း၊ ထို့ကြောင့်စကားပြောနိုင် ခြင်းဖြစ်ကြောင်း သူအလေးအနက်ပြောခဲ့သည်။ သူတို့သည်လည်း ထိုအသီးကို

စားလျှင် သာ၍မြင့်မြတ်သောနေရာ၊ သာ၍ကျယ်ပြန့်သောပညာကို ရရှိမည်ဟု ပြောခဲ့သည်။ {Ed 24.1}

တားမြစ်သောအသီးကိုစားခြင်းဖြင့် ကြီးမားသည့်ကောင်းသောအရာကို ရရှိခဲ့သည်ဟုစာတန်ပြောဆိုနေစဉ်၊ အပြစ်ကျူးလွန်ခြင်းကြောင့် ကောင်းကင်မှနှင်ထုတ်ခံခဲ့ရကြောင်းကိုမပေါ်လွင်စေခဲ့ချေ။ မုသားကို အပြင်ပန်းအားဖြင့် အမှန်တရားဖြစ်နေသောအရာဖြင့်ဖုံးအုပ်ထားသည်ဖြစ်ရာ၊ အရူးအမူးစွဲလမ်းပြီး မြှောက်ကြွပျော်ပါးနေသောဧဝသည် လှည့်ဖြားမှုကိုမသိမြင်နိုင်ခဲ့ချေ။ သူမသည် ဘုရားသခင်တားမြစ်သောအရာကိုတပ်မက်နေခဲ့ကာ၊ ကိုယ်တော်၏ ပညာကို ယုံကြည်မှုကင်းမဲ့လာခဲ့သည်။ ဉာဏ်ပညာ၏သော့ချက်ဖြစ်သော ယုံကြည်ခြင်းကိုစွန့်လွှတ်ခဲ့သည်။ {Ed 24.2}

"ထိုအပင်သည်စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အသီးကိုယူ၍စား၏။" ၎င်းသည်စားလိုဖွယ်ဖြစ်၍၊ သူမစားသောအခါ၊ ထက်မြက်သောအစွမ်းတန်ခိုးကိုရရှိခံစားနေဟန်ရှိပြီး၊ မိမိကိုယ်ကိုသာ၍မြင့်မြတ်သောအဖြစ်သို့ရောက်ရှိသည်ဟုတွေးတောမိခဲ့သည်။ သူမသည်အပြစ်ကျူးလွန်ပြီး၊ မိမိလင်ယောကျာ်းကိုလှည့်ဖြားသောသူဖြစ်လာကာ၊ "သူသည်လည်း စား၏" (ကမ္ဘာဦး ၃း၆)။ {Ed 25.1}

ရန်သူက "သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့" (ကမ္ဘာဦး ၃း၅) ဟု ဆိုခဲ့သည်။ သူတို့၏မျက်စိသည်အမှန်ပင်ပွင့်လင်းခဲ့သည်။ သို့သော် ထိုသို့သောမျက်စိပွင့်လင်းခြင်းသည် မည်မျှဝမ်းနည်းဖွယ်ဖြစ်ပါသနည်း။ မကောင်းမှုကိုသိရှိခြင်း၊ အပြစ်တရား၏ကျိန်ခြင်းတို့မှာ အပြစ်ကျူးလွန်သူတို့ရရှိသောအရာပင်ဖြစ်တော့သည်။ ထိုအသီး၌အဆိပ်မရှိ၊ အပြစ်မှာလည်းအသီးစားမိလိုက်ရုံမျှ မဟုတ်ပါ။ ဘုရားသခင်၏ကောင်းမြတ်ခြင်းကိုသံသယရှိခြင်း၊ ကိုယ်တော်၏ စကားကိုယုံကြည်မှုကင်းခြင်း၊ ကိုယ်တော်၏တန်ခိုးအာဏာကို ငြင်းပယ်ခြင်းတို့မှာ

ကျွန်ုပ်တို့၏ မိဦးဖဦးတို့ကျူးလွန်ခဲ့သည့်အပြစ်ဖြစ်ပြီး၊ ၎င်းသည် မကောင်းမှု သိကျွမ်းခြင်းကို ဤလောကထဲသို့ယူဆောင်လာခဲ့သည်။ ဤအရာသည် ဝေနေယျသတ္တဝါတို့အတွက် မုသားနှင့်အမှားကိုတံခါးဖွင့်ပေးလိုက်သည်။ {Ed 25.2}

လူသည်သမ္မာတရားဖြစ်သောသူ၊ တစ်ဦးတည်းဉာဏ်ပညာရှိတော်မူသောသူထက် လှည့်ဖြားသူ၏စကားကိုနားထောင်ရန်ရွေးချယ်ခဲ့သောကြောင့် လူသည်အရာရာကိုဆုံးရှုံးလိုက်ရသည်။ မကောင်းမှုကို ကောင်းသောအရာနှင့် ရောနှောလိုက်ခြင်းအားဖြင့် သူ၏စိတ်သည်ရှုပ်ထွေးလာ၍၊ သူ၏ဉာဏ၊ ဝိဉာဏအစွမ်းတန်းခိုးများသည် ထုံထိုင်းသွားရတော့သည်။ ဘုရားသခင်က အခမဲ့ပေးသည့် ကောင်းသောအရာကိုပင်ကျေးဇူးတင်တန်ဖိုးမထားနိုင်တော့ချေ။ {Ed 25.3}

အာဒံနှင့်ဧဝတို့သည် မကောင်းမှုသိကျွမ်းခြင်းကို ရွေးချယ်ခဲ့ကြသည်။ သူတို့လက်လွတ်ခဲ့ရသောအလျင်နေရာကို ပြန်လည်ရရှိနိုင်ရိုးဖြစ်ခဲ့လျှင်၊ မိမိတို့ကိုယ်တိုင်ဖန်တီးခဲ့သောမနှစ်မြို့ဖွယ်သောအခြေအနေမျိုးတွင် ပြန်လည်ရရှိရမည်။ သူတို့သည် ဧဒင်ဥယျာဉ်တွင်နေထိုင်ခွင့်မရကြတော့ချေ။ အကြောင်းမှာ ယခုသူတို့သင်ယူရန် အရေးပါသည့်သင်ခန်းစာများကို ၎င်း၏ပြည့်စုံမှုသည် သူတို့အားမသင်ပေးနိုင်တော့ချေ။ ပြောမပြနိုင်လောက်အောင်ဝမ်းနည်းခြင်းဖြင့် လှပသောပတ်ဝန်းကျင်များကိုနှုတ်ဆက်ကာ၊ အပြစ်တရား၏ကျိန်ခြင်းတည်ရှိနေသောကမ္ဘာမြေပေါ်တွင် နေထိုင်ရန်ထွက်ခွာလာကြသည်။ {Ed 25.4}

အာဒံအား ဘုရားသခင်က "ထိုအပင်၏အသီးကိုမစားရဟုငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကိုနားထောင်၍၊ စားမိသောကြောင့်၊ မြေသည်သင်၏အတွက် ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကိုတစ်သက်ပတ်လုံးပင်ပန်းစွာစားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်းသင်အဖို့မြေပေါက်စေမည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကိုသင်စားရမည်။ သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက်အစာကိုစားရမည်။
Ed 2

အကြောင်းမူကား၊ သင်သည်မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ပြန်ရမည်ဟု မိန့်တော်မူ၏။” (ကမ္ဘာဦး ၃း၁၇–၁၉) {Ed 26.1}

ကမ္ဘာမြေသည်ကျိန်ခြင်းကြောင့်ပျက်စီးရသော်လည်း၊ သဘာဝတရားသည်လူသားအတွက် သင်ခန်းစာစာအုပ်ဖြစ်နေသေးသည်။ ၎င်းသည် ကောင်းမြတ်ခြင်းတစ်ခုတည်းကိုသာ ယခုကိုယ်စားမပြုနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် မကောင်းမှုသည်နေရာတကာ၌ရှိနေ၍၊ ၎င်း၏ညစ်ညမ်းသောအထိအတွေ့ကြောင့် ကမ္ဘာမြေကြီး၊ ပင်လယ်၊ လေထုတို့ကိုရုပ်ပျက်စေသည်။ တစ်ချိန်က ကောင်းသောအရာကိုသိကျွမ်းခြင်းတည်းဟူသောဘုရားသခင်၏ဂုဏ်တော်ကိုသာ ရေးသားထားသည့်နေရာတွင်၊ ယခုတွင်မူစာတန်၏အကျင့်၊ မကောင်းမှုကိုသိကျွမ်းခြင်းကိုရေးသားထားသည်။ ယခုတွင်ကောင်းမကောင်းသိကျွမ်းခြင်းကို ဖေါ်ပြသောသဘာဝမှ၊ လူသည်အပြစ်၏အကျိုးဆက်အဖြစ် သတိပေးချက်ကိုအစဉ်ရရှိသည်။ {Ed 26.2}

ညှိုးနွမ်းသောပန်းနှင့်ကြွေလွင့်သောသစ်ရွက်တို့တွင် အာဒံနှင့်ဧဝတို့သည် ယိုယွင်းပျက်စီးခြင်း၏ပထမလက္ခဏာကိုမြင်တွေ့ခဲ့ကြသည်။ သက်ရှိအားလုံးသည် သေရမည်ဖြစ်ကြောင်း ခက်ထန်သည့်အမှန်တရားသည် သူတို့၏စိတ်ထဲတွင်ကွင်းကွင်းကွက်ကွက်ပေါ်လာသည်။ အသက်ရှင်ရေးအတွက် မှီခိုနေရသည့်လေသည်ပင်လျှင် သေခြင်းမျိုးစေ့များကိုသယ်ဆောင်သည်။ {Ed 26.3}

သူတို့လက်လွတ်ဆုံးရှုံးရသောစိုးမိုးမှုကိုလည်း အမြဲတမ်းသတိပေးခံနေရကြသည်။ တိရစ္ဆာန်များအလယ်တွင် အာဒံသည်ဘုရင်တစ်ပါးကဲ့သို့ရပ်နေခဲ့ကာ သူသည် ဘုရားသခင်အပေါ်သစ္စာစောင့်နေသရွေ့ သဘာဝတရားတို့သည် သူ၏အုပ်ချုပ်မှုကိုအသိအမှတ်ပြုခဲ့ကြသည်။ သို့သော် သူသည်အပြစ်လွန်ကျူးသောအခါ၊ ဤစိုးမိုးမှုကိုအဆုံးရှုံးခံလိုက်ရသည်။ သူကိုယ်တိုင်ခွင့်ပြုခဲ့ရသောပုန်ကန်ခြင်းစိတ်သဘောသည် ဖန်ဆင်းသောတိရစ္ဆာန်တို့၌ ပျံ့နှံ့ရလေသည်။ ထို့ကြောင့် အာဒံ၏အသက်တာသည်သာမက၊ သားရဲများ၏

သဘာဝသည်လည်းကောင်း၊ တောခွ်ရှိသောသစ်ပင်တို့သည်လည်းကောင်း၊ လယ်ကွင်းမှမြက်ပင်သည်လည်းကောင်း၊ သူ့ရှူရှိုက်သောလေသည်ပင်လည်းကောင်း၊ ဤအရာအားလုံးသည် မကောင်းမှုသိကျွမ်းခြင်း၏ဝမ်းနည်းဖွယ်သင်ခန်းစာကိုပြောပြနေကြသည်။ {Ed 26.4}

သို့ရာတွင် အာဒံအားသူရွေးချယ်ခဲ့သော မကောင်းမှု၏အကျိုးဆက်၌စွန့်ပစ်မထားခဲ့ချေ။ စာတန်အပေါ်ချမှတ်သောပြစ်ဒဏ်သည် ကယ်တင်ခြင်းအကြောင်းကိုအသိပေးသည်။ ဘုရားသခင်က "သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်"(ကမ္ဘာ ၃း၁၅)။ ကျွန်ုပ်တို့၏မိဦးဖဦးတို့ရှေ့၌ချမှတ်သောဤပြစ်ဒဏ်သည် သူတို့အတွက်ကတိတော်တစ်ခုဖြစ်သည်။ သူတို့သည်ဆူးပင်အမျိုးမျိုး၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ မြေမှုန့်သို့ပြန်သွားရခြင်း စသည့်တို့ကိုမကြားရသေးမီ၊ သူတို့အားမျှော်လင့်ချက်ပေးသောကတိတော်ကို ကြားခဲ့ရကြသည်။ စာတန်နောက်ယိမ်းပါသွားခြင်းကြောင့် ဆုံးရှုံးခဲ့သည့်အရာအားလုံးကိုခရစ်တော်အားဖြင့်ပြန်ရရှိနိုင်သည်။ {Ed 27.1}

ဤသို့အကြောင်းချက်ကို သဘာဝတရားကလည်း ကျွန်ုပ်တို့အားထပ်ဆင့်ပြောပြနေသည်။ အပြစ်တရားကြောင့်ပျက်စီးရသော်လည်း၊ ၎င်းသည်ဖန်ဆင်းခြင်းကိုသာမက၊ ကယ်တင်ခြင်းအကြောင်းကိုလည်းပြောပြပေးသည်။ ကမ္ဘာမြေကြီး၏ ထင်ရှားသောဆွေးမြည့်ခြင်းလက္ခဏာသည် ကျိန်ခြင်းကိုသက်သေခံနေသော်လည်း၊ ၎င်းသည် အသက်ပေးနိုင်သောစွမ်းအင်တန်ခိုးကြွယ်ဝစွာပိုင်ဆိုင်နေသေးသည်။ သစ်ပင်များသည် သာ၍သစ်လွင်လန်းဆန်းစေရန် ရွက်ဟောင်းများကိုစွန့်လွှတ်လိုက်ကြသည်။ ပန်းတို့သည်လည်းအသစ်အသစ်ပွင့်လန်းစေရန်၊ ညှိုးနွမ်းကြရသည်။ ဤသို့အသစ်ဖန်ဆင်းနိုင်သောအစွမ်းတန်ခိုးကိုမြင်တွေ့ရသည့်အခါတိုင်း၊ ကျွန်ုပ်တို့ကိုလည်း "ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီ" (ဧဖက် ၄း၂၄) ၌ လူသစ်အဖြစ်ဖန်ဆင်းနိုင်ကြောင်း

အာမခံချက်ကိုပေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ကြီးမားသောဆုံးရှုံးမှုကို စိတ်ထဲတွင် အထင်းသားမြင်စေသည့်အရာများနှင့် သဘာဝတရားလည်ပတ်မှုတို့သည် ကျွန်ုပ်တို့အတွက်မျှော်လင့်ချက်ပေးသော စေတမန်များဖြစ်လာကြသည်။ {Ed 27.2}

မကောင်းမှုသည်ကျယ်ပြန့်စွာရှိပြားသော်လည်း ထိုအထဲမှအပြစ်တရား၏သဘောသဘာဝကိုမြင်နိုင်ရန် ဘုရားသခင်သည် မိမိ၏သားသမီးများကိုကမ်းလှမ်း၍၊ မကောင်းမှုကိုစွန့်လွှတ်ရန်သတိပေးကာ၊ ကောင်းသောအရာကိုရယူရန် ဖိတ်ခေါ်တော်မူသည်။ {Ed 27.3}

***

# အခန်း ၄

# ပညာရေးနှင့်ကယ်တင်ခြင်းဆက်စပ်မှု

အပြစ်တရားကြောင့်လူသည် ဘုရားသခင်ထံမှဝေးကွာသွားရတော့သည်။ ကယ်တင်ခြင်းစီမံကိန်းမှလွဲ၍၊ ဘုရားသခင်နှင့်ထာဝရကွဲကွာခြင်း၊ မဆုံးသောညအမှောင်သည် သူ့အတွက်ဖြစ်ရလေပြီ။ ကယ်တင်ရှင်၏ပူဇော်သကာကြောင့်၊ ဘုရားသခင်နှင့်အကျွမ်းတဝင်ဆက်သွယ်ခွင့်ကို ပြန်လည်ရရှိနိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် လူကိုယ်တိုင်ကိုယ်တော်၏ရှေ့မှောက်တော်သို့ချဉ်းကပ်၍မရနိုင်ပါ။ ကျွန်ုပ်တို့အပြစ်ရှိနေကြရာ ကိုယ်တော်၏မျက်နှာတော်ကိုကြည့်၍လည်းမရနိုင်ချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် ကယ်တင်ရှင်ယေရှု၌ကိုယ်တော်ကိုကြည့်၍၊ သူနှင့်အကျွမ်းတဝင်ဆက်ဆံနိုင်လေသည်။ "ဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အရောင်" သည် "ယေရှုခရစ်၏မျက်နှာ၌ထွန်းလင်း"လျက်ရှိသည်။ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက် .... ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏" ၂ကော ၄း၆၊ ၅း၁၉)။ {Ed 28.1}

"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်းပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်။" "ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" (ယောဟန် ၁း၁၄။ ၁း၄)။ ကျွန်ုပ်တို့ကယ်တင်ခြင်း၏အဖိုးအခဖြစ်သည့် ခရစ်တော်၏အသက်တာနှင့်သေခြင်းတို့သည် ကျွန်ုပ်တို့အတွက် အသက်တာ၏ကတိသစ္စာဖြစ်သည်သာမက၊ ကျွန်ုပ်တို့အတွက် ပညာဘဏ္ဍာတံခါးကို တစ်ဖန်ဖွင့်ပေးသည့်အရာထက်လည်း

ပိုကာ၊ အာဒံနှင့်ဧဝတို့ ဒေင်ဥယျာဉ်၌သိရှိခဲ့သည့်အရာထက်ပင် သာ၍ကျယ်ပြန့်မြင့်မားသော ကိုယ်တော်၏ဂုဏ်တော်ဖော်ပြခြင်းပင်ဖြစ်သည်။ {Ed 28.2}

ပြီးနောက်ခရစ်တော်သည် လူသားအတွက်ကောင်းကင်တံခါးကို ဖွင့်ပေးတော်မူနေစဉ်၊ ကိုယ်တော်ပေးသည့်အသက်သည် လူ၏စိတ်နှလုံးတံခါးကိုကောင်းကင်နိုင်ငံအတွက် ဖွင့်ပေးလျက်ရှိသည်။ အပြစ်တရားသည် လူကိုဘုရားသခင်ထံတော်မှခွဲထုတ်သည်သာမက၊ လူ၏စိတ်ဝိညာဉ်ထဲ၌ ကိုယ်တော်ကိုသိကျွမ်းလိုသည့်စိတ်ဆန္ဒနှင့်အစွမ်းသတ္တိကို ဖျက်ဆီးသည်။ ခရစ်တော်၏သာသနာလုပ်ငန်းမှာ ဤမကောင်းမှု၏လုပ်ဆောင်ချက်အားလုံးကို ပျက်ပြယ်စေရန်ဖြစ်သည်။ အပြစ်တရားကြောင့်တုံ့ဆိုင်းသွားသည့် စိတ်ဝိညဉ်အစွမ်းများ၊ အမှောင်ဖုံးသောစိတ်၊ ဖေါက်ပြန်သောလိုအင်ဆန္ဒစသည်တို့ကို ကိုယ်တော်သည် လန်းဆန်းသန်စွမ်းစေရန်နှင့် နဂိုအတိုင်းပြန်ဖြစ်စေရန် တန်ခိုးရှိတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်စကြဝဠာ၏ကြွယ်ဝမှုကိုဖွင့်ပြပေးကာ၊ ကိုယ်တော်အားဖြင့်ပိုင်းခြားနားလည်နိုင်သောအစွမ်းနှင့် ဤဘဏ္ဍာများကိုပိုင်ဆိုင်နိုင်သောအခွင့်တို့ကိုပေးထားသည်။ {Ed 28.3}

ခရစ်တော်သည် "ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း" (ယောဟန် ၁း၉)။ ခရစ်တော်အားဖြင့်လူတိုင်းသည် အသက်ကိုရရှိသကဲ့သို့၊ ကိုယ်တော်အားဖြင့်စိတ်ဝိညာဉ်တိုင်းသည် ဘုရားသခင်၏အလင်းရောင်ခြည်တချို့ကိုရရှိကြသည်။ အသိဉာဏ်တစ်ခုတည်းသာမက၊ ဝိညာဉ်တန်ခိုး၊ အမှန်တရားကိုသိမြင်နားလည်ခြင်း၊ ကောင်းမှုကိုပြုလိုခြင်းစသည်တို့သည် စိတ်နှလုံးတိုင်း၌ တည်ရှိနေသည်။ သို့ရာတွင် ဤအခြေခံနိယာမများကို ဆန့်ကျင်သည့်ရန်မူလိုသောစိတ်သဘောနှင့်လည်းရုန်းကန်နေနေရသည်။ ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကိုစားခြင်း၏အကျိုးဆက်သည် လူတို့၏အတွေ့အကြုံတိုင်း၌ ပေါ်လွင်နေသည်။ သူ၏သဘောသဘာဝ၌ သူကိုယ်တိုင်မတွန်းလှန်နိုင်သည့်မကောင်းမှုဘက်သို့ အလိုလိုယိုင်နေသောစိတ်သဘော

ရှိနေသည်။ ဤတွန်းအားကိုတောင့်ခံနိုင်ရန်နှင့် သူ၏စိတ်ရင်းဖြင့် ထိုက်တန်သည်ဟု လက်ခံထားသည့်စံနှုန်းကိုရရှိရန်မှာ အစွမ်းတန်ခိုးတစ်ခုကသာ ကူညီနိုင်သည်။ ထိုအစွမ်းတန်ခိုးမှာ ခရစ်တော်ပင်ဖြစ်သည်။ ထိုအစွမ်းတန်ခိုးနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းသည် လူသား၏အကြီးမားဆုံးသောလိုအပ်ချက်ဖြစ်သည်။ ပညာကိုကြိုးစားရှာဖွေရာတွင် ဤပူးပေါင်းလုပ်ဆောင်မှုသည် အမြင့်မားဆုံးသောရည်မှန်းချက်မဟုတ်ပါလော။ {Ed 29.1}

စစ်မှန်သောဆရာသမားသည် ဒုတိယတန်းစားအလုပ်ဖြင့်ကျေနပ်မှုမရှိချေ။ သူသည်ကျောင်းသားများရရှိနိုင်သည့်အမြင့်ဆုံးထက် သာ၍နိမ့်သောအဆင့်အတန်းကိုညွှန်ပြပေးခြင်းဖြင့်မကျေနပ်နိုင်ချေ။ သူတို့အားစာအုပ်ထဲကပညာဗဟုသုကိုပေး၍၊ သူတို့အားကျွမ်းကျင်သောစာရင်းကိုင်၊ လက်မှုပညာသည်၊ အောင်မြင်သောကုန်သည်ဖြစ်စေရုံမျှဖြင့်ရောင့်ရဲမှုမရှိချေ။ လူ့အဖွဲ့အစည်းကိုတည်ငြိမ်မြင့်တင်ရန်အတွက် ကျောင်းသားများအားအကောင်းဘက်မှ တွန်းအားဖြစ်စေမည့် အခြေခံစည်းမျဉ်းများဖြစ်သောအမှန်တရား၊ နားထောင်ခြင်း၊ ဂုဏ်သိက္ခာ၊ ဖြောင့်မတ်ရိုးသားမှု၊ သန့်ရှင်းစင်ကြယ်ခြင်း စသည်တို့ကိုသူတို့၌လှုံ့ဆော်ပေးရန်မှာ သူတို့၏ရည်မှန်းချက်ဖြစ်သည်။ ဤအရာအားလုံးထက်သူ၏လိုအင်ဆန္ဒမှာ ကျောင်းသူ၊ ကျောင်းသားများသည် ကိုယ်ကျိုးမဖက်သည့်ဝန်ဆောင်မှုပေးခြင်းဟူသော အသက်တာ၏ကြီးမားသောသင်ခန်းစာကိုသင်ယူရန်ဖြစ်သည်။ {Ed 29.2}

ဤအခြေခံစည်းမျဉ်းများသည် ခရစ်တော်နှင့်စိတ်ဝိညာဉ်သည်အကျွမ်းတဝင်ရှိခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏ပညာကိုလမ်းပြအဖြစ်၊ ကိုယ်တော်၏တန်ခိုးတော်ကို စိတ်နှလုံးနှင့်အသက်၏ခွန်အားအဖြစ်၊ လက်ခံခြင်းအားဖြင့်လည်းကောင်း၊ အကျင့်စာရိတ္တကိုပုံသွင်းပေးသော အသက်ရှင်သည့်စွမ်းအားဖြစ်လာသည်။ ဤသို့ပေါင်းစည်းမှုဖြစ်ပေါ်လာရာတွင်

ကျောင်းသားသည် ပညာ၏အရင်းအမြစ်ဖြစ်တော်မူသောသူကို ရှာဖွေတွေ့ရှိသွားသည်။ သူ၏လက်လှမ်းမီသည့်အထဲက မိမိ၏အမြင့်မြတ်ဆုံးသောစံချိန်စံညွှန်းများကို နားလည်သဘောပေါက်နိုင်သော အစွမ်းတန်ခိုးကိုရရှိသည်။ ဤအသက်တာ၏အမြင့်မားဆုံးသော ပညာရေးရနိုင်မည့်အခွင့်အရေးများ သူရရှိလေပြီ။ ဤလောက၌ရရှိသောသင်တန်း၌ သူသည်ထာဝရကာလအထိ အကျိုးဝင်သောဘာသာရပ်ကို သင်ယူနေသည်။ {Ed 30.1}

အနီးစပ်ဆုံးပြောရလျှင် ပညာရေးအလုပ်နှင့်ကယ်တင်ခြင်းအလုပ်သည် တစ်ခုတည်းဖြစ်သည်။ အကြောင်းမှာ ပညာရေးကဏ္ဍနှင့်ကယ်တင်ခြင်းကဏ္ဍတွင် "ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကိုအဘယ်သူမျှမချနိုင်" "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှာ... ဘုရားသခင်... အလိုရှိတော်မူ၏။" (၁ကော ၃း၁၁။ ကောလောသဲ ၁း၁၉–၂၀)။ {Ed 30.2}

ပြောင်းလဲခဲ့သောအခြေအနေတွင်၊ စစ်မှန်သောပညာရေးသည် ဖန်ဆင်းရှင်၏စီမံချက်၊ ဧဒင်ဥယျာဉ်ကျောင်း၏အစီအစဉ်နှင့်ကိုက်ညီမှုရှိနေသေးသည်။ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်မှုမှညွှန်ကြားချက်ကို ရရှိကြကာ၊ ကျွန်ုပ်တို့သည် ယေရှုခရစ်၏မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အရောင်ကို ရှုမြင်ကြသည်။ {Ed 30.3}

ပညာရေး၏ကြီးမားသောအခြေခံစည်းမျဉ်းများသည် ပြောင်းလဲခြင်းမရှိချေ။ ၎င်းတို့သည် "အစဉ်အမြဲတည်ကြ၏" (ဆာလံ ၁၁၁း၈)။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ ဘုရားသခင့်ဂုဏ်တော်၏အခြေခံနိယာမများဖြစ်သောကြောင့်တည်း။ ဤအခြေခံစည်းမျဉ်းများကို နားလည်သဘောပေါက်ခြင်းငှာလည်းကောင်း၊ သူတို့အားအသက်တာတွင်ထိန်းချုပ်နိုင်သော စွမ်းအားများဖြစ်စေမည့် ခရစ်တော်နှင့်ဆက်ဆံမှုရရှိခြင်းငှာလည်းကောင်း၊ ကျောင်းသားကို ကူညီရေးမှာ ဆရာသမား၏ဦးစားပေးကြိုးပမ်းမှုနှင့် သူ၏အစဉ်တစိုက်

ရည်မှန်းချက်ဖြစ်ရမည်။ ဤရည်မှန်းချက်ကိုလက်ခံသောဆရာသမားသည် သမ္မာတရား၌ ခရစ်တော်နှင့်အတူတွဲဖက်လုပ်ဆောင်သူ၊ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သူပင်ဖြစ်သည်။ {Ed 30.4}

***

# အခန်း ၅

# ဣသရေလတို့၏ပညာရေး

ဒေင်ဥယျာဉ်တွင်တည်ထောင်ခဲ့သောပညာရေးစနစ်သည် မိသားစုကိုဗဟိုပြုထားသည်။ "အာဒံအဘဘုရားသခင်ပေတည်း" (လုကာ ၃း၃၇)။ အမြင့်ဆုံးသောသူ၏သားသမီးတို့သည် သွန်သင်ချက်များကိုရရှိကြသည်မှာ သူတို့၏အဖခမည်းတော်ထံမှဖြစ်သည်။ အမှန်ပြောရလျှင် သူတို့၏ကျောင်းများမှာ မိသားစုကျောင်းဖြစ်သည်။ {Ed 33.1}

အပြစ်ထဲကျရောက်ပြီးနောက် လူ၏အခြေအနေနှင့်လိုက်လျောညီထွေမှုရှိမည့် ဘုရားရှင်၏ပညာရေးစီမံကိန်း၌၊ ခရစ်တော်သည် ခမည်းတော်၏ကိုယ်စားအဖြစ်ရပ်တည်ကာ၊ ဘုရားသခင်နှင့်လူအကြားကွင်းဆက်ကို ဆက်သွယ်ပေးသည်။ ကိုယ်တော်သည် လူသားတို့၏ကြီးမြတ်သောဆရာသမားဖြစ်သည်။ ယောကျ်ား၊ မိန်းမတို့သည် မိမိ၏ကိုယ်စားလှယ်များဖြစ်မည်အကြောင်း ကိုယ်တော်ဘိသိက်သိတ်ပေးတော်မူခဲ့သည်။ မိသားစုသည်ကျောင်းဖြစ်၍၊ မိဘများသည် ဆရာသမားများဖြစ်ခဲ့ကြသည်။ {Ed 33.2}

မိသားစုကိုဗဟိုပြုသောပညာရေးသည် ရှေးဘိုးဘေးတို့အချိန်တွင် ရေပန်းစားပျံ့နှံ့ခဲ့သည်။ ထိုသို့ကျောင်းများကိုတည်ထောင်ကြသောကြောင့် အကျင့်စာရိတ္တတိုးတက်ရန်အတွက် နှစ်သက်ဖွယ်သောအခြေအနေများကို ဘုရားသခင်ဖန်တီးပေးတော်မူခဲ့သည်။ ကိုယ်တော်၏လမ်းပြမှုအောက်တွင်ရှိကြသောသူတို့သည် အစအဦး၌ ဘုရားသခင်ခန့်ထားတော်မူခဲ့သောအသက်တာ၏စီမံကိန်းကို လိုက်နေကြဆဲဖြစ်သည်။ ဘုရားသခင်ထံတော်မှထွက်ခွာသွားခဲ့ကြသောသူတို့သည် မိမိတို့အတွက်မြို့များကို တည်ဆောက်ကြကာ၊ ကမ္ဘာကြီးဂုဏ်ယူလောက်သည့်ယနေ့မြို့ကြီးများကဲ့သို့ ကြီးကျယ်

ခမ်းနားဇိမ်ရှိလှသောထိုမြို့များတွင် စုရုံးနေထိုင်ခဲ့ကြသည်။ သို့ရာတွင် ဘုရားသခင့်အသက်တာ၏ အခြေခံနိယာမများကိုမြဲစွာကိုင်စွဲသောသူတို့မူကား၊ လယ်ကွင်းများနှင့်တောင်ကုန်းများအကြားတွင် နေထိုင်ကြသည်။ သူတို့သည် လယ်ယာထွန်ယက်သူများ၊ တိရစ္ဆာန်မွေးမြူသူများဖြစ်ကြပြီး၊ ဤလွတ်လပ်ပြီး အမှီအခိုကင်းသောအသက်တာတွင်၊ အလုပ်လုပ်ရန်၊ သင်ကြားရန်နှင့်အာရုံပြုရန်အခွင့်အရေးများကိုရရှိကြကာ၊ ဘုရားသခင်အကြောင်းကိုသင်ယူပြီး၊ မိမိတို့၏သားသမီးများကို ဘုရားသခင်၏လုပ်ဆောင်မှုများနှင့်နည်းလမ်းများကို သင်ပေးခဲ့ကြသည်။ {Ed 33.3}

ဘုရားသခင်သည် ဣသရေလတို့၌တည်ထောင်လိုသည်မှာ ဤပညာရေးနည်းစနစ်ပင်ဖြစ်သည်။ သို့ရာတွင် အီဂျစ်ပြည်မှခေါ်ထုတ်လာသောအခါ ဣသရေလလူတို့အထဲ၌ မိမိတို့၏သားသမီးများကိုသင်ကြားပေးရာ၌ ဘုရားသခင်နှင့်အတူလုပ်ဆောင်ရန် အနည်းငယ်သာအဆင်သင့်ရှိနေခဲ့ကြသည်။ မိဘများကိုယ်တိုင်လမ်းညွှန်မှုနှင့် စည်းမျဉ်းများလိုအပ်နေခဲ့ကြသည်။ ရာသက်ပန်ကျွန်ဘဝ၌ကျရောက်ရကာ၊ သူတို့သည်ပညာမဲ့၊ မယဉ်ကျေး၊ အောက်တန်းကျနေခဲ့ကြသည်။ သူတို့သည်ဘုရားသခင်ကို အနည်းငယ်သာသိကြပြီး၊ ကိုယ်တော်ကိုလည်းအနည်းငယ်သာယုံကြည်ခဲ့ကြသည်။ မယုံကြည်သူများနှင့်ကြာရှည်ထိတွေ့နေရခြင်းကြောင့် မှားယွင်းသောသွန်သင်ချက်အားဖြင့် စိတ်ရှုပ်ထွေးကြကာ၊ ပျက်စီးခဲ့ကြရသည်။ ဘုရားသခင်သည် သူတို့အားသာ၍မြင့်မားသော ကိုယ်ကျင့်တရားအဆင့်သို့မြှင့်တင်ပေးလိုတော်မူခဲ့ပြီး၊ ဤအတိုင်းအတာဖြင့် မိမိအားသိကျွမ်းစေရန် ကြိုးပမ်းတော်မူခဲ့သည်။ {Ed 34.1}

ကန္တာရထဲ၌ လှည့်လည်သွားလာနေသူတို့၏ရှေ့တိုးနောက်ငင်ချီတက်နေခြင်းများ၊ အစာရေစာငတ်မွတ်ခြင်းနှင့်ပင်ပန်းခြင်းတို့ကိုထိတွေ့ခြင်းများ၊ မယုံကြည်သောရန်သူတို့၏ဘေးရန်များတို့ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့်သူတို့၏သက်သာခြင်းအတွက် မိမိ၏စောင်မမှုကိုဖော်ပြခြင်းတို့တွင် သူတို့၏ကောင်းကျိုးအတွက် အစဉ်တစိုက် လုပ်ဆောင်နေသောတန်ခိုးကို သူတို့အားဖော်ပြခြင်း

အားဖြင့် သူတို့၏ယုံကြည်ခြင်းခိုင်မာလာစေရန် ဘုရားသခင်ကြိုးပမ်းနေတော်မူခဲ့သည်။ မိမိ၏ချစ်ခြင်းမေတ္တာနှင့်တန်ခိုးကို ယုံကြည်ကိုးစားရန် သူတို့အားသင်ကြားပေးပြီးနောက်၊ သူတို့၏ရှေ့မှောက်တွင် မိမိ၏ကျေးဇူးတော်ဖြင့် သူတို့အားရရှိစေလိုသည့်အကျင့်စာရိတ္တ၏စံချိန်စံညွှန်းကို မိမိ၏ပညတ်တော်တွင် ရေးသားချပြရန်မှာ ကိုယ်တော်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ {Ed 34.2}

သိနာတောင်တစ်ဝိုက် သူတို့လှည့်လည်နေကြစဉ်အတွင်း ဣသရေလတို့အားသင်ပေးခဲ့သောသင်ခန်းစာများမှာ အဖိုးထိုက်လှသည်။ ခါနာန်တိုင်းပြည်ကို အမွေခံရန်အတွက်အထူးသင်တန်းကာလဖြစ်သည်။ ဤနေရာမှ သူတို့၏အနီးအနားပတ်ဝန်းကျင်သည် ဘုရားသခင်၏ရည်ရွယ်ချက်ပြည့်စုံစေရန်အတွက်သင့်လျော်သည်။ လူတို့သည် မိမိတို့၏တဲများထိုးထားကြသည့်လွင်ပြင်ကို လွှမ်းမိုးထားသည့်သိနာတောင်၏အထွတ်တွင် သူတို့၏လမ်းခရီးကိုပို့ဆောင်ပေးသောမိုးတိမ်တိုင်ရှိနေသည်။ ညအချိန်၌ အလင်းပေးဖို့မီးတိုင်သည် ဘုရားရှင်၏ကွယ်ကာမှုကို သူတို့အားအာမခံပေးသည်။ ထို့နောက် သူတို့အိပ်ပျော်နေကြစဉ်၊ သူတို့စခန်း၏ပတ်ပတ်လည်တွင် ကောင်းကင်မှအစာများဖြည်းညင်းစွာကျလာသည်။ ပတ်ပတ်လည်မှကြမ်းတမ်းမြင့်မားပြီး ရင်သပ်ရှုမောဖွယ်ရာတောင်တန်းကြီးများသည် ထာဝရတည်မြဲခြင်းနှင့်ထည်ဝါမှုကိုကြားပြောခဲ့ကြသည်။ "တောင်ကြီးကိုချိန်ခွင်ဖြင့်လည်းကောင်း၊ တောင်ငယ်ကိုကပ်ပယ်ဖြင့်လည်းကောင်းချိန်သောသူ" (ဟေရှာယ ၄၀း၁၂) ၏ရှေ့တော်မှောက်တွင် လူသည်မိမိ၏မသိနားမလည်မှုနှင့်အားနည်းမှုတို့ကို ခံစားရန်ဖြစ်သည်။ ဤနေရာတွင် မိမိ၏ဘုန်းတော်ကိုထင်ရှားစေခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏ဂုဏ်တော်နှင့်တောင်းဆိုချက်များ၏ စင်ကြယ်မှုနှင့် သူတို့၏များလွန်းသောအပြစ်များဖြင့် ဣသရေလတို့မှသိမှတ်စေရန် ဘုရားသခင်ကြိုးပမ်းတော်မူခဲ့သည်။ {Ed 34.3}

သို့ရာတွင်လူတို့သည် ထိုသင်ခန်းစာကို သင်ယူရာ၌နှေးကွေးနေခဲ့ကြသည်။ သူတို့သည်အောက်တန်းအကျဆုံးသော သဘောသဘာဝရှိသည့်

ဘုရားများကိုကိုယ်စားပြုသည့် ရုပ်ဝတ္ထုများနှင့်အီဂျစ်ပြည်တွင်နေသားကျနေပြီးဖြစ်ကာ သူတို့အတွက်မမြင်ရသောဘုရားရှိနေခြင်း၊ သို့မဟုတ် ထိုဘုရား၏ဂုဏ်တော်ကို စိတ်ကူးကြံဆရန်မှာခက်ခဲနေသည်။ သူတို့၏ အားနည်းချက်ကို သနားသွားရကာ၊ ဘုရားသခင်သည် မိမိ၏ရှိနေခြင်း၏ အမှတ်အသားကိုသူတို့အားပေးတော်မူခဲ့သည်။ ကိုယ်တော်က "ငါသည် သင်တို့တွင်ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" (ထွက်မြောက်ရာ ၂၅း၈) ဟုမိန့်တော်မူခဲ့သည်။ {Ed 35.1}

ဘုရားသခင်ကိန်းဝပ်ရာဖို့တဲတော်ကိုတည်ဆောက်ရာတွင် ကောင်းကင်၌ရှိသောပုံစံအတိုင်း အားလုံးကိုပြုလုပ်ရန် မောရှေအားညွှန်ကြားထားသည်။ ဘုရားသခင်သည် သူ့အားတောင်ပေါ်သို့ခေါ်ဆောင်၍၊ ကောင်းကင်၌ရှိသောတဲတော်၊ ၎င်းနှင့်သက်ဆိုင်သည့်အရာအားလုံးနှင့် မည်သို့ပုံဖော်ထားသည်ကို ဖော်ပြတော်မူခဲ့သည်။ {Ed 35.2}

ထိုသို့ဖြင့် မိမိကိန်းဝပ်ရာနေရာကိုပြုလုပ်စေလိုတော်မူသည့်ဣသရေလတို့အား မိမိဂုဏ်တော်၏ဂုဏ်ကျက်သရေရှိသောစံနမူနာကို ဖော်ပြတော်မူခဲ့သည်။ သိနာတောင်ပေါ်တွင် ပညတ်တော်ကိုပေး၍၊ ဘုရားသခင်သည်မောရှေရှေ့၌ ကြွသွားတော်မူကာ "ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာ ကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူ၏" (ထွက်မြောက်ရာ ၃၄း၆) ဟု ကြွေးကြော်ချိန်တွင် တဲတော်ပုံစံကိုတောင်ပေါ်၌ ပြသတော်မူခဲ့သည်။ {Ed 35.3}

သို့ရာတွင် သူတို့သည်ဤစံနမူနာကို သူတို့ကိုယ်၌ရယူနိုင်စွမ်း မရှိခဲ့ကြပါ။ သိနာတောင်ပေါ်က ဖော်ပြချက်သည် သူတို့၏လိုအပ်ချက်နှင့် အကူအညီမဲ့နေမှုကိုသာ သိစေနိုင်ခဲ့သည်။ တဲတော်၏ယဇ်ပူဇော်ခြင်းစနစ်မှ သင်ပေးသော အခြားသင်ခန်းစာမှာ အပြစ်ဖြေလွှတ်ခြင်းနှင့်နားထောင်သော အသက်တာအတွက် ခရစ်တော်မှတစ်ဆင့်တန်ခိုးရရှိခြင်းဟူသော သင်ခန်းစာ ပင်ဖြစ်သည်။ {Ed 36.1}

တဲတော်၏ခမ်းနားသော အဆောက်အဦသက်တံရောင်စုံဖြင့်ပြီးသည့် ခေရုဗိမ်အရုပ်နှင့်ခြယ်သသောကန့်လန့်ကာတွင် ရောင်ပြန်ဟပ်နေသော ရွှေဖြင့်ရွှမ်းစိုသောနံရံများ၊ အမြဲမွှေးကြိုင်ပျံ့နှံ့နေသောနံ့သာမွှေး၊ အစွန်းအထင်းမဲ့ဖြူဆွတ်နေသော ယဇ်ပုရောဟိတ်များ၏ဝတ်လုံ၊ အတွင်းအကျဆုံး အခန်းထဲမှသေတ္တာအဖုံးပေါ်ရှိ မျက်နှာချင်းဆိုင်သောခေရုဗိမ်နှစ်ပါး အကြားရှိကရုဏာပလ္လင်မှ အသန့်ရှင်းဆုံးသောသူ၏ဘုန်းတော် နက်နဲသော လျှို့ဝှက်ချက်တို့ကိုပုံဆောင်သည့် အမှတ်သင်္ကေတတို့၏ရည်ရွယ်ချက်ကို ခရစ်တော်အားဖြင့်သာ ပြည့်စုံရမည်ဖြစ်သည်။ အချုပ်အားဖြင့်၊ လူသားတို့အတွက် မိမိ၏ရည်ရွယ်ချက်ကို မိမိ၏လူများကဖတ်ရှုရန် ဘုရားသခင်အလိုတော်ရှိသည်။ အလားတူရည်ရွယ်ချက်ကိုပင် ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော် နှိုးဆော်ခြင်းဖြင့် နှစ်ပေါင်းများစွာကြာညောင်းပြီးနောက် အောက်ပါအတိုင်း ရေးသားခဲ့သည်။ {Ed 36.2}

"သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူသည်ကို လည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီး၏၊ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏" (၁ကော ၃း၁၆၊ ၁၇) {Ed 36.3}

တဲတော်ကိုပြင်ဆင်ရာတွင် ဣသရေလတို့သည် ကြီးမားသော အခွင့်အရေးနှင့်ဂုဏ်ပြုခြင်းကိုရရှိခဲ့ကြကာ၊ တာဝန်သည်လည်းကြီးမားလှသည်။ သာလွန်ခံ့ညားသောဖွဲ့စည်းတည်ဆောက်ပုံ၊ ဆောက်လုပ်ရာတွင် တန်ဖိုးအကြီးဆုံးသောပစ္စည်းနှင့် အမြင့်မားဆုံးသောကျွမ်းကျင်လုပစွာဖန်တီးမှုတို့ကို ကျွန်ဘဝမှ ယခုပင်လွတ်လာသောလူတို့သည် တောထဲတွင်တည်ဆောက်ကြရမည်ဖြစ်သည်။ အံ့မခန်းလုပ်ငန်းတာဝန်နှင့်ပင်တူနေသည်။ သို့ရာတွင်

အဆောက်အဦစီမံကိန်းကို ပေးတော်မူသောသူသည် ဆောက်လုပ်သူများနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကတိပေးတော်မူခဲ့သည်။ {Ed 36.4}

"တစ်ဖန်ထာဝရဘုရားသည် မောရှေအားမိန့်တော်မူပြန်သည်ကား၊ နားထောင်လော့၊ ငါသည်ယုဒအမျိုးသား ဟုရ၏သားဖြစ်သောဥရိ၏သား ဗေဇလေလကို အမည်ဖြင့်ခန့်ထား၏။ သူသည်ရွှေငွေကြေးဝါကိုလုပ်သော အတတ်၊ ကျောက်ကိုသွေး၍စီသောအတတ်၊ သစ်သားကိုထုလုပ်သောအတတ်နှင့် အမျိုးမျိုးသောအလုပ်ကို ထူးဆန်းစွာလုပ်တတ်မည်အကြောင်း၊ ဉာဏ်ပညာနှင့် တကွ၊ သိပ္ပံအတတ်အမျိုးမျိုးတို့ကိုငါပေး၍၊ ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်စုံစေ၏။ သူနှင့်အတူဒန်အမျိုးသားအဟိသမက်၏သား အဟောလျဘ ကိုလည်း ငါခန့်ထား၏။ ငါသည်သင့်အားမှာထားသမျှတို့ကို လိမ္မာသောသူ အပေါင်းတို့သည် လုပ်တတ်မည်အကြောင်း၊ သူတို့နှလုံးထဲသို့ဉာဏ်ပညာကို ငါသွင်းထားပြီ" (ထွက်မြောက်ရာ ၃၁း၁–၆)။ {Ed 36.5}

သင်တန်းနည်းပြများအဖြစ် ခရစ်တော်နှင့်သူ၏ကောင်းကင် တမန်များ သင်ကြားပို့ချသောတောထဲက စက်မှုကျောင်းပင်ဖြစ်သည်မဟုတ် ပါလော။ {Ed 37.1}

တဲတော်နှင့်၎င်း၏ပရိဘောဂများကို ပြင်ဆင်မှုပြုရာတွင် လူတိုင်းပါဝင် ကြရမည်။ ကာယနှင့်ဉာဏလုပ်အားလိုအပ်သည်။ ပစ္စည်းအမျိုးစုံလိုအပ် လျက်ရှိ၍၊ လူတိုင်းကို မိမိစေတနာအလျောက်၊ ငွေကြေးဝတ္ထုပစ္စည်းဖြင့် ထောက်ပံ့ရန် ဖိတ်ခေါ်ခဲ့သည်။ {Ed 37.2}

ထို့ကြောင့် အလုပ်လုပ်ရာနှင့်ပေးကမ်းရာတို့၌သူတို့သည် ဘုရားသခင် နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း ပူးပေါင်းလုပ်ဆောင်ရန် သင်ယူကြရသည်။ ဝိညာဉ်ရေးဗိမာန်တော်တည်းဟူသော စိတ်နှလုံးထဲက ဘုရားသခင်၏ ဗိမာန်တော်ကိုတည်ဆောက်ရာ၌လည်း သူတို့ပူးပေါင်းလုပ်ဆောင် ကြရမည်။ {Ed 37.3}

အီဂျစ်ပြည်မှ စတင်ခရီးထွက်ခွာချိန်မှစ၍ သူတို့၏သင်တန်းနှင့် စည်းမျဉ်းအတွက် သင်ခန်းစာများတောက်လျှောက်ပေးနေခဲ့သည်။ အီဂျစ်ပြည်မှ မထွက်ခွာမီကပင် ယာယီအဖွဲ့အစည်းများဖွဲ့ခဲ့က၊ ခန့်အပ်ထားသော ခေါင်းဆောင်တို့၏အောက်တွင် လူတို့အားအဖွဲ့လိုက်သေသေသပ်သပ် စီစဉ်ခဲ့သည်။ သိနာတောင်၌ အဖွဲ့အစည်းအတွက် စီစဉ်မှုအားလုံးပြီးမြောက် သွားခဲ့သည်။ ဘုရားသခင်၏လုပ်ဆောင်မှုအားလုံး၌ အလွန်ပေါ်လွင်ထင် ရှားသောစည်းစနစ်ကျခြင်းသည် ဟေဗြဲလူတို့၏ လူမှုအသိုက်အဝန်းတွင်သိသာ ထင်ရှားခဲ့သည်။ ဘုရားသခင်သည် အာဏာတန်ခိုးနှင့်အုပ်ချုပ်မှုယန္တရား၏ ဗဟိုချက်မပင်ဖြစ်တော်မူသည်။ ကိုယ်တော်၏ကိုယ်စားလှယ်အဖြစ်မောရှေသည် ကိုယ်တော်၏နာမတော်၌ ဥပဒေများကိုစီမံခန့်ခွဲရမည်။ အသက်ကြီးသူ ခုနစ်ကျိပ်ကောင်စီ၊ ပြီးနောက်ယဇ်ပုရောဟိတ်များနှင့်မင်းညီမင်းသားများ၊ သူတို့၏အောက်တွင် “လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်” (တောလည်ရာ ၁၁:၁၆၊ ၁၇။ တရားဟောရာ ၁:၁၅) ဟူ၍ အဆင့်ဆင့်ရှိရာ၊ နောက်ဆုံးတွင် အထူးတာဝန်အတွက်ခန့်ထားသော အရာရှိများရှိသည်။ သူတို့၏စခန်းကိုလည်း တိကျစွာဖြင့်စနစ်တကျစီစဉ်ကာ၊ အလယ်ဗဟိုတွင် ဘုရားသခင်ကိန်းဝပ်ရာတဲတော်ရှိပြီး၊ ၎င်း၏ပတ်လည်တွင် ယဇ်ပုရောဟိတ်များနှင့်လေဝိသားတို့၏တဲများ ဝန်းရံလျက်ရှိသည်။ အပြင်ဘက် တွင်မူ လူမျိုးတစ်မျိုးစီအလိုက် ၎င်းတို့၏စံနှုန်းအတိုင်းစခန်းချခဲ့ကြသည်။ {Ed 37.4}

စေ့စပ်သော မိလ္လာ၊ သန့်ရှင်းရေးစည်းမျဉ်းများကိုလည်းပြဋ္ဌာန်း ထားသည်။ ဤစည်းမျဉ်းများကို လူတို့အားလိုက်နာစေရခြင်းမှာ ကျန်းမာရေး အတွက် လိုအပ်ချက်ဖြစ်သည်သာမက၊ သူတို့အလယ်၌ သန့်ရှင်းတော်မူသော သူရှိနေခြင်းကို ထိန်းသိမ်းသည့်အခြေအနေကြောင့်လည်းဖြစ်သည်။ ဘုရားရှင်၏ အခွင့်အာဏာဖြင့် မောရှေက၊ “သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုကယ်တင်၍ ရန်သူတို့ကိုသင့်လက်၌အပ်ခြင်းငှာ သင်၏တပ်ထဲမှာ

သွားလာတော်မူ၏။ ထို့ကြောင့်... သင်၏တပ်သည်သန့်ရှင်းရမည်" (တရားဟောရာ ၂၃း၁၄)။ {Ed 38.1}

ဣသရေလတို့၏ပညာရေးနယ်ပယ်တွင် သူတို့အသက်တာ၏အကျင့်ဓလေ့များအားလုံးပါဝင်သည်။ သူတို့ကောင်းစားရေးနှင့်သက်ဆိုင်သောအရာမှန်သမျှသည် ဘုရားရှင်အရေးတယူပြုသည့်ဘာသာရပ်ဖြစ်ပြီး၊ ဘုရားရှင်ပညတ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်လာသည်။ သူတို့၏အစားအစာကို ပြင်ဆင်ပေးရာ၌ပင်လျှင်၊ ဘုရားသခင်သည်သူတို့အတွက်အကောင်းဆုံးသောအရာကို စီစဉ်ပေးတော်မူခဲ့သည်။ တောထဲတွင် သူတို့အားကျွေးခဲ့သောမန္နမုန့်သည် ကိုယ်ကာယ၊ ဉာဏနှင့်ကိုယ်ကျင့်တရားစသည်တို့၏ကြံ့ခိုင်မှုကိုမြှင့်တင်ပေးနိုင်သည်။ ကန့်သတ်ထားသော မိမိတို့၏အစားအစာကြောင့် များစွာသောသူတို့သည်ပုန်ကန်၍၊ "အမဲသားချက်သောအိုးကင်းနားမှာထိုင်၍၊ ဝစွာစားရသော" (ထွက်မြောက်ရာ ၁၆း၃) နေ့ရက်များကိုပြန်လည်တမ်းတကြသော်လည်း၊ ဘုရားရှင်၏ဉာဏ်တော်ဖြင့် သူတို့အတွက်ရွေးချယ်မှုသည် မဟုတ်မမှန်ကြောင်း သက်သေမထူနိုင်ကြချေ။ သူတို့၏တောတွင်းဘဝသည် ခက်ခဲမှုများရှိနေလင့်ကစား၊ သူတို့၏လူမျိုးနွယ်စုအားလုံးတွင် အားနည်းသူတစ်ယောက်မျှမရှိခဲ့ချေ။ {Ed 38.2}

သူတို့၏ခရီးစဉ်တစ်လျှောက်လုံးတွင် ဘုရားသခင်၏ပညတ်တော်ထည့်ထားသောသေတ္တာတော်သည် လမ်းပြဦးဆောင်ခဲ့သည်။ သူတို့စခန်းချရမည့်နေရာကို မိုးတိမ်တိုင်သက်ဆင်းကျရောက်ခြင်းဖြင့် ညွှန်ပြပေးသည်။ တဲတော်ပေါ်တွင်မိုးတိမ်တိုင်ရှိနေသရွေ့၊ သူတို့သည်စခန်းချနေထိုင်ကြသည်။ ၎င်းသည် မြောက်တက်သောအခါ၊ သူတို့လည်းခရီးဆက်ကြရသည်။ ၎င်း၏ရပ်နေခြင်းနှင့်ထွက်ခွာခြင်းတို့ကို လေးနက်စွာတိုင်တည်ခြင်းဖြင့်ဂုဏ်ပြုကြသည်။ "သေတ္တာတော်သွားသောအခါ၊ မောရှေက၊ အိုထာဝရဘုရားထတော်မူပါ၊ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေ

သော။..... သေတ္တာတော်မသွားဘဲရပ်နေသောအခါ၊ အိုထာဝရဘုရား၊ ဣသရေလအမျိုးသား အထောင်အသောင်းရှိရာသို့ ပြန်လာတော်မူပါ ဟူ၍လည်းကောင်း လျှောက်ဆိုလေ့ရှိ၏” (တောလည်ရာ ၁၀း၃၅၊ ၃၆)။ {Ed 38.3}

လူတို့သည်တောထဲတွင်ခရီးလှည့်လည်ချိန်တွင်၊ သီချင်းအားဖြင့် များစွာသောအဖိုးတန်သင်ခန်းစာများကို စိတ်ထဲတွင်စွဲမှတ်ခဲ့ကြသည်။ ဖါရောဘုရင်၏စစ်တပ်မှကယ်နုတ်ခြင်းခံရချိန်က၊ ဣသရေလလူမျိုးတစ်ခုလုံးသည် အောင်မြင်ခြင်းသီချင်းကိုသီဆိုခဲ့ကြသည်။ “ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲကိုခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အားသီချင်းဆိုကြလော့” (ထွက်မြောက်ရာ ၁၅း၂၁) ဟူသော ဝမ်းမြောက်ဖွယ်သီချင်းသံသည် ဝေးသောသဲကန္တာရနှင့်ပင်လယ်တို့တွင်မြည်ဟိန်း၍ တောင်များတို့၌ ချီးမွမ်းခြင်းအသံသည် ပဲ့တင်ထပ်လျက်ရှိသည်။ မကြာခဏလမ်းခရီးတွင် ဤသီချင်းကို ပြန်ဆိုကာ၊ စိတ်နှလုံးကိုရွှင်လန်းစေပြီး၊ လှည့်လည်သွားလာသူတို့၏ ယုံကြည်ခြင်းကိုတောက်လောင်စေသည်။ ဘုရားသခင်၏မျက်နှာသာပေးခြင်း ကတိတော်များနှင့်သူတို့လွတ်မြောက်ခြင်းအတွက် ကိုယ်တော်၏အံ့ဖွယ်လုပ်ဆောင်ချက်များနှင့်အတူ၊ သိနာတောင်ပေါ်၌ပေးသောပညတ်တော်တို့သည် သီချင်းဖြင့်ဖေါ်ပြသည့် ဘုရားရှင်၏လမ်းညွှန်မှုဖြစ်၍၊ တေးဂီတတူရိယာများဖြင့် သီဆိုကြကာ၊ ချီးမွမ်းသီချင်းကိုစုပေါင်းသီဆိုရင်း လူတို့သည်ရှေ့သို့လှမ်းချီခဲ့ကြသည်။ {Ed 39.1}

ထိုသို့ဖြင့်အခက်အခဲဒုက္ခများမှ သူတို့၏စိတ်ဓာတ်ကိုမြင့်တင်ပေး၍၊ မငြိမ်မသက်ဆူပူရှုပ်ထွေးနေသောစိတ်သည်လည်း နှစ်သိမ့်ငြိမ်သက်ကာ၊ သမ္မာတရား၏အခြေခံစည်းမျဉ်းများစွဲမှတ်ကြပြီး၊ ယုံကြည်ခြင်းကို ခိုင်မာစေခဲ့သည်။ အတူပူးပေါင်းလုပ်ဆောင်ခြင်းသည် စည်းစနစ်နှင့်စည်းလုံးမှုကို သင်ပေးကာ၊ လူတို့သည်လည်း ဘုရားသခင်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း သာ၍နီးစပ်လာခဲ့ကြသည်။ {Ed 39.2}

တောထဲ၌ အနှစ်လေးဆယ်အတွင်းလှည့်လည်သော ဣသရေလတို့ကို ဘုရားသခင်၏ကိုင်တွယ်မှုနှင့်ပတ်သက်၍၊ မောရှေက "သင့်ကိုနှိမ့်ချစုံစမ်း၍ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည်မရှိသည်ကို သိမည်အကြောင်း၊" "အဘသည်သားကိုဆုံးမသကဲ့သို့၊ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်အားဆုံးမတော်မူသည်" (တရားဟောရာကျမ်း ၈း၂၊ ၅)။ {Ed 39.3}

"လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍၊ လွတ်လပ်သောတောလွင်ပြင်၌ ယာကုပ်ကိုတွေ့တော်မူသောအခါ ဝန်းရံဆီးကာခြင်း၊ သွန်သင်ခြင်းကျေးဇူးကိုပြု၍ မျက်ဆန်တော်ကဲ့သို့စောင့်တော်မူ၏။ ရွှေလင်းတသည် အသိုက်ကိုမွှေလျက်၊ သားငယ်တို့အပေါ်မှာလှုပ်ရှားလျက်၊ အတောင်တို့ကိုဖြန့်လျက်၊ သားငယ်တို့ကိုယူ၍ မိမိအတောင်တို့ဖြင့်ဆောင်သကဲ့သို့၊ ထာဝရဘုရားတစ်ပါးတည်းသာလျှင်၊ ယာကုပ်ကိုဆောင်သွားတော်မူ၏။ အခြားတစ်ပါးသောဘုရားမည်မျှမရှိ။" (တရားဟောရာ ၃၂း၁၀–၁၂)။ {Ed 39.4}

"မိမိကျွန်အာဗြဟံ၌ ထားခဲ့ဖူးသောသန့်ရှင်းသောကတိတော်ကို အောက်မေ့တော်မူ၏။ ရွေးကောက်တော်မူသော မိမိလူတို့ကိုဝမ်းမြောက်ရွှင်လန်းခြင်းနှင့်တကွ ထုတ်ဆောင်တော်မူ၏။ သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်းကျင့်၍၊ ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း၊ တစ်ပါးအမျိုးသားတို့၏မြေကိုပေးတော်မူသဖြင့်၊ သူတို့သည် အခြားသောလူတို့၏အလုပ်ထဲသို့ဝင်စားရကြ၏" (ဆာလံကျမ်း ၁၀၅း၄၂–၄၄)။ {Ed 40.1}

ဣသရေလတို့သည် ကိုယ်တော်၏နာမတော်အတွက် ဂုဏ်ယူထိုက်သောလူမျိုး၊ ပတ်ဝန်းကျင်ရှိလူမျိုးများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေခြင်းငှာ၊ ဘုရားသခင်သည် လူတိုင်းအားအင်္ဂါရပ်အစုံအလင်ဖြင့်ပံ့ပိုး၍၊ အခွင့်ထူးများကိုပေးအပ်တော်မူခဲ့သည်။ သူတို့သည် နားထောင်ခြင်းလမ်း

ကြောင်းကိုလိုက်လျှောက်လျှင်၊ ကိုယ်တော်သည်သူတို့အား "လူမျိုးတကာတို့ထက် သင်၏ဂုဏ်အသရေရောကျော်စောကီတ္တိကို လွန်ကဲစေတော်မူမည်" ဟုကတိထားတော်မူခဲ့သည်။ "သင်သည် ထာဝရဘုရား၏နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည်ဟု လူမျိုးခပ်သိမ်းတို့သည်သိမြင်၍၊ သင့်ကို ကြောက်ရွံ့ကြလိမ့်မည်။" ထိုပညတ်တရားရှိသမျှတို့ကိုကြားရသောလူမျိုးများက "ဤကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ်ဥာဏ်ပညာနှင့် ပြည့်စုံသောအမျိုးဖြစ်၏ဟုဆိုကြလိမ့်မည်" (တရားဟောရာ ၂၆း၁၉၊ ၂၈း၁၀၊ ၄း၆) {Ed 40.2}

ဣသရေလတို့အား ပေးအပ်သောပညတ်တရားများတွင်၊ ပညာရေးနှင့်ပတ်သက်၍ ပြည့်စုံရှင်းလင်းသောညွှန်ကြားချက်များကို ပေးထားသည်။ သိနာတောင်ပေါ်တွင်ဘုရားသခင်သည် မောရှေထံ မိမိကိုယ်ကို "ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ပြည့်ဝတော်မူထသော" (ထွက်မြောက်ရာ ၃၄း၆) ဘုရားအဖြစ်ဖေါ်ပြတော်မူခဲ့သည်။ ကိုယ်တော်၏ပညတ်တရားတွင် ဖွဲ့စည်းပါဝင်သောစည်းမျဉ်းများကို ဣသရေလ မိခင်ဖခင်တို့သည် မိမိတို့သားသမီးများကိုသင်ပေးရမည်။ ဘုရားရှင်၏လမ်းညွှန်မှုဖြင့် မောရှေသည် သူတို့အားပြောဆိုသည်မှာ "ယနေ့ငါမှာထားသောစကားကိုနှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အားကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုပြောရမည်" (တရားဟော ၆း၆၊ ၇) ဟူ၍ဖြစ်သည်။ {Ed 40.3}

အသက်မပါသောအဆိုကဲ့သို့ ဤအရာများကိုသင်ပေးရမည်မဟုတ်။ သမ္မာတရားကိုသွန်သင်ပေးမည့်သူတို့သည် မိမိတို့ကိုယ်တိုင် ၎င်းစည်းမျဉ်းများကို လက်တွေ့ကျင့်သုံးကြရမည်။ ဖြောင့်မတ်ခြင်း၊ မြင့်မြတ်ခြင်း၊ ကိုယ်ကျိုးမဖက်ခြင်းစသည်တို့၌ ဘုရားရှင်၏ဂုဏ်တော်ကို

ရောင်ပြန်ဟပ်နိုင်မှသာလျှင် မိမိတို့၏အသက်တာဖြင့် သူတစ်ပါးအား သြဇာလွှမ်းနိုင်မည်။ {Ed 41.1}

စစ်မှန်သောပညာရေးမှာ လက်ခံရန်အသင့်မဖြစ်သောစိတ်ကို အတင်းအဓမ္မသင်ကြားပို့ချခြင်းမဟုတ်ချေ။ ဉာဏအစွမ်းများကိုနိုးထစေပြီး စိတ်ဝင်စားမှုကိုတက်ကြွစေရမည်။ ဤအရာအတွက် ဘုရားသခင်၏ သင်ကြားပို့ချမှုနည်းလမ်းကို ပြင်ဆင်ပေးထားသည်။ စိတ်နှလုံးကိုဖန်ဆင်း၍၊ ၎င်း၏စည်းမျဉ်းစည်းကမ်းများကို ခန့်ထားတော်မူသောသူသည် စိတ်နှလုံး၏ တိုးတက်ကြီးထွားမှုအတွက် စီစဉ်ပေးထားသည်။ အိမ်နှင့်တဲတော်၌ လည်းကောင်း၊ သဘာဝတရားနှင့်လက်မှုလက်ရာအားဖြင့်လည်းကောင်း၊ ကြိုးပမ်းလုပ်ဆောင်မှုနှင့်ပွဲလမ်းသဘင်၌လည်းကောင်း၊ မွန်မြတ်သောအဆောက် အဦနှင့်မှတ်တိုင်များ၌လည်းကောင်း၊ များစွာသောထုံးတမ်းဓလေ့များနှင့် အမှတ်သင်္ကေတများအားဖြင့်လည်းကောင်း၊ ဘုရားသခင်သည် ကလေးလူငယ် တို့အား မိမိ၏စည်းမျဉ်းများကိုပုံဆောင်သော သင်ခန်းစာများကိုပေး၍၊ မိမိ၏လုပ်ဆောင်သောအံ့ဖွယ်အမှုများကို မှတ်မိစေတော်မူသည်။ ထို့နောက် စုံစမ်းမှုများကိုပြုလုပ်သောအခါ၊ သင်ကြားမှုများသည် စိတ်နှလုံးထဲတွင် စွဲမှတ်သွားလေသည်။ {Ed 41.2}

ရွေးချယ်ထားသောလူမျိုး၏ပညာရေးအတွက်၊ အစီအစဉ်များအတွက် ဘုရားသခင်၌ဗဟိုပြုသောအသက်တာသည် ပြည့်စုံသောအသက်တာဖြစ် ကြောင်းကိုပေါ်လွင်စေခဲ့သည်။ ကိုယ်တော်ထည့်သွင်းပေးသောလိုအင်ဆန္ဒ တိုင်းကို ကိုယ်တော်သည်ဖြည့်ဆည်းပေးတော်မူ၍ ပေးထားသောအစွမ်း အစအားလုံးကို တိုးတက်ကြီးပွားစေတော်မူမည်။ {Ed 41.3}

အလှအပတရားကို ဖန်တီးသူဘုရားကိုယ်တိုင်က လှပမှုကိုချစ်မြတ် နိုးသူဖြစ်ပြီး၊ သူ၏သားသမီးထဲတွင်အလှအပတရားကို ချစ်တတ်သောစိတ်ကို ပြင်ဆင်ပေးထားပါသည်။ သနားကြင်နာတတ်သောစိတ်နှင့် ချိုမြိန်သော

အသက်တာကို တောက်ပမှုတို့ကိုပျိုးထောင်ပေးရန် လူမှုရေးနှင့်ဆိုင်သောလိုအပ်မှုများသော်လည်းကောင်း၊ သနားကြင်နာစွာနှင့်ကူညီတတ်သောအသင်းအဖွဲ့များအတွက်လည်းကောင်း၊ ဘုရားရှင်ကပံ့ပိုးပေးပါသည်။ {Ed 41.4}

ပညာရေးကဏ္ဍတွင် ဣသရေလတို့၏ပွဲလမ်းသဘင်များသည်လည်း အရေးကြီးသောနေရာကိုယူထားသည်။ သာမန်အသက်တာတွင်မိသားစုသည် ကျောင်းနှင့်ဘုရားရှိခိုးကျောင်းဖြစ်၍၊ မိဘများသည်လောကီရေးရာနှင့် ဘာသာရေးဆိုင်ရာသင်ကြားပို့ချသူများဖြစ်ကြသည်။ သို့ရာတွင် လူမှုပေါင်းသင်းဆက်ဆံရေးနှင့်ဘုရားဝတ်ပြုခြင်းအတွက် တစ်နှစ်လျှင်သုံးကြိမ်စီစဉ်ထားသည်။ ပထမအကြိမ်ကိုရှိလောမြို့၌လည်းကောင်း၊ ကျန်ပွဲများကိုယေရုရှလင်မြို့၌လည်းကောင်း စုရုံးကျင်းပခဲ့ကြသည်။ ဖခင်များနှင့်သားတို့ကိုသာ ထိုပွဲများဆင်နွှဲရန်လိုအပ်သော်လည်း၊ မည်သူကမျှထိုပွဲလမ်းသဘင်များကို လက်မလွှတ်ချင်ကြသောကြောင့် ဖြစ်နိုင်သမျှတစ်မိသားစုလုံးတက်ရောက်ကြပြီး၊ သူတို့နှင့်အတူသူစိမ်းဧည့်သည်များ၊ လေဝိသားများ၊ ဆင်းရဲသူဆင်းရဲသားများလည်းပါဝင်ကြသည်။ {Ed 41.5}

ရှေးဘိုးဘေးတို့၏ပုံစံဖြင့် ယေရုရှလင်မြို့သို့သာမန်ခရီးထွက်ရသည်မှာ၊ ဆောင်းအကုန်နွေဦးရာသီ၏ သဘာဝအလှအပများဖြင့် သာယာကြည်နူးဖွယ်ကောင်းလှသည်။ ဆံဖြူအသက်ကြီးသူတို့မှစ၍ ကလေးသူငယ်တို့သည် သန့်ရှင်းသောကိုယ်တော်ကိန်းဝပ်ရာ၌ ဘုရားသခင်နှင့်တွေ့ခြင်းငှာ ကျေးဇူးတင်ခြင်းအလှူငွေများနှင့်ရောက်လာခဲ့ကြသည်။ သူတို့ခရီးသွားစဉ်တွင် လူကြီးရောကလေးပါမကျန် နှစ်သက်ကြသည့်အတိတ်ကာလအတွေ့အကြုံများကို ဟေဗြဲကလေးများအားပြန်ပြောခဲ့ကြသည်။ တော၌လှည့်လည်စဉ်က ပျော်ရွှင်စွာသီဆိုခဲ့သောသီချင်းများကိုသီဆိုကြသည်။ ဘုရားသခင်၏ ပညတ်တရားများကိုသံပြိုင်ရွတ်ဆိုကြပြီး သဘာဝတရား၏နှစ်လိုဖွယ်အရာနှင့် လူသားတို့ကြင်နာစွာပေါင်းဖော်ခြင်းတို့နှင့်ပေါင်းဖက်လိုက်သောအခါ များစွာသော ကလေးလူငယ်တို့၏စိတ်ထဲတွင် အမြဲစွဲလမ်းသွားစေခဲ့သည်။ {Ed 42.1}

ပသခါပွဲနှင့်ဆက်စပ်သည့်အရာများဖြစ်သည့် ညအချိန်စုရုံးပြီး၊ ခါးစည်းကိုစည်းထားကာ၊ ခြေနင်းကိုစီး၍၊ တောင်ဝှေးကိုကိုင်လျက်၊ သိုးသငယ်၏အသားနှင့်တဆေးမပါသောမုန့်ကို ခါးသောဟင်းသီးဟင်းရွက်နှင့်စားပြီး၊ လေးနက်တိတ်ဆိတ်စွာအသွေးကိုသုတ်လိမ်းပြီး၊ သားဦးကိုသတ်သောကောင်းကင်တမန်နှင့်၊ ချုပ်နှောင်ခံရသောပြည်မှ ကြီးကျယ်စွာချီတက်စသည့်ဇာတ်လမ်းကို ယေရုရှလင်မြို့တွင်မြင်တွေ့ရသောအခါ၊ သူတို့၏အတွေးကိုနိုးထစေပြီး၊ စိတ်နှလုံးထဲတွင် စွဲမှတ်သွားစေခဲ့သည်။ {Ed 42.1}

သကေနေပွဲ သို့မဟုတ် ကောက်ရိတ်သိမ်းပွဲတွင် သစ်သီးဥယျာဉ်နှင့်လယ်မှသီးနှံအလှူများ၊ ခုနစ်ရက်ပတ်လုံးသစ်ရွက်တဲများဖြင့်စခန်းချခြင်း၊ ပြန်လည်ပေါင်းစည်းမိတ်ဆုံပွဲများ၊ မွန်မြတ်သည့်အထိမ်းအမှတ်တာဝန်ထမ်းဆောင်ခြင်း၊ ဘုရားရှင်၏အမှုဆောင်များ၊ တဲတော်၌အမှုထမ်းဆောင်သောလေဝိလူမျိုးများနှင့်၎င်းတို့၏သားသမီးများ၊ သူစိမ်းဧည့်သည်များနှင့်ဆင်းရဲသားများစသည့်သူတို့အပေါ် လိုက်လျောပျူငှာခြင်းစသည်တို့သည် ကိုယ်တော်၏တစ်နှစ်ပတ်လုံးကောင်းမြတ်ခြင်းနှင့် ကြွယ်ဝခြင်းပေးတော်မူသောကိုယ်တော်အပေါ် ကျေးဇူးတင်သည့်စိတ်ကိုမြှင့်တင်ပေးသည်။ {Ed 42.3}

ဤနည်းဖြင့် ဣသရေလတို့သည် နှစ်စဉ်တစ်လပတ်လုံး ဘုရားတရားကိုင်းရှိုင်းသည့်အမှုကိုပြုခဲ့ကြသည်။ သူတို့အားပညာပေးရေးကိုရည်ရွယ်လျက် လုံးလုံးလျားလျားဆက်ကပ်ပြီး အလုပ်မလုပ်ဘဲပွဲကျင်းပခဲ့ကြသည်။ {Ed 43.1}

မိမိလူတို့၏အမွေကိုခွဲဝေပေးရာတွင်၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍မှန်ကန်သည့်စည်းမျဉ်းဥပဒေများကို ဣသရေလလူတို့နှင့် ၎င်းတို့၏မျိုးရိုးစဉ်ဆက်တို့အားသင်ပေးရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ တဲတော်၌အမှုထမ်းဆောင်သောလေဝိလူတို့မှလွဲ၍ ကျန်လူမျိုးများအားလုံးအားခါနာန်တိုင်းပြည်ကိုခွဲဝေပေးတော်မူခဲ့သည်။ တစ်စုံတစ်ဦးသည် မိမိ၏ပိုင်ဆိုင်မှုကို

တစ်ရာသီစာထုခွဲရောင်းချနိုင်သော်လည်း၊ မိမိသားသမီးများ၏အမွေဥစ္စာကို ဖလှယ်ရောင်းချပစ်၍မရချေ။ ထိုသို့လုပ်နိုင်သော်လည်း၊ ၎င်းကိုအချိန်မရွေး ပြန်လည်ရွေးယူနိုင်ခွင့်ရှိသည်။ ခုနစ်နှစ်ပြည့်တိုင်း၊ သို့မဟုတ် အနှစ်ငါးဆယ်ပြည့်နှစ်၊ သို့မဟုတ် ဂျူဗလီနှစ်တွင်အကြွေးများကိုလျှော်၍၊ မြေယာပိုင်ဆိုင်မှုအားလုံးကို မူလပိုင်ရှင်ထံပြန်ပေးရသည်။ ထိုသို့ဖြင့်မိသားစုတိုင်းသည် မိမိတို့၏ပိုင်ဆိုင်မှုသည်လုံခြုံမှုရှိပြီး၊ အလွန်အမင်းချမ်းသာခြင်းနှင့်ဆင်းရဲခြင်းကိုလည်း ကာကွယ်ရာရောက်ပေသည်။ {Ed 43.2}

လူတို့အားလုံးမြေယာကိုခွဲဝေပေးခြင်းအားဖြင့်၊ တိုးတက်ကြီးပွားရန်အတွက်အကောင်းဆုံးသောအခြေခံ ဧဒင်ဥယျာဉ်၌နေထိုင်ခဲ့သောသူတို့အားပေးခဲ့သောတာဝန်ဖြစ်သည့် အပင်အမျိုးမျိုးနှင့်တိရစ္ဆာန်တို့အားထိန်းသိမ်းရသောတာဝန်ကို ဘုရားသခင်သည်သူတို့အားပေးတော်မူခဲ့သည်။ ပညာရေးအတွက်နောက်ထပ်ဖန်တီးပေးသောအရာမှာ သတ္တမနှစ်ရောက်တိုင်း စိုက်ပျိုးရေးလုပ်ငန်းကိုရပ်ဆိုင်း၍၊ မြေယာကိုမထွန်မယက်ဘဲထားကာ အလိုအလျောက်ထွက်ရှိလာသောသီးနှံများကို ဆင်းရဲသားများအတွက်ချန်ထားပေးသည်။ ထိုသို့ဖြင့် သာ၍ကျယ်ပြန့်သောလေ့လာမှုအတွက်လည်းကောင်း၊ လူမှုပေါင်းသင်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းအတွက်လည်းကောင်း၊ အသက်တာ၏စိုးရိမ်မှုနှင့်အလုပ်များမှ စေတနာသဒ္ဓါတရားကိုလေ့ကျင့်နိုင်ရန်လည်းကောင်း အခွင့်အရေးကိုပေးထားခဲ့သည်။ {Ed 43.3}

ဥစ္စာပိုင်ဆိုင်မှုကိုခွဲဝေခြင်းနှင့်ပတ်သက်၍ ဘုရားသခင့်ပညတ်တရားများ၏အခြေခံစည်းမျဉ်းများကို ယနေ့ဤလောကတွင် လိုက်လျှောက်ခဲ့မည်ဆိုလျှင်၊ လူတို့၏အခြေအနေသည် မည်မျှပင်ပြောင်းလဲသွားလိမ့်မည်နည်း။ ဤအခြေခံစည်းမျဉ်းများကို လိုက်လျှောက်ခြင်းသည် ခေတ်အဆက်ဆက်မှ ကြွယ်ဝချမ်းသာသူများက ဆင်းရဲသားများကိုဖိနှိပ်ခြင်းနှင့်လူကုံထံများကို နှမ်းပါးသောသူများက မုန်းတီးခြင်းစသည့်ကြောက်မက်

ဖွယ်မကောင်းမှုများကို ကာကွယ်နိုင်ပေလိမ့်မည်။ ၎င်းသည် အလွန်များပြားသော ဓနဥစ္စာစုဆောင်းခြင်းကို တားဆီးနေသကဲ့သို့၊ ရောမပေါကြွယ်ခြင်းအတွက် လုပ်အားခခေါင်းပုံဖြတ်ခံနေရသော မြောက်မြားစွာသောသူတို့အားလျစ်လျူရှုခြင်းနှင့်ဆင်းရဲမွဲတေခြင်းတို့ကို ကာကွယ်ရာရောက်ပေလိမ့်မည်။ မင်းမဲ့စရိုက်နှင့် သွေးသွန်းသတ်ဖြတ်ခြင်းတို့ဖြင့် ကမ္ဘာကိုခြိမ်းခြောက်နေသောပြဿနာ၏ ငြိမ်းချမ်းသောအဖြေကိုယူဆောင်ရာ၌ အထောက်အကူပြုလိမ့်မည်။ {Ed 44.1}

သစ်သီးခြံနှင့်လယ်ယာရိတ်သိမ်းခြင်းမှဖြစ်စေ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သို့မဟုတ် ကာယ၊ ဉာဏလုပ်အားမှဖြစ်စေ၊ ဆယ်ပုံတစ်ပုံကို ဘုရားသခင်ထံသို့ဆက်ကပ်အပ်နှံခြင်းနှင့် ဒုတိယဆယ်ပုံတစ်ပုံကို ဆင်းရဲသားများ သက်သာရာသက်သာကြောင်းနှင့် အခြားအကျိုးရှိသောအရာအတွက် အသုံးပြုရန်ဆက်ကပ်ခြင်းတို့က ဘုရားသခင်သည်အရာခပ်သိမ်းကိုပိုင်သတော်မူသည်ဟူသောသမ္မာတရားနှင့် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကို သူတစ်ပါးထံလမ်းကြောင်းပေးသောသူများဖြစ်သည်ဟူသော အမှန်တရားစသည်တို့ကို လူတို့ရှေ့၌အမြဲဖော်ပြရန်ဖြစ်သည်။ {Ed 44.2}

ဘုရားသခင်ကိုသိကျွမ်းခြင်း၊ သင်ကြားလေ့လာရာနှင့်လုပ်ငန်းလုပ်ဆောင်ရာတို့၌ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ အကျင့်စာရိတ္တ၌ ကိုယ်တော်နှင့်တူခြင်းတို့သည် ဘုရားသခင်ထံတော်မှမိဘများ၊ မိဘများထံမှသူတို့၏သားသမီးများထံသို့ ပေးတော်မူသောပညာသည် ဣသရေလတို့ပညာရေး၏အရင်းအမြစ်၊ နည်းစနစ်နှင့်ရည်ရွယ်ချက်များဖြစ်ရမည်။ {Ed 44.3}

***

# အခန်း ၆

# ပုရောဖက်ကျောင်းများ

ဣသရေလနိုင်ငံမည်သည့်နေရာတွင်မဆို ဘုရားသခင်၏ပညာရေး စီမံကိန်းကို ထိထိရောက်ရောက်ဖေါ်ဆောင်ရာတွင်၊ ၎င်း၏အကျိုးရလဒ်သည် ၎င်းပညာကိုဖန်တီးတော်မူသောသူအား ထင်ရှားစေသည်။ သို့ရာတွင် များစွာသောအိမ်ထောင်စုတွင် ဘုရားရှင်ခန့်ထားသောသင်တန်းဖြင့် အကျင့် စာရိတ္တကြီးပွားတိုးတက်မှုမှာ ရှားပါးလျက်ရှိသည်။ ဘုရားသခင်၏ စီမံကိန်းကိုတစ်ပိုင်းတစ်စဖြင့် မပြည့်မစုံသာဖြည့်စွမ်းနိုင်ခဲ့သည်။ ထာဝရ ဘုရား၏ဦးတည်ချက်များကိုမယုံကြည်၊ ဥပေက္ခာပြုခြင်းအားဖြင့်၊ ဣသရေလ တို့သည် လူအနည်းငယ်ကသာတွန်းလှန်နိုင်သောစုံစမ်းခြင်းများဖြင့် မိမိတို့ ကိုယ်ကိုဝန်းရံထားခဲ့ကြသည်။ သူတို့သည် ခါနာန်ပြည်၌အခြေချချိန်တွင် "ထာဝရဘုရားမိန့်တော်မူသည်အတိုင်းမပြု၊ တစ်ပါးအမျိုးသားတို့ကို မဖျက် ဆီးဘဲနေကြ၏။ သူတို့နှင့်ရောနှော၍ သူတို့၏ဘာသာဓလေ့ကိုသင် ကြ၏။ သူတို့၏ရုပ်တုများကိုဝတ်ပြု၍ကျော့ကွင်း၌ ကျော့မိကြ၏။" "သူတို့စိတ်သဘောမူကား၊ ရှေ့တော်၌မဖြောင့်၊ သစ္စာတော်ကိုမစောင့်ဘဲ နေကြ၏။ ကိုယ်တော်မူကား၊ ကရုဏာစိတ်ရှိ၍ သူတို့ကိုမဖျက်ဆီးဘဲ အပြစ်လွှတ်တော်မူ၏။ ကြိမ်ဖန်များစွာစိတ်တော်ပြေ၍၊ အမျက်တော်ကို နှိုးဆော်တော်မမူ။" သူတို့သည်အသားဖြစ်ကြောင်းကိုလည်းကောင်း၊ စုတေ၍ နောက်တစ်ဖန်မလာတတ်သော ဝိညာဉ်ဖြစ်ကြောင်းကိုလည်းကောင်း အောက်မေ့တော်မူ၏။ (ဆာလံ ၁၀၆း၃၄–၃၆။ ၇၈း၃၇–၃၉)။ ဣသရေလ ပြည်၌ရှိသောမိခင်၊ ဖခင်တို့သည် ဘုရားသခင်အပေါ်တာဝန်နှင့်သားသမီးများ အပေါ်ဝတ္တရားတို့ကို စိတ်မဝင်စားကြတော့ချေ။ အိမ်ထောင်စုထဲတွင်

သစ္စာမရှိခြင်း၊ အပြင်ဘက်ကရုပ်တုကိုးကွယ်မှု၏ဩဇာလွှမ်းမိုးခြင်းများက များစွာသောဟေဗြဲလူငယ်တို့အား သူတို့အတွက် ဘုရားသခင်စီမံတော်မူသည့် အရာမှ အကြီးအကျယ်ခြားနားသော ပညာရေးကိုရရှိခဲ့ကြသည်။ သာသနာပလူတို့၏လမ်းစဉ်များကိုသင်ယူခဲ့သည်။ {Ed 45.1}

ဤကြီးထွားလာသောမကောင်းမှုကိုဖြေရှင်းနိုင်ရန်၊ ဘုရားသခင်သည် ပညာရေးလုပ်ငန်းစဉ်၌ မိဘများကိုကူညီရန် အခြားသောကိုယ်စားလှယ် များကို ပြင်ဆင်ပေးတော်မူခဲ့သည်။ အစောဆုံးသောအချိန်ကပင် ပုရောဖက်များကို ဘုရားရှင်ခန့်ထားသောဆရာသမားများအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ယုတ္တိအရှိဆုံးဆိုရသော် ပုရောဖက်သည် ဝိညာဉ်တော်၏တိုက်ရိုက်မှုတ်သွင်းခြင်း အားဖြင့် ဟောပြောသူ၊ ဘုရားသခင်ထံမှ သူရရှိသောသတင်းစကားများကို လူတို့အားပြောပြသောသူပင်ဖြစ်သည်။ သို့ရာတွင် ဝိညာဉ်တော်၏တိုက်ရိုက် မှုတ်သွင်းခြင်းအားဖြင့်မဟုတ်သော်လည်း၊ ဘုရားသခင်၏လုပ်ငန်းများနှင့် လမ်းစဉ်များတွင် လူတို့အားသင်ပေးရန် ဘုရားရှင်၏ခေါ်တော်မူခြင်းကို ခံရသောသောသူကိုလည်း ပုရောဖက်ဟုခေါ်သည်။ ထိုသို့သောဆရာသမားများ (ပုရောဖက်များ) ကို သင်ကြားပေးရန်အတွက် ထာဝရဘုရား၏လမ်းညွှန်မှုဖြင့် ရှမွေလသည် ပုရောဖက်ကျောင်းများကိုတည်ထောင်ခဲ့သည်။ {Ed 46.1}

ဤကျောင်းများကို ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့နေသော အကျင့်ပျက် ခြစားမှုကို တားဆီးရန်လည်းကောင်း၊ လူငယ်များ၏ဉာဏနှင့်ဝိဉာဏကောင်း ကျိုးချမ်းသာပေးရန်၊ ဘုရားသခင်ကိုကြောက်ရွံ့သောခေါင်းဆောင်များ၊ အကြံပေးပုဂ္ဂိုလ်များဖြင့် နိုင်ငံကိုဖြည့်ဆည်းခြင်းအားဖြင့် တိုင်းပြည်၏ ကြွယ်ဝချမ်းသာမှုကိုအားပေးရန် ရည်ရွယ်ထားခဲ့သည်။ ရှမွေလသည် ဘုရားတရားကိုင်းရှိုင်း၍၊ ဉာဏ်ရည်ဉာဏ်သွေးရှိပြီး၊ စာကြိုးစားသောလူငယ်များကို စုစည်းခဲ့သည်။ ထိုသူများကို ပုရောဖက်အမျိုးသားများဟုခေါ်သည်။ သူတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားနှင့် အလုပ်များကိုလေ့လာရာတွင်၊ ကိုယ်တော်၏ အသက်ပေးပိုင်သောတန်ခိုးသည် စိတ်ဝိညာဉ်၏စွမ်းအားများကို အရှိန်မြှင့်တင်

ပေးပြီး၊ ကျောင်းသားများသည်လည်း အထက်မှဉာဏ်ပညာကိုရရှိခဲ့ကြသည်။ သင်ကြားပို့ချသူများသည် ဘုရားရှင်၏သမ္မာတရားကိုတတ်ကျွမ်းကြသည်သာမက၊ ဘုရားသခင်နှင့်အကျွမ်းတဝင်ရှိခြင်း၌ ပျော်မွေ့ကြကာ၊ ဝိညာဉ်တော်၏ပံ့ပိုးမှုကိုလည်းရရှိခဲ့ကြသည်။ သူတို့သည်သင်ကြားခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းခြင်းအတွက် ရိုသေမှုနှင့်ယုံကြည်စိတ်ချမှုကိုရရှိခဲ့ကြသည်။ ရှမွေလအချိန်တွင် ဤသို့သောကျောင်းနှစ်ကျောင်းရှိပြီး၊ တစ်ခုမှာ ရာမမြို့မှပုရောဖက်ကျောင်းဖြစ်၍၊ အခြားတစ်ခုမှာ ယာရိမ်တောင်ပေါ်၌ ရှိသောကိရယတ်မြို့၌ရှိသည်။ နောက်ပိုင်းတွင် အခြားကျောင်းများကိုလည်း တည်ထောင်ခဲ့သည်။ {Ed 46.2}

ဤကျောင်းများမှကျောင်းသားများသည် လယ်ထွန်ယက်ခြင်းသို့မဟုတ် စက်မှုလက်မှုလုပ်ငန်းတို့၌ ကိုယ်တိုင်လုပ်ဆောင်ခြင်းဖြင့် မိမိတို့ကိုယ်ကိုထောက်ပံ့ခဲ့ကြသည်။ ဣသရေလတို့အကြားတွင် အထူးအဆန်းကဲ့သို့လည်းကောင်း၊ အောက်တန်းကျသည်ဟူ၍လည်းကောင်း မထင်မှတ်ကြချေ။ အမှန်မှာ ကလေးသူငယ်များသည် အသုံးဝင်သောအလုပ်ကို လျစ်လျူရှုလျက်ကြီးထွားလာစေခြင်းကို အပြစ်ဟုပင်သဘောထားခဲ့ပါကြသည်။ လူငယ်တိုင်း၊ သူတို့၏မိဘများသည် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းပညာတချို့ကို သင်ယူခဲ့ကြရသည်။ သူသည် သန့်ရှင်းသောလုပ်ငန်းအတွက် ပညာသင်ယူရမည်ဖြစ်သော်ငြားလည်း၊ လက်တွေ့ဘဝနားလည်ခြင်းကို အသုံးဝင်ဆုံးသောအရာအတွက် မရှိမဖြစ်လိုအပ်ချက်အဖြစ် သဘောထားကြသည်။ များစွာသောဆရာသမားတို့သည်လည်း လက်ဖြင့်လုပ်ဆောင်ရသောအလုပ်ဖြင့် မိမိတို့ကိုယ်ကိုထောက်ပံ့ခဲ့ကြသည်။ {Ed 47.1}

ကျောင်းနှင့်အိမ်တွင် အများအားဖြင့်နှုတ်ဖြင့်သာ သင်ကြားပေးခဲ့ကြသည်။ သို့သော် လူငယ်တို့သည် ဟေဗြဲစာပေများနှင့်သူတို့သင်ကြား

ဖို့ရန် ဖွင့်ထားပေးသည့်သားရေလိပ်ပေါ်တွင် ရေးထားသောခမ္မဟောင်းကျမ်းတို့ကိုဖတ်တတ်ရန် သင်ယူခဲ့ကြသည်။ ဤကျောင်းများတွင် သင်ကြားရသော အဓိကဘာသာရပ်များမှာ မောရှေ၏ပညတ်ချက်များနှင့် ဘုရားသခင်၏ ပညတ်တော်တို့ဖြစ်ကြပြီး၊ သမိုင်း၊ တေးဂီတနှင့် ကဗျာလင်္ကာတို့ကိုလည်း သင်ကြားပေးသည်။ သမိုင်းမှတ်တမ်းများတွင် ယေဟောဝါဘုရားရှင်၏ ခြေတော်ရာများကို ရှာဖွေလေ့လာခဲ့ကြသည်။ တဲတော်၏လုပ်ငန်းများက ပုံဆောင်သည့်အရာများအားဖြင့် ကြီးမြတ်သောသမ္မာတရားများကိုသိမြင်ခဲ့ကြပြီး၊ ထိုလုပ်ငန်းစနစ်အားလုံး၏ အချက်အချာဖြစ်သည့် လောက၏ အပြစ်ကိုဆောင်ယူသွားသော ဘုရားသခင်၏သိုးသငယ်ကို ယုံကြည်ခြင်းဖြင့် ဆုပ်ကိုင်ခဲ့ကြသည်။ ဘုရားတရားကိုင်းရှိုင်းသော စိတ်သဘောကိုရင်ဝယ် ပိုက်ထားကြသည်။ ကျောင်းသားများတို့အား ဆုတောင်းရမည့်တာဝန်သာမက၊ ဆုတောင်းနည်း၊ မိမိတို့ဖန်ဆင်းရှင်ကိုချဉ်းကပ်နည်း၊ ကိုယ်တော်ကို ယုံကြည်သည့်နည်း၊ ဝိညာဉ်တော်၏သွန်သင်မှုကိုနားလည်နည်း၊ နားထောင်နည်း စသည့်နည်းများကိုလည်းသင်ပေးခဲ့ကြသည်။ ဘုရားသခင်၏ရတနာ အိမ်တော်မှ အရာအသစ်နှင့်အဟောင်းများကို သန့်ရှင်းစင်ကြယ်သည့်ဉာဏ်စွမ်းဖြင့် ရှေ့တော်သို့ယူဆောင်လာခဲ့ပြီး၊ ဘုရားသခင်၏ဝိညာဉ်တော်သည်၊ အနာဂတ္တိနှင့်အထွတ်အမြတ်ဖြစ်သောသီချင်းတွင် ပေါ်လွင်ထင်ရှားခဲ့သည်။ {Ed 47.2}

"ပြည်သားတို့ကိုချီးမြှောက်" (သုတ္တံ ၁၄း၃၄) သည့် ဖြောင့်မတ်ခြင်းတရားကို ထောက်ခံအားပေးရာတွင် အထိရောက်ဆုံးသောနည်းလမ်းမှာ ဤကျောင်းများပင်ဖြစ်သည်။ ဒါဝိဒ်နှင့်ရှောလမုန်တို့၏အုပ်ချုပ်မှုကို ထင်ရှားကျော်ကြားစေသည့် အံ့ဖွယ်ချမ်းသာကြွယ်ဝခြင်း၏အခြေခံတွင် ဤကျောင်းများက များစွာအထောက်အကူပြုခဲ့ကြသည်။ {Ed 47.3}

ပုရောဖက်ကျောင်းများတွင် သင်ကြားပေးသောအခြေခံစည်းမျဉ်းများသည် ဒါဝိဒ်၏အကျင့်စာရိတ္တနှင့်အသက်တာကို ပုံသွင်းပေးသောအရာနှင့်

အတူတူပင်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူ၏သင်ကြားပို့ချပေးသူဖြစ်သည်။ ဒါဝိဒ်က "ကိုယ်တော်၏ဥပဒေသများအားဖြင့်၊ အကျွန်ုပ်သည်ဉာဏ်တိုးပွားပါ၏။.... အထုံးအဖွဲ့တော်တို့ကိုအဆုံးတိုင်အောင် အစဉ်လိုက်ခြင်းအလိုငှာ ကိုယ်စိတ်နှလုံးကိုတိုက်တွန်းပါ၏။" (ဆာလံ ၁၁၉း၁၀၄–၁၁၂) ဟု ဆိုခဲ့သည်။ ဤသို့ပြောဆိုနိုင်ခြင်းကပင်၊ သူငယ်ရွယ်စဉ်က ကိုယ်တော်သည် သူ့အားရာဇပလ္လင်ပေါ်ချီးမြှောက်ချိန်က "ငါ့စိတ်နှလုံးနှင့် ညီညွတ်သောသူ" (တမန်တော် ၁၃း၂၂) ဟု ဘုရားသခင်က ကြေညာတော်မူခြင်းဖြစ်သည်။ {Ed 48.1)

ရှောလမုန်၏အစောပိုင်းအသက်တာတွင် ဘုရားသခင့်ပညာရေးစနစ်၏အကျိုးရလဒ်ကို မြင်တွေ့ခဲ့ရသည်။ ရှောလမုန်သည် ပျိုရွယ်စဉ်က ဒါဝိဒ်၏ရွေးချယ်မှုမျိုးကို ရွေးချယ်ခဲ့သည်။ လောကီအရာအားလုံးထက် အမှားအမှန်ကိုပိုင်းခြားတတ်သော အသိဉာဏ်ကို ဘုရားသခင်အား တောင်းလျှောက်ခဲ့သည်။ ထိုအခါထာဝရဘုရားသည် သူတောင်းသည့်အရာကိုသာမက၊ သူမတောင်းလျှောက်ခဲ့သည့်ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်သတင်းကျော်စောခြင်းကိုလည်း ထပ်၍ပေးတော်မူခဲ့သည်။ သူ၏နားလည်နိုင်သောအစွမ်း၊ ဉာဏ်ပညာ၏အကျယ်အဝန်း၊ အုပ်စိုးခြင်း၏ဂုဏ်ကျက်သရေတို့သည် ကမ္ဘာ့အံ့ဖွယ်များပင်ဖြစ်လာခဲ့သည်။ {Ed 48.2}

ဒါဝိဒ်မင်းနှင့်ရှောလမုန်မင်းတို့စိုးစံချိန်တွင်၊ ဣသရေလလူမျိုးတို့သည် အလွန်ကြီးကျယ်ဂုဏ်မြင့်ခဲ့သည်။ အာဗြဟံကိုပေးခဲ့သောကတိ၊ မောရှေမှတစ်ဆင့် အထပ်ထပ်ဆင့်ဆိုခဲ့သောကတိတော်သည် ပြည့်စုံခဲ့လေသည်။ "သင်တို့သည်၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားကို ချစ်သောစိတ်နှင့်လမ်းတော်သို့လိုက်၍၊ ကိုယ်တော်၌ဆည်းကပ်မှီဝဲမည်အကြောင်း၊ ငါမှာထားသမျှသော ဤပညတ်တို့ကိုကျင့်အံ့သောငှါ သတိနှင့်စောင့်ရှောက်လျှင်၊ ထာဝရဘုရားသည် ဤလူမျိုးခပ်သိမ်းတို့ကို သင်တို့ရှေ့မှနှင်ထုတ်

တော်မူသဖြင့်၊ သင်တို့သည် ကိုယ်ထက်အားကြီး၍ များပြားသောလူမျိုးတို့ကို အစိုးရကြလိမ့်မည်။ သင်တို့သည်ခြေနှင့်နင်းသမျှသောအရပ်ကိုပိုင်သဖြင့်၊ တောမှစ၍ လေဗနုန်တောင်တိုင်အောင်လည်းကောင်း၊ ဥဖရတ်မြစ်ကြီးမှစ၍၊ ပင်လယ်ကမ်းနားတိုင်အောင်လည်းကောင်း၊ မြေတစ်လျှောက်လုံးသည် သင်တို့၏နိုင်ငံအဝင်ဖြစ်လိမ့်မည်။ သင်တို့ရှေ့မှာအဘယ်သူမျှ မရပ်မနေနိုင်အောင်၊ သင်တို့နင်းသောမြေအရပ်၌ရှိသော သူအပေါင်းတို့သည် သင်တို့ကိုကြောက်ရွံ့ထိတ်လန့်မည်အကြောင်း၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည်၊ ကတိတော်ရှိသည်အတိုင်းပြုတော်မူမည်" (တရားဟောရာကျမ်း ၁၁း၂၂–၂၅)။ {Ed 48.3}

သို့သော်လည်း ကြွယ်ဝချမ်းသာခြင်း၏အထဲတွင် အန္တရာယ်သည် ပုန်းလျှိုးနေသည်။ နောက်ပိုင်းတွင် ကျူးလွန်ခဲ့သောအပြစ်ကို ဒါဝိဒ်သည် ရိုးသားစွာနောင်တရပြီး ကြီးမားသောပြစ်ဒဏ်ကိုလည်း ခံခဲ့ရသော်လည်း၊ ၎င်းအပြစ်ကြောင့် လူတို့သည် ဘုရားသခင်၏ပညတ်ချက်များကို ကျူးလွန်ရန် ရဲတင်းလာခဲ့ကြသည်။ များစွာချမ်းသာကျော်စောခြင်းရောင်ခြည်သမ်းပြီးနောက် ရှောလမုန်၏အသက်တာသည် ဖေါက်ပြန်ခြင်းနှင့်အတူမှောင်မိုက်သွားခဲ့ရသည်။ နိုင်ငံရေးတန်ခိုးအတွက်နှင့် မိမိသြဇာအာဏာချဲ့ထွင်ခြင်းအတွက် သာသနာပလူမျိုးတို့နှင့် မဟာမိတ်ဖွဲ့ပြီးပူးပေါင်းခဲ့သည်။ တာရှုမြို့မှငွေနှင့် သြဖိရမြို့မှရွှေတို့ဖြင့် မိမိ၏ရိုးသားဖြောင့်မတ်ခြင်းနှင့် ယုံကြည်မှုတို့ဖြင့်လဲလှယ်ရယူခဲ့သည်။ ရုပ်တုကိုးကွယ်သူများနှင့်ပေါင်းဖေါ်ခြင်း၊ သာသနာပလူအမျိုးသမီးများကို လက်ထပ်ထိမ်းမြားခြင်းတို့သည် သူ၏ယုံကြည်ခြင်းကို ပျက်စီးစေခဲ့သည်။ မိမိလူတို့၏လုံခြုံမှုအတွက် ဘုရားသခင်တည်ဆောက်ခဲ့သော အတားအဆီးများလည်း ပြိုပျက်သွားခဲ့ကာ၊ ရှောလမုန်ကိုယ်တိုင်မှားယွင်းသောဘုရားများကိုကိုးကွယ်ခဲ့သည်။ သံလွင်တောင်ထိပ်တွင် ယေဟောဝါဘုရားရှင်၏ဗိမာန်တော်ဘက်ကို မျက်နှာမူလျက် ကြီးမားသောရုပ်တု

များနှင့်သာသနာပဘုရားများအတွက် ယဇ်ပလ္လင်များကို တည်ဆောက်ခဲ့သည်။ သူသည်ဘုရားသခင်နှင့်မဟာမိတ်ဖွဲ့ခြင်းကို ခါထုတ်လိုက်ချိန်တွင်၊ ရှောလမုန်သည် မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းမရှိတော့ချေ။ သူ၏ထက်မြက်သောအာရုံခံစားမှုများလည်း တုံးသွားခဲ့လေသည်။ သူ၏အစောပိုင်းအုပ်စိုးစဉ်က တာဝန်သိထောက်ထားညှာတာတတ်သော စိတ်သဘောထားလည်းပြောင်းလဲသွားခဲ့သည်။ မာန်မာနကြီးခြင်း၊ ဆန္ဒပြင်းပြခြင်း၊ အသုံးအဖြုန်းကြီးခြင်းနှင့်စိတ်အလိုလိုက်ခြင်းတို့သည် ရက်စက်မှုနှင့်အမှားမခံခြင်းစသည့်စိတ်သဘောကိုဖြစ်ပေါ်စေသည်။ တရားမျှတပြီး၊ မေတ္တာကရုဏာကြီးမားကာ ဘုရားသခင်ကိုကြောက်ရွံ့သောအုပ်ချုပ်သူအဖြစ်မှနိုင်လိုမင်းထက်ပြု၍ ဖိနှိပ်ညှဉ်းပန်းသောသူဖြစ်လာခဲ့သည်။ ဗိမာန်တော်ဆက်ကပ်ခဲ့စဉ်က မိမိလူတို့သည် ဘုရားသခင်ထံစိတ်နှလုံးတစ်ခုလုံးပေးအပ်နိုင်မည်အကြောင်းဆုတောင်းခဲ့သောသူသည် သူတို့အားဖြားယောင်းသွေးဆောင်သူပင်ဖြစ်လာခဲ့သည်။ ရှောလမုန်မင်းသည် မိမိကိုယ်ကိုလည်းကောင်း၊ ဣသရေလလူတို့ကိုလည်းကောင်း၊ ဘုရားသခင်ကိုလည်းကောင်း ဂုဏ်အသရေညှိုးစေခဲ့သည်။ {Ed 48.4}

တစ်ချိန်ကသူ့အားဂုဏ်ယူခဲ့သောလူမျိုးသည် သူ့နောက်ကိုလိုက်ခဲ့ကြသည်။ သူသည်နောက်ပိုင်းတွင် နောင်တရသော်ငြားလည်း၊ သူ၏နောင်တတရားသည် သူကြဲခဲ့သောမကောင်းမှု၏အကျိုးဆက်များကို မကာကွယ်နိုင်ခဲ့ချေ။ ဣသရေလတို့အတွက် ဘုရားသခင်ချထားတော်မူခဲ့သော စည်းမျဉ်းများနှင့်သင်တန်းတို့သည် ဣသရေလတို့အား သူတို့အသက်ရှင်နေထိုင်မှုအားလုံးသည် အခြားလူမျိုးများနှင့်ခြားနားရန်ဖြစ်သည်။ အထူးအခွင့်အရေးအဖြစ်နှင့်ကောင်းချီးမင်္ဂလာအဖြစ် သတ်မှတ်ထားရမည့် ဤတစ်မူထူးခြားမှုကို သူတို့မလိုလားကြတော့ချေ။ အမြင့်မားဆုံးကြီးထွားတိုးတက်နိုင်ရန် အရေးကြီးသောရိုးရှင်းမှုနှင့်မိမိကိုယ်ကိုထိန်းချုပ်မှုကို သာသနာပလူတို့၏ထည်ဝါခမ်းနားမှုနှင့်စိတ်အလိုလိုက်ခြင်းတို့နှင့်လဲလှယ်ရန်ကြိုးပမ်းလာခဲ့ကြသည်။ "လူမျိုးအပေါင်း

တို့၏ထုံးစံရှိသည်အတိုင်း” (၁ရာ၊ ၈း၅) ရှိရန်မှာ သူတို့၏ရည်မှန်းချက်ဖြစ်သည်။ ဘုရားသခင်၏ပညာရေးစီမံကိန်းကိုဘေးဖယ်ပြီး ကိုယ်တော်၏အာဏာတန်ခိုးကို စွန့်လွှတ်ခဲ့ကြသည်။ {Ed 49.1}

လူတို့၏ထုံးတမ်းစဉ်လာကို လိုက်မည်အကြောင်း ဘုရားရှင်၏နည်းလမ်းများကိုစွန့်လွှတ်ခြင်းမှာ ဣသရေလတို့၏ကျရှုံးခြင်းအစပင်ဖြစ်တော့သည်။ ထိုသို့ဆက်လက်ကျင့်သုံးခြင်းဖြင့် ယုဒလူတို့သည်နောက်ဆုံးတွင်သူတို့အတုခိုးခဲ့သောလူမျိုးများတို့၏ သားကောင်အဖြစ်သို့ရောက်ရှိသွားခဲ့ကြသည်။ {Ed 50.1}

ဣသရေလတို့သည် လူမျိုးတစ်မျိုးအနေဖြင့် ဘုရားသခင်ကသူတို့အားပေးလိုသည့်အကျိုးအမြတ်များကိုမရရှိခဲ့ကြချေ။ သူတို့သည် ကိုယ်တော်၏ရည်ရွယ်ချက်ကိုတန်ဖိုးမထား၊ အကောင်အထည်ဖေါ်ဆောင်ရာ၌လည်းပူးပေါင်းလုပ်ဆောင်ခြင်းမရှိခဲ့ကြချေ။ သို့သော်လည်း လူတစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ လူစုအနေဖြင့်လည်းကောင်း ဘုရားသခင်ထံတော်မှ မိမိတို့ကိုယ်ကိုခွဲထွက်ကြသော်လည်း၊ ကိုယ်တော်ကိုယုံကြည်ကိုးစားသောသူတို့အတွက်မူ ကိုယ်တော်၏ရည်ရွယ်ချက်သည် ပြောင်းလဲခြင်းမရှိချေ။ “ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စထာဝရဖြစ်သည်” (ဒေသနာ ၃း၁၄)။ {Ed 50.2}

ခေတ်အဆက်ဆက်မှ လူတို့၏လိုအင်ဆန္ဒများကိုဖြည့်ဆည်းပေးရန်ကိုယ်တော်၏တန်ခိုးကို မတူညီသောတိုးတက်မှု၊ ခြားနားသောတင်ပြမှုများဖြင့်တွေ့ရသော်လည်း၊ ဘုရားသခင်၏လုပ်ဆောင်မှုသည် ကာလအစဉ်အတူတူပင်ဖြစ်သည်။ ဆရာသမားသည် ကိုယ်တော်ဖြစ်သည်။ ဘုရားသခင်၏ဂုဏ်တော်နှင့်အကြံအစည်တော်သည်လည်း အတူတူပင်ဖြစ်သည်။ ကိုယ်တော်သည်“ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏”(ယာကုပ် ၁း၁၇)။ {Ed 50.3}

ဣသရေလတို့၏အတွေ့အကြုံများကို ကျွန်ုပ်တို့အားသင်ကြားပို့ချရန်အတွက် မှတ်တမ်းတင်ထားသည်။ “ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှါ ထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း” (၁ကော ၁၀း၁၁)။ ရှေးဣသရေလများကဲ့သို့ ကျွန်ုပ်တို့သည် ပညာရေး၌အောင်မြင်ရန်မှာ ဖန်ဆင်းရှင်၏စီမံကိန်းကိုဖေါ်ဆောင်ရာတွင် သစ္စာရှိခြင်းအပေါ်မူတည်နေသည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ စဉ်းမျဉ်းများကိုထိန်းသိမ်းလိုက်နာမှုသည် ဟေဗြဲလူတို့အပေါ်မှာကဲ့သို့ ကျွန်ုပ်တို့အပေါ်တွင်ကြီးမားသောကောင်းချီးမင်္ဂလာများကို ယူဆောင်လာပေးလိမ့်မည်။ {Ed 50.4}

***

# အခန်း ၇

# ကြီးမြတ်ဆုံးသောပုဂ္ဂိုလ်တို့၏ အသက်တာ

"ဖြောင့်မတ်သောသူသီးသောအသီးသည် အသက်ပင်အသီးဖြစ်၏။"

သမ္မာကျမ်းစာသည် စစ်မှန်သောပညာရေး၏အကျိုးရလဒ်များကို ဖေါ်ပြသည်။ ဘုရားရှင်၏လမ်းပြမှုအောက်၌ မိမိတို့၏စာရိတ္တကိုတည်ဆောက်သောသူများ၊ မိမိလူသားချင်းအပေါ်ကောင်းကျိုးပြုသောသူများ၊ လောကီသားများရှေ့တွင် ဘုရားသခင်၏ကိုယ်စားလှယ်များအဖြစ် ရပ်တည်သောသူများတို့၏ မွန်မြတ်သောပုံနမူနာများစွာကို တင်ဆက်ထားသည်။ ထိုသူများအထဲတွင် ယောသပ်နှင့် ဒံယေလ၊ မောရှေ၊ ဧလိရှဲ၊ အထင်ကရနိုင်ငံရေးသမား၊ ပညာရှိဥပဒေပြုအမတ်၊ သစ္စာရှိသောပြုပြင်ပြောင်းလဲရေးသမား၊ ကိုယ်တော်မှလွဲ၍ သူကဲ့သို့မည်သူမျှတရားမဟောဟု အပြောခံရသူ၊ ကမ္ဘာသိကျော်ကြားသော ဆရာသမားလည်းဖြစ်သည့် ပေါလုတို့လည်း ပါဝင်ကြသည်။ {Ed 51.1}

ငယ်ရွယ်စဉ်လူငယ်ဘဝမှ လူကြီးအဖြစ်သို့ဖြတ်သန်းချိန်တွင် ယောသပ်နှင့်ဒံယေလတို့သည် မိမိတို့အိမ်မှခွဲခွာ၍၊ တိုင်းတစ်ပါးသို့အကျဉ်းသားများအဖြစ်ခေါ်ဆောင်ခြင်းခံခဲ့ရကြသည်။ အထူးသဖြင့် ယောသပ်သည် ကြမ္မာကိုအကြီးမားဆုံးပြောင်းလဲစေနိုင်သော စုံစမ်းခြင်းများကိုခံခဲ့ရသည်။ မိမိဖခင်၏အိမ်တွင် ကြင်နာ၊ ချစ်ခင်မြတ်နိုးခြင်းခံရသောကလေး၊ ပေါတိဖါအိမ်တွင် ကျွန်အဖြစ်မှလူယုံတော်နှင့်အဖော်မွန်၊ အရေးကိစ္စများကိုဖြေရှင်းတတ်သူ၊

သူများနှင့်ဆက်ဆံခြင်းဖြင့် လေ့လာသင်ယူပြီး ပညာရှာမှီးသူ၊ ဖါရောဘုရင်၏ အကျဉ်းထောင်တွင် မတရားသဖြင့်စွပ်စွဲခံရ၍ လွတ်မြောက်ရာလမ်း မမြင်တဲ့နိုင်ငံရေးအကျဉ်းသား၊ နိုင်ငံတော်၏ခေါင်းဆောင်မှုအတွက် ကြီးမားသော အကျပ်အတည်းကာလတွင် ခေါ်ခြင်းကိုခံရသောသူယောသပ်သည် ထိုသို့သော အခြေအခြေအနေမျိုးတွင် မိမိ၏ရိုးသားဖြောင့်မတ်ခြင်းကို မည်ကဲ့သို့ထိန်းသိမ်း နိုင်ခဲ့သနည်း။ {Ed 51.2}

အန္တရာယ်ခြိမ်းခြောက်မှုမရှိဘဲ အလွန်မြင့်မားသောအရပ်တွင် မည်သူမျှ ရှိမနေနိုင်ချေ။ မုန်တိုင်းသည်ချိုင့်ဝှမ်း၌ရှိသောပန်းကို မထိခိုက်စေနိုင်သည့်အချိန် တွင် တောင်ပေါ်မှသစ်ပင်ကိုမူ အမြစ်မှကျွတ်ထွက်သွားစေနိုင်သည်။ ထိုနည်း တူစွာ ကြမ်းတမ်းသောစုံစမ်းခြင်းများသည် သာမန်လူတန်းစားကိုမထိမခိုက် ရှိနေစဉ်၊ လောက၏မြင့်မားသောအောင်မြင်မှုနှင့် ဂုဏ်ပြုခြင်းခံရသောသူတို့ကိုမူ ပြင်းပြင်းထန်ထန်တိုက်ခိုက်လျက်ရှိသည်။ သို့ရာတွင် ယောသပ်သည် ဒုက္ခနှင့် သုခစမ်းသပ်မှုများကိုခံနိုင်ခဲ့သည်။ ထိုသို့သောသစ္စာရှိခြင်းသည် အကျဉ်းထောင် ထဲ၌ကဲ့သို့ပင် ဖါရောဘုရင်၏နန်းတော်တွင်လည်း ပေါ်လွင်ထင်ရှားခဲ့ သည်။ {Ed 51.3}

သူငယ်ရွယ်စဉ်က ယောသပ်သည် ဘုရားသခင်ကို ချစ်ကြောက်ရိုသေ ရန်သွန်သင်ခြင်းခံခဲ့ရသည်။ မကြာမကြာဖခင်၏တဲမှ ကောင်းကင်ကြယ်များကို ကြည့်ကာ၊ ကောင်းကင်တမန်များအတက်အဆင်းပြုသည့် မြေကြီးမှကောင်းကင် အထိထောင်ထားသော လှေကားအကြောင်း၊ ပလ္လင်တော်မှမိမိကိုယ်ကို ထင်ရှားခဲ့သည့်ရူပါရုံအကြောင်းများကို သူကြားခဲ့ရသည်။ ယဗ္ဗုတ်ချောင်း နံဘေးတွင်နပန်းလုံးခဲ့ရသည်များနှင့် မိမိစွဲလမ်းသောအပြစ်များကိုစွန့်လွှတ်၍၊ အောင်နိုင်သူအဖြစ်ရပ်တည်ကာ၊ ဣသရေလဟူသောအမည်ကိုရရှိခဲ့ကြောင်း များကိုလည်း ဖခင်ယာကုပ်ကသူ့အားပြောပြခဲ့သည်။ {Ed 52.1}

သိုးကျောင်းသားအဖြစ်ဖခင်၏သိုးအုပ်များကို ထိန်းကျောင်းချိန်တွင်၊ ယောသပ်၏ဖြူစင်ရိုးသားသောအသက်တာသည် ကိုယ်ခန္ဓာနှင့်စိတ်တန်ခိုးကြီး

ထွားမှုကိုအားပေးခဲ့သည်။ သဘာဝတရားနှင့် ဖခင်မှသားအားယုံကြည်စိတ်ချစွာလက်ဆင့်ကမ်းသည့် ကြီးမြတ်သောသမ္မာတရားများကို လေ့လာခြင်းတို့မှ ဘုရားသခင်နှင့်ရင်းနှီးစွာဆက်ဆံခြင်းအားဖြင့်၊ သူသည်စိတ်၏ခွန်အားဖြင့် ကိုယ်ကျင့်တရား၌ခိုင်မြဲခဲ့သည်။ {Ed 52.2}

မိမိကြီးပြင်းလာခဲ့ရသောခါနာန်ပြည်ရှိအိမ်မှ အီဂျစ်ပြည်သို့ဆိုးဝါးသောခရီးကိုလျှောက်သွားစဉ်၊ မိမိဆွေမျိုးသားချင်းများ၏တဲများကို ကွယ်သွားသည့်တောင်ကုန်းများကို နောက်ဆုံးအကြိမ်လှည့်ကြည့်ခဲ့သည်။ သူ့အသက်တာ၏ခဲယဉ်းလှသောအချိန်တွင်၊ ယောသပ်သည် ဖခင်၏ဘုရားသခင်ကိုသတိရနေခဲ့သည်။ ငယ်စဉ်ကလေးဘဝကသင်ခန်းစာများကို ပြန်လည်အမှတ်ရနေခဲ့သည်။ ကောင်းကင်အရှင်ဘုရား၏ငယ်သားကဲ့သို့အစဉ်ပြုမူရန် စိတ်ထဲတွင်ခိုင်မာသောဆုံးဖြတ်ချက်ကိုချခဲ့သည်။ {Ed 52.3}

မြင်နေကြားနေရသောမကောင်းမှုနှင့် ကြွယ်ဝမှုဖြင့်ဆွဲဆောင်မှုအပြည့်ရှိသော သာသနာပကိုးကွယ်မှုများနှင့် မင်းမျိုးမင်းနွယ်နှင့်ဆိုင်သောယဉ်ကျေးမှုနှင့်ထည်ဝါမှု စသည့်အလယ်၌သူစိမ်း၊ ကျွန်အဖြစ်ခါးသီးသောဘဝကို ဖြတ်သန်းချိန်တွင် ယောသပ်သည်မြဲမြဲစွာရပ်တည်ခဲ့သည်။ တာဝန်ဝတ္တရားကို လိုက်နာမှုရှိရမည်ဟူသောသင်ခန်းစာကို သူသည်သင်ယူခဲ့ပြီးဖြစ်သည်။ အနိမ့်ကျဆုံးသောတာဝန်မှ အမြင့်ဆုံးသောတာဝန်တိုင်း၌ သစ္စာရှိခြင်းသည် ဘုရားရှင်၏အမှုတော်အတွက် အစွမ်းအစအားလုံးကို လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။ {Ed 52.4}

သူသည်ဖါရောဘုရင်၏နန်းတော်တွင် ခေါ်ခြင်းကိုခံရသောအချိန်မှာအီဂျစ်ပြည်သည်အင်အားကြီးသောနိုင်ငံဖြစ်သည်။ ယဉ်ကျေးမှု၊ အနုပညာပညာသင်ကြားရေးတို့တွင် ပြိုင်ဘက်ကင်းခဲ့သည်။ အခက်ခဲဆုံးနှင့်အန္တရာယ်အကြီးမားဆုံးအချိန်ကာလတစ်လျှောက် ယောသပ်သည် နိုင်ငံတော်၏အရေးကိစ္စများကို စီမံခန့်ခွဲခဲ့သည်။ ထိုသို့အုပ်ချုပ်ခြင်းအားဖြင့်သူသည် ရှင်ဘုရင်နှင့်လူတို့၏ယုံကြည်စိတ်ချမှုကိုရရှိခဲ့သည်။ ဖါရောဘုရင်က "မိမိအလိုရှိသည်အတိုင်း

မင်းအရာရှိတို့ကိုချည်နှောင်၍၊ မှူးတော်မတ်တော်တို့ကိုဆုံးမပိုင်သောအခွင့်နှင့် နန်းတော်အုပ်၊ နိုင်ငံတော်အုပ်အရာ၌ ထိုသူကိုခန့်ထားတော်မူ၏”(ဆာလံ ၁ဝ၅း၂၁၊၂၂)။ {Ed 53.1}

ယောသပ်၏ထိုးထွင်းဉာဏ်၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့သိရှိရသည်။ ယာကုပ်သည် ဘုရားရှင်၏တန်ခိုးနှင့် စွဲမက်ဖွယ်သောစကားဖြင့် မိမိ၏ သားသမီးများကိုကောင်းချီးပေးရာတွင် အချစ်ဆုံးသောသားယောသပ်နှင့် ပတ်သက်၍ ဟောပြောသည်ကား အောက်ပါအတိုင်းဖြစ်သည်။–

ယောသပ်သည်သန်သောပျိုးပင်၊ ရေတွင်းနားမှာ
သန်သောပျိုးပင်ဖြစ်၏။ အခက်အလက်တို့သည်
အုတ်ရိုးပေါ်မှာကျော်သွားကြ၏။ လေးသမားတို့သည်
သူ့ကိုအငြိုးထား၍၊ အလွန်ညှဉ်းဆဲပစ်ခတ်ကြ၏။
သို့သော်လည်း သူ၏လေးသည်အားမလျော့။ သူကိုင်သော
လက်နက်တို့သည်၊ ယာကုပ်အမျိုး၌ တန်ခိုးကြီးသောဘုရား၏
လက်ဖြင့်လည်းကောင်း၊ သိုးထိန်းတည်းဟူသော
ဣသရေလအမျိုး၏ကျောက်ဖြင့်လည်းကောင်း၊ သင့်ကိုမစ
တော်မူသော သင့်အဘ၏ဘုရားသခင်အားဖြင့်လည်းကောင်း၊
သင့်ကိုကောင်းချီးပေးတော်မူသော အနန္တတန်ခိုးရှင်အားဖြင့်
လည်းကောင်း ခိုင်မာလျက်ရှိ၏။ ထိုဘုရားသည်
အထက်မိုးကောင်းကင်၏ မင်္ဂလာ၊
အောက်နက်နဲသောအရပ်၏မင်္ဂလာ၊
သားမြတ်နှင့်ဆိုင်သောမင်္ဂလာ၊ ဝမ်းနှင့်ဆိုင်သောမင်္ဂလာတို့ဖြင့်၊
သင့်ကိုကောင်းချီးပေးတော်မူပါစေသော။ သင်၏အဘပေးသော
ကောင်းချီးမင်္ဂလာသည်၊ ထာဝရတောင်တို့၌ဖြစ်သော
ကောင်းချီးမင်္ဂလာ၊ ထာဝရကုန်းတို့၌နှစ်သက်ဖွယ်သော
အရာတို့ထက်သာ၍မြတ်၏။

ထိုမင်္ဂလာသည်ယောသပ်ခေါင်းပေါ်၊ မိမိအစ်ကိုတို့တွင်
အကြီးအကဲဖြစ်သောသူ၏ခေါင်းထိပ်ပေါ်မှာ
သက်ရောက်ပါစေသော။ ကမ္ဘာဦးကျမ်း ၄၉း၂၂–၂၆။ {Ed 53.2}

မမြင်နိုင်သောဘုရားသခင်အပေါ်သစ္စာရှိခြင်းနှင့် ကိုယ်တော်ကိုယုံကြည်ခြင်းသည် ယောသပ်၏မှီတွယ်ရာပင်ဖြစ်သည်။ ဤအချက်တွင် မိမိ၏အစွမ်းတန်ခိုးကို ဝှက်ထားခဲ့သည်။

"သူကိုင်သောလက်နက်တို့သည်.... အနန္တတန်ခိုးရှင်အားဖြင့်၊
ခိုင်မာလျက်ရှိ၏။" {Ed 54.1}

## *ကောင်းကင်နိုင်ငံ၏သံတမန်၊ ဒံယေလ*

လူငယ်ဘဝတွင် ဗာဗုလုန်မြို့သို့ရောက်ရှိလာသော ဒံယေလနှင့်အဖော်တို့သည် ယောသပ်၏အီဂျစ်ပြည်ရောက်ရှိသည့် အစောပိုင်းအသက်တာထက် သာ၍အခြေအနေကောင်းနေဟန်ရှိသည်။ သို့ရာတွင် သူတို့အားဆန်းစစ်သည့် အကျင့်စာရိတ္တစမ်းသပ်မှု၏ပြင်းထန်မှုသည် သာ၍မလျော့ခဲ့ချေ။ တော်ဝင်အနွယ်ဖြစ်သော ဤလူငယ်တို့သည် သူတို့၏ရိုးရှင်းသောယုဒအိမ်မှ အခမ်းနားဆုံးသောမြို့၊ အကြီးမားဆုံးသောဘုရင့်နန်းတော်သို့ ပြောင်းရွှေ့ခြင်းခံရကာ၊ ရှင်ဘုရင်၏အထူးတာဝန်ကို ထမ်းဆောင်ရန်ခေါ်ထုတ်ခြင်းခံခဲ့ကြရသည်။ အကျင့်ပျက်ပြား၍၊ ဇိမ်ခံပစ္စည်းများဖြင့်ပြည့်နေသောနန်းတော်တွင် သူတို့အားဝန်းရံလျက်ရှိသောစုံစမ်းခြင်းများသည် ပြင်းထန်ခဲ့သည်။ ယေဟောဝါဘုရားရှင်ကို ကိုးကွယ်သောသူတို့သည် ဗာဗုလုန်နိုင်ငံတွင်ဖမ်းဆီးခံရခြင်း၊ ဘုရားသခင်၏အိမ်တော်မှပစ္စည်းတန်ဆာများကို ဗာဗုလုန်ဘုရားများ၏ဗိမာန်တွင်ထားရှိခြင်း၊ ယုဒလူတို့၏ရှင်ဘုရင်ကိုယ်တိုင် ဗာဗုလုန်တို့၏လက်ထဲ၌အကျဉ်းသားဖြစ်နေခြင်း၊ စသည့်အချက်များကြောင့်၊ စစ်ပွဲအောင်နိုင်သောသူတို့က သူတို့၏ဘာသာရေးနှင့် အကျင့်ဓလေ့များ၊ ဟေဗြဲလူတို့၏ဘာသာရေးနှင့် ထုံးတမ်းဓလေ့များထက် သာလွန်သည်ဟူသော သက်သေအထောက်အထားဖြစ်သည်ဟု ဝါကြွားခဲ့

ကြသည်။ ထိုသို့သောအခြေအနေမျိုးတွင် မိမိပညတ်ချက်များမှ ဣသရေလတို့၏ လမ်းလွဲခြင်း အရှက်ရဖွယ်အဖြစ်မှ ဘုရားသခင်သည် ဗာဗုလုန်တို့အား မိမိ၏သာလွန်မှု၊ မိမိပညတ်ချက်များ၏သန့်ရှင်းမှု၊ နာခံထောင်ခြင်း၏ အမှန်တကယ်အကျိုးရလဒ်စသည့် အထောက်အထားကို ပေးတော်မူခဲ့သည်။ ထိုသို့သောသက်သေခံချက်ကို မိမိတို့၏သစ္စာစောင့်သိမှုဖြင့် မြဲမြဲစွာကိုင်စွဲသော သူတို့အားဖြင့်ပေးတော်မူခဲ့သည်။ {Ed 54.2}

ဒံယေလနှင့်သူ၏အဖော်များအတွက် သူတို့၏လုပ်ငန်းအစဦးပင် အဆုံးအဖြတ်ပေးရမည့်စမ်းသပ်မှုရောက်ရှိလာခဲ့သည်။ ရှင်ဘုရင်စားသောအစားအစာများဖြင့် သူတို့အားကျွေးမွေးရန်ညွှန်ကြားချက်မှာ ရှင်ဘုရင်၏မျက်နှာသာပေးမှုနှင့် သူတို့၏ကောင်းစားရေးကိုလိုလားခြင်းတို့ကြောင့်ဖြစ်သည်။ သို့ရာတွင် ရှင်ဘုရင် စားပွဲမှအစားအစာများသည် ရုပ်တုများကိုရည်စူး၍ကပ်လှူထားသော အစာများဖြစ်ရာ ရှင်ဘုရင်၏ရက်ရောမှုကိုသုံးဆောင်ခြင်းဖြင့် ဤလူငယ်များသည် မှားယွင်းသောဘုရားများကို ဂါရဝပြုရာတွင်ပါဝင်သည်ဟု မှတ်ယူခြင်းခံရကြမည်။ ယေဟောဝါဘုရားရှင်အပေါ်သစ္စာရှိခြင်းသည် ထိုသို့သော ဂါရဝပြုခြင်းကို တားမြစ်ထားသည်။ ဇိမ်ခံပြီး အပျော်အပါးလိုက်စားခြင်း၏ ရလဒ်ကြောင့် ကာယ၊ ဉာဏနှင့်ဝိညာဏတိုးတက်မှု ဆုတ်ယုတ်စေမည်ကို သူတို့မစွန့်စားရဲခဲ့ကြချေ။ {Ed 54.3}

ဒံယေလနှင့်သူ့အဖော်တို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ စည်းမျဉ်းများကို သစ္စာရှိရှိသင်ယူခဲ့ကြပြီးဖြစ်သည်။ သူတို့သည် ဝိညာဉ်ရေး အရာမှာ လောကီဆိုင်ရာများကိုစွန့်လွှတ်၍၊ အကောင်းဆုံးသောအရာကိုကြိုးစား ရှာဖွေရန်သင်ယူခဲ့ကြပြီ။ ၎င်း၏အကျိုးရလဒ်ကိုသူတို့ခံစားခဲ့ရကြသည်။ သူတို့၏ချုပ်တည်းတတ်သောအကျင့်နှင့် ဘုရားသခင်၏ကိုယ်စားလှယ်များအဖြစ် တာဝန်သိတတ်မှုတို့သည် ကိုယ်ခန္ဓာ၊ စိတ်နှလုံးနှင့်ဝိညာဉ်တန်ခိုးတို့ကိုအမြင့်မြတ်ဆုံးဖြစ်အောင်တိုးတက်စေသည်။ သူတို့၏သင်တန်းအဆုံးတွင်၊ နိုင်ငံတော်၏

ဂုဏ်ပြုမှုအတွက် အခြားသူများနှင့်ယှဉ်၍စစ်ဆေးမှုတွင်၊ "ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့်တူသောသူတစ်ယောက်မျှမရှိ။" (ဒံယေလ ၁း၁၉)။ {Ed 55.1}

ဗာဗုလုန်နန်းတော်တွင် တိုင်းနိုင်ငံများမှရွေးချယ်ထားသောပါရမီရှင်များ၊ ပင်ကိုယ်စွမ်းရည်အပြည့်ဝဆုံးသောသူများ၊ ထိုအချိန်ကယဉ်ကျေးမှုအမြင့်မားဆုံးသောသူများစုရုံးခဲ့ကြသည်။ သို့ရာတွင် သူတို့အားလုံးအထဲ၌ဖမ်းဆီးထားသောဟေဗြဲလူငယ်တို့ကို ယှဉ်နိုင်မည့်သူမရှိချေ။ ကိုယ်ကာယအလှနှင့်ခွန်အားတွင်လည်းကောင်း၊ ဉာဏ်စွမ်းနှင့်စာပေတတ်မြောက်မှုတွင်လည်းကောင်း၊ ပြိုင်မည့်သူမရှိချေ။ "ရှင်ဘုရင်မေးတော်မူသောအတတ်ပညာကို ထိုလုလင်တို့သည် နိုင်ငံတော်၌ရှိသမျှသောမာဂုပညာရှိ၊ ဗေဒင်တတ်များထက်သာ၍ ဆယ်ဆတတ်ကြသည်ကိုတွေ့မြင်တော်မူ၏။" (ဒံယေလ ၁း၂၀) {Ed 55.2}

ဘုရားသခင်ကိုမဆုတ်မနစ်သစ္စာခံ၍၊ မိမိကိုယ်ကိုချုပ်ထိန်းရာတွင် အလျှော့မပေးသော ဒံယေလ၏မြင့်မြတ်သောဂုဏ်သိက္ခာနှင့် ရည်မွန်သောလိုက်လျောမှုတို့သည် လူငယ်ဘဝ၌ပင်သူ့အားတာဝန်အပ်နှင်းသည့် တိုင်းတစ်ပါးအရာရှိ၏ "အလွန်ချစ်သနား" ခြင်းကိုခံခဲ့ရသည်။ လျှင်မြန်စွာပင် နိုင်ငံတော်၏ဝန်ကြီးချုပ်ရာထူးကို တက်လှမ်းနိုင်ခဲ့သည်။ တိုင်းနိုင်ငံတစ်ခုကျရှုံး၍ ပြိုင်ဘက်နိုင်ငံထူထောင်ရာတွင် ရှင်ဘုရင်မင်းများအဆက်ဆက်တွင် သူ၏ဉာဏ်ပညာနှင့်နိုင်ငံရေးအမြော်အမြင်ရှိမှုကြောင့် ဆက်လက်ရပ်တည်နိုင်ကာ၊ သူ၏လိမ္မာပါးနပ်မှု၊ ရည်မွန်ခြင်းနှင့် စစ်မှန်သောစိတ်နှလုံးကောင်းမြတ်ခြင်း စသည်တို့နှင့်အခြေခံစည်းမျဉ်းအပေါ် တိကျမှန်ကန်မှုတို့ပေါင်းစပ်ခြင်းသည် အလွန်စုံလင်သည်ဖြစ်ရာ၊ သူ၏ရန်သူများကပင်လျှင် "ဒံယေလသည်သစ္စာနှင့်ပြည့်စုံ၍၊ အပြစ်တစ်စုံတစ်ခုမျှမရှိသောကြောင့်၊ အပြစ်တင်ခွင့်ကိုရှာ၍မတွေ့ကြ။" ဒံယေလ ၆း၄။ {Ed 55.3}

ဒံယေလသည် မဆုတ်မနစ်သောယုံကြည်ကိုးစားမှုဖြင့် ဘုရားသခင်ကိုဖက်တွယ်နေစဉ်၊ ပုရောဖက်ပြုနိုင်သောဝိညာဉ်တန်ခိုးသည် သူ့အပေါ်သို့ကျရောက်

လာသည်။ နန်းတော်၏တာဝန်ဝတ္တရားများနှင့် နိုင်ငံတော်၏လျှို့ဝှက်ချက်များကို လွှဲအပ်ခြင်းဖြင့် လူတို့၏ဂုဏ်ပြုခြင်းကိုခံရစဉ်တွင်၊ ဘုရားသခင်သည်သူ့အား မိမိ၏သံတမန်အဖြစ်ဂုဏ်ပြုကာ၊ နောင်လာမည့်နက်နဲသောအရာများကို အနက်ဖွင့် နိုင်ရန် သင်ပေးတော်မူခဲ့သည်။ ကောင်းကင်နိုင်ငံ၏ကိုယ်စားလှယ်နှင့်ပေါင်းဖော် ခြင်းအားဖြင့် တိုင်းတစ်ပါးရှင်ဘုရင်တို့သည် ဒံယေလ၏ဘုရားသခင်ကို အသိအမှတ်ပြုခဲ့ကြရသည်။ နေဗုခဒ်နေဇာမင်းက "ကိုယ်တော်သည် ဤနက်နဲ သောအရာကိုဖွင့်ပြနိုင်သည်ဖြစ်၍၊ အကယ်စင်စစ်ကိုယ်တော်၏ဘုရားသခင် သည် ဘုရားတို့၏ဘုရား၊ ဘုရင်တို့၏အရှင်၊ နက်နဲသောအရာကို ဖွင့်ပြ တော်မူသောသခင်ဖြစ်တော်မူ၏" ဟုဆိုခဲ့သည်။ ဒါရိမင်းကြီးကလည်း "မြေကြီး တပြင်လုံးတွင် အရပ်ရပ်တို့၌နေ၍၊ အသီးသီးအခြားခြားသောဘာသာစကား ကို ပြောသောလူမျိုးတကာတို့ရှိရာသို့ အမိန့်တော်စာနှင့်စေလွှတ်တော်မူသည် ကား .... ဒံယေလ၏ဘုရားသခင်သည် ... အသက်ရှင်တော်မူသောဘုရား၊ နိစ္စထာဝရတည်တော်မူသောဘုရားဖြစ်တော်မူ၏။ နိုင်ငံတော်သည်ပျက်စီး ခြင်းသို့မရောက်နိုင်။ ... ကောင်းကင်မြေကြီး၌နိမိတ်လက္ခဏာ၊ အံ့ဩဖွယ် တို့ကိုဖြစ်စေတော်မူ၏။" ဒံယေလ ၂:၄၇၊ ၆:၂၅–၂၇။ {Ed 56.1}

## *ရိုးသားဖြောင့်မှန်သူများ*

သူတို့၏ဉာဏ်ပညာနှင့် တရားမျှတခြင်းအားဖြင့်လည်းကောင်း၊ သူတို့၏နေ့စဉ်အသက်တာမှဖြူစင်ခြင်းနှင့် ကျေးဇူးပြုခြင်းအားဖြင့်လည်းကောင်း၊ ထိုရုပ်တုကိုးကွယ်သူများ၏ကောင်းကျိုးအတွက် သူတို့၏ဆက်ကပ်ခြင်း များအားဖြင့်၊ ယောသပ်နှင့်ဒံယေလတို့သည် ငယ်ရွယ်စဉ်ကသင်ကြားခဲ့သော အခြေခံစည်းမျဉ်းများအပေါ်သစ္စာရှိခြင်း၊ မိမိတို့ကိုယ်စားပြုသောကိုယ်တော်အပေါ် သစ္စာရှိခြင်းတို့ကို ပြသခဲ့ကြသည်။ အီဂျစ်ပြည်နှင့်ဗာဗုလုန်နိုင်ငံတို့တွင် နေထိုင်ခဲ့ သောသူတို့အား တစ်နိုင်ငံလုံးကဂုဏ်ပြုခဲ့ကြပြီး၊ သူတို့နှင့်ဆက်နွှယ်သော

နိုင်ငံများကလည်း ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကောင်းမှုပြုခြင်းကိုလည်းကောင်း၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာကိုလည်းကောင်း ပုံဖော်သည့်အရာများကို မြင်တွေ့ခဲ့ရကြသည်။ {Ed 56.2}

ဤဟေဗြဲလူတို့၏အသက်တာတစ်လျှောက်လုပ်ဆောင်မှုသည် အလွန်မြင့်မြတ်လှသည်တကား။ မိမိတို့ကြီးပြင်းလာခဲ့သောအိမ်ကို နှုတ်ဆက်ထွက်ခွာစဉ်က၊ သူတို့၏မြင့်မားသောကြမ္မာကိုစိုးစဉ်းမျှမသိခဲ့ကြချေ။ သစ္စာရှိစွာဖြင့်မြဲမြဲလျက်၊ ဘုရားရှင်၏လမ်းပြမှုကိုခံယူသောကြောင့်၊ သူတို့အားဖြင့် ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်ကိုပြည့်စုံစေနိုင်တော်မူခဲ့သည်။ {Ed 57.1}

ဤလူတို့မှထင်ရှားသည့် စွမ်းအားကြီးသောထိုအမှန်တရားကို ယနေ့လူငယ်များနှင့်ကလေးများအားဖြင့်ထင်ရှားစေရန် ဘုရားသခင်အလိုရှိတော်မူသည်။ ယောသပ်နှင့်ဒံယေလတို့၏ဖြစ်ရပ်သည် မိမိတို့ကိုယ်ကိုကိုယ်တော်ထံ၌အပ်နှံ၍၊ ကိုယ်တော်၏ရည်ရွယ်ချက်ကိုဖြည့်ဆည်းရန် စိတ်နှလုံးအကြွင်းမဲ့နှင့်ကြိုးပမ်းသူတို့အတွက် ဘုရားရှင်လုပ်ပေးတော်မူမည့်သာဓကပင်ဖြစ်သည်။ {Ed 57.2}

ကမ္ဘာကြီး၏အလိုအပ်ဆုံးသောအရာမှာ ရောင်း၍ဝယ်၍မရသောလူများ၊ မိမိတို့စိတ်အတွင်းထဲ၌ မှန်ကန်ရိုးသားသောလူများ၊ အပြစ်ကိုရှိသည်အတိုင်းမကြောက်မရွံ့ဖော်ပြရဲသူများ၊ အိမ်မြှောင်လက်တံကဲ့သို့ မိမိတာဝန်ကိုကျေပွန်သောလူများ၊ ကောင်းကင်ကြီးပြိုသော်လည်း အမှန်တရားအတွက်ရပ်တည်သည့်လူများဖြစ်သည်။ {Ed 57.3}

သို့ရာတွင် ထိုသို့သောအကျင့်စာရိတ္တကို တိုက်ဆိုင်မှုတစ်ခုခုဖြင့်မရရှိနိုင်ပါ။ ဘုရားရှင်၏အထူးစောင်မ၊ မျက်နှာသာပေးခြင်းအားဖြင့်လည်းမရနိုင်ပါ။ မြင့်မြတ်သောအကျင့်စာရိတ္တသည် မိမိကိုယ်ကိုထိန်းချုပ်ခြင်း၊ ဘုရားသခင်နှင့်လူတို့အားချစ်ခြင်းဖြင့်အလုပ်အကျွေးပြုရန်အတွက် မိမိကိုယ်ကိုနှိမ့်ချ၊ ဆက်ကပ်ခြင်း၏အကျိုးရလဒ်ဖြစ်သည်။ {Ed 57.4}

မိမိတို့အားအပ်နှင်းထားသောအရာများသည် မိမိတို့ကိုယ်ပိုင် ဥစ္စာမဟုတ်ဟူသောအမှန်တရားကို လူငယ်တို့သည်စွဲမှတ်ကြရမည်။ ခွန်အား၊

အချိန်၊ ဉာဏ်စွမ်းတို့သည်ချေးငှားပေးသော ဘဏ္ဍာများသာဖြစ်သည်။ ၎င်းတို့သည် ဘုရားသခင်နှင့်သက်ဆိုင်ပြီး၊ ၎င်းတို့ကိုအကောင်းဆုံးအသုံးချနိုင်ရန် လူငယ်တိုင်းစိတ်ပိုင်းဖြတ်ကြရမည်။ လူငယ်တို့အားအသီးသီးသော အကိုင်းအခက်ဖြစ်ရန် ဘုရားရှင်အလိုတော်ရှိပြီး၊ ဘဏ္ဍာစိုးအနေဖြင့်အရင်းအနှီးကိုတိုးပွားစေကာ၊ အမှောင်ကမ္ဘာထဲတွင် အလင်းထွန်းလင်းကြရမည်။ လူငယ်တိုင်း၊ ကလေးတိုင်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်အတွက်နှင့် လူသားမျိုးနွယ်ကို မြှင့်တင်ပေးရန်အတွက် အလုပ်ကိုယ်စီရှိကြသည်။ {Ed 58.1}

## *သေးငယ်သောအရာများ၌သစ္စာရှိသောဧလိရှဲ*

ဧလိရှဲ၏ငယ်ရွယ်စဉ်အသက်တာသည် ဆိတ်ငြိမ်သောကျေးလက်တောရွာတွင်၊ ဘုရားသခင်နှင့်သဘာဝတရားတို့၏ သွန်သင်မှုနှင့်အသုံးဝင်သောအလုပ်၏နိယာမများအောက်တွင် ရှင်သန်ခဲ့သည်။ တစ်မျိုးသားလုံးနီးပါးယုံကြည်ကိုးကွယ်မှုကိုစွန့်လွှတ်ချိန်တွင် သူတို့၏မိသားစုသည် ဗာလဘုရားရှေ့၌ဒူးမထောက်သောသူများအထဲတွင် ပါဝင်ခဲ့ကြသည်။ သူတို့၏အိမ်ထောင်မှာဘုရားသခင်ကိုဂုဏ်ပြုသောနေရာနှင့်၊ နေ့စဉ်အသက်တာတွင် တာဝန်ဝတ္တရားကိုသစ္စာရှိစွာထမ်းဆောင်သောနေရာဖြစ်သည်။ {Ed 58.2}

ချမ်းသာသောလယ်သမား၏သားအနေဖြင့်၊ ဧလိရှဲသည်မိမိပခုံးအပေါ်ရောက်လာသောအလုပ်ကို တာဝန်ယူခဲ့သည်။ လူတွေအကြားထဲ၌ ခေါင်းဆောင်တစ်ဦး၏အရည်အချင်းများကိုပိုင်ဆိုင်ပြီး၊ နေ့စဉ်သာမန်လုပ်ငန်းများမှလည်းသင်ယူခဲ့သည်။ ပါးနပ်လိမ္မာစွာညွှန်ကြားနိုင်ရန်၊ နားထောင်တတ်ရန် သူသင်ယူရမည်။ သေးငယ်သောအရာများ၌ သစ္စာရှိခြင်းအားဖြင့်၊ သာ၍လေးလံသောယုံကြည်အပ်နှံမှုများအတွက် သူပြင်ဆင်ခဲ့သည်။ {Ed 58.3}

နူးညံ့သိမ်မွေ့သောစိတ်နှလုံးပိုင်ရှင်ဧလိရှဲသည် ခွန်အားနှင့်တည်ကြည်မြဲမြံခြင်းလည်းရှိသည်။ သူသည်ဘုရားသခင်ကိုချစ်ကြောက်ရိုသောသူဖြစ်ပြီး၊ နေ့စဉ်လုပ်ငန်းတွင် နှိမ့်ချခြင်းဖြင့်ခိုင်မာသောရည်ရွယ်ချက်နှင့် မြင့်မြတ်သောအကျင့်

စာရိတ္တကိုရရှိကာ၊ ဘုရားရှင်၏ကျေးဇူးတော်နှင့်သိက္ခမ်းခြင်းတို့၌ ကြီးထွားလျက်ရှိသည်။ ဖခင်နှင့်အတူအိမ်မှုဝတ္တရားများကို အတူတကွထမ်းဆောင်ရင်း၊ ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်ခြင်းကိုလည်း သင်ယူလျက်ရှိသည်။ {Ed 58.4}

ဖခင်၏အစေခံများနှင့်အတူလယ်ထွန်ယက်နေစဉ်၊ ဧလိရှဲသည် ပုရောဖက်အလုပ်အတွက်ခေါ်ခြင်းကိုခံခဲ့ရသည်။ ဘုရားရှင်၏ညွှန်ကြားချက်ဖြင့် မိမိ၏အရိုက်အရာကိုဆက်ခံမည့်သူကို ဧလိယသည်ရှာဖွေရင်း၊ မိမိ၏ဝတ်လုံကို ဤလူငယ်၏ပခုံးပေါ်တွင်တင်လိုက်သောအခါ၊ ဧလိရှဲသည်လည်း သဘောပေါက်၍၊ ဆင့်ခေါ်ခြင်းကိုလက်ခံခဲ့သည်။ သူသည် “ဧလိယနောက်သို့လိုက်လျက်လက်ထောက်ဖြစ်လေ၏။” ၃ရာ ၁၉း၂၁။ အစပိုင်းတွင် ဧလိယအတွက် ကြီးကြီးမားမားအလုပ်ကို လုပ်ဆောင်ရန်မလိုအပ်ဘဲ၊ ရိုးစင်းသောအရာများကိုသာ လုပ်ဆောင်ရသည်။ သူသည် မိမိသခင်ဧလိယ၏လက်ကို ရေလောင်းပေးသူဖြစ်သည်ဟုပင်ပြောဆိုခဲ့ကြသည်။ ပုရောဖက်၏ကိုယ်ပိုင်အစေအပါးအဖြစ်၊ သေးငယ်သောအရာများ၌သစ္စာရှိကြောင်းကို ဆက်လက်သက်သေပြကာ၊ နေ့စဉ်ဝတ္တရားများကိုထမ်းဆောင်ရင်း ဘုရားသခင်ပေးသောတာဝန်ကိစ္စအတွက် မိမိကိုယ်ကိုဆက်ကပ်ခဲ့သည်။ {Ed 58.5}

သူ့အားစ၍ဆင့်ခေါ်ချိန်တွင်၊ သူ၏စိတ်ပိုင်းဖြတ်မှုသည် အစမ်းသပ်ခံခဲ့ရသည်။ သူသည် ဧလိယနောက်ကိုလိုက်မည်ဟုလှည့်လာသောအခါ၊ ပုရောဖက်ကသူ့အားအိမ်ပြန်စေခဲ့သည်။ ပေးဆပ်ရမည့်တန်ဖိုးကိုရေတွက်ပြီး၊ ထိုဆင့်ခေါ်ခြင်းကိုလက်ခံမည်၊ ငြင်းပယ်မည်အရာကို သူကိုယ်တိုင်ဆုံးဖြတ်ရန်ဖြစ်သည်။ သို့သော် ဧလိရှဲသည်မိမိရရှိသောအခွင့်အရေး၏တန်ဖိုးကို နားလည်သည်။ ဘုရားသခင်၏စေတမန်ဖြစ်လာနိုင်ခြေအလားအလာအတွက် လောကနှင့်ဆိုင်သောအကျိုးအမြတ်ကိုလက်လွှတ်မည်လား၊ သို့တည်းမဟုတ် ကိုယ်တော်၏အစေခံနှင့်ပေါင်းဖော်ခြင်းအခွင့်ထူးကို စွန့်လွှတ်မည်လား။ {Ed 59.1}

အချိန်ကုန်ဆုံး၍၊ ဧလိယသည် ခေါ်ဆောင်ခြင်းအတွက်ပြင်ဆင်လျက်ရှိရာ၊ ဧလိရှဲသည်လည်း သူ့အရိုက်အရာကိုဆက်ခံသူဖြစ်လာရန် ပြင်ဆင်လျက်ရှိနေခဲ့သည်။ တစ်ဖန်သူ၏ယုံကြည်ခြင်းနှင့်စိတ်ပိုင်းဖြတ်မှုသည် အစမ်းသပ်ခံရပြန်သည်။ အမှုကိုထမ်းဆောင်ရင်း ဧလိယနောက်ကိုလိုက်ရာတွင်၊ ပြောင်းလဲခြင်းသည် မကြာမီပေါ်လာမည်ဖြစ်ကြောင်းသိရှိထားပြီး၊ ရောက်ရှိသည့်နေရာတိုင်းတွင် ပုရောဖက်ကနောက်လှည့်ပြန်သွားရန် တိုက်တွန်းခဲ့သည်။ "ဧလိယကလည်း ဤအရပ်၌နေရစ်ပါလော့။ ထာဝရဘုရားသည် ငါ့ကိုဗေသလမြို့သို့စေလွှတ်တော်မူသည်" ဟုပြောခဲ့သည်။ သို့ရာတွင် ငယ်စဉ်ကလယ်ထွန်ယက်သည့်အချိန်ကာလ၌ပင်၊ ဧလိရှဲသည်စိတ်ပျက်ခြင်း၊ စိတ်ဓါတ်ကျခြင်း မဖြစ်ရန် သင်ယူလေ့ကျင့်ပြီးဖြစ်သည်။ ယခုတွင်အခြားသောတာဝန်ဝတ္တရားအတွက် မိမိလက်သည် ထွန်တုံးကိုကိုင်နေပြီဖြစ်ရာ၊ မိမိ၏ရည်ရွယ်ချက်မှသွေဖည်သွားမည်မဟုတ်ချေ။ သူ့အားနောက်ကြောင်းပြန်လှည့်ရန် ပြောသည့်အခါတိုင်း၊ သူ၏အဖြေမှာ "ထာဝရဘုရားအသက်၊ ကိုယ်တော်အသက်ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော်နှင့်အကျွန်ုပ်မကွာရပါ" ဟုပြန်ဖြေခဲ့သည်။ ၄ရာ ၂း၂ {Ed 59.2}

"ထိုသူနှစ်ယောက်တို့သည် ယော်ဒန်မြစ်နားမှာရပ်နေကြ၏။ ဧလိယသည် မိမိဝတ်လုံကိုယူ၍လိပ်ပြီးမှ၊ ရေကိုရိုက်သဖြင့် ရေသည်တစ်ဖက်တစ်ချက်ကွဲ၍၊ ထိုသူနှစ်ယောက်တို့သည် မြေပေါ်မှာလျှောက်သွားကြ၏။ မြစ်တစ်ဖက်သို့ရောက်သောအခါ၊ ဧလိယက၊ သင်နှင့်ငါမကွာမီငါ၌တစ်စုံတစ်ခုသောဆုကိုတောင်းလော့ဟု ဧလိရှဲအားဆိုလျှင်၊ ဧလိရှဲက၊ ကိုယ်တော်ဝိညာဉ်နှစ်ဆသောအဖို့ကို အကျွန်ုပ်အပေါ်မှာရှိပါစေသောဟုတောင်းသော်၊ ဧလိယက သင်သည်ရခဲသောဆုကိုတောင်း၏။ သင်နှင့်ငါကွာသည်ကိုမြင်လျှင်ရမည်။ သို့မဟုတ်မရဟုပြောဆို၏။ ထိုသို့နှုတ်ဆက်လျက်သွားကြစဉ်တွင်၊ မီးရထားနှင့်မီးမြင်းတို့သည်ပေါ်လာ၍ ထိုသူနှစ်ယောက်တို့ကိုခွဲခွာသဖြင့်၊ ဧလိယသည်လေပွေအားဖြင့်ကောင်းကင်သို့တက်လေ၏။" {Ed 59.3}

"လေိရှဲသည်ကြည့်မြင်လျှင်၊ ငါ့အဘ၊ ငါ့အဘ၊ ဣသရေလရထား၊ ဣသရေလမြင်းပါတကားဟုဟစ်သော်လည်း၊ နောက်တစ်ဖန်လေိယကိုမမြင်ရ။ မိမိအဝတ်ကိုကိုင်၍၊ နှစ်ပိုင်းဆုတ်လေ၏။ အောက်သို့ကျသောလေိယဝတ်လုံကို ကောက်၍ပြန်လေ၏။ ယော်ဒန်မြစ်နားမှာရပ်၍၊ ရေကိုဝတ်လုံနှင့်ရိုက်လျက်၊ လေိယကိုးကွယ်သော ဘုရားသခင်ထာဝရဘုရားသည် အဘယ်မှာရှိတော်မူသနည်းဟူ၍ တစ်ဖန်ရိုက်သောအခါ၊ ရေသည်တစ်ဖက်တစ်ချက်ကွဲသဖြင့် လေိရှဲသည်ကူးသွား၏။ ယေရိခေါမြို့မှာကြည့်ရှုသောပုရောဖက်အမျိုးသားတို့သည် လေိရှဲကိုမြင်လျှင်၊ လေိယ၏ဝိညာဉ်သည် လေိရှဲအပေါ်မှာကိန်းဝပ်သည်ဟုဆိုလျက်၊ ခရီးဦးကြိုပြုအံ့သောငှာသွား၍ သူ့ရှေ့၌မြေပေါ်မှာ ပျပ်ဝပ်ကြ၏။" ၄ရာ ၂း၇–၁၅။ {Ed 60.1}

ထိုအချိန်မှစ၍ လေိရှဲသည် လေိယ၏နေရာကိုယူခဲ့သည်။ ထိုအခါ အငယ်ဆုံးသောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိကြောင်း မိမိကိုယ်ကိုသက်သေပြခဲ့သည်။ {Ed 60.2}

တန်ခိုးကြီးသောလေိယသည် အလွန်ကြီးမားလှသောမကောင်းမှုများကို မှောက်လှန်ရန်အတွက် ဘုရားသခင်၏တန်ဆာပလာဖြစ်လာခဲ့သည်။ အာဟပ်မင်းနှင့် တစ်ပါးအမျိုးသားမိဖုရားယေဇဗေလတို့ ထောက်ပံ့အားပေးသည့် တစ်မျိုးသားလုံးကိုအောင်နိုင်ခဲ့သော ရုပ်တုကိုးကွယ်မှုသည် ကျရှုံးခဲ့ရလေပြီ။ ဗာလဘုရား၏ပုရောဖက်တို့သည်လည်း အသတ်ခံခဲ့ကြရသည်။ ဣသရေလတစ်မျိုးသားလုံးသည်ထကြွလာကာ၊ များစွာသောသူတို့သည် ဘုရားသခင်ကို ကိုးကွယ်လာကြသည်။ လေိယ၏အရိုက်အရာကို ဆက်ခံသူအနေဖြင့် ဣသရေလလူတို့ကို ဂရုတစိုက်၊ စိတ်ရှည်စွာဖြင့်လမ်းညွှန်ပေးမှသာ လုံခြုံသောလမ်းကြောင်းပေါ်သို့ ပို့ဆောင်နိုင်လိမ့်မည်။ {Ed 60.3}

ဤအရာမှာ လူတိုင်းအတွက်သင်ခန်းစာဖြစ်သည်။ ဘုရားရှင်၏စည်းမျဉ်းဥပဒေ၌ ဘုရားသခင်၏ရည်ရွယ်ချက်သည် မည်သည့်အရာဖြစ်နိုင်သည်ကို

မည်သူမျှမသိနိုင်ချေ။ သို့သော် သေးငယ်သောအရာများ၌ သစ္စာရှိခြင်းသည် သာ၍ကြီးမားသောတာဝန်ဝတ္တရားအတွက် သင့်လျော်သည်ဟူသောအထောက် အထားကိုမူ လူအားလုံးကသေချာစွာသိရှိနိုင်သည်။ အသက်တာ၌ လုပ်ဆောင်မှု တိုင်းသည် အကျင့်စာရိတ္တကိုဖော်ပြခြင်းဖြစ်ပြီး၊ သေးငယ်သောတာဝန်များကို "ရှက်ကြောက်စရာအကြောင်းမရှိဘဲ" (၂တိမောသေ ၂:၁၅) လုပ်ဆောင်သော သူတို့ကိုသာလျှင်၊ ဘုရားသခင်သည်သာ၍ ကြီးမားသောတာဝန်များဖြင့် ဂုဏ်ပြုတော်မူမည်။ {Ed 61.1}

## *ယုံကြည်ခြင်းအားဖြင့်တန်ခိုးကြီးသောမောရှေ*

မောရှေသည်မိမိငယ်ရွယ်စဉ်က နေထိုင်ခဲ့သောအိမ်မှပြောင်းရွှေ့ချိန်တွင် ယောသပ်၊ ဒံယေလ တို့ထက်အသက်ငယ်သေးသော်လည်း၊ သူတို့၏အသက် တာကိုပုံသွင်းပေးခဲ့သော အလားတူတန်ခိုးများသည် သူ့ကိုလည်းပုံသွင်းခဲ့ပြီး ဖြစ်သည်။ တစ်ဆယ့်နှစ်နှစ်သာ မိမိဟေဗြဲအမျိုးများနှင့် နေထိုင်ခဲ့ရသည်။ သို့ရာတွင် ထိုအချိန်အတောအတွင်း မိမိ၏ကြီးမြတ်ခြင်း၏အုတ်မြစ်ကို ချထားနိုင်ခဲ့ကာ ကျော်စောခြင်းမရှိသေးသောလက်ကလေးများဖြင့် ချထားခဲ့ခြင်း လည်းဖြစ်သည်။ {Ed 61.2}

ယောခေဗက်သည်အမျိုးသမီး၊ ကျွန်တစ်ဦးဖြစ်သည်။ သူမ၏ကုသိုလ် ကံမှာနိမ့်ကျပြီး၊ ဝန်ထုပ်မှာလေးလံလှသည်။ သို့ရာတွင် (နာဇရက်မြို့သူမာရိ မှလွဲ၍) သူမအားဖြင့်ကမ္ဘာသည် သာ၍ကြီးမားသောကောင်းချီးမင်္ဂလာကို ရရှိခဲ့သည်။ မကြာမီသူမ၏ကလေးသည် သူမ၏ထိန်းသိမ်းမှုအောက်မှ ဘုရားသခင်ကိုမသိသောသူ၏ အုပ်ထိန်းမှုအောက်သို့ရောက်ရှိသွားမည်ကိုသိနေ သောကြောင့်၊ ကလေး၏စိတ်ဝိညာဉ်သည် ကောင်းကင်အရာနှင့်သာဆက်သွယ် ရန်သာ၍ကြိုးစားအားထုတ်ခဲ့သည်။ သူ့စိတ်ထဲတွင် ဘုရားသခင်ကိုချစ်ခြင်းနှင့် သစ္စာစောင့်သိခြင်းတို့ကို အမြစ်စွဲမြဲစေသည်။ ထိုသမ္မာတရား၏အခြေခံစည်းမျဉ်း

များသည် သူ့မိခင်၏သွန်သင်မှုနှင့်သင်ခန်းစာ၏ဝန်ထုပ်များပင်ဖြစ်ကာ၊ နောက်ပိုင်းဩဇာသက်ရောက်မှုသည် မောရှေအားထိုသွန်သင်ချက်များကို စွန့်လွှတ်ရန် မစွမ်းဆောင်နိုင်တော့ချေ။ {Ed 61.3}

အီဂျစ်နိုင်ငံ၊ ဂေါ်ရှင်ပြည်နယ်ရှိနိမ့်ကျသောအိမ်ထောင်မှ ယောခေဗက်၏သားသည် ဖါရောဘုရင်၏နန်းတော်သို့ အီဂျစ်ပြည်၏အိမ်ရှေ့မင်းသားအဖြစ် မိမိသားကိုချစ်ခင်မြတ်နိုးသော သားတစ်ဦးအဖြစ်ကြိုဆိုရန် မိခင်ကပို့ဆောင်ပေးခဲ့သည်။ အီဂျစ်နိုင်ငံရှိကျောင်းများတွင် မောရှေသည်အဆင့်မြင့်ဆုံးသော အရပ်ဖက်နှင့်စစ်ဖက်သင်တန်းများကို တက်ရောက်ခဲ့သည်။ ဆွဲဆောင်မှုရှိသော ဥပမိရုပ်၊ ခန့်ညားသောကိုယ်လုံးကိုယ်ပေါက်၊ ပညာတတ်ဆန်သောစိတ်သဘောနှင့်မင်းသားဟန်ပန်၊ ကျော်ကြားသောစစ်ဘက်ခေါင်းဆောင်၊ စသည်တို့ကြောင့် တစ်မျိုးသားလုံး၏ဂုဏ်ယူစရာဖြစ်လာခဲ့သည်။ အီဂျစ်ပြည်၏ရှင်ဘုရင်သည် ယဇ်ပုရောဟိတ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ မောရှေသည် တိုင်းတစ်ပါးတို့၏ဝတ်ပြုကိုးကွယ်မှုတွင် ပါဝင်ရန်ငြင်းဆန်သော်လည်း၊ အီဂျစ်ပြည်၏ဘာသာရေးနက်နဲမှုများအားလုံးကို စတင်လေ့လာခဲ့ရသည်။ ထိုအချိန်က အီဂျစ်ပြည်သည် တန်ခိုးအကြီးဆုံးနှင့်အခြားလူမျိုးများထက်လည်း ယဉ်ကျေးမှုတွင် အမြင့်မားဆုံးဖြစ်ခဲ့သည်။ မောရှေသည် အချုပ်အခြာအာဏာပိုင်ဖြစ်ရန် အလားအလာရှိသူဖြစ်ပြီး၊ ဤလောကမှပေးအပ်နိုင်သော အမြင့်မားဆုံးဂုဏ်များကို အမွေခံဖြစ်သည်။ သို့ရာတွင် သူ၌သာ၍မွန်မြတ်သော ရွေးချယ်မှုရှိသည်။ ဘုရားသခင်၏ဂုဏ်တော်အတွက်နှင့် ဖိနှိပ်ခံမိမိလူမျိုးအားကယ်နုတ်ရန်အတွက်၊ မောရှေသည် အီဂျစ်ပြည်၏ဂုဏ်များကိုစွန့်လွှတ်ခဲ့သည်။ ထိုအခါ၊ ဘုရားသခင်သည် သူ့အတွက်အထူးသင်တန်းကိုတာဝန်ယူတော်မူခဲ့သည်။ {Ed 62.1}

မိမိဘဝလုပ်ငန်းအတွက် မောရှေသည်အဆင်သင့်မရှိသေးချေ။ ဘုရားရှင်၏တန်ခိုးအပေါ်မှီခိုရန် သင်ခန်းစာများကိုလေ့လာရဦးမည်။ သူသည် ဘုရားသခင်၏အစီအစဉ်ကို နားလည်မှုလွဲမှားခဲ့သည်။ လက်နက်အင်အားဖြင့်

ဣသရေလတို့ကိုကယ်တင်ရန် သူမျှော်လင့်ခဲ့သည်။ ဤအတွက် အရာရာကို သူစွန့်စားခဲ့သည်။ သို့သော် ကျရှုံးခဲ့သည်။ ထိုသို့ကျရှုံး၊ စိတ်ပျက်လျက် သူသည်တိုင်းတစ်ပါးတွင်ထွက်ပြေးခဲ့ရသည်။ {Ed 62.2}

မိဒျန်တောထဲတွင် မောရှေသည်သိုးထိန်းအဖြစ် အနှစ်လေးဆယ်အချိန် ကုန်လွန်စေခဲ့သည်။ အမြင်အားဖြင့်သူ့အသက်တာတာဝန်ဝတ္တရားမှ ထာဝရဖြတ်တောက်သကဲ့သို့ဖြစ်နေသော်လည်း၊ သူသည်၎င်းဝတ္တရားပြည့်စုံစေရန်အတွက် မရှိမဖြစ်အရေးကြီးသောစည်းမျဉ်းကို ရယူနေခြင်းဖြစ်သည်။ အသိပညာမဲ့ပြီး၊ စည်းကမ်းမရှိသောလူထုကြီးကို အုပ်ချုပ်နိုင်မည့်ဉာဏ်ပညာကို မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုမှရရှိရပေမည်။ သိုးများနှင့်နူးညံ့သောသိုးသငယ်များကိုစောင့် ရှောက်ခြင်းမှ ဣသရေလတို့ကိုထိန်းကျောင်းသည့် သစ္စာရှိစိတ်ရှည်သော သိုးထိန်းဖြစ်ရန် အတွေ့အကြုံကိုရယူရမည်။ {Ed 62.3}

အီဂျစ်ပြည်၌သူ့အားပတ်လည်ဝိုင်းသောအရှိန်အဝါများ၊ မွေးစားမိခင်၏ချစ်ခြင်းမေတ္တာ၊ ရှင်ဘုရင်၏မြေးအဖြစ်မိမိ၏အဆင့်ရာထူး၊ ထောင်သောင်းမကသော ပုံစံမျိုးစုံဖြင့်ဖြားယောင်းသောစည်းစိမ်များနှင့်ဒုစရိုက်၊ မှားယွင်းသောဘာသာ၏သန့်စင်၊ သိမ်မွေ့၊ နက်နဲမှုစသည်တို့သည် သူ့စိတ်နှင့်အကျင့်စာရိတ္တတွင်စွဲထင်လျက်ရှိခဲ့သည်။ တောအရပ်ဒေသ၏ အလွန်ရိုးရှင်းမှု၌ ဤအရာအားလုံးပျောက်ကွယ်သွားရတော့သည်။ {Ed 63.1}

တောတောင်ဆိတ်ငြိမ်မှု၏ လေးနက်သောကျက်သရေများအလယ်တွင် မောရှေသည် ဘုရားသခင်နှင့်သာအတူရှိနေခဲ့သည်။ နေရာတိုင်းတွင် ဖန်ဆင်းရှင်၏အမည်နာမကို ရေးသားထားသည်။ မောရှေသည် ကိုယ်တော်၏ ရှေ့မှောက်သို့ရောက်ရှိနေပြီး၊ ကိုယ်တော်၏တန်ခိုးဖြင့် လွှမ်းမိုးနေသကဲ့သို့ ရှိနေခဲ့သည်။ ဤနေရာတွင် မိမိကိုယ်ကိုပြည့်စုံသည်ဟူသောခံစားမှုသည် ပျောက်သွားခဲ့ရသည်။ အနန္တတန်ခိုးရှင်၏ ရှေ့မှောက်တွင် မိမိသည်မည်မျှပင် အားနည်းသူ၊ မပြည့်စုံသူ၊ အမြင်ကျဉ်းသူအဖြစ်သဘောပေါက်လာခဲ့သည်။ {Ed 63.2}

ဤနေရာမှ မိမိ၏ပင်ပန်းပြီးဝန်ထုပ်ကြီးပိနေသာကာလတစ်လျှောက် မိမိနှင့်အတူလိုက်ပါသွားမည့် ဘုရားရှင်ကိုယ်တော်တိုင် သူနှင့်အတူပါရှိကြောင်းခံစားမှုကိုရရှိခဲ့သည်။ ခရစ်တော်သည်လူသားအဖြစ်ခံယူမည့်အချိန်ကာလကိုမျှော်ကြည့်နေရုံမက၊ သူတို့၏ခရီးစဉ်တစ်လျှောက် ဣသရေလလူအုပ်ကြီးနှင့်အတူ ခရစ်တော်သည်လိုက်ပါကြောင်းကို သူမြင်တွေ့ခဲ့သည်။ အထင်အမြင်လွဲပြီးအဓိပ္ပာယ်ကောက်မှားချိန်၊ ပြင်းထန်သောပြစ်တင်ခြင်းနှင့်စော်ကားခြင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်နှင့်သေခြင်းကိုလည်းကောင်း၊ ရင်ဆိုင်နေရချိန်စသည်တို့တွင်၊ သူသည် "မျက်မြင်မရသောဘုရားသခင်ကို မြင်ရဘိသကဲ့သို့တည်ကြည်ခြင်းရှိ၏" ဟေဗြဲ ၁၁:၂၇။ {Ed 63.3}

မောရှေသည် ဘုရားသခင်ကိုတွေးတောနေရုံတင်မကဘဲ၊ မြင်တွေ့ခဲ့သည်။ ဘုရားသခင်ကိုသူ့ရှေ့တွင်အမြဲမြင်နေခဲ့သည်။ သူသည်ကိုယ်တော်၏မျက်နှာတော်ကို ဘယ်သောအခါမျှမျက်ခြည်မပြတ်ချေ။ {Ed 63.4}

မောရှေအတွက်ယုံကြည်ခြင်းသည် ခန့်မှန်းလုပ်ဆောင်မှုမဟုတ်ဘဲ၊ အမှန်တကယ်တည်ရှိနေသောအရာဖြစ်သည်။ အထူးသဖြင့်မိမိအသက်တာကိုဘုရားသခင်အုပ်စိုးတော်မူသည်ကိုယုံကြည်ပြီး၊ လုပ်ဆောင်လေရာအသေးအမွှား၌ပင် ကိုယ်တော်ကိုအသိအမှတ်ပြုသည်။ စုံစမ်းခြင်းအားလုံးကိုခံနိုင်မည့်ခွန်အားအတွက် သူသည် ဘုရားရှင်ကိုယုံကြည်အားကိုးခဲ့သည်။ {Ed 63.5}

သူ့အားသတ်မှတ်ပေးထားသည့်ကြီးမားသောတာဝန်ကို အမြင့်မားဆုံးအောင်မြင်အောင်ဆောင်ရွက်လိုစိတ်ရှိပြီး၊ ဘုရားရှင်၏တန်ခိုးအပေါ်တွင်အလုံးစုံမှီခိုနေခဲ့သည်။ သူသည်အကူအညီလိုအပ်သည်ကိုခံစားပြီး၊ ၎င်းအတွက်တောင်းခံကာ၊ ယုံကြည်ခြင်းအားဖြင့်၎င်းကိုဆုပ်ကိုင်၍၊ ခွန်အားထောက်ပံ့မှုအတွက်အာမခံချက်ကိုလည်းမျှော်ကိုးလျက်ရှိသည်။ {Ed 63.6}

ထိုသို့သောအတွေ့အကြုံများမှာ သဲကန္တာရထဲတွင် နှစ်ပေါင်းလေးဆယ်သင်တန်းမှ မောရှေရရှိခဲ့သောအရာဖြစ်သည်။ ထိုသို့သောအတွေ့အကြုံကို

ပေးရန်အတွက်၊ သဗ္ဗညုတဉာဏ်တော်ရှင်သည် အချိန်ကြာလွန်းသည်၊ သို့မဟုတ် တန်ဖိုးကြီးလွန်းသည်ဟု တွက်ချက်တော်မမူချေ။ {Ed 64.1}

ထိုသင်တန်းမှရရှိ၍ သင်ယူခဲ့သောသင်ခန်းစာများသည် ဣသရေလတို့၏သမိုင်းနှင့်သာမက ထိုအချိန်မှစ၍ယခုချိန်အထိ ကမ္ဘာဆက်လက်တည်ရှိနေသရွေ့လူတို့အားလုံးနှင့်လည်းဆက်နွယ်နေပေသည်။ မောရှေ၏ကြီးမြတ်မှုကို အထိရောက်ဆုံးသက်သေခံချက်နှင့် သူ့၏အသက်တာအပေါ် သမ္မာကျမ်းစာ၏စီရင်ချက်မှာ “ထာဝရဘုရား၏မျက်နှာတော်ကို ကိုယ်တိုင်ကိုယ်ကြပ်ဖူးမြင်ရသော ပုရောဖက်မောရှေကဲ့သို့ နောက်တစ်ဖန်ဣသရေလအမျိုး၌ သူနှင့်တူသောပုရောဖက်တစ်စုံတစ်ပါးမျှ မပေါ်မထွန်း” (တရားဟောရာကျမ်း ၃၄း၁၂) ဟူ၍ဖြစ်သည်။ {Ed 64.2}

## *အမှုတော်၌ရှင်လန်းအားရသောပေါလု*

ယေရှု၏နောက်ကိုလိုက်ခဲ့ကြသော ဂါလိလဲလူတပည့်တော်များ၏ ယုံကြည်ခြင်းနှင့်အတွေ့အကြုံများသည် ဧဝံဂေလိအလုပ်တွင် ယေရုရှလင်မြို့မှကျမ်းတတ်ဆရာ၏တောက်လောင်သောအင်အားနှင့် ဉာဏ်အစွမ်းတို့နှင့်ပေါင်းစပ်သွားခဲ့သည်။ တိုင်းတစ်ပါးမြို့တွင်မွေးဖွားပြီး၊ ရောမနိုင်ငံသားခံယူသူ၊ မျိုးရိုးကြောင့်သာမက၊ တစ်သက်တာလုံးသင်ကြားမှု၊ လူမျိုးအတွက်ဆက်ကပ်မှုနှင့်ဘာသာရေးယုံကြည်ချက်များကြောင့် ယုဒလူဖြစ်သူ၊ အထင်ပေါ်ဆုံးသောကျမ်းတတ်ဆရာထံ၌ ယေရုရှလင်မြို့တွင်ပညာသင်ကြားပြီး၊ ဘိုးဘေးများ၏ပညတ်ချက်များနှင့် ဓလေ့ထုံးတမ်းများကိုလေ့ကျင့်ယူသူ တာရှုမြို့သားရှောလုသည် မိမိလူမျိုး၏ဂုဏ်နှင့်အစွဲအလမ်းများကို အပြည့်အဝဆုပ်ကိုင်သူဖြစ်သည်။ သူသည် ငယ်ရွယ်စဉ်ကပင်၊ ယုဒတို့၏လွှတ်တော်တွင် ဂုဏ်ယူဖွယ်အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ သူသည်အလားအလာရှိသောသူ၊ ရှေးယုံကြည်ချက်ကိုစိတ်ထက်သန်စွာ ကာကွယ်သူအဖြစ်ရှုမြင်ခဲ့ကြသည်။ {Ed 64.3}

ယုဒကျမ်းစာကျောင်းများတွင် လူတို့၏ထင်မြင်ယူဆချက်များနေရာပေးရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘေးဖယ်ခဲ့ကြသည်။ နှုတ်ကပတ်တော်၏တန်ခိုးကို ကျမ်းတတ်ဆရာများ၏အနက်ပြန်ဆိုမှုများနှင့် ဓလေ့ထုံးတမ်းများက လုယက်လိုက်ကြသည်။ မိမိကိုယ်ကိုချီးမြှောက်ခြင်း၊ အုပ်စိုးမှုကိုမြတ်နိုးခြင်း၊ သီးသန့်နေထိုင်လိုခြင်း၊ အယူသီးအော့နှလုံးနာဖွယ်မာန်မာနစသည်တို့မှာ ဤဆရာသမားများ၏ကြီးစိုးသောနိယာမများနှင့်စိတ်နေသဘောထားများဖြစ်သည်။ {Ed 64.4}

ကျမ်းတတ်ဆရာများသည် အခြားလူမျိုးများအပေါ်၌သာမက၊ မိမိလူမျိုးတို့အပေါ်၌ပါ မိမိတို့၏သာလွန်မှုအတွက် ဘဝင်မြင့်ခဲ့ကြသည်။ ဖိနှိပ်သူရောမလူတို့ကိုအလွန်မုန်းတီးသည်ဖြစ်ရာ၊ မိမိလူမျိုး၏အာဏာရရှိရေးကိုလက်နက်အင်အားဖြင့် ပြန်၍ရယူရန်ဆုံးဖြတ်ထားသူများဖြစ်ကြသည်။ ယေရှုနောက်လိုက်များ၏ ငြိမ်းချမ်းရေးသတင်းစကားသည် သူတို့၏ရည်မှန်းချက်နှင့်ဆန့်ကျင်သည်ဖြစ်ရာ၊ သူတို့ကိုမုန်းတီးပြီး၊ အသေသတ်ခဲ့ကြသည်။ ဤညှဉ်းပန်းနှိပ်စက်မှုတွင် ရှောလုသည်အပြင်းထန်ဆုံး၊ အရက်စက်ဆုံးသောသူတစ်ယောက်ဖြစ်ခဲ့သည်။ {Ed 65.1}

အီဂျစ်ပြည်၏စစ်ဘက်ကျောင်းများတွင်၊ မောရှေသည်တိုက်ပွဲ၏နိယာမများကို သင်ကြားခဲ့ပြီး၊ ၎င်းသင်ကြားမှုသည် သူ့အကျင့်တွင်မြဲမြဲစွာစွဲထားသည်ဖြစ်ရာ၊ မေတ္တာ၏နိယာမဖြင့် ဣသရေလတို့ကိုဦးဆောင်နိုင်ရန်ဘုရားသခင်နှင့်လည်းကောင်း၊ သဘာဝတရားနှင့်လည်းကောင်း၊ နှစ် (၄၀) မျှဆိတ်ငြိမ်သောဆက်ဆံမှုကိုလိုအပ်ခဲ့သည်။ အလားတူသင်ခန်းစာကို ပေါလုလည်းသင်ယူရမည်။ {Ed 65.2}

ဒမာသက်မြို့ဂိတ်ဝတွင် အသေသတ်ခြင်းကိုခံတော်မူသောသူနှင့်တွေ့ဆုံခြင်းဖြင့် သူ၏ဘဝရှေ့လျှားမှုတစ်ခုလုံးပြောင်းလဲသွားခဲ့သည်။ ညှဉ်းဆဲသောသူအဖြစ်မှတပည့်တော်၊ ဆရာအဖြစ်မှ သင်ယူသူဖြစ်လာခဲ့သည်။

ဒမာသက်မြို့၌ ဆိတ်ငြိမ်ရာအရပ်တွင် မှောင်မိုက်သည့်နေ့ရက်များအတွင်း သူ့အတွေ့အကြုံမှာ နှစ်ပေါင်းများစွာအလားဖြစ်ခဲ့သည်။ စိတ်ထဲတွင် သိုမှီးထားသော ဓမ္မဟောင်းကျမ်းစာများကို ပြန်လည်လေ့လာရာတွင် ခရစ်တော်သည်သူ၏ဆရာဖြစ်သည်။ ဆိတ်ငြိမ်သောသဘာဝတရားသည် သူ၏ကျောင်းဆောင်ဖြစ်သည်။ သမ္မာကျမ်းစာကိုဆည်းပူးရန်နှင့် ဘုရားသခင်ကိုသင်ယူရန်၊ အာရေဗျတောထဲသို့သူထွက်သွားခဲ့သည်။ သူ၏အသက်တာကို ပုံသွင်းခဲ့သောအစွဲအလမ်းများနှင့်ဓလေ့ထုံးတမ်းများကို သူ့စိတ်ထဲမှရှင်းထုတ်ပြီး၊ သမ္မာတရား၏မူလဖြစ်တော်မူသောသူထံမှ ညွှန်ကြားချက်ကိုရယူခဲ့သည်။ {Ed 65.3}

သူ၏နောက်ပိုင်းအသက်တာမှာမူ ကိုယ်ကျိုးစွန့်ခြင်း၊ မေတ္တာဖြင့်အမှုဆောင်ခြင်းတို့ဖြင့်နိုးကြားလျက်ရှိသည်။ သူက "ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏" "ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏" ဟုဆိုခဲ့သည်။ ရောမ၊ ၁း၁၄၊ ၂ကော၊ ၅း၁၄။ {Ed 65.4}

အကြီးမြတ်ဆုံးသောလူသားဆရာသမားများထဲတွင်၊ ပေါလုသည်အနိမ့်ဆုံးဆရာအဖြစ်နှင့် အမြင့်ဆုံးသောတာဝန်များထမ်းဆောင်ခြင်းကိုလက်ခံသည်။ လက်နှင့်လုပ်ဆောင်ခြင်း၊ စိတ်ဖြင့်လုပ်ဆောင်ခြင်းစသည်များလိုအပ်သည်ကို သူအသိမှတ်ပြုသည်။ မိမိကိုယ်ကိုလက်မှုပညာဖြင့်ထောက်ပံ့ခဲ့သည်။ နေ့စဉ်မြို့ကြီးများတွင်ဧဝံဂေလိတရားကို ဟောပြောစဉ်ပင် ရွက်ဖျင်တဲချုပ်သည့်အလုပ်ကို လုပ်ဆောင်ခဲ့သည်။ ဧဖက်မြို့မှအသင်းလူကြီးများနှင့်ခွဲခွာချိန်တွင် "ဤလက်တို့သည်ငါ့ကိုလည်းကောင်း၊ ငါ့အပေါင်းအဖော်တို့ကိုလည်းကောင်း၊ လုပ်ကျွေးပြီ" (တမန်တော် ၂၀း၃၄) ဟုပြောခဲ့သည်။ {Ed 66.1}

သူသည်မြင့်မားသောဉာဏ်ပညာအရည်အချင်းရှိလျက်ပင်၊ ပေါလု၏အသက်တာတွင် ပို၍ရှားပါးသောဉာဏ်ပညာ၏စွမ်းအားသည် ထင်ရှားလျက်

ရှိသည်။ အနက်နဲဆုံးသောဆိုလိုရင်းနိယာမများ၊ ယခုခေတ်၏အထက်မြက်ဆုံးသော ဦးနှောက်နှင့်ဆိုင်သောနိယာမများ၏သွန်သင်မှုကိုမခံရကြောင်း သူ၏သွန်သင်ချက်များနှင့်သူ့အသက်တာမှ နမူနာပြချက်များကဖွင့်ပြလျက်ရှိသည်။ ထိုသို့သောအကြီးမားဆုံးသောပညာအားလုံးကို ပိုင်ဆိုင်သောကြောင့် အလျင်အမြန်သိမြင်နိုင်စွမ်းနှင့် သနားကြင်နာတတ်သောစိတ်နှလုံးကိုရရှိကာ၊ လူတို့နှင့်ပေါင်းသင်းဝင်ဆံ့ပြီး၊ လူတို့၏ဘဝအစဉ်သာ၍ကောင်းစေရန်နှင့် မြင့်မားစေရန် လှုံ့ဆော်နိုင်စွမ်းရှိသည်။ {Ed 66.2}

လုတ္တရမြို့မှပေါလသလူတို့အား "အစာအာဟာရနှင့်ဝပြော၍ ဝမ်းမြောက်စေခြင်းငှာ မိုးကောင်းကင်မှမိုးရွာစေတော်မူ၍၊ အသီးအနှံတို့ကို သီးစေတတ်သောဥတုကိုပေးတော်မူသော" (တမန်တော် ၁၄း၁၇) ကောင်းသော အရာအားလုံး၏အရင်းအမြစ်ဖြစ်တော်မူထသည့်၊ သဘာဝတရား၌ ထင်ရှားတော်မူသော ဘုရားသခင်ကို ပေါလုဟောပြောသည့်စကားများကို နားထောင်ကြည့်ပါ။ {Ed 66.3}

ဖိလိပ္ပိအကျဉ်းထောင်ထဲတွင်၊ သူ၏ကိုယ်ခန္ဓာသည်နာကျင်နေလင့်ကစား၊ တိတ်ဆိတ်သောညနက်သန်းခေါင်ကို သူ၏ချီးမွမ်းခြင်းသီချင်းဖြင့် ဖြိုခွင်းခဲ့သည်။ မြေငလျင်သည် ထောင်တံခါးများကိုပွင့်ထွက်စေပြီးနောက်၊ "ကိုယ်ကိုအပြစ်မပြုနှင့်။ ငါတို့အပေါင်းသည်ရှိကြ၏။" (တမန်တော် ၁၆း၂၈)။ ဟူသောထောင်မှူးကိုနှစ်သိမ့်သည့် စကားသံကိုကြားရပြန်သည်။ ထိုအခါ ထောင်မှူးသည် ပေါလုကိုထောက်မပေးသောယုံကြည်ခြင်းသည် အဟုတ်အမှန်ဖြစ်ကြောင်း ယုံကြည်စိတ်ချရကာ ကယ်တင်ခြင်းနည်းလမ်းကို မေးမြန်းခဲ့ပြီး၊ သူ၏မိသားစုတစ်ခုလုံးသည် အညှဉ်းဆဲခံခရစ်တော်၏နောက်လိုက်အဖွဲ့နှင့် ပူးပေါင်းလိုက်ကြသည်။ {Ed 66.4}

ပေါလုသည် အာရေတောင်ပေါ်၌ရပ်လျက် အာသင်မြို့သားတို့အား သိပ္ပံပညာကိုသိပ္ပံအတတ်နှင့်လည်းကောင်း၊ ယုတ္တိဗေဒကို ဆင်ခြင်တုံတရားဖြင့်

လည်းကောင်း၊ ဒဿနိကပညာကိုအတွေးအခေါ်ပညာဖြင့်လည်းကောင်း ဆွေးနွေးခဲ့သည်။ တရားနာပရိတ်သတ်တို့သည် မသိဘဲကိုးကွယ်ကြသည့် "မသိသောဘုရားသခင်" သည် ယေဟောဝါဘုရားဖြစ်ကြောင်းကို မာကုသည်ဘုရားရှင်ပေးသနားတော်မူသောလိမ္မာပါးနပ်မှုဖြင့် ပြောပြပေးခဲ့သည်။ သူတို့ကိုယ်တိုင်ဖွဲ့ဆိုသောကဗျာစာသားကိုကိုးကားပြီး၊ ထိုဘုရားမှာခမည်းတော်ဘုရားဖြစ်ကြောင်းနှင့် သူတို့သည်ကိုယ်တော်၏သားသမီးများဖြစ်ကြောင်း ပုံဖော်ပေးခဲ့သည်။ ဇာတ်အနိမ့်အမြင့်ခွဲခြားသောခေတ်၊ လူသားတစ်ယောက်အနေဖြင့်ရထိုက်သောလူ့အခွင့်အရေးကို လုံးလုံးအသိအမှတ်မပြုသောကာလတွင်၊ သူသည်လူသားအားလုံး ညီအစ်ကိုချင်းများဖြစ်ကြောင်း မဟာအမှန်တရားကိုချပြခဲ့ကာ၊ "ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကိုတစ်သွေးတည်းနှင့်ဖန်ဆင်းတော်မူ" ၏ဟုဟောပြောခဲ့သည်။ ထို့နောက်ဘုရားသခင်သည် လူတို့အားဆက်ဆံရာတွင် မိမိကျေးဇူးကရုဏာရည်ရွယ်ချက်အတိုင်း ချိတ်ဆက်ထားသည်ကိုပြသခဲ့သည်။ ကိုယ်တော်သည် "သူတို့အားခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း၊ မှတ်သားတော်မူ၏။ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင်အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။" တမန်တော် ၁၇:၂၃၊ ၂၆၊ ၂၇။ {Ed 67.1}

ဖေတ္တုမင်း၏နန်းတော်၌၊ သူဟောပြောရာတွင် အဂြိပ္ပမင်းသည်ဧဝံဂေလိသမ္မာတရားကိုလက်ခံပြီး "သင်သည်ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည်ခရစ်ယာန်ဖြစ်လုပြီ" ဟုဆိုခဲ့သည်။ ပေါလုသည် သိမ်မွေ့ယဉ်ကျေးစွာဖြင့် မိမိကိုချုပ်နှောင်သည့်သံကြိုးကိုပြရင်း "ကိုယ်တော်မှစ၍ယနေ့တွင်အကျွန်ုပ်၏စကားကို ကြားသောသူအပေါင်းတို့သည် ဤသံကြိုးကိုထား၍ အကျွန်ုပ်ကဲ့သို့သောသူဖြစ်လုသည်" ဟုပြန်ဖြေခဲ့သည်။ တမန်တော် ၂၆:၂၈၊ ၂၉။ {Ed 67.2}

ထိုသို့ဖြင့် မိမိ၏လွန်ခဲ့သောအသက်တာကို မိမိကိုယ်တိုင်စကားဖြင့် အောက်ပါအတိုင်းဖော်ပြခဲ့သည်။ "အကြိမ်ကြိမ်ဒေသစာရီလှည့်လည်ပြီ။ မြစ်ကိုကူးသောဘေး၊ ဓါးပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ တောခ၌ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူတို့ပြုသောဘေး၊ ဤဘေးများကိုငါတွေ့ခဲ့ပြီ။ ပင်ပန်းစွာအမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း ဤဆင်းရဲခြင်းများကို ငါခံခဲ့ပြီ။" ၂ကော၊ ၁၁း၂၆၊ ၂၇။ {Ed 67.3}

သူက "ကဲ့ရဲ့ခြင်းကိုခံရသောအခါမေတ္တာပို့ကြ၏။ ညှဥ်းဆဲနှိပ်စက်ခြင်းကိုခံရသောအခါသည်းခံကြ၏။ အသရေရှုတ်ချခြင်းကိုခံရသောအခါ တောင်းပန်ကြ၏။" "ဝမ်းနည်းသောသူကဲ့သို့ဖြစ်သော်လည်း၊ အစဉ်ဝမ်းမြောက်သောသူ၊ ဆင်းရဲသောသူကဲ့သို့ဖြစ်သော်လည်း လူများကိုရတတ်စေသောသူ၊ ဥစ္စာတစ်စုံတစ်ခုကိုမျှမပိုင်သောသူကဲ့သို့ဖြစ်သော်လည်း၊ အလုံးစုံကိုပိုင်သောသူဖြစ်ကြ၏" ဟုဆိုခဲ့သည်။ ၁ကော၊ ၄း၁၂၊ ၁၃။ ၂ကော၊ ၆း၁၀။ {Ed 68.1}

အမှုတော်ဆောင်ရွက်ခြင်း၌ပျော်မွေ့ပြီး၊ သူ၏ပင်ပန်းလုသောအသက်တာ၏အဆုံးပိုင်းတွင်၊ ရှန်းကန်ခဲ့ရခြင်းများနှင့်အောင်မြင်မှုများကို နောက်ကြောင်းပြန်ကြည့်ကာ၊ "ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ" (၂တိမောသေ ၄း၇) ဟုပြောဆိုနိုင်ခဲ့သည်။ {Ed 68.2}

ဤသမိုင်းဖြစ်ရပ်များသည် အလွန်အရေးကြီးသောစိတ်ဝင်စားဖွယ်ရာများဖြစ်သည်။ လူငယ်များအတွက်သာ၍ပင် အရေးကြီးသည်။ မောရှေသည် အလားအလာကောင်းသောနိုင်ငံကို စွန့်လွှတ်ခဲ့သည်။ ပေါလုသည် မိမိလူတို့အကြားချမ်းသာခြင်းနှင့်ဂုဏ်ပြုခြင်းအကျိုးကျေးဇူးအစား၊ ဘုရားသခင်၏အမှုတော်တွင် ဝန်ထုပ်ထမ်းရသောအသက်တာကိုရွေးချယ်ခဲ့သည်။ အများသောသူတို့

အတွက် ဤသူတို့၏အသက်တာသည် စွန့်လွှတ်ဆက်ကပ်သည့်အသက်တာ အလားဖြစ်သည်။ ထိုအရာသည်မှန်ပါသလား။ မောရှေသည်ခရစ်တော်အတွက် ညှဉ်းဆဲခြင်းကို အီဂျစ်ပြည်၏ဘဏ္ဍာထက်သာ၍ချမ်းသာမှုအဖြစ်မှတ်ယူခဲ့သည်။ ထိုသို့ပင်ဖြစ်နေသောကြောင့် သူမှတ်ယူခြင်းဖြစ်ပေသည်။ ပေါလုကလည်း "ငါ၏အကျိုးစီးပွားကိုပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ငါထင်မှတ်၏။ ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်းသော အရာတို့ကိုရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏" ဟုဆိုခဲ့သည်။ ဖိလိပ္ပိ ၃း၇၊ ၈။ {Ed 68.3}

မောရှေသည် ဖါရောဘုရင်၏နန်းတော်နှင့် ရာဇပလ္လင်ကိုပေးအပ်ခြင်းခံရသော်လည်း၊ ထည်ဝါသောနန်းတော်တွင် လူတို့အားဘုရားသခင်ကိုမေ့ပျောက်စေသည့်အပြစ်ရှိသောပျော်ရွှင်မှုအစား၊ "မြဲသောစည်းစိမ်နှင့်ဖြောင့်မတ်ခြင်းပါရမီ" (သုတ္တံ ၈း၁၈) ကိုရွေးချယ်ခဲ့သည်။ အီဂျစ်ပြည်၏ကြီးမြတ်ခြင်းနှင့်မိမိကိုယ်ကို ချိတ်ဆက်မည့်အစား၊ မိမိ၏အသက်တာကိုဘုရားသခင်၏ ရည်ရွယ်ချက်၌ ချည်နှောင်ထားရန်သူရွေးချယ်ခဲ့သည်။ အီဂျစ်ပြည်၏ဥပဒေကိုရေးဆွဲမည့်အစား၊ ဘုရားရှင်၏လမ်းပြမှုဖြင့် လူသားများအတွက်ပညတ်ချက်များကိုပြဋ္ဌာန်းပေးခဲ့သည်။ လူသားအစိုးရ၏အခြေခံအုတ်မြစ်အားလုံးတွင် အကောင်းဆုံးဟု ယနေ့ကမ္ဘာ့ပညာရှင်များကအသိအမှတ်ပြုကြသည့်၊ အခြေခံနိယာမများဖြစ်သည့် အိမ်ထောင်စုနှင့်လူ့အဖွဲ့အစည်းကို အတူတူကာကွယ်ပေးပြီး၊ လူမျိုးတို့ကြွယ်ဝချမ်းသာစေမည့် တိုက်ထောင့်အုတ်မြစ်ဖြစ်သည့်အခြေခံနိယာမများကို လူတို့အားပေးရန် ဘုရားသခင်၏တန်ဆာပလာဖြစ်လာခဲ့သည်။ {Ed 68.4}

အီဂျစ်ပြည်၏ကြီးမြတ်မှုသည် မြေခခဲ့လေပြီ။ ၎င်း၏တန်ခိုးနှင့်ယဉ်ကျေးမှုသည်လည်းလွန်သွားခဲ့လေပြီ။ သို့သော် မောရှေ၏လုပ်ဆောင်မှုသည် ဘယ်အခါမျှမပျက်စီးနိုင်ချေ။ သူတည်ထောင်ခဲ့သည့်မဟာဖြောင့်မတ်ခြင်း အခြေခံနိယာမများသည် အစဉ်တည်မြဲသည်။ {Ed 69.1}

မောရှေ၏အပန်းကြီးပြီး၊ ပူပန်ခြင်းစိတ်သောကနှင့်ပြည့်သောအသက်တာကို "လူတစ်သောင်းတို့တွင်အထွတ်အမြတ်ဖြစ်တော်မူ" ပြီး "တစ်ကိုယ်လုံး၌ချစ်ဖွယ်သောဂုဏ်အပေါင်းနှင့်ပြည့်စုံတော်မူသော" (ရှောလမုန်သီချင်း ၅း၁၀၊ ၁၆) သူ၏ရှေ့မှောက်တွင်ထွန်းလင်းတောက်ပလျက်ရှိသည်။ တောထဲ၌လှည့်လည်စဉ်တွင်လည်းကောင်း၊ ရောင်ခြည်တော်ပြောင်းလဲသောတောင်ပေါ်၌လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်၌လည်းကောင်း၊ ခရစ်တော်နှင့်အတူရှိခဲ့ပြီး၊ သူ့အသက်တာသည်ကမ္ဘာမြေအတွက် ကောင်းချီးမင်္ဂလာဖြစ်ခဲ့ပြီး၊ ကောင်းကင်၏ဂုဏ်ယူဖွယ်လည်းဖြစ်ခဲ့သည်။ {Ed 69.2}

ပေါလု၏များမြောင်လှသည့် ခက်ခဲစွာလုပ်ဆောင်ရသောအလုပ်များကိုလည်း ကိုယ်တော်၏ရှေ့မှောက်တွင် စောင့်ရှောက်သောတန်ခိုးဖြင့်အားပေးထောက်ခံထားသည်။ သူသည် "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏" ဟူ၍လည်းကောင်း၊ "ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းတို့ကိုခံရသော်လည်း၊ ထိုအမှုတို့တွင်အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်ငါတို့ကိုကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသောသူ၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကိုခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင်ကြ၏။ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်" ဟူ၍ လည်းကောင်း၊ ဆိုခဲ့သည်။ ဖိလိပ္ပိ ၄း၁၃။ ရောမ ၈း၃၆–၃၉။ {Ed 69.3}

ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ရှက်ဖွယ်ခံရသော်လည်း။ မိမိလုပ်ဆောင်မှု၏အသီးကိုမြင်ရခြင်းကြောင့် ရရှိသည့်အလားတူပျော်ရွှင်မှုမျိုးကို၊ မိမိ၏ကြိုးပမ်းလုပ်ဆောင်မှု၏ရလဒ်အဖြစ်ရရှိမည့် အနာဂတ်ပျော်ရွှင်မှုကိုမျှော်ကိုးလျက်ရှိသည်။ သက်သာလောနိတ်မြို့မှ ယုံကြည်သူများအား "ငါတို့မျှော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ဦးရစ်သရဖူကား၊ အဘယ်သို့သောအကြောင်းအရာနည်း။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ ရှေ့တော်၌ သင်တို့သည် ထိုသို့သောအကြောင်းအရာဖြစ်ကြသည်မဟုတ်လော။ သင်တို့သည် ငါတို့၏ဘုန်းအသရေ၊ ငါတို့၏ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ကြသတည်း" ဟုရေးသားခဲ့သည်။ ၁ သက်သာလောနိတ် ၂း၁၉၊ ၂၀။ {Ed 70.1}

ဤလောကအတွက် ပေါလုလုပ်ဆောင်မှု၏အကျိုးရလဒ်ကို အဘယ်သူတိုင်းတာနိုင်မည်နည်း။ ဝေဒနာကိုသက်သာစေသော၊ ဝမ်းနည်းခြင်းကိုနှစ်သိမ့်ပေးသော၊ မကောင်းမှုကိုဟန့်တားပေးသော၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်ရမ္မက်ကြီးခြင်းမှ အသက်တာကိုမြှင့်တင်ပေးပြီး၊ ထာဝရရှင်သန်မည့်မျှော်လင့်ခြင်းကို ရှင်သန်စေသော၊ ထိုစွမ်းပကားအားလုံးကို ပေါလုနှင့်သူ၏လုပ်ဖေါ်ဆောင်ဖက်များတို့သည် ယေရှု၏ဧဝံဂေလိတရားကို အာရှမှဥရောပကမ်းခြေများတိုင်အောင် သွားလာကြိုးပမ်းဟောပြောခြင်းအပေါ်မည်မျှပင်အကြွေးတင်ရှိသနည်း။ {Ed 70.2}

ထိုသို့သောကောင်းချီးမင်္ဂလာစွမ်းပကားများကို တစ်စုံတစ်ဦးအပေါ်သက်ရောက်စေရန် ဘုရားသခင်၏တန်ဆာပလာဖြစ်ရခြင်းသည် အလွန်အဖိုးကြီးလှသည်တကား။ ထိုသို့သောလုပ်ဆောင်မှု၏အကျိုးရလဒ်ကို ကောင်းကင်နိုင်ငံတွင်မြင်တွေ့ရလျှင် မည်မျှပင်ထိုက်တန်လိမ့်မည်နည်း။ {Ed 70.3}

***

# အခန်း ၈

# ဘုရားသခင်ထံမှစေလွှတ်တော်မူသောဆရာ

"နာမတော်မှုကားအံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့်မည်" ဟေရှာယ ၉း၆။ {Ed 73.1}

ဘုရားသခင်ထံမှဆရာသမားကိုစေလွှတ်ရာတွင်၊ ဘုရားရှင်သည်လူတို့အား အကောင်းဆုံးနှင့်အကြီးမြတ်ဆုံးသောအရာကို ပေးတော်မူခြင်းဖြစ်သည်။ အမြင့်ဆုံးသောဘုရားရှင်၏ အစည်းအဝေးတွင်ပါဝင်ခဲ့ပြီး၊ ကောင်းကင်ဗိမာန်တော်၏ အတွင်းကျဆုံးသောနေရာတွင် နေတော်မူသောသူသည် ဘုရားသခင်သိကျွမ်းခြင်းကို လူသားတို့အား လူကိုယ်တိုင်ဖော်ပြရန် ရွေးချယ်ခံရသောသူဖြစ်တော်မူသည်။ {Ed 73.2}

ကျွန်ုပ်တို့၏ကျရှုံးသောကမ္ဘာပေါ်သို့ ထိုးကျလာသောဘုရားရှင်၏ အလင်းတန်းကို ခရစ်တော်အားဖြင့်ဆက်သွယ်ပေးခဲ့သည်။ ခေတ်အဆက်ဆက်တွင် ဘုရားသခင်သည် လူတို့အားနှုတ်ထွက်စကားတော်ဖြင့် ဆက်သွယ်ခဲ့ကြောင်းကို လူတို့အားမိန့်တော်မူသောသူဖြစ်သည်။ လောက၏အကြီးမြတ်ဆုံးသောသူတို့၌ ထင်ရှားသည့်အကောင်းဆုံးသောအရာများမှာ ကိုယ်တော်ကိုရောင်ပြန်ခြင်းပင်ဖြစ်သည်။ ယောသပ်၏စင်ကြယ်မှုနှင့်ကောင်းမှုပြုတတ်ခြင်း၊ မောရှေ၏ယုံကြည်ခြင်း၊ သိမ်မွေ့ခြင်းနှင့်စိတ်ရှည်သည်းခံခြင်း၊ ဧလိရှဲ၏တည်ကြည်ခိုင်ခံ့ခြင်း၊ ဒံယေလ၏မြင့်မြတ်သောရိုးသားဖြောင့်မတ်ခြင်းနှင့်ဆုံးဖြတ်ချက်ခိုင်မာမှု၊ ပေါလု၏စိတ်အားထက်သန်မှုနှင့်ကိုယ်ကျိုးစွန့်ခြင်း စသည့်ဤလူများတို့နှင့် ဤကမ္ဘာတွင်နေထိုင်ခဲ့သောအခြားသူအားလုံးတို့၏စိတ်ဓါတ်အစွမ်းနှင့် ဝိညာဉ်တန်ခိုးတို့သည်

ကိုယ်တော်၏ဘုန်းတော်မှ တောက်ပသောရောင်ခြည်များပင်ဖြစ်သည်။ ကိုယ်တော်၌ ပြီးပြည့်စုံသောစံနှုန်းကိုမြင်တွေ့ရသည်။ {Ed 73.3}

ဤပုံစံကိုရရှိရမည့်တစ်ခုတည်းသော မှန်ကန်သည့်စံချိန်အဖြစ်ဖော်ပြရန်လည်းကောင်း၊ လူတိုင်းမည်ကဲ့သို့ဖြစ်လာနိုင်သည်ကိုဖော်ပြရန်လည်းကောင်း၊ ကိုယ်တော်ကိုရရှိသောသူအားလုံးအထဲ၌ ဘုရားရှင်ကိန်းဝပ်ခြင်းအားဖြင့် ဤစံနှုန်းအတိုင်းဖြစ်လာနိုင်သည်ကိုလည်းကောင်း ပြသရန်ခရစ်တော်သည် ဤလောကသို့ဆင်းကြွလာတော်မူခဲ့သည်။ ဘုရားသခင်၏သားသမီးများအဖြစ်သင့်လျော်ရန်နှင့်သူတို့သည် ဤကမ္ဘာပေါ်တွင်ကောင်းကင်၏စည်းမျဥ်းများကိုလေ့ကျင့်ပြီး မည်သို့အသက်ရှင်နေထိုင်ရန် လူတို့ကိုမည်သို့သင်ကြားပေးရမည်ကိုပြသခြင်းငှာ ကိုယ်တော်ကြွဆင်းတော်မူခဲ့သည်။ {Ed 73.4}

ဘုရားသခင်၏အကြီးမြတ်ဆုံးသောဆုလာဘ်ကို လူတို့၏အလိုအပ်ဆုံးသောအရာဖြည့်ဆည်းရန်အတွက်ပေးအပ်ခဲ့သည်။ ကမ္ဘာကြီး၏အမှောင်မိုက်ဆုံးသောအချိန်တွင် အလင်းဖြစ်တော်မူသောသူသည် ပေါ်ထွန်းတော်မူခဲ့သည်။ မှားယွင်းသောသွန်သင်မှုကြောင့် လူတို့၏စိတ်နှလုံးသည် ဘုရားသခင်ထံတော်မှဝေးကွာသွားခဲ့လေပြီ။ အောင်မြင်လွှမ်းမိုးနေသောပညာရေးစနစ်တွင် လူတို့၏အတွေးအခေါ်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်နေရာကို အစားထိုးခဲ့လေပြီ။ ဘုရားရှင်ပေးသောသမ္မာတရားစံနှုန်းအစား၊ လူတို့သည် မိမိတို့တီထွင်ဖန်တီးမှုများကိုလက်ခံခဲ့ကြသည်။ အသက်၏အလင်းဖြစ်တော်မူသောသူထံမှလှည့်၍ထွက်ခွာပြီး မိမိတို့ကိုယ်တိုင်ထွန်းညှိထားသောမီးမှ မီးပွားများ၌ လျှောက်လှမ်းခဲ့ကြသည်။ {Ed 74.1}

ဘုရားသခင်ထံတော်မှခွဲခွာပြီး လူသား၏တန်ခိုးသည်သာ လူတို့၏မှီခိုရာဖြစ်လာသောအခါ၊ သူတို့၏ခွန်အားသည် ဆုတ်ယုတ်ခဲ့ရလေသည်။ မိမိတို့ကိုယ်တိုင်ထားရှိသည့် စံနှုန်းကိုပင်မမီနိုင်ကြတော့ချေ။ အပြင်ပန်းနှင့်

အပြောအဆိုအားဖြင့် စစ်မှန်ပြီးကောင်းသောအရာကိုလိုချင်ကြသည်။ အသွင်အပြင်သာတူသောအရာသည် အစစ်အမှန်၏နေရာကိုယူခဲ့လေပြီ။ {Ed 74.2}

လူတို့အားသမ္မာတရား၏မူလဖြစ်တော်မူသော သူကိုညွှန်ပြသည့်ဆရာသမားများ အကြိမ်ကြိမ်ပေါ်ထွန်းခဲ့သည်။ စစ်မှန်သောစည်းမျဉ်းများကိုကြေညာဟောပြောခဲ့ကြပြီး၊ လူတို့သည်လည်း သူတို့၏တန်ခိုးကိုမြင်တွေ့ခဲ့ကြသည်။ သို့သော် ဤကြိုးစားအားထုတ်မှုများသည် စိတ်ထဲ၌ကြာရှည်စွဲမြဲခြင်းမရှိခဲ့ကြချေ။ မကောင်းမှုဖြစ်စဉ်ကို အကျဉ်းချုံးစစ်ဆေးသော်လည်း၊ ဆက်လက်လုပ်ဆောင်ခြင်းမပြုခဲ့ကြချေ။ ပြုပြင်ပြောင်းလဲရေးသမားများသည် အမှောင်ထုထဲ၌ လင်းသောအလင်းများသဖွယ်ဖြစ်ခဲ့ကြသည်။ သို့ရာတွင် သူတို့သည်အမှောင်ထုကို ဖယ်ရှားနိုင်ခြင်းမရှိခဲ့ကြချေ။ လူတို့သည် "အလင်းထက် မှောင်မိုက်ကို သာ၍နှစ်သက်ကြ၏" ယောဟန် ၃း၁၉။ {Ed 74.3}

ခရစ်တော်သည် ဤကမ္ဘာသို့ကြွဆင်းလာချိန်က၊ လူသားတို့သည် အနိမ့်ဆုံးအဆင့်သို့အလျင်အမြန်ကျဆင်းနေခဲ့ကြဟန်ရှိသည်။ လူ့အဖွဲ့အစည်း၏အဓိကအခြေအမြစ်ပင်လျှင် အောက်ခြေ၌လိုက်စားနေခဲ့သည်။ အသက်တာသည်မှားယွင်းလာပြီး၊ အတုအယောင်ဖြစ်လာခဲ့သည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏တန်ခိုးကို ခေါင်းပါးစေသော ယုဒလူတို့သည် လောက၏စိတ်ဝိညာဉ်ကိုထုံထိုင်းစေသော ထုံးတမ်းများနှင့်တွေးခေါ်ချက်များကိုလိုက်စားခဲ့ကြသည်။ ဘုရားသခင်အား "နံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း" ကိုးကွယ်မှုကို လူလုပ်သည့်အခမ်းအနားများ၌ သူတို့၏အတောမသတ်ဂုဏ်ချီးမြှင့်ခြင်းများဖြင့် အစားထိုးလိုက်ကြသည်။ လောကတစ်ခွင်လုံးတွင် ဘာသာရေးစည်းစနစ်များသည် လူတို့၏စိတ်နှလုံးထဲ၌အမြစ်စွဲမနေတော့ချေ။ ဒဏ္ဍာရီပုံပြင်နှင့်မှားယွင်းမှုတို့ဖြင့် စက်ဆုပ်ဖွယ်အဖြစ်သို့ရောက်ရှိပြီး၊ အတွေးအခေါ်များနှစ်မွန်းစေရန် အားထုတ်ကြခြင်းဖြင့် လူတို့သည် ယုံကြည်ကိုးကွယ်မှုကင်းမဲ့ခြင်းနှင့်ဥစ္စာပစ္စည်းကိုသာ အဓိကထားသောဝါဒဘက်သို့

လှည့်သွားခဲ့ကြသည်။ ထာဝရတည်သောအရာကို မိမိတို့၏မှန်းဆချက်မှ ချန်လှပ်ကာ၊ ပစ္စုပ္ပန်အတွက်သာအသက်ရှင်ခဲ့ကြသည်။ {Ed 74.4}

သူတို့သည် ဘုရားရှင်ကိုဝန်ခံခြင်းမရှိတော့သည်ဖြစ်ရာ၊ လူသားများကိုဂရုစိုက်မှုလည်းမရှိတော့ချေ။ သမ္မာတရား၊ ဂုဏ်ပုဒ်၊ ရိုးသားဖြောင့်မတ်ခြင်း၊ ယုံကြည်စိတ်ချခြင်း၊ သနားခြင်းမေတ္တာတို့သည် ကမ္ဘာမြေပေါ်မှစွန့်ခွာသွားကြသည်။ အကြင်နာကင်းမဲ့သောရမ္မက်ကြီးခြင်း၊ အာရုံစွဲငြိစေသောရည်မှန်းချက်တို့သည် သူတစ်ပါးအပေါ်မယုံကြည်မှုကိုပေါက်ပွားစေသည်။ အားနည်းခြင်း၊ လူသား၏ဂုဏ်သိက္ခာနှင့်အခွင့်အရေးများအပေါ် တာဝန်ဝတ္တရားရှိခြင်းကို အိမ်မက် သို့မဟုတ် ဒဏ္ဍာရီပုံပြင်ကဲ့သို့ဘေးဖယ်ထားလိုက်ကြသည်။ သာမန်လူတန်းစားကို ဝန်ထုပ်ဝန်ပိုးကြီးအဖြစ်လည်းကောင်း၊ ရည်မှန်းချက်အတွက် တန်ဆာပလာ၊ ခြေနင်းခုံကဲ့သို့မှတ်ယူခဲ့ကြသည်။ ကြွယ်ဝမှုနှင့်အာဏာ၊ အနားယူခြင်းနှင့် မိမိအလိုလိုက်ခြင်းတို့ကိုအဓိကရှာဖွေကြသည်။ ကိုယ်ကာယယိုယွင်းခြင်း၊ ဉာဏထိုင်းမှိုင်းခြင်း၊ ဝိညာဏသေဆုံးခြင်းတို့သည် ထိုခေတ်၏အမှတ်လက္ခဏာပင်ဖြစ်တော့သည်။ {Ed 75.1}

လူတို့၏မကောင်းသောစိတ်ခံစားမှုများနှင့် ရည်ရွယ်ချက်များသည် သူတို့၏စိတ်ထဲမှ ဘုရားသခင်ကိုဖျောက်ဖျက်လိုက်သောအခါ၊ ကိုယ်တော်ကိုမေ့လျော့ပြီး၊ မကောင်းမှုဘက်သို့သာ၍အားကြီးစွာ တိမ်းညွတ်သွားခဲ့သည်။ အပြစ်ကိုစွဲလမ်းသောစိတ်နှလုံးဖြင့် ကိုယ်တော်အားလွှမ်းခြုံလိုက်ကြပြီး၊ ဤအတွေးအမြင်သည် အပြစ်၏တန်ခိုးကိုအားသန်စေခဲ့သည်။ မိမိကိုယ်ကိုကျေနပ်ခြင်းဘက်၌စိတ်အားထက်သန်သောကြောင့်၊ ဘုရားသခင်ကိုမိမိတို့ကဲ့သို့ မိမိကိုယ်ကိုချီးမြှောက်သောသူ၊ မိမိ၏ပညတ်ချက်များသည်လည်း မိမိပျော်ရွှင်ရေးအတွက်သာလိုက်ဖက်အောင်ပြုသူ၊ မိမိ၏တစ်ကိုယ်ကောင်းဆန်သောရည်ရွယ်ချက်ကိုကူသောသူအားမြှင့်တင်၍၊ တားဆီးသောသူကို အောက်သို့နင်းချေသူအဖြစ်သဘောထားလာခဲ့ကြသည်။ အောက်ခြေလူတန်းစားများကလည်း အကြီးမြင့်ဆုံးသောအရှင်ကို မိမိတို့အားဖိနှိပ်သောသူတို့နှင့်မခြားသည့်အသွင်

ဖြင့်သဘောထားခဲ့ကြသည်။ ဤသို့သောအတွေးအခေါ်များအားဖြင့် ဘာသာရေးကိုပုံဖေါ်လာခဲ့ကြသည်။ ဘာသာရေးပုံစံတစ်ချက်စီသည် အာဏာဖြင့်တောင်းဆိုသည့်စနစ်ဖြစ်လာသည်။ ဝတ်ပြုကိုးကွယ်သောသူတို့သည် မိမိတို့၏ရှင်သန်ရေးအတွက် ဘုရားရှင်၏မျက်နှာသာပေးမှုလုံခြုံစိတ်ချစေရန်၊ လက်ဆောင်ပဏ္ဏာများနှင့် ပွဲလမ်းအခမ်းအနားများအားဖြင့် နှစ်သိမ့်စိတ်ပြေစေမည့်အကြောင်းကြိုးစားခဲ့ကြသည်။ ထိုသို့သောဘာသာရေးသည် ဩတ္တပ္ပစိတ်နှလုံးထဲတွင် တန်ခိုးကင်းမဲ့လျက်ရှိပြီး၊ သူတို့အားလွတ်မြောက်စေမည်ဟု လိုလားသောအကျိုးကိုမရရှိဘဲ စိုးရိမ်မှုဝဲဩဃထဲတွင် တဝဲလည်လည်ဖြစ်နေကြသည်။ မကောင်းမှုကိုမထိန်းချုပ်သောကြောင့် ကြီးထွားသန်မာလာကာ ကောင်းမြတ်ခြင်းကိုမြတ်နိုးလိုလားသည့်ဆန္ဒသည်လည်း မှေးမှိန်သွားခဲ့သည်။ လူတို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်ကို ဆုံးရှုံးခဲ့ကြပြီး သူတို့အားထိန်းချုပ်သည့်နတ်ဆိုး၏တန်ခိုးသည် ထင်ရှားလာခဲ့သည်။ လောကတစ်ခုလုံးသည် အကျင့်ပျက်စီးခြင်းထဲ၌ နစ်ဝင်သွားခဲ့ရသည်။ {Ed 75.2}

လူသားမျိုးနွယ်အတွက်မျှော်လင့်ချက်တစ်ခုမှာ ဤကွဲလွဲမှုနှင့်အကျင့်ပျက်စီးခြင်းအစုအပုံထဲသို့ အသစ်သောတဆေးကိုပစ်ထည့်ခြင်းဖြစ်သည်။ ထိုသို့ဖြင့်လူသားတို့ထံသို့ အသက်တာသစ်၏စွမ်းအားကို ယူဆောင်လာနိုင်မည်ဖြစ်ပြီး၊ ဘုရားသခင်အားသိကျွမ်းခြင်းကိုလည်း ဤလောကတွင်ပြန်လည်သစ်လွင်စေနိုင်မည်ဖြစ်သည်။ {Ed 76.1}

ခရစ်တော်သည် ဤဘုရားရှင်အားသိကျွမ်းခြင်းကို ပြန်လည်တည်ရှိစေရန် ကြွဆင်းလာခဲ့သည်။ ဘုရားသခင်အား သိသည်ဟုကြွေးကြော်ပြီး၊ ကိုယ်တော်ကိုမှားယွင်းစွာပုံဖေါ်သောသူတို့၏ မှားယွင်းသောသွန်သင်ချက်ကို ဖယ်ရှားရန် သူကြွလာတော်မူခဲ့သည်။ ကိုယ်တော်၏ပညတ်တော်၏ သဘောတရားနှင့် မိမိ၏ဂုဏ်တော်သန့်ရှင်းလှပမှုကိုဖေါ်ပြရန် ဆင်းကြွတော်မူခဲ့သည်။ {Ed 76.2}

ခရစ်တော်သည် ဤလောကသို့ထာဝရမေတ္တာအပေါင်းနှင့်အတူကြွဆင်းတော်မူခဲ့သည်။ ဘုရားသခင်၏ပညတ်တော်ကိုဝန်ပိစေခဲ့သောအာဏာနှင့် တောင်းဆိုမှုကိုလှည်းထုတ်ပြီး၊ ပညတ်တော်သည်ချစ်ခြင်းမေတ္တာနှင့်ဆိုင်သောပညတ်ဖြစ်ကြောင်း၊ ဘုရားရှင်၏ကောင်းမြတ်ခြင်းကို ဖော်ပြချက်ဖြစ်ကြောင်းစသည်တို့ကို ကိုယ်တော်သည်ပြသတော်မူခဲ့သည်။ ပညတ်တော်၏အခြေခံမှုများကိုနားထောင်မှုသည် လူသားများကိုပျော်ရွှင်မှုပေးကြောင်းနှင့် လူ့အဖွဲ့အစည်း၏အခြေအမြစ်နှင့်ဖွဲ့စည်းမှုဘောင်ကိုလည်း မြဲမြဲစေကြောင်းပြသရန် ကိုယ်တော်ကြွဆင်းတော်မူခဲ့သည်။ {Ed 76.3}

အာဏာရှင်ဆန်သောတောင်းဆိုမှုများကိုလုံးဝမပြုဘဲ၊ ဘုရားသခင်၏ပညတ်တော်သည် လူသားများအတွက်အကာအကွယ်ပေးသည့်ဒိုင်းလွှားပမာဖြစ်သည်။ ၎င်း၏အခြေခံမှုကိုလက်ခံသောသူမည်သူမဆို မကောင်းမှုမှစောင့်ထိန်းပေးသည်။ ဘုရားသခင်အပေါ်သစ္စာစောင့်သိခြင်းသည် လူသားများအပေါ်သစ္စာစောင့်သိခြင်းမည်၏။ ထို့ကြောင့်ပညတ်တော်သည် လူသားတစ်ဦးချင်းစီ၏အခွင့်အရေးနှင့် သီးသန့်ဖြစ်ခြင်းကိုစောင့်ရှောက်ပေးသည်။ ၎င်းသည် အုပ်ချုပ်သူများအားဖိနှိပ်ခြင်းမှလည်းကောင်း၊ လက်အောက်ငယ်သားများကို နားမထောင်ခြင်းမှလည်းကောင်း၊ ဟန့်တားပေးသည်။ ၎င်းသည် လူတို့၏ဤကမ္ဘာပေါ်နှင့်နောင်လာမည့်ကမ္ဘာတွင် ကောင်းစားရေးအတွက်သေချာစေသည်။ ပညတ်တော်ကိုလိုက်လျှောက်ခြင်းသည် ထာဝရအသက်အတွက်ကတိဖြစ်သည်။ အကြောင်းမှာ ၎င်းသည်အစဉ်တည်မြဲသောအခြေခံမှုကို ဖော်ပြသောကြောင့်ဖြစ်သည်။ {Ed 76.4}

လူသားမျိုးနွယ်ပြန်လည်ရှင်သန်ရန်အတွက် ၎င်း၏အစွမ်းကိုဖော်ပြခြင်းဖြင့် ဘုရားရှင်၏စည်းမျဉ်းများကိုပြသရန် ခရစ်တော်ကြွဆင်းလာတော်မူခဲ့သည်။ ဤအခြေခံမှုများကို မည်သို့တိုးတက်စေရန်နှင့် မည်သို့လက်တွေ့အသုံးချရမည်ကိုသွန်သင်ပေးရန် ကိုယ်တော်ကြွဆင်းတော်မူခဲ့သည်။ {Ed 77.1}

ထိုခေတ်အခါကလူတို့သည် အရာရာ၏တန်ဖိုးကို အပြင်ပန်းအားဖြင့် သာဆုံးဖြတ်ခဲ့ကြသည်။ ဘာသာတရား၏တန်ခိုးသည် ကျဆင်းလာချိန်တွင် ခမ်းနားထည်ဝါမှုသည် တိုးပွားလာသည်။ ထိုအချိန်ကသွန်သင်ပို့ပြင်သူများသည် အပြင်ပန်းသွင်ပြင်ပြသခြင်းနှင့်ဝါကြွားခြင်းတို့ဖြင့် ရိုသေလေးစားမှုကိုအစမ့် ရယူကြသည်။ ယေရှု၏အသက်တာသည် ဤအရာများအားလုံးနှင့်ထင်ရှားစွာ ကွဲပြားနေသည်။ အသက်တာ၏အလွန်အရေးပါသောအရာများအဖြစ် လူများ သဘောထားသည့်ထိုအရာအားလုံးသည် တန်ဖိုးမဲ့ကြောင်း ကိုယ်တော်၏ အသက်တာကညွှန်ပြပေးခဲ့သည်။ အရိုင်းစိုင်းဆုံးသောပတ်ဝန်းကျင် အလယ်တွင်မွေးဖွားသူ၊ ကျေးတောသား၏အိမ်ထောင်တွင်နေခဲ့သူ၊ ကျေးတောသား၏အမှတ်သညာကိုခံယူသူ၊ လက်မှုပညာဖြင့်အသက်မွေးသူ၊ မထင်မရှားနေထိုင်သူ၊ မိမိကိုယ်ကိုလောကကမသိသောပင်ပန်းစွာလုပ် ဆောင်သူအဖြစ်သဘောထားသူ ယေရှုသည် ဤအခြေအနေနှင့်ပတ်ဝန်းကျင်၏ အလယ်တွင် ဘုရားရှင်၏ပညာရေးအစီအစဉ်ကိုလိုက်လျှောက်တော်မူခဲ့သည်။ သေးငယ်သောအရာကိုပုံကြီးချဲ့ပြီး၊ ကြီးမားသောအရာကို သိမ်ငယ်စေသော ထိုအချိန်ကကျောင်းများတွင် ကိုယ်တော်သည် ပညာကိုမရှာမှီးခဲ့ချေ။ ကိုယ်တော် သည်ပညာကို ဘုရားရှင်တိုက်ရိုက်ခန့်ထားသည့် အရင်းအမြစ်များမှ လည်းကောင်း၊ ကြိုးစားသောလက်များ၊ မြင်နေသောမျက်စိများ၊ နားလည် နိုင်စွမ်းရှိသောစိတ်နှလုံးကိုပေးစွမ်းရန် ညွှန်ကြားချက်အပြည့်အစုံပါရှိသည့် ဘုရားသခင်၏သင်ခန်းစာစာအုပ်များဖြစ်သော အသုံးဝင်သောအလုပ်၊ သမ္မာကျမ်းစာနှင့်သဘာဝတရား၊ အသက်တာ၏အတွေ့အကြုံများမှတစ်ဆင့် ရရှိတော်မူခဲ့သည်။ {Ed 77.2}

"သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏" လုကာ ၂း၄၀။ {Ed 78.1}

ထိုသို့အဆင်သင့်ပြင်ဆင်ပြီးသောအခါ၊ မိမိ၏အမှုတော်ကိုဆောင်ရွက်၍ ဒေသစာရီလှည့်လည်ကာ၊ လူများနှင့်ထိတွေ့သည့်အခါသမယတိုင်းတွင် သူတို့အပေါ်တွင်ကောင်းချီးမင်္ဂလာနှင့် ပြောင်းလဲခြင်းတန်ခိုးကိုသက်ရောက်စေ၍၊ ထိုသို့သောအရာကို ဤလောကသည်ဘယ်ခါမျှမမြင်ဘူးခဲ့ချေ။ {Ed 78.2}

လူသားကိုပြောင်းလဲရန်ကြိုးစားသောသူသည် မိမိကိုယ်တိုင်လူသားတို့၏အကြောင်းကို နားလည်ထားရမည်။ သနားကြင်နာခြင်း၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာအားဖြင့်သာ လူသားတို့ထံသို့ရောက်ရှိ၊ မြှင့်တင်ပေးနိုင်သည်။ ဤနည်းဖြင့်ခရစ်တော်သည် ဆရာသမားများ၏ဆရာအဖြစ်ရပ်တည်တော်မူခဲ့သည်။ ကမ္ဘာမြေပေါ်တွင်နေထိုင်သောသူအားလုံးထဲတွင် ကိုယ်တော်သာလျှင် လူသား၏စိတ်ဝိညာဉ်ကိုအလုံးစုံနားလည်တော်မူသည်။ {Ed 78.3}

"ငါတို့၌ယဇ်ပုရောဟိတ်မင်းသည်" (ဆရာတကာတို့၏အရှင်၊ အကြောင်းမှာ ယဇ်ပုရောဟိတ်များသည် ဆရာသမားများဖြစ်ကြသည်။) "ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။" ဟေဗြဲ ၄း၁၅။ {Ed 78.4}

"ထိုသို့စုံစမ်းနှောင့်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍၊ ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့်၊ စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကိုမစခြင်းငှာ တတ်နိုင်တော်မူ၏" ဟေဗြဲ ၂း၁၈။ {Ed 78.5}

လူသားများအပေါ်ကျရောက်သောဝမ်းနည်းခြင်းများနှင့် စုံစမ်းခြင်းများအားလုံးကို ခရစ်တော်တစ်ပါးတည်းသာလျှင် တွေ့ကြုံခဲ့ဖူးသည်။ အခြားသောမည်သည့်အမျိုးသမီးမှမွေးဖွားသောသူသည် စုံစမ်းတိုက်ခိုက်ခြင်းကို ပြင်းထန်စွာမခံစားရချေ။ လေးလံသောလောက၏အပြစ်နှင့် နာကျင်ခြင်းကိုလည်း မည်သူမျှမထမ်းခဲ့ဖူးချေ။ သူ့လောက်အခြားမည်သူတစ်စုံတစ်ဦးမျှ သနားကြင်နာ

ခြင်းနှင့် သိမ်မွေ့ခြင်းမရှိချေ။ လူသားတို့၏အတွေ့အကြုံအားလုံးကိုမျှဝေခံစားသောကိုယ်တော်သည် ဝန်လေး၍စုံစမ်းခြင်းခံရပြီး ရုန်းကန်နေရသောသူတစ်ဦးချင်းစီအတွက်ခံစားသည်သာမက၊ သူတို့နှင့်အတူခံစားတော်မူခဲ့သည်။ {Ed 78.6}

ကိုယ်တော်သည် သွန်သင်သည်အတိုင်း အသက်ရှင်တော်မူခဲ့သည်။ မိမိ၏တပည့်တော်တို့အား "ငါသည်သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှါပုံသက်သေကိုပြခဲ့ပြီ" ဟူ၍လည်းကောင်း၊ "ငါသည် ခမည်းတော်၏ပညတ်တို့ကို စောင့်ရှောက်ပြီ" ဟူ၍လည်းကောင်း မိန့်တော်မူခဲ့သည်။ ယောဟန် ၁၃း၁၅၊ ၁၅း၁၀။ ထို့ကြောင့် ကိုယ်တော်၏အသက်တာတွင်၊ ခရစ်တော်၏နှုတ်ထွက်စကားသည်ပြည့်စုံသောသာဓကနှင့် အထောက်အပံ့ဖြစ်သည်။ ထို့ပြင်မက မိမိသွန်သင်သည့်အတိုင်း ကိုယ်တော်တိုင်ဖြစ်တော်မူသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် မိမိကိုယ်တိုင်၏ဘဝအတွေ့အကြုံဖြစ်သည်သာမက၊ မိမိ၏ဂုဏ်တော်လည်းဖြစ်သည်။ ကိုယ်တော်သည် သမ္မာတရားကိုသွန်သင်သည်သာမက၊ ကိုယ်တော်သည် သမ္မာတရားဖြစ်တော်မူသည်။ ဤအရာကြောင့် ကိုယ်တော်၏သွန်သင်ချက်သည် တန်ခိုးရှိသည်။ {Ed 78.7}

ခရစ်တော်သည်တိတိကျကျ အပြစ်တင်တတ်သူဖြစ်သည်။ သူ့လောက်မည်သူမျှမကောင်းမှုကို အလွန်မုန်းတီးသူမရှိသကဲ့သို့၊ အပြစ်ကိုအကြောက်အရွံ့မရှိဘဲရှုတ်ချသူလည်းမရှိချေ။ မမှန်မကန်၊ ယုတ်ညံ့သောအရာအားလုံးအတွက် ကိုယ်တော်၏ရှိနေခြင်းသည်ပင် ပြစ်တင်ဆုံးမခြင်းဖြစ်သည်။ ကိုယ်တော်၏စင်ကြယ်ခြင်းအလင်းတရားအောက်တွင် လူတို့သည် မိမိတို့ကိုယ်ကိုမစင်ကြယ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ဘဝရည်မှန်းချက်များသည် ညံ့ဖျင်းပြီးမှားယွင်းကြောင်းကိုလည်းကောင်း မြင်တွေ့ခဲ့ကြသည်။ သို့သော်လည်း သူတို့ကိုမိမိထံသို့ဆွဲခေါ်တော်မူသည်။ လူသားကိုဖန်ဆင်းတော်မူသောသူသည် လူသား၏တန်ဖိုးကိုသိတော်မူသည်။ မကောင်းမှုသည် မိမိကောင်းချီးပေး၍

ကယ်တင်မည့်သူတို့၏ရန်သူအဖြစ် လူသိရှင်ကြားရှုတ်ချတော်မူခဲ့သည်။ လူသားတိုင်းသည် မည်မျှပင်အပြစ်ကြီးပါသော်လည်း၊ မိမိ၏ဘုရားရှင်နှင့် ဆက်ဆံမှုကို ပြန်လည်တည်ဆောက်နိုင်သော ဘုရားသခင်၏သားအဖြစ် ကိုယ်တော်ရှုမြင်တော်မူသည်။ {Ed 79.1}

"လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ ဘုရားသခင်သည် သားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။" ယောဟန် ၃း၁၇။ လူတို့၏ဝေဒနာခံစားခြင်းနှင့်အောက်တန်းကျခြင်းကို ကြည့်၍၊ ခရစ်တော်သည်စိတ်ပျက်ဝမ်းနည်းခြင်းနှင့် ပျက်စီးခြင်းသာရှိသော နေရာတွင် မျှော်လင့်ခြင်းကိုပြင်ဆင်ပေးတော်မူသည်။ လိုအပ်ချက်ရှိသည့်နေရာ တိုင်းတွင် စိတ်ဓာတ်မြှင့်တင်ပေးရမည့်အခွင့်အရေးကို တွေ့မြင်တော်မူသည်။ စုံစမ်းခြင်း၌ကျရှုံး၍ မိမိတို့ကိုယ်ကိုပျောက်ဆုံးပြီး ပျက်စီးလုပြီဟုခံစားရသော သူတို့အား ပြစ်တင်ရှုတ်ချခြင်းမပြုဘဲ ကောင်းချီးပေးတော်မူသည်။ {Ed 79.2}

တောင်ပေါ်ဒေသနာများမှာ လူသားမျိုးနွယ်တစ်ခုလုံးကို နှုတ်ဆက်သည့် စကားပင်ဖြစ်သည်။ တောင်ပေါ်မှတရားဟောချက်ကိုနားထောင်ရန် စုရုံးလာကြသောလူထုကြီးကိုကြည့်ပြီး၊ မိမိသည်ကောင်းကင်နိုင်ငံ၌ရှိမနေကြောင်းကို ခဏတာ မျှမေ့နေခဲ့ဟန်ရှိပြီး၊ ရင်းနှီးပြီးသား ကောင်းကင်၏နှုတ်ဆက်စကားကို အသုံးပြုတော်မူခဲ့သည်။ ကိုယ်တော်၏နှုတ်ခမ်းမှ ကောင်းချီးမင်္ဂလာများသည် ကြာရှည်စွာပိတ်ထားသည့်စမ်းချောင်းမှ ရေများပန်းထွက်လာသည့်အလား စီးဆင်းလာခဲ့သည်။ {Ed 79.3}

ဤလောက၏ရည်မှန်းချက်ကြီးပြီး မိမိအလိုကိုဖြည့်ဆည်းပေးသည့် အနှစ်သက်ဆုံးသောအရာများကိုကျော်ခိုင်းပြီး၊ ကိုယ်တော်၏အလင်းတရားနှင့် ချစ်ခြင်းမေတ္တာကိုရရှိသောသူတို့သည် မိမိတို့၏လိုအပ်ချက်မှမည်မျှပင်ကြီးမား

စေကာမူ မင်္ဂလာရှိသောသူများဖြစ်ကြောင်းကို ကိုယ်တော်ကြေညာတော်မူခဲ့သည်။ စိတ်နှလုံးနှိမ့်ချသောသူများ၊ စိတ်မသာညည်းတွားသောသူများ၊ ညှဉ်းဆဲခြင်းခံရသောသူများထံသို့ မိမိလက်တော်ကိုဆန့်လျက် "ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်" (မဿဲ ၁၁း၂၈) ဟုမိန့်တော်မူသည်။ {Ed 79.4}

လူသားတစ်ဦးချင်းစီတွင် အဆုံးမရှိဖြစ်နိုင်ခြေရှိကြောင်း ကိုယ်တော်သည်ထိုထွင်းသိမြင်တော်မူသည်။ "အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရား၏ကျေးဇူးတော်" (ဆာလံ ၉၀း၁၇) အားဖြင့် လူသည် မည်သို့ပုံသဏ္ဍာန်ပြောင်းလဲနိုင်သည်ကို ကိုယ်တော်သိမြင်တော်မူခဲ့သည်။ သူတို့ကိုမျှော်လင့်ခြင်းနှင့်ကြည့်၍ မျှော်လင့်ခြင်းကိုလည်းပေးတော်မူသည်။ သူတို့အားယုံကြည်စိတ်ချစွာတွေ့ဆုံပြီး၊ ယုံကြည်အားကိုးသည့်စိတ်ကို နှိုးဆွပေးတော်မူသည်။ မိမိကိုယ်၌လူတို့အတွက် စစ်မှန်သောစံနမူနာကိုပြသပြီး၊ ၎င်းကိုလိုချင်တောင့်တ၍ ယုံကြည်ခြင်းဖြင့်အရယူရန် နှိုးဆော်ပေးတော်မူသည်။ ကိုယ်တော်၏ရှေ့မှောက်တွင် ရွံ့ရှာဖွယ်ကျရှုံးပြီးသောသူတို့က မိမိတို့သည်လူသားပင်ဖြစ်နေသေးကြောင်း သဘောပေါက်လာကာ၊ ကိုယ်တော်၏ဂရုစိုက်ခြင်းကို ခံထိုက်သူများအဖြစ်သက်သေပြလိုခဲ့ကြသည်။ သန့်ရှင်းသောအရာများရှေ့တွင် စိတ်နှလုံးသေဆုံးသည့်အလား ဖြစ်နေသူများသည် အသစ်သောအာရုံများနိုးကြားလာသည်။ စိတ်ပျက်ဝမ်းနည်းနေသူများအတွက် ဘဝသစ်ထူထောင်နိုင်မည့် အခွင့်အလမ်းများပွင့်လာခဲ့သည်။ {Ed 80.1}

ခရစ်တော်သည်သူတို့အား မိမိနှလုံးတော်၌ချစ်ခြင်းမေတ္တာနှင့်ဆက်ကပ်ခြင်းတို့ဖြင့် ချည်နှောင်ထားတော်မူကာ ထိုနှောင်ကြိုးနှင့်ပင်သူတို့အား အခြားသောသူများနှင့်လည်း ချည်နှောင်ထားတော်မူသည်။ ကိုယ်တော်အတွက်မူ ချစ်ခြင်းမေတ္တာသည် အသက်ဖြစ်ပြီး၊ အသက်သည်လည်းဝန်ဆောင်မှုဖြစ်သည်။ ကိုယ်တော်က "သင်တို့သည် အဖိုးမပေးဘဲကျေးဇူးတော်ကို ခံရကြပြီဖြစ်၍၊

အဖိုးမခံဘဲပေးကမ်းကြလော့” (မဿဲ ၁၀း၈) ဟုမိန့်တော်မူသည်။ {Ed 80.2}

ခရစ်တော်သည်လူသားများအတွက် မိမိကိုယ်ကိုပေးဆပ်ခြင်းမှာ လက်ဝါးကပ်တိုင်အပေါ်၌သာမဟုတ်ချေ။ ကိုယ်တော်သည် “မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာကိုပေးလျက်လှည့်လည်တော်မူ” (တမန်တော် ၁၀း၃၈) စဉ်တွင်၊ နေ့စဉ်ပြုလုပ်သောအရာတိုင်းသည် မိမိ၏အသက်ကိုသွန်းလောင်းခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် ဤကဲ့သို့သောအသက်တာသာလျှင်ခံနိုင်စွမ်းရှိသည်။ ယေရှုသည် ဘုရားသခင်အပေါ်မှီခိုပြီး၊ သူနှင့်အတူပေါင်းဖေါ်ပြီးအသက်ရှင်ခဲ့သည်။ အမြင့်ဆုံးသောဘုရားရှင်၏လျှို့ဝှက်သောနေရာ၊ အနန္တတန်ခိုးရှင်၏အရိပ်အောက်တွင် လူတို့သည်ရံဖန်ရံခါပြုပြင်ကြသည်။ ထိုသို့ခဏတာတည်နေချိန်တွင်၊ ရလဒ်အဖြစ်မွန်မြတ်သောအလုပ်များကိုမြင်တွေ့ရသည်။ ထို့နောက် သူတို့၏ယုံကြည်ခြင်းသည်ကျရှုံးပြီး၊ ဆက်သွယ်မှုသည်လည်းအဆက်ပြတ်သွားကာ၊ လုပ်ဆောင်သမျှသည်ပျက်ပြားသွားရသည်။ သို့သော် ယေရှု၏အသက်တာသည်အစဉ်အဆက် ဆက်သွယ်ခြင်းအားဖြင့်ရရှိနိုင်သည့်တည်မြဲသော ယုံကြည်ကိုးစားမှုဖြစ်သည်။ ကိုယ်တော်၏ကောင်းကင်နိုင်ငံအတွက်နှင့် ကမ္ဘာမြေအတွက်ဝန်ဆောင်မှုသည်ကျရှုံးခြင်း၊ ပြောင်းလဲခြင်းမရှိချေ။ {Ed 80.3}

ဘုရားဇာတိနှင့်လူဇာတိကို ဆက်သွယ်ပေးသည့်ကောင်းကင်နိုင်ငံ၏လျှပ်စီး၌ လူ့ဇာတိကိုအားအပြည့်သွင်းပြီးသည့်တိုင်အောင်၊ ယေရှုသည်လူသားတစ်ဦးအနေဖြင့် ဘုရားရှင်၏ပလ္လင်တော်သို့ အသနားခံတော်မူခဲ့သည်။ ဘုရားသခင်ထံမှ အသက်ကိုရရှိသည်ဖြစ်ရာ၊ ၎င်းအသက်ကိုလူတို့အားလည်းပေးတော်မူသည်။ {Ed 80.4}

“ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ” ယောဟန် ၇း၄၆။ အကယ်၍ ခရစ်တော်သည် ကိုယ်ခန္ဓာနှင့်ဉာဏ်စွမ်းရည်နယ်ပယ်များ၊

သို့တည်းမဟုတ် တွေးခေါ်ယူဆချက်များကိုသာ သွန်သင်ခဲ့မည်ဆိုလျှင် အထက်ပါစကားမှာ မှန်ကန်လိမ့်မည်။ ထိုသို့ဖြင့်ကိုယ်တော်သည် ရာစုနှစ်များစွာကြိုးစားလုပ်ဆောင်၍ လေ့လာထိုးဖေါက်ရမည့်နက်နဲသောအရာများကို ဖေါ်ထုတ်ပေးလိမ့်မည်။ ကာလအဆုံးထိတိုင်အောင် အတွေးအခေါ်အတွက် အစာနှင့်တီထွင်မှုအတွက် အားပေးမှုရရှိစေမည့် သိပ္ပံပညာကဏ္ဍတွင် ကိုယ်တော်သည် အကြံပြုချက်များပေးပေလိမ့်မည်။ သို့သော် ကိုယ်တော်သည် ထိုသို့ပြုတော်မမူခဲ့ချေ။ ကိုယ်တော်သည် သိချင်စိတ်ပြင်းပြမှုကိုကျေနပ်စေရန်လည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်သည့်ရည်မှန်းချက်ကို နှိုးဆွပေးရန်လည်းကောင်း မည်သည့်အရာမျှမိန့်တော်မမူခဲ့ချေ။ ကိုယ်တော်သည် လက်ဆုပ်လက်ကိုင်မရသောအယူအဆများကို အရေးတယူမပြုဘဲ၊ အကျင့်စာရိတ္တကြီးထွားရန်အတွက် မရှိမဖြစ်လိုအပ်သောအရာ၊ ဘုရားသခင်ကိုသိကျွမ်းခြင်းနှင့် လူတို့၏အစွမ်းကြီးမားလာစေရန်နှင့် ကောင်းမှုကိုပြုရန်၊ စွမ်းအားတိုးပွားလာစေရန်စသည်တို့ကိုအရေးတယူပြုတော်မူခဲ့သည်။ အသက်တာနေထိုင်မှုပုံစံနှင့်သက်ဆိုင်သောသမ္မာတရား၊ လူသားကိုထာဝရတည်သောအရာနှင့် ဆက်စပ်ပေးသောသမ္မာတရားများကိုသာ မိန့်တော်မူခဲ့သည်။ {Ed 81.1}

ဘုရားသခင်နှုတ်ကပတ်တော်၊ သို့မဟုတ် ဘုရားရှင်၏အလုပ်စသည့်အကြောင်းအရာနှင့်ပတ်သက်သည့် လူတို့၏တွေးခေါ်ယူဆချက်များကို လေ့လာရန် လူတို့အားညွှန်ကြားမည့်အစား၊ မိမိ၏အမှုတော်၊ မိမိ၏နှုတ်တော်ထွက်စကား၊ မိမိ၏စောင်မမှုများတွင် ပေါ်လွင်ထင်ရှားသည့် မိမိကိုကြည့်ရန် ယေရှုသွန်သင်တော်မူခဲ့သည်။ သူတို့၏စိတ်နှလုံးကို ဘုရားရှင်၏စိတ်တော်နှင့်ထိတွေ့ရန် ပို့ဆောင်ပေးတော်မူခဲ့သည်။ {Ed 81.2}

"အာဏာနှင့်ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာတော်ကိုအလွန်အံ့ဩကြ၏။" လုကာ ၄း၃၂။ အတွေးအခေါ်များကိုနိုးကြားစေရန်လည်းကောင်း၊ ပြင်းပြသောရည်မှန်းချက်နှိုးဆွပေးရန်လည်းကောင်း၊

ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်တို့၏အစွမ်းအားလုံးနိုးကြွလာစေရန်လည်းကောင်း၊ ထိုသို့ အာဏာပါလျက် ဟောပြောသူမည်သူမျှမရှိခဲ့ဖူးချေ။ {Ed 81.3}

မိမိ၏သနားကြင်နာမှုကဲ့သို့ပင် ခရစ်တော်၏သွန်သင်မှုသည် လောကီသားအားလုံးကိုလွှမ်းခြုံထားသည်။ ကိုယ်တော်၏သွန်သင်ချက်များသည် သင်ခန်းစာမပေးပါဟုဆိုလျက် ခရစ်တော်၏သွန်သင်ချက်ကို မျှော်လင့်စောင့်စားမှုမရှိသည့်လူ့ဘဝအခြေအနေမျိုး၊ လူသားများကြုံတွေ့သည့်ဘေးဒုက္ခမျိုး ဘယ်ခါမျှမရှိနိုင်ချေ။ ဆရာတကာတို့၏အရှင်၊ ကိုယ်တော်၏စကားများသည် ကမ္ဘာကြီးအဆုံးတိုင်အောင် ကိုယ်တော်နှင့်အတူ လုပ်ဆောင်သောသူများအတွက် လမ်းပြဖြစ်နေလိမ့်မည်။ {Ed 81.4}

ပစ္စုပ္ပန်နှင့်အနာဂတ်၊ အနီးနှင့်အဝေးအားလုံးတို့သည် ကိုယ်တော်အတွက်အတူတူပင်ဖြစ်သည်။ လူသားအားလုံး၏လိုအပ်ချက်များသည် ကိုယ်တော်ရှေ့မှောက်တွင်ရှိနေသည်။ ကိုယ်တော်၏ရှေ့မှောက်တွင် လူသားတို့၏ ကြိုးစားမှုနှင့်အောင်မြင်မှု၊ စုံစမ်းခြင်းနှင့်ရန်းကန်ခြင်း၊ ရှုပ်ထွေးခြင်းနှင့်ဘေးအန္တရာယ်စသည့်မြင်ကွင်းအားလုံး ဖြန့်ကြက်လျက်ရှိသည်။ အားလုံးသော စိတ်နှလုံးများ၊ အိမ်ထောင်စုများ၊ ပျော်ရွှင်ဝမ်းမြောက်ခြင်းများနှင့် ပြင်းပြသောရည်မှန်းချက်များတို့ကို ကိုယ်တော်သိတော်မူသည်။ {Ed 82.1}

ကိုယ်တော်သည် လူသားအားလုံးအတွက်သာမက၊ လူသားအားလုံးကို စကားပြောတော်မူခဲ့သည်။ ငယ်ရွယ်နုနယ်ပြီးအပူအပင်ကင်းသော ကလေးငယ်ကိုလည်းကောင်း၊ စိတ်ထက်သန်ပြီးဂနာမငြိမ်သောလူငယ်ကိုလည်းကောင်း၊ တာဝန်ဝတ္တရားနှင့်စိုးရိမ်ခြင်းတို့ဖြင့် ဝန်ပိနေသည့် ခွန်အားပြည့်ဝသောလူလတ်ကိုလည်းကောင်း၊ အားနည်းပြီးနွမ်းနယ်နေသော အသက်ကြီးသူကိုလည်းကောင်း၊ ကိုယ်တော်၏သတင်းစကားသည် နေရာတကာ၌ ခေတ်အဆက်ဆက်ရှိသော လူသားမျိုးနွယ်အားလုံးထံသို့ရောက်ရှိခဲ့သည်။ {Ed 82.2}

ကိုယ်တော်၏သွန်သင်ချက်တွင် လက်ရှိအရာများနှင့်ထာဝရတည်သောအရာများ၊ မြင်ရသောအရာနှင့်မမြင်နိုင်သောအရာများ၏ဆက်စပ်မှု၊ သာမန်အသက်တာ၏ကုန်လွန်ခဲ့သောဖြစ်ရပ်များနှင့် နောင်လာမည့်အသက်တာ၏လေးနက်သောအရေးကိစ္စတို့၏ ဆက်စပ်မှုများအားလုံးအကျုံးဝင်သည်။ {Ed 82.3}

ဤအသက်တာနှင့်ဆိုင်သောအရာများသည် ထာဝရတည်သောအကျိုးနှင့်စာလျှင်အရေးမပါသော်လည်း စစ်မှန်သောဆက်စပ်မှုရှိကြောင်း၊ သို့သော် ထိုအရာများ၏အရေးကြီးမှုကိုလည်း လျစ်လျူရှုတော်မမူကြောင်းကို သွန်သင်တော်မူခဲ့သည်။ ကောင်းကင်နှင့်မြေကြီးသည် ချိတ်ဆက်နေကြောင်းနှင့် ဘုရားရှင်၏သမ္မာတရားကိုသိကျွမ်းခြင်းသည် လူကိုနေ့စဉ်အသက်တာ၏တာဝန်များ သာ၍ကောင်းမွန်စွာထမ်းဆောင်နိုင်ရန် ပြင်ဆင်ပေးကြောင်းတို့ကို ကိုယ်တော်သွန်သင်တော်မူခဲ့သည်။ {Ed 82.4}

ကိုယ်တော်အတွက် ရည်ရွယ်ချက်မရှိသောအရာဘာမျှမရှိချေ။ ကလေးငယ်၏ပြေးဆော့ကစားခြင်း၊ လူတို့၏ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ အသက်တာ၏ပျော်ရွှင်မှု၊ စိုးရိမ်မှုနှင့်နာကြင်မှုများ၊ စသည့်ဤအရာအားလုံးတို့သည် လူသားမျိုးနွယ်ကို စိတ်ဓာတ်မြှင့်တင်ပေးရန်အတွက် ဘုရားသခင်၏ဖော်ပြချက်များကို သိရှိနိုင်မည့်နည်းလမ်းများဖြစ်ကြသည်။ {Ed 82.5}

ကိုယ်တော်၏နှုတ်တော်မှထွက်လာသော ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူတို့၏စိတ်နှလုံးထဲတွင် အသစ်သောတန်ခိုးနှင့်ရည်မှန်းချက်အသစ်ကိုပေးသည်။ ကိုယ်တော်၏သွန်သင်ချက်သည် ဖန်ဆင်းထားသောအရာများကို မျှော်လင့်ခြင်းတစ်ခုအတွက်ရပ်တည်စေနိုင်ခဲ့သည်။ အပြစ်တရားကထုတ်ပစ်ခဲ့သည့် တောက်ပမှုများသည် သဘာဝတရား၏မျက်နှာပြင်တွင် တစ်ဖန်ဝင်းလက်လာခဲ့သည်။ အသက်တာ၏ဖြစ်ရပ်မှန်များနှင့် အတွေ့အကြုံအားလုံးတွင် ဘုရားရှင်၏သင်ခန်းစာနှင့်

ဘုရားရှင်၏ပေါင်းဖော်ခြင်းဖြစ်နိုင်ခြေများကို ဖော်ပြလျက်ရှိသည်။ တစ်ဖန် ဘုရားသခင်သည် ကမ္ဘာမြေပေါ်တွင်နေထိုင်တော်မူပြီး၊ လူတို့၏စိတ်နှလုံးသည်လည်း ကိုယ်တော်ရှိနေခြင်းကို သတိထားမိလာခဲ့ကြသည်။ လောကသားများကို ကိုယ်တော်၏မေတ္တာဖြင့်လွှမ်းခြုံလျက်ရှိသည်။ ဘုရားရှင်သည် လူသားများထံသို့ဆင်းကြွတော်မူခဲ့သည်။ ခရစ်တော်၌ သူတို့၏စိတ်နှလုံးသည် မိမိတို့အားထာဝရသိပ္ပံအတတ်ကို ဖွင့်ပေးတော်မူသောသူကို သူတို့အသိအမှတ်ပြုကြသည်။ {Ed 82.6}

**"ဧမာနွေလ.... ငါတို့နှင့်အတူရှိသောဘုရားသခင်။"** {Ed 83.1}

ဘုရားသခင်ထံမှစေလွှတ်တော်မူသောဆရာသမားထံ၌ စစ်မှန်သောပညာရေး၏ဗဟိုချက်မကိုရှာတွေ့နိုင်သည်။ ယနေ့ ဤပညာရေးအလုပ်ကို လွန်ခဲ့သောနှစ်ပေါင်း ၁၈၀၀ (ယခုနှစ်ထောင်ကျော်) က ကိုယ်တော်တည်ထောင်ခဲ့သောအလုပ်ကဲ့သို့ပင်၊ ကယ်တင်ရှင်သည် နှုတ်တော်အားဖြင့်– {Ed 83.2}

"ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏" ဟူ၍လည်းကောင်း။ {Ed 83.3}

"ငါသည်အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏" ဟူ၍လည်းကောင်း မိန့်တော်မူခဲ့သည်။ ဗျာဒိတ် ၁း၁၇၊၁၈။ ၂၁း၆။ {Ed 83.4}

ထိုသို့သောဆရာသမားရှေ့တော်မှောက်တွင်၊ ဘုရားရှင်၏ပညာရေးကိုရနိုင်သည့်အခွင့်ထူးရှိပါလျက်၊ ကိုယ်တော်အပြင် အခြားနေရာ၌ ပညာရေးကိုရှာဖွေခြင်းထက် မိုက်မဲသောအရာသည်အဘယ်နည်း။ ပညာဖြစ်တော်မူသောသူအပြင် အခြားနေရာ၌ ပညာရှာခြင်း၊ သမ္မာတရားကိုငြင်းပယ်လျက်ပင် မှန်ကန်လိုခြင်း၊ အလင်းဖြစ်တော်မူသောသူအပြင်၌ အလင်းကိုရှာဖွေခြင်း၊ အသက်မပါဘဲတည်ရှိနေခြင်း၊ အသက်စမ်းရေမှလှည့်ထွက်၍၊ ရေမတင်ရှိနိုင်သည့်ရေတွင်းကို တူးခြင်းကဲ့သို့မိုက်မဲလှသည်။ {Ed 83.5}

ကြည့်လော့၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖိတ်ခေါ်နေဆဲဖြစ်သည်။ "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်။" "ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလိုငှါထွက်သောစမ်းရေဖြစ်လိမ့်မည်" ယောဟန် ၇း၃၇၊ ၃၈။ ၄း၁၄။ {Ed 83.6}

***

# အခန်း ၉

# ခရစ်တော်၏နည်းလမ်းများကို သရုပ်ဖော်ခြင်း

ဆရာသမားတစ်ဦးအဖြစ် ခရစ်တော်၏နည်းလမ်းများကို အစုံလင်ဆုံးဖော်ပြသောအရာမှာ ရှေးဦးတစ်ပည့်တော် (၁၂) ဦးကို လေ့ကျင့်သင်ကြားပေးရာတွင်တွေ့ရှိရသည်။ ဤသူတို့သည် ကြီးလေးသောတာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရမည်။ ထိုသူတို့အား မိမိ၏ဝိညာဉ်တော်ဖြင့် ပြည့်ဝစေနိုင်မည့်သူ၊ ဤမြေကြီးပေါ် မိမိ၏အမှုတော်ကိုစွန့်သွားတော်မူချိန်တွင် အမှုတော်ကိုဆက်လက်ထမ်းဆောင်ရန် သင့်လျော်နိုင်မည့်သူများအဖြစ် ကိုယ်တော်သည်သူတို့ကိုရွေးချယ်တော်မူခဲ့သည်။ အခြားသူများအားလုံးထက် သူတို့အား မိမိ၏ကိုယ်တိုင် ပေါင်းသင်းဆက်ဆံတော်မူခဲ့သည်။ ကိုယ်တိုင်ပေါင်းဖော်ခြင်းအားဖြင့် မိမိကိုယ်ကို ဤရွေးချယ်သောအမှုဆောင်များအပေါ် စွဲမှတ်စေတော်မူသည်။ ယောဟန်က "ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ။.... ငါတို့သည် သင်တို့အား သက်သေခံ၍ပြသကြ၏" (၁ယော ၁း၂) ဟုဆိုသည်။ {Ed 84.1}

ထိုသို့သောစိတ်နှလုံးချင်းဆက်ဆံမှု၊ လူနှင့်ဘုရားပေါင်းဖော်မှုကသာလျှင် စစ်မှန်သောပညာကိုပေးကမ်းခြင်း၌ မရှိမဖြစ်လိုအပ်သောစွမ်းအားကို ဖြည့်စွမ်းပေးနိုင်သည်။ အသက်ကိုဖြစ်စေသောအရာမှာ အသက်ပင်ဖြစ်သည်။ {Ed 84.2}

မိမိ၏တပည့်တော်များကိုလေ့ကျင့်ပေးရာတွင်၊ ကယ်တင်ရှင်သည် အစကနဦးက တည်ထောင်ပေးတော်မူခဲ့သောပညာရေးစနစ်ကို လိုက်လျှောက်

တော်မူခဲ့သည်။ ကနဦးရွေးချယ်တော်မူခဲ့သော (၁၂) ဦးနှင့်အတူ၊ သာသနာပြုစဉ်တစ်လျှောက် အခါအားလျော်စွာသူတို့၏လိုအပ်ချက်များကို အကူအညီပေးခဲ့သောလူအနည်းငယ်တို့ဖြင့် ယေရှု၏မိသားစုကိုဖွဲ့စည်းခဲ့သည်။ ထိုသူတို့သည် ကိုယ်တော်နှင့်အတူအိမ်၌လည်းကောင်း၊ ထမင်းစားစားပွဲဝိုင်း၌လည်းကောင်း၊ လူသူနှင့်ဝေးသောအရပ်တွင်လည်းကောင်း၊ လယ်ကွင်းပြင်များ၌လည်းကောင်း ရှိနေခဲ့ကြသည်။ သူတို့သည် ကိုယ်တော်နှင့်အတူခရီးသွားခဲ့ကြကာ၊ အခက်အခဲများကိုအတူတူရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့ဖြင့်ကိုယ်တော်၏အမှုတော်တွင် တတ်အားသရွေ့ပါဝင်ခဲ့ကြသည်။ {Ed 84.3}

တစ်ခါတစ်ရံတောင်စောင်းများတွင် အတူတကွထိုင်နေကြစဉ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံပင်လယ်ကမ်းခြေ သို့မဟုတ် တံငါလှေပေါ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံ အတူလမ်းလျှောက်စဉ်တွင်လည်းကောင်း ကိုယ်တော်သည် သူတို့အားသွန်သင်တော်မူခဲ့သည်။ လူထုအားဒေသနာစကားမိန့်တော်မူသည့်အချိန်တိုင်းတွင် သူတို့သည်ကိုယ်တော်၏အပါးတွင်ရှိနေခဲ့ကြသည်။ ကိုယ်တော်၏သွန်သင်ချက်များဘာတစ်ခုမျှမလွတ်သွားစေခြင်းငှာ ကိုယ်တော်အနီးသို့ချဉ်းကပ်ခဲ့ကြသည်။ သူတို့သည် နိုင်ငံတကာ၊ လူမျိုးအပေါင်းတို့ထံသို့ ဟောပြောရမည့်သမ္မာတရားကို နားလည်ရန်စိတ်အားထက်သန်ကာ၊ အသေအချာနားထောင်ခဲ့ကြသည်။ {Ed 85.1}

ယေရှု၏ရှေးဦးတပည့်တော်များမှာ သာမန်လူအဆင့်ထဲမှရွေးချယ်သူများဖြစ်ကြသည်။ ဂါလိလဲတံငါသည်တို့သည် စိတ်နှိမ့်ချသူများ၊ အတန်းပညာမရှိသူများဖြစ်ကြသည်။ သူတို့သည်ကျမ်းတတ်ဆရာများ၏ပညာနှင့်ရိုးရာများကိုသင်ကြားခဲ့ခြင်းမရှိကြသော်လည်း၊ အလုပ်ကြမ်းနှင့်အခက်အခဲများမှ ခိုင်မာသောစည်းမျဉ်းများကို သင်ယူခဲ့ကြသည်။ သူတို့သည် ပင်ကိုယ်စွမ်းရည်ရှိသူများ၊ သင်ယူတတ်သောစိတ်သဘောထားရှိသူများ၊ ကယ်တင်ရှင်၏အမှုတော်အတွက် ပြုပြင်သင်ကြားပေးနိုင်သောသူများဖြစ်ကြသည်။ သာမန်လူများအကြားတွင် မိမိတို့အလုပ်ကို စိတ်ရှည်စွာလုပ်ဆောင်

နေကြသည့်မီးခဲပြာဖုံးများရှိနေကြပြီး၊ တာဝန်ပေးအပ်လာသောအခါ၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများပင်ဖြစ်လာလိမ့်မည်။ ကိုယ်တော်သည် ထိုသို့သောသူများကို မိမိနှင့်အတူလုပ်ဆောင်ရန် ခေါ်တော်မူခဲ့သည်။ သူတို့သည် လောက၏အကြီးမြတ်ဆုံးသောဆရာ၏သင်ကြားမှုအောက်တွင် သုံးနှစ်မျှသင်တန်းတက်ခဲ့ရသောအခွင့်ထူးကိုရရှိခဲ့ကြသည်။ {Ed 85.2}

ဤရှေးဦးတပည့်တော်များအကြားတွင် ထင်ရှားသောကွဲပြားမှုရှိနေခဲ့သည်။ သူတို့သည် လောက၏ဆရာများဖြစ်လာမည့်သူများဖြစ်ကြရကာ၊ ကျယ်ကျယ်ပြန့်ပြန့်ကွဲပြားသောစာရိတ္တများကို သူတို့ကိုယ်စားပြုခဲ့ကြသည်။ သူတို့အထဲတွင် ရောမအစိုးရလက်အောက်၌ ခစားပြီးစီးပွားရေးလုပ်ဆောင်သောအခွန်ခံမဿဲ၊ ရောမအာဏာတန်ခိုးကိုခပ်တင်းတင်းဆန့်ကျင်သော နိုင်ငံရေး၊ ဘာသာရေးတက်ကြွလှုပ်ရှားသူရှိမုန်၊ မိမိကိုယ်ကိုအထင်ကြီးပြီး စာနာတတ်သောပေတရုနှင့်သူ့၏ညီအန္ဒြေ၊ လက်တွေ့လုပ်နိုင်စွမ်းရှိပြီးတွန့်တိုတတ်သည့်ယုဒပြည်သားယုဒ၊ သစ္စာရှိပြီးစိတ်အားထက်သန်သော်လည်း ယုံကြည်ရန်နှေးကွေးသောဖိလိပ္ပုနှင့်သောမတ်၊ သူတို့အထဲတွင်မထင်ပေါ်သော်လည်း ခွန်အားရှိပြီး မိမိတို့၏အားနည်းချက်နှင့်အားသာချက်များ၌ အပြုသဘောဆောင်သောယာကုပ်နှင့်ယုဒ၊ ရိုးသားမှုနှင့်ကိုးစားမှုတွင်နုနယ်သေးသောနာသနေလ၊ ရည်မှန်းချက်ကြီးပြီး ချစ်တတ်သောဇေဗေဒဲ၏သားများပါဝင်ကြသည်။ {Ed 85.3}

အမှုတော်ကို အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ရန် ခေါ်တော်မူခြင်းခံရသော ဤသူတို့သည် ပင်ကိုအကျင့်စရိုက်၊ သင်တန်းတက်ရောက်မှု၊ ဓလေ့ထုံးစံများ၌ ကျယ်ကျယ်ပြန့်ပြန့်ကွဲပြားကြပြီး၊ စိတ်ခံစားမှု၊ တွေးတောမှု၊ လုပ်ဆောင်မှုတို့တွင်စည်းလုံးကြရန်လိုအပ်သည်။ ဤစည်းလုံးမှုမှာ ခရစ်တော်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ မိမိ၌သူတို့စည်းလုံးနိုင်ရန် ကိုယ်တော်ကြိုးပမ်းတော်မူခဲ့သည်။ သူတို့အပေါ်ကိုယ်တော်၏တာဝန်ရှိပုံကို ခမည်းတော်ထံဆုတောင်းချက်တွင်ဖေါ်ပြထားသည်။ "ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝ

တည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။ ငါတို့သည်တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ်သည်သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်းအကျွန်ုပ် ၌ရှိတော်မူသောအားဖြင့်၊ သူတို့သည်တစ်လုံးတစ်ဝတည်းဖြစ်၍၊ တစ်လုံး တစ်ဝတည်း၌ စုံလင်ခြင်းငှါ၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူ ကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကြောင်းကို လောကီသားတို့သည်သိစေ.... ပါပြီ။" ယောဟန် ၁၇း၂၁–၂၃။ {Ed 86.1}

## *ခရစ်တော်၏ပြောင်းလဲစေသောတန်ခိုး*

တပည့်တော် (၁၂) ဦးထဲမှ လေးယောက်တို့သည် ခြားနားသော ကဏ္ဍအသီးသီးမှ ဦးဆောင်ခဲ့ကြသည်။ အရာရာကိုကြိုတင်သိမြင်တော်မူသော ခရစ်တော်သည် ဤအရာအတွက် သူတို့အားသွန်သင်တော်မူခဲ့သည်။ ယာကုပ်သည် စောစောစီးစီးဓားဖြင့်သေခဲ့ရသည်။ ယောဟန်မှာမူ ပင်ပန်းခြင်း နှင့်ညှဉ်းဆဲမှုများကြားမှ မိမိသခင်၏နောက်တော်ကို အကြာဆုံးလိုက်ခဲ့ရသည်။ ပေတရုသည် နှစ်ရှည်လများအတားအဆီးကိုဖြိုဖျက်ခဲ့သူ၊ သာသနာပများကို သွန်သင် သင်ကြားပေးသူဖြစ်သည်။ ယုဒသည် မိမိညီအစ်ကိုများထက်သာ၍ စွမ်းဆောင်ရည်ရှိသော်လည်း၊ မိမိ၏သေးငယ်သောရည်မှန်းချက်ကို အကောင် အထည်ဖော်ခဲ့သည်။ ဤသူတို့သည် ခရစ်တော်၏ဂရုပြုခြင်းကို အခံရဆုံးသော သူများ၊ သွန်သင်မှုအခံရဆုံးသောသူများ၊ ဂရုတစိုက်ညွှန်ကြားခြင်းခံရကြသူများ ဖြစ်ခဲ့သည်။ {Ed 86.2}

ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် မိမိတို့သခင်နှင့်အနီးကပ် ရှိနိုင်မည့်အခွင့်အရေးဟူသမျှကို ရှာဖွေသူများဖြစ်ပြီး၊ သူတို့၏ဆန္ဒသည်လည်း ပြည့်စုံခဲ့သည်။ တပည့်တော် (၁၂) ဦးထဲတွင်သူတို့သည် ကိုယ်တော်နှင့်အနီး ကပ်ဆုံးဆက်ဆံမှုရှိခဲ့ကြသည်။ ယောဟန်သည် သာ၍နီးကပ်စွာရှိနေမှသာ ကျေနပ်နိုင်သူဖြစ်၍၊ ဤအခွင့်အရေးကိုလည်းသူရရှိခဲ့သည်။ ယော်ဒန်မြစ်ကမ်း၌ ပထမအကြိမ်တွေ့ဆုံစဉ်က၊ ယေရှုအကြောင်းကိုကြားခဲ့ပြီးဖြစ်သောအန္ဒြေသည်

မိမိညီအစ်ကိုကိုခေါ်ရန်ပြေးလာစဉ် ယောဟန်သည်ငြိမ်သက်စွာထိုင်နေခဲ့ပြီး၊ အံ့ဩဖွယ်အကြောင်းအရာကို ချင့်ချိန်စဉ်းစားခဲ့သည်။ သူသည်ယေရှုနောက်တော်ကိုစိတ်အားထက်သန်စွာ မိန့်ကြားချက်များကို နားထောင်သူအဖြစ်လိုက်ခဲ့သည်။ သို့ရာတွင် ယောဟန်သည် အမှားနှင့်ကင်းသူမဟုတ်ခဲ့ပါ၊ သူသည်သိမ်မွေ့ယဉ်ကျေးသောစိတ်အားထက်သန်သူမဟုတ်ခဲ့ပါ။ သူနှင့်သူ့ညီအစ်ကိုတို့ကို "မိုးကြိုးသား" (မာကု ၃း၁၇) ဟုခေါ်ခဲ့ကြသည်။ ယောဟန်သည်ဘဝင်မြင့်သူ၊ ရည်မှန်းချက်ကြီးသူ၊ တိုက်ခိုက်ရန်အဆင်သင့်ရှိနေသူဖြစ်သည်။ ဤသို့သောသူဖြစ်သော်ငြားလည်း ယေရှုသည်သူ၏စိတ်ထက်သန်မှု၊ ရိုးသားမှု၊ ချစ်ခင်ကြင်နာသောနှလုံးသားတို့ကိုသိမြင်တော်မူခဲ့သည်။ ယေရှုသည် သူ၏ကိုယ်ကျိုးရှာခြင်းကိုပြစ်တင်ရှုတ်ချခဲ့သည်။ သူ၏ရည်မှန်းချက်များကိုလည်း စိတ်ပျက်စေခဲ့ပြီး၊ သူ၏ယုံကြည်ခြင်းကိုစမ်းသပ်တော်မူခဲ့သည်။ သို့သော်လည်း ကိုယ်တော်သည် သူတောင့်တသောသန့်ရှင်းခြင်း၏တင့်တယ်ခြင်း၊ မိမိ၏ပြောင်းလဲခြင်းဖြစ်စေသော မေတ္တာတို့ကိုပြသတော်မူခဲ့သည်။ ကိုယ်တော်သည်ခမည်းတော်ထံတွင် "ဤလောကထဲမှယူ၍ အကျွန်ုပ်၌အပ်ပေးတော်မူသောသူတို့အား ကျွန်ုပ်သည် ကိုယ်တော်၏နာမကိုပြတော်မူပြီ" (ယောဟန် ၁၇း၆) ဟု မိန့်တော်မူခဲ့သည်။ {Ed 87.1}

ယောဟန်သည်ချစ်ခြင်းမေတ္တာ၊ သနားခြင်းနှင့်မိတ်ဆွေစသည်တို့ကိုတောင့်တသောသဘောထားရှိသည်။ သူသည် ယေရှုအနားသို့တိုးဝင်ချဉ်းကပ်ပြီး၊ ကိုယ်တော်၏ရင်ခွင်ကိုမှီပြီးထိုင်နေခဲ့သည်။ ပန်းတစ်ပွင့်သည် နေရောင်ခြည်နှင့်နှင်းရည်ကိုစုပ်ယူသကဲ့သို့၊ သူသည်ဘုရားရှင်၏အလင်းနှင့် အသက်တို့ကိုသောက်သုံးခဲ့သည်။ လေးစားမှုနှင့်ချစ်ခြင်းဖြင့် ခရစ်တော်နှင့်တူလာသည်တိုင်အောင် ကယ်တင်ရှင်ကိုသူမျှော်ကြည့်ခဲ့သည်။ ကိုယ်တော်နှင့်ဖော်ရွေစွာဆက်ဆံရေးမှာ သူ၏လိုအင်ဆန္ဒဖြစ်လာခဲ့ပြီး၊ သူ၏စရိုက်တွင် မိမိသခင်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်ခဲ့သည်။ {Ed 87.2}

ယောဟန်သည်အောက်ပါအတိုင်းပြောဆိုခဲ့သည်။ "ဘုရားသခင်၏ သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း၊ ဘုရားသခင် သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့်၊ ငါတို့ကိုလည်းမသိကြ။ ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့်တူကြလတ္တံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတ္တံ့။ ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော် သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" ၁ယောဟန် ၃း၁–၃။ {Ed 87.3}

## *အားနည်းခြင်းမှအားကြီးခြင်းသို့*

မည်သည့်တပည့်တော်တစ်ဦးတစ်ယောက်၏ရာဇဝင်ကမျှ ပေတရု၏ ရာဇဝင်ထက် ခရစ်တော်သွန်သင်ခြင်းနည်းကို သာ၍ကောင်းအောင် ပုံမဖော်နိုင်ချေ။ ရဲရင့်ပြီးရန်မူတတ်သူ၊ မိမိကိုယ်ကိုယုံကြည်စိတ်ချသူ၊ အလျင်အမြန်သိမြင်ပြီး မြန်မြန်လုပ်ဆောင်တတ်သူ၊ ချက်ချင်းလက်တုံ့ပြန် တတ်သော်လည်း အလွန်ခွင့်လွှတ်တတ်သောပေတရုသည် မကြာမကြာ မှားတတ်ပြီး၊ ခဏခဏပြစ်တင်ခံခဲ့ရသည်။ ခရစ်တော်အပေါ်သူ၏နွေးထွေး သောသစ္စာစောင့်သိမှုနှင့်ဆက်ကပ်မှုတို့ကိုလည်း၊ အနည်းငယ်အသိအမှတ် ပြုချီးမွမ်းခံရသည်။ ခွဲခြားသိမြင်သောမေတ္တာဖြင့် ကယ်တင်ရှင်သည် မိမိ၏ စိတ်မြန်လက်မြန်လုပ်တတ်သောတပည့်တော်အား သူ၏မိမိကိုယ်ကိုယုံကြည် စိတ်ချမှုကိုဆန်းစစ်ရန်လည်းကောင်း၊ နှိမ့်ချခြင်း၊ နားထောင်ခြင်း၊ ယုံကြည်အား ကိုးခြင်းတို့ကိုစိတ်ရှည်စွာသင်ပေးခဲ့သည်။ {Ed 88.1}

သို့ရာတွင်သင်ခန်းစာကို တစ်ပိုင်းတစ်စသာသင်ယူနိုင်ခဲ့သည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို အမြစ်မလှန်နိုင်ခဲ့ချေ။ {Ed 88.2}

ယေရှုသည် စိတ်သောကအပြည့်ဖြင့် မိမိခံရမည့်စစ်ဆေးစီရင်ခြင်းနှင့် ဆင်းရဲဒုက္ခမြင်ကွင်းကို တပည့်တော်တို့အားဖွင့်ပြရန် မကြာခဏကြိုးပမ်းတော်မူခဲ့သည်။ သို့သော် သူတို့သည်မြင်နိုင်စွမ်းမရှိကြချေ။ ထိုသို့သောအရာကို သူတို့မသိမြင်လိုကြဘဲ၊ သိလည်းမသိခဲ့ကြချေ။ ဆင်းရဲဒုက္ခကြား၌ ခရစ်တော်နှင့် အတူဆက်ဆံနေခြင်းမှ နောက်တွန့်စေသည့် မိမိကိုယ်ကိုကရုဏာသက်ခြင်းမှ ပေတရု၏ချက်ချင်းတုံ့ပြန်မှုဖြစ်ပေါ်လာသည်။ "သခင်၊ ကိုယ်တော်၌ ဤသို့မဖြစ်ပါစေနှင့်။ ဤအမှုသည်ကိုယ်တော်၌မရောက်ရာ" မဿဲ ၁၆း၂၂။ သူ၏စကားသည် အခြားတပည့်တော်တို့၏အတွေးနှင့် ခံစားမှုကိုဖော်ပြခဲ့သည်။ {Ed 88.3}

ထိုကြောင့် သေရေးရှင်ရေးအချိန်သာ၍နီးကပ်လာချိန်တွင် သူတို့သည် ဆက်၍ထိုစိတ်သဘောရှိနေကြဆဲဖြစ်သည်။ သူတို့သည်လေလုံးထွားလျက် တော်ဝင်ဂုဏ်ပြုခြင်းကိုမျှဝေခံရန်မျှော်လင့်စောင့်စားနေကြပြီး၊ လက်ဝါးကပ်တိုင်ကို မမျှော်မှန်းခဲ့ကြချေ။ {Ed 88.4}

သူတို့အားလုံးအတွက် ပေတရု၏အတွေ့အကြုံမှသင်ခန်းစာရှိသည်။ စုံစမ်းစစ်ဆေးခြင်းတွင် မိမိကိုယ်ကိုကိုးစားခြင်းသည်ကျရှုံးခြင်းဖြစ်သည်။ မကောင်းသောအရာကိုဆက်လက်ကိုင်စွဲနေကြသေးသောကြောင့် ခရစ်တော်သည် သူတို့ကိုမကာကွယ်နိုင်ခဲ့ချေ။ သို့သော်လည်း ပေတရုသည် လှိုင်းများအကြားတွင်နစ်မြုပ်ချိန်က သူ့ကိုကယ်တင်ရန် မိမိလက်တော်ကိုဆန့်ထုတ်သကဲ့သို့၊ ကိုယ်တော်၏မေတ္တာသည် ပေတရု၏ဝိညာဉ်ရေနက်ထဲသို့ နစ်မြုပ်ချိန်တွင်ကယ်တင်ခဲ့သည်။ ပေတရု၏ကြွားလုံးများသည် ပျက်စီးခြင်းချောက်နှုတ်ခမ်းသို့သာ၍သာ၍နီးအောင် အကြိမ်ကြိမ်ပို့ပေးခဲ့သည်။ "သင်သည်ငါ့ကိုမသိဟု ... ငြင်းပယ်လိမ့်မည်" (လုကာ ၂၂း၃၄) ဟု အခါခါသတိပေးခံရသည်။ ဝမ်းနည်းကြေကွဲလျက် ချစ်သောစိတ်နှလုံးဖြင့် ပေတရုက "သခင်၊ အကျွန်ုပ်

သည် ကိုယ်တော်နှင့်အတူထောင်ထဲသို့လည်းကောင်း၊ အသေသတ်ခြင်းသို့လည်းကောင်း လိုက်ခြင်းငှာ အသင့်ရှိပါ၏" (လုကာ ၂၂:၃၃) ဟုလျှောက်ခဲ့သည်။ ထိုအခါ စိတ်နှလုံးကိုသိတော်မူသောကိုယ်တော်သည် ပေတရုအလေးမထားသည့်သတင်းစကားကိုပေးတော်မူခဲ့သည်။ သို့သော် ထိုသို့မှောင်မိုက်သည် အလျင်အမြန်ကျရောက်လာချိန်တွင် ပေတရုအတွက်မျှော်လင့်ခြင်းရောင်ခြည်သမ်းလာခဲ့သည်။ "ရှိမုန်၊ ရှိမုန်၊ ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့စာတန်သည် သင်တို့ကိုချရမည်အကြောင်းအခွင့်တောင်းသည်ဖြစ်၍၊ သင်၏ယုံကြည်သောစိတ်မပျက်စေခြင်းငှါ ငါသည်သင့်အဖို့ဆုတောင်းလေပြီ။ သင်သည်သတိရပြန်သောအခါ၊ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့" (လုကာ ၂၂:၃၁၊၃၂) ဟု ကိုယ်တော်မိန့်တော်မူခဲ့သည်။ {Ed 88.5}

တရားစီရင်ရေးခန်းမထဲသို့ ရောက်သွားသောအခါ၊ ကိုယ်တော်ကိုငြင်းပယ်ပါတော့သည်။ ကယ်တင်ရှင်၏သနားခြင်း၊ ချစ်ခြင်းနှင့်ဝမ်းနည်းခြင်းအကြည့်သည် ပေတရု၏ချစ်ခြင်းနှင့်သစ္စာစောင့်သိခြင်းတို့ကို နိုးဆွပေးလာသောအခါ၊ ခရစ်တော်ငိုကြွေးလျက် ဆုတောင်းတော်မူခဲ့သောဥယျာဉ်သို့သွားရောက်ခဲ့သည်။ သူ၏နောင်တမျက်ရည်သည် ကိုယ်တော်၏ပူပန်သောကကြောင့် သွေးစက်ကျခဲ့သောမြက်ခင်းပေါ်သို့စီးကျခဲ့သည်။ ထိုအခါ "ငါသည်သင့်အဖို့ဆုတောင်းလေပြီ။ သင်သည် သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့" ဟူသော ကယ်တင်ရှင်၏စကားတော်ကို သတိရခဲ့သည်။ ခရစ်တော်သည် သူ၏အပြစ်ကိုကြိုတင်မြင်ထားသော်လည်း သူ့အားဝမ်းနည်းခြင်းထဲတွင်ချန်မထားခဲ့ချေ။ {Ed 89.1}

အကယ်၍ ယေရှု၏သူ့အားသနားသောအကြည့်ဖြင့်မဟုတ်ဘဲ အပြစ်တင်သောအကြည့်ဖြစ်နေခဲ့လျှင်၊ သို့တည်းမဟုတ် သူ၏အပြစ်ကိုကြိုတင်ပြောပြရာတွင် မျှော်လင့်ချက်မထားရှိခဲ့လျှင်၊ ပေတရုကိုလွှမ်းခြုံသောမှောင်မိုက်သည် မည်မျှပင်ထူထပ်သိပ်သည်းလိမ့်မည်နည်း။ သူ၏သောကရောက်နေသောစိတ်သည် မည်မျှစိတ်ပျက်ပြီးဆောက်တည်ရာမရဖြစ်လိမ့်မည်နည်း။ ထိုသို့စိတ်

သောကရောက်၍ မိမိကိုယ်ကိုစက်ဆုပ်ရွံရှာချိန်တွင် ယုဒလျှောက်လှမ်းခဲ့သောလမ်းမှ သူ့အားမည်သည့်အရာကဆွဲထားသနည်း။ {Ed 89.2}

ပူပန်သောကဒဏ်ထဲတွင် မိမိ၏တပည့်တော်ကိုရှောင်ခွာမသွားနိုင်သော ကိုယ်တော်သည် သူ့အားခါးသီးမှုအကြားတွင် တစ်ဦးတည်းမထားရစ်နိုင်ချေ။ ကိုတော်၏မေတ္တာသည် ဘယ်ခါမျှကျောခိုင်းစွန့်ခွာသွားခြင်းမရှိချေ။ {Ed 90.1}

မိမိတို့ကိုယ်ကိုမကောင်းမှုထဲ၌ နစ်သောလူသားတို့သည် စုံစမ်းခြင်းခံရသူများ၊ မှားယွင်းသောသူများနှင့်ဆက်ဆံရာတွင်ကြင်နာမှုမရှိကြချေ။ ထိုသူတို့၏စိတ်သဘောသူတို့မသိနိုင်သကဲ့သို့၊ ထိုသူတို့၏ရုန်းကန်မှု၊ နာကျင်မှုများကိုလည်းမသိနိုင်ကြချေ။ မေတ္တာဖြင့်ဆုံးမခြင်း၊ ကုစားပေးသည့်ပြစ်ဒဏ်၊ မျှော်လင့်ချက်ပါရှိသောသတိပေးခြင်း စသည်တို့ကိုသူတို့သင်ကြားရန်လိုအပ်သည်။ {Ed 90.2}

တရားစီရင်ရေးခန်းမတွင် ကိုယ်တော်နှင့်အတူရှိနေခဲ့သောသူ၊ ကိုယ်တော်၏လက်ဝါးကပ်တိုင်ဘေးတွင်ရပ်နေသောသူ၊ သင်္ချိုင်းဂူသို့အလျင်ဦးဆုံးရောက်ရှိသွားသောတပည့်တော်မှာ ယောဟန်မဟုတ်ဘဲ၊ ပေတရုပင်ဖြစ်သည်။ ဤအချက်ကို မိမိထမြောက်တော်မူပြီးနောက် ခရစ်တော်မိန့်တော်မူခဲ့သည်။ "သင်တို့ရှေ့ဂါလိလဲပြည်သို့ကြွတော်မူကြောင်းကို၊ ပေတရုမှစ၍ တပည့်တော်တို့အား သွားပြောကြလော့။... ထိုပြည်၌ သင်တို့သည် ကိုယ်တော်ကို တွေ့မြင်ရကြလိမ့်မည်" (မာကု ၁၆း၇) ဟုကောင်းကင်တမန်ဆိုခဲ့သည်။ {Ed 90.3}

ပင်လယ်ကမ်းခြေတွင် ခရစ်တော်သည်တပည့်တော်များနှင့်နောက်ဆုံးတွေ့ဆုံချိန်က ပေတရုအား "ငါ့ကိုချစ်သလော" ဟူသောမေးခွန်းဖြင့်စစ်ဆေးခဲ့ပြီး တပည့်တော် (၁၂) ပါးထဲတွင် ယခင်နေရာကိုပြန်ပေးတော်မူခဲ့သည်။ သူ့အားကိုယ်တော်၏သိုးစုကိုကျွေးမွေးရန် တာဝန်ပေးအပ်ခဲ့သည်။ ထို့နောက်ယေရှုကသူ့အား "ငါ့နောက်သို့လိုက်လော့" ဟု နောက်ဆုံးညွှန်ကြားတော်မူခဲ့သည်။ ယောဟန် ၂၁း၁၇၊ ၂၂။ {Ed 90.4}

ယခုတွင်သူသည် ကိုယ်တော်၏မိန့်တော်မူသောစကားများကိုအသိအမှတ်ပြုနိုင်လေပြီ။ ခရစ်တော်သည် ကလေးငယ်ကိုတပည့်တော်များ၏အလယ်တွင်ထား၍၊ ထိုသူငယ်ကဲ့သို့ဖြစ်လာရန်သူတို့အားမိန့်တော်မူခဲ့သည်ကိုပေတရုသည် ယခုတွင်သာ၍ကောင်းစွာနားလည်လာနိုင်ခဲ့သည်။ မိမိအားနည်းချက်နှင့်ခရစ်တော်၏တန်ခိုးကိုသာ၍ပြည့်ပြည့်စုံစုံသိလာရာ၊ သူသည်ယုံကြည်ကိုးစားရန်နှင့်နားထောင်ရန် အဆင်သင့်ဖြစ်နေခဲ့သည်။ ကိုယ်တော်၏ခွန်အားဖြင့်သူသည် မိမိသခင်၏နောက်ကိုလိုက်နိုင်ခဲ့သည်။ {Ed 90.5}

မိမိ၏သာသနာလုပ်ငန်းအဆုံးတွင် ပေတရုသည်လက်ဝါးကပ်တိုင်အကြောင်းကိုသိမြင်ရန် တစ်ဖန်အဆင်သင့်မဖြစ်ခဲ့ဘဲ၊ ဧဝံဂေလိတရားအတွက်အသက်ပေးခြင်းကို ဝမ်းမြောက်ဖွယ်အဖြစ်မှတ်ယူခဲ့သည်။ သို့သော်ကိုယ်တော်ကိုငြင်းပယ်ခဲ့ဘူးသောသူအဖို့ မိမိသခင်သေသကဲ့သို့သေခြင်းသည်ကြီးမားလွန်းသောဂုဏ်ပြုမှုအဖြစ်ခံစားခဲ့သည်။ {Ed 90.6}

ဘုရားရှင်၏ကြင်နာမှုအံ့ဖွယ်နိမိတ်မှာ ပေတရု၏ပြောင်းလဲခြင်းဖြစ်သည်။ ဤအရာမှာ သခင်ယေရှု၏ခြေတော်ရာကိုလိုက်ရန် ကြိုးစားနေသူအားလုံးအတွက် ဘဝသင်ခန်းစာဖြစ်သည်။ {Ed 91.1}

## *မေတ္တာဖြင့်သင်ခန်းစာပေးခြင်း*

ယေရှုသည် မိမိတပည့်တော်များကို အပြစ်တင်သတိပေးဆုံးမခဲ့သည်။ သို့သော် ယောဟန်၊ ပေတရုနှင့် သူတို့၏ညီအစ်ကိုတို့သည် ကိုယ်တော်ကိုစွန့်ခွာမသွားခဲ့ကြပါ။ အပြစ်တင်ခံရလင့်ကစား သူတို့သည် ယေရှုနှင့်အတူရှိနေရန် ရွေးချယ်ခဲ့ကြသည်။ ကိုယ်တော်သည် သူတို့၏အမှားများကြောင့်သူတို့ထံမှထွက်ခွာတော်မမူခဲ့ပါ။ ကိုယ်တော်သည်လူတို့အား သူတို့ဖြစ်သည်အတိုင်း သူတို့၏အမှားများနှင့်အားနည်းချက်များအားလုံးနှင့်အတူခေါ်ယူတော်မူသည်။ ထိုအခါသူတို့သည် မိမိ၏လေ့ကျင့်သွန်သင်မှုကိုခံယူလျှင် သူ၏အမှုတော်အတွက် သူတို့ကိုပုံသွင်းပြုပြင်တော်မူသည်။ {Ed 91.2}

သို့ရာတွင် တပည့်တော် (၁၂) ပါးထဲမှ တစ်ယောက်ကိုမူ၊ မိမိ၏ သာသနာလုပ်ငန်းပြီးဆုံးရန် အလွန်နီးကပ်သောအချိန်မတိုင်မီတိုင်အောင်၊ ခရစ်တော်သည် ထိုသူအားတိုက်ရိုက်ပြစ်တင်ရှုတ်ချခြင်းမပြုခဲ့ချေ။ {Ed 91.3}

ယုဒအားဖြင့် တပည့်တော်များအကြားတွင် ပဋိပက္ခအစပြုခဲ့သည်။ မိမိကိုယ်ကို ယေရှုနှင့်ဆက်သွယ်ခြင်းဖြင့် ကိုယ်တော့်ဂုဏ်တော်နှင့်အသက်တာ၏ဆွဲဆောင်မှုကို သူတုံ့ပြန်ခဲ့သည်။ သူသည် မိမိကိုယ်၌ပြောင်းလဲမှုကို ရိုးရိုးသားသားလိုချင်ခဲ့ပြီး၊ ဤအရာကိုယေရှုနှင့်ပေါင်းဖေါ်ခြင်းအားဖြင့် တွေ့ကြုံရရှိရန် မျှော်လင့်ခဲ့သည်။ သို့သော်လည်း ထိုလိုလားမှုမှာအဓိကကျမလာတော့ချေ။ သူ့အားလွှမ်းမိုးသောအရာမှာ သူမျှော်လင့်နေသည့် ခရစ်တော်ထူထောင်မည့် လောကီနိုင်ငံတွင် တစ်ကိုယ်ကောင်းဆန်သော အကျိုးကိုမျှော်လင့်ခြင်းဖြစ်သည်။ ခရစ်တော်၏တန်ခိုးကြီးသောမေတ္တာတော်ကို အသိအမှတ်ပြုသော်ငြားလည်း၊ ယုဒသည် ထိုမေတ္တာတော်၌မတည်ခဲ့ချေ။ သူသည် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ခံယူချက်များ၊ ပြစ်တင်ဝေဖန်တတ်သောမိမိပင်ကိုစိတ်တို့ကို ဆက်လက်မွေးမြူခဲ့သည်။ ခရစ်တော်၏ရည်ရွယ်ချက်များနှင့်လှုပ်ရှားမှုများကို မကြာမကြာ သူသဘောမပေါက်နိုင်ဘဲ၊ သံသယနှင့်မနှစ်သက်မှုကိုဖြစ်စေခဲ့သည်။ သူ၏ သံသယများနှင့်ရည်မှန်းချက်များသည် တပည့်တော်များထဲတွင် လျှို့ဝှက်လာခဲ့သည်။ များစွာသောတပည့်တော်တို့၏ကြီးစိုးမှုအတွက် ယှဉ်ပြိုင်မှုများ၊ ခရစ်တော်၏နည်းလမ်းများအပေါ်သူတို့၏စိတ်မကျေနပ်မှုများသည် ယုဒမှအစပြုခဲ့သည်။ {Ed 91.4}

သူ့အားဒေါသထွက်စေခြင်းသည် စိတ်ကိုမာကျောစေမည်ကို သိမြင်သောကြောင့်၊ ယေရှုသည်တိုက်ရိုက်ပဋိပက္ခကို ရှောင်ကြဉ်တော်မူခဲ့သည်။ ယုဒအသက်တာ၏ကျဉ်းမြောင်းသော တစ်ကိုယ်ကောင်းဆန်ခြင်းကို မိမိ၏ ကိုယ်ကျိုးစွန့်သောမေတ္တာနှင့်ထိတွေ့စေခြင်းဖြင့်ကုစားရန် ခရစ်တော်ကြိုးပမ်းတော်မူခဲ့သည်။ မိမိသွန်သင်မှုများတွင် ကိုယ်တော်သည် ထိုတပည့်တော်၏

ကိုယ်ကျိုးသာကြည့်သောရည်မှန်းချက်များ၏အမြစ်ကို ဖော်ထုတ်မည့်အခြေခံစည်းမျဉ်းများကို ကိုယ်တော်ဖွင့်ပြတော်မူခဲ့သည်။ သင်ခန်းစာတစ်ခုပြီးတစ်ခုပေးရာတွင် ယုဒသည် မိမိစာရိတ္တကိုဖော်ထုတ်၍ မိမိအပြစ်ညွှန်ပြသည်ကို ကြိမ်ဖန်များစွာသဘောပေါက်သော်လည်း၊ သူသည်နောင်တမရခဲ့ချေ။ {Ed 92.1}

ကရုဏာတရား၏တောင်းပန်ခြင်းကိုငြင်းဆန်ကာ၊ မကောင်းမှုဘက်သို့နောက်ဆုံးတိမ်းညွတ်သွားတော့သည်။ သွယ်ဝိုက်ပြစ်တင်ခြင်းကိုဒေါသထွက်၍၊ မိမိ၏စိတ်ကူးရည်မှန်းချက်များအပေါ်စိတ်ဓာတ်ကျကာ ထင်ရာစိုင်းခဲ့သည်။ ထို့နောက် မိမိကိုယ်ကိုမကောင်းမှုလောဘလက်ထဲသို့အပ်နှံကာ၊ မိမိသခင်အပေါ်သစ္စာဖောက်ရန်စိတ်ပိုင်းဖြတ်ခဲ့သည်။ ခရစ်တော်ပါရှိသောကြောင့်ပျော်ရွှင်ပြီး ထာဝရမျှော်လင့်ခြင်းအလင်းထွန်းတောက်သော ပသခါပွဲခံရာခန်းမထဲမှ၊ သူသည် မကောင်းမှုကိုလုပ်ဆောင်ရန် အပြင်ဘက်မျှော်လင့်ချက်ကင်းမဲ့သောအမှောင်ထဲသို့ထွက်သွားခဲ့သည်။ {Ed 92.2}

ယေရှုသည်အစကပင်မယုံကြည်သောသူ၊ မိမိကိုသစ္စာဖောက်မည့်သူကိုသိနေတော်မူခဲ့သည်။ ယောဟန် ၆း၆၄။ အရာအားလုံးကိုသိတော်မူသော်လည်း၊ ကိုယ်တော်သည် ကရုဏာတရား၏တောင်းပန်ခြင်းနှင့်မေတ္တာလက်ဆောင်တို့ကိုထိမ်ချန်မထားခဲ့ချေ။ {Ed 92.3}

ယုဒကြုံရမည့်အန္တရာယ်ကိုသိမြင်သောကြောင့် ကိုယ်တော်သည် မိမိရွေးချယ်ယုံကြည်အားကိုးသော အတွင်းလူတပည့်များနှင့်အတူ သူ့အားမိမိအနားတွင်ထားရှိတော်မူခဲ့သည်။ တစ်နေ့ပြီးတစ်နေ့ မိမိစိတ်နှလုံးသည်လေးလံသောဝန်ထုပ်ကြီးဖိစီးလာချိန်တွင်၊ ကိုယ်တော်သည် ခေါင်းမာသူ၊ သံသယကြီးသူ၊ စိတ်ညှိုးငယ်သူနှင့်အတူအဆက်မပြတ်ဆက်ဆံရသည့်နာကျင်မှုကိုခံစားခဲ့ရသည်။ မိမိတပည့်တော်များအကြားမှ လျှို့ဝှက်သိမ်မွေ့စွာဆက်လက်ရှိနေသောရန်မူခြင်းကို ကိုယ်တော်သည်သိမြင်ခဲ့ပြီး၊ တိုက်ဖျက်ရန်ကြိုးပမ်း

တော်မူခဲ့သည်။ အန္တရာယ်ကျရောက်နေသောထိုဝိညာဉ်ကိုကယ်တင်ရန် လိုအပ်ချက်မရှိစေခြင်းငှါ အားလုံးလုပ်ဆောင်တော်မူခဲ့သည်။ "ရေများတို့သည်မေတ္တာကို မသတ်နိုင်။ မြစ်ရေတို့သည်မလွှမ်းမိုးနိုင်။ အကြောင်းမူကား မေတ္တာသည် သေခြင်းနှင့်အမျှတန်ခိုးကြီးပါ၏" ရှောလမုန်သီချင်း ၈း၇၊၆။ {Ed 92.4}

ယုဒနှင့်ပတ်သက်၍ မေတ္တာဖြင့်ခရစ်တော်၏လုပ်ဆောင်မှုမှာ အချည်းနှီးမဖြစ်ခဲ့ပါ။ အခြားသောတပည့်တော်များအတွက် တစ်သက်တာသင်ခန်းစာဖြစ်ခဲ့သည်။ စုံစမ်းခံ၍မှားနေသောသူတို့နှင့်ဆက်ဆံရေးကို သိမ်မွေ့ခြင်းနှင့် စိတ်ရှည်သည်းခံခြင်းပုံပမာက ပုံသွင်းပေးသည်။ ပြီးနောက်အခြားသင်ခန်းစာများလည်းရှိသည်။ တပည့်တော် (၁၂) ပါးကိုဘိသိက်ပေးစဉ်က တပည့်တော်တို့သည် ယုဒအားမိမိတို့အဖွဲ့ထဲတွင်အလွန်ပါဝင်စေချင်ခဲ့ကြသည်။ တမန်တော်အဖွဲ့ထဲတွင်ရာထူးတက်ရန် အလားအလာရှိသူအဖြစ်သူတို့မှတ်ယူခဲ့ကြသည်။ သူသည် တပည့်တော်များထက်လောကသားများနှင့်သာ၍ အဆက်အသွယ်များသည်။ သူသည်အဟောအပြောကောင်းသူ၊ ဝေဖန်ပိုင်းဖြတ်နိုင်စွမ်းရှိသူ၊ မိမိအရည်အချင်းများကိုအထင်ကြီးသူဖြစ်ပြီး၊ တပည့်တော်တို့သည်လည်း အလားတူ သူ့အားအသိအမှတ်ပြုစေခဲ့သည်။ သို့ရာတွင် ခရစ်တော်၏အမှုတော်ထဲသို့ဝင်လိုသည့်နည်းလမ်းကို လောကီနိယာမများအပေါ်အခြေခံပြီး၊ လောကီမူဝါဒများက ထိန်းချုပ်ထားသည်။ သူတို့သည် လောကီနိုင်ငံ၏အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းအာမခံချက်ကိုမျှော်ခဲ့ကြသည်။ ယုဒ၏အသက်တာ၌ ထိုလိုအင်ဆန္ဒများအတွက် ဆက်လက်လုပ်ဆောင်မှုသည် မိမိကိုယ်ကိုအရှိန်အဝါချဲ့ခြင်းနိယာမနှင့်ဝိညာဉ်ရေးနိုင်ငံနိယာမဖြစ်သော နှိမ့်ချခြင်းနှင့်ကိုယ်ကျိုးစွန့်ခြင်းတည်းဟူသောခရစ်တော်၏နိယာမတို့အကြား ရန်မူနေခြင်းကိုတပည့်တော်တို့အား နားလည်သဘောပေါက်စေသည်။ ယုဒ၏ကံကြမ္မာကိုကြည့်ခြင်းဖြင့် မိမိကိုယ်ကျိုးရှာခြင်း၏နိဂုံးကိုသူတို့မြင်ခဲ့ကြသည်။ {Ed 93.1}

ဤတပည့်တော်များအတွက် ခရစ်တော်၏သာသနာလုပ်ငန်း၏ရည်ရွယ်ချက်သည် အဆုံးတွင်ပြီးမြောက်သွားခဲ့ကြသည်။ တဖြည်းဖြည်းချင်း

ကိုယ်တော်၏ပုံနမူနာနှင့် မိမိကိုယ်ကိုစွန့်ပယ်ခြင်းသည် သူတို့၏အကျင့်စာရိတ္တကိုပုံသွင်းပေးခဲ့သည်။ ကိုယ်တော်၏သေခြင်းသည် သူတို့၏လောကီဆိုင်ရာကြီးမြတ်ခြင်းမျှော်လင့်ချက်ကို ဖျက်ဆီးပစ်လိုက်သည်။ ပေတရု၏ကျရှုံးခြင်း၊ ယုဒ၏သစ္စာဖေါက်ခြင်း၊ ခရစ်တော်ပူပန်သောကရောက်ချိန်က ကျောခိုင်းခဲ့သောသူတို့၏အမှားသည် သူတို့၏မိမိကိုယ်ကို ပြည့်စုံသည်ဟုခံစားချက်ကိုဖယ်ရှားပစ်လိုက်သည်။ မိမိတို့၏အားနည်းချက်ကို မြင်လာကြသည်။ သူတို့၌အပ်ပေးသောအမှုတော်၏ ကြီးမြတ်ခြင်းကိုသိလာကြသည်။ ခြေလှမ်းတိုင်းတွင်မိမိတို့သခင်၏လမ်းပြမှုလိုအပ်ကြောင်းကို သူတို့ခံစားသိရှိလာခဲ့ကြသည်။ {Ed 93.2}

ကိုယ်တော်သည် သူတို့နှင့်အတူကြာကြာရှိမနေနိုင်တော့သည်ကို သူတို့သိကြသည်။ သူတို့ယခင်ကမသိခဲ့ဖူးသော၊ ဘုရားသခင်စေလွှတ်တော်မူသောသူနှင့်အတူတကွသွားလာစကားပြောရသော တန်ဖိုးရှိသည့်အခွင့်အရေးများကို သူတို့သိလာခဲ့ကြသည်။ ကိုယ်တော်မိန့်တော်မူခဲ့သောသင်ခန်းစာများကို သူတို့သည်ကျေးဇူးမတင်၊ နားလည်းမလည်ခဲ့ကြချေ။ ယခုတွင် သူတို့သည် ထိုသင်ခန်းစာများကိုပြန်လည်လိုချင်ကြသည်။ တစ်ဖန် ကိုယ်တော်၏မိန့်တော်မူချက်များကို ပြန်ကြားလိုကြသည်။ ကိုယ်တော်၏အာမခံချက်သည် သူတို့အတွက် ဝမ်းမြောက်ဖွယ်ရာအဖြစ်ပြန်လည်ရောက်ရှိလာခဲ့သည်။ {Ed 94.1}

"ငါသွားလျှင်သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင်ဥပဒေ္ဒာယ်ဆရာသည်သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ငါစေလွှတ်မည်။" "ငါသည်ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အားငါပြသ၏။" "ခမည်းတော်သည်ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဒေ္ဒာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကိုပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကိုမှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။" ယောဟန် ၁၆း၅၊ ၁၅း၁၅၊ ၁၄း၂၆။ {Ed 94.2}

"ခမည်းတော်နှင့်စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။" "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ သမ္မာတရားကို သင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။... ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖေါ်ပြလိမ့်မည်။" ယောဟန် ၁၆း၁၅၊ ၁၃၊ ၁၄။ {Ed 94.3}

တပည့်တော်တို့သည်သံလွင်တောင်ပေါ်၌ ရှိနေကြစဉ်သူတို့အထဲက ခရစ်တော်သည်တက်ကြွသွားတော်မူသည်ကိုမြင်ခဲ့ကြသည်။ ကိုယ်တော်သည် ကောင်းကင်သို့ရောက်ရှိသွားချိန်တွင်၊ သူတို့သည် "ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" (မဿဲ ၂၈း၂၀) ဟူသော ကိုယ်တော်နှုတ်ဆက်ကတိတော်ကို ပြန်လည်သတိရကြသည်။ {Ed 94.4}

ကိုယ်တော်၏သနားကြင်နာမှုများသည် သူတို့နှင့်အတူရှိနေသေးကြောင်းကို သူတို့သိကြသည်။ ဘုရားသခင်၏ပလ္လင်တော်တွင်ကိုယ်စားလှယ်၊ ရှေ့နေတစ်ဦး သူတို့အတွက်ရှိနေသည်ကိုသိကြသည်။ ယေရှု၏နာမတော်ဖြင့် ဆုတောင်းကြပြီး၊ "သင်တို့သည်ငါ၏နာမကိုအမှီပြု၍၊ ခမည်းတော်မှာဆုတောင်းသမျှတို့ကို ခမည်းတော်သည်ပေးတော်မူမည်" (ယောဟန် ၁၆း၂၃) ဟူသောကတိတော်ကို ထပ်ခါထပ်ခါဆိုကြသည်။ {Ed 95.1}

"သေခြင်းမှထမြောက်တော်မူ၍ ဘုရားသခင်၏လက်ယာတော်ဘက်၌ နေလျက် ငါတို့အဖို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း" (ရောမ ၈း၃၄) ဟုကြီးသောအသံနှင့်ကြွေးကြော်၍၊ သူတို့၏ယုံကြည်ခြင်းလက်ကိုမြင့်သည်ထက်မြင့်အောင်မြှောက်ကြသည်။ {Ed 95.2}

မိမိကတိတော်၌ သစ္စာစောင့်တော်မူသောဘုရားရှင်သည် ကောင်းကင်ဘုံတွင်ချီးမြှောက်ခြင်းခံရပြီး၊ မြေကြီးပေါ်ရှိ မိမိနောက်လိုက်များအား မိမိ၏ပြည့်စုံခြင်းကို ပေးအပ်တော်မူခဲ့သည်။ ဘုရားသခင်၏လက်ယာတော်ဘက်မှာ တင်မြှောက်ခံရခြင်းကို မိမိတပည့်တော်များအပေါ် ဝိညာဉ်တော်သွန်းလောင်းခြင်းဖြင့် အချက်ပေးခဲ့သည်။ {Ed 95.3}

ခရစ်တော်၏လုပ်ဆောင်မှုအားဖြင့် တပည့်တော်တို့သည် ဝိညာဉ်တော် လိုအပ်ကြောင်းကိုခံစားသိရှိလာကြသည်။ ဝိညာဉ်တော်၏သွန်သင်မှုအောက်တွင် သူတို့သည်နောက်ဆုံးပြင်ဆင်မှုကိုရရှိခဲ့ကြပြီး၊ အမှုတော်အတွက်ထွက် ခွာသွားခဲ့ကြသည်။ {Ed 95.4}

သူတို့သည်မသိနားမလည်၊ မယဉ်ကျေးသောသူများမဟုတ်ကြတော့ ချေ။ သူတို့သည်သဘောထားကွဲလွဲပြီး ရန်ဖြစ်နေသောလူစုမဟုတ်ကြတော့ပါ။ လောကီဆိုင်ရာကြီးမြတ်ခြင်းကိုလည်း မျှော်လင့်မထားကြတော့ချေ။ သူတို့သည် စိတ်ဝိညာဉ်တစ်လုံးတစ်ဝတည်းရှိကြသည်။ ခရစ်တော်သည် သူတို့၏အတွေး များကိုဖြည့်ပေးတော်မူခဲ့သည်။ ကိုယ်တော်၏နိုင်ငံတော်တိုးတက်ခြင်းသည် သူတို့၏ရည်မှန်းချက်ဖြစ်လာခဲ့သည်။ သူတို့၏စိတ်သဘောနှင့် အကျင့်စာရိတ္တ သည် သူတို့သခင်နှင့်တူလာသည်။ ထိုအခါသူတို့သည်။ "အထက်ကယေရှုနှင့် အတူရှိသည်၊" (တမန်တော် ၄း၁၃) ကို လူတို့သည်သတိရကြသည်။ {Ed 95.5}

ထိုအခါလူသားများဘယ်အခါမျှမမြင်ဖူးသော ခရစ်တော်၏ဘုန်းတော် သည်ထင်ရှားခဲ့သည်။ ကိုယ်တော်၏နာမကိုပုတ်ခတ်၍ ကိုယ်တော်၏တန်ခိုးကို အထင်အမြင်သေးသောလူများစွာတို့သည် အသေသတ်ခြင်းခံတော်မူခဲ့သော သူ၏တပည့်တော်များထံသို့ မိမိတို့ကိုယ်ကိုအပြစ်ဝန်ချကြသည်။ ဘုရားရှင်၏ ဝိညာဉ်တော်၏ပူးပေါင်းလုပ်ဆောင်မှုအားဖြင့် ခရစ်တော်ရွေးချယ်ခဲ့သော စိတ်နှိမ့် ချသူတို့၏လုပ်ဆောင်မှုသည် ကမ္ဘာကိုလှုပ်ခါစေခဲ့သည်။ ကောင်းကင်အောက် ရှိလူမျိုးတကာထံသို့ ဧဝံဂေလိသတင်းစကားကို မျိုးဆက်တစ်ခုတည်းအတွင်း အနှံ့သယ်ဆောင်ခဲ့ကြသည်။ {Ed 95.6}

ကိုယ်တော်၏ရှေးဦးလုပ်ဖော်ဆောင်ဖက်များ၏နည်းပြဆရာအဖြစ် မိမိကိုယ်စားစေလွှတ်တော်မူသော ထိုဝိညာဉ်တော်ကို၊ ယနေ့မိမိလုပ်ဖော်ဆောင် ဖက်များ၏နည်းပြဆရာအဖြစ် ခရစ်တော်သည်စေလွှတ်တော်မူသည်။ "ငါသည်

လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။" (မဿဲ ၂၈း၂၀) မှာ ကိုယ်တော်၏ကတိတော်ဖြစ်သည်။ {Ed 96.1}

ယနေ့ပညာရေးလုပ်ငန်းတွင် အလားတူလမ်းပြရှိခြင်းသည် ရှေးယခင်ကအလားတူရလဒ်မျိုးကိုရရှိစေလိမ့်မည်။ ဤအရာမှာ စစ်မှန်သောပညာရေး၏ရည်မှန်းချက်ဖြစ်သည်။ ဤအရာမှာပြီးမြောက်စေရန် ဘုရားသခင်စီရင်တော်မူသောအလုပ်ပင်ဖြစ်သည်။ {Ed 96.2}

***

# အခန်း ၁၀

# သဘာဝတရားထဲကဘုရားသခင်

ဖန်ဆင်းခြင်းအရာအားလုံးအပေါ်တွင် ဘုရားရှင်၏အမှတ်လက္ခဏာကို မြင်ရသည်။ သဘာဝတရားသည် ဘုရားသခင်အကြောင်းကိုသက်သေခံကြသည်။ ယုံလွယ်သောစိတ်သဘောသည် စကြဝဠာ၏အံ့ဖွယ်နက်နဲရာများကို နားမလည်နိုင်သော်လည်း အနန္တတန်ခိုးတော်၏လုပ်ဆောင်မှုများကိုမူ လက်ခံနိုင်သည်။ ကမ္ဘာမြေသည် ၎င်း၏ပင်ကိုစွမ်းအားဖြင့်ကောင်းသောအရည်အသွေးများကိုထုတ်လုပ်၍ တစ်နှစ်ပြီးတစ်နှစ်နေကိုလှည့်ပတ်နေခြင်းမဟုတ်ပါ။ မမြင်နိုင်သောလက်တော်သည် ဂြိုဟ်နက္ခတ်တာရာများကို ကောင်းကင်၌မိမိတို့လမ်းကြောင်းအတိုင်းလမ်းပြနေခြင်းဖြစ်သည်။ မရေတွက်နိုင်သောကမ္ဘာများကို ဧရာမကြီးထဲတွင်ထိန်းထားသောအသက်၊ နွေရာသီလေပြည်လေညင်းတွင်လွင့်ပါးနေသောပိုးကောင်လေးများထဲမှအသက်၊ ပျံလွှားများကိုပျံသန်းစေသောအသက်နှင့် အော်နေသောသားပေါက်များကို ကျွေးမွေးသောအသက်၊ ငုံရာမှဖူး၊ ဖူးရာမှပွင့်၊ ပွင့်ရာမှသီးစေသောအသက် စသည့်လျှို့ဝှက်ဆန်းကြယ်သောအသက်သည် သဘာဝတရားအားလုံးတွင် ပျံ့နှံ့နေသည်။ {Ed 99.1}

သဘာဝတရားကို ထိန်းသိမ်းသောထိုတန်ခိုးသည် လူတို့၌လည်း လုပ်ဆောင်လျက်ရှိသည်။ ကြယ်တာရာများနှင့်အဏုမြူများကိုလမ်းပြသည့် ထိုကြီးမားသောနိယာမသည် လူသားတို့၏အသက်များကိုလည်းထိန်းချုပ်သည်။ နှလုံး၏လှုပ်ရှားမှုကိုထိန်းချုပ်၍ ကိုယ်ခန္ဓာသို့အသက်သွေးများစီးစေသောနိယာမများသည် ဝိညာဉ်များကိုစီရင်ပိုင်သောအနန္တဉာဏ်တော်၏နိယာမများ

ဖြစ်သည်။ ကိုယ်တော်ထံမှ အားလုံး၏အသက်စီးဆင်းလာသည်။ ကိုယ်တော်နှင့် အတူသဟဇာတရှိမှသာလျှင် စစ်မှန်သောလူပ်ရှားမှုနယ်ပယ်ကိုတွေ့ရှိနိုင်သည်။ ကိုယ်တော်ဖန်ဆင်းသောအရာအားလုံးအတွက်၊ ဘုရားသခင်ထံမှအသက်ကို ရရှိခြင်းအားဖြင့် အသက်ရှင်ခြင်း၊ ဘုရားသခင်၏အလိုတော်အတိုင်းအသက်ရှင် သောအသက်စသည်ဖြင့် အခြေအနေမှာအတူတူဖြစ်သည်။ ကိုယ်တော်ပေးသော နိယာမ၊ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့ကိုကျူးလွန်ဖျက်ဆီးခြင်းသည် မိမိကိုယ်ကို စကြဝဠာနှင့်သဟဇာတမဖြစ်အောင် လုပ်ဆောင်မှုဖြစ်ပြီး၊ မညီညွတ်မှု၊ မင်းမဲ့ စရိုက်နှင့်ပျက်စီးခြင်းတို့ကို နိဒါန်းပျိုးခြင်းပင်ဖြစ်သည်။ {Ed 99.2}

ၚင်း၏သွန်သင်မှုကိုအနက်ဖွင့်ရန် သင်ယူသူအဖို့သဘာဝတရားအား လုံးသည် ရှင်းလင်းသွားသည်။ လောကကြီးသည်ဖတ်စာအုပ်တစ်အုပ်၊ တစ်သက်တာတက်ရမည့်ကျောင်းဖြစ်သည်။ လူ၊ သဘာဝတရား၊ ဘုရားသခင်တို့ ပေါင်းစည်းခြင်း၊ တစ်လောကလုံးဆိုင်ရာဥပဒေ၏စိုးမိုးခြင်း၊ အပြစ်ကျူးလွန်ခြင်း ၏ရလဒ်များစသည်တို့သည် စိတ်ထဲတွင်စွဲမှတ်စေပြီး၊ အကျင့်စာရိတ္တကို ပြုပြင်ပေးသည်။ {Ed 100.1}

ဤအရာများမှာ ကျွန်ုပ်တို့ကလေးများသင်ယူအပ်သော သင်ခန်းစာများ ဖြစ်သည်။ ပုံနှိပ်စာအုပ်များမှ မသင်ယူနိုင်သေးသောကလေးငယ်များ၊ သို့မဟုတ် ကျောင်းသို့စတင်အပ်သောကလေးများကို သဘာဝတရားသည် သင်ကြားမှုနှင့် ကြည်နူးဝမ်းမြောက်ခြင်းတို့၏အစကိုတင်ပြသည်။ မကောင်းမှုကြောင့် မမာကျောသေးသောစိတ်နှလုံးသည် ဖန်ဆင်းခြင်းအရာအားလုံးတွင် ပျံ့နှံ့နေသော ဘုရားရှင်၏ရှိနေခြင်းကို အလွယ်တကူသိနိုင်ကြသည်။ လောက၏ပွက်လောဆူညံသံဖြင့် မထိုင်းသေးသောနားသည် သဘာဝတရားအားဖြင့် မိန့်တော်မူသော အသံတော်ကိုအာရုံစိုက်သည်။ ပြီးနောက်သာ၍အသက်ကြီးလာသောသူတို့သည် ဝိညာဉ်ရေးနှင့်ထာဝရဆိုင်ရာများကို တိတ်တဆိတ်သတိပေးနှိုးဆော်ခြင်းကို

အစဉ်လိုအပ်နေပြီး၊ သဘာဝတရား၏သွန်သင်မှုသည် ပျော်ရွှင်မှုနှင့်ညွှန်ကြားချက်တို့၏အရင်းအမြစ်ထက်သာ၍မလျော့ချေ။ ဒေင်ဥယျာဉ်၌နေထိုင်ကြသောသူတို့သည် သဘာဝတရား၏စာမျက်နှာများမှ သင်ယူခဲ့သကဲ့သို့လည်းကောင်း၊ မောရှေသည်ဘုရားသခင်၏လက်ရေးမှုကို အာရေဗျလွင်ပြင်များနှင့်တောင်ကုန်းများပေါ်တွင်ဖြစ်စေ၊ ယေရှုကလေးသည် နာဇရက်မြို့အနီးတောင်ကုန်းများ၌ဖြစ်စေ သတိပြုမိခဲ့ကြသကဲ့သို့လည်းကောင်း၊ ယနေ့ကလေးများသည် ကိုယ်တော်၏အကြောင်းကိုသင်ယူနိုင်ကြသည်။ မမြင်နိုင်သောအရာကိုမြင်နိုင်သောအရာအားဖြင့် ပုံဖော်ပေးသည်။ ကမ္ဘာမြေကြီးပေါ်ရှိရှိသမျှတောထဲရှိအမြင့်ဆုံးသစ်ပင်မှ ကျောက်ဆောင်ပေါ်တွင် တွယ်ကပ်သောမှော်ပင်အထိလည်းကောင်း၊ အကန့်အသတ်မဲ့သမုဒ္ဒရာမှကမ်းခြေပေါ်ရှိ အသေးငယ်ဆုံးသော ခရုခွံအထိလည်းကောင်း၊ ယင်းတို့အပေါ်တွင် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်ရေးသားဖော်ပြချက်များကို သူတို့မြင်နိုင်ကြမည်။ {Ed 100.2}

ကလေးငယ်များကို စောနိုင်သရွေ့ငယ်ရွယ်သောအချိန်မှစ၍ ဤအံ့ဖွယ်သင်ခန်းစာစာအုပ်နှင့်ထိတွေ့စေရမည်။ ကောင်းကင်ပိတ်ကားချပ်ပေါ်တွင် မဟာပန်းချီဆရာတော်၏ ခမ်းနားသောလက်ရာတော်ပန်းချီကိုကြည့်စေပါ။ ကမ္ဘာမြေကြီးနှင့်ပင်လယ်တို့၏ အံ့ဖွယ်ရာများနှင့်ရင်းနှီးလာစေပါ။ နက်နဲသောဥတုရာသီပြောင်းလဲခြင်းများဖြစ်ပေါ်သည်ကို ကြည့်စေပါ။ ပြီးနောက်ကိုယ်တော်၏လက်ရာအားလုံးမှ ဖန်ဆင်းရှင်၏အကြောင်းကို သင်ယူစေပါ။ {Ed 100.3}

အခြားမည်သည့်နည်းလမ်းအားဖြင့်မျှ စစ်မှန်သောပညာရေး၏အုတ်မြစ်ကို မြဲမြဲခိုင်မာစွာမချနိုင်ချေ။ သို့သော်ငြားလည်း ကလေးငယ်ပင်လျှင်သဘာဝတရားနှင့်ထိတွေ့လာသောအခါ၊ ခက်ခဲရှုပ်ထွေးမှု၏အကြောင်းတရားကိုသိမြင်လာကြမည်။ သူသည် ရန်လိုတတ်သောအားအင်၏လုပ်ဆောင်မှုကို

နားမလည်နိုင်သော်လည်း၊ သတိပြုမိသည်။ ထို့ကြောင့် ဤသို့သောအချက်တွင် သဘာဝတရားကို အနက်ပြန်ဆိုရန်လိုအပ်သည်။ သဘာဝလောက၌ပင် မကောင်းမှုဖြစ်ပေါ်လာသည်ကို ကြည့်ခြင်းအားဖြင့်၊ "ဤအမှုကား၊ ရန်သူပြုသော အမှုတည်း" (မဿဲ ၁၃:၂၈) ဟူသော ဝမ်းနည်းဖွယ်သင်ခန်းစာကို လူသားအားလုံးသင်ယူကြရမည်။ {Ed 101.1}

ကရာနိကုန်းပေါ်မှ တောက်ပသောအလင်းတရားအားဖြင့်သာလျှင် သဘာဝတရား၏သွန်သင်မှုကို မှန်ကန်စွာသိရှိနိုင်မည်။ ဗက်လင်မြို့နှင့်လက်ဝါးကပ်တိုင်မှဖြစ်ရပ်များအားဖြင့် မကောင်းမှုကိုအောင်နိုင်ရန်မှာ မည်မျှကောင်းကြောင်းနှင့် ကျွန်ုပ်တို့ထံရောက်လာသမျှသောကောင်းချီးမင်္ဂလာများသည် ရွေးနုတ်ခြင်း၏လက်ဆောင်ဖြစ်ကြောင်း စသည်တို့ကိုပြသစေပါသည်။ {Ed 101.2}

ဆူးချုံ၊ ဆူးပင်၊ "တောမျိုးစေ့" တို့တွင် ပျက်စီးရပ်ပျက်စေသော မကောင်းမှုကိုဖော်ပြသည်။ တေးဆိုသောငှက်နှင့်ဖွင့်အာသောပန်း၌လည်းကောင်း၊ မိုးရေနှင့်နေအလင်းရောင်၌လည်းကောင်း၊ နွေရာသီလေညင်းနှင့်နှင်းပေါက်၌ လည်းကောင်း၊ သဘာဝတရား၌ထောင်ပေါင်းများစွာသောအရာတို့၌ လည်းကောင်း၊ ဝက်သစ်ချပင်မှစ၍ ယင်း၏အမြစ်ဘေးတွင်ပွင့်သောနီလာပန်းပင် အထိတို့၌လည်းကောင်း၊ ပြန်လည်ပြုပြင်ပေးသောမေတ္တာကိုမြင်ရသည်။ သဘာဝတရားသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့အား ကြားပြောလျက်ရှိနေသေးသည်။ {Ed 101.3}

"ငါသည်သင်တို့ကိုအကျိုးနည်းစေခြင်းငှါ ကြံစည်သောအကြံမဟုတ်ဘဲ၊ သင်တို့သည်မျှော်လင့်သောအကျိုးကိုရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ၊ သင်တို့အဖို့ကြံစည်သောအကြံတို့ကိုငါသိ၏။" ယေရမိ ၂၉:၁၁။ ဤသတင်းစကားကို လက်ဝါးကပ်တိုင်မှ အလင်းတရားအားဖြင့်သဘာဝတရား

၏စာမျက်နှာပေါ်အားလုံး၌ ဖတ်နိုင်သောသတင်းစကားဖြစ်သည်။ ကောင်းကင်သည် ကိုယ်တော်၏ဘုန်းတော်ကိုကြားပြော၍၊ မြေကြီးသည်လည်း ကိုယ်တော်၏ကြွယ်ဝခြင်းနှင့် ပြည့်ဝလျက်ရှိသည်။ {Ed 101.4}

***

# အခန်း ၁၁

# ဘဝသင်ခန်းစာများ

မိမိ၏တရားနာသူတို့သည် ဖန်ဆင်းသောအရာအားလုံးတွင် စကားပြောနေသောအသံကို နားထောင်နိုင်မည်အကြောင်း ကြီးမြတ်သောဆရာသည် သူတို့သဘာဝတရားနှင့်ထိတွေ့စေတော်မူခဲ့သည်။ သူတို့၏စိတ်နှလုံးသည် သိမ်မွေ့လာ၍၊ သဘောပေါက်လက်ခံလွယ်လာသောအခါ၊ သူတို့မြင်ရသောရှုခင်း၏သွန်သင်ချက်ကိုနားလည်နိုင်ရန် ကိုယ်တော်ကူညီမစတော်မူခဲ့သည်။ သမ္မာတရားနှင့်ဆိုင်သောသင်ခန်းစာများကို သွန်သင်ရာတွင် ကိုယ်တော်အသုံးပြုသောဥပမာများသည် ကိုယ်တော်၏စိတ်နှလုံးကို သဘာဝတရားကမည်မျှလွှမ်းမိုးကြောင်းနှင့်နေ့စဉ်အသက်တာတွင် ကြုံတွေ့ရသောအရာများမှ ဝိညာဉ်ရေးဆိုင်ရာသွန်သင်ချက်ကိုဆွဲယူရန် မည်မျှနှစ်သက်ကြောင်းကိုပြသသည်။ {Ed 102.1}

လေ၌ကျက်စားသောငှက်များ၊ လယ်ပြင်၌ပေါက်သောတောနှင်းပန်းများ၊ မျိုးစေ့ကြဲသူနှင့်မျိုးစေ့၊ သိုးထိန်းနှင့်သိုးများ စသည့်အရာများအားဖြင့် ခရစ်တော်သည် မပျက်စီးနိုင်သောသမ္မာတရားကိုဖော်ပြတော်မူသည်။ ကိုယ်တော်သည် အသက်တာ၌ ကြုံရသောဖြစ်ရပ်များမှလည်းကောင်း၊ တရားနာသူများနှင့် ရင်းနှီးသောတဆေး၊ ဝှက်ထားသောဘဏ္ဍာ၊ ပုလဲ၊ ငါးဖမ်းပိုက်၊ ပျောက်သောဒင်္ဂါး၊ ပျောက်သောသား၊ ကျောက်ပေါ်နှင့်သဲပေါ်တို့၌ဆောက်သောအိမ် စသည့်အရာများအားဖြင့်သာဓကပြတော်မူသည်။ ကိုယ်တော်၏သင်ခန်းစာများတွင် လူတိုင်းစိတ်ဝင်စားသောအရာများ၊ လူတိုင်းကိုဆွဲဆောင်နိုင်စွမ်းသောအရာများပါရှိသည်။ ထို့ကြောင့် နေ့စဉ်လုပ်ငန်း (ဟုတ်တိပတ်တိမရှိသောအလုပ်၊ ကောင်းသောအကြံဉာဏ်များကို နှိမ့်ကျစေသောအလုပ်များမပါ) ကိုဝိညာဉ်ရေးဆိုင်ရာ

မမြင်နိုင်သည့်အစဉ်သတိပေးချက်များအားဖြင့် အားပေးလုပ်ဆောင်စေနိုင်သည်။ {Ed 102.2}

ထို့ကြောင့် ကျွန်ုပ်တို့သင်ပေးရမည်။ သဘာဝတရားတွင် ဘုရားသခင်၏မေတ္တာနှင့်ဉာဏ်တော်ဖေါ်ပြသည်များကိုမြင်နိုင်ရန် ကလေးများအားသင်ယူစေပါ။ ကိုယ်တော်၏အကြောင်းကို ငှက်၊ ပန်း၊ သစ်ပင် စသည်တို့ဖြင့် ဆက်စပ်တွေးခေါ်စေပါ။ မြင်ရသောအရာအားလုံးသည် သူတို့အတွက် မမြင်နိုင်သောအရာကို သွန်သင်ပေးသောအရာများဖြစ်စေပါ။ ကြုံတွေ့ရသောဖြစ်ရပ်များအားလုံးကို ဘုရားရှင်သွန်သင်သည့်နည်းစနစ်များဖြစ်စေပါ။ {Ed 102.3}

ထိုသို့ဖန်ဆင်းသောအရာများအားလုံးနှင့် ဘဝအတွေ့အကြုံများအားလုံးတို့မှ သင်ခန်းစာများကိုလေ့လာရန် သူတို့သင်ယူလာကြသောအခါ၊ သဘာဝတရားများနှင့်ဘဝအတွေ့အကြုံများကို ထိန်းချုပ်သောနိယာမများကို ကျွန်ုပ်တို့ကိုထိန်းချုပ်ကြောင်းကိုလည်းကောင်း၊ ယင်းတို့ကို ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ပေးကြောင်းကိုလည်းကောင်း၊ ယင်းနိယာမများကိုလိုက်နာမှသာလျှင် ကျွန်ုပ်တို့သည် စစ်မှန်သောပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းရနိုင်ကြောင်းကိုလည်းကောင်း သူတို့အားပြသပါ။ {Ed 103.1}

## *သာသနာလုပ်ငန်း၏နိယာမ*

ကောင်းကင်နှင့်မြေကြီးပေါ်ရှိရှိသမျှသည် မဟာဘဝနိယာမကြီးမှာ အစေခံလုပ်ငန်း၏ နိယာမလည်းဖြစ်ကြောင်းကိုပြသသည်။ အနန္တခမည်းတော်သည် အသက်ရှိသောအရာအားလုံး၏ အသက်ကိုပြုစုတော်မူသည်။ ခရစ်တော်သည် "လုပ်ကျွေးသောသူကဲ့သို့" (လုကာ ၂၂း၂၇) ဤကမ္ဘာမြေသို့ ကြွဆင်းတော်မူခဲ့သည်။ ကောင်းကင်တမန်တို့သည် "ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံလတ္တံ့သောသူတို့ကိုပြုစုစေခြင်းငှါ၊ စေလွှတ်တော်မူသောအစေခံနံ့ဝိညာဉ်ဖြစ်ကြသည်။" ဟေဗြဲ ၁း၁၄။ ယင်းအစေခံလုပ်ငန်းနိယာမကို သဘာဝတရား၌

ရှိသောအရာအားလုံးအပေါ်တွင် ရေးသားထားသည်။ လေ၌ကျက်စားသော ငှက်များ၊ ကွင်းပြင်ထဲကသားရဲများ၊ တောထဲကသစ်ပင်များ၊ သစ်ရွက်များ၊ မြက်ပင်များ၊ ပန်းများ၊ ကောင်းကင်ကနေနှင့်ကြယ်များ စသည်တို့အားလုံးသည် မိမိတို့လုပ်ငန်းကိုယ်စီရှိနေကြသည်။ ရေအိုင်၊ သမုဒ္ဒရာ၊ မြစ်နှင့်စမ်းချောင်း တို့သည် ရယူပြီးပြန်လည်ပေးကမ်းကြသည်။ {Ed 103.2}

သဘာဝတရားထဲ၌ အရာတစ်ခုချင်းစီသည် ကမ္ဘာမြေအတွက် ပေးဆပ်ခြင်းသည် မိမိတို့ကိုယ်ပိုင်အတွက်လည်းလုံခြုံစိတ်ချစေသည်။ "သူတစ်ပါးအားပေးကြလော့။ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်" (လုကာ ၆း၃၈) ဟူသောသင်ခန်းစာသည် သမ္မာကျမ်းစာ၌ ရေးထားသကဲ့သို့ပင် သဘာဝတရား၌လည်းဖော်ပြပေသည်။ {Ed 103.3}

တောင်စောင်းများနှင့်လွင်ပြင်တို့သည် တောင်ပေါ်ရှိစမ်းချောင်းများ ပင်လယ်ထဲသို့စီးဆင်းနိုင်ရန် လမ်းကြောင်းပေးရာတွင်၊ ယင်းတို့သည် အဆတစ်ရာပြန်၍အကျိုးရရှိကြသည်။ သူ၏လမ်းကြောင်းအတိုင်းစီးဆင်းသွားသော စမ်းချောင်းသည် လှပသာယာမှုနှင့်အသီးအပွင့်ကြွယ်ဝမှုလက်ဆောင်များကို ချန်ထားပေးသွားသည်။ နွေရာသီအပူရှိန်အောက် ခြောက်သွေ့သော လယ်ကွင်းတစ်လျှောက်၊ ရေစီးသောလမ်းကြောင်းတစ်လျှောက် စိမ်းလန်းသော စိုက်ပျိုးခင်းများဖြစ်ပေါ်လာသည်။ သစ်ပင်ကြီးများ၊ အဖူးများ၊ အပွင့်များ တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ကမ္ဘာလူသားများထံသို့ လမ်းကြောင်းပေးသောသူအားလုံးအတွက် ဆုလာဘ်ဖြစ်ကြောင်း သက်သေများပင်ဖြစ်သည်။ {Ed 103.4}

## *ယုံကြည်ခြင်းဖြင့်မျိုးစေ့ကြဲခြင်း*

ကွဲပြားသောကြီးထွားမှုဖြစ်စဉ်နှင့်ဆိုင်၍ မြွက်ဆိုသည့်မရေမတွက်နိုင်လောက်အောင်များပြားသော သင်ခန်းစာအားလုံးနီးပါးထဲမှ၊ အချို့သော

တန်ဖိုးအရှိဆုံးအရာမှာ မျိုးစေ့ကြီးထွားခြင်းနှင့်ဆိုင်သောကယ်တင်ရှင်၏ ဥပမာများပင်ဖြစ်သည်။ ယင်းသည် လူကြီး၊ လူငယ်များအတွက် သင်ခန်းစာများရှိသည်။ {Ed 104.1}

"ထိုမှတစ်ပါး၊ လူသည်လယ်၌မျိုးစေ့ကြဲပြီးမှ နောက်တစ်ဖန်မိမိမကြည့်မမှတ်၊ ည၊ နေ့ အိပ်လျက်၊ နိုးလျက်နေသော်လည်း အပင်ပေါက်၍ကြီးပွားသည်နှင့် ဘုရားသခင်၏နိုင်ငံတော်တူ၏။ မြေကြီးသည်မိမိအလိုအလျောက် အသီးကိုသီးစေ၍ ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကိုဖြစ်စေတတ်၏" မာကု ၄း၂၆–၂၈။ {Ed 104.2}

မျိုးစေ့သည်၎င်း၏ကိုယ်၌ ဘုရားသခင်ကိုယ်တော်တိုင်ထည့်သွင်းထားတော်မူသောအညှောက်ပေါက်စေသောနိယာမရှိသည်။ သို့ရာတွင်မျိုးစေ့ကိုသူ့ဘာသာသူထားလျှင် အညှောက်ပေါက်နိုင်စွမ်းမရှိချေ။ ဂျုံ၊ စပါးတို့ကြီးထွားခြင်းကိုဖြစ်စေရန် လူတို့လုပ်ဆောင်ရမည့် ကဏ္ဍရှိသည်။ သို့ရာတွင်လုံးဝမလုပ်နိုင်သောအရာလည်းရှိနေပြန်သည်။ မိမိ၏အနန္တတန်ခိုး၏အံ့ဖွယ်လုပ်ဆောင်မှုဖြင့် မျိုးစေ့ကြဲခြင်းနှင့် ရိတ်သိမ်းခြင်းကိုဆက်စပ်ပေးတော်မူသောသူအပေါ် လူသည်မှီခိုရမည်။ {Ed 104.3}

မျိုးစေ့၌အသက်ရှိပြီး အပေါ်ယံမြေလွှာ၌ အစွမ်းသတ္တိရှိသည်။ သို့ရာတွင်အနန္တတန်ခိုးသည်နေ့ရောညပါ မပါဝင်လျှင် မျိုးစေ့ကြီးထွားနိုင်မည်မဟုတ်ချေ။ မိုးရေသည်ခြောက်သွေ့သောကွင်းပြင်ကို စိုစွတ်စေရမည်။ နေရောင်ခြည်သည်လည်းအနွေးဓာတ်ပေးရမည်။ စိုက်သောမျိုးစေ့တွင်ဓာတ်အားပေးပို့ရမည်။ ဖန်ဆင်းရှင်ထည့်သွင်းသောအသက်ကို ကိုယ်တော်ကသာလျှင်ရှင်စေနိုင်သည်။ ဘုရားသခင်၏တန်ခိုးအားဖြင့် အစေ့များပေါက်၍ အပင်များကြီးထွားစေကြသည်။ {Ed 104.4}

"မျိုးစေ့သည် ဘုရားသခင်၏တရားစကားဖြစ်၏" "မြေကြီးသည်အပင်ကိုပေါက်စေသကဲ့သို့လည်းကောင်း၊ လယ်ယာသည် မိမိ၌စိုက်သော

မျိုးစေ့ကို အညှောက်ထွက်စေသကဲ့သို့လည်းကောင်း၊ ထိုအတူထာဝရဘုရားသည် ခပ်သိမ်းသောလူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းကို ပေါ်ထွန်းစေတော်မူလိမ့်မည်" လုကာ ၈း၁၁။ ဟေရှာယ ၆၁း၁၁။ သဘာဝတရား၌ရှိသကဲ့သို့ပင် ဝိညာဉ်ရေးဘက်၌လည်း ထိုသို့ပင်ဖြစ်သည်။ အသက်ကိုထုတ်လုပ်နိုင်သည့် တစ်ခုတည်းသောတန်ခိုးမှာ ဘုရားသခင်ထံမှဖြစ်သည်။ {Ed 104.5}

မျိုးစေ့ကြဲသောသူသည် ယုံကြည်ခြင်းဖြင့်လုပ်ဆောင်သည်။ အညှောက်ထွက်လာခြင်းနှင့် မျိုးစေ့ကြီးထွားခြင်းကိုသူနားမလည်နိုင်ချေ။ သို့သော်အပင်များကြီးထွားရှင်သန်စေသောဘုရားသခင်၏တန်ကို သူသည်ယုံကြည်စိတ်ချသည်။ အဆပေါင်းများစွာရိတ်သိမ်းခြင်းကိုမျှော်လင့်လျက် သူသည်မျိုးစေ့ကိုကြဲသည်။ ထို့ကြောင့်မိဘများနှင့်ဆရာသမားများသည် သူတို့ကြဲသောမျိုးစေ့မှရိတ်သိမ်းရန် မျှော်လင့်ကြရမည်။ {Ed 105.1}

အချိန်အတန်ကြာအောင်ကောင်းသောမျိုးစေ့သည် စိတ်နှလုံးထဲတွင်အမှတ်တမဲ့ရှိ၍ အမြစ်စွဲနေပြီးကြောင်း လက္ခဏာမပြဘဲရှိနေနိုင်သည်။ သို့သော်နောက်ပိုင်းတွင် ဘုရားသခင်၏ဝိညာဉ်တော်သည် အသက်ဝိညာဉ်ကိုမှုတ်သွင်း၍ ဖုန်းကွယ်နေသောမျိုးစေ့သည်ကြီးထွားလာပြီး နောက်ဆုံးတွင်အသီးသီးလာသည်။ ကျွန်ုပ်တို့အသက်တာ၌လုပ်ဆောင်မှုတွင် မည်သည့်အရာသည်အောင်မြင်ဖြစ်ထွန်းလာမည်ကိုမသိနိုင်ချေ။ ဤအရာမှာ ကျွန်ုပ်တို့ဖြေရှင်းရမည့်မေးခွန်းမဟုတ်ပါ။ "နံနက်အချိန်၌မျိုးစေ့ကြဲကြလော့။ ညဦးအချိန်၌လည်းမကြဲဘဲမနေနှင့်" ဒေသနာကျမ်း ၁၁း၆။ ဘုရားသခင်၏မဟာကတိတော်မှာ "မြေကြီးမကုန်မီတိုင်အောင် မျိုးစေ့ကြဲရသောကာလ၊ အသီးအနှံကိုရိတ်သိမ်းရသောကာလ.... မပြတ်ရ" (ကမ္ဘာဦးကျမ်း ၈း၂၂) ဟူ၍ဖြစ်သည်။ ဤကတိတော်ကိုယုံကြည်စိတ်ချလျက် လယ်သမားသည်ထွန်ယက်စိုက်ပျိုးသည်။ ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ရေးဆိုင်ရာမျိုးစေ့ကြဲလုပ်ကိုင်ခြင်း၌ ကိုယ်တော်၏အာမခံချက်ကို ယုံကြည်ကိုးစားကြရမည်။

"ထိုအတူငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့ မပြန်ရ။--- ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။" "မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ကိုဆောင်၍ထွက်သွားသောသူသည်၊ ကောက်လှိုင်းများကို ဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။" ဟေရှာယ ၅၅း၁၁၊ ဆာလံ ၁၂၆း၆။ {Ed 105.2}

မျိုးစေ့အညှောက်ထွက်လာခြင်းသည် ဝိညာဉ်ရေးအသက်တာ၏ အစပြုခြင်းကိုလည်းကောင်း၊ အပင်ကြီးထွားခြင်းသည် အကျင့်စာရိတ္တ တိုးတက်မှုကိုလည်းကောင်း ပုံဆောင်သည်။ ကြီးထွားမှုမရှိဘဲအသက်မရှိနိုင် ချေ။ အပင်သည်ကြီးထွားလာမည်၊ သို့မဟုတ် သေသွားလိမ့်မည်။ မမြင် မသိနိုင်အောင် တိတ်တဆိတ်ဆက်လက်ကြီးထွားသကဲ့သို့ အကျင့်စာရိတ္တ တိုးတက်မှုလည်းဖြစ်ရမည်။ ကျွန်ုပ်တို့အသက်တာကြီးထွားတိုးတက်မှု အဆင့်တိုင်းတွင်ပြည့်စုံနိုင်သည်။ သို့သော် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်ကိုပြည့်စုံစေရန် အဆက်မပြတ်ကြီးထွားတိုးတက်မှုရှိနေလိမ့်မည်။ {Ed 105.3}

အပင်သည်အသက်ကိုထိန်းထားရန် ဘုရားသခင်ပြင်ဆင်တော်မူသော အရာကိုရရှိခြင်းအားဖြင့် ရှင်သန်ကြီးထွားလာသည်။ ထိုနည်းတူဝိညာဉ်ရေးကြီး ထွားခြင်းကို ဘုရားရှင်ခန့်ထားတော်မူသောအရာများနှင့် ပူးပေါင်းလုပ်ဆောင် ခြင်းအားဖြင့်ရရှိနိုင်သည်။ အပင်သည်မြေကြီးတွင်အမြစ်စွဲသကဲ့သို့ ကျွန်ုပ် တို့သည် ခရစ်တော်၌အမြစ်စွဲရမည်။ အပင်သည်နေရောင်ခြည်၊ နှင်းရည်နှင့် မိုးရေတို့ကိုရရှိသကဲ့သို့ ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိရမည်။ အကယ်၍ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ခရစ်တော်အပေါ်၌တည်နေလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်သို့ "ရွာသောမိုးနှင့်မြေအပေါ်သို့ရွာသော နောက်မိုးကဲ့သို့သက်ရောက်တော်မူလိမ့်မည်။" တရားတော်နေမင်းကဲ့သို့ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်သို့ "အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။" ကျွန်ုပ်တို့သည် "နှင်းပွင့်ကဲ့သို့ပွင့်လိမ့်မည်။" ကျွန်ုပ်

တို့သည်စပါးကဲ့သို့အသစ်ပြုပြင်ခြင်းရှိ၍၊ ... စပျစ်နွယ်ပင်ကဲ့သို့တိုးပွားလိမ့်မည်။ ဟောရှေ ၆း၃၊ မာလခိ ၄း၂၊ ဟောရှေ ၁၄း၅၊၇။ {Ed 106.1}

ဂျုံစပါးသည် "ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာအောင်မာသောအဆန်ကိုဖြစ်စေတတ်၏" မာကု ၄း၂၈။ လယ်သမား၏မျိုးစေ့ကြဲခြင်း၏ရည်ရွယ်ချက်နှင့် အပင်၏သဘောသဘာဝမှာ ဂျုံစပါးကိုထုတ်ပေးခြင်း၊ ဆာလောင်သူများအတွက်အစာ၊ အနာဂတ်ရိတ်သိမ်းခြင်းအတွက်မျိုးစေ့ထုတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့်လယ်ရှင်သည် ရိတ်သိမ်းရန်စပါးကိုရှာတော်မူသည်။ ကိုယ်တော်သည် မိမိနောက်လိုက်များ၏စိတ်နှလုံးနှင့်အသက်တာတွင် မိမိကိုယ်ကိုထုတ်ဖော်ရန်ကြိုးပမ်းလျက်ရှိသည်။ ထိုသို့ဖြင့်သူတို့မှတစ်ဆင့် အခြားသူတို့၏စိတ်နှလုံးနှင့်အသက်တာတွင် မိမိထုတ်ဖော်နိုင်မည်ဖြစ်သည်။ {Ed 106.2}

မျိုးစေ့မှအပင်တဖြည်းဖြည်းကြီးထွားခြင်းသည် ကလေးကိုသွန်သင်ရာ၌သရုပ်ပြသင်ခန်းစာဖြစ်သည်။ "ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှအောင်မာသောအဆန်ကိုဖြစ်စေတတ်၏" မာကု ၄း၂၈။ ဤဥပမာကိုမိန့်တော်မူခဲ့သောသူသည် သေးငယ်သောမျိုးစေ့ကို ဖန်ဆင်းသောသူ၊ မရှိမဖြစ်အရေးကြီးသောဂုဏ်သတ္တိကိုပေးသောသူ၊ ယင်း၏ကြီးထွားမှုကိုထိန်းချုပ်သည့်နိယာမကိုစီမံသူပင်ဖြစ်တော်မူသည်။ ဤဥပမာအားဖြင့်သင်ပေးသောသမ္မာတရားများကို မိမိကိုယ်ပိုင်အသက်တာအဖြစ် အမှန်တကယ်ဖြစ်ကြောင်းပြသတော်မူခဲ့သည်။ ကောင်းကင်ဗိုလ်ခြေအရှင် ဘုန်းကြီးသောဘုရင်သည် ဗက်လင်မြို့တွင် ကလေးငယ်အဖြစ်မွေးဖွားခဲ့သည်။ မိခင်၏ထိန်းကျောင်းမှုအောက်တွင် ကိုယ့်ဘာသာကိုယ်မလုပ်ဆောင်နိုင်သောကလေးငယ်အဖြစ် အချိန်အတန်ကြာရှိနေခဲ့သည်။ ငယ်စဉ်တောင်ကျေးကလေးဘဝတွင် ကိုယ်တော်သည် ကလေးငယ်ကဲ့သို့ပြောဆိုပြုမူခဲ့သည်။ မိဘများကိုရိုသေစွာပြုပြီး မိဘများ၏ကူညီဖော်ဖြစ်ခဲ့သည်။ သို့ရာတွင် ဉာဏ်ရည်စတင်ဖွံ့ဖြိုးလာချိန်မှ

စ၍ ကရုဏာတရားနှင့်သမ္မာတရားကိုသိကျွမ်းခြင်း၌ အစဉ်ဆက်လက်ကြီးထွားတော်မူခဲ့သည်။ {Ed 106.3}

ဥယျာဉ်ခြံ၌ရှိသောအပင်များကဲ့သို့ လူငယ်တို့သည်ကြီးထွားလာသည့်အဆင့်တိုင်းတွင်အသက်အရွယ်နှင့် လိုက်ဖက်သောတင့်တယ်မှုများကို ပြသနိုင်ရန် မိဘများနှင့်ဆရာသမားများသည် ရည်ရွယ်ချက်ထားရှိရမည်။ {Ed 107.1}

ငယ်ရွယ်သူများကိုကလေးဆန်ဆန်ရိုးရှင်းစွာပညာပေးရမည်။ သူတို့အားသေးငယ်သောအရာများဖြင့်ရောင့်ရဲတတ်စေရန်၊ မိမိတို့အသက်အပိုင်းအခြားအလိုက်သဘာဝအလျောက် ကူညီတတ်စေရန်၊ ပျော်ရွှင်တတ်စေရန်၊ တွေ့ကြုံခံစားတတ်စေရန် သင်ကြားပေးရမည်။ ကလေးဘဝကအခြေများသည် ပုံပမာထဲကအညွှာကက်ကဲ့သို့ဖြစ်ပြီး ယင်းအညွှာကက်သည်လည်း သူ့ဘာသာသူတင့်တယ်နေသည်။ ကလေးများအားအရွယ်နှင့်မလိုက်အောင် အတင်းအဓမ္မမပြုပါနှင့်။ ဖြစ်နိုင်သရွေ့သူတို့၏ငယ်ရွယ်သောလန်းဆန်းမှုနှင့်တင့်တယ်ခြင်းတို့ကို ထိန်းသိမ်းပေးပါ။ ကလေးငယ်၏အသက်တာသည် သာ၍တည်ငြိမ်ရိုးရှင်းလေ၊ ကိုယ်ခန္ဓာစိတ်အားမာန်နှင့် ဝိညာဉ်ရေးခွန်အားတို့သည် သာ၍ကောင်းလေဖြစ်သည်။ {Ed 107.2}

လူငါးထောင်ကိုကျွေးမွေးသော ကယ်တင်ရှင်၏အံ့ဖွယ်နိမိတ်တွင် ရိတ်သိမ်းထုတ်လုပ်ခြင်း၌ ဘုရားသခင်၏တန်ခိုးလုပ်ဆောင်မှုကိုပုံဖော်ထားသည်။ ယေရှုသည် သဘာဝတရားကိုဖုံးကွယ်ထားသောအရာကို ဖွင့်လှစ်ပြီးကျွန်ုပ်တို့ကောင်းကျိုးအတွက် အစဉ်လုပ်ဆောင်လျက်ရှိသော ဖန်ဆင်းခြင်းစွမ်းအင်ကိုဖော်ပြတော်မူသည်။ မြေကြီး၌စိုက်သောမျိုးစေ့ကို ပွားများစေသကဲ့သို့ မုန့်များကိုပွားများစေသောသူသည် နေ့စဉ်အံ့ဖွယ်နိမိတ်များကိုလုပ်ဆောင်နေလျက်ရှိတော်မူသည်။ အံ့ဖွယ်နိမိတ်အားဖြင့် ကိုယ်တော်သည် လယ်၌ရိတ်သိမ်းသောအရာများဖြင့် လူသန်းပေါင်းများစွာကို အစဉ်ကျွေးမွေးတော်မူသည်။ သီးနှံမျိုးကိုဂရုစိုက်ရန်နှင့်မုန့်ကိုပြင်ဆင်ရာတွင်

သူနှင့်အတူလုပ်ဆောင်ရန် ကိုယ်တော်သည် လူတို့အားခေါ်တော်မူသည်။ ဤသို့သောအားဖြင့်သူတို့သည် ဘုရားရှင်၏ဆောင်ကြဉ်းပေးမှုကိုမျက်ခြည် ပြတ်သွားကြသည်။ ကိုယ်တော်၏တန်ခိုးဖြင့်လုပ်ဆောင်မှုကို သဘာဝအား ဖြင့်အလိုအလျောက်ဖြစ်သည်ဟူ၍လည်းကောင်း၊ လူတို့၏အခရာကျမှု ဖြင့်ဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူကြသည်။ မကြာခဏကိုယ်တော်၏ ဆုကျေးဇူးများကို ကိုယ်ကျိုးအတွက်အသုံးပြုရန်သွေဖည်စေကြပြီး ကောင်းချီး ဖြစ်စေမည့်အစား၊ အမင်္ဂလာဖြစ်စေကြသည်။ ဘုရားသခင်သည် ဤအရာအားလုံးကို ပြောင်းလဲပစ်ရန်ကြိုးပမ်းလျက်ရှိတော်မူသည်။ ကျွန်ုပ်တို့ ၏ထိုင်းမှိုင်းသောအာရုံတို့သည် ကိုယ်တော်၏သနားကြင်နာခြင်းကို သိမြင် စေရန်အလို့ငှါ နိုးကြားလာစေရန် ကိုယ်တော်အလိုရှိတော်မူသည်။ ထိုသို့ဖြင့် ကိုယ်တော်၏ဆုကျေးဇူးများသည် ကိုယ်တော်ရည်ရွယ်သည်အတိုင်း ကျွန်ုပ်တို့ အတွက်ကောင်းချီးမင်္ဂလာဖြစ်လာမည်။ {Ed 107.3}

မျိုးစေ့ကိုအသက်ပေးသောအရာမှာ ဘုရားသခင်၏နှုတ်တော်ထွက် စကားဖြစ်သည်။ ကျွန်ုပ်တို့သည်ဂျုံစပါးများကိုစားသုံးခြင်းဖြင့် ကိုယ်တော်၏ အသက်ကိုသုံးဆောင်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ဤအရာကို ကျွန်ုပ်တို့အားသိမြင်စေချင်သည်။ ကျွန်ုပ်တို့သည် နေ့စဉ်အစားအစာကို စားခြင်း၌ပင် ကိုယ်တော်၏ဆောင်ကြဉ်းပေးမှုကို ကိုယ်တော်သိစေလိုတော် မူသည်။ ထိုသို့ပြင် ကိုယ်တော်နှင့်အတူ သာ၍နီးကပ်သောဆက်ဆံမှုကို ရရှိလာမည်။ {Ed 108.1}

သဘာဝတရားတွင် ဘုရားသခင်ထားရှိသောနိယာမအားဖြင့် အကြောင်းတရားကိုအကျိုးတရားကမပြောင်းမလဲ ဧကန်မုချလိုက်လာသည်။ ရိတ်သိမ်းခြင်းသည်မျိုးစေ့ကြဲခြင်းကိုသက်သေထင်ရှားစေသည်။ ဤနေရာတွင် ဟန်ဆောင်မှုကိုသည်းခံ၍မရနိုင်ပါ။ လူတို့သည် မိမိအပေါင်းအသင်းများကို လှည့်ဖြားပြီး သူတို့လုပ်ဆောင်မှုမရှိသောအရာအတွက် ချီးကျူးခြင်းနှင့်အခကြေးငွေ များကိုရရှိနိုင်ပေသည်။ သို့ရာတွင်သဘာဝတရား၌မူ လှည့်စားမှုမရှိနိုင်ပါ။

ပျင်းရိသောလယ်သမားသည် များစွာသောသီးနှံရိတ်သိမ်းခြင်းမရှိနိုင်ချေ။ ဝိညာဉ်ရေးအပိုင်းတွင်လည်း ဤအရာသည်လုံးဝမှန်ကန်သည်။ အမှန်အကန်မဟုတ်ဘဲအပြင်ပန်းအားဖြင့်သာ မကောင်းမှုသည်အောင်မြင်သည်။ ကျောင်းပြေးသောကလေး၊ စာသင်ကြားရာ၌ပျင်းရိသောလူငယ်၊ မိမိအလုပ်ရှင်၏အကျိုးအတွက်လုပ်ဆောင်ရန်ပျက်ကွက်သောစာရေး၊ သို့မဟုတ် အလုပ်သင်၊ စီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် အလုပ်အကိုင်တွင် မိမိ၏အမြင့်ဆုံးသောတာဝန်များအပေါ်မမှန်ကန်သောသူ စသည်တို့သည် အမှားကိုဖုံးကွယ်နိုင်သရွေ့ကာလပတ်လုံး မိမိကိုယ်ကိုမြှောက်ပင့်ပြီး အကျိုးအမြတ်ရရှိနိုင်သည်။ သို့ရာတွင်သူသည် မိမိကိုယ်ကိုလှည့်ဖြားနေခြင်းသာဖြစ်သည်။ အသက်တာ၌ရိတ်သိမ်းရသောအရာမှာ အကျင့်စာရိတ္တဖြစ်သည်။ ယင်းသည် ယခုအသက်တာနှင့်နောင်လာမည့်အသက်တာ၏ ခရီးလမ်းဆုံးကိုဆုံးဖြတ်ပေးသည်။ {Ed 108.2}

အသီးအနှံရိတ်သိမ်းခြင်းသည် မျိုးစေ့ကြဲခြင်း၏ထုတ်ကုန်ဖြစ်သည်။ မျိုးစေ့သည်၎င်းအမျိုးအစားကိုပင်သီးသည်။ ကျွန်ုပ်တို့ခင်တွယ်မြတ်နိုးသောအကျင့်စာရိတ္တ၏လက္ခဏာများသည်လည်း ထိုနည်းအတိုင်းဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်ခြင်း၊ မိမိကိုယ်ကိုမြတ်နိုးခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်း၊ မိမိအလိုလိုက်ခြင်းတို့သည် သူတို့ကိုသူတို့ထုတ်လုပ်ကြပြီး အဆုံးသည်စိတ်ဆင်းရဲခြင်းနှင့် ပျက်စီးခြင်းဖြစ်တော့သည်။ "မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့်၊ ပုပ်ပျက်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကိုရိတ်ရလိမ့်မည်။" ဂလာတိ ၆း၈။ ချစ်ခြင်း၊ သနားခြင်း၊ ကြင်နာခြင်းသည် မပျက်စီးနိုင်သောကောင်းချီးမင်္ဂလာအသီးကို ရိတ်ရသည်။ {Ed 109.1}

အသီးအနှံရိတ်သိမ်းခြင်း၌မျိုးစေ့သည် ပွားများလာသည်။ ဂျုံစပါးတစ်စေ့သည် အကြိမ်ကြိမ်ကြဲခြင်းအားဖြင့်များပြားလာပြီး လယ်ပြင်တစ်ခုလုံးကို

ရွှေရောင်ကောက်လှိုင်းများဖြင့်ဖုံးလွှမ်းသွားစေလိမ့်မည်။ ထိုနည်းတူတစ်စုံတစ်ဦး လုပ်ဆောင်မှုတစ်မျှ၏ဩဇာသည် ပျံ့နှံ့သွားနိုင်သည်။ {Ed 109.2}

ခရစ်တော်ကိုသုတ်လိမ်းရန်အတွက် တန်ဖိုးကြီးသောနာဒုဆီမွှေးစစ်နှင့်ပြည့်သောကျောက်ဖြူခွက်ကိုခွဲသည့်မေတ္တာဖြင့် လုပ်ဆောင်သောအမှုကိုသတိရခြင်းသည် ရာစုနှစ်အဆက်ဆက်နှိုးဆော်လျက်ရှိသည်။ နာမည်မဖော်ပြထားသောမုဆိုးမပေးလှူသည့် "တစ်ပဲလောက်တန်သောကြေးနီဒင်္ဂါးနှစ်ပြား" (မာကု ၁၂း၄၂) သည် မရေတွက်နိုင်သောဆုလက်ဆောင်များကို ကယ်တင်ရှင်၏အမှုတော်အတွက် ယူဆောင်လာစေသည်။ {Ed 109.3}

## *သေခြင်းမှအသက်ရှင်ခြင်း*

မျိုးစေ့ကြဲခြင်းသင်ခန်းစာသည် ရက်ရောခြင်းကိုသင်ပေးသည်။ "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်" ၂ကော ၉း၆။ {Ed 109.4}

ထာဝရဘုရားမိန့်တော်မူသည်ကား၊ "ရေရှိရာအရပ်တို့၌ကြဲသော.... သင်တို့သည် မင်္ဂလာရှိကြ၏" ဟေရှာယ ၃၂း၂၀။ ရေရှိရာအရပ်၌ကြဲခြင်းသည် ကျွန်ုပ်တို့၏အကူအညီလိုအပ်သောနေရာတိုင်းတွင် ပေးခြင်းကိုဆိုလိုသည်။ ဤလုပ်ဆောင်မှုသည် ဆင်းရဲခြင်းကိုဖြစ်စေလိမ့်မည်မဟုတ်ချေ။ "များစွာကြဲသောသူသည် များစွာရိတ်ရမည်။" မျိုးစေ့ကြဲသောသူသည် မိမိ၏မျိုးစေ့ကိုပွားများစေသည်။ ထိုသို့ပေးကမ်းခြင်းဖြင့် ကျွန်ုပ်တို့ခံရသောကောင်းချီးများသည် ပွားများလာသည်။ ကျွန်ုပ်တို့သည်ဆက်လက်၍ပေးကမ်းနိုင်ရန် ဘုရားသခင်သည် လုံလောက်ပြည့်စုံခြင်းကို အခိုင်အမာကတိပေးတော်မူသည်။ {Ed 109.5}

ထိုထက်မကရှိသေးသည်။ ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာများကို ပေးကမ်းလိုက်သောအခါ ရရှိသောသူ၏ကျေးဇူးသည် ဝိညာဉ်ရေးသမ္မာတရားကို

ရရှိနိုင်ရန်နှင့်ထာဝရအသက်ကိုရိုတ်သိမ်းနိုင်ရန် စိတ်နှလုံးကိုပြင်ဆင်ပေးသည်။ {Ed 110.1}

မျိုးစေ့ကိုမြေ၌စိုက်ပျိုးခြင်းအရာကို ကယ်တင်ရှင်သည် ကျွန်ုပ်တို့အတွက် မိမိ၏ဆက်ကပ်ပူဇော်ခြင်းနှင့်ခိုင်းနှိုင်းသည်။ ကိုယ်တော်က "မြေ၌ကျသော စပါးစေ့သည်မပျက်လျှင်တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား၊ များစွာသော အသီးကိုသီးတတ်၏။" (ယောဟန် ၁၂:၂၄) ဟုမိန့်တော်မူသည်။ မျိုးစေ့တည်း ဟူသောခရစ်တော်၏သေခြင်းအားဖြင့်သာလျှင် ဘုရားသခင်၏နိုင်ငံတော် အတွက် အသီးသီးနိုင်သည်။ အသီးအနှံတို့နယ်ပယ်၏နိယာမနှင့်အညီ အသက်ဟူသည်မှာ ကိုယ်တော်၏သေခြင်းအားဖြင့်ရရှိသည်။ {Ed 110.2}

ထို့ကြောင့်ခရစ်တော်နှင့်အတူ လုပ်ဆောင်သူများအဖြစ်အသီးသီးသော သူအားလုံး၏အထဲတွင် မိမိကိုယ်ကိုမြတ်နိုးခြင်း၊ မိမိကိုယ်ကျိုးသာကြည့်ခြင်းတို့ သည်ပျက်စီးရမည်။ မိမိတို့အသက်ကိုလောက၏ထယ်ရေးကြောင်းတွင်ကြဲ ကြရမည်။ သို့ရာတွင်မိမိကိုယ်ကိုဆက်ကပ်ခြင်း၏နိယာမသည် မိမိကိုယ်ကို ထိန်းသိမ်းခြင်းနိယာမဖြစ်သည်။ လယ်သမားသည်မိမိ၏စပါးမျိုးကိုကြဲလိုက်ခြင်း အားဖြင့်ကာကွယ်ထိန်းသိမ်းသည်။ ထို့ကြောင့်ကာကွယ်ထိန်းသိမ်းခြင်းခံရမည့် အသက်မှာ ဘုရားသခင်နှင့်လူတို့၏အမှုတွင် အခမဲ့ပေးကမ်းသောအသက် ပင်ဖြစ်သည်။ {Ed 110.3}

မျိုးစေ့သည်အပင်ပေါက်လာစေရန်ပျက်ရသည်။ ဤအရာတွင်ကျွန်ုပ် တို့အားထမြောက်ခြင်းသင်ခန်းစာကိုပေးသည်။ ခန္ဓာကိုယ်ရုပ်ကလာပ်ကိုသချိုင်း တွင်ဆွေးမြည့်သွားစေရန်မြေချသည်ကို ဘုရားသခင်က "ကိုယ်သည် စိုက်သောအခါ ပုပ်တတ်သောသဘောရှိ၏။ ထမြောက်သောအခါ မပုပ်နိုင် သောအဖြစ်၌တည်၏။ စိုက်သောအခါဂုဏ်အသရေပျက်၏။ ထမြောက် သောအခါ ဂုဏ်အသရေနှင့်ပြည့်စုံ၏။ စိုက်သောအခါအစွမ်းမရှိ။ ထမြောက် သောအခါအစွမ်းနှင့်ပြည့်စုံ၏" ၁ကော ၁၅:၄၂၊ ၄၃) ဟုမိန့်တော်မူခဲ့ပြီး ဖြစ်သည်။ {Ed, 110.4}

မိဘများနှင့်ဆရာသမားများသည် ဤသင်ခန်းစာများကိုသင်ပေးရာတွင် လက်တွေ့ကျကျသင်ပေးပါ။ ကလေးများအားသူတို့ကိုယ်တိုင်မြေကိုပြင်ပြီး မျိုးစေ့စိုက်စေပါ။ သူတို့လုပ်ဆောင်စဉ် မိဘ၊ သို့မဟုတ် ဆရာသည် စိတ်နှလုံး ဥယျာဉ်တွင်ကောင်းသောမျိုးစေ့၊ မကောင်းသောမျိုးစေ့စိုက်ခြင်းအကြောင်းကို ရှင်းပြနိုင်သည်။ ထိုအခါစိတ်နှလုံးကို သမ္မာတရားမျိုးစေ့အတွက်ပြင်ဆင်ရမည်။ မျိုးစေ့ကိုမြေ၌စိုက်သောအချိန်တွင် ခရစ်တော်၏သေခြင်းဆိုင်ရာသင်ခန်းစာ ကိုသင်ပြပေးနိုင်သည်။ အညှောက်ထွက်ချိန်တွင်ထမြောက်ခြင်းအကြောင်း သမ္မာတရားကိုသင်ပေးနိုင်သည်။ အပင်ကြီးထွားလာသောအခါ၊ သဘာဝ မျိုးစေ့ကြဲခြင်းနှင့် ဝိညာဉ်ရေးမျိုးစေ့ကြဲခြင်းတစ်ခုနှင့်တစ်ခုဆက်နွှယ်မှုကို ဆက်လက်သင်ကြားပေးနိုင်သည်။ {Ed 111.1}

လူငယ်များကိုလည်းအလားတူနည်းလမ်းအတိုင်း သင်ပေးရမည်။ မြေကိုထွန်ယက်သည်မှစ၍ သင်ခန်းစာများကိုအဆက်မပြတ်သင်ယူနိုင်သည်။ ချက်ချင်းစပါးရိတ်သိမ်းရန်မျှော်လင့်ချက်ဖြင့် မည်သူမျှမြေရိုင်းပေါ်တွင်မစိုက် ပျိုးကြချေ။ မြေကြီးကိုပြင်ဆင်ရာတွင်လည်းကောင်း၊ မျိုးစေ့ကြဲရာတွင် လည်းကောင်း၊ ကောက်ပဲသီးနှံကိုပြုစုပျိုးထောင်ရာတွင်လည်းကောင်း လုံ့လ ဝီရိယဖြင့်ကြိုးစားလုပ်ဆောင်ရမည်။ ဝိညာဉ်ရေးမျိုးစေ့ကြဲခြင်းသည်လည်း ထိုနည်းတူပင်ဖြစ်သည်။ နှလုံးသားဥယျာဉ်ကိုထွန်ယက်ရမည်။ နှလုံးသား သည် နောင်တတရားအားဖြင့် ကျိုးပဲ့ကြေမွရမည်။ ကောင်းသောကောက်နှံပင် များကို မွန်းကျပ်စေသောမကောင်းမှုအပင်များကို အမြစ်မှနုတ်ရမည်။ မြေကိုဆူးပင်များဖုံးအုပ်လာသည်ကိုလုံ့လဝီရိယဖြင့် လုပ်ဆောင်မှသာလျှင် ရှင်းထုတ်နိုင်မည်။ ထိုနည်းတူစိတ်နှလုံးထဲမှ မကောင်းသောအရာများကို ခရစ်တော်၏နာမနှင့်ခွန်အား၊ အားဖြင့်လုံ့လစိုက်ထုတ်မှသာလျှင်အောင်နိုင် သည်။ {Ed 111.2}

မြေကိုထွန်ယက်ရာတွင် စဉ်းစဉ်းစားစားလုပ်ကိုင်တတ်သော အလုပ် သမားသည် မိမိရှေ့၌ရောက်လာသော၊ မစဉ်းစားမိသောဘဏ္ဍာများကိုတွေ့ရှိ

တတ်သည်။ စိုက်ပျိုးရေးနှင့်ဥယျာဉ်ခြံလုပ်ငန်းတွင်ပါဝင်သော နိယာမများကိုအလေးမထားလျှင် မည်သူမျှမအောင်မြင်နိုင်ချေ။ ကွဲပြားသောအပင်အမျိုးမျိုးကိုလေ့လာရန်အထူးလိုအပ်သည်။ ကွဲပြားသောအပင်များသည် ခြားနားသောမြေနှင့်ထွန်ယက်ခြင်းကိုလိုအပ်သည်။ ယင်းတစ်ခုချင်းစီကိုထိန်းချုပ်သော နိယာမများကိုလိုက်နာခြင်းသည် အောင်မြင်သောအခြေအနေပင်ဖြစ်သည်။ အပင်များပြောင်းရွှေ့စိုက်ခြင်း၊ အပင်ငယ်များကိုပြုစုခြင်း၊ အကိုင်းအခက်ချိုင်ခြင်းနှင့်ရေလောင်းခြင်း၊ ညဖက်နှင်းရည်ခဲခြင်းနှင့် နေ့ဖက်နေဒဏ်တို့ကိုကာခြင်း၊ ပေါင်းပင်၊ ရောဂါနှင့်ပိုးများကိုကာကွယ်ခြင်း၊ သင်ကြားခြင်းနှင့်စီစဉ်ခြင်းစသည်တို့ကိုအထူးဂရုပြုခြင်းသည် အကျင့်စာရိတ္တတိုးတက်ခြင်းဆိုင်ရာအရေးကြီးသောသင်ခန်းစာများကိုသင်ပေးရုံသာမက ထိုသို့လုပ်ဆောင်ခြင်းသည်ကပင် တိုးတက်မှုကိုဖြစ်စေသောနည်းလမ်းဖြစ်သည်။ ဂရုတစိုက်လုပ်ခြင်း၊ သည်းခံခြင်း၊ အသေးစိတ်အာရုံစိုက်လုပ်ဆောင်ခြင်း၊ နိယာမများကိုလိုက်လျှောက်ခြင်းတို့ကိုဖွံ့ဖြိုးတိုးတက်စေခြင်းသည် အရေးကြီးဆုံးသောသင်တန်းကိုပေးသည်။ အသက်၏နက်နဲမှုနှင့် သဘာဝတရား၏ချစ်စရာကောင်းခြင်းတို့နှင့်အစဉ်ထိတွေ့ခြင်းသည်လည်းကောင်း၊ ဘုရားသခင်ဖန်ဆင်းသည့်လှပသောအရာများကိုပြုစုရာတွင် နူးညံ့သိမ်မွေ့ခြင်းသည်လည်းကောင်း စိတ်နှလုံးကိုနိုးထစေ၍ အကျင့်စာရိတ္တကိုသန့်စင်မြှင့်တင်ပေးသည်။ ထိုသင်ပေးလိုက်သောသင်ခန်းစာများသည် အခြားသူတို့နှင့်အောင်မြင်စွာဆက်ဆံနိုင်ရန် အလုပ်သမားကိုပြင်ဆင်ပေးသည်။ {Ed 111.3}

***

## အခန်း ၁၂

# အခြားသောသရုပ်ပြသင်ခန်းစာများ

ဘုရားသခင်၏အနာပျောက်စေသောတန်ခိုးသည် သဘာဝတရားအားလုံးတွင်စိုးဆင်းသည်။ သစ်ပင်ကိုဖြတ်သော်လည်းကောင်း၊ တစ်စုံတစ်ဦးသည် ဒဏ်ရာရ၍ သို့မဟုတ် အရိုးကျိုးသော်လည်းကောင်း ဒဏ်ရာပြန်လည်ကောင်းမွန်စေရန် သဘာဝတရားသည်ချက်ချင်းလုပ်ဆောင်သည်။ လိုအပ်ချက်မရှိမီကပင်၊ အနာပျောက်ကင်းစေသောအရာများသည် အဆင်သင့်ရှိနေသည်။ အစိတ်အပိုင်းတစ်ခုခုဒဏ်ရာရလာသည်နှင့် ချက်ချင်းအနာပျောက်ကင်းစေသောအလုပ်ကိုစွမ်းအင်တိုင်းကပိုင်းလုပ်ဆောင်ကြသည်။ ဝိညာဉ်ရေးနယ်ပယ်တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ အပြစ်တရားကိုဖြေရှင်းရန်မလိုအပ်မီကပင်၊ ဘုရားသခင်သည် ကုသမှုကိုပြင်ဆင်တော်မူခဲ့ပြီးဖြစ်သည်။ စုံစမ်းခြင်းနောက်သို့လိုက်ပါသော ဝိညာဉ်တို့သည် ရန်သူကြောင့်ပွန်းပဲ့ဒဏ်ရာရရှိကြသည်။ သို့သော်အပြစ်တရားပြုမိသည့်အချိန်တိုင်းတွင်ကယ်တင်ရှင်ရှိနေတော်မူသည်။ "ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် ... ညှဉ်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှါလည်းကောင်း" (လုကာ ၄း၁၉) ခရစ်တော်လုပ်ဆောင်တော်မူသည်။ {Ed 113.1}

ဤလုပ်ငန်းတွင် ကျွန်ုပ်တို့ပူးပေါင်းဆောင်ရွက်ရမည်။ "လူသည်သတိလစ်၍တစ်စုံတစ်ခုသောဒုစရိုက်ကိုပြုမိလျှင် ... သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့" ဂလာတိ ၆း၁။ "သူ၏နေရာ၌တည်မြဲတည်စေ" ဟူ၍ပြန်ဆိုသောစကားလုံးသည် လွဲနေသောအရိုးကို အဆစ်အမြစ်ပြန်ဆက်ခြင်းဟုဆိုလိုသည်။ ဤဥပမာသည်မည်မျှအရိပ်အမြွက်မြင်စေပါသနည်း။ အမှား

သို့မဟုတ် အပြစ်ပြုမိသူကိုသူနှင့်ပတ်သက်သောအရာအားလုံးမှဝိုင်းကြဉ်ထားကြသည်။ သူသည်မိမိအမှားကိုသတိပြုမိ၍ နောင်တရနေပါလိမ့်မည်။ သို့သော် သူသည် မိမိကိုယ်ကိုပြန်ကောင်းလာအောင်မလုပ်နိုင်ချေ။ သူသည် စိတ်ရှုပ်ထွေးပြီးဦးနှောက်ခြောက်ကာ အခြေအနေပိုဆိုးပြီးအကူအညီမဲ့နေပေမည်။ သူ့အားပြန်လည်ဆယ်တင်၍ အနာကုသပေးကာ ပြန်လည်တည်ဆောက်ပေးရမည်။ "ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည် ... ထိုသို့သောသူကို.. သူ၏နေရာ၌တည်မြဲတည်ပြန်စေကြလော့။" ခရစ်တော်၏နှလုံးသားထဲမှစီးလာသောမေတ္တာကသာလျှင် အနာပျောက်ကင်းစေနိုင်သည်။ ထိုမေတ္တာစီးဝင်လာသောသူကသာလျှင် သစ်ပင်၏ပင်ရည် သို့မဟုတ် ကိုယ်ခန္ဓာမှသွေးသည်ပင်ဖြစ်စေ၊ ဒဏ်ရာရသောဝိညာဉ်ကို နဂိုမူလအတိုင်းပြန်ဖြစ်စေနိုင်သည်။ {Ed 113.2}

မေတ္တာသည်ဘုရားရှင်ထံမှလာသောကြောင့် အံ့ဖွယ်တန်ခိုးရှိသည်။ "စိတ်ကိုဖြေတတ်" သည့်ဖြည်းညင်းသောစကား "စိတ်ရှည် ... ကျေးဇူးပြု" သည့်မေတ္တာ၊ "များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်" သောမေတ္တာ (သုတ္တံ ၁၅း၁၊ ၁ကော ၁၃း၄၊ ၁ပေတရု ၄း၈) တို့ကို ကျွန်ုပ်တို့သင်ယူရမည်။ ထိုအရာဖြင့်အနာပျောက်ကင်းစေသောတန်ခိုးကို ကျွန်ုပ်တို့အသက်တာတွင်ရရှိကြလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာသည်ပြောင်းလဲ၍၊ ဤမြေကြီးသည်ကောင်းကင်နှင့်တူလာ၍ ကောင်းကင်ကိုမြည်းစမ်းသည့်နေရာဖြစ်လာမည်။ {Ed 114.1}

ဤတန်ဖိုးရှိသောသင်ခန်းစာများကို ကလေးငယ်များကိုပင်လျှင် နားလည်လာအောင်အလွယ်တကူသင်ပေးနိုင်သည်။ ကလေးငယ်၏စိတ်နှလုံးသည်သိမ်မွေ့ပြီး လွယ်ကူစွာစွဲမှတ်နိုင်သည်။ သာ၍အသက်ကြီးသော ကျွန်ုပ်တို့သည် "သူငယ်ကဲ့သို့" (မဿဲ ၁၈း၃) ဖြစ်လာသောအခါ၌လည်းကောင်း၊ ကယ်တင်ရှင်၏ရိုးရှင်းမှု၊ နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာသနားတတ်သောမေတ္တာကို ကျွန်ုပ်တို့သင်ယူလာသောအခါ၌လည်းကောင်း ကျွန်ုပ်တို့

သည်ငယ်ရွယ်သောကလေးများ၏ စိတ်နှလုံးကိုထိတွေ့ရန်နှင့် မေတ္တာဖြင့် အနာပျောက်ကင်းစေခြင်းလုပ်ငန်းကို သင်ပေးရန်အခက်အခဲရှိမည်မဟုတ်ချေ။ {Ed 114.2}

ဘုရားသခင်၏အသေးငယ်ဆုံးလက်ရာများနှင့် အကြီးမားဆုံးသော လက်ရာတို့တွင်ပြီးပြည့်စုံခြင်းတည်ရှိနေသည်။ လေဟာပြင်ကြီးထဲတွင်ကမ္ဘာ ဂြိုဟ်များကိုချိတ်ဆွဲထားသောလက်တော်သည် လယ်ကွင်းပြင်မှပန်းများကိုအလှ ဆင်သောလက်တော်ဖြစ်သည်။ လမ်းဘေးမှပွင့်နေသောအသေးငယ်ဆုံးနှင့် သာမန်ပန်းမန်များကိုအနုစိတ်ကြည့်မှန်ပြောင်းဖြင့်လေ့လာပြီး ယင်း၏အစိတ် အပိုင်းအားလုံးတွင်လက်ရာမြောက်သောလှပမှု၊ ပြည့်စုံမှုတို့ကိုမှတ်သားပါ။ ထိုအခါ အယုတ်ညံ့ဆုံးသောအပိုင်း၌ စစ်မှန်သောထူးချွန်မှုကိုတွေ့ရှိနိုင်သည်။ မေတ္တာဖြင့်ဆောင်ရွက်သည့် သာမန်အလုပ်များသည် ဘုရားသခင်၏ ရှေ့တော်တွင်တင့်တယ်လှသည်။ သေးငယ်သောအရာများအပေါ်တာဝန် သိသိဖြင့်ဂရုစိုက်ခြင်းသည် ကျွန်ုပ်တို့အားဘုရားသခင်နှင့်အတူလုပ်ဆောင် သောသူများဖြစ်စေကာ အရာရာကိုသိမြင်တော်မူသောသူ၏ချီးကျူးခြင်းကို ရရှိလိမ့်မည်။ {Ed 114.3}

ခုံးကြွနေသောအလင်းရောင်ဖြင့် ကောင်းကင်ကိုလွှမ်းခြုံထားသော သက်တံသည် "ဘုရားသခင်နှင့်မြေကြီးပေါ်မှာအသက်ရှင်သောသတ္တဝါ တိရစ္ဆာန်အပေါင်းတို့စပ်ကြားမှာ ရှိသောထာဝရပဋိညာဉ်" (ကမ္ဘာဦး ၉း၁၆) ၏အမှတ်အသားဖြစ်သည်။ ထို့နောက်ကောင်းကင်ကရာဇပလ္လင်ကိုဝန်းရံသော သက်တံသည်လည်း ဘုရားသခင်၏သားသမီးများအတွက် ကိုယ်တော်၏ ငြိမ်သက်ခြင်းပဋိညာဉ်၏သင်္ကေတဖြစ်သည်။ {Ed 115.1}

မိုးတိမ်ထဲကသက်တံသည် နေရောင်ခြည်နှင့်ရေမှုန်များပေါင်း စပ်ခြင်းမှဖြစ်ပေါ်လာသကဲ့သို့ ဘုရားသခင်၏ရာဇပလ္လင်တော်အထက်က သက်တံသည်လည်း ကိုယ်တော်၏သနားခြင်းကရုဏာနှင့်တရားမျှတခြင်း တို့ပေါင်းစပ်ခြင်းကိုပုံဆောင်သည်။ နောင်တရသောအပြစ်သားအား

ဘုရားသခင်ကအသက်ရှင်ပါ၏။ "ရွှေးရာအကြောင်းကိုငါတွေ့ပြီ" (ယောဘ ၃၃း၂၄) ဟုမိန့်တော်မူသည်။ {Ed 115.2}

"နောဧလက်ထက်၌ လွှမ်းမိုးသောရေကိုငါသည်မှတ်၍၊ ထိုရေသည်မြေကြီးကိုနောက်တစ်ဖန်မလွှမ်းမိုးရဟုကျိန်ဆိုခြင်းကိုပြုသည်နည်းတူ၊ သင့်ကိုအမျက်မထွက်၊ မဆုံးမဟုကျိန်ဆိုခြင်းကိုပြုပြီ။ တောင်ကြီးတို့သည်ရွေ့၍ တောင်ငယ်တို့သည်လှုပ်ရှားသော်လည်း ငါ၏မေတ္တာသည်သင့်မှမရွေ့ရ။ ငါ၏ငြိမ်သက်ခြင်းပဋိညာဉ်လည်း မလှုပ်ရှားရဟု သင်၌သနားခြင်းကရုဏာစိတ်ရှိတော်မူသော ထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၅၄း၉၊၁၀။ {Ed 115.3}

## *ကြယ်များ၏သတင်းစကား*

ကြယ်များသည်လည်း လူသားတိုင်းအတွက်ပျော်ရွှင်ခြင်းကိုပေးသောသတင်းစကားရှိသည်။ စိတ်ညှိုးငယ်၍စုံစမ်းခြင်းဖိစီးသောအချိန်၊ အတားအဆီးများကျော်လွှားနိုင်ဟန်မရှိသောအချိန်၊ ဘဝရည်မှန်းချက်များအောင်မြင်နိုင်ဖွယ်မရှိချိန်၊ အလားအလာကောင်းများသည်ပြက်ရယ်ပြုဖွယ်ဖြစ်သွားချိန် စသည့်ထိုသို့သောအချိန်များကို လူတိုင်းကြုံတွေ့ရကြသည်။ ထိုသို့ဆိုသော် မိမိတို့၏နှောင့်ယှက်မှုကင်းသောလမ်းကြောင်းပေါ်ကကြယ်များထံမှ ဘုရားသခင်သည် ကျွန်ုပ်တို့အားသင်ယူရန်အမိန့်ရှိသော ရဲစွမ်းသတ္တိနှင့်တည်ကြည်မှုသင်ခန်းစာကို အဘယ်မှာရှာတွေ့နိုင်မည်နည်း။ {Ed 115.4}

"အထက်သို့မျှော်ကြည့်ကြလော့။ ထိုအရာတို့ကိုအဘယ်သူဖန်ဆင်းသနည်း။ ထိုသူသည်သူတို့အလုံးအရင်းကိုအရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့်ခေါ်တော်မူ၏။ ခွန်အားကြီး၍တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှမပေါ်ဘဲမနေရ။ အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကိုထာဝရဘုရားသိတော်မမူဟု အဘယ်ကြောင့်ပြောသနည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကိုသင်၏ဘုရားသခင်မှတ်တော်မမူဟု

အဘယ်ကြောင့်ဆိုရသနည်း။ ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မြေကြီးစွန်းတိုင်အောင်ဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်းကိုလည်းကောင်း မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်း မရှိ။ စစ်၍မကုန်နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုလည်းကောင်း၊ သင်သည်မသိမကြားဘူးသလော။ ထိုဘုရားသည်မောသောသူတို့အား၊ ခွန်အားကိုပေးတော်မူ၏။ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့်ပြည့်စုံသောအခွင့်ကို ပေးတော်မူ၏။" "မစိုးရိမ်နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ဘုရားသခင်ငါသည်သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ယာလက်ဖြင့်ထောက်ပင့်မည်။" "အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရဘုရားက မစိုးရိမ်နှင့်။ ငါမစမည်ဟုသင့်အားဆိုလျက် သင်၏လက်ယာလက်ကိုကိုင်မည်။" ဟေရှာယ ၄၀း၂၈–၂၉၊ ၄၁း၁၀၊၁၃။ {Ed 115.5}

နေလောင်ဒဏ်နှင့်ပြင်းထန်သောသဲမုန်တိုင်းဒဏ်ကို ခံရသောစွန်ပလွံပင်သည် စိမ်းစိုရှင်သန်လျက် သဲကန္တာရအလယ်တွင်လှိုင်လှိုင်သီးလျက်ရှိသည်။ ယင်း၏အမြစ်များသည် စမ်းရေများကိုစုပ်ယူသည်။ ယင်း၏ပင်စည်ထိပ်အရွက်များကိုလွင်တီးခေါင်ခေါင်အလယ်၌မြင်ရသည်။ သေလုမြောပါးခရီးသည်သည် မိမိ၏နေ့ကွေးနေသောခြေလှမ်းများကို ယင်း၏အေးမြသောအရိပ်နှင့် အသက်ပေးသောစမ်းရေရှိရာသို့အားတင်းကာလှမ်းလာသည်။ {Ed 116.1}

သဲကန္တာရထဲကသစ်ပင်သည် ဤလောကတွင်ဘုရားသခင်အလိုရှိသည့် မိမိသားသမီးများ၏အသက်တာကိုပုံပမာပြသည်။ သူတို့သည် ပင်ပန်းနွမ်းနယ်သူများနှင့် အပြစ်ကန္တာရ၌ပျက်စီးလုဖြစ်နေသူတို့ကို အသက်စမ်းရေပို့ဆောင်ပေးရန်ဖြစ်သည်။ သူတို့သည် "ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍သောက်လော့" (ယောဟန် ၇း၃၇) ဟုကြွေးကြော်သောသူကို မိမိတို့လူသားချင်းများအားညွှန်ပြပေးရမည်။ {Ed 116.2}

လူမျိုးအပေါင်းတို့သည်ခရီးသွားလာရာတွင် အသုံးပြုသောကျယ်ပြန့်ပြီးနက်သောမြစ်သည် ကမ္ဘာအနှံ့အကျိုးကိုဖြစ်ထွန်းစေသည်။ သို့သော် ဤအသုံးဝင်သောမြစ်ကြီးကိုဖြစ်ပေါ်လာစေသော စမ်းချောင်းငယ်လေးများသည် မည်သည့်အကျိုးရှိသနည်း။ ယင်းတို့မရှိပါက မြစ်ကြီးလည်းကွယ်ပျောက်သွားလိမ့်မည်။ မြစ်၏တည်ရှိနေမှုသည် စမ်းချောင်းလေးများအပေါ်တွင်မှီနေသည်။ ထို့ကြောင့်ကြီးမားသောလုပ်ငန်းတချို့၌ ဦးဆောင်ရန်ခေါ်ခြင်းခံရသောသူတို့သည် လုပ်ငန်း၏အောင်မြင်မှုသည် သူတို့ချည်းသက်သက်ကြောင့်ဖြစ်ရသည့်အလား ဂုဏ်ပြုခြင်းခံရကြသည်။ သို့သော် ယင်းအောင်မြင်မှုအတွက် နှိမ့်ကျသောအလုပ်သမားများ၊ မည်သူကမျှမသိသည့်သစ္စာရှိသောပူးပေါင်းလုပ်ဆောင်သူတို့ကိုလိုအပ်သည်။ ချီးကျူးခြင်းမခံရသောအလုပ်များ၊ အသိအမှတ်ပြုခြင်းမခံရသောအားထုတ်မှုများ၊ ကမ္ဘာပေါ်ရှိအများစုသောအလုပ်သမားများ၏ကြမ္မာဖြစ်သည်။ ထိုသို့သောကြမ္မာမျိုးတွင်များစွာသောသူတို့သည် မကျေနပ်ကြချေ။ ဘဝကိုဖြုန်းတီးနေသည်ဟုခံစားရကြသည်။ သို့ရာတွင် တောအုပ်နှင့်မြက်ခင်းပြင်တို့ကိုတိတ်တဆိတ်စီးဆင်းသောစမ်းချောင်းကလေးသည် ကျန်းမာခြင်း၊ မြေသြဇာကောင်းခြင်းနှင့် အလှတရားတို့ကိုဖော်ဆောင်ပြီး ကျယ်ပြန့်သောမြစ်ကဲ့သို့ပင်အသုံးဝင်သည်။ မြစ်၏ရှင်သန်ရေးအတွက်ပံ့ပိုးပေးရာတွင် မိမိတစ်ခုတည်းဖြင့် ဘယ်သောအခါမျှမပြီးမြောက်စေနိုင်မည့်အရာကို ဖြစ်မြောက်စေသည်။ {Ed 116.3}

ဤသင်ခန်းစာသည် လူများစွာအတွက်လိုအပ်သည်။ ပင်ကိုစွမ်းရည်ကိုအလွန်အကျွံမြတ်နိုးကြပြီး ရာထူးကိုလည်းအလွန်တပ်မက်ကြသည်။ သူတို့ကိုခေါင်းဆောင်များအဖြစ်အသိအမှတ်မပြုလျှင် မည်သည့်အရာမျှမလုပ်မည့်သူများစွာရှိသည်။ ချီးမွမ်းခြင်းမခံရပါက အလုပ်၌စိတ်မဝင်စားသူအလွန်များပြားသည်။ ကျွန်ုပ်တို့သင်ယူရမည့်အရာမှာ ကျွန်ုပ်တို့၌ရှိသောအစွမ်းများနှင့်

အခွင့်အရေးများကို အကောင်းဆုံးအသုံးချရာတွင် သစ္စာရှိရန်နှင့် ဘုရားရှင်သည် ကျွန်ုပ်တို့အားခန့်အပ်သောတာဝန်၌ ရောင့်ရဲရန်ဖြစ်သည်။ {Ed 117.1}

## *ယုံကြည်အားကိုးခြင်းဆိုင်ရာသင်ခန်းစာ*

"သားမျိုးနှင့်မိုးကောင်းကင်ငှက်တို့ကိုမေးမြန်းလော့။ သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။ ... ပင်လယ်ငါးတို့ကိုမေးမြန်းလော့။ သူတို့သည်ပြသ၍ ဥပဒေသပေးကြလိမ့်မည်။" "ပုရွက်ဆိတ်ထံသို့သွား၍ သူ၏အပြုအမူတို့ကိုဆင်ခြင်လော့။" "ငှက်များကိုကြည့်ရှုဆင်ခြင်ကြလော့။" "ကြီးကန်းများကိုကြည့်ရှုဆင်ခြင်ကြလော့။" ယောဘ ၁၂း၇၊၈။ သုတ္တံ ၆း၆။ မဿဲ ၆း၂၆။ လုကာ ၁၂း၂၄။ {Ed 117.2}

ကျွန်ုပ်တို့သည်ကလေးများကို ဘုရားသခင်ဖန်ဆင်းသော ဤတိရစ္ဆာန်များအကြောင်းကိုပြောပြရုံမျှမပြုအပ်ချေ။ တိရစ္ဆာန်များကိုယ်တိုင် ကလေးများ၏ဆရာဖြစ်ရမည်။ ပုရွက်ဆိတ်များသည်စိတ်ရှည်ပြီးဝီရိယရှိခြင်း၊ အခက်အခဲများကိုကျော်လွှားရာတွင်ဇွဲလုံ့လရှိခြင်း၊ အနာဂတ်အတွက်မြော်မြင်မှုဟူသောသင်ခန်းစာများကိုသင်ပေးသည်။ ပြီးနောက်ငှက်များသည် ယုံကြည်အားကိုးခြင်းနှင့်ဆိုင်သည့် ချိုမြိန်သောသင်ခန်းစာကို သင်ပေးသောဆရာသမားများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံ၌ရှိတော်မူသောအဖသည် သူတို့အတွက်စီစဉ်ပေးတော်မူသည်။ သို့သော် သူတို့သည် အစာရှာရဦးမည်။ အသိုက်များကိုဆောက်၍ မိမိတို့ကလေးများကို ကျွေးမွေးစောင့်ရှောက်ရဦးမည်။ အချိန်တိုင်းသူတို့ကိုဖျက်ဆီးရန်ရှာကြံသော ရန်သူများတိုက်ခိုက်မှုအတွက် အကာအကွယ်မဲ့နေကြသည်။ သို့သော်ငြားလည်း မိမိတို့အလုပ်တွင် ရွှင်လန်းစွာထွက်သွားကြသည်။ သူတို့၏တေးသံသာများသည် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျက်ရှိသည်။ {Ed 117.3}

တောအုပ်ထဲ၌ရှိသောသတ္တဝါလေးများအပေါ် ဘုရားသခင်၏ဂရုစိုက်မှုကိုဆာလံဆရာ၏ဖော်ကျူးခြင်းသည် အလွန်လှပသည်တကား။ "မြင့်သော

တောင်တို့သည် တောဆိတ်များမှီခိုရာ၊ ကျောက်တို့သည် ရှာဖန်ယုန်များမှီခိုရာ ဖြစ်ကြ၏။" ဆာလံ ၁၀၄း၁၈။ ကိုယ်တော်သည်စမ်းချောင်းလေးများကိုငှက်များနေထိုင်၍ "သစ်ပင်အခက်အလက်တို့တွင်ကြွေးကြော်ကြ" ဆာလံ ၁၀၄း၁၂ သောတောင်ကုန်းများအကြားတွင်စီးဆင်းစေတော်မူသည်။ တောတောင်တို့၌နေထိုင်သောတိရစ္ဆာန်အားလုံးသည် မဟာမိသားစုကြီးထဲတွင်ပါဝင်ကြသည်။ ကိုယ်တော်သည် "လက်တော်ကိုဖွင့်၍ အသက်ရှင်သောသတ္တဝါအပေါင်းတို့ကိုရောင့်ရဲစေတော်မူ၏။" ဆာလံ ၁၄၅း၁၆။ {Ed 118.1}

အဲလ်(ပ်) (Alps) တောင်တန်း၌ ကျက်စားသောလင်းယုန်သည် လေပြင်းမုန်တိုင်းကြောင့် ကျဉ်းမြောင်းသောချောက်များတွင် တစ်ခါတစ်ရံကျသွားတတ်သည်။ မိုးတိမ်တိုက်ကြီးသည် အားကြီးသောတောငှက်ကိုပိတ်ဆို့ပစ်လိုက်ပြီး အမှောင်ထုကြီးသည် ငှက်ကြီးကိုနေသာပြီးမြင့်သောအရပ်၌ ၎င်းဆောက်လုပ်သောအသိုက်နှင့်ခွဲခြားလိုက်သည်။ လွတ်မြောက်ရန်ငှက်၏ကြိုးစားမှုသည် အရာမရောက်သကဲ့သို့ရှိသည်။ ၎င်းသည်တစ်ဟုန်ထိုးဟိုဟိုဒီဒီပျံသန်းပြီး အားကြီးသောအတောင်ပံကိုခတ်ကာ ၎င်း၏အော်သံသည်တောင်ပေါ်တွင်ပဲ့တင်ထပ်လေသည်။ အဆုံးတွင်သူသည် အထက်သို့လှစ်ခနဲပျံတက်ကာ တိမ်တိုက်ကြီးကိုထိုးဖေါက်ပြီး အမှောင်ထုနှင့်လေပြင်းမုန်တိုင်းကိုအောက်၌ချန်ရစ်လျက် သာယာသောနေရောင်အောက်သို့ တစ်ဖန်ပြန်ရောက်လာသည်။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့အားအခက်အခဲများ၊ စိတ်ဓါတ်ကျခြင်းနှင့်အမှောင်ထုမှဝန်းရံနေနိုင်သည်။ အမှား၊ ဘေးဒုက္ခ၊ မတရားမှုတို့ကလည်း ကျွန်ုပ်တို့အားလှောင်ပိတ်နိုင်သည်။ ကျွန်ုပ်တို့ဖယ်ရှား၍မရနိုင်သောတိမ်များလည်းရှိသည်။ အချည်းနှီးရုန်းကန်ကြရသည်။ လွတ်မြောက်ရာလမ်းတစ်ခုသာရှိသည်။ မြူခိုးများသည် ကမ္ဘာမြေကိုဖုံးလွှမ်းထားသည်။ တိမ်များ၏တစ်ဖက်တွင် ဘုရားသခင်၏အလင်းသည်လင်းလျက်ရှိသည်။ ကိုယ်တော်ရှိနေသောနေရောင်အထဲသို့ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းတောင်ပံဖြန့်ကာ ပျံတက်သွားနိုင်သည်။ {Ed 118.2}

သင်ယူစရာသင်ခန်းစာများစွာရှိသည်။ လွင်ပြင် သို့မဟုတ် တောင်စောင်းတွင်တစ်ပင်တည်းပေါက်၍ မြေကြီးတွင်အမြစ်နက်နက်စွဲပြီး ၎င်း၏ အကြမ်းခံနိုင်သည့်ခွန်အားဖြင့်လေပြင်းမုန်တိုင်းကို ကြံ့ကြံ့ခံသည့်သစ်ပင်တစ်ပင်မှ မိမိကိုယ်ကိုအားထားမှီခိုခြင်းသင်ခန်းစာရရှိသည်။ အဖုအထစ်များဖြင့်ပုံပျက်ပန်းပျက်ဖြစ်နေသော ပင်ပျို၏ကောက်ကွေးနေသောပင်စည်နောက်ပိုင်းတွင် ဖြောင့်စင်းသောသစ်ပင်ကြီးအဖြစ် မည်သည့်လောကီစွမ်းအားကမျှ မစွမ်းဆောင်နိုင်သကဲ့သို့ ငယ်ရွယ်စဉ်ကလွှမ်းမိုးသောဩဇာ၏အစွမ်းသတ္တိ အရေးကြီးပုံသင်ခန်းစာကိုရရှိနိုင်သည်။ ကျိုချွဲသောရေကန်တချို့တွင် ပွင့်လန်းနေသောကြာပင်ကိုအမှိုက်များနှင့်ပေါင်းပင်များကဝန်းရံထားသည်။ ယင်းကြာပင်၏ပင်စည်သည် ရေအောက်ရှိစင်ကြယ်သောသဲထဲသို့ထိုးချကာ အသက်ကိုရယူပြီး အနာအဆာမဲ့ဖြူစင်ပြီးမွှေးရနံ့သင်းသောကြာပွင့်ကို အလင်းရောင်ထဲသို့ ပွင့်အာစေခြင်းအရာမှ သန့်ရှင်းသောအသက်တာ၏လျှို့ဝှက်ချက်ကိုသင်ယူနိုင်သည်။ {Ed 119.1}

ထို့ကြောင့်ကလေး၊ လူငယ်တို့သည် ဆရာသမားများနှင့်ဖတ်သောစာအုပ်များမှအချက်အလက်များကိုသိရှိနိုင်သော်လည်း သူတို့အားသင်ခန်းစာများကိုဆွဲယူနိုင်ရန်သင်ပေးပြီး မိမိတို့ဘာသာသမ္မာတရားကိုသိရှိစေပါ။ သူတို့သည် ခြံဥယျာဉ်၌အလုပ်လုပ်စဉ် မိမိတို့စိုက်သောအပင်များမှမည်သည့်အရာသင်ယူသည်ကိုသူတို့အားမေးပါ။ သူတို့သည်လှပသောရှုခင်းများကိုကြည့်သောအခါ အဘယ်ကြောင့်ဘုရားသခင်သည် လယ်ကွင်းပြင်များနှင့်သစ်တောများကိုလှပပြီးမတူညီသောအရောင်အသွေးများဖြင့် လွှမ်းခြုံထားသည်ကိုသူတို့အားမေးပါ။ အဘယ်ကြောင့်အရောင်အားလုံးသည် မှိုင်းနေသောအညိုရောင်မရှိကြသနည်း။ သူတို့သည်ပန်းများကိုခူးသောအခါ၊ အဘယ်ကြောင့်ကိုယ်တော်သည် ဧဒင်ဥယျာဉ်မှ ဤအလှအပများကို ကျွန်ုပ်တို့အားချန်ထားပေးသည်ကိုစဉ်းစားနိုင်ရန် သူတို့အားလမ်းပြပါ။ ကျွန်ုပ်တို့၏လိုအပ်ချက်အတွက်နှင့် ပျော်ရွှင်မှုအတွက်

အရာခပ်သိမ်းကိုအံ့ဩဖွယ်နေသားတကျဖြစ်စေတော်မူသောဘုရားခင်၏ အကြံအစည်သည် သဘာဝတရားတွင်နေရာတိုင်း၌ဖေါ်ပြသည်ကို သတိပြုမိစေရန် သူတို့အားသင်ပေးပါ။ {Ed 119.2}

အဖခမည်းတော်၏လက်ရာများကို သဘာဝတရားတွင်သတိပြုမိသောသူ၊ ကမ္ဘာမြေ၏ကြွယ်ဝလှပမှုတွင် အဖခမည်းတော်၏အရေးအသားများကိုဖတ်သောသူသာလျှင် သဘာဝတရားများမှ ယင်းတို့၏အနက်နဲဆုံးသောသင်ခန်းစာများကိုသင်ယူနိုင်ပြီး ယင်းတို့ကိုပြုစုရမည့်အမြင့်ဆုံးတာဝန်ကိုလည်းရရှိမည်။ တောင်ကုန်းနှင့်တောင်ကြား၊ မြစ်နှင့်ပင်လယ်တို့ကိုဘုရားသခင်၏အကြံအစည်တော်ကိုလည်းကောင်း၊ ဖန်ဆင်းရှင်ကိုဖေါ်ကျူးသည့်အရာများအဖြစ်လည်းကောင်း သဘောထားမှတ်ယူသောသူသာလျှင် ယင်းတို့၏အရေးပါမှုကိုတန်ဖိုးထားနိုင်မည်။ {Ed 119.3}

သဘာဝတရားမှများစွာသောပုံပမာများကို သမ္မာကျမ်းစာကိုရေးသားသူများကအသုံးပြုခဲ့သည်။ ကျွန်ုပ်တို့သည်သဘာဝလောကမှအရာများကိုလေ့လာရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်မှသင်ခန်းစာများကို သာ၍ပြည့်စုံစွာနားလည်နိုင်မည်။ ထိုသို့ဖြင့် သဘာဝတရားသည် နှုတ်ကပတ်တော်၏ဘဏ္ဍာတိုက်ကိုဖွင့်သောသော့ဖြစ်သည်။ {Ed 120.1}

သမ္မာကျမ်းစာသွန်သင်ချက်များမှ ပုံပမာပေးသောအရာများကို သဘာဝတရားထဲတွင်ရှာဖွေရန်နှင့် သမ္မာကျမ်းစာတွင်သဘာဝတရားမှဆွဲယူသည့်တူညီသောအချက်များကိုလိုက်ရှာရန် ကလေးများကိုအားပေးရမည်။ သူတို့သည် သဘာဝတရားနှင့် သမ္မာကျမ်းစာတွင်ခရစ်တော်ကိုဖေါ်ပြသောအရာများ၊ သမ္မာတရားကိုပုံဖေါ်ရန် ကိုယ်တော်အသုံးပြုသောအရာများကို သူတို့ရှာဖွေရမည်။ ထိုသို့ဖြင့်သူတို့သည် ကိုယ်တော်ကို သစ်ပင်နှင့်စပျစ်နွယ်ပင်များ၊ တောနှင်းပန်းနှင့်နှင်းဆီပန်းများ၊ နေနှင့်ကြယ်များတို့တွင် တွေ့မြင်နိုင်ရန်သင်ယူနိုင်ကြမည်။

သူတို့သည်ကိုယ်တော်၏အသံတော်ကို ကျေးငှက်တို့၏အော်မြည်သံများ၊ သစ်ရွက်ခတ်သံများ၊ မိုးချုန်းသံများ၊ ပင်လယ်လှိုင်းလုံးသံများတွင်ကြားနိုင်ရန် သင်ယူနိုင်ကြမည်။ ထိုအခါသဘာဝတရား၌ ကျင်လည်သောအရာအားလုံးသည် ကိုယ်တော်၏အဖိုးထိုက်သောသင်ခန်းစာများကို သူတို့အားထပ်ခါထပ်ခါပြောပြလိမ့်မည်။ {Ed 120.2}

ထိုကြောင့် မိမိကိုယ်ကိုခရစ်တော်နှင့်သိကျွမ်းအောင်ပြုသောသူတို့အတွက် ကမ္ဘာမြေကြီးသည် ဘယ်ခါမျှအထီးကျန်ဆန်ပြီး လူသူကင်းသောနေရာကဲ့သို့မဖြစ်တော့ချေ။ ကမ္ဘာမြေသည် တစ်ချိန်ကလူတို့အကြားတွင်နေထိုင်တော်မူခဲ့သော သူ၏ရှိနေခြင်းနှင့်ပြည့်ကာ မိမိတို့အဖခမည်းတော်၏နေအိမ်ဖြစ်လာလိမ့်မည်။ {Ed 120.3}

***

# အခန်း ၁၃

# ဉာဏနှင့်ဝိဉာဏကိုလေ့ကျင့်ပျိုးထောင်ခြင်း

ကိုယ်၊ စိတ်၊ ဝိညာဉ်အတွက် အားထုတ်ကြိုးစားခြင်းအားဖြင့် ခွန်အားကိုရရှိစေသောအရာမှာ ဘုရားသခင်၏နိယာမပင်ဖြစ်သည်။ ကြီးထွားတိုးတက်စေသောအရာမှာ လေ့ကျင့်မှုဖြစ်သည်။ ဤနိယာမနှင့်သဟဇာတဖြစ်အောင် ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်တွင် ဉာဏနှင့် ဝိဉာဏတိုးတက်မှုအတွက် နည်းလမ်းများကို စီစဉ်ပေးထားတော်မူပြီးဖြစ်သည်။ {Ed 123.1}

ဤအသက်တာ သို့တည်းမဟုတ် နောင်လာမည့်အသက်အတွက် သင့်လျော်စေလိုသောငှာ လူတို့နားလည်ရန်လိုအပ်သောနိယာမအားလုံးသည် သမ္မာကျမ်းစာတွင်ပါရှိသည်။ ဤနိယာမများကို လူအားလုံးကနားလည်နေနိုင်သည်။ သမ္မာကျမ်းစာထဲမှအချို့သောအသုံးဝင်သည့် အတွေးအခေါ်မရရှိဘဲ ယင်း၏သွန်သင်ချက်ကိုတန်ဖိုးထားသောစိတ်သဘောဖြင့် မည်သူကမျှကျမ်းပိုဒ်တစ်ပိုဒ်ကိုမဖတ်နိုင်ချေ။ သို့သော်အမွန်မြတ်ဆုံးသောသမ္မာကျမ်းစာ၏သွန်သင်ချက်ကိုရုံဖန်ရံခါ သို့မဟုတ် အဆက်အစပ်မရှိဘဲလေ့လာခြင်းဖြင့်မရရှိနိုင်ချေ။ ၎င်း၏ကြီးမားသောသမ္မာတရား၏နည်းစနစ်ကို အလောတကြီး သို့မဟုတ် ဂရုမစိုက်ဘဲဖတ်သောသူတို့အားမဖော်ပြပေးချေ။ ၎င်း၏များစွာသောဘဏ္ဍာများသည် အပေါ်ယံ၌ရှိမနေဘဲ လုံ့လဝီရိယဖြင့်ရှာဖွေပြီး မရပ်မနားကြိုးစားအားထုတ်ခြင်းအားဖြင့်သာလျှင်ရရှိနိုင်သည်။ ပြည့်စုံသောသမ္မာတရားအဖြစ်ပါဝင်ဖွဲ့စည်းသောသမ္မာတရားများကို "သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်" (ဟေရှာယ ၂၈:၁၀) ရှာဖွေစုစည်းရမည်။ {Ed 123.2}

ထိုသို့ရှာဖွေ၍စုစည်းလိုက်သောအခါ၊ ၎င်းတို့သည်တစ်ခုနှင့်တစ်ခု တိတိကျကျအံဝင်ခွင်ကျဖြစ်သည်ကိုတွေ့ရလိမ့်မည်။ ခရစ်ဝင်ကျမ်းတစ်ခုစီသည် အခြားခရစ်ဝင်ကျမ်းများအတွက် ဖြည့်စွက်ပေးသည်။ အနာဂတ္တိတစ်ခုချင်း စီသည်လည်း အခြားအနာဂတ္တိကိုရှင်းပြချက်ဖြစ်သည်။ သမ္မာတရားတိုင်းသည် အချို့သော အခြားသမ္မာတရားကို တိုးတက်ပြည့်စုံစေသည်။ ယုဒလူတို့၏ နေထိုင်မှုပုံစံကိုဧဝံဂေလိသတင်းစကားကရှင်းလင်းစေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲကနိယာမတစ်ခုချင်းစီသည် သူ့နေရာနှင့်သူရှိနေပြီး၊ အချက် အလက်တိုင်းသည်လည်း ဆက်စပ်မှုရှိသည်။ ဒီဇိုင်းနှင့်အကောင်အထည်ဖော် မှုတွင်ပြည့်စုံသော ဖွဲ့စည်းတည်ဆောက်ပုံသည် ရေးသားတော်မူသောသူ အကြောင်းကိုသက်သေခံသည်။ ထိုသို့သောတည်ဆောက်ပုံကို အဘယ်လူ သားကမျှမစွမ်းဆောင်နိုင်ဘဲ ဘုရားသခင်ကသာလျှင် စိတ်ကူး၊ ပုံဖော်နိုင်တော် မူသည်။ {Ed 123.3}

ကျမ်းပိုဒ်အမျိုးမျိုးကိုရှာဖွေ၍၊ ၎င်းတို့၏ဆက်စပ်မှုကိုလေ့လာရာတွင် လူသားစိတ်နှလုံး၏စွမ်းဆောင်ရည်သည် ပြင်းထန်စွာလုပ်ဆောင်ရသည်။ ထိုသို့သောလေ့လာမှုတွင် ဉာဏတန်ခိုးတိုးတက်လုပ်ဆောင်မှုမရှိဘဲ မလုပ်ဆောင် နိုင်ချေ။ {Ed 124.1}

သမ္မာတရားတစ်ခုတည်းကိုသာရှာဖွေခြင်းမဟုတ်ဘဲ ယင်းတို့ကို ပေါင်းစပ်ရှာဖွေခြင်းသည် သမ္မာကျမ်းစာလေ့လာခြင်း၏ တန်ဖိုးကိုစိတ်၌စွဲစေ သည်။ တင်ပြသည့်အဓိကအာဘော်ကိုလည်းဖမ်းဆုပ်နိုင်ရန် အားထုတ်ကြိုးစားမှု လိုအပ်သည်။ သာမညအရာများကသာသိမ်းပိုက်ထားသောစိတ်သည်သေးနုပ်ပြီး ချည့်နဲ့လာသည်။ ကြီးမားနက်နဲသောသမ္မာတရားများကို နားလည်သဘော ပေါက်အောင် ဘယ်ခါမျှမလုပ်ဆောင်သောစိတ်သည် ကြီးထွားခြင်းအစွမ်း ကိုဆုံးရှုံးသွားရသည်။ ဤယိုယွင်းခြင်းကိုကာကွယ်ရန်နှင့် တိုးတက်မှုကိုလှုံ့ ဆော်ပေးရန်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာခြင်းသည်

ဘယ်အရာနှင့်မျှမတူနိုင်ချေ။ ဉာဏ်ရည်ကိုလေ့ကျင့်ပေးရန်မှာ သမ္မာကျမ်းစာသည် အခြားစာအုပ်တစ်ခုခု သို့မဟုတ် အခြားစာအုပ်များအားလုံးပေါင်းခြင်းထက်သာ၍ထိရောက်မှုရှိသည်။ ကြီးမြတ်သောအာဘော်များ၊ ဂုဏ်ရှိပြီးရိုးရှင်းသောဖွင့်ဟချက်များ၊ နိမိတ်ပုံလှပမှုများသည် အခြားအရာအားလုံးထက်အတွေးအခေါ်ကိုထက်မြက်မြင့်တင်ပေးနိုင်သည်။ အံ့မခန်းသမ္မာတရားများဖေါ်ပြချက်ကိုနားလည်သဘောပေါက်ရန် ကြိုးစားအားထုတ်ခြင်းသည် အခြားမည်သည့်လေ့လာမှုကမျှမပေးစွမ်းနိုင်သောစိတ်တန်ခိုးကိုပေးသည်။ ထို့ကြောင့်ဘုရားရှင်၏အတွေးအခေါ်နှင့် ထိတွေ့သောစိတ်သည်ကျယ်ပြန့်လာပြီး အားကောင်းလာသည်။ {Ed 124.2}

ဝိညာဉ်ရေးကြီးထွားတိုးတက်မှုတွင် သမ္မာကျမ်းစာ၏တန်ခိုးသည်သာ၍ကြီးမားသည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရန်ဖန်ဆင်းထားသောလူသည် ထိုသို့သောမိတ်သဟာယမျိုး၌သာစစ်မှန်သောအသက်တာနှင့်ကြီးထွားတိုးတက်မှုကိုရှာတွေ့နိုင်သည်။ ဘုရားသခင်၌အမြင့်မားဆုံးသောဝမ်းမြောက်ခြင်းကိုရှာတွေ့ရန် ဖန်ဆင်းခြင်းဖြစ်ရာ စိတ်တောင့်တမှုများကိုငြိမ်းစေနိုင်သောအရာ၊ စိတ်ဝိညာဉ်၏ဆာလောင်မှု၊ ရေငတ်ခြင်းကိုဖြည့်ဆည်းပေးနိုင်သောအရာကိုလူသည်ဘယ်နေရာ၌မျှရှာမတွေ့နိုင်ချေ။ ရိုးသားနှိမ့်ချသောစိတ်ဖြင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာသောသူ၊ ယင်း၏သမ္မာတရားများကိုနားလည်ရန်ကြိုးစားသောသူသည် ကျမ်းစာကိုရေးသားတော်မူသောသူနှင့်ထိတွေ့ရသောအခွင့်ရှိလိမ့်မည်။ မိမိရွေးချယ်မှုအပေါ်မူတည်၍ သူ၏ကြီးထွားတိုးတက်နိုင်ခြေသည်အကန့်အသတ်မရှိချေ။ {Ed 124.3}

သမ္မာကျမ်းစာ၏အမျိုးမျိုးသောပုံစံနှင့် အကြောင်းအရာများသည် လူတိုင်းအတွက်စိတ်ဝင်စားစရာတစ်ခုခုပါရှိပြီး စိတ်နှလုံးကိုဆွဲဆောင်သည်။ ယင်း၏စာမျက်နှာများအပေါ်တွင် ရှေးအကျဆုံးသောသမိုင်းကြောင်း၊ အစစ်မှန်ဆုံးသောအတ္ထုပ္ပတ္တိ၊ နိုင်ငံကိုထိန်းသိမ်းရန်အစိုးရ၏ဥပဒေများ၊ အိမ်ထောင်၏

စဉ်းမျဉ်းများ၊ လူသားဉာဏ်မမီနိုင်သော နည်းဥပဒေသများကိုတွေ့ရှိနိုင်သည်။ အလေးနက်ဆုံးသောအတွေးအမြင်၊ အချိုသာဆုံးနှင့်အံ့မခန်းဆုံးသောကဗျာ၊ လှိုက်လှိုက်လှဲလှဲအဖြစ်ဆုံးနှင့် ရင်နှင့်ဖွယ်အဖြစ်ဆုံးလင်္ကာစသည်တို့ပါရှိသည်။ စဉ်းစားသောအခါမှာပင်လျှင် လူသားစာရေးဆရာများ၏ရေးသားထုတ်ဝေသော စာအုပ်များထက် သမ္မာကျမ်းစာ၏စာပေလက်ရာသည် မတိုင်းတာနိုင်လောက် အောင်ပင်သာလွန်သည်။ သို့သော်ကြီးမြတ်သောအဓိကအကြောင်းအရာနှင့် ယင်းတို့၏ဆက်စပ်မှုကိုရှုမြင်သောအခါ၊ ယင်းသည်အတောမသတ်နိုင်သော နယ်ပယ်ဖြစ်လာပြီး အဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိလာသည်။ ဤသုံးသပ်ချက်၏ရှုထောင့်မှကြည့်သော် အကြောင်းတိုင်းသည် အသစ်သောအဓိပ္ပါယ် ရှိသည်။ အရိုးရှင်းဆုံးဖော်ပြသောသမ္မာတရားတွင် ကောင်းကင်နှင့်အမျှမြင့်၍ ထာဝရကာလကိုညွှန်ပြသော အခြေခံစည်းမျဉ်းများပါဝင်သည်။ {Ed 125.1}

သမ္မာကျမ်းစာ၏ အခြားသောအကြောင်းအရာများပေါင်းစည်းထားသည့်အဓိကအာဘော်မှာ ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည် လူသားတွင်နဂိုအတိုင်းပြန်လည်ဖြစ်လာစေရန်ဟူသော ရွေးနှုတ်ခြင်းစီမံကိန်းဖြစ်သည်။ ပထမဦးဆုံးမျှော်လင့်ခြင်းအရိပ်အမြွက်ကို ဧဒင်ဥယျာဉ်၌ထုတ်ပြန်ချမှတ်ချိန်မှ "မျက်နှာတော်ကိုမြင်ရ၍ သူတို့နဖူး၌လည်းနာမတော်ရေးထားလျက်ရှိလိမ့်မည်" (ဗျာဒိတ် ၂၂:၄) ဟူသောဗျာဒိတ်ကျမ်းမှနောက်ဆုံးမွန်မြတ်သောကတိတော် အထိ၊ "ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အားအောင်ခြင်းအခွင့်ပေးတော်မူသောဘုရားသခင်၏" (၁ကော ၁၅:၅၇) တန်ခိုးတော်သည် လူသားကိုစိတ်ဓာတ်မြှင့်တင်ပေးခြင်းမှာ သမ္မာကျမ်းစာရှိကျမ်းချက်တိုင်း၌ ဖော်ပြသောအံ့သြဖွယ်အာဘော်ပင်ဖြစ်သည်။ {Ed 125.2}

ဤအကြောင်းအရာကိုသဘောပေါက်သောသူ၏ရှေ့တွင် လေ့လာရန်အတွက်မဆုံးနိုင်သောပညာရပ်နယ်ပယ်ရှိသည်။ ဘုရားသခင်၏နှုတ်ကပတ်

တော်ဘဏ္ဍာတိုက်တစ်ခုလုံးကို သူ့အားဖွင့်ပေးမည့်သော့သည် သူ၌ရှိသည်။ {Ed 126.1}

ရွေးနုတ်ခြင်းသိပ္ပံသည် သိပ္ပံဘာသာရပ်အားလုံး၏ သိပ္ပံပညာဖြစ်သည်။ ကောင်းကင်တမန်များနှင့် မကျရှုံးသောကမ္ဘာများမှအသိဉာဏ်ရှိသောအရာအားလုံးကိုလေ့လာသည့်သိပ္ပံ၊ ကျွန်ုပ်တို့သခင်နှင့်ကယ်တင်ရှင်၏စိတ်အာရုံကိုဆွဲဆောင်သောဘာသာ၊ "ရှေးကပ်ကာလပတ်လုံးဝှက်ထားသော" (ရောမ ၁၆:၂၅) ထာဝရဘုရား၏စိတ်တော်၌စဉ်းစားသည့် ရည်ရွယ်ချက်ထဲသို့ဝင်လာသောပညာ၊ ထာဝရကာလပတ်လုံးဘုရားသခင်ရွေးနုတ်သောသူတို့လေ့လာမည့်သိပ္ပံပညာဘာသာဖြစ်သည်။ {Ed 126.2}

"ပညာအတတ်ကိုရသောသူသည် အသက်ကိုလည်းရတတ်၏။" ယေရှုက "ငါပြောသောစကားသည်ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။" "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" ဟုမိန့်တော်မူသည်။ ဒေသနာကျမ်း ၇:၁၂၊ ယောဟန် ၆:၆၃၊ ၁၇:၃။ {Ed 126.3}

ကမ္ဘာဂြိုဟ်များကိုတည်ရှိစေသည့် ဖန်ဆင်းခြင်းတန်ခိုးသည် ဘုရားသခင်၏နှုတ်တော်ထွက်စကား၌ရှိသည်။ နှုတ်တော်ထွက်စကားသည် တန်ခိုးကိုပေးသည်၊ အသက်ကိုလည်းဖြစ်စေသည်။ မိန့်တော်မူချက်တိုင်းသည် ကတိတော်ဖြစ်သည်။ အလိုဆန္ဒဖြင့်လက်ခံ၍ စိတ်ဝိညာဉ်ဖြင့်ရရှိသောအခါနှုတ်ထွက်စကားနှင့်အတူဘုရားရှင်၏အသက်သည်လည်းယူဆောင်လာသည်။ ၎င်းသည်သဘာဝတရားကိုပြောင်းလဲစေ၍ လူကိုဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီတစ်ဖန် ဖန်ဆင်းပေးသည်။ {Ed 126.4}

ထို့ကြောင့်အသက်ကိုပေးလိုက်သည်နည်းတူ ထိန်းသိမ်းပေးထားသည်။ "လူသည် ... ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်" မဿဲ ၄:၄။ {Ed 126.5}

စိတ်ဝိညာဉ်သည် ၎င်းအားကျွေးမွေးသောအရာအပေါ် တည်ဆောက်ထားသည်။ ၎င်းအားမည်သည့်အစာကိုကျွေးရန်ဆုံးဖြတ်ရန်မှာ ကျွန်ုပ်တို့အပေါ်မူတည်သည်။ အတွေးများကိုသိမ်းပိုက်ပြီး အကျင့်စာရိတ္တကိုပုံသွင်းမည့်အကြောင်းအရာများကို ရွေးချယ်ရန်မှာလူတိုင်းလုပ်ဆောင်နိုင်သောအရာဖြစ်သည်။ သမ္မာကျမ်းစာကိုရရှိနိုင်သည့် အခွင့်အလမ်းရှိသောသူတိုင်းအားဘုရားသခင်သည် "ငါ့တရား၏ထူးဆန်းသောအရာတို့ကို၊ သူ့အဖို့ငါရေးထားပြီ။" "ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင်နက်နဲသောအရာတို့ကိုငါပြမည်" ဟောရှေ ၈း၁၂၊ ယေရမိအနာဂတ္တိကျမ်း ၃၃း၃။ {Ed 126.6}

ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိလက်တွင်ကိုင်စွဲသောလူတိုင်းသည် သူ့အသက်တာသည် ဒေါင်ကျကျပြားကျကျ၊ ထိုသို့သောပေါင်းသင်းဆက်ဆံမှုကိုသူသည်ရွေးချယ်ရရှိနိုင်သည်။ သမ္မာကျမ်းစာ၏စာမျက်နှာများတွင်အမြင့်မြတ်ဆုံးနှင့် အကောင်းဆုံးသောလူသားမျိုးနွယ်တို့နှင့် အပြန်အလှန်စကားလက်ဆုံပြောနိုင်သည်။ လူသားတို့နှင့်စကားပြောတော်မူသောထာဝရအရှင်၏အသံကိုလည်းသူနားထောင်နိုင်သည်။ "ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သော" (၁ပေတရု ၁း၁၂) အကြောင်းအရာများကိုသူသည်လေ့လာအာရုံပြုရာတွင် သူတို့၏ပေါင်းဖော်ခြင်းကိုရရှိနိုင်သည်။ သူသည်ကောင်းကင်မှဆင်းသက်တော်မူသောဆရာ၏ခြေတော်ရာကိုလိုက်၍တောင်ပေါ်၊ မြေပြန့်၊ ပင်လယ်တို့တွင် ကိုယ်တော်သွန်သင်တော်မူသောအချိန်ကကဲ့သို့ ကိုယ်တော်၏အသံတော်ကိုနားထောင်နိုင်သည်။ ဤလောကတွင်ကောင်းကင်၏အငွေ့အသက်ကိုခံစားနိုင်ပြီး ဝမ်းနည်းပူဆွေးသူများ၊ ဖြားယောင်းသွေးဆောင်ခြင်းကိုခံရသောသူတို့အား မျှော်လင့်ခြင်းနှင့် သန့်ရှင်းမှုကိုတောင့်တသောစိတ်ဆန္ဒကိုပေးနိုင်သည်။ သူကိုယ်တိုင်သည် မျက်မြင်မရသောသူနှင့်သာ၍နီးသည်ထက်နီးသောမိတ်သဟာယဖွဲ့နိုင်သည်။ ရှေးအခါက

ဘုရားသခင်နှင့်အတူလျှောက်လှမ်းခဲ့ကြသောသူများနည်းတူ၊ တံခါးသည်ပွင့်၍ ထိုအထဲသို့သူဝင်မသွားမီအချိန်တိုင်အောင် သူသည်ထာဝရအိမ်တော်တံခါးဝနှင့် နီးသည်ထက်နီးလာနေသည်။ သူသည်သူစိမ်းအဖြစ်မခံစားရပေ။ သူ့အားနှုတ် ဆက်မည့်အသံမှာ မျက်မြင်၍မရသောသူများ၊ မြေကြီးပေါ်တွင်သူသည် သဲကွဲ အောင်နှင့်ချစ်နိုင်အောင် သင်ယူခဲ့သည့်သူ၏အပေါင်းအဖော် သန့်ရှင်းသူတို့၏ အသံပင်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကောင်းကင် သားတို့နှင့်အတူမိတ်သဟာယဖွဲ့ပြီး အသက်ရှင်သောသူသည် ကောင်းကင် သားများ၏ပေါင်းဖော်ခြင်းအရာ၌ မိမိကိုယ်ကိုကောင်းကင်အိမ်သားတစ်ဦးအဖြစ် မြင်တွေ့ရလိမ့်မည်။ {Ed 127.1}

***

# အခန်း ၁၄

# သိပ္ပံပညာနှင့်သမ္မာကျမ်းစာ

သဘာဝတရားစာအုပ်ကြီးနှင့် ဘုရားရှင်၏ဖေါ်ပြချက်စာအုပ်ကြီးတို့သည် ကြီးမြတ်သောသခင်၏ခတ်နှိပ်ခြင်းကိုခံရပြီး ယင်းတို့သည်သဘောထားညီစွာဟောပြောကြသည်။ သို့သော်တူညီသည့်ကြီးမြတ်သောသမ္မာတရားများကိုကွဲပြားသောနည်းလမ်းများနှင့် ခြားနားသောဘာသာစကားဖြင့်သက်သေခံကြသည်။ သိပ္ပံပညာသည် အသစ်သောအံ့ဖွယ်ရာများကို အစဉ်ရှာဖွေတွေ့ရှိသည်။ သို့သော် ယင်းပညာသည် ဘုရားရှင်၏ဖေါ်ပြချက်နှင့် ဆန့်ကျင်သောအရာတစ်ခုမျှလေ့လာတွေ့ရှိခြင်းမရှိကြောင်းကို မှန်ကန်စွာနားလည်ရသည်။ သဘာဝတရားစာအုပ်ကြီးနှင့် ရေးထားသောနှုတ်ကပတ်တော်တစ်ခုအပေါ်တစ်ခုအလင်းရောင်ဖြန့်ကြသည်။ ကိုယ်တော်အသုံးပြုတော်မူသောနိယာမမှတစ်စုံတစ်ရာကို ကျွန်ုပ်တို့အားသင်ပေးခြင်းဖြင့် ယင်းတို့သည် ကျွန်ုပ်တို့အားဘုရားသခင်နှင့်အတူသိကျွမ်းစေသည်။ {Ed 128.1}

သို့သော်ငြားလည်း သဘာဝတရားတွင်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရာမှမှားယွင်းစွာကောက်ချက်ချခြင်းသည် သိပ္ပံပညာနှင့် သမ္မာကျမ်းစာအကြားတွင်သဘောထားကွဲလွဲမှုရှိသည်ဟုယူဆစေပြီး သဘောထားမတိုက်ဆိုင်မှုပြန်လည်တည်ဆောက်ရန်ကြိုးပမ်းရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်၏တန်ခိုးကိုလျှော့ပါးဖျက်ဆီးစေသည့် သမ္မာကျမ်းစာအနက်ပြန်ဆိုမှုများကိုလည်းရွေးချယ်လက်ခံစေသည်။ ဘူမိဗေဒပညာသည်လည်း မောရှေမှတ်တမ်းတင်ထားသည့်ဖန်ဆင်းခြင်းအကြောင်းကို တိုက်ရိုက်အနက်ပြန်ဆိုခြင်းနှင့်ဆန့်ကျင်သည်ဟုထင်မြင်ကြသည်။ ပရမ်းပတာအခြေအနေမှ ကမ္ဘာမြေကြီးတစ်စတစ်စပြောင်းလဲတိုးတက်ရန် နှစ်ပေါင်းသန်းနှင့်ချီ၍လိုအပ်သည်ဟုဆိုကြသည်။

သိပ္ပံပညာ၏တွေ့ရှိချက်ဟုဆိုကြသော ဤဆင့်ကဲဖြစ်စဉ်ထဲ၌ သမ္မာကျမ်းစာကိုထည့်သွင်းနိုင်ရန်အလို့ငှာ ဖန်ဆင်းခြင်းနေ့ရက်များသည် နှစ်ပေါင်းထောင်ပေါင်းများစွာမက သန်းပေါင်းများစွာကြာသည်ဟု ယူဆလက်ခံကြသည်။ {Ed 128.2}

ထိုသို့သောကောက်ချက်ချခြင်းသည် လုံးလုံးမဆီမဆိုင်ဖြစ်သည်။ သမ္မာကျမ်းစာမှတ်တမ်းသည် သူ့ကိုယ်သူညီညွတ်မှုရှိပြီး သဘာဝတရား၏သွန်သင်မှုနှင့်လည်း သဟဇာတဖြစ်သည်။ ဖန်ဆင်းခြင်းပထမနေ့ကို "ညဦးယံနှင့်နံနက်သည် ပထမနေ့ရက်ဖြစ်လေ၏" (ကမ္ဘာဦး ၁း၅) ဟူ၍မှတ်တမ်းတင်ထားသည်။ အလားတူပင် ဖန်ဆင်းခြင်းရက်သတ္တပတ်၏ ပထမခြောက်ရက်မှတစ်ရက်ချင်းစီကိုပြောဆိုခဲ့သည်။ ဤကာလတစ်ခုချင်းစီကို သမ္မာကျမ်းစာကဖော်ပြရာတွင် ထိုအချိန်မှစ၍အခြားနေ့ရက်များကဲ့သို့ပင် ညဦးယံနှင့် နံနက်ပါဝင်သောနေ့ရက်ဖြစ်သည်။ ဖန်ဆင်းခြင်းအလုပ်နှင့်ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင်သက်သေခံချက်မှာ "ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုတော်မူသည့်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်းတည်လျက်နေ၏" (ဆာလံ ၃၃း၉) ဟူ၍ဖြစ်သည်။ မရေမတွက်နိုင်သောကမ္ဘာဂြိုဟ်များတည်ရှိလာစေရန်မြွက်ဆိုတော်မူနိုင်သောသူအတွက် ပရမ်းပတာအခြေအနေမှကမ္ဘာမြေကြီးတစ်စတစ်စပြောင်းလဲတိုးတက်ရန်အတွက် အချိန်မည်မျှကြာကြာလိုအပ်လိမ့်မည်နည်း။ ကိုယ်တော်၏လက်ရာများကိုရှင်းပြရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကိုချိုးဖေါက်ရမည်လော။ {Ed 129.1}

မြေကြီးထဲ၌တွေ့ရှိရသောရုပ်ကြွင်းများသည် ယခုလက်ရှိများထက်သာ၍များစွာကြီးသောလူများ၊ တိရစ္ဆာန်များနှင့်အပင်များတည်ရှိခဲ့သည်ကိုသက်သေခံသည်။ ဤအရာတို့က မောရှေသည်သမ္မာကျမ်းကိုမရေးသားမီအပင်များနှင့်တိရစ္ဆာန်များရှိခဲ့ကြောင်းသက်သေအဖြစ်မှတ်ယူရသည်။ သို့ရာတွင်ဤအရာများနှင့်ပတ်သက်၍ သမ္မာကျမ်းစာမှသမိုင်းကြောင်းသည် လုံလောက်သောရှင်းလင်းချက်ကိုပေးသည်။ ရေမလွှမ်းမိုးမီကအပင်များနှင့် တိရစ္ဆာန်များ

ကြီးထွားမှုသည် လက်ရှိအခြေအနေထက် မတိုင်းတာနိုင်လောက်အောင် သာလွန်သည်။ ရေလွှမ်းမိုးခြင်းတွင်မြေကြီးသည် အက်ကွဲ၍ ကြီးမားသော ပြောင်းလဲမှုဖြစ်ပေါ်ကာ ကမ္ဘာမြေမျက်နှာပြင်ပြန်လည်ဖွဲ့စည်းတည်ဆောက် ရာတွင် ကနဦးရှိခဲ့သောအရာများ၏ များစွာသောအထောက်အထားများကိုထိန်း သိမ်းထားသည်။ ရောမသစ်တောကြီးများသည် ရေလွှမ်းမိုးချိန်ကမြေကြီးအောက် သို့မြုပ်သွားကြသည်။ ထိုအချိန်မှကျောက်မီးသွေးအဖြစ် ပြောင်းလဲကာ ကျယ်ပြောသော ကျောက်မီးသွေးကွင်းကြီးများကိုဖြစ်ပေါ်စေသည်။ ထို့နောက် ယနေ့ကျွန်ုပ်တို့၏ဇိမ်ခံစရာနှင့် အဆင်ပြေမှုကိုဆောင်ရွက်ပေးမည့် ရေနံကို လည်းဖြစ်စေသည်။ ဤအရာများကိုသိရှိလာကြသောအခါ၊ ဘုရားသခင့် နှုတ်ကပတ်တော်၏အမှန်တရားကို စကားမပြောဘဲသက်သေခံကြသော သက်သေခံများစွာရှိသည်။ {Ed 129.2}

ကမ္ဘာမြေကြီးဆင့်ကဲပြောင်းလဲခြင်းနှင့် သက်ဆိုင်သောအယူအဆနှင့် ဆင်တူသောအယူအဆမှာ ဖန်ဆင်းခြင်း၏အထွတ်အထိပ်ဖြစ်သောလူသား၏ ဆင့်ကဲဖြစ်စဉ်မှာ ပိုးမွှားများ၊ ခရုမျိုးနွယ်များ၊ ခြေလေးချောင်းသတ္တဝါများမှ ပြောင်းလဲတိုးတက်လာသည်ဟူ၍ မှတ်ယူခြင်းဖြစ်သည်။ {Ed 130.1}

သုတေသနပြုရန်အတွက် လူအားအခွင့်အရေးကိုပေးမည်ဟု စဉ်းစားလိုက်သော် သူ၏အသက်သည်တိုတောင်းလှသည်၊ လှုပ်ရှားနိုင်သည့် နယ်ပယ်သည်ကျဉ်းလှသည်၊ အထူးသဖြင့်ရှေးကျသောကျမ်းစာသမိုင်းဖြစ်ရပ် များကိုတွေးခေါ်ရာတွင် ကြိမ်ဖန်များစွာကြီးမားသော အမှားများဖြင့် ကောက်ချက်ချကြသည်။ အကြံပြုထားသောသိပ္ပံပညာ၏ယူဆချက်များကို ကြိမ်ဖန်များစွာပြင်ဆင်လိုက်၊ ပထုတ်လိုက်လုပ်ကြသည်။ ပြောဆိုလက်ခံနေကျ ကမ္ဘာမြေဖြစ်တည်လာမှုကာလကို နှစ်ပေါင်းသန်းပေါင်းများစွာချီ၍ တိုးလိုက်၊ လျှော့လိုက်လုပ်ကြသည်။ ထို့နောက်အမျိုးမျိုးသောသိပ္ပံပညာရှင်တို့သည် ကျွန်ုပ်တို့၏မျိုးရိုးကိုပိုးမွှား၊ ခရုမျိုး၊ လူဝံမျိုး စသည်တို့မှခြေရာခံကြရာတွင် ကွဲပြားသောအယူအဆများကို သုံးသပ်ဆင်ခြင်ပါ။ “ဘုရားသခင်သည်မိမိ

ပုံသဏ္ဍာန်နှင့်အညီလူကိုဖန်ဆင်းတော်မူ၏” (ကမ္ဘာဦး ၁း၂၇) ဟူသော သမ္မာကျမ်းစာ၏ရိုးရှင်းစွာဖော်ပြချက်ကို ကျွန်ုပ်တို့ပယ်မည်လော။ “အဖအာဒံ၊ အာဒံအဖ ဘုရားသခင်ပေတည်း” (လုကာ ၃း၃၈) ဟူသောရှင်ဘုရင်များ၏ နန်းတော်မှမှတ်တမ်းများထက်သာ၍ ဂုဏ်ယူဖွယ်ဖြစ်သော ဆွေစဉ်မျိုးဆက်မှတ်တမ်းကို ကျွန်ုပ်တို့ငြင်းပယ်မည်လော။ {Ed 130.2}

သိပ္ပံပညာ၏တွေ့ရှိချက်များနှင့် အသက်တာ၏အတွေ့အကြုံများသည် သဘာဝတရားမှ ဘုရားသခင်အစဉ်လုပ်ဆောင်မှုကို သမ္မာကျမ်းစာ၏သက်သေခံမှုသည် ကိုက်ညီမှုရှိသည်ကိုကောင်းစွာနားလည်ရသည်။ {Ed 130.3}

လေဝိအမျိုးသားတို့၏သီချင်းကိုနေဟမိသည် အောက်ပါအတိုင်းမှတ်တမ်းတင်ထားသည်။ “ကိုယ်တော်သာလျှင် ထာဝရဘုရားဖြစ်တော်မူ၏။ အမြင့်ဆုံးသောကောင်းကင်နှင့် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ကိုလည်းကောင်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာရှိရှိသမျှတို့ကိုလည်းကောင်း၊ ပင်လယ်နှင့်ပင်လယ်၌ပါသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူ၏။ အလုံးစုံတို့ကို စောင့်မတော်မူ၏” နေဟမိမှတ်စာ ၉း၆။ {Ed 130.4}

ဤကမ္ဘာမြေနှင့်ပတ်သက်၍ ဖန်ဆင်းခြင်းအလုပ်သည် ပြီးဆုံးပြီဖြစ်ကြောင်း သမ္မာကျမ်းစာတွင်ဖော်ပြထားသည်။ “ကမ္ဘာဦးကပင်အမှုအရာတို့ကိုပြီးစီး” (ဟေဗြဲ ၄း၃) စေပြီဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏တန်ခိုးသည် မိမိဖန်ဆင်းသောအရာများကို ယခုတိုင်အောင်ထိန်းသိမ်းလျက်ရှိသည်။ သွေးခုန်ခြင်း၊ အသက်ရှူခြင်းသည် ယင်းတို့၏ပင်ကိုစွမ်းအင်ဖြင့် ဆက်တိုက်လုပ်ဆောင်ရန် ခန္ဓာကိုယ်စက်ယန္တရားကိုတစ်ကြိမ်မျှသာ ချမှတ်ခြင်းမဟုတ်ပါ။ ထွက်သက်ဝင်သက်တိုင်း၊ နှလုံးသွေးခုန်နှုန်းတိုင်းသည် ကျွန်ုပ်တို့ကို အသက်ရှင်လှုပ်ရှားတည်ရှိစေသော ဘုရားသခင်၏စောင့်ရှောက်မှုအထောက်အထားဖြစ်သည်။ အသေးငယ်ဆုံးအင်းဆက်ပိုးမှစ၍ လူအထိတိုင်အောင် အသက်ရှင်သောသတ္တဝါတိုင်းသည် နေ့စဉ်ဘုရားရှင်၏ စောင်မမှုအပေါ်မှီခိုကြရသည်။ {Ed 131}

"တိရစ္ဆာန်အပေါင်းတို့သည်....ကိုယ်တော်ကိုမျှော်လင့်လျက်နေကြ၏။
လက်တော်ကိုဖွင့်တော်မူသောအားဖြင့်၊
သူတို့သည်ကောင်းသောအရာနှင့် ရောင့်ရဲကြပါ၏။
မျက်နှာတော်ကိုလွှဲတော်မူလျှင်၊ သူတို့သည်ပင်ပန်းကြပါ၏။
သူတို့အသက်ကိုရုပ်သိမ်းတော်မူလျှင် သူတို့သည်သေ၍
မိမိတို့မြေမှုန့်ထဲသို့ပြန်သွားကြပါ၏။
တစ်ဖန်ဝိညာဉ်တော်ကိုလွှတ်၍ သူတို့ကိုဖန်ဆင်းတော်မူသဖြင့်၊
မြေကြီးမျက်နှာကို အသစ်ပြုပြင်တော်မူ၏"
ဆာလံ ၁၀၄း၂၇–၃၀။
"မိုးကောင်းကင်ကိုလွှတ်လပ်လဟာ၌ ကြက်တော်မူ၏။
မြေကြီးကိုအခုအခံမရှိဆွဲထားတော်မူ၏။
ထူထပ်သောမိုးတိမ်တော်နှင့်ရေကိုထုပ်တော်မူ၍၊
မိုးတိမ်သည်မစုတ်မပြတ်နေ၏။
မိုးတိမ်တော်ကိုဖြန့်၍ ပလ္လင်တော်မျက်နှာကိုဖုံးအုပ်တော်မူ၏။
အလင်းနှင့်အမိုက်ဆုံမိရာအပိုင်းအခြား၌
စကြဝဠာကိုကန့်ကွက်တော်မူ၏။"
"ဆုံးမတော်မူခြင်းကြောင့် မိုးကောင်းကင်တိုင်တို့သည်၊
တုန်လှုပ်၍မိန်းမောတွေဝေလျက်နေကြ၏။
တန်ခိုးတော်အားဖြင့် သမုဒ္ဒရာကိုဆုံးမတော်မူ၏။....
ဝိညာဉ်တော်အားဖြင့်မိုးကောင်းကင်တန်ဆာများကိုပြင်၍၊
လျင်မြန်သောနဂါးကိုလည်း ဖန်ဆင်းတော်မူ၏။
ဤရွေ့ကား၊ အမှုတော်အရိပ်အမြွက်သာဖြစ်၏။ စကားတော်
အသံအနည်းငယ်ကိုသာ နားကြားရ၏။
တန်ခိုးတော်မိုးကြိုးသံကို အဘယ်သူနားလည်နိုင်သနည်း။"
ယောဘ၂၆း၇–၁၀၊ ၂၆း၁၁–၁၄။

"ထာဝရဘုရားသည်လေပွေ၌လည်းကောင်း၊ မိုးသက်မုန်တိုင်း၌လည်းကောင်း၊ ကြွတော်မူ၍၊ မိုးတိမ်တို့သည်စက်တော်အောက်၌ မြေမှုန့်ကဲ့သို့ဖြစ်ကြ၏" နာဟုံ ၁း၃။ {Ed 130.5}

သဘာဝတရားအားလုံး၌လုပ်ဆောင်မှုများနှင့် အရာခပ်သိမ်းကို ထိန်းထားသည့် အားကြီးသောတန်ခိုးသည် သိပ္ပံပညာရှင်တချို့က---အရာရာ၌ ပျံ့နှံ့နေသောနိယာမ၊ အသက်သွင်းပေးသောစွမ်းအင်သာဖြစ်သည်ဟု ပြောဆိုသကဲ့သို့မဟုတ်ချေ။ ဘုရားသခင်သည်နာမ်ဝိညာဉ်ဖြစ်သည်။ သို့သော် သူသည် ပုဂ္ဂိုလ်အားဖြစ်ရှိနေတော်မူသည်၊ အကြောင်းမှာလူကိုဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီဖန်ဆင်းခဲ့သည်။ ပုဂ္ဂိုလ်ဖြစ်ရှိနေခြင်းဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို မိမိသားတော်၌ဖေါ်ပြတော်မူသည်။ အဖခမည်းတော်၏ဘုန်းတော်ကိုထွန်းပစေ၍ "ဇာတိအဖြစ်တော်၏ပုံသဏ္ဌာန်ဖြစ်" (ဟေဗြဲ ၁း၃) တော်မူသောယေရှုသည် မြေကြီးပေါ်တွင် လူပုဂ္ဂိုလ်အဖြစ်ရှိနေတော်မူခဲ့သည်။ လူသားအဖြစ်ခံယူသော ကယ်တင်ရှင်သည် ဤလောကသို့ကြွဆင်းတော်မူခဲ့သည်။ လူပုဂ္ဂိုလ် အနေဖြင့်ကယ်တင်ရှင်သည် ကောင်းကင်သို့တက်ကြွတော်မူခဲ့သည်။ လူပုဂ္ဂိုလ် အနေဖြင့်ကယ်တင်ရှင်သည် ကောင်းကင်ဘုံတွင်ကြားဖျန်ဖြေတော်မူသည်။ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ကျွန်ုပ်တို့၏ကိုယ်စား "လူသားနှင့်တူသောသူတစ်ဦး" (ဒံယေလ ၇း၁၃) ကဲ့သို့အမှုထမ်းတော်မူသည်။ {Ed 131.1}

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရေးသားခဲ့သောတမန်တော်ပေါလုက "ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလိုငှါလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။" (ကောလောသဲ ၁း၁၆-၁၇) ဟုဆိုသည်။ ကမ္ဘာဂြိုဟ်များကို လွတ်လပ်လဟာပြင်၌ထိန်းထားသောလက်၊ ဘုရားသခင်၏ စကြဝဠာတစ်လျှောက်ရှိရှိသမျှတို့၏ စနစ်တကျရှိနေမှုနှင့် မမောမပန်းလှုပ်ရှားမှု

တို့ကို ထိန်းချုပ်သောလက်သည် ကျွန်ုပ်တို့အတွက်လက်ဝါးကပ်တိုင်တွင် သံမှိုရိုက်ထားခြင်းခံရသောလက်တော်ပင်ဖြစ်သည်။ {Ed 132.1}

ဘုရားသခင်၏ကြီးမြတ်ခြင်းသည် ကျွန်ုပ်တို့အတွက်နားလည်နိုင်ချေမရှိပေ။ "ထာဝရဘုရား၏ပလ္လင်တော်သည် ကောင်းကင်ပေါ်မှာတည်" (ဆာလံ ၁၁း၄) သော်လည်း၊ မိမိ၏ဝိညာဉ်တော်အားဖြင့်နေရာတိုင်းတွင်ရှိတော်မူသည်။ ကိုယ်တော်သည် မိမိလက်ရာအားလုံးကိုနီးကပ်ချွတ်ချွတ်သိ၍ စိတ်ဝင်စားခြင်းရှိတော်မူသည်။ "ကိုယ်ကိုချီးမြှင့်၍ ကိန်းဝပ်တော်မူသော်လည်း ကိုယ်ကိုနှိမ့်ချ၍ ကောင်းကင်အရာနှင့်မြေကြီးအရာတို့ကို ကြည့်ရှုတော်မူသော ငါတို့၏ဘုရားသခင်ထာဝရဘုရားနှင့် အဘယ်သူတူသနည်း။" "ဝိညာဉ်တော်နှင့်လွတ်ခြင်းအလိုငှါ အဘယ်အရပ်သို့သွားနိုင်ပါမည်နည်း။ ကောင်းကင်သို့တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌အိပ်ရာကိုခင်းလျှင် ကိုယ်တော်ရှိတော်မူ၏" ဆာလံ ၁၁၃း၅–၆။ ဆာလံ ၁၃၉း၇၊၈။ "နံနက်အတောင်တို့ကိုယူ၍ သမုဒ္ဒရာစွန်း၌နေလျှင် ထိုအရပ်၌ပင်ကိုယ်တော်၏လက်သည် အကျွန်ုပ်ကိုပို့ဆောင်လျက် လက်ယာလက်တော်သည်ကိုင်လျက်ရှိပါလိမ့်မည်။" ဆာလံ ၁၃၉း၉၊၁၀။ "အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကိုသိတော်မူ၏။ အကျွန်ုပ်အကြံအစည်တို့ကို အဝေးကပင်နားလည်တော်မူ၏။ အကျွန်ုပ်သွားသောလမ်းကိုလည်းကောင်း၊ အိပ်ရာကိုလည်းကောင်း၊ စစ်ဆေး၍ အကျွန်ုပ်ကျင့်သောအကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။... ကိုယ်တော်သည်အကျွန်ုပ်ကိုပတ်လည်ဝိုင်းထား၍ အကျွန်ုပ်အပေါ်မှာလက်တော်ကိုတင်တော်မူပြီ။ ထိုသို့သောဉာဏ်သည် အံ့ဩဖွယ်ဖြစ်၍ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍အကျွန်ုပ်မမီနိုင်ပါ" ဆာလံ ၁၃၉း၂–၆။ {Ed 132.2}

အံ့ဖွယ်လိုက်လျောညီထွေမှုရှိအောင် အသက်ရှင်နေထိုင်ရေးနှင့်လိုအပ်သည့်အရာများကိုဖြည့်ဆည်းပေးသောသူမှာ အရာရာကိုဖန်ဆင်းတော်မူသောသူပင်ဖြစ်သည်။ ရုပ်ဝတ္ထုလောကတွင်လိုအင်ဆန္ဒအားလုံးကို သွတ်သွင်းပေးတော်မူသောသူမှာ ကိုယ်တော်ပင်ဖြစ်သည်။ သိနိုင်၊ ချစ်နိုင်သောအစွမ်းဖြင့် လူသား၏စိတ်ဝိညာဉ်ကိုဖန်ဆင်းတော်မူသောသူမှာ ကိုယ်တော်ပင်ဖြစ်သည်။ စိတ်ဝိညာဉ်၏

တောင်းဆိုချက်များကို ဖြည့်ဆည်းခြင်းမရှိဘဲ ကိုယ်တော်သည်ချန်ထားတော်မမူချေ။ လက်ဆုပ်လက်ကိုင်မရသောနိယာမ၊ ခံစားမှုကင်းမဲ့ခြင်း သို့မဟုတ် စိတ်ကူးစိတ်သန်းမျှသာဖြင့် အပြစ်ဝမ်းနည်းခြင်းနှင့်နာကျင်ခြင်းတို့ဖြင့် ရုန်းကန်နေရသော၍အသက်တာတွင် လူသားတို့၏လိုအပ်ချက်များနှင့်တောင့်တမှုများကို မဖြည့်ဆည်းနိုင်ချေ။ နိယာမနှင့်စွမ်းအား၊ သနားညှာတာခြင်းမရှိ၊ အကူအညီတောင်းသံကို အဘယ်ခါမျှမကြားသောအရာများတို့ကို ယုံကြည်ရန်မှာလုံလောက်မှုမရှိချေ။ ကျွန်ုပ်တို့ကိုထူမတော်မူမည့်လက်တော်၊ ကျွန်ုပ်တို့ကိုသနားညှာတာတော်မူသောအနန္တမိတ်ဆွေကိုသိရန်လိုအပ်သည်။ ကျွန်ုပ်တို့သည်နွေးထွေးသောလက်တော်ကို မြဲမြဲဆုပ်ကိုင်ရန်နှင့် နူးညံ့သိမ်မွေ့ခြင်းနှင့် ပြည့်ဝသောနှလုံးသားကို ယုံကြည်ကိုးစားရန်လိုအပ်သည်။ ဘုရားသခင်သည် မိမိကိုယ်ကိုနှုတ်ကပတ်တော်ဖြင့်ဖော်ပြတော်မူပြီးဖြစ်သည်။ {Ed 133.1}

သဘာဝတရား၏လျှို့ဝှက်ဆန်းကြယ်မှုများကို အနက်နဲဆုံးလေ့လာသောသူသည် မိမိ၏မသိနားမလည်မှုနှင့် အားနည်းချက်ကိုအပြည့်အဝဆုံးသဘောပေါက်လိမ့်မည်။ သူလက်လှမ်းမမီသည့်အနိမ့်အမြင့်များ၊ သူမထိုးဖေါက်နိုင်သည့်လျှို့ဝှက်ချက်များ၊ သူမဝင်ရောက်နိုင်သည့်ကျယ်ပြန့်သော ပညာရပ်နယ်ပယ်ရှိနေကြောင်းကို သဘောပေါက်လိမ့်မည်။ “ကျွန်ုပ်၏ရှေ့တွင်မတွေ့ရသေးသောသမုဒ္ဒရာအမျှ ကြီးကျယ်သောအမှန်တရားရှိနေစဉ်တွင် ကျွန်ုပ်သည် ပင်လယ်ကမ်းခြေ၌ ကျောက်စရစ်ခဲများ၊ ခရုခွံများကိုလိုက်လံရှာဖွေနေသောကလေးငယ်ပမာ မိမိကိုယ်ကိုထင်မိသည်” ဟူ၍ဆိုခဲ့သောနယူတွန် (Newton) ပုဂ္ဂိုလ်ကဲ့သို့ဆိုလာလိမ့်မည်။ {Ed 133.2}

အထက်မြက်ဆုံးသောသိပ္ပံပညာရှင်သည် သဘာဝတရား၌ အနန္တတန်ခိုးရှင်၏လုပ်ဆောင်ချက်များကိုနားလည်ရန် မစွမ်းဆောင်နိုင်ပါ။ သို့သော် လူသား၏ဆင်ခြင်နိုင်စွမ်းအားဖြင့်သာလျှင် သဘာဝတရား၏သွန်သင်မှုသည် ဆန့်ကျင်နေကြမည်ဖြစ်ပြီး စိတ်ဓါတ်ကျစေပါလိမ့်မည်။ ဘုရားရှင်၏ဖော်ပြမှုအားဖြင့်သာလျှင် မှန်ကန်စွာနားလည်နိုင်သည်။ “ငါတို့သည် ယုံကြည်ခြင်းအားဖြင့်သိကြ၏” ဟေဗြဲ ၁၁း၃။ {Ed 134.1}

"အစအဦး၌ ဘုရားသခင်သည်" (ကမ္ဘာဦး ၁း၁) ဟူသောကျမ်းပိုဒ်နှင့်ပင် ရှာဖွေစူးစမ်းရန်စိတ်အားထက်သန်သောသူသည် နောသေဘော်သို့ပြန်လာသောချိုးငှက်ကဲ့သို့ နားခိုရာကိုရှာတွေ့လိမ့်မည်။ "ကောင်းမြတ်တော်မူခြင်း၏စေတနာအပေါင်း" (၂သက်သာလောနိတ် ၁း၁၂) နှင့်ပြည့်စုံစေမည်အကြောင်း အနန္တမေတ္တာတော်သည် အဖက်ဖက်တွင်လုပ်ဆောင်တော်မူသည်။ {Ed 134.2}

"ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့်၊... မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏" ရောမ ၁း၂၀။ သို့သော် ယင်းတို့၏ သက်သေခံချက်ကိုမူ ဘုရားရှင်အကူအညီအားဖြင့်သာလျှင်နားလည်နိုင်သည်။ "လူ၏နက်နဲသောအရာကိုလူ၌ရှိသောမိမိစိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါးအဘယ်သူမျှမသိ" ၁ကော ၂း၁၁။ {Ed 134.3}

"သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။" ယောဟန် ၁၆း၁၃။ အစအဦး၌ "ရေမျက်နှာပြင်ပေါ်မှာလှုပ်ရှားတော်" မူသောဝိညာဉ်တော်၊ "ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်" မူသောနှုတ်ကပတ်တော်၊ "ဤလောကသို့ကြွလာလျက်ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူ" ၏ကူညီမှုအားဖြင့်သာလျှင် သိပ္ပံပညာ၏သက်သေခံချက်ကို မှန်ကန်စွာအနက်ဖွင့်ဆိုနိုင်လိမ့်မည်။ သူတို့၏လမ်းပြမှုအားဖြင့်သာလျှင် အနက်နဲဆုံးသောအမှန်တရားများကိုခွဲခြားသိမြင်နိုင်လိမ့်မည်။ {Ed 134.4}

သဗ္ဗညုတဉာဏ်တော်ရှင်၏ လမ်းညွှန်မှုအားဖြင့်သာလျှင် ကိုယ်တော်၏လက်ရာများကိုလေ့လာရာတွင် ကိုယ်တော်၏အကြံအစည်အတိုင်းတွေးခေါ်နိုင်လိမ့်မည်။ {Ed 134.5}

***

# အခန်း ၁၅

# စီးပွားရေးအခြေခံသဘောတရားများနှင့် နည်းလမ်းများ

တရားဝင်စီးပွားရေးလုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍနှင့်ပတ်သက်၍ သမ္မာကျမ်းစာသည် အခြေခံပြင်ဆင်မှုအတွက်စီစဉ်ထားပြီးဖြစ်သည်။ ဖွဲလုံ့လစိုက်ခြင်း၊ ရိုးသားခြင်း၊ မြိုးခြံချွေတာခြင်း၊ ချုပ်တည်းခြင်း၊ စင်ကြယ်ခြင်းစသည်တို့၏ အခြေခံသဘောတရားများမှာ စစ်မှန်သောအောင်မြင်ခြင်း၏လျှို့ဝှက်ချက်ဖြစ်သည်။ သုတ္တံကျမ်းတွင်ဖော်ပြသော ဤအခြေခံသဘောတရားများသည် လက်တွေ့ကျသော ဉာဏ်ပညာ၏ဘဏ္ဍာတိုက်ကိုတည်ဆောက်သည်။ ကုန်သည်များ၊ လက်မှုပညာသည်များ၊ စီးပွားရေးဆိုင်ရာဌာနတစ်ခုခုမှညွှန်ကြားရေးမှူးများသည် မိမိအတွက် သို့မဟုတ် မိမိတို့လုပ်သားများအတွက် သာ၍ကောင်းသောနီတိ/ ဆိုရိုးများကို ဤပညာရှိသောသူ၏ပညာစကားများထက် အခြားမည်သည့်နေရာတွင်တွေ့ရှိနိုင်မည်နည်း။ {Ed 135.1}

"ဆောင်ရွက်စရာအမှုကို ကြိုးစား၍ပြီးစီးစေတတ်သောသူရှိသလော။ ထိုသူသည် သာမညလူ၏အမှုကိုမဆောင်ရွက်၊ ရှင်ဘုရင်၏အမှုတော်ကိုဆောင်ရွက်ရ၏" သုတ္တံ ၂၂း၂၉။ {Ed 135.2}

"ကြိုးစား၍လုပ်လေရာရာ၌ ကျေးဇူးရှိ၏။ စကားများခြင်းအကျိုးမူကား၊ ဆင်းရဲခြင်းသက်သက်တည်း" သုတ္တံ ၁၄း၂၃။ {Ed 135.3}

"ပျင်းရိသောသူသည် အဘယ်အရာကိုမျှတောင့်တ၍မရတတ်။" "သောက်ကြူးသောသူနှင့် စားကြူးသောသူသည် ဆင်းရဲခြင်းသို့ရောက်လိမ့်မည်။

အိပ်ကြူးသောသဘောသည် လူကိုအဝတ်စုတ်နှင့်ခြုံတတ်၏" သုတ္တံကျမ်း ၁၃း၄၊ ၂၃း၂၁။ {Ed 135.4}

"လည်း၍စကားများသောသူသည် လျှို့ဝှက်အပ်သောအရာကိုဖေါ်ပြတတ်၏။ သို့ဖြစ်၍ချော့မော့တတ်သောသူနှင့် မပေါင်းဖေါ်နှင့်" သုတ္တံ ၂ဝး၁၉။ {Ed 135.5}

"သိပ္ပံအတတ်နှင့်ပြည့်စုံသောသူသည် စကားမများတတ်။" သို့သော် "မိုက်သောသူမူကား၊ အမှုနှင့်ရောနှောတတ်၏" သုတ္တံကျမ်း ၁၇း၂၇၊ ၂ဝး၃။ {Ed 135.6}

"အမျက်ကြီးသောသူနှင့် အပေါင်းအဖော်မလုပ်နှင့်။" "ခြေမလောင်ဘဲမီးခဲပေါ်မှာ နင်းနိုင်သလော" သုတ္တံကျမ်း ၄း၁၄၊ ၆း၂၈။ {Ed 136.1}

"ပညာရှိတို့နှင့်ပေါင်းဖေါ်သောသူသည် ပညာရှိတတ်၏" သုတ္တံကျမ်း ၁၃း၂ဝ။ {Ed 136.2}

"အပေါင်းအဖေါ်များသောသူသည် အကျိုးနည်းရှိတတ်၏" သုတ္တံကျမ်း ၁၈း၂၄။ {Ed 136.3}

တစ်ဦးအပေါ်တစ်ဦး ကျွန်ုပ်တို့၏ဝတ္တရားတစ်ခုလုံးကို "သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်းသူတစ်ပါး၌ပြုကြလော့" (မဿဲ ၇း၁၂) ဟူသောခရစ်တော်၏မိန့်တော်မူချက်က လွှမ်းခြုံထားသည်။ {Ed 136.4}

သတိပေးချက်များကိုအရေးစိုက်ခြင်းအားဖြင့် ငွေရေးကြေးရေးဆုံးရှုံးမှုနှင့်ပျက်စီးခြင်းတို့မှ လွတ်မြောက်သူများစွာသောသူတို့သည် လွတ်မြောက်ခဲ့ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင်အထပ်ထပ်အခါခါအထူးပြုသောအခြေခံသဘောတရားများမှာ– {Ed 136.5}

"ငွေရတတ်ခြင်းငှါအလျင်အမြန်လုပ်သောသူမူကား၊ အပြစ်နှင့်မလွတ်ရ" သုတ္တံကျမ်း ၂၈း၂ဝ။ {Ed 136.6}

"လျှပ်ပေါ်ခြင်းအားဖြင့် ဥစ္စာသည်လျော့တတ်၏။ ကြိုးစားအားထုတ်၍ဆည်းပူးသောသူ၏ဥစ္စာမူကား၊ ပြန့်ပွားတတ်၏" သုတ္တံကျမ်း ၁၃း၁၁။ {Ed 136.7}

"မုသားစကားအားဖြင့် ဘဏ္ဍာကိုဆည်းပူးခြင်းအမှုသည် သေမင်းကျော့ကွင်းတို့တွင် ပျောက်လွင့်သောအနတ္တဖြစ်၏" သုတ္တံကျမ်း ၂၁း၆။ {Ed 136.8}

"ချေးငှါးယူသောသူသည် ချေးငှားပေးသောသူ၌ကျွန်ဖြစ်၏" သုတ္တံကျမ်း ၂၂း၇။ {Ed 136.9}

"အကျွမ်းမဝင်သောသူ၏အမှု၌ အာမခံသောသူသည် အလွန်နာလိမ့်မည်။ လက်ဝါးချင်းရိုက်သောအမှုကို မုန်းသောသူမူကား၊ စိုးရိမ်စရာမရှိ" သုတ္တံကျမ်း ၁၁း၁၅။ {Ed 136.10}

"အရင်စိုက်သောမြေမှတ်တိုင်ကိုမရွှေ့နှင့်။ မိဘမရှိသောသူတို့၏လယ်ကိုမသိမ်းနှင့်။ အကြောင်းမူကား၊ ထိုသူတို့ကိုရွေးတော်မူသောသူသည် တန်ခိုးကြီး၍ သင့်တစ်ဖက်၌သူတို့အမှုကိုစောင့်တော်မူလိမ့်မည်။" "ကိုယ်စီးပွားအဖို့ဆင်းရဲသားတို့ကို ညှဉ်းဆဲသောသူနှင့် ငွေရတတ်သောသူတို့အားပေးသောသူသည် ဆင်းရဲခြင်းသို့အမှန်ရောက်လိမ့်မည်။" "တွင်းတူးသောသူသည် မိမိတွင်းထဲသို့ကျလိမ့်မည်။ ကျောက်ကိုလိမ့်သောသူအပေါ်သို့ ထိုကျောက်သည် ပြန်၍လိမ့်လိမ့်မည်။" သုတ္တံကျမ်း ၂၃း၁၀၊၁၁၊ ၂၂း၁၆၊ ၂၆း၂၇။ {Ed 136.11}

အထက်ပါအခြေခံသဘောတရားများသည် လောကီရေးရာအဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ကောင်းကျိုးကိုပြုပေးသည်။ ပစ္စည်းဥစ္စာနှင့်အသက်ကို လုံခြုံမှုပေးသောနိယာမများဖြစ်သည်။ ဤနိယာမများကိုယုံကြည်စိတ်ချပြီး ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်သောသူအားလုံးအတွက် လောကကြီးသည်လူတို့စိတ်နှလုံးထဲတွင် မေးမှိန်ပျက်သုဥ်းလုနီးပါးဖြစ်နေသည့် သမ္မာကျမ်းတွင်ဖေါ်ပြထားသော ဘုရားသခင်၏ဥပဒေသအပေါ်အကြွေးတင်ရှိကြသည်။ {Ed 137.1}

"နှုတ်တော်ထွက်တရားတော်သည် ရွှေငွေအထောင်အသောင်းထက်မကအကျွန်ုပ်၌သာ၍ကောင်းပါ၏" (ဆာလံကျမ်း ၁၁၉း၇၂) ဟူသောဆာလံဆရာ၏စကားသည် ဘာသာရေးရှုထောင့်မှတစ်ပါးမှန်ကန်မှုရှိသည်။ ယင်းတို့သည်

အကြွင်းမဲ့အမှန်တရားကိုဖေါ်ပြပြီး စီးပွားရေးလောကတွင်အသိအမှတ်ပြုခံရသောနိယာမများဖြစ်သည်။ ယခုငွေကြေးရရှိရန်စိတ်ပြင်းပြသောခေတ်၊ ပြိုင်ဆိုင်မှုများအလွန်ပြင်းထန်ပြီး ငွေရနည်းလမ်းများသည်လည်းအလွန်စဉ်းလဲသောအချိန်အခါတွင်ပင် ငွေအမြောက်အမြားရရှိရုံမျှထက် ရိုးသားဖြောင့်မှန်ခြင်း၊ ဖွဲလုံ့လရှိခြင်း၊ ချုပ်တည်းခြင်း၊ စင်ကြယ်ခြင်းနှင့် ခြိုးခြံခြင်းစသည်တို့သည် ဘ၀ကိုအစပြုသောလူငယ်အဖို့ သာ၍ကောင်းသောအရင်းအနှီးပင်ဖြစ်သည်။ {Ed 137.2}

သို့သော် ဤအရည်အချင်းများ၏တန်ဖိုးကို သဘောကျ၍ ယင်းတို့၏ဇာတ်မြစ်သည် သမ္မာကျမ်းစာဖြစ်ကြောင်းကို အသိအမှတ်ပြုသောသူများရှိသော်လည်း သူတို့မှီခိုနေရသောအခြေခံသဘောတရားများကို အသိအမှတ်ပြုသောသူတို့မှာမူ နည်းပါးသည်။ {Ed 137.3}

စီးပွားရေး၌သမာသမတ်ရှိခြင်းနှင့် စစ်မှန်သောအောင်မြင်ခြင်း၏အုတ်မြစ်မှာ ဘုရားသခင်၏ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုခြင်းအပေါ်တည်သည်။ အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောအရှင်သည် စီးပွားရေးတစ်ခုလုံး၏မူလပိုင်ရှင်ဖြစ်သည်။ ကျွန်ုပ်တို့သည်ကိုယ်တော်၏ ဘဏ္ဍာထိန်းများသာဖြစ်ကြသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှအားလုံးသည် ကိုယ်တော်၏ယုံကြည်အပ်နှံသောအရာများဖြစ်ပြီး ကိုယ်တော်၏ညွှန်ကြားချက်အတိုင်း အသုံးပြုရန်ဖြစ်သည်။ {Ed 137.4}

ဤအရာမှာလူသားတိုင်း၏၀တ္တရားဖြစ်သည်။ လူသားတို့လှုပ်ရှားမှုနယ်ပယ်အားလုံးနှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုဘဲနေသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည်ဘုရားသခင်ထံတော်မှစွမ်းရည်များဖြင့်ထောက်ပံ့ခံရသူများ၊ ကိုယ်တော်ခန့်ထားတော်မူသောအမှုကို ထမ်းဆောင်ရန်ဤလောကတွင်ထားရှိခြင်းခံရသူများဖြစ်သည်။ {Ed 137.5}

လူတိုင်းအား မိမိအစွမ်းအစနှင့်ကိုက်ညီသောအလုပ်၊ မိမိအတွက်နှင့်လူသားများ၏အကြီးမားဆုံးသော ကောင်းကျိုးကိုပေးမည့်အလုပ်၊ ဘုရားသခင်ကိုအကြီးမြတ်ဆုံးဂုဏ်ပြုနိုင်သောအလုပ်တည်းဟူသော "ဆောင်ရွက်စရာအမှု" (မာကု ၁၃း၃၄) ကိုပေးအပ်ထားသည်။ {Ed 138.1}

ထို့ကြောင့်ကျွန်ုပ်တို့၏စီးပွားရေး၊ သို့တည်းမဟုတ် ခေါ်တော်မူခြင်း ခံရခြင်းသည် ဘုရားသခင်၏ကြီးမားသောအစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ထိုအခါဘုရားသခင်၏အလိုတော်အတိုင်း ဆောင်ရွက်နေသမျှ ကာလပတ်လုံး ကိုယ်တော်ကိုယ်တိုင်ရလဒ်အတွက်တာဝန်ယူတော်မူသည်။ "ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်း" (၁ကော ၃း၉) ဖြစ်သောကျွန်ုပ် တို့၏အပိုင်းမှာ ကိုယ်တော်၏ညွှန်ကြားချက်များကို သစ္စာရှိစွာလိုက်နာ ရန်ဖြစ်သည်။ ထို့ကြောင့်စိုးရိမ်စရာအကြောင်းမရှိပါ။ ဖွဲလုံ့လရှိခြင်း၊ သစ္စာ ရှိခြင်း၊ ဂရုစိုက်ခြင်း၊ ခြိုးခြံချွေတာခြင်းနှင့်လိမ္မာသိသိပ်မှုစသည်များလိုအပ် သည်။ စွမ်းရည်အားလုံးကို အမြင့်မားဆုံးလုပ်နိုင်စွမ်းဖြင့်အသုံးချရမည်။ သို့ရာတွင် ကျွန်ုပ်တို့ကြိုးပမ်းမှု၏ အောင်မြင်သောရလဒ်အပေါ်မှီခိုရန်မဟုတ်ဘဲ ဘုရားသခင်၏ကတိတော်အပေါ်တွင်အားကိုးရမည်။ ဣသရေလတို့ကိုတောထဲ ၌ကျွေးမွေးခဲ့ပြီး အစာခေါင်းပါးချိန်ကာလတစ်လျှောက်၊ ဧလိယကိုအားဖြည့် ပေးခဲ့သောနှုတ်တော်ထွက်စကားသည် ယနေ့တွင်လည်းအလားတူတန်ခိုးရှိသည်။ "အဘယ်သို့စားရအံ့နည်း၊ အဘယ်သို့ဝတ်ရအံ့နည်းဟူ၍ မစိုးရိမ်နှင့်။.... ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကိုရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့" မဿဲ ၆း၃၁–၃၃။ {Ed 138.2}

လူတို့အားကြွယ်ဝချမ်းသာခြင်းကိုရရှိနိုင်အောင် အစွမ်းသတ္တိကို ပေးတော်မူသောကိုယ်တော်သည်၊ တာဝန်ဝတ္တရားဆုလာဘ်ကိုလည်း တစ်ပါ တည်းပေးတော်မူသည်။ ကျွန်ုပ်တို့ဆည်းပူးသိမ်းသမျှအားလုံးမှ တိကျသောဝေစုကို ကိုယ်တော်တောင်းဆိုတော်မူသည်။ ဆယ်ဖို့တစ်ဖို့သည် ထာဝရဘုရား၏ဥစ္စာ ဖြစ်သည်။ "စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ၊ မြေ၌ဖြစ်သမျှသောအသီးအနှံ။" "နွားဖြစ်စေ၊ သိုးဖြစ်စေ.... ဆယ်စုတစ်စုသည်ထာဝရဘုရားအဖို့သန့်ရှင်း ရမည်။" ဝတ်ပြုရာကျမ်း ၂၇း၃၀၊ ၃၂။ ဇေသလအရပ်တွင် ယာကုပ်ပြုသော ကတိသည် ဤဝတ္တရား၏အတိုင်းအတာကိုပြသသည်။ "ပေးသနားတော်

မှုသမျှတို့ကိုဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်” (ကမ္ဘာဦးကျမ်း ၂၈း၂၂) ဟုသူ သစ္စာပြုခဲ့သည်။ {Ed 138.3}

“ဆယ်ဖို့တစ်ဖို့ရှိသမျှကိုဘဏ္ဍာတိုက်ထဲသို့သွင်းကြလော့။” (မာလခိ ၃း၁၀) မှာ ဘုရားသခင်၏အမိန့်တော်ဖြစ်သည်။ ကျေးဇူးတင်ခြင်း၊ သို့မဟုတ် ရက်ရောခြင်းကိုတောင်းဆိုခြင်းမဟုတ်ပါ။ ဤအရာမှာရိုးရှင်းသော ရိုးသားမှု ကိစ္စသာဖြစ်သည်။ ဆယ်ဖို့တစ်ဖို့သည် ထာဝရဘုရား၏ဘဏ္ဍာဖြစ်သည်။ မိမိ၏ပိုင်ဆိုင်မှုကိုပြန်ပေးရန် ကိုယ်တော်တောင်းဆိုတော်မူသည်။ {Ed 138.4}

“ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည်။” ၁ကော ၄း၂။ အကယ် ၍ရိုးသားမှုသည် စီးပွားရေးလုပ်ငန်း၏မရှိမဖြစ်အရေးပါသောနိယာမဖြစ်နေသော်၊ ဘုရားသခင်အပေါ်ကျွန်ုပ်တို့၏တာဝန်ဝတ္တရားကို အသိအမှတ်မပြုအပ်သလော။ {Ed 139.1}

ဘဏ္ဍာစိုးဟူ၍ သတ်မှတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင် အပေါ်၌သာမက လူသားများအပေါ်၌လည်း တာဝန်ဝတ္တရားရှိသည်။ လူသား တိုင်းသည် ရွေးနုတ်ရှင်၏အနန္တမေတ္တာတော်အပေါ် ပေးသနားသောအသက် အတွက်အကြွေးတင်ရှိကြသည်။ အစားအစာ၊ အဝတ်အစား၊ နေထိုင်စရာ၊ ကိုယ်စိတ်ဝိညာဉ် စသည်အားလုံးသည် ကိုယ်တော်၏သွေးတော်ဖြင့် ဝယ်ယူ သောအရာများဖြစ်သည်။ ထိုပြဋ္ဌာန်းထားသောကျေးဇူးတင်ခြင်းနှင့် ဝန်ဆောင်မှု ဝတ္တရားအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့အား လူသားအားလုံးနှင့် ချုပ်နှောင် တော်မူခဲ့ပြီ။ “အချင်းချင်းချစ်၍၊ အမှုချင်းကိုဆောင်ရွက်ကြလော့” (ဂလာတိ ၅း၁၃) ဟူ၍ ကိုယ်တော်သည် ကျွန်ုပ်တို့အားမိန့်တော်မူသည်။ “သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင်အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြ သမျှတို့ကိုငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတ္တံ့.” မဿဲ ၂၅း၄၀။ {Ed 139.2}

“ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏” (ရောမ ၁း၁၄) ဟုပေါလု

ဆိုသည်။ ကျွန်ုပ်တို့လည်းထိုသို့ပင်ဖြစ်သည်။ သူတစ်ပါး၏အထက်တွင် ကျွန်ုပ်တို့အားပေးသမျှသောကောင်းချီးအားဖြင့်၊ ကျွန်ုပ်တို့ကောင်းကျိုးပြုပေးနိုင်သောလူတိုင်းအပေါ် ကျွန်ုပ်တို့၌တာဝန်ဝတ္တရားရှိသည်။ {Ed 139.3}

ဤသမ္မာတရားများသည်အခန်းထဲရှိ ဗီရိုများထဲတွင်သိမ်းထားရန်မဟုတ်ပါ။ ကျွန်ုပ်တို့ကိုင်တွယ်သောပစ္စည်းများသည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်ပါ။ ဤအရာကိုဘယ်ခါမျှမမေ့ပါနှင့်။ ကျွန်ုပ်တို့သည်ဘဏ္ဍာထိန်းများသာဖြစ်ကြသည်။ ဘုရားသခင်နှင့်လူသားအပေါ် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားကိုဆောင်ရွက်ခြင်းသည် လူသားများ၏ကောင်းကျိုးနှင့် ကျွန်ုပ်တို့၏လက်ရှိအသက်တာနှင့်နောက်လာမည့်အသက်တာ၏ ခရီးလမ်းဆုံးတို့အပေါ်၌မှီခိုလျက်ရှိသည်။ {Ed 139.4}

"စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ရောက်တတ်သောသူလည်းရှိ၏။" "စွန့်ကြဲတတ်သောသူသည်ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကိုရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်။" "သင်၏အစာကိုရေပေါ်မှာပစ်ချလော့။ ကာလကြာမြင့်မှတစ်ဖန်တွေ့လေဦးမည်" သုတ္တံကျမ်း ၁၁း၂၄၊ ၂၅၊ ဒေသနာကျမ်း ၁၁း၁။ {Ed 139.5}

"ငွေရတတ်ခြင်းငှါမကြိုးစားနှင့်။.... ပျောက်တတ်သောအရာကိုစေ့စေ့မျက်မှောက်ပြုသင့်သလော။ အကယ်စင်စစ်ရွှေလင်းတသည် မိုးကောင်းကင်သို့ပျံတတ်သကဲ့သို့ ထိုအရာသည် အတောင်တို့ကိုလုပ်၍ ပျံသွားတတ်၏" သုတ္တံကျမ်း ၂၃း၄၊ ၅။ {Ed 140.1}

"သူတစ်ပါးအားပေးကြလော့။ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည်သူတစ်ပါးအားပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်" လုကာ ၆း၃၈။ {Ed 140.2}

"သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပူဇော်လော့။ သို့ပြုလျှင် သင်၏စပါးကျီတို့သည်ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သောစပျစ်ရည်လျှံလိမ့်မည်" သုတ္တံကျမ်း ၃း၉၊၁၀။ {Ed 140.3}

"ဆယ်ဖို့တစ်တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါပြုကြလော့။ ငါသည်မိုးကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့။.... ကိုက်စားတတ်သောအကောင်ကို သင်တို့အတွက်ငါဆုံးမ၍၊ သင်တို့၏မြေအသီးအနှံကိုမဖျက်ဆီးရ။ သင်တို့၏စပျစ်ဥယျာဉ်သည် အသီးမသီးဘဲမနေရ။.... လူမျိုးအပေါင်းတို့သည် သင်တို့ကိုမင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ပြည်သည်လည်းနှစ်သက်ဖွယ်သော ပြည်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" မာလခိ ၃း၁၀–၁၂။ {Ed 140.4}

"သင်တို့သည်ငါထုံးဖွဲ့ရာလမ်းသို့လိုက်၍၊ ငါ့ပညတ်တို့ကိုကျင့်စောင့်လျှင် အချိန်တန်မှငါသည် သင်တို့အဖို့မိုးရွာစေသဖြင့်၊ မြေသည်မိမိဘဏ္ဍာကိုပေး၍၊ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။ စပါးနင်းနယ်သောအမှုသည်၊ စပျစ်သီးညှစ်ရာကာလတိုင်အောင်လည်းကောင်း၊ စပျစ်သီးညှစ်သောအမှုသည်၊ မျိုးစေ့ကြဲရာကာလတိုင်အောင်လည်းကောင်း၊ မီသဖြင့်၊ သင်တို့သည်ဝစွာစား၍၊ ကိုယ့်ပြည်၌ဘေးလွတ်လျက်နေရကြလိမ့်မည်။ သင်တို့ပြည်၌ စစ်မှုကိုငါငြိမ်းစေ၍၊... တစ်ပြည်လုံးသည် ဓားဘေးနှင့်ကင်းလွတ်လိမ့်မည်" ဝတ်ပြုရာကျမ်း ၂၆း၃–၆။ {Ed 140.5}

"တရားသဖြင့်ပြုခြင်းငှါ ရှာကြံကြလော့။ ကောက်သောအရာကိုဖြောင့်စေကြလော့။ မိဘမရှိသောသူတို့အဖို့ တရားသဖြင့်စီရင်ကြလော့။" "ဆင်းရဲသော

သူကိုအောက်မေ့သောသူသည်မင်္ဂလာရှိ၏။ ခဲယဉ်းသောကာလ၌ ထိုသူကို ထာဝရဘုရားကယ်နုတ်တော်မူမည်။ ထာဝရဘုရားသည်စောင့်မ၍ အသက်ချမ်းသာပေးတော်မူသဖြင့်၊ ထိုသူသည်ပြည်တော်၌ကောင်းချီးမင်္ဂလာကိုခံရလိမ့်မည်။ ထိုသူကိုရန်သူတို့အလိုသို့ ကိုယ်တော်သည်အပ်တော်မမူပါ။" "ဆင်းရဲသားကိုသနားသောသူသည် ထာဝရဘုရားအားချေးငှါးသောသူဖြစ်၍၊ သူပြုသောအမှု၏အကျိုးကို ဆပ်ပေးတော်မူလိမ့်မည်" ဟေရှာယ ၁း၁၇၊ ဆာလံကျမ်း ၄၁း၁၊၂၊ သုတ္တံကျမ်း ၁၉း၁၇။ {Ed 141.1}

ဤရင်းနှီးမြှုပ်နှံမှုကိုပြုသောသူသည် ဘဏ္ဍာကိုနှစ်ဆစုသောသူဖြစ်သည်။ ထို့ပြင်မက လိမ္မာပါးနပ်စွာစုဆောင်းသောအရာကို နောက်ဆုံးတွင်စွန့်ခွာရမည်ဖြစ်သော်ငြားလည်း၊ သူသည်ထာဝရအတွက်ကြွယ်ဝချမ်းသာမှုကိုစုဆောင်းနေခြင်းဖြစ်သည်။ အကျင့်စာရိတ္တဘဏ္ဍာသည် မြေကြီး သို့မဟုတ်ကောင်းကင်၏တန်ဖိုးအကြီးမားဆုံးသောပိုင်ဆိုင်မှုဖြစ်သည်။ {Ed 141.2}

## *ရိုးသားသောစီးပွားရေးဆက်ဆံမှုများ*

"ဖြောင့်မတ်သောသူတို့၏နေ့ရက်ကာလကို ထာဝရဘုရားသိမှတ်တော်မူ၍၊ သူတို့၏အမွေဥစ္စာသည် အစဉ်အမြဲတည်လိမ့်မည်။ သူတို့သည်ခဲယဉ်းသောကာလ၌မျက်နှာမပျက်၊ အစာခေါင်းပါးသည်ကာလ၌ဝစွာစားရကြ၏" ဆာလံကျမ်း ၃၇း၁၈၊၁၉။ {Ed 141.3}

"ဖြောင့်မတ်သောအကျင့်၊ တရားသောအမှုကိုပြုကျင့်၍၊ သစ္စာစကားကိုစိတ်နှလုံးပါလျက်ပြောထသော၊... ကိုယ်အကျိုးပျက်ရသော်လည်းကိုယ်ကျိန်ဆိုသောသစ္စာကတိကိုမဖျက်၊" "တရားသဖြင့်ကျင့်၍ဖြောင့်မတ်စွာပြောထသော၊ ညှဉ်းဆဲခြင်းအားဖြင့်ရသောငွေကိုရွံ၍၊ တံစိုးကိုလည်းငြင်းပယ်ထသော၊.... အဓမ္မအမှုများကိုမကြည့်မရှုသောသူသည် မြင့်သောအရပ်၌နေလိမ့်မည်။... ထိုသူအားအစာကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်းမပြတ်ရ။ သင်သည် ရှင်ဘုရင်၏တင့်တယ်ခြင်းအသရေတော်ကို ကိုယ်မျက်စိနှင့်

မြင်ရ၍၊ ဝေးလှသောပြည်ကိုလည်းကြည့်မြင်ရလိမ့်မည်" ဆာလံကျမ်း ၁၅း၂–၄။ ဟေရှာယ ၃၃း၁၅–၁၇။ {Ed 141.4}

ဘုရားသခင်သည်ဥစ္စာစနေကြွယ်ဝသူ၏ ရုပ်ပုံလွှာကိုသူ၏နှုတ်ကပတ်တော်တွင်ပေးထားတော်မူပြီးဖြစ်သည်။ ထိုသို့သောသူ၏အသက်တာမှာအမှန်ကန်ဆုံးဖြင့်အောင်မြင်ပြီး၊ ကောင်းကင်သားများနှင့်မြေကြီးသားတို့၏ ဂုဏ်ပြုထိုက်သောသူဖြစ်သည်။ ယောဘကိုယ်တိုင် မိမိအတွေ့အကြုံဖြင့်ဖော်ပြသည်မှာ–

"ငါ့အသက်ပျိုသောကာလ၊ ငါ့အိမ်၌ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရသောအခွင့်ရှိသောကာလ၌၊ ငါဖြစ်သကဲ့သို့တစ်ဖန်ဖြစ်ပါစေ။ ထိုအခါအနန္တတန်ခိုးရှင်သည် ငါ့ဘက်၌ရှိတော်မူ၏။ ငါ့သားသမီးတို့သည်လည်း ငါ့ကိုဝိုင်းလျက်နေကြ၏။... ငါသည်... မြို့တံခါးသို့သွားလျက်၊ လမ်း၌ထိုင်ရာကိုပြင်ဆင်လျက်နေစဉ်တွင်၊ လူပျိုတို့သည်ငါ့ကိုမြင်သဖြင့်ပုန်းရှောင်၍နေကြ၏။ အသက်ကြီးသောသူတို့သည်လည်း ထ၍မတ်တတ်နေကြ၏။ မင်းသားတို့သည်စကားမပြောဘဲနေ၍၊ မိမိတို့နှုတ်ကိုလက်နှင့်ပိတ်ကြ၏။ မှူးမတ်တို့သည်လည်းတိတ်ဆိတ်စွာနေကြ၏။...

"လူတို့သည်ငါ့စကားသံကို ကြားသောအခါကောင်းချီးပေးကြ၏။ ငါ့ကိုမြင်သောအခါချီးမွမ်းကြ၏။ အကြောင်းမူကား၊ ငါသည် ဆင်းရဲသောသူ၊ မိဘမရှိသောသူ၊ ကိုးကွယ်ရာမရသောသူအော်ဟစ်သောအခါ ကယ်တင်တတ်၏။"

"ပျက်လုသောသူကောင်းချီးပေးခြင်းကို ငါခံရ၏။ မုဆိုးမ စိတ်နှလုံးကိုရွှင်လန်းစေ၏။ ဖြောင့်မတ်ခြင်းပါရမီကိုအဝတ်လုပ်၍၊ ငါဝတ်ဆင်၏။ တရားသည်ငါ့ဝတ်လုံ၊ ငါ့ပေါင်းဖြစ်၏။ မျက်စိကန်းသောသူတို့အား ငါသည်မျက်စိဖြစ်၏။ ခြေဆွံ့သောသူတို့အားခြေဖြစ်၏။ ဆင်းရဲသောသူတို့၏အဘဖြစ်၏။ အသိအကျွမ်းမရှိသောသူတို့၏အမှုကိုငါနားထောင်၏။"

"ဧည့်သည်သည် လမ်း၌ညဥ့်ကိုမလွန်ရမည်အကြောင်း ငါသည်ခရီးသွားသောသူတို့အား ကိုယ်တံခါးကိုဖွင့်ထားပြီ။"

"သူတစ်ပါးတို့သည်ငါ့စကားကိုနားထောင်၍၊ ငါပေးသောအကြံကို ငံ့လင့်လျက်တိတ်ဆိတ်စွာနေကြ၏။... ငါ့မျက်နှာ၏အလင်းကိုလည်းမပျောက်စေကြ။ ငါသည်သူတို့လမ်းကိုပဲ့ပြင်၍၊ အမြတ်ဆုံးသောနေရာ၌ထိုင်၏။ ဗိုလ်ခြေအလုံးအရင်းနှင့်တကွရှင်ဘုရင်ကဲ့သို့လည်းကောင်း၊ ညှိုးငယ်သောသူတို့ကိုနှစ်သိမ့်စေသောသူကဲ့သို့လည်းကောင်း၊ ငါဖြစ်၏" ယောဘဝတ္ထု ၂၉း၄–၁၆၊ ၃၁း၃၂၊ ၂၉း၂၁–၂၅။ {Ed 142.1}

"ထာဝရဘုရား၏ကောင်းချီးမင်္ဂလာသည် စည်းစိမ်ကိုဖြစ်စေတတ်၏။ ထိုစည်းစိမ်နှင့်လည်း၊ ဝမ်းနည်းခြင်းအကြောင်းကိုရောနှောတော်မမူ" သုတ္တံ ၁၀း၂၂။ {Ed 142.2}

"ငါ၌စည်းစိမ်နှင့်ဂုဏ်သအရေရှိ၏။ မြဲသောစည်းစိမ်နှင့် ဖြောင့်မတ်ခြင်းပါရမီရှိ၏" သုတ္တံကျမ်း ၈း၁၈။ {Ed 143.1}

ကျွန်ုပ်တို့၏ဘုရားသခင်နှင့် လူသားတို့အပေါ်ဆက်ဆံပတ်သက်မှုတွင် မှန်ကန်သောနိယာမများမှခွဲထွက်ခြင်း၏အကျိုးဆက်ကိုလည်း သမ္မာကျမ်းစာကဖေါ်ပြထားသည်။ ကိုယ်တော်၏ဆုကျေးဇူးများပေးအပ်ခြင်းခံရသော်လည်း၊ ကိုယ်တော်၏မိန့်တော်မူချက်ကို ဂရုမစိုက်သောသူတို့အား ဘုရားသခင်မိန့်တော်မူသည်မှာ–{Ed 143.2}

"ကိုယ်ကျင့်သောအကျင့်တို့ကိုဆင်ခြင်ကြလော့။ သင်တို့သည်များစွာသောမျိုးစေ့ကိုကြဲသော်လည်း အသီးအနှံနည်းပါးရ၏။ စားရသော်လည်း ဝစွာမစားရကြ။ သောက်ရသော်လည်းဝစွာမသောက်ရကြ။ အဝတ်ကိုဝတ်ရသော်လည်းနွေးစွာမဝတ်ရကြ။ အလုပ်လုပ်၍အခကိုခံရသော်လည်း မလုံသောအိတ်ထဲမှာ သိုထားရကြ၏။.... သင်တို့သည်များစွာရမည်ဟုမျှော်လင့်သော်လည်း ရသောဥစ္စာခေါင်းပါးရ၏။ အိမ်သို့ရောက်သောအခါ ငါမှုတ်လိုက်၏။" "ထိုကာလတွင်ဆန်အတင်းနှစ်ဆယ်ထွက်ရသောစပါးပုံသို့ လူလာသောအခါ၊ တစ်ဆယ်ကိုသာရ၏။ စပျစ်ရည်အိုးငါးဆယ်ကိုယူခြင်းငှါစပျစ်သီးနယ်ရာကျင်းသို့လာသောအခါ နှစ်ဆယ်ကိုသာရ၏။" "အဘယ်ကြောင့်နည်းဟု

ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မေးတော်မူ၏။ ငါ့အိမ်သည်ပျက်လျက် ရှိသောကြောင့်တည်း။" "လူသည်ဘုရားသခင်၏ဥစ္စာတော်ကိုလုယူရမည်လော။ သို့သော်လည်းသင်တို့သည်ငါ့ဥစ္စာကိုလုယူကြပြီ။ အကျွန်ုပ်တို့သည်အဘယ်သို့ လုယူပါသနည်းဟုသင်တို့မေးလျှင် ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း၊ ပူဇော်သကာ တို့ကိုလည်းကောင်း လုယူကြပြီ။" "ထိုကြောင့်သင်တို့အပေါ်မှာ မိုးခေါင် သဖြင့်နှင်းမကျရ။ မြေသည်လည်းအသီးအနှံကိုမပေးရ" ဟဂ္ဂဲ ၁း၅–၉၊ ၂း၁၆။ မာလခိ ၃း၈။ ဟဂ္ဂဲ ၁း၁၀။ {Ed 143.3}

"သင်တို့သည်ဆင်းရဲသားကိုနှိပ်စက်၍ ဂျုံစပါးကိုတောင်းခံတတ်သော ကြောင့်၊ ဆစ်သောကျောက်နှင့်တိုက်ကိုတည်သော်လည်း ထိုတိုက်၌မနေရကြ။ နှစ်သက်ဖွယ်သောစပျစ်ဥယျာဉ်ကိုစိုက်သော်လည်း၊ စပျစ်ရည်ကိုမသောက်ရ ကြ။" "ပြုလေရာရာ၌ ကျိန်ဆဲခြင်း၊ နှောင့်ယှက်ခြင်း၊ ကဲ့ရဲ့ခြင်းတို့ကိုသင့်အပေါ်မှာ သက်ရောက်စေတော်မူမည်။" "သင့်သားသမီးတို့သည် သူတစ်ပါးလက်သို့ ရောက်၍၊ သင့်မျက်စိသည် တစ်နေ့လုံးမျှော်ကြည့်လျက်အားကုန်လိမ့်မည်။ သင့်လက်သည်လည်းခွန်အားမရှိရ" အာမုတ် ၅း၁၁၊ တရားဟောရာကျမ်း ၂၈း၂၀၊၃၂။ {Ed 143.4}

"မတရားသဖြင့်ဥစ္စာဆည်းပူးသောသူသည် အသက်ပျိုစဉ်ကပင်၊ ဆင်းရဲခြင်းသို့ရောက်၍ အဆုံး၌ကား၊ လူမိုက်ဖြစ်လိမ့်မည်" ယေရမိ ၁၇း၁၁။ {Ed 143.5}

စီးပွားရေးလုပ်ငန်းအားလုံး၏ငွေစာရင်းများ၊ အရောင်းအဝယ်တိုင်း ၏အသေးစိတ်တို့ကိုမတရားမှုနှင့် ဘယ်သောအခါမျှအပေးအယူမလုပ်သော၊ မကောင်းမှုကိုလုံးလုံးလျစ်လျူမရှုသော၊ အမှားကိုဘယ်သောအခါမျှလျှော့ပေါ့ မတွက်သော ကိုယ်တော်၏ကိုယ်စားလှယ်များဖြစ်သည့်မျက်မြင်မရသောစာရင်း စစ်များက စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးကြသည်။ {Ed 144.1}

"ဆင်းရဲသားတို့ကိုညှဉ်းဆဲခြင်း၊ တရားလမ်းမှလွှဲ၍ မတရားသဖြင့် အနိုင်အထက်စီရင်ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊... အံ့သြခြင်းမရှိနှင့်။... အကြီးဆုံး၊

အမြင့်ဆုံးသောသူသည် ကြည့်မှတ်လျက်ရှိတော်မူ၏။" "မတရားသဖြင့် ကျင့်သောသူ၏ပုန်းရှောင်ရာမှောင်မိုက်၊ သေမင်းအရိပ်တစ်စုံတစ်ခုမျှမရှိ" ဒေသနာကျမ်း ၅း၈၊ ယောဘဝတ္ထု ၃၄း၂၂။ {Ed 144.2}

"သူတို့နှုတ်သည် ကောင်းကင်နှင့်ဆန့်ကျင်ဘက်ပြုကြ၏။... ဘုရားသခင်သည် အဘယ်သို့သိတော်မူမည်နည်း။ အမြင့်ဆုံးသောဘုရား၌ ဉာဏ်ရှိပါလိမ့်မည်လောဟုဆိုတတ်ကြ၏။" "ထိုသို့ကျင့်၍ငါသည် တိတ်ဆိတ်စွာနေသောကြောင့်၊ ငါ့ကိုသင်နှင့်တူသည်ဟုထင်လေပြီတကား။ သင်၏အပြစ်ကိုငါဖော်ပြ၍ သင့်မျက်မှောက်၌ခင်းထားမည်" ဟု ဘုရားသခင်မိန့်တော်မူ၏။ ဆာလံကျမ်း ၇၃း၉–၁၁၊ ၅၀း၂၁။ {Ed 144.3}

"တစ်ဖန်ငါမျှော်ကြည့်၍၊ ပျံဝဲလျက်ရှိသောစာစောင်ကိုမြင်၏။.... ထိုစာစောင်သည် တစ်ပြည်လုံးကိုနှံ့ပြားသောကျိန်ခြင်းဖြစ်၏။ ခိုးတတ်သောသူရှိသမျှတို့သည် ထိုစာစောင်တစ်ဖက်၌ပါသည်အတိုင်း ပယ်ဖြတ်ခြင်းကိုခံရကြမည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုစာစောင်ကိုငါထုတ်ဖော်မည်။ ခိုးတတ်သောသူ၏အိမ်ထဲသို့လည်းကောင်း၊ ငါ့နာမကိုတိုင်တည်၍ မမှန်သောကျိန်ဆိုခြင်းကိုပြုသောသူ၏အိမ်ထဲသို့လည်းကောင်း၊ ဝင်၍နေရာကျသဖြင့်၊ သစ်သားများ၊ ကျောက်များနှင့်တကွထိုအိမ်ကိုစားလိမ့်မည်ဟု မိန့်တော်မူ၏" ဇာခရိ ၅း၁–၄။ {Ed 144.4}

မကောင်းမှုကိုပြုသောသူတိုင်းအား ဘုရားသခင်၏ပညတ်ချက်သည် ပြစ်တင်ရှုတ်ချလျက်ရှိသည်။ သူတို့သည်ထိုအသံတော်ကို ဥပေက္ခာပြုနိုင်သည်။ ပညတ်ချက်၏သတိပေးခြင်းကိုလည်း ဖုံးဖိရန်ကြိုးပမ်းနိုင်သည်။ သို့သော် အချည်းနှီးပင်ဖြစ်သည်။ ယင်းသည်သူတို့ကိုလိုက်လျက်ရှိသည်။ သူတို့သိအောင်မိမိကိုယ်ကိုဖော်ပြသည်။ သူတို့၏ငြိမ်သက်ခြင်းကိုဖျက်ဆီးသည်။ အကယ်၍ ဂရုမစိုက်ခဲ့သော် သူတို့အားသင်္ချိုင်းတွင်းတိုင်အောင်လိုက်လိမ့်မည်။ တရားစီရင်ခြင်းတွင် သူတို့၏တစ်ဖက်၌သက်သေခံလိမ့်မည်။ ငြိမ်းသတ်မရနိုင်

သောမီးသည် သူတို့၏ကိုယ်ခန္ဓာနှင့် အသက်ဝိညာဉ်ကိုအဆုံး၌လောင်ကျွမ်းလိမ့်မည်။ {Ed 144.5}

"လူသည်ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင်အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကိုအဘယ်ဥစ္စာနှင့် ရွေးနိုင်သနည်း" မာကု ၈း၃၆၊၃၇။ {Ed 145.1}

ဤမေးခွန်းသည်မိဘတိုင်း၊ ဆရာသမားတိုင်း၊ ကျောင်းသားတိုင်း၊ ကြီးကြီးငယ်ငယ်လူသားတိုင်း သုံးသပ်ဆင်ခြင်ရမည့်မေးခွန်းဖြစ်သည်။ ထာဝရကာလအတွက်ကြိုတင်စီမံထားခြင်းမရှိဘဲ ဤတိုတောင်းသောလက်ရှိအသက်တာအတွက်သာအကျုံးဝင်သော မည်သည့်စီးပွားရေးအကြံအစည် သို့မဟုတ်ဘဝစီမံချက်မျှမပြည့်စုံနိုင်ချေ။ လူငယ်တို့အားသူတို့၏ရည်မှန်းချက်တွင်ထာဝရကာလအကြောင်းထည့်သွင်းကြရန် သွန်သင်ပေးရမည်။ သူတို့အားအခြေခံသဘောတရားများကိုရွေးချယ်ရန်နှင့် ထာဝရတည်သောပိုင်ဆိုင်မှုဥစ္စာများကိုရှာဖွေကြရန်သွန်သင်ပါ။ သူတို့အားမိမိတို့ကိုယ်တိုင်အတွက် "သူခိုးမရောက်၊ ပိုးများမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌ မကုန်မဆုံးနိုင်သောဘဏ္ဍာကိုဆည်းပူးကြ" ရန် "စုတေသောအခါ၊ အစဉ်အမြဲတည်သောဗိမာန်၌သင်တို့ကိုလက်ခံလတ္တံ့သောအဆွေရှိစေခြင်းငှာ မမြဲသောလောကီစည်းစိမ်ကိုသုံးဆောင်ကြ" ရန်သွန်သင်ပေးရမည်။ လုကာ ၁၂း၃၃၊ ၁၆း၉။ {Ed 145.2}

ဤအရာကိုလုပ်ဆောင်သောသူအားလုံးသည် ဤမြေကြီးပေါ်အသက်ရှင်နေထိုင်မှုအတွက်ဖြစ်နိုင်သမျှ အကောင်းဆုံးပြင်ဆင်ခြင်းဖြစ်သည်။ ထိုသို့ဖြင့်ယခုအသက်တာကိုတန်ဖိုးရှိစေ၍ ကျက်သရေတိုးစေခြင်းမရှိဘဲ မည်သူကမျှကောင်းကင်နိုင်ငံတွင် ဘဏ္ဍာဆည်းပူး၍မရနိုင်ပါ။ {Ed 145.3}

"ဘုရားဝတ်၌မွေ့လျော်ခြင်းမူကား၊ ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သောကတိတော်ကိုရသည်" ၁တိမောသေ ၄း၈။ {Ed 145.4}

***

# အခန်း ၁၆

# သမ္မာကျမ်းစာမှအတ္ထုပ္ပတ္တိများ

ပညာသင်ကြားပေးသူတစ်ဦးအနေဖြင့် သမ္မာကျမ်းစာထဲမှအတ္ထုပ္ပတ္တိများထက် မည်သည့်သမ္မာကျမ်းစာ၏အစိတ်အပိုင်းမျှ သာ၍တန်ဖိုးမကြီးမားပေ။ ဤအတ္ထုပ္ပတ္တိများသည် အသက်တာအတွက်လုံး၀မှန်ကန်သည်ဖြစ်ရာ အခြားအကြောင်းအရာများနှင့်ခြားနားသည်။ အရာရာတိုင်းတွင် အခြားသူတစ်ဦး၏လုပ်ဆောင်မှုများကိုအကန့်အသတ်ရှိသော မည်သည့်ဉာဏ်ကြီးရှင်ကမျှ မှန်ကန်စွာအနက်ပြန်ဆိုရန် မတတ်စွမ်းနိုင်ကြချေ။ မည်သူကမျှမစွမ်းဆောင်နိုင်သော်လည်းစိတ်နှလုံးကိုသိတော်မူသော၊ ရည်ရွယ်ချက်နှင့်လှုပ်ရှားမှုတို့၏လျှို့ဝှက်သောအရင်းအမြစ်ကိုသိတော်မူသောသူသည် အကြွင်းမဲ့သမ္မာတရားဖြင့်အကျင့်စာရိတ္တကိုအသေးစိတ်ချပြနိုင်သည်၊ လူ့အသက်တာ၏မှန်ကန်သောရုပ်ပုံလွှာကိုပေးစွမ်းနိုင်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌သာ ထိုသို့သောအသေးစိတ်ချပြမှုကိုတွေ့ရှိနိုင်သည်။ {Ed 146.1}

ကျွန်ုပ်တို့ဖြစ်သည်အတိုင်း ကျွန်ုပ်တို့လုပ်ဆောင်ကြသည်ဆိုသည့်အရာထက်ပင် သမ္မာကျမ်းစာသည် သမ္မာတရားကိုသာ၍ရှင်းလင်းစွာသွန်သင်သည်။ ကြီးမားသောအတိုင်းအတာတစ်ခုအဖြစ် အသက်တာ၏အတွေ့အကြုံများသည် ကျွန်ုပ်တို့၏အတွေးများနှင့် လုပ်ဆောင်မှုတို့၏အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်သည်။ {Ed 146.2}

"အကြောင်းမရှိသောကျိန်ဆဲခြင်းသည် မသင့်မရောက်တတ်" သုတ္တံကျမ်း ၂၆း၂။ {Ed 146.3}

"ဖြောင့်မတ်သောသူသည်မင်္ဂလာရှိ၏ဟု ထိုသူအားပြောလော့... မတရားသောသူသည်အမင်္ဂလာရှိ၏။ မကောင်းသောအမှုနှင့်တွေ့လိမ့်မည်။

အကြောင်းမူကား၊ သူကျင့်သောအကျင့်တို့၏အပြစ်ကို သူ၌ပေးဆပ်ရလိမ့်မည်” ဟေရှာယ ၃း၁၀၊၁၁။ {Ed 146.4}

“အိုမြေကြီးသားတို့၊ နားထောင်ကြလော့။... သူတို့အလိုအလျောက်ကြံစည်ခြင်းအကျိုးအပြစ်တည်းဟူသော ကြီးစွာသောဘေးဥပဒ်ကို သူတို့အပေါ်သို့ ငါသက်ရောက်စေမည်” ယေရမိ ၆း၁၉။ {Ed 146.5}

ဤအမှန်တရားသည်ကြောက်မက်ဖွယ်ကောင်းပြီး နက်နက်နဲနဲစွဲမှတ်ထားရမည်။ လုပ်ဆောင်မှုတိုင်းသည် ပြုလုပ်သူအပေါ်သို့တန်ပြန်သည်။ မိမိအသက်တာကို ဘေးသင့်စေသောမကောင်းမှုများသည် မိမိကြဲလိုက်သောမျိုးစေ့၏အသီးအပွင့်များဖြစ်ကြောင်းကို လူသားများကအသိအမှတ်ပြုကြသည်။ ထိုသို့ဖြစ်သော်ငြားလည်း ကျွန်ုပ်တို့သည်မျှော်လင့်ခြင်းမမဲ့ကြပါ။ {Ed 146.6}

ဘုရားသခင်၏ကတိတော်အားဖြင့် မိမိဥစ္စာဖြစ်နေပြီးသောသားဦးအရာကိုရရှိရန် ယာကုပ်သည်လိမ်လည်မှုကိုကျင့်သုံးခဲ့ရာ မိမိအစ်ကို၏မုန်းတီးခြင်းကိုရိတ်သိမ်းခဲ့ရသည်။ အိမ်မှဝေးနေချိန်အနှစ်နှစ်ဆယ်ပတ်လုံး သူကိုယ်တိုင်လှည့်ဖြားခြင်းခံရကာ နောက်ဆုံးတွင်လုံခြုံရာသို့ထွက်ပြေးခဲ့ရသည်။ မိမိကိုယ်တိုင်၏အမှားများကို မိမိသားတို့တွင်မြင်ရချိန်တွင် သူသည်ဒုတိယအကြိမ်အကျိုးအပြစ်ကိုရိတ်သိမ်းရပြန်သည်။ ဤအရာအားလုံးမှာ လူအသက်တာ၌ဝင်နှလည်ခြင်းကိုမှန်ကန်စွာပုံဖော်ခြင်းဖြစ်သည်။ {Ed 147.1}

သို့သော်လည်း “ငါသည်အစဉ်မပြတ်တရားတွေ့မည်မဟုတ်။ ထိုသို့ဟုတ်လျှင် အသက်သည်ငါ့ရှေ့မှာပျောက်၍ ငါဖန်ဆင်းသောဝိညာဉ်သည် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ သူ၏လောဘလွန်ကျူးခြင်းအပြစ်ကြောင့် ငါသည်အမျက်ထွက်၍ဒဏ်ခတ်လေ၏။ အမျက်ထွက်၍မျက်နှာကိုလွှဲလေ၏။ သူသည်လည်းမိမိအလိုရှိရာလမ်းသို့လွှဲသွားလေ၏။ သူ၏အကျင့်ဓလေ့တို့ကိုငါမြင်ပြီ။ သူ့ကိုအနာပျောက်စေ၍ လမ်းပြဦးမည်။ သူ့ကိုလည်းကောင်း၊ သူနှင့်အတူစိတ်ညှိုးငယ်သောသူတို့ကိုလည်းကောင်း ချမ်းသာပေးဦးမည်။... ဝေးသောသူ၌

လည်းကောင်း၊ နီးသောသူ၌လည်းကောင်း၊ ငြိမ်သက်ခြင်းဖြစ်စေ၊ ငြိမ်သက်ခြင်းဖြစ်စေ၊ သူ၏အနာကိုငါပျောက်စေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏” ဟေရှာယ ၅၇း၁၆–၁၉။ {Ed 147.2}

ယာကုပ်သည်စိတ်သောကရောက်ချိန်တွင် စိတ်ထိခိုက်ခြင်းကသူ့အားမလွှမ်းမိုးခဲ့ချေ။ သူသည်နောင်တရခဲ့သည်။ မိမိအစ်ကိုအပေါ်အမှားကိုပြန်လည်သင့်မြတ်စေရန်သူကြိုးစားခဲ့သည်။ ဧသောသည်ဒေါသဖြင့်သူ့အားသတ်ရန်ခြိမ်းခြောက်သောအခါ၊ သူသည်ဘုရားသခင်ထံတွင် အကူအညီတောင်းခံခဲ့သည်။ “ကောင်းကင်တမန်နှင့်ပြိုင်၍နိုင်လေ၏။ ငို၍တောင်းပန်နှင့်ပြီ။” “ထိုအရပ်၌ကောင်းချီးပေးတော်မူ၏။” ဟောရှေ ၁၂း၄၊ ကမ္ဘာဦးကျမ်း ၃၂း၂၉။ အပြစ်လွှတ်ခြင်းခံရသောယာကုပ်သည် ကိုယ်တော်၏အားကြီးသောတန်ခိုးတော်၌အစားထိုးဝင်သူမဟုတ်တော့ဘဲ မင်းကဲ့သို့ပြိုင်၍နိုင်သောသူအဖြစ်ရပ်နိုင်ခဲ့သည်။ သူသည်မိမိအစ်ကို၏အမျက်ဒေါသမှလွတ်မြောက်ရုံသာမက မိမိကိုယ်၌မှလည်းလွတ်မြောက်ခဲ့သည်။ သူ၏ပင်ကိုသဘာဝ၌ရှိနေသော မကောင်းမှု၏တန်ခိုးသည်ကျိုးပဲ့လေပြီ။ သူသည်လည်းပြောင်းလဲသွားလေပြီ။ {Ed 147.3}

ညနေချမ်းအချိန်အခါတွင် အလင်းရောင်ရှိနေသည်။ ယာကုပ်သည်မိမိ၏အသက်တာမှဖြစ်ရပ်ကိုပြန်လည်သုံးသပ်ရာ “ငါ့ကိုတစ်သက်လုံးယနေ့တိုင်အောင်ကျွေးမွေးတော်မူသောဘုရားသခင်၊... ငါ့ကိုခပ်သိမ်းသောဘေးဒဏ်အထဲကကယ်နုတ်တော်မူသောကောင်းကင်တမန်” (ကမ္ဘာဦးကျမ်း ၄၈း၁၅–၁၆) ၏စောင်မတော်မူသောတန်ခိုးကို အသိအမှတ်ပြုခဲ့သည်။ {Ed 147.4}

အလားတူအတွေ့အကြုံမျိုးသည် ယာကုပ်သားများ၏ရာဇဝင်တွင်လည်းထပ်မံဖြစ်ပျက်ခဲ့သည်။ အပြစ်တရားသည်ဝဋ်လည်တတ်ပြီး နောင်တတရားမှုကား၊ အသက်ကိုရစေခြင်းငါဖြောင့်မတ်ခြင်းအသီးကိုသီးသည်။ {Ed 148.1}

ဘုရားသခင်သည် မိမိပညတ်ချက်များကို ပယ်ဖျက်တော်မမူချေ။ ယင်းတို့နှင့်ဆန့်ကျင်၍လည်းလုပ်ဆောင်တော်မမူ။ အပြစ်တရား၏လုပ်ဆောင်မှုကို

လည်းပျက်ပြယ်စေတော်မမူ။ သို့သော်ပြောင်းလဲစေတော်မူသည်။ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်ကျိန်ခြင်းသည် ကောင်းချီးမင်္ဂလာအဖြစ်သို့ရောက်ရှိသွားသည်။ {Ed 148.2}

ယာကုပ်၏သားများအထဲမှလေဝိသည် အရက်စက်ဆုံးနှင့်အငြိုးအကြီးဆုံးသောသူ၊ ရှေခင်မြို့သားများကိုလုပ်ကြံရာ၌ အပြစ်အကြီးဆုံးသောသူနှစ်ဦးထဲကတစ်ဦးဖြစ်သည်။ လေဝိ၏ပင်ကိုလက္ခဏာများသည် သူ၏သားစဉ်မြေးဆက်များတွင်ထင်ဟပ်ခဲ့သည်။ သူတို့အတွက်ဘုရားသခင်၏အမိန့်တော်မှာ "ယာကုပ်အမျိုး၊ ဣသရေလအနွယ်သားတို့တွင် သူတို့ကိုငါကွဲပြားပျံ့လွင့်စေမည်။" (ကမ္ဘာဦးကျမ်း ၄၉း၇) ဟူ၍ဖြစ်သည်။ သို့သော် နောင်တတရားသည် ပြုပြင်ပြောင်းလဲခြင်းကိုယူဆောင်လာခဲ့သည်။ အခြားအမျိုးအနွယ်များဖေါက်ပြန်ကြချိန်တွင် ဘုရားသခင်အပေါ်သူတို့၏သစ္စာရှိခြင်းကြောင့် ကျိန်ခြင်းသည် အမြင့်ဆုံးသောဂုဏ်ပြုခြင်းအဖြစ်သို့ပြောင်းလဲသွားသည်။ {Ed 148.3}

"လေဝိသားတို့သည် ထာဝရဘုရား၏ပဋိညာဉ်သေတ္တာကိုထမ်းစေခြင်းငှါလည်းကောင်း၊ ရှေ့တော်၌ရပ်၍အမှုတော်ကိုထမ်းရွက်စေခြင်းငှါလည်းကောင်း၊ အခွင့်တော်နှင့် ကောင်းချီးပေးစေခြင်းငှါလည်းကောင်း... ထိုသူတို့ကိုခွဲခန့်တော်မူ၏။" "ငါဖွဲ့သောအသက်ပဋိညာဉ်၊ ငြိမ်ဝပ်ခြင်းပဋိညာဉ်သည် ထိုအမျိုး၌ရှိ၏။ ငါ့ကိုကြောက်ရွံ့၍ ငါ၏နာမတော်ရှေ့၌ထိတ်လန့်သောကြောင့် ငါဖွဲ့၍ပေး၏။ ... ငါနှင့်အတူသွားလာ၍ များစွာသောသူတို့ကိုဒုစရိုက်အပြစ်မှလွှဲရှောင်စေတတ်၏။" တရားဟောရာကျမ်း ၁၀း၁၀၊ မာလခိ ၂း၅၊၆။ {Ed 148.4}

ဗိမာန်တော်တွင်ခန့်ထားခြင်းခံရသည့် အမှုထမ်းလေဝိအမျိုးသားတို့သည် အမွေခံမြေယာကိုမရရှိခဲ့ကြချေ။ သူတို့နေထိုင်ရန် သီးသန့်ရာထားသောမြို့များတွင်အတူတကွနေထိုင်ကြပြီး ဘုရားသခင်၏အမှုတော်အတွက်ဆက်ကပ်သောဆယ်ဖို့တစ်ဖို့၊ လက်ဆောင်များ၊ အလှူငွေများမှအထောက်အပံ့ကိုရရှိကြသည်။ သူတို့သည်လူတို့ကိုသွန်သင်ပြသသောသူများ၊ သူတို့၏ပွဲ

တိုင်းတွင်ညှော်သည်များဖြစ်ကြပြီး နေရာတိုင်းတွင် ဘုရားသခင်၏အစေခံများ၊ ကိုယ်စားလှယ်များအဖြစ်ဂုဏ်ပြုခြင်းခံရကြသည်။ တစ်မျိုးသားလုံးအား အမိန့်ပေးထားသည်မှာ "မြေကြီးပေါ်မှာ အသက်ရှင်သမျှသောကာလပတ်လုံး၊ လေဝိသားတို့ကိုမမေ့လျော့မည်အကြောင်း သတိပြုကြလော့။" "လေဝိသားတို့သည် ညီအစ်ကိုတို့နှင့်ရောရှ၍ အဖို့ကိုမပိုင်၊ အမွေကိုမခံရ။ .... ထာဝရဘုရားသည် သူတို့ခံရသောအမွေဖြစ်တော်မူ၏" (တရားဟောရာကျမ်း ၁၂း၁၉၊ ၁၀း၁၁) ဟူ၍ဖြစ်သည်။ {Ed 148.5}

## *ယုံကြည်ခြင်းအားဖြင့်အောင်နိုင်ရန်*

လူသည် "စိတ်ထင်သည်အတိုင်းဖြစ်၏" (သုတ္တံကျမ်း ၂၃း၇) ဟူသောအမှန်တရားသည် ဣသရေလတို့၏အတွေ့အကြုံတွင် အခြားသောပုံပမာလည်းရှိနေပြန်သည်။ ခါနာန်ပြည်နယ်စပ်တွင် ထိုပြည်ကိုထောက်လှမ်း၍ပြန်လာသောသူလျှိုတို့သည် အစီရင်ခံခဲ့ကြသည်။ ထိုပြည်၏လှပမှုနှင့်ကြွယ်ဝမှုတို့ကို ထိုတိုင်းပြည်ကိုသိမ်းရမည့်လမ်းမှအခက်အခဲများကို ကြောက်ရွံ့ခြင်းကဖုံးကွယ်သွားခဲ့သည်။ ကောင်းကင်နှင့်အမျှမြင့်သောမြို့ရိုးများ၊ ထွားကျိုင်းသောစစ်သည်များ၊ သံမြင်းရထားများသည် သူတို့၏ယုံကြည်ခြင်းကိုတုန်လှုပ်စေခဲ့သည်။ ဘုရားသခင်ကိုချန်ထားခဲ့ကြပြီး "ထိုပြည်သားတို့ကိုငါတို့မတိုက်နိုင်။ သူတို့သည်ငါတို့ထက်သာ၍အင်အားကြီးကြသည်။" တောလည်ရာကျမ်း ၁၃း၃) ဟူသောမယုံကြည်သူ သူလျှိုများ၏ဆုံးဖြတ်ချက်ကို သံယောင်လိုက်ဆိုကြသည်။ သူတို့၏စကားသည်မှန်ကန်သွားခဲ့သည်။ သူတို့သည် ကုန်းပေါ်သို့စစ်ချီ၍မသွားနိုင်ကြဘဲ သဲကန္တာရတွင်မိမိတို့အသက်ကိုစတေးခဲ့ကြရသည်။ {Ed 149.1}

သို့သော်ငြားလည်း တိုင်းပြည်ကိုကြည့်ရှုခဲ့ကြသော လူတစ်ဆယ့်နှစ်ယောက်ထဲမှလူနှစ်ယောက်တို့သည် အခြားတစ်နည်းဖြင့်တွေးခဲ့ကြသည်။ သူတို့က "အောင်နိုင်ကောင်းသည်" (တောလည်ရာကျမ်း ၁၃း၃၀)၊ ဘုရားသခင်၏

ကတိတော်သည် ထိုလူထွားကြီးများ၊ မြို့ရိုးများ၊ သံမြင်းရထားများထက်များစွာ သာလွန်သည်ဟုတိုက်တွန်းပြောဆိုခဲ့ကြသည်။ သူတို့အတွက်လည်း သူတို့စကားသည်မှန်ကန်သည်။ သူတို့၏ညီအစ်ကိုများနှင့်အတူ နှစ်ပေါင်းလေးဆယ် လှည့်လည်သွားခဲ့ကြသော်လည်း ကာလက်နှင့်ယောရှုသည် ကတိထားတော်မူသောပြည်ကိုဝင်စားခဲ့ကြရသည်။ ထာဝရဘုရား၏လူမျိုးထုကြီးနှင့်အတူ အဲဂုတ္တုပြည်မှထွက်လာချိန်ကစိတ်နှလုံးရဲရင့်ခြင်းရှိသကဲ့သို့ ကာလက်သည် လူ့ဘီလူးများ၏အမာခံနယ်မြေကိုတောင်းပြီးရရှိခဲ့သည်။ ဘုရားသခင်၏ခွန်အားဖြင့်ခါနာန်လူမျိုးများကိုမောင်းထုတ်ခဲ့သည်။ သူနင်းခဲ့သောစပျစ်ဥယျာဉ်နှင့် သံလွင်တောအုပ်သည်သူ့အပိုင်ဖြစ်လာခဲ့သည်။ သူရဲဘောကြောင်သူများနှင့် ပုန်ကန်သူတို့သည် တောထဲ၌ပျက်စီးခဲ့ကြသော်လည်း ယုံကြည်ခြင်းအားကြီးသော သူတို့သည် ဧရှကောလချိုင့်မှစပျစ်သီးများကိုစားခဲ့ကြရသည်။ {Ed 149.2}

အမှန်တရားမှတစ်ချက်မျှပင် ခွဲထွက်ခြင်း၏အန္တရာယ်၊ အမှားပြုလုပ်သောသူနှင့် ထိုသူ၏ဩဇာလွှမ်းမိုးခြင်းခံရသူတို့၏ဘေးအန္တရာယ်ထက် သမ္မာကျမ်းစာသည် မည်သည့်အမှန်တရားကိုမျှသာ၍ ရှင်းလင်းစွာဖော်ပြခြင်းမရှိချေ။ ပုံနမူနာသည်အံ့ဖွယ်တန်ခိုးရှိသည်။ ကျွန်ုပ်တို့၏မကောင်းမှုဘက်သို့ယိုင်သောဇီဇဘက်သို့ကျရောက်သွားချိန်တွင် ၎င်းသည်ထိမ်းမနိုင်သိမ်းမရလုနီးပါးဖြစ်လာသည်။ {Ed 150.1}

ကျွန်ုပ်တို့ကမ္ဘာတွင်မကောင်းမှုဒုစရိုက်၏ အခိုင်မာဆုံးသောတံတိုင်းကြီးမှာအရှက်မရှိသောအပြစ်သား သို့မဟုတ် သိက္ခာမဲ့သောအပယ်ခံလူ၏အပြစ်များသောအသက်တာမဟုတ်ပါ။ ၎င်းမှာမွန်မြတ်ပြီး ဂုဏ်သရေရှိကာ မြင့်မြတ်သောသူကဲ့သို့ထင်ရသော်လည်း အပြစ်တစ်ခုမျှကိုမွေးထား၍ ဒုစရိုက်၌မွေ့လျော်သောအသက်တာပင်ဖြစ်သည်။ ကြီးမားသောစုံစမ်းခြင်းတချို့ကိုတိတ်တဆိတ်ရန်ကန်နေရပြီး ချောက်ကမ်းပါးအစွန်အဖျားတွင် တုန်တုန်ယင်ယင်ဖြစ်နေသောအသက်ဝိညာဉ်အဖို့ ထိုသို့သောပုံပမာသည် အပြစ်ထဲသို့အစွမ်းအကြီးဆုံးသောဆွဲဆောင်မှုဥပမာတစ်ခုဖြစ်သည်။ အသက်တာ၏မြင့်မားသောအတွေးအမြင်

နှင့်အမှန်တရားတို့ကို ရရှိထားသောသူတစ်ယောက်ဖြစ်သော်လည်း ဘုရားသခင်၏သန့်ရှင်းသောပညတ်ချက်တစ်ခုကို တမင်ကျူးလွန်လျှင် မိမိ၏ မြင့်မြတ်သောဆုကျေးဇူးများကို အပြစ်၏ဖြားယောင်းခြင်း၌ပျက်ပြားစေသူဖြစ်သည်။ ထူးချွန်မှု၊ ပင်ကိုစွမ်းရည်၊ သနားညှာတာခြင်း၊ ရက်ရောခြင်းနှင့် ကြင်နာသောအကျင့်တို့သည် ပျက်စီးခြင်းချောက်ကမ်းပါးတွင်အသက်ဝိညာဉ်များကိုသွေးဆောင်ရန် စာတန်၏အသုံးချခံအရာများဖြစ်လာနိုင်သည်။ {Ed 150.2}

ဤအကြောင်းကြောင့် မှားယွင်းသောလုပ်ဆောင်မှုတစ်ခုမျှ၏ရလဒ်များကိုဖော်ပြရန် ဘုရားသခင်သည် များစွာသောဥပမာများကိုပေးတော်မူထားပြီးဖြစ်သည်။ “ဤလောကထဲသို့သေခြင်းနှင့် ကျွန်ုပ်တို့အားလုံး၏ပူဆွေးသောက၊ ဧဒင်ဥယျာဉ်ဆုံးရှုံးခြင်းနှင့်တကွ ယူဆောင်လာသော” အပြစ်တစ်ခု၏ဝမ်းနည်းဖွယ်ဖြစ်ရပ်မှစ၍ ငွေအကျပ်သုံးဆယ်ဖြင့် ဘုန်းကြီးသောအရှင်ကို ရောင်းစားသောသူ၏ မှတ်တမ်းမှတ်ရာအဆုံး၊ ဤပုံနမူနာများသည် သမ္မာကျမ်းစာအတ္ထုပ္ပတ္တိတွင်များစွာပါရှိပြီး အသက်ရှင်ခြင်းလမ်းမှလမ်းမလွဲစေရန် လမ်းဘေးများ၌ သတိပေးသောအချက်ပြမီးများကိုချထားပေးသည်။ {Ed 150.3}

ယုံကြည်ခြင်းကိုလက်လွှတ်ခြင်း၏ရလဒ်အဖြစ် လူသား၏အားနည်းချက်နှင့်အမှားနောက်သို့ တစ်ကြိမ်မျှလိုက်မိခြင်း၏ရလဒ်ကိုလည်း အလေးထားရန်သတိပေးချက်ရှိသည်။ {Ed 150.4}

မိမိ၏ယုံကြည်ခြင်းတစ်ကြိမ်ကျရှုံးခြင်းအားဖြင့် ဧလိယသည် မိမိဘဝတစ်ခုလုံးမြုပ်နှံထားသောလုပ်ငန်းကို တိုတောင်းစေခဲ့သည်။ ဣသရေလလူမျိုးတို့ကိုယ်စားသူထမ်းခဲ့သောဝန်ထုပ်သည် လေးလံခဲ့သည်။ ရုပ်တုကိုးကွယ်သောလူမျိုးကိုသတိပေးရာတွင် စိတ်ချရသောသူဖြစ်သည်။ သူရှုမြင်ခဲ့သည့် သုံးနှစ်ခွဲအစာရေစာခေါင်းပါးချိန်ကာလအတွင်း နောင်တရသောသူတချို့ကိုစောင့်မျှော်စဉ်က သူ၏အရေးတယူရှိမှုသည် အလွန်နက်ရှိုင်းခဲ့သည်။ သူသည်ဘုရားသခင်အတွက်ကရမေလတောင်ပေါ်တွင် တစ်ဦးတည်းရပ်တည်ခဲ့သည်။ ယုံကြည်ခြင်းတန်ခိုးအားဖြင့်ရုပ်တုကိုးကွယ်ခြင်းကို ဖြိုဖျက်နိုင်ခဲ့ပြီး၊

ဣသရေလလူမျိုးအပေါ်တွင်ရှာသွန်းရန် စောင့်မျှော်နေသောမင်္ဂလာမိုးကို ရှာသွန်းစေခဲ့သည်။ ထို့နောက်သူသည် မိမိပင်ပန်းခြင်းနှင့်အားနည်းခြင်းဖြင့် ယေဇဗေလမိဘုရား၏ရှေ့တွင်ထွက်ပြေးခဲ့ပြီး သူ့အားသေစေခြင်းငှါသဲကန္တာရထဲတွင်တစ်ဦးတည်းဆုတောင်းခဲ့သည်။ သူ၏ယုံကြည်ခြင်းကျရှုံးခဲ့ရသည်။ သူအစပြုခဲ့သောအလုပ်ကိုအဆုံးမသတ်နိုင်ခဲ့ချေ။ သူ့အစားပုရောဖက်ဖြစ်ရန်၊ အခြားသူတစ်ယောက်အား ဘိသိတ်ပေးရန် ဘုရားသခင်သည်သူ့အားစေခိုင်းတော်မူခဲ့သည်။ {Ed 151.1}

သို့သော် ဘုရားသခင်သည် မိမိကျွန်၏နှလုံးသားဖြင့်ရင်း၍ လုပ်ဆောင်မှုကိုဂုဏ်ပြုတော်မူခဲ့သည်။ ဧလိယသည် တောထဲထွင်စိတ်ဓါတ်ကျ၍ အထီးကျန်လျက်ပျက်စီးခြင်းကိုခွင့်မပြုခဲ့ပါ။ သင်္ချိုင်းဂူထဲသို့ဆင်းသက်ရန်မဟုတ် ဘုရားသခင်၏ဘုန်းအသရေရှေ့တော်မှောက်တွင် ကောင်းကင်တမန်များနှင့်အတူတက်ကြွသွားရန်ဖြစ်သည်။ {Ed 151.2}

ဤဘဝမှတ်တမ်းများသည် တစ်နေ့တစ်ချိန်တွင်လူသားတိုင်းသည် အပြစ်တရားသည်အရှက်နှင့်ဆုံးရှုံးမှုကိုသာယူဆောင်လာကြောင်း၊ မယုံကြည်ခြင်းသည် ကျရှုံးခြင်းဖြစ်ကြောင်းကိုနားလည်လာကြမည်။ သို့သော် ဘုရားသခင်၏သနားခြင်းသည် အနက်ဆုံးအထိရောက်ရှိ၍ ဘုရားသခင်၏သားသမီးများအဖြစ်မွေးစားခံရခြင်းကို လူတို့အားမျှဝေရန် ယုံကြည်ခြင်းသည် နောင်တရသောအသက်ဝိညာဉ်ကိုချီမသည်။ {Ed 151.3}

## *ဆင်းရဲဒုက္ခမှသင်ခန်းစာ*

ဘုရားသခင် သို့မဟုတ် လူတို့ကိုအမှန်အကန်အမှုထမ်းသော ဤကမ္ဘာပေါ်ရှိလူအားလုံးသည် ဝမ်းနည်းခြင်းကျောင်းတွင်ကြိုတင်ပြင်ဆင်သောသင်တန်းကိုရယူရမည်။ ယုံကြည်ကိုးစားခြင်းသည်သာ၍ကြီးလေးပြီး၊ ဝန်ဆောင်မှုသည်သာ၍အဆင့်မြင့်လေ၊ ဆန်းစစ်မှုသည်သာ၍နီးကပ်လေ၊ စည်းမျဉ်းသည်လည်းသာ၍ ပြင်းထန်လေဖြစ်သည်။ {Ed 151.4}

ယောသပ်နှင့်မောရှေ၊ ဒံယေလနှင့် ဒါဝိဒ်တို့၏အတွေ့အကြုံများကိုလေ့လာပါ။ ဒါဝိဒ်၏ငယ်စဉ်ဘဝရာဇဝင်နှင့် ရှောလမုန်၏ဘဝရာဇဝင်တို့ကို နှိုင်းယှဉ်ပါ။ {Ed 151.5}

ဒါဝိဒ်လူငယ်ဘဝတွင် ရှောလုနှင့်အတူအနီးကပ်ဆက်နွယ်ခဲ့သည်။ ဘုရင့်နန်းတော်တွင်နေထိုင်၍ ဘုရင်၏အိမ်သားများနှင့်ဆက်သွယ်မှုသည် မင်းမျိုးမင်းနွယ်၏ခမ်းနားထည်ဝါမှု၏အောက်တွင် ဖုံးကွယ်နေသောစိုးရိမ်မှု၊ ဝမ်းနည်းမှုနှင့်ရှုပ်ထွေးမှုများကိုသိရှိခဲ့ရသည်။ အသက်ဝိညာဉ်ကိုအေးချမ်းစေသောလူသား၏ဘုန်းအသရေသည် မည်မျှတန်ဖိုးနည်းကြောင်းကိုသူမြင်ခဲ့သည်။ သက်သာရာရခြင်းနှင့်ဝမ်းသာခြင်းဖြင့် ဘုရင့်နန်းတော်မှသိုးစုများနှင့် သိုးခြံသို့ပြန်လှည့်လာခဲ့သည်။ {Ed 152.1}

ရှောလု၏မနာလိုမှုကြောင့် ဝရန်းပြေးအဖြစ်တောထဲသို့ထွက်ပြေးချိန်တွင်ဒါဝိဒ်သည်လူတို့၏အထောက်အပံ့များဖြတ်တောက်ခံရပြီး ဘုရားသခင်အပေါ်သာ၍မှီနေခဲ့ရသည်။ တောပုန်းဘဝ၏မရေရာမှုနှင့် ဆူပူမှုမဆုံးနိုင်သည့်ကြီးမားသာအန္တရာယ်၊ မကြာခဏထွက်ပြေးပုန်းရှောင်ရန်လိုအပ်ခြင်း၊ သူ့ထံသို့စုရုံးလာသောသူတို့မှာ "အမှုရောက်သောသူ၊ ကြွေးတင်သောသူ၊ စိတ်ညစ်သောသူ" (၁ရာ ၂၂း၂) များဖြစ်နေခြင်းစသည်အားလုံးသည် မိမိစည်းကမ်းအတိုင်းတင်းကျပ်စွာနေထိုင်ရန် သာ၍အရေးကြီးကြောင်းကိုသင်ပေးခဲ့သည်။ ဤအတွေ့အကြုံများသည် လူများနှင့်ဆက်ဆံရာတွင်အဖိနှိပ်ခံများကို သနားရန်၊ မတရားမှုကိုမုန်းတီးရန် တန်ခိုးကိုနိုးထစေပြီး ကြီးထွားလာစေခဲ့သည်။ စောင့်မျှော်နေချိန်နှင့် ဆင်းရဲဒုက္ခကာလတစ်လျှောက်ဒါဝိဒ်သည် ဘုရားသခင်ထံ၌နှစ်သိမ့်ခြင်း၊ ထောက်ပံ့မှုနှင့်အသက်ကိုရှာတွေ့နိုင်ရန် သင်ယူခဲ့သည်။ ဘုရားသခင်၏တန်ခိုးအားဖြင့်သာလျှင် သူသည်ရာဇပလ္လင်ပေါ်သို့တက်နိုင်ကြောင်း၊ ကိုယ်တော်၏ဉာဏ်တော်အားဖြင့်သာလျှင် သူသည်အမြော်အမြင်ကြီးစွာအုပ်ချုပ်နိုင်ကြောင်းကိုသူသင်ယူခဲ့သည်။ အခက်အခဲနှင့်ဝမ်းနည်းခြင်း

ကျောင်း၌သင်တန်းတက်ခြင်းအားဖြင့် ဒါဝိဒ်သည်သူ၏မဟာအပြစ်ကြီးကျူး လွန်ပြီးနောက်ပိုင်းတွင် သူသည် "နိုင်ငံတော်သားတို့တွင်တရားမှုကိုစီရင်ဆုံးဖြတ် တော်မူ၏" (၂ရာ ၈း၁၅) ဟူသောမှတ်တမ်းကိုရေးနိုင်ခဲ့သည်။ {Ed 152.2}

ဒါဝိဒ်၏စောစောပိုင်းကအတွေ့အကြုံ၏စည်းမျဉ်းမျိုးကို ရှောလမုန် သည်မရရှိခဲ့ချေ။ အခြေအနေအရပ်ရပ်တွင်လည်းကောင်း၊ အကျင့်စာရိတ္တတွင် လည်းကောင်း၊ အသက်တာတွင်လည်းကောင်း၊ သူသည်အခြားသူအားလုံးထက် မျက်နှာသာပေးခြင်းခံရသည်။ လူငယ်နှင့်လူကြီးအရွယ်တွင်မြင့်မြတ်သူ၊ ဘုရား သခင်၏အချစ်တော်အဖြစ် ရှောလမုန်ကြွယ်ဝချမ်းသာမှုနှင့်ဂုဏ်ပြုခြင်းခံရန် မြင့်မားသောအလားအလာဖြင့်စတင်အုပ်စိုးခဲ့သည်။ ဘုရားသခင်၏ဉာဏ်ပညာ ပေးခြင်းခံရသောသူ၏အသိပညာနှင့်အမြော်အမြင်ကို အခြားလူမျိုးများအံ့သြ ခဲ့ရသည်။ သို့သော်ကြွယ်ဝခြင်း၏မာနသည် ဘုရားသခင်နှင့်ခွဲထွက်စေခဲ့သည်။ ဘုရားရှင်နှင့်ပေါင်းဖော်ခြင်း၏ဝမ်းမြောက်ခြင်းမှာ သွေးသားပျော်မွေ့ခြင်း၌ စိတ်ကျေနပ်မှုကိုရှာရန်ထွက်သွားခဲ့သည်။ ဤအတွေ့အကြုံကိုအောက်ပါအတိုင်း သူပြောခဲ့သည်။ {Ed 152.3}

"ကြီးကျယ်သောအလုပ်ကိုစီရင်၍ အိမ်တို့ကိုဆောက်၏။ စပျစ်ဥယျာဉ် တို့ကိုလည်းစိုက်၏။ ဥယျာဉ်အမျိုးမျိုးကိုပြုစု၍၊ ခပ်သိမ်းသောအသီးမျိုးကို သီးသောအပင်တို့ကိုလည်းစိုက်၏။... ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကိုသိမ်း ယူ၍...ရွှေငွေကိုလည်းကောင်း၊ ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊ ကျေးရွာတို့၌ခွဲသော အခွန်ကိုလည်းကောင်း ငါဆည်းပူး၏။ အငြိမ့်သမားယောကျ်ား၊ မိန်းမတို့ကို လည်းကောင်း၊ လူသားတို့ပျော်မွေ့တတ်သောကြင်ရာမိန်းမမောင်းမမိဿံတို့ကို လည်းကောင်းငါသိမ်းယူ၏။ ထိုသို့ငါ့အလျင် ယေရုရှလင်မြို့၌ဖြစ်ဖူးသော သူအပေါင်းတို့ထက်၊ ငါသည်တိုးပွား၍ ကြီးမြင့်ခြင်းသို့ရောက်၏။.... ငါ့မျက်စိတပ်မက်လိုချင်သောအရာတစ်စုံတစ်ခုကိုမျှငါမငြင်း၊ ငါ့စိတ်ရွှင်လန်းစရာ တစ်စုံတစ်ခုကိုမျှမပယ်။ ငါကြိုးစားသမျှတို့၌ဝမ်းမြောက်လျက်ရှိ၏။... ထိုအခါ

ငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ်သမျှတို့ကိုငါကြည့်ရှု၍၊ အလုံးစုံတို့သည် အနတ္တအမှု၊ လေကိုကျက်စားသောအမှုဖြစ်ကြ၏။ နေအောက်မှာကောင်းသော အကျိုးတစ်စုံတစ်ခုမျှမရှိ။ တစ်ဖန်ငါလှည့်၍ပညာတရားကိုလည်းကောင်း၊ လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတရားတို့ကိုလည်းကောင်း ဆင်ခြင်၏။ ရှင်ဘုရင် နောက်မှာဖြစ်သောသူသည် အဘယ်သို့ပြုနိုင်သနည်း။ ပြုဖူးသည်အတိုင်း သာပြုနိုင်၏" ဒေသနာကျမ်း ၂း၄–၁၂။ {Ed 153.1}

"ထို့ကြောင့်အသက်ရှင်ခြင်းကိုငါငြီးငွေ့၏။ ထိုမှတစ်ပါး ငါသည်နေ အောက်မှာကြိုးစားအားထုတ်သောအမှုအလုံးစုံတို့ကို ငါငြီးငွေ့ပြီ" ဒေသနာကျမ်း ၂း၁၇၊ ၁၈။ {Ed 153.2}

မိမိ၏ကိုယ်ပိုင်ခါးသီးသောအတွေ့အကြုံအားဖြင့် ရှောလမုန်သည် လောကီအရာများကို အထူးရှာဖွေခဲ့သောအသက်တာ၏ အနှစ်သာရကင်းမဲ့ ခြင်းကိုသင်ယူခဲ့သည်။ တစ်ပါးအမျိုးသားများ၏ ဘုရားများအတွက်ယဇ်ပလ္လင် များကိုတည်ခဲ့ရာ အသက်ဝိညာဉ်ကိုငြိမ်သက်ခြင်းရမည်ဟူသော ယင်းတို့၏ ကတိများသည် အချည်းနှီးဖြစ်ကြောင်းကိုလည်းသူသင်ယူခဲ့သည်။ {Ed 153.3}

သူသည်အသက်ရလာချိန်တွင် နွမ်းနယ်ပြီး ကွဲအက်နေသောအိုးမှရေကို ဆာငတ်ရာ ရှောလမုန်သည် အသက်စမ်းရေကိုသောက်ရန်ပြန်လှည့်လာခဲ့သည်။ သူဖြုန်းတီးခဲ့သောနှစ်များ၏ရာဇဝင်နှင့်အတူ သတိပေးသောသင်ခန်းစာများကို သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းခြင်းအားဖြင့် နောင်လာနောက်သားများ အတွက် သူမှတ်တမ်းပြုစုခဲ့သည်။ ထို့ကြောင့်သူကြဲခဲ့သောမျိုးစေ့ကို သူ့လူမျိုးများ ကမကောင်းမှုများရိတ်သိမ်းခဲ့ရသော်လည်း ရှောလမုန်၏လုပ်ဆောင်မှုသည် လုံးလုံးပျောက်ဆုံးမသွားချေ။ နောက်ဆုံးတွင်သူ့အတွက် ဆင်းရဲဒုက္ခမှသင်ခန်းစာ သည် ယင်း၏အလုပ်ကိုပြီးမြောက်စေခဲ့သည်။ {Ed 153.4}

သို့သော် ထိုသို့သောအမြင်မှန်ရလာခြင်းဖြင့် ရှောလမုန်သည် ငယ်ရွယ် စဉ်ကအခြားလူတို့၏အသက်တာတွင် ဆင်းရဲဒုက္ခမှသင်ပေးသောသင်ခန်းစာ

ကိုသင်ယူခဲ့လျှင် ရှောလမုန်၏နေ့ရက်များသည် မည်မျှကြီးကျယ်ခမ်းနားလိမ့်မည်နည်း။ {Ed 154.1}

## *ယောဘကိုစမ်းသပ်ခြင်း*

ဘုရားသခင်ကိုချစ်သောသူများ "ကြံစည်တော်မူခြင်းအတိုင်းခေါ်တော်မူသောသူတို့" (ရောမ ၈း၂၈) အတွက် သမ္မာကျမ်းစာ၏အတ္ထုပ္ပတ္တိသည်ဝမ်းနည်းသောသူများကိုကူညီရန် သာ၍မြင့်မားသောသင်ခန်းစာရှိနေသေးသည်။ ကိုယ်တော်သည်ကောင်းမြတ်တော်မူကြောင်းနှင့် ယင်းကောင်းမြတ်ခြင်းသည် အထွတ်အထိပ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သည်သက်သေများဖြစ်ကြသည်။ "ငါသည်ဘုရားသခင်မှန်ပြီဟုသင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။" ဟေရှာယ ၄၃း၁၂။ "ငါတို့သည်လောကီသားများနှင့် ကောင်းကင်တမန်များမျက်မှောက်၌ပွဲဝင်သောသူဖြစ်ကြ၏" ၁ကော ၄း၉။ {Ed 154.2}

ဘုရားသခင့်နိုင်ငံတော်၏ အခြေခံစည်းမျဉ်းဖြစ်သောတစ်ကိုယ်ကောင်းမဆန်ခြင်းသည် စာတန်မုန်းတီးသောအခြေခံစည်းမျဉ်းပင်ဖြစ်သည်။ ၎င်း၏တည်ရှိနေမှုကိုလည်းသူငြင်းပယ်သည်။ မဟာတိုက်လှန်ပွဲစတင်ချိန်ကပင် ဘုရားသခင်၏လုပ်ဆောင်မှုသည် တစ်ကိုယ်ကောင်းဆန်သည်ဟု သက်သေပြရန်ကြိုးစားခဲ့သည်။ ထိုနည်းတူစွာဘုရားသခင်ကို ကိုးကွယ်သောသူအားလုံးကိုလည်းစွပ်စွဲသည်။ စာတန်၏အခိုင်အမာပြောဆိုခြင်းကိုပယ်ချရန်မှာ ခရစ်တော်နှင့်ခရစ်တော်၏နာမကိုခံယူသောသူအားလုံး၏အလုပ်ဖြစ်သည်။ {Ed 154.3}

ယေရှုသည်ကြွလာ၍ လူသားအဖြစ်ခံယူသည်မှာတစ်ကိုယ်ကောင်းမဆန်ကြောင်းကို မိမိအသက်တာဖြင့်ပုံနမူနာပြသခြင်းဖြစ်သည်။ ဤအခြေခံစည်းမျဉ်းကိုလက်ခံသောသူအားလုံးသည် ၎င်းကိုလက်တွေ့အသက်တာတွင်ထင်ရှားစေရာ၌ ကိုယ်တော်နှင့်အတူလုပ်ဆောင်သူများဖြစ်ကြရမည်။ ယင်းသည်မှန်ကန်သောကြောင့် မှန်ကန်သောအရာကိုရွေးရမည်။ ပေးဆပ်ရှင်သည်အမှန်တရား

အတွက်ရပ်တည်ရမည်။ "ထာဝရဘုရား၏ကျွန်တို့သည် ထိုသို့သောအမွေကိုခံရ၍ ငါ့ကြောင့်ဖြောင့်မတ်ရာသို့ရောက်ရကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၅၄:၁၇။ {Ed 154.4}

ကမ္ဘာ့ရာဇဝင်၏အစောပိုင်းကာလတွင် စာတန်တိုက်ခိုက်ခဲ့သည့်လူတစ်ယောက်၏ဘဝကောက်ကြောင်းကို မှတ်တမ်းတင်ထားသည်။ {Ed 155.1}

ဥဇပြည်၌နေထိုင်ခဲ့သောယောဘ၏အကြောင်း စိတ်နှလုံးကိုဆန်းစစ်တော်မူသောသူ၏သက်သေခံချက်ဟူမူကား "မြေကြီးပေါ်မှာသူနှင့်တူသောသူ၊ တစ်ယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။ ဘုရားသခင်ကိုကြောက်ရွံ့သောသူ မကောင်းသောအကျင့်ကိုရှောင်သောသူဖြစ်သည်။" {Ed 155.2}

ဤလူ၏တစ်ဖက်တွင်စာတန်သည် ကဲ့ရဲ့ပြီးစွပ်စွဲခဲ့သည်။ "ယောဘသည်အကျိုးမရှဘဲဘုရားဝတ်ကိုပြုသလော။ ကိုယ်တော်သည်သူ့ကိုယ်မှစ၍ သူ့အိမ်နှင့်သူ့ဥစ္စာရှိသမျှပတ်လည်၌ စောင့်ရန်းကာတော်မူသည်မဟုတ်လော။ ... ယခုမူကားလက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကိုထိခိုက်တော်မူပါ။" "လက်တော်ကိုဆန့်၍သူ့အရိုးနှင့်သူ့အသားကိုထိခိုက်တော်မူလျှင် သူသည်မျက်မှောက်တော်၌ ကိုယ်တော်ကိုစွန့်ပယ်ပါလိမ့်မည်။" {Ed 155.3}

ထာဝရဘုရားကလည်းစာတန်အား "သူ၏ဥစ္စာရှိသမျှသည်သင့်လက်၌ရှိ၏။" "သူသည်သင့်လက်၌ရှိ၏။ သူ့အသက်တစ်ခုကိုသာလွှတ်စေဟုမိန့်တော်မူ၏။" {Ed 155.4}

ထိုသို့ခွင့်ပြုလိုက်ရာ စာတန်သည် ယောဘ၏ပိုင်ဆိုင်သမျှ တိရစ္ဆာန်များ၊ ကျွန်ယောက်ျား၊ ကျွန်မိန်းမများ၊ သားသမီးများတို့ကိုဖျက်ဆီးပစ်ခဲ့သည်။ ထို့နောက်သူသည် "ယောဘ၏ခြေဖဝါးမှသည်ဦးထိပ်တိုင်အောင်ဆိုးသောအနာစိမ်းများတိုးပေါက်စေ၏" ယောဘဝတ္ထု ၁:၈-၁၂၊ ၂:၅-၇။ {Ed 155.5}

သူ၏ဝေဒနာကိုဆိုးရွားစေသောအခြားအရာရှိနေသေးသည်။ ရန်ဘက်ကဲ့သို့သာမက အပြစ်ကြောင့်ဝဋ်လည်သည်ဟု မြင်နေကြသောသူ၏မိတ်ဆွေများ

သည် သူ၏အနာကိုဖိညှစ်ပြီး အမှားပြုခြင်းကြောင့်ဖြစ်သည်ဟူသော အပြစ်တင်စွပ်စွဲချက်များကြောင့် စိတ်ဆင်းရဲခဲ့ရသည်။ {Ed 155.6}

ဘုရားရှင်နှင့်လူတို့၏ပစ်ပယ်ခြင်းကိုခံရဟန်ရှိသော်လည်း ဘုရားသခင်ကိုခိုင်ခိုင်မာမာယုံကြည်ပြီး သူ၏ဖြောင့်မတ်ခြင်းကိုလည်း ကောင်းစွာသိနေခဲ့ကာ မချိတင်ကဲ ဝေဒနာဖြင့် သူဤသို့ဆိုခဲ့သည်။

"ငါဝိညာဉ်သည်အသက်ကိုငြီးငွေ့ပြီ။"

"ကိုယ်တော်သည်အကျွန်ုပ်ကို သင်္ချိုင်းတွင်း၌ဝှက်ထားတော်မူပါစေ။ အမျက်တော်မလွန်မီတိုင်အောင်ကွယ်ကာတော်မူပါစေ။ အကျွန်ုပ်ကိုအောက်မေ့စရာအချိန်ကိုချိန်းချက်တော်မူပါစေ" ယောဘဝတ္ထု ၁၀း၁၊ ၁၄း၁၃။

"ငါသည်ကိုယ်ခံရသောညှဉ်းဆဲခြင်းကို အကြောင်းပြု၍မြည်တမ်းသော်လည်း အဘယ်သူမျှနားမထောင်၊ အော်ဟစ်သော်လည်း၊ တရားသဖြင့်စီရင်သောသူမရှိ။".....

"ငါ့ဂုဏ်အသရေကိုချွတ်၍၊ ငါ့ခေါင်းကပေါင်းသရဖူကိုချတော်မူပြီ။"....

"ငါ့ပေါက်ဖော်တို့သည်ငါ့ကိုစွန့်၍ ငါ့သူငယ်ချင်းတို့သည်မေ့လျော့ကြ၏။"......

"ငါချစ်သောသူတို့သည်ငါ့ရန်သူဖြစ်ကြ၏။... အိုအဆွေခင်ပွန်းတို့ငါ့ကိုသနားကြပါ။ ငါ့ကိုသနားကြပါ။ ဘုရားသခင်၏လက်တော်သည်ငါ့ကိုထိခိုက်ပါပြီ။"

"ဘုရားသခင်ကိုတွေ့နိုင်သောအရပ်ကိုငါသိပါစေသော။ ပလ္လင်တော်ရှေ့သို့ရောက်ပါစေသော။"....

"ယခုမူကား၊ ငါတက်လျှင်ဘုရားသခင်ရှိတော်မမူ။ ဆုတ်လျှင်ကိုယ်တော်ကိုမရိပ်မိ။ လုပ်တော်မူရာလက်ဝဲဘက်သို့သွားလျှင် ကိုယ်တော်ကိုမဖူးမတွေ့ရ။ လက်ယာဘက်၌ပုန်းရှောင်လျက် နေတော်မူသောကြောင့် ကိုယ်တော်ကိုမမြင်ရ။

သို့သော်လည်းငါသွားရာလမ်းကိုသိတော်မူ၏။ စစ်တော်မူခြင်းကိုခံပြီးမှ ရွှေကဲ့သို့ငါပေါ်လိမ့်မည်။"

"ငါ့ကိုသတ်တော်မူ၍ ငါမျှော်လင့်စရာမရှိသော်လည်း ရှေ့တော်၌ ကိုယ်အပြစ်ဖြေရာစကားကိုငါလျှောက်ထားမည်။"

"ငါ့ကိုရွေးနုတ်သောသခင်သည် အသက်ရှင်၍ နောင်ကာလ၌မြေမှုန့် အပေါ်မှာပေါ်လာတော်မူမည်ဟူ၍လည်းကောင်း၊ ငါ့အရေကုန်ပြီးမှဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း ငါသည်ကိုယ်ခန္ဓာ၌ဘုရားသခင်ကိုမြင်မည်ဟူ၍လည်းကောင်း ငါသိ၏။ ငါ့ဘက်၌နေတော်မူသောဘုရားသခင်ကိုငါမြင်မည်။ သူတစ်ပါးမြင် သည်သာမက၊ ငါသည်ကိုယ်မျက်စိနှင့်ဖူးမြင်မည်" ယောဘဝတ္ထု ၁၉း၇– ၂၁၊ ၂၃း၃–၁၀၊ ၁၃း၁၅၊ ၁၉း၂၅–၂၇။ {Ed 155.7}

ယောဘသည်သူ၏ယုံကြည်သည်အတိုင်းဖြစ်ခဲ့သည်။ "စစ်တော်မူခြင်း ကိုခံပြီးမှ ရွှေကဲ့သို့ငါပေါ်လိမ့်မည်" (ယောဘဝတ္ထု ၂၃း၁၀) ဟုသူဆိုခဲ့သည်။ ဆိုသည့်အတိုင်းလည်းဖြစ်လာခဲ့သည်။ သူ၏စိတ်ရှည်သည်းခံနိုင်ရည်ကြောင့် မိမိအကျင့်စာရိတ္တနှင့်မိမိကိုယ်စားပြုသော ကိုယ်တော်၏ဂုဏ်တော်ကိုသက်သေထူ နိုင်ခဲ့သည်။ "သူခံရသောဒုက္ခအကြောင်းကို ထာဝရဘုရားသည်ပယ်ရှင်း၍ အလျှင်ထက်နှစ်ဆသောဥစ္စာကိုပေးတော်မူ၏။.... ထိုသို့ထာဝရဘုရားသည် ယောဘ၏ရှေ့ဖြစ်ဟန်ကိုကောင်းချီးပေးတော်မူသည်ထက် နောက်ဖြစ်ဟန် ကိုသာ၍ကောင်းချီးပေးတော်မူ၏" ယောဘဝတ္ထု ၄၂း၁၀–၁၂။ {Ed 156.1}

မိမိကိုယ်ကိုငြင်းပယ်ခြင်းအားဖြင့် ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်း ၌ပါဝင်ခဲ့ကြသူ ဓမ္မဟောင်းကျမ်းတွင်ယောနသန်နှင့် ဓမ္မသစ်ကျမ်းတွင်နှစ်ခြင်း ဆရာယောဟန်တို့အကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။ {Ed 156.2}

ယောနသန်သည်မွေးဇာတိအားဖြင့်ရာဇပလ္လင်ကို အမွေခံရမည့်သူဖြစ် သော်လည်း၊ ဘုရားရှင်၏အမိန့်တော်အားဖြင့် ဘေးဖယ်ခြင်းခံရသည့်အကြောင်း မိမိကိုယ်ကိုသိနေသည်။ သူ၏ပြိုင်ဘက်အပေါ်တွင်အသိမ်မွေ့ဆုံးနှင့် သစ္စာအရှိ ဆုံးမိတ်ဆွေ၊ မိမိအသက်အန္တရာယ်ကိုဂရုမစိုက်ဘဲ ဒါဝိဒ်၏အသက်ကို ကာကွယ်

ပေးသူဖြစ်သည်။ မိမိတန်ခိုးကျဆင်းနေသည့် အမှောင်လွှမ်းသောကာလ တစ်လျှောက် ဖခင်၏နံဘေးတွင် မားမားမတ်မတ်ရပ်နေခဲ့ပြီး အဆုံးတွင်ကျဆုံးခဲ့ရသည်။ ယောနသန်၏နာမည်သည် ကောင်းကင်တွင်တန်ဖိုးရှိလှသည်။ ထို့နောက်သူသည်မြေကြီးပေါ်တွင် ကိုယ်ကျိုးမဖက်သောချစ်ချင်းမေတ္တာတည်ရှိခြင်းနှင့် ၎င်း၏တန်ခိုးကိုသက်သေခံအဖြစ်ရပ်တည်လျက်ရှိသည်။ {Ed 157.1}

မေရှိယ၏ရှေ့တော်ပြေးပေါ်ထွက်လာချိန်က နှစ်ခြင်းဆရာယောဟန်သည် လူတို့အားနိုးကြွလာစေခဲ့သည်။ တစ်နေရာမှတစ်နေရာသို့သူသွားသော နေရာတိုင်းတွင် လူ့အလွှာအမျိုးစုံမှလူအုပ်ကြီးကလိုက်ခဲ့ကြသည်။ သို့သော် သူသက်သေခံသောသူရောက်လာတော်မူသောအခါ၊ အရာရာပြောင်းလဲသွားခဲ့သည်။ လူထုသည်ယေရှုနောက်တော်သို့လိုက်ကြပြီး၊ ယောဟန်၏သာသနာသည်လည်း ဆုံးခန်းတိုင်တော့မည့်အလားရှိလာသည်။ သို့သော် သူ၏ယုံကြည်ခြင်းသည် ယိမ်းယိုင်ခြင်းမရှိချေ။ “ထိုသခင်သည်တိုးပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည်” (ယောဟန် ၃း၃၀) ဟုသူဆိုခဲ့သည်။ {Ed 157.2}

အချိန်သည်ကုန်ဆုံးလာ၍ ယောဟန်သည် ယုံကြည်စိတ်ချစွာမျှော်လင့်ခဲ့သောနိုင်ငံတော်သည် ထူထောင်လာခြင်းမရှိခဲ့ချေ။ လေကောင်းကောင်းမရသည့်အပြင်၊ သဲကန္တရထဲကလွတ်လပ်မှုကိုပါဆုံးရှုံးလျက် ဟေရုဒ်မင်း၏ မြေအောက်အကျဉ်းတိုက်တွင် သူစောင့်မျှော်နေခဲ့သည်။ {Ed 157.3}

လက်နက်ဆွဲကိုင်ခြင်းများ၊ ထောင်တံခါးများကိုဖွင့်ခြင်းများဖြစ်မလာခဲ့ဘဲ လူနာများကိုရောဂါပျောက်ကင်းစေခြင်း၊ ဧဝံဂေလိသတင်းစကားကိုဟောပြောခြင်း၊ လူတို့၏အသက်ဝိညာဉ်ကိုမြှင့်တင်ပေးခြင်းတို့သည် ခရစ်တော်၏သာသနာကိုသက်သေခံကြသည်။ {Ed 157.4}

မြေအောက်အကျဉ်းတိုက်တွင် အထီးကျန်လျက် မိမိသခင်၏လမ်းအတိုင်း မိမိလမ်းကြောင်းသည်ဘယ်ဆီသို့ဦးတည်သည်ကို သိမြင်နေသောယောဟန်သည် ခရစ်တော်နှင့်အတူအသေခံခြင်း၌အတူပါဝင်ရန်လက်ခံခဲ့သည်။ ကောင်းကင်တမန်များသည် သူ့အားသင်္ချိုင်းသို့လိုက်ပါပို့ဆောင်ကြသည်။

စကြဝဠာကြီးထဲမှကျရှုံးသောလူသားများဖြစ်စေ၊ မကျရှုံးသောအနန္တသတ္တဝါများဖြစ်စေ၊ ကိုယ်ကျိုးမဖက်သောလုပ်ဆောင်ချက်ကို သူသည်သက်သေထူခြင်းကိုမြင်တွေ့ခဲ့ကြသည်။ {Ed 157.5}

ယင်းနောက်ပိုင်းပေါ်ပေါက်လာသောမျိုးဆက်တိုင်းတွင် ဆင်းရဲဒုက္ခခံရသောအသက်ဝိညာဉ်များသည် ယောဟန်အသက်တာ၏ သက်သေခံချက်အားဖြင့်အားဖြည့်ခဲ့ကြသည်။ မြေအောက်အကျဉ်းတိုက်တွင်လည်းကောင်း၊ ကြိုးစင်ပေါ်တွင်လည်းကောင်း၊ မီးလျှံထဲ၌လည်းကောင်း၊ အမှောင်လွှမ်းသောခေတ်အဆက်ဆက်မှ ယောကျာ်း၊ မိန်းမများသည် "မိန်းမမွေးသောသူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက်ကြီးမြတ်သောသူ တစ်ယောက်မျှမပေါ်ထွန်းသေး" (မဿဲ ၁၁:၁၁) ဟူ၍ ခရစ်တော်ကြေညာတော်မူခဲ့သောသူကို သတိရခြင်းအားဖြင့် ခွန်အားရရှိခဲ့ကြသည်။ {Ed 157.6}

"ထိုမှတစ်ပါး၊ အဘယ်သို့ပြောစရာရှိသေးသနည်း။ ဂိဒေါင်၊ ဗာရက်၊ ရှံဆုန်၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလမှစ၍ပုရောဖက်တို့အကြောင်းများကိုပြော၍ မကုန်နိုင်။ ထိုသူတို့သည်ယုံကြည်ခြင်းအားဖြင့် အခြားသောတိုင်းနိုင်ငံကိုအောင်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ကတိတော်ကိုဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း၊ မီးအရှိန်ကိုငြိမ်းစေခြင်း၊ ဓါးလက်နက်ဘေးနှင့်ကင်းလွတ်ခြင်း၊ အနာမှထမြောက်၍ ကျန်းမာခြင်း၊ စစ်တိုက်သောအခါခွန်အားနှင့်ပြည့်စုံခြင်း၊ တစ်ပါးအမျိုးသားတို့၏တပ်များကို ဖျက်ဆီးခြင်းအမှုများကိုပြုကြ၏။ {Ed 158.1}

"မိန်းမတို့သည်လည်း သေခြင်းမှထမြောက်သော မိမိတို့သားကိုရပြန်ကြ၏။ အချို့သောသူတို့သည်၊ သာ၍မြတ်သောထမြောက်ခြင်းသို့ရောက်လိုသောငှါ၊ လွတ်ခြင်းကိုမခံမယူဘဲပြင်းစွာသောညှဉ်းဆဲခြင်းကိုခံကြ၏။ အချို့သောသူတို့သည်ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသဖြင့် စုံစမ်းခြင်းကိုခံရကြ၏။ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓါးလက်နက်နှင့်ကွပ်မျက်ခြင်းကိုခံရကြ၏။ အလွန်

ဆင်းရဲလျက် ညှဥ်းဆဲနှိပ်စက်ခြင်းကိုခံလျက်၊ သိုးရေ၊ ဆိတ်ရေကိုဝတ်၍ လှည့်လည်ရကြ၏။ ဤလောကသည် ထိုသူတို့နှင့်မထိုက်မတန်။ သူတို့သည် တောကြိုတောင်ကြား၊ ဥမင်မြေတွင်းထဲမှာ အပြောင်းပြောင်းအလည်လည်နေရကြ၏။” {Ed 158.2}

“ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့်ချီးမွမ်းခြင်းသို့ရောက်သော်လည်း၊ ကတိတော်အတိုင်းအကျိုးကျေးဇူးကိုမခံရကြ။ အဘယ်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့မရောက်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့အဖို့အလိုငှါ သာ၍မြတ်သောကျေးဇူးကိုကြံစည်တော်မူ၏” ဟေဗြဲ ၁၁း၃၂–၄၀။ {Ed 158.3}

***

# အခန်း ၁၇

# ကဗျာအလင်္ကာနှင့်သီချင်း

လူသားများသိရှိရသော ရှေးအကျဆုံးနှင့်အံ့မခန်းကဗျာဆန်ဆန်ပြော ဆိုချက်များကို သမ္မာကျမ်းစာတွင်တွေ့ရသည်။ ကမ္ဘာကြီး၏ရှေးအကျဆုံး သောကဗျာဆရာများက မစပ်ဆိုမီ၊ မိဒျန်ပြည်မှသိုးထိန်း (မောရှေ) သည် ယောဘအားပြောသော ဘုရားသခင်၏နှုတ်ထွက်စကားကို ပါရမီရှင်များ၏အမြင့် မြတ်ဆုံးသော လက်ရာများနှင့်တုနှိုင်းမရ၊ လက်လှမ်းမမီလောက်အောင် ခံ့ညား ထည်ဝါစွာ မှတ်တမ်းတင်ခဲ့သည်။

"မြေကြီးအမြစ်ကိုငါတည်သောအခါ၊ သင်သည်အဘယ်မှာရှိ သနည်း။.... သမုဒ္ဒရာသည် အမိဝမ်းထဲကဖွား၍ထွက်လာသောအခါ၊ အဘယ်သူ သည်တံခါးပိတ်နှင့်ပိတ်ထားသနည်း။ သမုဒ္ဒရာကိုမိုးတိမ်နှင့်ငါခြုံ၍ ထူထပ် သောမှောင်မိုက်နှင့်ထုပ်ရစ်သည်ကာလ၌လည်းကောင်း၊ သင်သည်ဤအရပ်တိုင် အောင်လာရ၏။ တိုး၍မလွန်ရ၊ ဤအရပ်၌သင်၏ထောင်လွှားသောလှိုင်းတံ ပိုးဆုံးရ၏ဟုပညတ်၏။....

"သင်သည်တစ်သက်လုံးတွင်တစ်ခါမျှ၊ နံနက်ကိုမှာထားဘူးသလော။ မိုးသောက်လင်းကို နေရာချဘူးသလော။....

"သင်သည် သမုဒ္ဒရာစမ်းရေပေါက်ထဲသို့ဝင်ဘူးသလော။ နက်နဲသော အောက်ဆုံးအရပ်၌ လှည့်လည်ဘူးသလော။ သေခြင်းတံခါးတို့ကို သင့်အား ဖွင့်ဘူးသလော။ သေမင်းအရိပ်ထဲသို့ ဝင်သောလမ်းဝတို့ကိုမြင်ဘူးသလော။ မြေကြီးမျက်နှာတစ်ပြင်လုံးကို ကြည့်ရှုဘူးသလော။ အလုံးစုံကိုသိမြင်လျှင် ဖေါ်ပြလော့။

"အလင်းနေရာသို့ အဘယ်မည်သောလမ်းဖြင့် ရောက်ရသနည်း။ မှောက်မိုက်နေရာလည်း အဘယ်မှာရှိသနည်း။....

"သင်သည် မိုးပွင့်ဘဏ္ဍာတိုက်ထဲသို့ဝင်ဘူးသလော။... ငါသိုထားသောမိုးသီးဘဏ္ဍာများကိုမြင်ဘူးသလော။ အလင်းသည် အဘယ်သို့သောလမ်းဖြင့်နှံ့ပြားသနည်း။ အရှေ့လေသည် မြေကြီးပေါ်မှာအဘယ်ကြောင့်လွင့်သနည်း။ လူမရှိသောမြေနှင့်လူမနေသောတောခွ် မိုးရွာစေခြင်းငှါလည်းကောင်း၊ လွတ်လပ်သောလွင်ပြင်ကိုရေနှင့်ဝစေ၍၊ နုသောမြက်ပင်အညှောက်ကိုထွက်စေခြင်းငှါလည်းကောင်း၊ လျှံသောမိုးရေစီးရာလမ်း၊ မိုးကြိုးနှင့်ဆိုင်သောလျှပ်စစ်ပျက်ရာလမ်းကို အဘယ်သူဖွင့်သနည်း။"

"သင်သည်ခိမကြယ်စု၏ သာယာစွာပြုပြင်ခြင်းကိုချုပ်တည်းနိုင်သလော။ ကသိလကြယ်၏ချည်နှောင်ခြင်းကို ဖြည်နိုင်သလော။ မာဇရုတ်ကြယ်တို့ကို အချိန်ရောက်လျှင်ထုတ်ဖေါ်နိုင်သလော။ အာရုကြယ်နှင့်သူ၏သားတို့ကို ပဲ့ပြင်နိုင်သလော။" ယောဘဝတ္ထု ၃၈း၄–၂၇။ ၃၈း၃၁၊ ၃၂။ {Ed 159.1}

နွေဦးကာလ၏အလှကို ရှောလမုန်သီချင်းတွင်ဖေါ်ကျူးထားသည်။

"ဆောင်းကာလလွန်ပြီ။ မိုးလည်းကြည်လင်ပြီ။ မြေကြီးပေါ်မှာပန်းများပွင့်ကြပြီ။ ငှက်တို့မြည်တွန်ချိန်လည်းရောက်လေပြီ။ ငါတို့မြေ၌ချိုးငှက်တွန်သံကိုလည်းကြားရ၏။ သင်္ဘောသဖန်းပင်သည် စိမ်းသောအသီးကိုမှည့်စေ၏။ စပျစ်နွယ်ပင်လည်းပွင့်လျက်၊ မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။" ရှောလမုန်သီချင်း ၂း၁၁–၁၃။ {Ed 160.1}

ဗာလမ်၏စိတ်မပါဘဲ ဣသရေလလူတို့အား ကောင်းချီးပေးသောအနာဂတ်ဟောကြားချက်၏လှပမှုသည်လည်း နိမ့်ချခြင်းမရှိချေ။

"မောဘရှင်ဘုရင်ဗာလက်က၊ လာပါ။ ငါ့အဖို့ယာကုပ်အမျိုးကိုကျိန်ဆဲပါ။ လာပါ။ ဣသရေလအမျိုးကို ပျက်စီးခြင်းသို့အပ်လိုက်ပါဟုခေါ်၍၊ ငါ့ကိုအာရံပြည်အရှေ့တောင်ရိုးမှဆောင်ခဲ့ပြီ။ ဘုရားသခင်ကျိန်ဆဲ

# အခန်း ၁၇

# ကဗျာအလင်္ကာနှင့် သိချင်း

လူသားများသိရှိရသော ရှေးအကျဆုံးနှင့်အံ့မခန်းကဗျာဆန်ဆန်ပြော ဆိုချက်များကို သမ္မာကျမ်းစာတွင်တွေ့ရသည်။ ကမ္ဘာကြီး၏ရှေးအကျဆုံး သောကဗျာဆရာများက မစပ်ဆိုမီ၊ မိဒျန်ပြည်မှသိုးထိန်း (မောရှေ) သည် ယောဘအားပြောသော ဘုရားသခင်၏နှုတ်ထွက်စကားကို ပါရမီရှင်များ၏အမြင့် မြတ်ဆုံးသော လက်ရာများနှင့်တုနိူင်းမရ၊ လက်လှမ်းမမီလောက်အောင် ခံ့ညား ထည်ဝါစွာ မှတ်တမ်းတင်ခဲ့သည်။

"မြေကြီးအမြစ်ကိုငါတည်သောအခါ၊ သင်သည်အဘယ်မှာရှိ သနည်း။.... သမုဒ္ဒရာသည် အမိဝမ်းထဲကဖွား၍ထွက်လာသောအခါ၊ အဘယ်သူ သည်တံခါးပိတ်နှင့်ပိတ်ထားသနည်း။ သမုဒ္ဒရာကိုမိုးတိမ်နှင့်ငါခြုံ၍ ထူထပ် သောမှောင်မိုက်နှင့်ထုပ်ရစ်သည်ကာလ၌လည်းကောင်း၊ သင်သည်ဤအရပ်တိုင် အောင်လာရ၏။ တိုး၍မလွန်ရ၊ ဤအရပ်၌သင်၏ထောင်လွှားသောလှိုင်းတံ ပိုးဆုံးရ၏ဟုပညတ်၏။....

"သင်သည်တစ်သက်လုံးတွင်တစ်ခါမျှ၊ နံနက်ကိုမှာထားဘူးသလော။ မိုးသောက်လင်းကို နေရာချဘူးသလော။....

"သင်သည် သမုဒ္ဒရာစမ်းရေပေါက်ထဲသို့ဝင်ဘူးသလော။ နက်နဲသော အောက်ဆုံးအရပ်၌ လှည့်လည်ဘူးသလော။ သေခြင်းတံခါးတို့ကို သင့်အား ဖွင့်ဘူးသလော။ သေမင်းအရိပ်ထဲသို့ ဝင်သောလမ်းဝတို့ကိုမြင်ဘူးသလော။ မြေကြီးမျက်နှာတစ်ပြင်လုံးကို ကြည့်ရှုဘူးသလော။ အလုံးစုံကိုသိမြင်လျှင် ဖော်ပြလော့။

"အလင်းနေရာသို့ အဘယ်မည်သောလမ်းဖြင့် ရောက်ရသနည်း။ မှောက်မိုက်နေရာလည်း အဘယ်မှာရှိသနည်း။....

"သင်သည် မိုးပွင့်ဘဏ္ဍာတိုက်ထဲသို့ဝင်ဘူးသလော။... ငါသိုထားသောမိုးသီးဘဏ္ဍာများကိုမြင်ဘူးသလော။ အလင်းသည် အဘယ်သို့သောလမ်းဖြင့်နံ့ပြားသနည်း။ အရှေ့လေသည် မြေကြီးပေါ်မှာအဘယ်ကြောင့်လွင့်သနည်း။ လူမရှိသောမြေနှင့်လူမနေသောတော၌ မိုးရွာစေခြင်းငှါလည်းကောင်း၊ လွတ်လပ်သောလွင်ပြင်ကိုရေနှင့်ဝစေ၍၊ နုသောမြက်ပင်အညှောက်ကိုထွက်စေခြင်းငှာလည်းကောင်း၊ လျှံသောမိုးရေစီးရာလမ်း၊ မိုးကြိုးနှင့်ဆိုင်သောလျှပ်စစ်ပျက်ရာလမ်းကို အဘယ်သူဖွင့်သနည်း။"

"သင်သည်ခိမကြယ်စု၏ သာယာစွာပြုပြင်ခြင်းကိုချုပ်တည်းနိုင်သလော။ ကသိလကြယ်၏ချည်နှောင်ခြင်းကို ဖြည်နိုင်သလော။ မာဇရုတ်ကြယ်တို့ကို အချိန်ရောက်လျှင်ထုတ်ဖော်နိုင်သလော။ အာရုကြယ်နှင့်သူ၏သားတို့ကို ပဲ့ပြင်နိုင်သလော။" ယောဘဝတ္ထု ၃၈း၄–၂၇။ ၃၈း၃၁၊ ၃၂။ {Ed 159.1}

နွေဦးကာလ၏အလှကို ရှောလမုန်သီချင်းတွင်ဖော်ကျူးထားသည်။

"ဆောင်းကာလလွန်ပြီ။ မိုးလည်းကြည်လင်ပြီ။ မြေကြီးပေါ်မှာပန်းများပွင့်ကြပြီ။ ငှက်တို့မြည်တွန်ချိန်လည်းရောက်လေပြီ။ ငါတို့မြေ၌ချိုးငှက်တွန်သံကိုလည်းကြားရ၏။ သင်္ဘောသဖန်းပင်သည် စိမ်းသောအသီးကိုမှည့်စေ၏။ စပျစ်နွယ်ပင်လည်းပွင့်လျက်၊ မွှေးကြိုင်၏။ ငါချစ်သောနှမ၊ ငါ၏မိန်းမလှ၊ ထ၍လာခဲ့ပါ။" ရှောလမုန်သီချင်း ၂း၁၁–၁၃။ {Ed 160.1}

ဗာလမ်၏စိတ်မပါဘဲ ဣသရေလလူတို့အား ကောင်းချီးပေးသောအနာဂတ်ဟောကြားချက်၏လှပမှုသည်လည်း နိမ့်ချခြင်းမရှိချေ။

"မောဘရှင်ဘုရင်ဗာလက်က၊ လာပါ။ ငါ့အဖို့ယာကုပ်အမျိုးကိုကျိန်ဆဲပါ။ လာပါ။ ဣသရေလအမျိုးကို ပျက်စီးခြင်းသို့အပ်လိုက်ပါဟုခေါ်၍၊ ငါ့ကိုအာရံပြည်အရှေ့တောင်ရိုးမှဆောင်ခဲ့ပြီ။ ဘုရားသခင်ကျိန်ဆဲ

တော်မမူသောသူကို အဘယ်သို့ငါကျိန်ဆဲနိုင်မည်နည်း။ တောင်ပေါ်ကသူ့ကိုငါကြည့်ရှု၏။ ထိုလူမျိုးသည်တစ်မျိုးတည်းနေ၍ အခြားတစ်ပါးသောလူမျိုးတို့နှင့်မရောနှောရ။....

"ကောင်းချီးပေးရမည်အကြောင်း အမိန့်တော်ကိုငါခံရပြီ။ ဘုရားသခင်ကောင်းချီးပေးတော်မူပြီ။ ထိုကောင်းချီးကိုငါမဖျက်နိုင်။ ယာကုပ်အမျိုးကိုညှဉ်းဆဲသောအမှု၊ ဣသရေလအမျိုးတစ်ဖက်၌ပြုသော နှောင့်ယှက်ခြင်းအမှုကို ဘုရားသခင်သည်ကြည့်ရှု၍ နေတော်မမူ။ သူတို့ဘုရားသခင်ထာဝရဘုရားသည် သူတို့နှင့်အတူရှိတော်မူ၏။ ရှင်ဘုရင်ကြွေးကြော်ခြင်းအသံကိုသူတို့တွင်ကြားရ၏။.... အကယ်စင်စစ်ယာကုပ်အမျိုးကို ထူးဆန်းသောအတတ်အားဖြင့်မနိုင်ရာ။ ဣသရေလအမျိုးကို အဘယ်သူမျှမပြုစားရာ။ ဘုရားသခင်သည်အဘယ်သို့ပြုတော်မူသည်တကားဟု ယခုကာလကိုထောက်၍၊ ယာကုပ်အမျိုး၊ ဣသရေလအမျိုးကိုရည်ဆောင်လျက် ဆိုလေ့ရှိလိမ့်မည်။"

"ဘဝင်ဖြစ်၍မျက်စိပွင့်လျက် အနန္တတန်ခိုးရှင်၏ရူပါရုံကိုမြင်၍၊ ဘုရားသခင်၏အမိန့်တော်ကိုကြားသောသူ၏စကားဟူမူကား၊ သင်တို့၏တဲများ၊ အိုဣသရေလအမျိုး၊ သင်တို့၏ဘုံဗိမာန်များတို့သည် အဘယ်မျှလောက်တင့်တယ်ကြသည်တကား။ ကျယ်ဝန်းသောချိုင့်များ၊ မြစ်နားမှာရှိသောဥယျာဉ်များ၊ ထာဝရဘုရားစိုက်တော်မူသောအကျော်ပင်များ၊ ရေနားမှာပေါက်သောအာရဇ်ပင်များကဲ့သို့ဖြစ်ကြသည်တကား။"

"ထိုအရာကိုငါမြင်၏။ သို့သော်လည်းယခုမဖြစ်ရသေး။ ထိုအရာကိုငါရှု၏။ သို့သော်လည်းဖြစ်ရသောအချိန်မနီးသေး။ ကြယ်တစ်လုံးသည် ယာကုပ်အမျိုး၌ပေါ်ထွန်း၍၊ ရာဇလှံတံသည် ဣသရေလအမျိုး၌ထင်ရှားလိမ့်မည်။.... အစိုးရသောသူတစ်ပါးသည် ယာကုပ်အမျိုးထဲကထွက်လိမ့်မည်" တောလည်ရာကျမ်း ၂၃း၇–၂၃၊ ၂၄း၄–၆၊ ၂၄း၁၆–၁၉။ {Ed 160.2}

ချီးမွမ်းခြင်းသီချင်းသံသည် ကောင်းကင်နိုင်ငံ၏သွင်ပြင်အခြေအနေဖြစ်သည်။ ကောင်းကင်နိုင်ငံသည် မြေကြီးနှင့်ထိတွေ့လာသောအခါ "ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့်ပြည့်စုံလိမ့်မည်" ဟေရှာယ ၅၁း၃။ {Ed 161.1}

အသစ်ဖန်ဆင်းသောမြေကြီး၏အထက်တွင် တင့်တယ်လှပပြီး၊ အပြစ်အနာအဆာကင်းလျက်ရှိကာ--၊ ဘုရားသခင်၏ပြုံးတော်မူခြင်းအောက်တွင် "နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့်ကြွေးကြော်ကြ၏။" ယောဘဝတ္ထု ၃၈း၇။ ထို့ကြောင့်လူသားတို့၏စိတ်နှလုံးသည် ကောင်းကင်နှင့်ထပ်တူထပ်မျှဖြစ်လျက်၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ချီးမွမ်းခြင်းသီချင်းများဖြင့်တုံ့ပြန်သည်။ လူသားတို့၏သမိုင်းမှ များစွာသောဖြစ်ရပ်တို့သည် သီချင်းများနှင့်ဆက်နွှယ်ခဲ့သည်။ {Ed 161.2}

သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည့် လူသားတို့နှုတ်မှသီဆိုသောအလျင်ဦးဆုံးသီချင်းမှာ ပင်လယ်နီတွင် ဣသရေလလူထုကြီးမှ ပေါက်ထွက်လာသည့်ကြီးကျယ်သော ချီးမွမ်းသံပင်ဖြစ်သည်။

"ထာဝရဘုရားသည် ဘုန်းပွင့်လျက်အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အားသီချင်းဆိုပါအံ့။ မြင်းနှင့်မြင်းစီးသူရဲကို ပင်လယ်ထဲသို့လှဲချတော်မူပြီ။ ထာဝရဘုရားသည်ငါ့အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း၊ ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ထိုဘုရားသည် ငါကိုးကွယ်သောဘုရားသခင်ဖြစ်တော်မူ၍၊ ထောမနာပြုပါမည်။ ငါ့ဘိုးဘေးတို့၏ဘုရားသခင်ဖြစ်တော်မူ၍၊ ငါချီးမြှောက်ပါမည်။"

"အိုထာဝရဘုရား၊ လက်ယာလက်တော်သည် တန်ခိုးအားဖြင့်ဘုန်းကြီးတော်မူ၏။ အိုထာဝရဘုရား၊ လက်ယာလက်တော်သည် ရန်သူတို့ကို

ချီးဖွဲ့ဖျက်ဆီးတော်မူ၏။.... အိုထာဝရဘုရား၊ ဘုရားများတို့တွင်အဘယ်မည်သောဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့်ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကိုခံစဉ်တွင်၊ ကြောက်မက်ဖွယ်ဖြစ်တော်မူထသော၊ အံ့ဖွယ်သောအမှုတို့ကိုပြုတော်မူသော၊ ကိုယ်တော်နှင့်အဘယ်ဘုရားတူပါသနည်း။"

"ထာဝရဘုရားသည် ကာလအစဉ်အမြဲစိုးစံတော်မူစေသတည်း။.... ထာဝရဘုရားသည် ဘုန်းပွင့်လျက်အောင်ပွဲခံတော်မူသည်ဖြစ်၍၊ ကိုယ်တော်အားသီချင်းဆိုကြလော့" ထွက်မြောက်ရာကျမ်း ၁၅း၁၊ ၂၊ ၆–၁၁၊ ၁၈–၂၁။ {Ed 162.1}

လူသားတို့ရရှိသောကောင်းချီးမင်္ဂလာသည် ကြီးမားသည်ဖြစ်၍၊ ချီးမွမ်းခြင်းသီချင်းဖြင့်တုံ့ပြန်တတ်ကြသည်။ ဣသရေလလူတို့၏တောထဲလှည့်လည်ခြင်းအတွေ့အကြုံကို အသေးစိတ်ပြန်ပြောသောစကားများသည် စဉ်းစားထိုက်သောသင်ခန်းစာရှိသည်။ {Ed 162.2}

"ဗေရရေတွင်းသို့ခရီးသွားကြ၏။ ထိုရေတွင်းကားအခြားမဟုတ်၊ ထာဝရဘုရားက၊ လူများကိုစုဝေးစေလော့၊ ရေကိုငါပေးမည်ဟုမောရှေအားမိန့်တော်မူရာ၌ ရည်ဆောင်သောရေတွင်းဖြစ်သတည်း" တောလည်ရာကျမ်း ၂၁း၁၆။ ထိုအခါ ဣသရေလအမျိုးက၊

"အိုတွင်းရေ၊ ထွက်လော့။ ထွက်အောင်သီချင်းဆိုကြလော့။ တရားမင်းစီရင်သည်အတိုင်း၊ မှူးမတ်တို့သည်ရေတွင်းကိုတူးကြပြီ။ လူတို့တွင် အကဲအမှူးတို့သည်တောင်ဝှေးနှင့်ရေတွင်းကိုတူးကြပြီဟု သီချင်းဆိုလေ၏" တောလည်ရာကျမ်း ၂၁း၁၇၊ ၁၈။ {Ed 162.3}

ဝိညာဉ်ရေးအတွေ့အကြုံတွင် ဤသမိုင်းမှတ်တမ်းမျိုးအကြိမ်မည်မျှထပ်ဖြစ်သနည်း။ စိတ်နှလုံးထဲမှနောင်တတရားနှင့် ယုံကြည်ခြင်းစမ်းရေများ၊

မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းစမ်းများ၊ သန့်ရှင်းသောသီချင်းစာသားများဖြင့် မကြာခဏဖေါ်ကျူးကြသည်မဟုတ်လော။ {Ed 162.4}

ရှင်ဘုရင်ယောရှဖက်လက်အောက်တွင် ဣသရေလစစ်တပ်ကြီးသည် ကြီးမားသောလွတ်မြောက်ခြင်းအတွက် ချီးမွမ်းခြင်းသီချင်းဆိုရင်းချီတက်ခဲ့ကြသည်။ ယောရှဖတ်ထံသို့စစ်ပွဲ၏ခြိမ်းခြောက်သော လှိုင်းလုံးများရိုက်ခတ်လာသည်။ "မောဘအမျိုးသားများနှင့်အမ္မုန်အမျိုးသားတို့သည် ဧဒုံအမျိုးသားအချို့နှင့်တကွ၊.... များစွာသောအလုံးအရင်းစစ်ချီလာသည်" ဟုသတင်းရောက်လာသည်။ "ယောရှဖတ်သည်ကြောက်၍၊ ထာဝရဘုရားကိုရှာခြင်းငှာသဘောချလျက်၊ အစာရှောင်ရာအချိန်ကို ယုဒပြည်တစ်လျှောက်လုံး၌ကြော်ငြာစေတော်မူ၏။ ယုဒလူတို့သည် ထာဝရဘုရားကိုဆုတောင်းမည်ဟုစုဝေး၍၊ ထာဝရဘုရားကိုရှာအံ့သောငှာ၊ ယုဒမြို့ရှိသမျှမှထွက်လာကြ၏။" ထိုအခါ ယောရှဖတ်သည် ဗိမာန်တော်တန်တိုင်းအတွင်း မိမိလူတို့ရှေ့တွင်ရပ်လျက်၊ ကိုယ်တော်၏ကတိတော်ကို ဣသရေလတို့၏ခိုကိုးရာမဲ့အဖြစ်ကိုဝန်ခံရင်းနှင့် စိတ်နှလုံးသွန်းလျက်တောင်းလျှောက်ခဲ့သည်။ "အကျွန်ုပ်တို့ကိုတိုက်အံ့သောငှာလာသော ဤအလုံးအရင်းကြီးကို အကျွန်ုပ်တို့သည်ဆီးတားခြင်းငှာမတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကိုမသိပါ။ ကိုယ်တော်ကိုသာမျှော်ကြည့်လျက်နေကြပါသည်" ဟုတောင်းခဲ့သည်။ ၆ရာ၊ ၂၀း၁-၄၊ ၁၂။ {Ed 163.1}

ထိုအခါ၊ လေဝိအမျိုး၊ "ယဟာဇေလအပေါ်သို့၊ ထာဝရဘုရား၏ဝိညာဉ်တော်သည်သက်ရောက်၍၊ ထိုသူက၊ အိုယောရှဖတ်မင်းကြီးနှင့်ယုဒပြည်သူ၊ ယေရုရှလင်မြို့သားအပေါင်းတို့ နားထောင်ကြလော့။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုအလုံးအရင်းကြီးကြောင့်မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ စစ်မှုသည်သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏။ ... သင်တို့သည် စစ်တိုက်စရာအကြောင်းမရှိသည်ဖြစ်၍၊ တည်ကြည်စွာ

မတ်တတ်နေလျက် ထာဝရဘုရားကယ်တင်တော်မူခြင်းကျေးဇူးကို ကြည့်ရှုကြလော့။ ထာဝရဘုရားသည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်ဟု မြွက်ဆို၏” ၆ရာ ၂၀း၁၄–၁၇။ {Ed 163.2}

“နက်ဖြန်နံနက်စောစောထ၍၊ တေကောဝတောသို့ထွက်သွားကြ၏” ၆ရာ ၂၀း၂၀။ စစ်တပ်ရှေ့မှာ သီချင်းသည်များချီတက်၍၊ ကတိထားတော်မူသောအောင်မြင်ခြင်းအတွက် ဘုရားသခင်ကိုချီးမွမ်းခြင်းသီချင်းဆိုကြသည်။ {Ed 163.3}

ထိုနောက်မှ စတုတ္ထနေ့တွင်၊ မိမိတို့ရန်သူတို့ထံမှများစွာသောလက်ရဥစ္စာများနှင့်အတူ စစ်တပ်ကြီးသည် ယေရုရှလင်မြို့သို့ပြန်လာကာ၊ အောင်ပွဲအတွက်ချီးမွမ်းသီချင်းဆိုခဲ့ကြသည်။ {Ed 163.1}

ဒါဝိဒ်သည် အဆိုးအကောင်းပြောင်းလဲတတ်သော လောကဓံတရားအလယ်၌ သီချင်းအားဖြင့် ဘုရားသခင်နှင့်အတူရင်းနှီးစွာဆက်ဆံခဲ့သည်။ လူငယ်သိုးထိန်းအနေဖြင့် ဒါဝိဒ်သည် မိမိအတွေ့အကြုံကို ရေးစပ်သီကုံးသည့်အရာမှာ အလွန်ချိုသာလှသည်တကား။

“ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့လမ်းပြတော်မူ၏။... အကယ်၍သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့လျှောက်သွားရသော်လည်း၊ ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏” ဆာလံကျမ်း ၂၃း၁–၄။ {Ed 164.1}

ဝရမ်းပြေးအဖြစ်လိုက်ရှာခြင်းကိုခံရသောလူကြီးဘဝတွင်၊ တောထဲရှိကျောက်ဆောင်များ၊ လိုဏ်ဂူများတွင်ကွန်းခိုရာကိုရှာဖွေချိန်က အောက်ပါအတိုင်းရေးသားခဲ့ပြန်သည်။

"အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ်တော်ကိုကြိုးစား၍ရှာပါ၏။ ရေမရှိသွေ့ခြောက်သောလွင်ပြင်၌ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကိုငတ်ပါ၏။... အကျွန်ုပ်ကိုမစတော်မူသောကြောင့်၊ အတောင်တော်အရိပ်၌ဝမ်းမြောက်ပါမည်။"

"အိုငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့်ညှိုးငယ်သနည်း။ ငါ့အထဲမှာအဘယ်ကြောင့်မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကိုမျှော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သောဘုရားသခင်၏ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာပြုရလေအံ့သတည်း။"

"ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကိုကယ်တင်တော်မူသောအရှင်ဖြစ်တော်မူ၏။ ငါသည်အဘယ်သူကိုကြောက်ရအံ့နည်း။ ထာဝရဘုရားသည် ငါ၏အသက်ခိုလှုံရာဖြစ်တော်မူ၏။ ငါသည်အဘယ်သူကိုကြောက်လန့်ရအံ့နည်း" ဆာလံကျမ်း ၆၃း၁–၇၊ ၄၂း၁၁၊ ၂၇း၁။ {Ed 164.2}

အဗရှလုံပုန်ကန်၍ ဒါဝိဒ်သည်ထီးနန်းစွန့်၍ ယေရုရှလင်မြို့မှထွက်ပြေးစဉ်က ရေးသားခဲ့သောကဗျာတွင် အလားတူယုံကြည်ကိုးစားမှုကိုဖော်ပြခဲ့သည်။ သူသည် ရှောင်ပြေးသည့်ကာလကို ဝမ်းနည်းခြင်းနှင့်သောကတို့ဖြင့်ကုန်လွန်ခဲ့သည်။ သူသည်အပေါင်းအပါများနှင့်တကွ ယော်ဒန်မြစ်နံ့ဘေးတွင်ခဏတာနားခဲ့သည်။ ချက်ချင်းရှောင်ပြေးရခြင်းအသိက သူ့ကိုလန့်နိုးစေခဲ့သည်။ အမှောင်ထုထဲတွင် နက်၍ရေစီးသန်သောမြစ်ကို ယောကျ်ား၊ မိန်းမ၊ ကလေးငယ်များအားလုံးဖြတ်ကူးကြရမည်။ အကြောင်းမှာ သစ္စာဖောက်သား၏တပ်ဖွဲ့သည် သူတို့နောက်သို့အပြင်းလိုက်လာခဲ့ကြသည်။ ထိုသို့အမှောင်မိုက်ဆုံးသောဆင်းရဲခြင်းကာလတွင် အောက်ပါအတိုင်းသူသီဆိုခဲ့သည်။

"ငါသည် ထာဝရဘုရားထံသို့အသံကိုလွှင့်၍၊ အော်ဟစ်သောအခါ၊ သန့်ရှင်းသောတောင်တော်ပေါ်မှာ နားထောင်တော်မူ၏။

"ထာဝရဘုရားသည် ငါ့ကိုမစတော်မူသောကြောင့်၊ ငါသည်အိပ်၍ ပျော်ခြင်းအခွင့်နှင့်နိုးခြင်းအခွင့်ရှိ၏။ ငါ့ကိုရန်ဘက်ပြု၍ ဝန်းရံသောသူအထောင်အသောင်းကို ငါမကြောက်ဘဲနေမည်" ဆာလံ ၃း၄–၆။ {Ed 164.3}

ကြီးမားသောအပြစ်ကိုကျူးလွန်၍၊ နောင်တကြောင့်ပြင်းစွာသောဝေဒနာခံရပြီး၊ မိမိကိုယ်ကိုရွံရှာနေချိန်တွင်ပင်၊ အကောင်းဆုံးမိတ်ဆွေကဲ့သို့ ဘုရားသခင်ထံတော်သို့ သူပြန်လှည့်လာသည်။

"အိုဘုရားသခင်၊ ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်းကရုဏာများပြားသည်နှင့်အညီ၊ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကိုဖြေတော်မူပါ။..... အကျွန်ုပ်ကိုစင်ကြယ်စေခြင်းငှာ၊ ဟုဿုပ်ပင်ညွန့်နှင့်သန့်ရှင်းခြင်းမင်္ဂလာကိုပေးတော်မူပါ။ အကျွန်ုပ်ကို မိုးပွင့်ထက်သာ၍ဖြူစေခြင်းငှာ ဆေးကြောတော်မူပါ" ဆာလံကျမ်း ၅၁း၁–၇။ {Ed 165.1}

ဒါဝိဒ်သည် မိမိအသက်တာတစ်လျှောက် မြေကြီးပေါ်တွင်နားခိုရာနေရာကိုရှာမတွေ့ခဲ့ချေ။ "အကျွန်ုပ်တို့သည် ဘိုးဘေးများကဲ့သို့ရှေ့တော်၌ ဧည့်သည်အာဂန္တုဖြစ်ပါ၏။ မြေကြီးပေါ်မှာနေရသောကာလသည် အရိပ်ကဲ့သို့ဖြစ်ပါ၏။ မှီခိုရာမရှိပါ။" (၁ရာ ၂၉း၁၅) ဟု သူဆိုခဲ့သည်။

"ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့်ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။ ထို့ကြောင့် ပထဝီမြေကြီးသည်ရွေ့သွား၍ တောင်များတုန်လှုပ်လျက် သမုဒ္ဒရာသို့ကျသော်လည်း၊ ငါတို့သည်ကြောက်လန့်ခြင်းမရှိ။"

"မြစ်တစ်မြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍၊ ဘုရားသခင်၏မြို့တည်းဟူသော အမြင့်ဆုံးသောဘုရားကိန်းဝပ်တော်မူရာ သန့်ရှင်းသောမြို့တော်ကို ရွှင်လန်းစေတတ်၏။ ထိုမြို့သည် ဘုရားသခင်ကိန်းဝပ်တော်မူရာဖြစ်၍ တုန်လှုပ်ခြင်းမရှိရာ။ မိုးသောက်လင်းစ၌ ဘုရားသခင်ကူမတော်မူလိမ့်

မည်။.... ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်အမျိုး၏ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏။”

“ထိုဘုရားသခင်သည် ကာလအစဉ်အမြဲ ငါတို့၏ဘုရားဖြစ်တော်မူ၏။ သေသည်ကာလတိုင်အောင် ငါတို့ကိုပို့ဆောင်တော်မူလတ္တံ့သတည်း” ဆာလံကျမ်း ၄၆း၁၊ ၂။ ၄၆း၄–၇။ ၄၈း၁၄။ {Ed 165.2}

ယေရှုသည် သီချင်းနှင့်အတူမြေကြီးပေါ်အသက်ရှင်စဉ်တွင် စုံစမ်းခြင်းကိုရင်ဆိုင်တော်မူခဲ့သည်။ မကြာမကြာရက်စက်၍ နာကျင်စေသောစကားများအပြောခံရပြီး၊ ကိုယ်တော်၏ပတ်လည်တွင်စိတ်အားငယ်ခြင်း၊ မကျေနပ်ခြင်း၊ သံသယရှိခြင်း၊ သို့တည်းမဟုတ် ဖိစီးသောကြောက်ရွံ့ခြင်းဖြင့် အခြေအနေသည်လေးလံသောအခါ၊ ယုံကြည်ခြင်းနှင့်စင်ကြယ်သောပျော်ရွှင်ခြင်းသီချင်းများကိုယ်တော်ထံမှကြားရသည်။ {Ed 166.1}

နောက်ဆုံးသောဝမ်းနည်းဖွယ် ပသခါညစာစားသည့်ညတွင်၊ ကိုယ်တော်သည် သစ္စာဖောက်ခြင်းနှင့်သေခြင်းကိုရင်ဆိုင်ခြင်းငှာ ထွက်ရန်အပြုတွင်၊ ကိုယ်တော်သည် ဆာလံသီချင်းကိုမြွက်ဆိုတော်မူခဲ့သည်။

“ထာဝရဘုရား၏နာမတော်သည် ယခုမှစ၍၊ အစဉ်အဆက်မင်္ဂလာရှိစေသတည်း။ နေထွက်ရာမှသည်နေဝင်ရာတိုင်အောင်၊ ထာဝရဘုရား၏နာမတော်သည် ချီးမွမ်းဖွယ်ဖြစ်၏။”

“ထာဝရဘုရားသည် ငါတောင်းပန်ခြင်းအသံကိုကြား၍၊ ငါ့ဘက်သို့နားတော်ကိုလှည့်တော်မူသောကြောင့် ငါနှစ်သက်၏။ ငါအသက်ရှည်သမျှကာလပတ်လုံး၊ ထာဝရဘုရားကိုပတ္ထနာပြုမည်။

“သေခြင်းကြိုးတို့သည်ငါ့ကိုဝိုင်း၍၊ မရဏာနိုင်ငံဘေးတို့သည် ငါ့ကိုဖမ်းမိသဖြင့် ဆင်းရဲဒုက္ခဝေဒနာနှင့်ငါတွေ့ကြုံရ၏။ ထိုအခါ၊ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကိုကယ်နုတ်တော်မူပါမည်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား၏နာမတော်ကို ပတ္ထနာပြု၏။ ထာဝရဘုရားသည် ကျေးဇူးပြု

တတ်သောသဘော၊ ဖြောင့်မတ်သောသဘောရှိတော်မူ၏။ ငါတို့ဘုရားသခင်သည်ကရုဏာစိတ်ရှိတော်မူ၏။

"ထာဝရဘုရားသည် မလိမ္မာသောသူတို့ကိုစောင့်မတော်မူ၏။ ငါသည်နှိမ့်ချလျက်ရှိသောအခါ ကယ်တင်တော်မူ၏။ အိုငါ့ဝိညာဉ်၊ သင်၏ငြိမ်ဝပ်ရာသို့ပြန်လော့။ ထာဝရဘုရားသည် သင်၌ကျေးဇူးပြုတော်မူပြီ။ ကိုယ်တော်သည်အကျွန်ုပ်၏အသက်ကို သေခြင်းမှလည်းကောင်း၊ အကျွန်ုပ်မျက်စိကိုမျက်ရည်ကျခြင်းမှလည်းကောင်း၊ အကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှလည်းကောင်း ကယ်လွှတ်တော်မူပြီ" ဆာလံကျမ်း ၁၁၃း၂၊ ၃။ ၁၁၆း၁–၈။ {Ed 166.2}

မြေကြီးပေါ်အသက်တာ၏ နောက်ဆုံးမဟာကပ်ဘေး၏အရိပ်လွှမ်းမိုးနေသည့်အကြားတွင်၊ ဘုရားသခင်၏အလင်းတော်သည် အတောက်ပဆုံးလင်း၍၊ မျှော်လင့်ခြင်းနှင့်ယုံကြည်အားကိုးခြင်းသီချင်းကို အရှင်းဆုံးနှင့်အသာယာဆုံးသံစဉ်ဖြင့်ကြားရလိမ့်မည်။

"ထိုကာလ၌ ယုဒပြည်မှာသီချင်းဆိုလတ္တံ့သောစကားဟူမူကား၊ ငါတို့၌ခိုင်ခံ့သောမြို့ရှိ၏။ ကယ်တင်ခြင်းကျေးဇူးကိုပြအိုး၊ ရင်တားအရာ၌စီရင်ခန့်ထားတော်မူလိမ့်မည်။ တံခါးတို့ကိုဖွင့်ကြလော့။ သစ္စာစောင့်၍ဖြောင့်မတ်သောလူမျိုးဝင်ပါစေ။ စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်းစောင့်ရှောက်တော်မူလိမ့်မည်။ ထာဝရဘုရား၌အစဉ်အမြဲခိုလှုံကြလော့။ ထာဝရဘုရားသည်နိစ္စထာဝရခိုလှုံရာဖြစ်တော်မူ၏" ဟေရှာယ ၂၆း၁–၄။ {Ed 166.3}

"ထာဝရဘုရားကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍၊ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက်၊ ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍၊ ဝမ်းနည်းခြင်းနှင့်ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်" ဟေရှာယ ၃၅း၁၀။ {Ed 167.1}

"ထိုကြောင့် အမျိုးသားတို့သည်လာ၍၊ ဇိအုန်တောင်ထိပ်၌သီချင်းဆိုကြလိမ့်မည်။ ထာဝရဘုရားပြုတော်မူခြင်းကျေးဇူး.... တို့ကိုရအံ့သောငှာ စည်းဝေးကြလိမ့်မည်။ သူတို့၏စိတ်ဝိညာဉ်သည် ရေလောင်းသောဥယျာဉ်ကဲ့သို့ဖြစ်၍၊ နောက်တစ်ဖန်ညှိုးငယ်ခြင်းမရှိရ" ယေရမိ ၃၁း၁၂။ {Ed 167.2}

## *သီချင်း၏အစွမ်း*

သမ္မာကျမ်းစာထဲမှသီချင်းများ၏ရာဇဝင်သည် တေးသီချင်းကိုအသုံးပြုပုံ၊ အကျိုးကျေးဇူးများနှင့်သက်ဆိုင်သောအကြံပြုချက်နှင့်ပြည့်လျက်ရှိသည်။ တေးသီချင်းကို မကောင်းသောရည်ရွယ်ချက်တွင် အသုံးပြုရန်မကြာခဏသွေဖည်စေကြသည်။ ထို့ကြောင့် စုံစမ်းသောအရာများထဲတွင် ဆွဲဆောင်မှုအကောင်းဆုံးတစ်ခုဖြစ်သည်။ သို့သော်မှန်ကန်စွာအသုံးပြုလျှင်၊ တေးသီချင်းသည် အတွေးအခေါ်များကို မြင့်မြတ်သောအကြောင်းအရာသို့ မြှင့်တင်ပေးရန်လည်းကောင်း၊ စိတ်ဝိညာဉ်ကိုလှုံ့ဆော်မြှင့်တင်ပေးရန်လည်းကောင်း ရည်ရွယ်ထားသည့် ဘုရားသခင်၏အဖိုးထိုက်သောဆုလက်ဆောင်ဖြစ်သည်။ {Ed 167.3}

ဣသရေလလူတို့သည် တောထဲတွင်လှည့်လည်ချိန်က မိမိတို့လမ်းခရီးကို ဓမ္မတေးသီချင်းဖြင့်ပျော်ရွှင်စေခဲ့ကြသည်။ ထိုနည်းတူဘုရားသခင်သည် မိမိသားသမီးများအားဝိညာဉ်ရေးခရီးစဉ်ကို ပျော်ရွှင်စေလိုတော်မူသည်။ ကိုယ်တော်၏စကားများကို စိတ်ထဲတွင်စွဲမှတ်ရန် သီချင်းအဖြစ်အထပ်ထပ်သီဆိုခြင်းထက် သာ၍ထိရောက်သောနည်းလမ်းအနည်းငယ်သာရှိသည်။ ထိုသို့သောသီချင်းသည် အံ့ဖွယ်အစွမ်းရှိသည်။ ကြမ်းတမ်း၍မယဉ်ကျေးသောသဘာဝကိုချိုးနှိမ်ရန်လည်းကောင်း၊ အတွေးကိုထက်မြက်စေရန်နှင့်သနားခြင်းစိတ်ကိုနိုးထစေရန်လည်းကောင်း၊ အပြောနှင့်အလုပ်ကိုက်ညီအောင်အထောက်

အကူပြုရန်လည်းကောင်း၊ ရဲရင့်ခြင်း၊ အားနည်းသောကြိုးပမ်းမှုကို ဖျက်ဆီးသည့်စိတ်ဓာတ်ကျခြင်းနှင့်စိတ်လေးခြင်းတို့ကို ထုတ်ပစ်ရန်လည်းကောင်း သီချင်းတွင်အစွမ်းတန်ခိုးရှိသည်။ {Ed 167.4}

သီချင်းသည် စိတ်နှလုံးတွင်ဝိညာဉ်ရေးဆိုင်ရာသမ္မာတရားကို စွဲမှတ်စေရန် အထိရောက်ဆုံးသောနည်းလမ်းတစ်ခုဖြစ်သည်။ စိတ်ဝိညာဉ်သည် လေးလံစွာဖိနှိပ်ခံရ၍ စိတ်ပျက်လုမတတ်ဖြစ်ချိန်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်တချို့ကို ပြန်လည်သတိရသောအခါ၊ စုံစမ်းခြင်းသည် အစွမ်းပျောက်ဆုံးပြီး၊ အသက်တာသည် အသစ်သောအဓိပ္ပါယ်နှင့်ရည်ရွယ်ချက်ရှိလာကာ၊ အခြားစိတ်ဝိညာဉ်များအား သတ္တိနှင့်ဝမ်းမြောက်ခြင်းကိုပေးသည့် အခါသမယမျိုး မကြာခဏရှိသည်။ {Ed 168.1}

ပညာရေး၏နည်းစနစ်အဖြစ်သီချင်း၏တန်ဖိုးကို ဘယ်သောအခါမျှ မျက်ခြည်မပြတ်ရချေ။ အိမ်ထောင်စုများတွင် သာယာစင်ကြယ်သောသီချင်းများကိုဆိုကြစေ။ ထိုအခါ ဝေဖန်ပြစ်တင်သည့်စကားများပို၍နည်းလာပြီး၊ ကြည်နူးခြင်း၊ မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းစကားများ သာ၍များလာလိမ့်မည်။ ကျောင်းများတွင်သီချင်းဆိုကြစေ။ ထိုအခါ၊ ကျောင်းသူ၊ ကျောင်းသားများသည်၊ ဘုရားသခင်နှင့်လည်းကောင်း၊ မိမိတို့ဆရာသမားများနှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း ပို၍နီးကပ်လာကြလိမ့်မည်။ {Ed 168.2}

ဘာသာရေးအစီအစဉ်တွင်၊ သီချင်းဆိုခြင်းသည်ဝတ်ပြုကိုးကွယ်ခြင်းအလားဖြစ်သကဲ့သို့ ဆုတောင်းခြင်းလည်းမည်သည်။ ဤအရာကို သဘောပေါက်အောင် ကလေးငယ်ကိုသင်ပေးမည်ဆိုလျှင်၊ သူသီဆိုသောသီချင်းစာသား၏အဓိပ္ပါယ်ကို သာ၍စဉ်းစားလာမည်ဖြစ်ပြီး၊ သီချင်း၏အစွမ်းတန်ခိုးကိုလည်း သာ၍ခံယူနိုင်လိမ့်မည်။ {Ed 168.3}

ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သည် ဘုရားသခင်၏ဘုန်းရောင်ခြည်ဖြန်းသည့် အနန္တတံခါးဝသို့ ကျွန်ုပ်တို့အားခေါ်ဆောင်တော်မူသောအခါ၊ ပလ္လင်တော်ပတ်လည်၌ ကောင်းကင်သံစုံသီချင်းသည်များ၏ ကျေးဇူးတော်ချီးမွမ်းခြင်းသီချင်းသံကို ကျွန်ုပ်တို့ကြားကြရမည်။ ကောင်းကင်တမန်များသီချင်းသံ၏ပဲ့တင်သံသည် မြေကြီးပေါ်ရှိကျွန်ုပ်တို့အိမ်ထောင်များကို နီးကြားလာသောအခါ၊ စိတ်နှလုံးကိုကောင်းကင်သီချင်းသည်များနှင့် သာ၍နီးကပ်စေလိမ့်မည်။ ကောင်းကင်နိုင်ငံ၏ရင်းနှီးသောဆက်ဆံရေးသည် မြေကြီးပေါ်တွင်အစပြုသည်။ ချီးမွမ်းခြင်းသီချင်း၏အဓိကအချက်ကို ဤနေရာတွင် ကျွန်ုပ်တို့သင်ယူကြသည်။

***

# အခန်း ၁၈

# သမ္မာကျမ်းစာ၏နက်နဲမှုများ

အကန့်အသတ်ရှိသောအဘယ်လူသားကမျှ အနန္တတည်ရှိတော်မူသော အရှင်၏ဂုဏ်တော် သို့မဟုတ် လက်တော်ရာများကို အပြည့်အဝနားမလည် နိုင်ပါ။ အထက်မြက်ဆုံးသောပညာများ၊ ပညာအမဲ့ဆုံးသောသူများအပါအဝင်၊ ဤသူများအတွက် သန့်ရှင်းတော်မူသောသူကို နက်နဲသည့်အရာများက လွှမ်းခြုံနေသည်။ သို့သော် "မိုးတိမ်နှင့်မှောင်မိုက်တို့သည် ထာဝရဘုရား၏ ပတ်ဝန်းကျင်တို့၌ရှိကြ၏။ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်း သည် ပလ္လင်တော်၏တည်ရာဖြစ်၏" ဆာလံကျမ်း ၉၇း၂။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ဆက်ဆံခြင်းတွင် အတိုင်းမသိကရုဏာသည် အနန္တတန်ခိုးနှင့်ပေါင်းစပ်သည်ကို ကျွန်ုပ်တို့သိရှိနိုင်သည်။ ကျွန်ုပ်တို့ဉာဏ်စွမ်း ရှိသည်အတိုင်း ကိုယ်တော်၏ရည်ရွယ်ချက်များကိုနားလည်နိုင်သည်။ ကျွန်ုပ်တို့ မသိနိုင်သောအရာတွင်မူ အနန္တတန်ခိုးလက်တော်နှင့်မေတ္တာဖြင့်ပြည့်ဝသော နှလုံးတော်တို့ကိုယုံကြည်ကိုးစားနိုင်သေးသည်။ {Ed 169.1}

ဘုရားသခင်၏နှုတ်ကပတ်တော်သည်၊ ကိုယ်တော်၏ဂုဏ်တော် နည်းတူ၊ အကန့်အသတ်ရှိလူသားများဘယ်ခါမျှ အပြည့်အဝနားမလည်နိုင် သည့် နက်နဲသောအရာများစွာရှိသည်။ သို့သော်လည်း ဘုရားရှင်ထံမှလာ ကြောင်းလုံလောက်သည့်အထောက်အထားကို သမ္မာကျမ်းစာတွင် ဘုရားသခင်ပေးထားသည်။ ကိုယ်တော်ကိုယ်တိုင်တည်ရှိနေခြင်း၊ ကိုယ်တော်၏ဂုဏ်တော်၊ နှုတ်ကပတ်တော်၏မှန်ကန်မှုကို ကျွန်ုပ်တို့၏ အသိဉာဏ်ဖြင့်ဆင်ခြင်ရန် တောင်းဆိုသည့်သက်သေခံချက်များအားဖြင့်တည် စေပြီး၊ ထိုသက်သေခံချက်သည်လည်း အလွန်ပေါများသည်။ သံသယဖြစ်နိုင်

ခြေရှိသည်များကို ကိုယ်တော်ရှင်မဖယ်ရှားပေးသည်မှာ အမှန်ပင်ဖြစ်သည်။ ယုံကြည်ခြင်းသည် သရုပ်ပြသည့်အပေါ်၌မဟုတ်ဘဲ၊ သက်သေအထောက်အထား ပေါ်တွင်တည်ရမည်။ သံသယရှိလိုသူများအတွက် အခွင့်အရေးရှိသည်။ သို့သော် သမ္မာတရားကိုသိလိုသည့်ဆန္ဒရှိသူများအတွက်မူ ယုံကြည်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်ရှိသည်။ {Ed 169.2}

ကိုယ်တော်၏နက်နဲသောစောင်မမှုများကို ကျွန်ုပ်တို့နားမလည်နိုင်သော ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သံသယဝင်ရန်အကြောင်းမရှိ ချေ။ သဘာဝလောကတွင် ကျွန်ုပ်တို့နားမလည်နိုင်သည့်အံ့ဖွယ်ရာများက ကျွန်ုပ်တို့ကိုအစဉ်ပတ်လည်ဝိုင်းထားသည်။ ထို့ကြောင့် ဝိညာဉ်ရေးလောကတွင် လည်း ကျွန်ုပ်တို့နားမလည်သဘောမပေါက်နိုင်သော နက်နဲသည့်အရာများ ကိုတွေ့ရှိရာတွင်အံ့သြရမည်လော။ အခက်အခဲမှာ လူသားတို့စိတ်၏အားနည်း ခြင်းနှင့် ကျဉ်းမြောင်းခြင်းတို့အပေါ်၌သာတည်သည်။ {Ed 170.1}

ယခုတိုင်အောင်အငြင်းအခုံဖြစ်စေသည့် သမ္မာကျမ်းစာ၏နက်နဲမှု များသည် ဘုရားရှင်မှုတ်သွင်းကြောင်းအခိုင်အမာဆုံးသောသက်သေအထောက် အထားတစ်ခုဖြစ်သည်။ ဘုရားသခင်၏အကြောင်းမပါဘဲ၊ ကျွန်ုပ်တို့နားလည် နိုင်သောအရာများသာပါရှိသော်လည်းကောင်း၊ ကိုယ်တော်၏ကြီးမြတ်ခြင်းနှင့် ဘုန်းတန်ခိုးကိုအကန့်အသတ်ရှိသောလူတို့က နားလည်နိုင်ခဲ့သော်လည်းကောင်း၊ သမ္မာကျမ်းစာသည် ဘုရားရှင်၏မမှားယွင်းနိုင်သောအထောက်အထားများ ယခုအချိန်ကဲ့သို့၊ ပါရှိမည်မဟုတ်ချေ။ ဘုရားသခင်နှုတ်ကပတ်တော်ရှိ ကြီးမြတ်သောအကြောင်းအရာများသည် ယုံကြည်ခြင်းကိုနှိုးဆော်ပေးသော အရာဖြစ်ရမည်။ {Ed 170.2}

သမ္မာကျမ်းစာသည် လူသားတို့စိတ်နှလုံးလိုအပ်ချက်နှင့် ဆန္ဒအတွက် ရိုးရှင်းမှုနှင့် လိုက်လျောညီထွေမှုတို့ဖြင့်ဖော်ပြသောသမ္မာတရားသည် အထက် မြက်ဆုံးသောသူတို့ကို အံ့အားသင့်စေသော်လည်း၊ နှိမ့်ချပြီးအစွမ်းအစ

မရှိသောသူတို့အတွက်မူ လွယ်ကူစွာနားလည်စေသည်။ "သွားသောသူတို့နှင့်အတူ ကိုယ်တော်တိုင် ခရီးသွားလျက်ရှိတော်မူသည်ဖြစ်၍၊ မိုက်သောသူသော်လည်းလမ်းမလွဲရ" ဟေရှာယ ၃၅း၈။ မည်သူမျှလမ်းလွဲစရာမလိုပေ။ တုန့်လှုပ်လျက်ကြိုးစားရှာဖွေသူတစ်ဦးတစ်ယောက်မျှ စင်ကြယ်သန့်ရှင်းသောအလင်းတရား၌ လျှောက်လှမ်းခြင်းမှလွဲစရာအကြောင်းမရှိချေ။ သို့သော်လည်း အရိုးရှင်းဆုံးဖော်ပြထားသောသမ္မာတရားများသည် လူသားများနားလည်နိုင်စွမ်းဖြင့် မမီနိုင်သည့်အရပ်တွင်ရှိနေသည့် အကြောင်းအရာများဖြစ်သည်။ ယင်းတို့မှာ ကိုယ်တော်၏ ဝှက်ထားသောဘုန်းတန်ခိုး၏နက်နဲမှုများ၊ လူသား၏သုတေသနပြု၍ ဉာဏ်မမီနိုင်သောအရာများဖြစ်သော်လည်း၊ ကြည်ညိုခြင်းနှင့်ယုံကြည်ခြင်းဖြင့် ရိုးသားစွာသမ္မာတရားကိုရှာဖွေသောသူတို့ကိုမူ စိတ်ဓာတ်တက်ကြွစေသည်။ သမ္မာကျမ်းစာကိုသာ၍ရှာဖွေလေ၊ ယင်းသည် အသက်ရှင်တော်မူသောဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်စိတ်ချလေ၊ အံ့ဖွယ်ဘုရားရှင်၏ဖော်ပြချက်ရှေ့တွင် လူသား၏အသိဉာဏ်သည် ဦးညွှတ်ရပေသည်။ {Ed 170.3}

လေးလေးနက်နက်ရှာဖွေသူတို့အား နှုတ်ကပတ်တော်၏သမ္မာတရားများကို အစဉ်ဖွင့်ပြပေးမည်ဖြစ်ကြောင်း ဘုရားသခင်ရည်ရွယ်တော်မူသည်။ "မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အငန်းအတာဖြစ်" သော်လည်း၊ "ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ်ငါတို့နှင့် ငါတို့သားသမီးတို့၏အငန်းအတာဖြစ်၏။" တရားဟောရာကျမ်း ၂၉း၂၉။ သမ္မာကျမ်းစာ၏ကျမ်းပိုဒ်တချို့ကို နားလည်၍မရနိုင်ဟူသောအယူအဆသည် အရေးကြီးဆုံးသောသမ္မာတရားတချို့ကို လျစ်လျူရှုသွားစေသည်။ သမ္မာကျမ်းစာ၏နက်နဲသောအရာများမှာ ဘုရားသခင်သည်သမ္မာတရားကိုဖုံးကွယ်ရန်ကြိုးစား၍မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏အားနည်းခြင်း၊ မသိနားမလည်ခြင်းကြောင့် သမ္မာတရားကိုနားမလည်နိုင်ခြင်းဖြစ်သည်ဟူသောအချက်ကိုအလေးထားပြီး၊ မကြာမကြာပြောရန်လိုအပ်သည်။ အကန့်အသတ်ထားရှိ

ရန်မဟုတ်၊ ကျွန်ုပ်တို့အား နားလည်နိုင်စွမ်းပေးရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်သည်။ နားမလည်နိုင်ဟုမကြာခဏကျော်ကျော်သွားကြသောကျမ်းပိုဒ်ကိုယ်၌က၊ ကျွန်ုပ်တို့စိတ်၌လက်ခံနိုင်စွမ်းရှိသမျှဖြင့်နားလည်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အားအလိုရှိသည်။ "ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှာ.... ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၏" ၂တိ ၃း၁၆၊ ၁၇။ {Ed 170.4}

သမ္မာကျမ်းစာမှ သမ္မာတရားတစ်ခု၊ သို့တည်းမဟုတ် ကတိတော်တစ်ခုပင်ဖြစ်စေ၊ မည်သည့်လူသား၏အသိဉာဏ်ဖြင့်မျှ လေ့လာ၍ပြီးစီးနိုင်လိမ့်မည်မဟုတ်ချေ။ လူတစ်ဦးသည်ရှုထောင့်တစ်ခုမှ ဘုန်းတော်ကိုမြင်ရ၍၊ အခြားလူတစ်ဦးက အခြားရှုထောင့်မှမြင်လိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဖျော့တော့သောဘုန်းရောင်ကိုသာသိမြင်နိုင်မည်။ တောက်ပသောအရောင်အပြည့်အဝသည် မြင်ကွင်းတစ်ဖက်၌ရှိနေသည်။ {Ed 171.1}

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ နက်ရှိုင်းသောအရာများကိုချင့်ချိန်စဉ်းစားသောအခါ၊ ကျယ်ပြန့်နက်နဲစေသောစမ်းချောင်းလေးကို ကျွန်ုပ်တို့ကြည့်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့စူးစိုက်ကြည့်နေစဉ်အမြင်အာရုံကျယ်ပြန့်လာပြီး၊ ကျွန်ုပ်တို့ရှေ့၌ရှိသောအပြောကျယ်လှသောသမုဒ္ဒရာကြီးအလားကျယ်လာသည်။ {Ed 171.2}

ထိုသို့သောလေ့လာမှုမျိုးသည် အသက်ဝင်လှုပ်ရှားစေသောအစွမ်းပါရှိသည်။ စိတ်နှလုံးသည်အသစ်သောခွန်အားနှင့် အသစ်သောအသက်တာကိုကျင့်ယူရရှိသည်။ {Ed 171.3}

ဤသို့သောအတွေ့အကြုံသည် သမ္မာကျမ်းစာကို ဘုရားသခင်မှုတ်သွင်းခြင်းအားဖြင့်ရေးသားသည်ဟူသော အခိုင်မာဆုံးအထောက်အထားဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝိညာဉ်အစာအဖြစ်ရရှိသည်။ ကိုယ်ခန္ဓာအတွက်အစာကိုစားရသည်နှင့်အလားတူပင်ဖြစ်သည်။ အစာသည် ကိုယ်ခန္ဓာ၏လိုအပ်ချက်ကိုဖြည့်ပေးကာ၊ သွေး၊

အရိုး၊ ဦးနှောက်တို့ကို အကျိုးဖြစ်စေသည်ဟု အတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့ သိနိုင်သည်။ သမ္မာကျမ်းစာ၌လည်း အလားတူစမ်းသပ်မှုပြုကြည့်ပါ။ သမ္မာကျမ်းစာ၏ စည်းမျဉ်းများသည် အကျင့်စာရိတ္တ၏ အခရာဖြစ်လာသော အခါ၊ မည်သည့်ရလဒ်ထွက်လာသနည်း။ အသက်တာတွင်မည်သည့် အပြောင်းအလဲများဖြစ်လာသနည်း။ "ဟောင်းသောအရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။" ၂ကော၊ ၅း၁၇။ ယင်း၏ တန်ခိုးအားဖြင့်၊ လူယောက်ျားမိန်းမတို့သည် အပြစ်၏နှောင်ကြိုးများကို ဖြတ်ပစ်ကြပြီ။ တစ်ကိုယ်ကောင်းဆန်ခြင်းကို သူတို့စွန့်လွှတ်ကြပြီ။ ဘုရားတရားကိုစော်ကားသောသူသည် ရိုသေကိုင်းရှိုင်းသူအဖြစ်သို့လည်းကောင်း၊ သောက်စားသောသူသည် တည်ကြည်သူအဖြစ်သို့လည်းကောင်း၊ စည်းကမ်းမဲ့သောသူသည် စင်ကြယ်သူအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားကြပြီ။ စာတန်၏ပုံသဏ္ဌာန်ကိုဆောင်သောအသက်ဝိညာဉ်များသည် ဘုရားသခင်၏ ပုံသဏ္ဌာန်သို့ပြောင်းလဲသွားကြပြီ။ ဤပြောင်းလဲခြင်းကပင်လျှင် အံ့ဖွယ်ရာအားလုံးထဲမှ အံ့ဖွယ်အကောင်းဆုံးဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် ယူဆောင်လာသောပြောင်းလဲခြင်းသည် သမ္မာကျမ်းစာ၏ အနက်နဲဆုံးသော အရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာကိုနားမလည်နိုင်ပါ။ ယုံကြည်၍သာရနိုင်သည်။ သမ္မာကျမ်းစာတွင် ဖော်ပြသကဲ့သို့၊ ၎င်းမှာ "ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း" ကောလောသဲ ၁း၂၇။ {Ed 171.4}

ဤလျှို့ဝှက်ချက်ကိုနားလည်ခြင်းသည် အခြားအရာများအတွက်လည်း အဓိကအချက်ကိုထောက်ပံ့ပေးသည်။ ယင်းသည်အသက်ဝိညာဉ်အား စကြဝဠာဘဏ္ဍာများကိုဖွင့်ပေးပြီး၊ အတိုင်းအဆမရှိတိုးတက်မှုကိုဖြစ်စေသည်။ {Ed 172.1}

ဤတိုးတက်မှုကို နှုတ်ကပတ်တော်၏ ကျက်သရေနှင့်နက်နဲမှုဖြစ်သော ဘုရားသခင်၏ ဂုဏ်တော်ကို ကျွန်ုပ်တို့အားအမြဲဖော်ပြခြင်းဖြင့်ရရှိသည်။ ကျွန်ုပ်

တို့သည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို အလုံးစုံနားလည်နိုင်ခဲ့မည်ဆိုပါက၊ ကျွန်ုပ်တို့အတွက်ရှေ့ဆက်သမ္မာတရားကို ရှာဖွေတွေ့ရှိရန်ရှိတော့မည်မဟုတ်၊ သာ၍ကြီးမားသောအသိဉာဏ်လည်းရှိနိုင်မည်မဟုတ်တော့ဘဲ၊ တိုးတက်မှုသည်လည်း ရပ်တန့်သွားလိမ့်မည်။ ဘုရားသခင်သည် အထွတ်အထိပ်ဖြစ်မနေတော့ဘဲ၊ လူသား၏တိုးတက်မှုလည်းမရှိနိုင်တော့ချေ။ ထိုသို့မဟုတ်ပါသောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်သည်။ ဘုရားသခင်သည် အနန္တဖြစ်တော်မူသောကြောင့် သူ၌ပညာဘဏ္ဍာအားလုံးရှိနေသည်။ ကျွန်ုပ်တို့သည် ထာဝရကာလပတ်လုံးရှာဖွေလေ့လာမည်ဖြစ်သော်လည်း၊ ကိုယ်တော်၏ကြွယ်ဝလှသောဉာဏ်တော်၊ ကောင်းမြတ်ခြင်း၊ တန်ခိုးကိုပင် သင်ယူ၍မကုန်ဆုံးနိုင်ချေ။ {Ed 172.2}

***

# အခန်း ၁၉

# သမိုင်းဖြစ်ရပ်နှင့်အနာဂတ် ဟောပြောချက်

သမ္မာကျမ်းစာသည် ရှေးအကျဆုံးနှင့်လူသားတို့ပိုင်ဆိုင်သည့် အပြည့်စုံဆုံးသော သမိုင်းစာအုပ်ဖြစ်သည်။ ယင်းသည် ထာဝရသမ္မာတရားစမ်းရေမှအစပြုထွက်ရှိလာခြင်းဖြစ်ပြီး၊ ခေတ်အဆက်ဆက်ဘုရားရှင်၏လက်တော်သည် ယင်း၏ရိုးသားမှုကိုထိန်းသိမ်းတော်မူသည်။ လူသားတို့၏ရှာဖွေမှုက မထိုးဖေါက်နိုင်သောရှေးလွန်လေပြီးသောကာလကိုဖေါ်ပြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌သာလျှင် ကမ္ဘာမြေ၏အုတ်မြစ်ကိုချသောတန်ခိုး၊ ကောင်းကင်ပြင်ကြီးကိုဖြန့်ကြက်သောတန်ခိုးကို ကျွန်ုပ်တို့ရှုမြင်နိုင်သည်။ ဤနေရာ၌သာလူသားမျိုးနွယ်တို့မူလ၏ စစ်မှန်သောအကြောင်းများကိုတွေ့ရှိရသည်။ လူသားတို့၏မာန်မာန သို့မဟုတ် အခြေအမြစ်မရှိသောအစွဲအလမ်းက မညစ်နွမ်းစေသော ကျွန်ုပ်တို့မျိုးရိုး၏ရာဇဝင်ကို ဤနေရာ၌သာဖော်ပြထားသည်။ {Ed 173.1}

လူသားတို့၏သမိုင်းမှတ်တမ်းတွင် လူမျိုးတို့၏ကြီးထွားမှု၊ အင်ပါယာနိုင်ငံတို့၏အတက်အကျများသည် လူသားတို့လိုချင်သည့်ပုံစံနှင့်ကျွမ်းကျင်မှုတို့အပေါ်မှီနေသယောင်ရှိသည်။ သမိုင်းဖြစ်ရပ်များပုံဖေါ်ခြင်းကို မိမိတန်ခိုး၊ ရည်မှန်းချက် သို့မဟုတ် အပြောင်းအလဲလွယ်ခြင်းအားဖြင့် ကြီးမားသောအတိုင်းအတာအထိ အဆုံးအဖြတ်ပေးသည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်၌မူ ကန့်လန့်ကာကိုဘေးသို့ဆွဲချလိုက်ပြီး၊ လူသားတို့၏စိတ်ဝင်စားမှုများ၊ အစွမ်းတန်ခိုးနှင့်စွဲလမ်းမှုဖြင့် လုပ်ဆောင်မှုများအပေါ် ကရုဏာနှင့်

ပြည့်စုံတော်မူသောသူ၏ ကိုယ်စားလှယ်တော်တို့သည် တိတ်ဆိတ်စိတ်ရှည်စွာဖြင့် ဘုရားသခင်၏ အလိုတော်အတိုင်း တန်ပြန်လုပ်ဆောင်မှုများအားလုံးကို လေးဘက်လေးတန်မှ ကျွန်ုပ်တို့ရှုမြင်ရသည်။ {Ed 173.2}

သမ္မာကျမ်းစာသည် သမိုင်း၏ စစ်မှန်သောအတွေးအခေါ်ကို ဖေါ်ပြသည်။ အေသင်မြို့မှပညာရှိများအား တမန်တော်ရှင်ပေါလုကအန္တိုင်းမဲ့လုပသိမ်မွေ့စွာပြောသောစကားများသည် လူသားတို့အားဖန်ဆင်းခြင်းနှင့်အမျိုးအနွယ်အမျိုးမျိုးတို့အားပျံ့နှံ့စေရာတွင် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ချပြသည်။ "ဘုရားသခင်သည်မြေတစ်ပြင်လုံး၌ နေရသောလူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့်ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသောအချိန်ကာလကို လည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။" တမန်တော်ဝတ္ထု ၁၇း၂၆၊ ၂၇။ "ပဋိညာဉ်အချည်အနှောင်ကိုခံ" (ယေဇကျေလ ၂၀း၃၇) လိုသောသူတိုင်းလာနိုင်ကြောင်း ဘုရားသခင်မိန့်တော်မူသည်။ ဖန်ဆင်းခြင်းတွင် ကမ္ဘာပေါ်တွင်လူတို့သည်နေထိုင်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အချင်းချင်းအတွက်သော်လည်းကောင်း ကောင်းချီးမင်္ဂလာဖြစ်စေရန်နှင့် မိမိတို့ဖန်ဆင်းရှင်ကိုဂုဏ်ပြုရန်မှာ ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်သည်။ ဤရည်ရွယ်ချက်အတိုင်း နေထိုင်လိုသောသူအားလုံးနေထိုင်နိုင်သည်။ "ကိုယ်အဖို့ ငါဖန်ဆင်းသောထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်" ဟေရှာယ ၄၃း၂၁။ {Ed 173.3}

လူမျိုးများနှင့်လူတစ်ဦးချင်းစီတို့၏ စစ်မှန်သောကြွယ်ဝချမ်းသာမှုအားလုံးအခြေခံသောအခြေခံသဘောတရားများကို ဘုရားသခင်သည် မိမိ၏ပညတ်တွင်ဖေါ်ပြထားတော်မူသည်။ မောရှေသည် ဘုရားသခင်၏ပညတ်တော်ကို ကြေညာသည်မှာ "ဉာဏ်ပညာနှင့်ပြည့်စုံ၍။" "ဤအမှုသည် သာမညအမှု

မဟုတ်။ သင်တို့အသက်နှင့်ဆိုင်သောအမှုဖြစ်၏" (တရားဟောရာကျမ်း ၄း၆။ ၃၂း၄၇) ဟူ၍ဖြစ်သည်။ ဤသရေလလူတို့အားအာမခံသောကောင်းချီးများသည်၊ အလားတူအခြေအနေ၊ အလားတူအတိုင်းအဆအတိုင်း၊ ကောင်းကင်ပြင်ကြီးအောက်၌ နေထိုင်သောလူမျိုးတိုင်းနှင့် လူတစ်ဦးချင်းစီကိုလည်းအာမခံသည်။ {Ed 174.1}

မြေကြီးပေါ်ရှိ အုပ်ချုပ်သူများလက်ကိုင်ပြုသော အာဏာတန်ခိုးများမှာ ဘုရားရှင်ကပေးအပ်ထားခြင်းဖြစ်သည်။ ထိုပေးထားသောအာဏာတန်ခိုးကို အသုံးပြုခြင်းအပေါ်၊ သူတို့၏အောင်မြင်ခြင်းတည်သည်။ ထိုခေါင်းဆောင်တို့အားစောင့်ကြည့်တော်မူသောအရှင်က၊ "သင်သည် ငါ့ကိုမသိသော်လည်း၊ သင်၏ခါးကိုငါစည်း၏" (ဟေရှာယ ၄၅း၅) ဟူ၍မိန့်တော်မူသည်။ ရှေးက နေဗုခဒ်နေဇာမင်းအား "တရားသောအမှုကိုပြုခြင်း၊ ဆင်းရဲသားတို့ကို သနားခြင်းအားဖြင့် ဒုစရိုက်အပြစ်တို့ကိုပယ်ဖြတ်တော်မူပါ။ ထိုသို့ပြုလျှင်၊ ချမ်းသာရကောင်းရတော်မူလိမ့်မည်" (ဒံယေလ ၄း၂၇) ဟူ၍ဆိုခဲ့သော စကားများသည် သူတို့တစ်ဦးချင်းစီအတွက် ဘဝသင်ခန်းစာဖြစ်သည်။ {Ed 174.2}

"ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကိုချီးမြှောက်တတ်" ကြောင်း၊ "ရာဇပလ္လင်သည် ဖြောင့်မတ်ခြင်းအားဖြင့်သာတည်တတ်" ကြောင်းနှင့် "ကရုဏာတရားအားဖြင့်မြဲမြဲတတ်" (သုတ္တံ ၁၄း၃၄၊ ၁၆း၁၂) ကြောင်းကို နားလည်ခြင်းနှင့်၊ "ရှင်ဘုရင်တို့ကိုလည်းနှိမ့်ချချီးမြှောက်တော်မူ၏" (ဒံယေလ ၂း၂၁)။ ကိုယ်တော်၏တန်ခိုးကိုယ်ထင်ပြခြင်း၌ ဤအခြေခံစည်းမျဉ်းများက လုပ်ဆောင်ကြောင်းကို အသိအမှတ်ပြုခြင်းတို့သည် သမိုင်းဖြစ်ရပ်၏အတွေးအမြင်ကို နားလည်သဘောပေါက်ခြင်းပင်ဖြစ်သည်။ {Ed 175.1}

ဘုရားသခင်၏နှုတ်ကပတ်တော်ကသာလျှင် ဤအရာကိုရှင်းလင်းစွာ တင်ပြထားသည်။ တိုင်းနိုင်ငံများ၏စွမ်းပကားကို လူတစ်ဦးချင်းစိတ်စွမ်းအားကဲ့သို့သမ္မာကျမ်းစာ၌ဖော်ပြသည်များကို၊ မိမိတို့အားမဖြိုဖျက်နိုင်

သယောင်ပေါ်လွင်စေသောအခွင့်အရေးများ သို့မဟုတ် ပါရမီတို့၌ရှာတွေ့မရနိုင်ချေ။ သူတို့ကြွားဝါသောကြီးမြတ်ခြင်း၌လည်းမရှိချေ။ သူတို့၏အောင်မြင်ခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ကို သူတို့ဖြည့်ဆည်းရာတွင် သစ္စာရှိမှုအပေါ်၌တည်သည်။ {Ed 175.2}

ဤအမှန်တရား၏သာဓကကို ရှေးဗာဗုလုန်နိုင်ငံ၏သမိုင်းတွင်တွေ့ရသည်။ ရှင်ဘုရင်နေဗုခဒ်နေဇာမင်းကြီးအတွက် နိုင်ငံတော်အစိုးရ၏စစ်မှန်သောအရာဝတ္ထုကို ကြီးမားသောသစ်ပင်ကြီးဖြင့်ပုံဆောင်ထားသည်။ "ထိုအပင်သည်..... မိုးကောင်းကင်သို့ထိ၍၊ မြေကြီးစွန်းတိုင်အောင်ထင်ရှား၏။ အရွက်လည်းလှ၏။ သတ္တဝါအပေါင်းတို့စား၍ဝလောက်သောအသီးနှင့်ပြည့်စုံ၏။ မြေတိရစ္ဆာန်တို့သည် ထိုသစ်ပင်အရိပ်၌ခိုကြ၏။ အခက်အလက်တို့၌ကောင်းကင်ငှက်တို့သည်နားနေကြ၏" ဒံယေလ ၄း၁၁၊ ၁၂။ ဤပုံဆောင်မှုသည် ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြည့်စုံစေသောအစိုးရ၊ လူမျိုးကိုကာကွယ်၍ တည်ဆောက်ပေးသောအစိုးရ၏ ဂုဏ်အင်္ဂါလက္ခဏာဖြစ်သည်။ {Ed 175.3}

ဤရည်ရွယ်ချက်ကိုပြည့်စုံစေမည်အကြောင်း ဘုရားသခင်သည် ဗာဗုလုန်နိုင်ငံကိုချီးမြှောက်တော်မူခဲ့သည်။ သမ္မာကျမ်းစာတွင် "ရွှေဦးခေါင်း" ဖြင့်တိတိကျကျပုံဆောင်သကဲ့သို့၊ ကြွယ်ဝချမ်းသာမှုနှင့်တန်ခိုးအာဏာ၌ပြိုင်ဘက်မရှိသည့်အမြင့်အထိရောက်ရှိလာသည်တိုင်အောင် သာယာဝပြောခြင်းသည် ထိုနိုင်ငံတွင်တိုးပွားလာခဲ့သည်။ {Ed 175.4}

သို့သော်ရှင်ဘုရင်သည် မိမိအားချီးမြှောက်တော်မူခဲ့သောတန်ခိုးကိုအသိအမှတ်မပြုခဲ့ချေ။ နေဗုခဒ်နေဇာမင်းကြီးသည်စိတ်နှလုံးဘဝင်မြင့်လျက် "ဤမြို့ကား၊ ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကိုချီးမြှောက်ရာဖို့၊ ငါ့တန်ခိုးအာနုဘော်အားဖြင့် ငါတည်လုပ်သောဗာဗုလုန်မြို့ကြီးမဟုတ်လောဟု မြွက်ဆို၏" ဒံယေလ ၄း၃၀။ {Ed 175.5}

လူတို့အား အကာအကွယ်ပေးမည့်မြို့ဖြစ်မည့်အစား၊ ဗာဗုလုန်မြို့သည် မာနထောင်လွှား၍၊ ရက်စက်သောဖိနှိပ်သူဖြစ်လာခဲ့သည်။ သမ္မာကျမ်းစာက ဣသရေလခေါင်းဆောင်တို့၏ ရက်စက်မှုနှင့်လောဘကြီးမှုကိုပုံဖေါ်သော စကားလုံးများသည် ဗာဗုလုန်မြို့ကြီးကျရှုံးခြင်းနှင့်ကမ္ဘာဖြစ်တည်စမှ အခြားများစွာသောတိုင်းနိုင်ငံတို့ကျရှုံးခြင်း၏လျှို့ဝှက်ချက်ကိုဖေါ်ပြသည်။ "သင်တို့သည် သိုးနို့ကိုစားကြ၏။ သိုးမွေးကိုဝတ်ကြ၏။ ဆူဖြိုးသောသိုးတို့ကိုလည်းသတ်ကြ၏။ သို့ရာတွင် သိုးတို့ကိုမကျွေးမွေးပါတကား။ အားနည်းသောသိုးတို့ကိုမမစကြ၊ နာသောသိုးကိုဆေးမကုကြ၊ အရိုးကျိုးသောသိုးကို အဝတ်နှင့်မစည်းကြ၊ သူတစ်ပါးနှင်သောသိုးကိုလိုက်၍မဆောင်ခဲ့ကြ၊ ပျောက်သောသိုးကိုမရှာကြ၊ အနိုင်အထက်ပြု၍ကြမ်းတမ်းစွာစီရင်ကြပြီ" ယေဇကျေလ ၃၄:၃၊ ၄။ {Ed 176.1}

ဗာဗုလုန်ကိုအုပ်စိုးသောသူထံသို့ စောင့်ကြည့်တော်မူသောအရှင်၏ စီရင်ချက်ရောက်လာသည်ကား၊ "မင်းကြီး၊ နားထောင်လော့။ နိုင်ငံတော်သည် သင့်လက်မှရွေ့ပြီ" (ဒံယေလ ၄:၃၁) ဟူ၍ဖြစ်သည်။

"အိုဗာဗုလုန်သတို့သမီးကညာ၊ ဆင်း၍မြေမှုန့်၌ထိုင်လော့။ အို ခါလဒဲသတို့သမီး၊ ရာဇပလ္လင်မရှိဘဲမြေပေါ်မှာထိုင်လော့၊.... တိတ်ဆိတ်စွာထိုင်လော့။ မိုက်ရာသို့သွားလော့။ သင့်ကိုနိုင်ငံတို့၏အရှင်မဟူ၍ နောက်တစ်ဖန်မခေါ်ရ" ဟေရှာယ ၄၇:၁-၅။

"များစွာသောရေအနားမှာနေ၍ စည်းစိမ်ကြီးသောသူ၊ သင်၏ ဆုံးရှုံးချိန်၊ သင်၏လောဘအလိုပျက်ချိန်ရောက်လေပြီ" ယေရမိ ၅၁:၁၃။

"တိုင်းနိုင်ငံတို့၏အထွတ်၊ ခါလဒဲအမျိုးသားတို့၏ဘုန်းအသရေဖြစ်သောဗာဗုလုန်မြို့သည် ဘုရားသခင်ဖျက်ဆီးတော်မူသော သောဒုံမြို့နှင့်ဂေါမောရမြို့ကဲ့သို့ဖြစ်လိမ့်မည်" ဟေရှာယ ၁၃:၁၉။ {Ed 176.2}

"ငါသည်ထိုမြို့ကိုဖြိုကောင်များနေရာ၊ ရေလွှမ်းမိုးရာအရပ်ဖြစ်စေမည်။ ဖျက်ဆီးခြင်း၏တံမြက်စည်းဖြင့်လှည်းမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၁၄း၂၃။ {Ed 176.3}

အုပ်စိုးခွင့်စင်မြင့်ပေါ်သို့ တက်လာသောတိုင်းနိုင်ငံတိုင်းသည် မြေကြီးပေါ်တွင်မိမိတို့နေရာကိုသိမ်းပိုက်၍အခွင့်ရရှိကြပြီး၊ "စောင့်ကြည့်တော်မူ၍ သန့်ရှင်းတော်မူသောသူ" ၏ရည်ရွယ်ချက်ကိုပြည့်စုံစေရန်လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်ကိုတွေ့မြင်ရပေလိမ့်မည်။ အနာဂတ်ဟောပြောချက်သည် ကမ္ဘာ့မဟာအင်ပါယာများဖြစ်သော ဗာဗုလုန်နိုင်ငံ၊ မေဒိပေရသိနိုင်ငံ၊ ဂရိနိုင်ငံနှင့်ရောမနိုင်ငံတို့၏အတက်အကျကို ခြေရာခံပြီးဖြစ်သည်။ ဤအင်ပါယာတစ်ခုစီသည် သာ၍အားနည်းသောတိုင်းနိုင်ငံများနှင့်အတူ သမိုင်းတစ်ပတ်လည်သည်။ ယင်းတို့တစ်ခုစီသည် စစ်ဆေးရာကာလရှိကြပြီး ကျရှုံးကြသည်။ ဘုန်းကျက်သရေလည်းမှေးမှိန်ပြီး တန်ခိုးအာဏာပျောက်သွားကာ၊ ယင်း၏နေရာကိုအခြားတိုင်းနိုင်ငံကဝင်ရောက်သိမ်းပိုက်လိုက်သည်။ {Ed 176.4}

တိုင်းနိုင်ငံတို့သည် ဘုရားသခင်၏စည်းမျဉ်းများကိုငြင်းပယ်ကြစဉ်၊ ယင်းငြင်းပယ်မှုသည် သူတို့၏ကျရှုံးမှုကိုယူဆောင်လာပေးသည်။ ဘုရားရှင်၏ရည်ရွယ်ချက်သည် ယင်းတို့၏လှုပ်ရှားမှုများအားလုံးတစ်လျှောက် လုပ်ဆောင်နေကြောင်းထင်ရှားလျက်ရှိနေသေးသည်။ {Ed 177.1}

ခါလဒဲပြည်၌ပြည်နှင်ဒဏ်ခံစဉ်အတွင်း၊ ပုရောဖက်ယေဇကျေလထံသို့ပေးသောအံ့သြဖွယ်ပုံဆောင်မှုတွင် ဤသင်ခန်းစာကိုဖော်ပြထားသည်။ ယေဇကျေလအား ဝမ်းနည်းဖွယ်အမှတ်ရစရာများနှင့်စိတ်လေးခြင်းတို့ကဖိစီးနေသည့်အချိန်တွင် ရူပါရုံတစ်ခုရောက်ရှိလာခဲ့သည်။ ဘိုးဘေးများနေထိုင်ခဲ့သောပြည်သည် လူသူကင်းမဲ့နေသည်။ ယေရုရှလင်မြို့သည် လူဦးရေလျော့နည်းသွားလေပြီ။ ပုရောဖက်ကိုယ်တိုင်ရည်မှန်းချက်နှင့်ရက်စက်မှုတို့ကြီးစိုးသောပြည်တွင် သူစိမ်းတစ်ရံဆံဖြစ်နေရသည်။ နေရာတိုင်းတွင် နိုင်လိုမင်းထက်ပြုမှုနှင့်အမှားများကိုမြင်ရ၍၊ သူ့စိတ်သည်သောကရောက်ရကာ၊ နေ့နှင့်

ညသူငိုကြွေးခဲ့ရသည်။ သို့သော် သူ့အားဖော်ပြသောပုံဆောင်မှုများသည် လောကီမင်းများ၏အထက်တွင် တန်ခိုးရှင်တစ်ပါးရှိနေကြောင်းဖေါ်ပြသည်။ {Ed 177.2}

ခေဗာမြစ်နားမှာရှိနေစဉ်၊ ယေဇကျေလသည် ရူပါရုံကိုမြင်ရသည်။ "ပြင်းစွာသောလေ၊ ကြီးစွာသောမိုးတိမ်၊ ထွန်းလင်းသောမီးစက်သည် မြောက်မျက်နှာမှပေါ်လာ၏။" ရထားဘီးများစွာတို့သည် "ဘီးတစ်ခုထဲကဘီးတစ်ခုတပ်သကဲ့သို့ဖြစ်၍၊ အသက်ရှင်သောသတ္တဝါလေးပါးအားဖြင့် ရွေ့လျားလျက်ရှိသည်။" "သူတို့၏ခေါင်းများအထက်၊ မိုးမျက်နှာကြက်အပေါ်၌လည်း နီလာကျောက်ကဲ့သို့အဆင်းအရောင်ရှိသော ရာဇပလ္လင်သဏ္ဌာန်ပေါ်၏။ ပလ္လင်သဏ္ဌာန်အပေါ်၌လည်း လူပုံသဏ္ဌာန်ကဲ့သို့ပေါ်၏။" "ခေရုဗိမ်အတောင်အောက်၌လူလက်ကိုလည်းငါမြင်၏" ယေဇကျေလ ၁း၄၊၂၆။ ၁၀း၈။ ထိုရထားဘီးများကိုစီထားရာတွင် ခက်ခဲရှုပ်ထွေးလှပြီး၊ စစချင်းတွင်ကြည့်ရသည်မှာ စိတ်ရှုပ်စေသော်လည်း၊ ယင်းတို့သည်လိုက်ဖက်ညီညွတ်စွာရွေ့သွားကြသည်။ ခေရုဗိမ်အတောင်အောက်မှ လက်ဖြင့်အားဖြည့်ဦးဆောင်သော ကောင်းကင်သတ္တဝါတို့သည် ဤရထားဘီးများကိုစေ့ဆော်ကြသည်။ သူတို့၏အထက်၌ရှိသော နီလာကျောက်ရာဇပလ္လင်တွင် ထာဝရအရှင်ထိုင်တော်မူကာ၊ ဘုရားရှင်၏ကရုဏာအထိမ်းအမှတ်ဖြစ်သော သက်တံရောင်ခြည်သည် ပလ္လင်အထက်တွင်ရှိနေသည်။ {Ed 177.3}

ရထားဘီးတို့၏ရှုပ်ထွေးမှုများသည် အတောင်အောက်မှလက်၏လမ်းပြမှုအောက်၌ရှိနေသကဲ့သို့၊ လူသားတို့၏ရှုပ်ထွေးနေသောအမှုများသည် ဘုရားရှင်၏အထိန်းအချုပ်အောက်တွင်ရှိနေသည်။ တိုင်းနိုင်ငံတို့၏ရန်းရင်းဆန်ခတ်မှုနှင့်ပဋိပက္ခများအကြား၊ ခေရုဗိမ်တို့၏အထက်၌ ထိုင်တော်မူသောသူသည် မြေကြီး၏အမှုကိစ္စများကိုလမ်းပြနေတော်မူသေးသည်။ {Ed 178.1}

မိမိတို့အတွက် ပိုင်းခြားသတ်မှတ်ပေးသောအချိန်နှင့်နာရီကို တစ်နိုင်ငံပြီး တစ်နိုင်ငံသိမ်းပိုက်လာသည့်တိုင်းနိုင်ငံတို့၏သမိုင်းသည် သူတို့ကိုယ်တိုင်မသိသောအမှန်တရားကို မရည်ရွယ်ဘဲလျက်သက်သေခံနေကြကြောင်းကို ကျွန်ုပ်တို့အားပြောပြနေသည်။ ယနေ့တိုင်းနိုင်ငံတိုင်းနှင့်လူတစ်ဦးချင်းစီအတွက် ဘုရားသခင်သည် မိမိမဟာအကြံအစည်တော်တွင် နေရာချထားတော်မူပြီးဖြစ်သည်။ ယနေ့လူသားများနှင့်လူမျိုးတို့ကို အမှားအယွင်းပြုတော်မမူထသောလက်တော်သည် အတိုင်းအချက်ပြုနေသည်။ လူတိုင်းသည်မိမိတို့ကြမ္မာကိုကိုယ်တိုင်ဆုံးဖြတ်ကြပြီး၊ ဘုရားသခင်သည်မိမိရည်မှန်းချက်ပြီးမြောက်စေရန်အတွက် ထိုအရာများကို ကျော်လွန်ပယ်ချတော်မူသည်။ {Ed 178.2}

ငါဖြစ်သည်ဟု အမည်ရှိသောကြီးမြတ်သောသူသည် အနာဂတ်ဟောပြောချက်သံကွင်းများကို အတိတ်ထာဝရကာလမှ အနာဂတ်ထာဝရကာလအထိတိုင်အောင် မိမိ၏နှုတ်ကပတ်တော်တွင်တစ်ခုချင်းစီချိတ်ဆက်တော်မူပြီး၊ ဤခေတ်ကာလရေစီးကြောင်းတွင် ယနေ့ကျွန်ုပ်တို့သည် မည်သည့်နေရာ၌ရှိနေကြောင်းနှင့်၊ လာမည့်အချိန်တွင်မည်သည့်အရာမျှော်လင့်ရမည်အကြောင်းတို့ကိုပြောပြပေးသည်။ ဖြစ်ပျက်လာမည့်အရာများကြိုတင်အနာဂတ်ဟောပြောချက်အားလုံးကို လက်ရှိအချိန်ထိသမိုင်းစာမျက်နှာတွင်ခြေရာခံထားပြီးဖြစ်ရာ၊ ဖြစ်ပျက်လာမည့်အရာအားလုံးသည်လည်း အစဉ်အတိုင်းပြည့်စုံလာမည်ကို ကျွန်ုပ်တို့အခိုင်အမာပြောနိုင်သည်။ {Ed 178.3}

လောကီနိုင်ငံအားလုံး နောက်ဆုံး၌အဖြုတ်ချခံရမည်ကို သမ္မာတရားနှင့်ပြည့်စုံသောနှုတ်ကပတ်တော်တွင် ရှင်းလင်းစွာကြိုတင်ဟောထားပြီးဖြစ်သည်။ နောက်ဆုံးကျသရေလရှင်ဘုရင်အပေါ် ဘုရားသခင်၏စီရင်ချက်ကိုအနာဂတ်ဟောပြောပြီး၊ ကြေညာသောသတင်းစကားကို ဤကဲ့သို့မှတ်တမ်းတင်ထားသည်။ {Ed 179.1}

"ဦးရစ်တော်ကိုပယ်၍ ရာဇသရဖူကိုချွတ်လော့။ နောက်တစ်ဖန်မရှိရ။ နိမ့်သောသူကိုချီးမြှောက်ရမည်။ မြင့်သောသူကိုနှိမ့်ချရမည်။ နိုင်ငံကို

ဆုံးမခြင်းငှာလည်းကောင်း၊ အစိုးပိုင်သောသူမရောက်မီတိုင်အောင်လည်းကောင်း ငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ ငါအပ်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏” ယေဇကျေလ ၂၁း၂၆၊ ၂၇။ {Ed 179.2}

ဣသရေလလူတို့ထံမှ ဖယ်ရှားလိုက်သောရာဇသရဖူသည် ဗာဗုလုန်နိုင်ငံ၊ မေဒိပေရသိနိုင်ငံ၊ ဂရိနိုင်ငံ၊ ရောမနိုင်ငံ စသည်ဖြင့်အဆင့်ဆင့်ရွေ့သွားခဲ့သည်။ ဘုရားသခင်က “အစိုးပိုင်သောသူမရောက်မီတိုင်အောင်.... နောက်တစ်ဖန်မရှိရ။ အစိုးပိုင်သောသူ၌ငါအပ်မည်” ဟုမိန့်တော်မူ၏။ {Ed 179.3}

ထိုအချိန်သည်ရောက်လုနီးပြီ။ ယနေ့အချိန်ကာလ၏နိမိတ်များသည် ကြီးမား၊ လေးနက်သောဖြစ်ရပ်များ၏နှုတ်ခမ်းဝတွင် ကျွန်ုပ်တို့ရပ်နေကြောင်း ဖော်ပြသည်။ ကျွန်ုပ်တို့၏ကမ္ဘာပေါ်မှရှိရှိသမျှသည် စိတ်လှုပ်ရှားမှုကိုဖြစ်စေကြသည်။ မိမိမကြွလာမီဖြစ်ပျက်လာမည့်ကယ်တင်ရှင်၏ အနာဂတ်ဟောပြောချက်သည် ကျွန်ုပ်တို့၏မျက်စိရှေ့တွင်ပင်ပြည့်စုံနေသည်။ “သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်။... လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်” မဿဲ ၂၄း၆၊ ၇။ {Ed 179.4}

လက်ရှိအချိန်သည် အသက်ရှင်သောသတ္တဝါများအားလုံးအပေါ် စိတ်ဝင်စားဖွယ်အရာများကလွှမ်းမိုးသောအချိန်ဖြစ်သည်။ အုပ်ချုပ်သူအာဏာပိုင်များနှင့်နိုင်ငံရေးသမားများ၊ ရာထူးရာခံရှိသောသူများ၊ လူ့အလွှာအားလုံးမှအတွေးအခေါ်ပညာရှင်များတို့သည် ကျွန်ုပ်တို့ပတ်လည်၌ဖြစ်ပျက်နေသောဖြစ်ရပ်များအပေါ်အာရုံစိုက်နေကြသည်။ တိုင်းနိုင်ငံများအကြား၌ရှိနေသည့်တင်းမာပြီးမငြိမ်သက်သောဆက်ဆံရေးများကို သူတို့စောင့်ကြည့်

နေကြသည်။ မြေကြီးနှင့်ဆိုင်သောအရာများအားလုံးသိမ်းပိုက်သည့် ပြင်းထန်မှုကို သူတို့လေ့လာနေကြသည်။ ကမ္ဘာကြီးသည်ကြောက်ခမန်းလိလိ ကပ်ဘေးဆိုက်ကပ်လုပြီဖြစ်၍၊ ကြီးမားပြတ်သားသောအရာတစ်ခုခုသည် ဖြစ်ပျက်လာတော့မည်ဖြစ်ကြောင်းကို သူတို့အသိအမှတ်ပြုကြသည်။ {Ed 179.5}

လောကသားတို့ကိုရောက်ရှိလာမည့်ပျက်စီးကိန်းကို သတိမပေးမချင်း တံပိုးကိုမမှုတ်စေခြင်းငှာ၊ ကောင်းကင်တမန်တို့သည်ပျက်စီးခြင်းလေကို ယခု ကိုင်ထားနေကြသည်။ သို့သော် မုန်တိုင်းသည်စုစည်းလျက်ရှိကာ၊ ကမ္ဘာ မြေပေါ်သို့တိုက်ရန်အဆင်သင့်ရှိနေသည်။ ဘုရားသခင်သည် ကောင်းကင် တမန်တို့အားလေများကိုလွှတ်ရန် မိန့်တော်မူလာသောအခါ၊ မည်သည့်ကလောင် ရှင်ကမျှ ပုံမဖော်နိုင်သည့်ပဋိပက္ခမြင်ကွင်းကြီးရှိလာလိမ့်မည်။ {Ed 179.6}

သမ္မာကျမ်းစာတစ်ခုတည်းကသာလျှင် ဤအရာများ၏မှန်ကန်သော ရှုထောင့်ကိုပေးသည်။ ရှေးယခင်ကဖြစ်ရပ်များသည် ကျွန်ုပ်တို့နေထိုင်သည့် ကမ္ဘာ၏ကြီးမားသောနောက်ဆုံးမြင်ကွင်းများကို ကြိုတင်အရိပ်ပြခဲ့ပြီး၊ ဖြစ်လာ မည့်အရာများချဉ်းကပ်သံသည် ကမ္ဘာမြေကိုတုန်လှုပ်စေပြီး၊ လူတို့၏စိတ် သည်လည်းကြောက်ရွံ့လျက်ရှိသည်။ {Ed 180.1}

"ကြည့်ရှုလော့။ ထာဝရဘုရားသည်ပြည်တော်ကိုလွတ်လပ်စေ၍ ပယ်ရှင်းမှောက်ထားသဖြင့်၊ ပြည်သားတို့ကိုကွဲပြားစေတော်မူ၏။.... ပြည်သား တို့သည်တရားတော်ကိုလွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရ သစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည်ညစ်ညူးခြင်း ရှိ၏။... သာယာသောပတ်သာအသံငြိမ်းပြီ။ ဝမ်းမြောက်သောသူ၏အသံ မရှိ၊ သာယာသောစောင်းသံလည်းငြိမ်းပြီ" ဟေရှာယ ၂၄း၁–၁၈။ {Ed 180.2}

"ထိုနေ့ရက်ကြောင့်အမင်္ဂလာရှိ၏။ ထာဝရဘုရား၏နေ့ရက်နီးပြီ။ အနန္တတန်ခိုးရှင်ဖျက်ဆီးခြင်းဘေးကဲ့သို့ရောက်လာလိမ့်မည်။.... မျိုးစေ့

တို့သည်မြေစိုင်အောက်မှာပုပ်ကြ၏။ စပါးပြတ်သောကြောင့်စပါးကျီတို့သည် ပျက်ကြ၏။ ဘဏ္ဍာတိုက်တို့သည်ပြိုကြ၏။ တိရစ္ဆာန်တို့သည်အလွန်မြည် တမ်းကြ၏။ နွားစုတို့သည်ကျက်စားရာအရပ်မရှိသောကြောင့် ပင်ပန်းကြ၏။ သိုးစုတို့သည်လည်းသေကြ၏။” “စပျစ်နွယ်ပင်သည်ညှိုးနွမ်း၏။ သင်္ဘော သဖန်းပင်လည်းသွေ့ခြောက်၏။ သလဲပင်၊ စွန်ပလွံပင်၊ ရှောက်ချိုပင်မှ စ၍တောသစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်းကြ၏။ အကယ်စင်စစ်လူသားတို့၌ ဝမ်းမြောက်စရာအကြောင်းသည်သွေ့ခြောက်၏” ယောလ ၁း၁၅–၁၈၊ ၁၂။ {Ed 180.3}

“ငါ့အသည်းသည်နာ၏။.... ငါသည်တိတ်ဆိတ်စွာမနေနိုင်။ အကြောင်းမူကား၊ အိုငါ့ဝိညာဉ်၊ သင်သည်တံပိုးမှုတ်သံနှင့်စစ်တိုက်သံကို ကြားရ၏။ ပျက်စီးပြီ၊ ပျက်စီးပြီဟုအထပ်ထပ်ဟစ်ကြော်ရ၏။ တစ်ပြည် လုံးပျက်စီးပြီ။”

“ငါသည်မြေကြီးကိုကြည့်ရှု၍၊ လွတ်လပ်လဟာဖြစ်၏။ မိုးကောင်း ကင်ကိုလည်းငါကြည့်ရှု၍အလင်းမရှိ။ တောင်တို့ကိုလည်းငါ့ကြည့်ရှု၍၊ သူတို့ နှင့်တကွကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု၍လူမရှိ။ မိုးကောင်းကင်ငှက်အပေါင်းတို့သည် ပြေးကြပြီ။ ငါကြည့်ရှု၍ဝပြောသော ပြည်သည်တောဖြစ်လေပြီ။ မြို့များတို့သည်ပြိုပျက်လျက်ရှိကြ၏။ ထာဝရဘုရား ရှေ့၊ ပြင်းစွာသောအမျက်တော်ရှေ့၌ ထိုသို့သောအခြင်းအရာတို့သည်ဖြစ် ရကြ၏” ယေရမိ ၄း၁၉၊ ၂၀၊ ၂၃–၂၆။ {Ed 181.1}

အလိုလေး၊ ထိုနေ့ရက်ကားခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်” ယေရမိ ၃၀း၇။ {Ed 181.2}

“ငါ၏လူတို့လာကြ။ အတွင်းအခန်းထဲသို့ဝင်၍၊ သင်တို့ကိုကွယ် ကာသောတံခါးများကိုပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင် ခဏသာပုန်းရှောင်၍နေကြလော့” ဟေရှာယ ၂၆း၂၀။

"ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍၊ အမြင့်ဆုံးသော ဘုရား၌ နေရာကျသောကြောင့်၊ သင်၌မကောင်းသော အနိဋ္ဌရုပ်မကပ်မရောက်။ သင့်နေရာသို့ဘေးဥပဒ်မချဉ်းရ" ဆာလံ ၉၁း၉၊ ၁၀။

"တန်ခိုးကြီးသောဘုရားသခင်တည်းဟူသော ထာဝရဘုရားသည် ဗျာဒိတ်ပေးတော်မူ၏။ နေထွက်ရာမှသည်နေဝင်ရာတိုင်အောင်မြေကြီးကို ခေါ်တော်မူ၏။ အသရေတင့်တယ်ခြင်းပြည့်စုံရာဇိအုန်တောင်ပေါ်မှာ ဘုရားသခင်၏ရောင်ခြည်တော်သည်ထွန်းပ၏။ ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။"

"မိမိလူတို့ကိုစစ်ကြောစီရင်ခြင်းအလိုငှာ အထက်ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း ခေါ်တော်မူ၏။.... ဘုရားသခင်သည် ကိုယ်တော်တိုင်တရားဆုံးဖြတ်တော်မူသည်ဖြစ်၍၊ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာပြကြလိမ့်မည်" ဆာလံ ၅၀း၁–၃၊ ၅၀း၄–၆။ {Ed, 181.3}

"အိုဇိအုန်သတို့သမီး၊.... ထာဝရဘုရားသည် သင့်ကိုရန်သူတို့လက်မှရွေးနုတ်တော်မူလိမ့်မည်။ ယခုမှာလူမျိုးများတို့က၊ ဇိအုန်မြို့သည် ညစ်ညူးပါစေ။ သူ၌ငါတို့အလိုပြည့်စုံပါစေဟု၊ သင့်တစ်ဘက်၌စုဝေးလျက်ဆိုကြ၏။ သို့ရာတွင် ထာဝရဘုရား၏စိတ်တော်ကိုမသိ၊ အကြံအစည်တော်ကို နားမလည်ကြ။" "သူတစ်ပါးတို့က၊ သင်သည်စွန့်ပစ်ခြင်းကိုခံရသောသူဟူ၍လည်းကောင်း၊ အဘယ်သူမျှမကြည့်ရှုမပြုစုသောဇိအုန်မြို့ဟူ၍လည်းကောင်း ခေါ်သော်လည်း၊ သင်၏အနာရောဂါများကိုငါပျောက်စေ၍၊ ကျန်းမာပကတိဖြစ်စေမည်။" "သိမ်းသွားခြင်းကိုခံရသောယာကုပ်အမျိုးသားတို့၏တဲများကို ငါဆောင်ခဲ့ဦးမည်။ သူတို့အိမ်များကို သနားဦးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏" မိက္ခာ ၄း၁၀–၁၂၊ ယေရမိ ၃၀း၁၇၊ ၁၈။

"ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သော၊ ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မျှော်လင့်သောထာဝရဘုရားတည်း။ ကယ်တင်တော်မူခြင်းကျေးဇူးကြောင့်၊ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့ဟုဆိုကြလိမ့်မည်။"

"သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။..... ကိုယ်တော်၏လူတို့သည်ခံရသောကဲ့ရဲ့ခြင်းကိုလည်း၊ မြေကြီးတစ်ပြင်လုံး၌ပယ်ရှင်းတော်မူလိမ့်မည်ဟု၊ ထာဝရဘုရားအမိန့်တော်ရှိ၏" ဟေရှာယ ၂၅း၉၊ ၈။ {Ed 182.1}

"ငါတို့ပွဲခံရာမြို့၊ ဇိအုန်မြို့ကိုကြည့်ရှုလော့။.... အလျှင်းမပျက်ရသောတဲတည်းဟူသော၊ ငြိမ်ဝပ်သောနေရာ၊ ယေရုရှလင်မြို့ကိုကိုယ်မျက်စိနှင့်မြင်ရလိမ့်မည်။.... အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏တရားသူကြီးဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ပညတ်တရားရှင်ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ရှင်ဘုရင်ဖြစ်တော်မူ၏" ဟေရှာယ ၃၃း၂၀–၂၂။ {Ed 182.2}

"ဆင်းရဲသားတို့၏အမှုကို တရားတော်အတိုင်းစီရင်၍၊ နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေတော်မူ၏" ဟေရှာယ ၁၁း၄။ {Ed 182.3}

ထိုအခါဘုရားသခင်၏ရည်ရွယ်ချက်သည်ပြည့်စုံ၍၊ ကိုယ်တော်၏နိုင်ငံတော်စည်းမျဉ်းများကိုလည်း နေအောက်၌ကျက်စားသောလူအားလုံးကလေးစားဂုဏ်ပြုလိမ့်မည်။

"သင်၏ပြည်၌ အနိုင်အထက်ပြုခြင်းအသံကို နောက်တစ်ဖန်မကြားရ။ သင်၏နယ်အတွင်းတွင်လုယူဖျက်ဆီးခြင်းမရှိရ။ သင်၏မြို့ရိုးကိုကယ်တင်ခြင်းဟူ၍လည်းကောင်း၊ မြို့တံခါးတို့ကိုချီးမွမ်းခြင်းဟူ၍လည်းကောင်းသမုတ်ရလိမ့်မည်။"

"သင်သည် ဖြောင့်မတ်ခြင်းတရားအားဖြင့်တည်လိမ့်မည်။ ညှဉ်းဆဲခြင်းနှင့်ဝေးသည်ဖြစ်၍မကြောက်ရ။ ထိတ်လန့်ခြင်းသည်လည်းဝေး၍၊ သင့်အနီးသို့မရောက်ရ" ဟေရှာယ ၆၀း၁၈၊ ၅၄း၁၄။ {Ed 182.4}

ဤကြီးသောမြင်ကွင်းများကို ဖော်ပြခြင်းခံရသောပုရောဖက်တို့သည် မိမိတို့ရှုပါရုံ၏ဆိုလိုရင်းကိုနားလည်လိုခဲ့ကြသည်။ "ပုရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍.... သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊ အဘယ်မည်သောသူကိုလည်းကောင်း၊ အဘယ်သို့သောအချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏။ ကိုယ်ဟောပြောပြုစုသောအရာများတို့သည် ကိုယ်အဖို့မဟုတ်၊ သင်တို့အဖို့ဖြစ်သည်ဟု ထိုသူတို့အားဖွင့်ပြတော်မူ၏။.... ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သောစေတနာစိတ်ရှိကြ၏" ၁ပေ ၁း၁၀-၁၂။ {Ed 183.1}

ကြီးမားသောအခါသမယ၊ အသက်ရှင်သူတိုင်းစိတ်ဝင်စားသောအရာပြည့်စုံလုနီးနီးအချိန်တွင် ကျွန်ုပ်တို့ရပ်နေကြသည်။ ထိုဖြစ်ပျက်လာမည့်အရာများ၏အသေးစိတ်ချပြမှုကို ကျွန်ုပ်တို့၏ရှေးဦးမိဘများ ဧဒင်ဥယျာဉ်မှထွက်လာချိန်ကစ၍၊ ဘုရားသခင်ကိုစောင့်မျှော်တောင့်တလျက်ဆုတောင်းခဲ့ကြသည်။ {Ed 183.2}

ကြီးမားသောနောက်ဆုံးဘေးဒုက္ခမကျမီ လက်ရှိအချိန်တွင်၊ ကမ္ဘာမြေကို ပထမအကြိမ်မဖျက်ဆီးမီကကဲ့သို့ပင် လူတို့သည်အပျော်အပါးတွင်စွဲငြိလျက်၊ အာရုံခံစားမှုနောက်သို့လိုက်ကြသည်။ မျက်မြင်သောအရာနှင့်ခဏပန်းတို့ကဖမ်းစားထားပြီး၊ မမြင်နိုင်သောအရာနှင့်ထာဝရတည်သောအရာတို့ကို သူတို့မျက်ခြည်ပြတ်သွားကြသည်။ ပျက်စီးတတ်သောအရာများကိုအသုံးပြုနိုင်စေရန်၊ မပျက်စီးနိုင်သောကြွယ်ဝမှုကို စွန့်လွှတ်လိုက်ကြသည်။ သူတို့၏စိတ်များကိုမြှင့်တင်ရန်လိုအပ်ပြီး၊ သူတို့၏ဘဝရှုမြင်မှုလည်း

ချဲ့ထွင်ရန်လိုအပ်သည်။ လောကီအရာများအိပ်မက်နေခြင်းမှ သူတို့ကိုနိုးထစေရန် လိုအပ်သည်။ {Ed 183.3}

သမ္မာကျမ်းစာမျက်နှာပေါ်တွင် ရှင်းလင်းစွာဖော်ပြသကဲ့သို့ တိုင်းနိုင်ငံများ၏အတက်အကျမှ အပြင်ပန်းနှင့်လောကီဘုန်းအသရေတို့သည် မည်မျှတန်ဖိုးမဲ့ကြောင်းကို သူတို့သင်ယူရန်လိုအပ်သည်။ ဗာဗုလုန်မြို့ကြီးနှင့်၎င်း၏တန်ခိုးနှင့်ကြီးကျယ်ခမ်းနားမှုအားလုံးတို့သည် ထိုအချိန်ကလူတို့အတွက် အလွန်ခိုင်ခံ့၊ အစွန့်ရှည်တည်တံ့သည့်အလားရှိသော်လည်း၊ အလုံးစုံပျောက်ကွယ်သွားရလေပြီတကား။ ပန်းပွင့်ကဲ့သို့ မြေခရှုရာလေပြီ။ ဘုရားသခင်ကိုမပိုင်ဆိုင်သောအရာအားလုံးသည် အမြစ်မှပျက်စီးကြရလေ၏။ ကိုယ်တော်၏ရည်ရွယ်ချက်ကိုကိုင်စွဲ၍၊ ကိုယ်တော်၏ဂုဏ်တော်ကိုဖော်ပြသောအရာသာလျှင်တည်တံ့လိမ့်မည်။ ကိုယ်တော်၏နည်းဥပဒေသများသာလျှင် ဤကမ္ဘာတွင်တည်မြဲသည်။ {Ed 183.4}

ဤမဟာအမှန်တရားများကို လူကြီးလူငယ်အားလုံးသင်ယူရန်လိုအပ်သည်။ တိုင်းနိုင်ငံများ၏သမိုင်းနှင့်နောင်လာမည့်အရာများကို ဖော်ပြချက်တို့မှ ဘုရားသခင်၏ရည်ရွယ်ချက်များပြည့်စုံလာသည်ကို ကျွန်ုပ်တို့လေ့လာရန်လိုအပ်သည်။ ထိုသို့ဖြင့် မြင်ရသောအရာသော်လည်းကောင်း၊ မမြင်ရသောအရာသော်လည်းကောင်း၊ ယင်းတို့၏စစ်မှန်သောတန်ဖိုးကို ကျွန်ုပ်တို့ခန့်မှန်းနိုင်ကြမည်။ စစ်မှန်သောဘဝရည်မှန်းချက်သည် မည်သည့်အရာဖြစ်သည်ကိုလည်းသိနိုင်မည်။ ထာဝရအလင်းတရား၏ရှုထောင့်မှ လက်ရှိအရာများကိုကြည့်ခြင်းအားဖြင့်၊ ၎င်းတို့ကိုယင်းတို့၏အမှန်ကန်ဆုံးနှင့်အမြင့်မြတ်ဆုံးနေရာတွင်ထားရှိနိုင်မည်။ ထို့ကြောင့်၊ ဤမြေကြီးပေါ်တွင် ကိုယ်တော့်နိုင်ငံတော်၏ စည်းမျဉ်းဥပဒေသများကိုသင်ယူပြီး၊ ယင်းနိုင်ငံ၏နိုင်ငံသားဖြစ်လာခြင်းဖြင့်၊ ကိုယ်တော်နှင့်ဘုန်းဝင်စားရန် ကိုယ်တော်ကြွလာသောအခါ ကျွန်ုပ်တို့အဆင်သင့်ရှိနေလိမ့်မည်။ {Ed 184.1}

ထိုနေ့ရက်သည် ရောက်လာတော့မည်။ သင်ခန်းစာများသင်ယူရန်၊ အမှုတော်ဆောင်ရန်၊ အကျင့်စာရိတ္တပြောင်းလဲရန် စသည်တို့အတွက် ကျန်ရှိနေသောအချိန်သည် အလွန်တိုတောင်းလှသည်။ {Ed 184.2}

"အချင်းလူသား၊ ဣသရေလအမျိုးသားတို့က၊ သူမြင်သောဗျာဒိတ်ရူပါရုံသည်ဝေးသေး၏။ ဝေးသေးသောကာလကိုရည်မှတ်၍ ဟောတတ်သည်ဟု ပြောဆိုကြ၏။ သို့ဖြစ်၍ အရှင်ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ငါ၏စကားပြည့်စုံချိန်မရွေ့ရ။ ငါပြောသည်အတိုင်းလည်း ပြည့်စုံစေမည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ" ယေဇကျေလ ၁၂း၂၇၊ ၂၈။ {Ed 184.3}

***

# အခန်း ၂၀

# သမ္မာကျမ်းစာသင်ပေးခြင်းနှင့် လေ့လာခြင်း

ကလေး၊ လူငယ်နှင့်လူကြီးအရွယ်တို့တွင် ယေရှုသည် သမ္မာကျမ်းစာကိုလေ့လာခဲ့သည်။ ကလေးငယ်အနေဖြင့်သူသည်နေ့စဉ်မိခင်ထံမှ ပုရောက်ဖက်အနာဂတ္တိကျမ်းများကိုလေ့လာခဲ့သည်။ လူငယ်ဘဝတွင်နံနက်စောစောနှင့်ညနေဆည်းဆာအချိန်တွင် တောင်ပေါ် သို့မဟုတ် တောထဲတွင်တစ်ယောက်တည်းငြိမ်သက်သောအချိန်ကို ဆုတောင်းရန်နှင့်ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာရန်အသုံးပြုတော်မူခဲ့သည်။ ကိုယ်တော်သာသနာပြုသည့်အချိန်တွင် သမ္မာကျမ်းစာကိုကျွမ်းကျင်မှုသည် သမ္မာကျမ်းစာကိုဖွဲ့လုံ့လဖြင့်လေ့လာသည်ကိုသက်သေခံလျက်ရှိသည်။ ကျွန်ုပ်တို့သည်လည်းရရှိနိုင်သည့်ပညာကိုကိုယ်တော်ရရှိခဲ့သည်နောက်မှာ၊ ကိုယ်တော်၏စိတ်စွမ်းအားနှင့်ဝိညာဉ်ရေးတန်ခိုးသည် ပညာကိုရယူရာတွင် သမ္မာကျမ်းစာ၏တန်ဖိုးကိုသက်သေခံသည်။ {Ed 185.1}

ကောင်းကင်ဘုံအရှင်၊ အဖခမည်းတော်သည် မိမိ၏နှုတ်ကပတ်တော်ကိုပေးရာတွင် ကလေးငယ်များကို လျစ်လျူရှုတော်မမူချေ။ လူသားများရေးသားခဲ့သမျှတွင်၊ သမ္မာကျမ်းစာ၏ပုံပြင်များကဲ့သို့စိတ်ထဲတွင်စွဲမှတ်စရာ၊ ကလေးများ၏စိတ်ဝင်စားမှုကို နိုးကြားစေသောအရာ အဘယ်မှာတွေ့နိုင်ပါမည်နည်း။ {Ed 185.2}

ဤရိုးရှင်းသောပုံပြင်များသည် ဘုရားသခင့်ပညတ်တော်၏ ကြီးမြတ်သောအခြေခံစည်းမျဉ်းများကိုပေါ်လွင်စေနိုင်သည်။ ထို့ကြောင့် ကလေးငယ်၏

နားလည်နိုင်မှုအတွက်အကောင်းဆုံးသောပုံပြင်များအားဖြင့်၊ မိဘများနှင့် ဆရာသမားများသည် ဘုရားသခင်၏ "ထိုစကားကိုသင်၏သားသမီးတို့အားကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုပြောရမည်" (တရားဟောရာကျမ်း ၆း၇) ဟူသောပညတ်ချက်နှင့်စပ်ဆိုင်၍ ဘုရားသခင်၏အမိန့်တော်ကိုစောစီးစွာပြည့်စုံစေနိုင်မည်ဖြစ်သည်။ {Ed 185.3}

သရုပ်ပြသင်ခန်းစာများ၊ စာရေးစရာဘုတ်ပြားများ၊ မြေပုံများနှင့် ရုပ်ပုံများသည် ဤသင်ခန်းစာများရှင်းပြရာတွင်လည်းကောင်း၊ စိတ်ထဲစွဲမှတ်စေရန်လည်းကောင်း၊ အထောက်အကူဖြစ်လိမ့်မည်။ မိဘများနှင့်ဆရာသမားတို့သည် သာ၍ကောင်းသောနည်းလမ်းများကို အမြဲရှာကြံရမည်။ သမ္မာကျမ်းစာကို သင်ပေးခြင်းသည် ကျွန်ုပ်တို့၏အသစ်လွင်ဆုံးသောအတွေး၊ အကောင်းဆုံးသောနည်းလမ်း၊ စိတ်အားအထက်သန်ဆုံးသောအားထုတ်မှုတို့ဖြင့် လုပ်ဆောင်ရမည်။ {Ed 186.1}

သမ္မာကျမ်းစာလေ့လာခြင်းကို ခိုင်မြဲစေရန်နှင့် ဝတ်ပြုခြင်းကို အသုံးပြုခြင်းအပေါ်မူတည်သည်။ နံနက်နှင့်ညနေဝတ်ပြုခြင်းအချိန်သည် တစ်နေ့တာ၏အပျော်ရွှင်ဆုံးနှင့်အသုံးဝင်ဆုံးအချိန်ဖြစ်ရမည်။ ဝတ်ပြုခြင်းအချိန်သည် စိတ်အနှောင့်အယှက်ကင်းရမည့်အချိန်၊ မိဘများနှင့်သားသမီးများတို့သည် ယေရှုနှင့်တွေ့ဆုံရန်စုရုံးကြချိန်၊ အိမ်ထဲတွင်သန့်ရှင်းသောကောင်းကင်တမန်များဖိတ်ခေါ်ရမည့်အချိန်အဖြစ် နားလည်သဘောပေါက်ရမည်။ ဝတ်ပြုခြင်းအစီအစဉ်ကို တိုတိုနှင့်အဓိပ္ပါယ်ပြည့်ဝပြီး၊ အခြေအနေအချိန်အခါနှင့်ကိုက်ညီကာ၊ တစ်ချိန်နှင့်တစ်ချိန်ခြားနားစေပါ။ သမ္မာကျမ်းစာဖတ်ခြင်းနှင့်သင်ယူခြင်းတို့တွင်အားလုံးပါဝင်ပြီး၊ ပညတ်တော်ကိုမကြာမကြာရွတ်ဆိုပါ။ ဤသို့ပြုခြင်းသည် ကလေးများ၏စိတ်ဝင်စားမှုကိုတိုးစေပြီး၊ ကျမ်းချက်များကိုရွေးချယ်ရာတွင် အထောက်အကူပေးလိမ့်မည်။ ဖတ်သွားသည့်အပိုဒ်တွင် သူတို့ကိုမေးခွန်းမေးပါ။ သူတို့ကိုလည်းမေးခွန်းမေးစေပါ။ ယင်း၏

အစိပ္ပါယ်ကို ပုံဖော်ပေးမည့်အရာများကိုလည်းဖော်ပြပေးပါ။ အစီအစဉ်သည် မရှည်လျားလွန်းလျှင်၊ ကလေးများကိုဆုတောင်းခိုင်းပါ၊ သီချင်းများကိုလည်း ဆိုစေပါ။ သို့သော်တစ်ပိုဒ်လောက်သာဆိုစေပါ။ {Ed 186.2}

ထိုသို့သောအစီအစဉ်မျိုးပြုလုပ်ရန်မှာ၊ ကြိုတင်ပြင်ဆင်မှုလုပ်ရမည်။ မိဘတို့သည်မိမိတို့ကလေးများနှင့်အတူ သမ္မာကျမ်းစာလေ့လာရန်အတွက် နေ့စဉ်အချိန်ယူရမည်။ ဤသို့ပြုလုပ်ရန် ကြိုးစားအားထုတ်မှု၊ ကြိုတင်စီစဉ်မှုနှင့် ဆက်ကပ်ခြင်းတို့သည် ကေန်မလွဲလိုအပ်လိမ့်မည်။ သို့သော် ကြိုးစားအားထုတ်မှု သည် ကြွယ်ဝစွာသောအကျိုးကိုပြန်လည်ရရှိလိမ့်မည်။ {Ed 186.3}

ဘုရားသခင်၏ပညတ်ချက်များကို သွန်သင်ရန်ပြင်ဆင်ရာတွင်၊ မိဘတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏ပညတ်ချက်များရှိနေရမည်ဟု ဘုရားသခင်မိန့်တော်မူသည်။ "ယနေ့ ငါမှာထားသောစကားကိုနှလုံးသွင်း ရမည်။ ထိုစကားကိုသင်၏သားသမီးတို့အားကြိုးစား၍ သွန်သင်ရမည်" (တရားဟောရာကျမ်း ၆း၆၊ ၇) ဟု မိန့်တော်မူသည်။ ကျွန်ုပ်တို့၏ကလေး များက သမ္မာကျမ်းစာကိုစိတ်ဝင်စားစေရန်မှာ၊ ကျွန်ုပ်တို့ကိုယ်တိုင် ၎င်းကို စိတ်ဝင်စားရမည်။ သမ္မာကျမ်းစာလေ့လာခြင်းကိုနှစ်သက်စေရန်၊ ကျွန်ုပ်တို့က အလျင်နှစ်သက်ရမည်။ သူတို့အားကျွန်ုပ်တို့ညွှန်ကြားချက်များကို ကျွန်ုပ်တို့ ကိုယ်တိုင်၏ပုံနမူနာနှင့်စိတ်ဓါတ်အားဖြင့်ပေါင်းမှသာ အလေးစီးပါလိမ့်မည်။ {Ed 187.1}

ဘုရားသခင်သည်အာဗြဟံကို မိမိနှုတ်ကပတ်တော်ကို သွန်သင် ပေးမည့်သူအဖြစ်ခေါ်တော်မူခဲ့သည်။ ကြီးမားသောလူမျိုး၏ဖခင်အရာ၌ ရွေးချယ်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အာဗြဟံသည် မိမိသား သမီးများနှင့်အိမ်ထောင်မိသားစုဝင်တို့အား ဘုရားသခင့်ပညတ်တော်၏ အခြေခံစည်းမျဉ်းများကို သွန်သင်ပြသမည်ဖြစ်ကြောင်းကို ကိုယ်တော်မြင် တော်မူခဲ့သည်။ အာဗြဟံ၏သွန်သင်မှုကို သူ့အသက်တာ၏ဩဇာလွှမ်း မိုးမှုကထိရောက်စေသည်။ သူ၏ကြီးမားသောအိမ်ထောင်စုတွင် လူဦးရေ

တစ်ထောင်ထက်များပြားပြီး၊ များစွာသောသူတို့မှာ အိမ်ထောင်ဦးစီးများဖြစ်ကြကာ၊ တစ်ပါးအမျိုးသားမှအသစ်ပြောင်းလဲလာသူများလည်း မနည်းလှချေ။ ထိုသို့သောအိမ်ထောင်စုကြီးတွင် ခိုင်မာသောပဲ့ကိုင်ရှင်လိုအပ်သည်။ ခိုင်မြဲပြီးချီတုံချတုံမဖြစ်သောနည်းလမ်းများရှိရမည်။ အာဗြဟံနှင့်ပတ်သက်၍၊ ဘုရားသခင်က "သူသည်မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အားပညတ်မည်အရာကိုငါသိ၏။" (ကမ္ဘာဦးကျမ်း ၁၈း၁၉) ဟု မိန့်တော်မူခဲ့သည်။ သို့သော်လည်း မိမိအာဏာကိုသူတို့၏စိတ်နှလုံးကိုအောင်နိုင်ရန်ဉာဏ်ပညာနှင့်သိမ်မွေ့ခြင်းတို့ဖြင့် အသုံးပြုခဲ့သည်။ ဘုရားရှင်၏သက်သေခံချက်မှာ "သူတို့သည်လည်း ထာဝရဘုရား၏တရားလမ်းသို့လိုက်၍၊ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။" (ကမ္ဘာဦးကျမ်း ၁၈း၁၉) ဟူ၍ဖြစ်သည်။ ထိုအခါအာဗြဟံ၏သြဇာသည် သူ့အိမ်ထောင်ထဲ၌သာမက၊ ကျယ်ပြန့်လာခဲ့သည်။ သူတဲထိုးသည့်နေရာတိုင်းတွင်၊ တဲဘေး၌ယဇ်ပလ္လင်တည်ပြီးဝတ်ပြုကိုးကွယ်ခဲ့သည်။ တဲကိုရွှေ့သောအခါ၊ ယဇ်ပလ္လင်ကျန်ရစ်ခဲ့သည်။ ဘုရားသခင်၏အစေခံအာဗြဟံ၏အသက်တာမှ ဘုရားသခင်ကိုသိရှိလာခဲ့ကြသည့်လှည့်လည်သွားလာကြသောများစွာသောခါနာန်လူမျိုးတို့သည် ထိုယဇ်ပလ္လင်တွင် ထာဝရဘုရားကို ယဇ်ပူဇော်ရန်ရပ်နားခဲ့ကြသည်။ {Ed 187.2}

ဆရာသမား၏အသက်တာတွင် သစ္စာရှိသောရောင်ပြန်ဟပ်မှုကိုတွေ့မြင်သောအခါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသွန်သင်ခြင်းသည် ယနေ့တွင်လည်းထိရောက်မှုလျော့နည်းခြင်းမရှိချေ။ {Ed 187.3}

အခြားသူများကသမ္မာကျမ်းစာအကြောင်းကို မည်သို့ယူဆသည်၊ သို့မဟုတ် သင်ယူသည်ကိုသိရှိခြင်းသည် လုံလောက်မှုမရှိချေ။ လူတိုင်းတရားစီရင်ခြင်း၌ ဘုရားသခင်၏ရှေ့တော်မှောက်တွင်ရပ်ရမည်။ ထို့ကြောင့် လူတစ်ဦးချင်းစီသည် သမ္မာတရားကို မိမိအတွက်ယခုသင်ယူရမည်။ သို့ရာတွင် ထိထိရောက်ရောက်လေ့လာနိုင်ရန်၊ သင်ယူသူ၏စိတ်ဝင်စားမှုကိုအားပေးရမည်။ အထူးသဖြင့်ပင်ကိုစရိုက်၊ လေ့ကျင့်သင်ကြားမှုနှင့်အတွေးအခေါ်များ

ကျယ်ကျယ်ပြန့်ပြန့်ခြားနားသော ကလေးများနှင့်လူငယ်တို့ကိုကိုင်တွယ်ရမည့်သူတစ်ဦးအတွက်၊ ဤအချက်ကိုမျက်ခြည်မပြတ်ရချေ။ ကလေးများကို သမ္မာကျမ်းစာသင်ပေးရာတွင် သူတို့၏ပါရမီ၊ သူတို့စိတ်ဝင်စားသောအရာတို့ကိုလေ့လာခြင်းအားဖြင့်လည်းကောင်း၊ ထိုအရာများအကြောင်းကို သမ္မာကျမ်းစာ၏ဖေါ်ပြချက်ကို သိရှိလိုသောစိတ်ဝင်စားမှုကိုနိုးထစေခြင်းအားဖြင့်လည်းကောင်း၊ များစွာရရှိနိုင်သည်။ ကျွန်ုပ်တို့အားပင်ကိုစွမ်းရည်အမျိုးမျိုးဖြင့်ဖန်ဆင်းတော်မူသောသူသည် လူတိုင်းအတွက်အရာတစ်ခုခုကို မိမိနှုတ်ကပတ်တော်တွင်ထားရှိတော်မူသည်။ ကျမ်းစာသင်ယူသူတို့သည် မိမိတို့အသက်တာတွင် သမ္မာကျမ်းစာမှသင်ခန်းစာများကိုကျင့်သုံးလာသည်ကိုမြင်လာကြသောအခါ၊ သမ္မာကျမ်းစာကိုအကြံပေးပုဂ္ဂိုလ်အဖြစ်မြင်လာစေရန်သင်ပေးပါ။ {Ed 188.1}

သမ္မာကျမ်းစာ၏အံ့ဖွယ်တင့်တယ်မှုကို နှစ်သက်ရန်လည်းသူတို့ကိုကူညီပါ။ များစွာသောအနှစ်မပါသည့်စာအုပ်များ၊ စိတ်လှုပ်ရှားစေသည့်မကောင်းသောစာအုပ်များကို အကြံပြုတတ်ကြသည်။ သို့တည်းမဟုတ် ယင်းတို့၌စာပေတန်ဖိုးရှိမည်အထင်ဖြင့်အသုံးပြုခွင့်ပေးကြသည်။ ကျွန်ုပ်တို့၏ကလေးများသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှစင်ကြယ်သောစမ်းရေကို အခမဲ့ရရှိနိုင်ပါလျက်၊ အဘယ်ကြောင့်ညစ်ညမ်းနေသောချောင်းရေကိုသောက်စေမည်နည်း။ သမ္မာကျမ်းစာတွင် နက်နဲသောအဓိပ္ပါယ်နှင့်ပြည့်စုံခြင်းခွန်အားတို့သည် မကုန်ဆုံးနိုင်အောင်ရှိနေသည်။ ကလေးများနှင့်လူငယ်တို့အားအတွေးအခေါ်နှင့်အပြုအမူတို့၏ဘဏ္ဍာများကို ကြိုးစားရှာဖွေရန်အားပေးကြပါ။ {Ed 188.2}

ဤအဖိုးကြီးသောအရာတို့၏တင့်တယ်မှုသည် သူတို့၏စိတ်ကိုဆွဲဆောင်လာသောအခါ၊ နူးညံ့သိမ်မွေ့သောတန်ခိုးသည် သူတို့၏စိတ်နှလုံးကိုတို့ထိလိမ့်မည်။ သူတို့ထံသို့ မိမိကိုယ်ကိုဖေါ်ပြတော်မူသောကိုယ်တော်

ထံသို့ဆွဲယူခြင်းခံရကြမည်။ ကိုယ်တော်၏လုပ်ဆောင်မှုများနှင့်နည်းလမ်းများကို သာ၍သိချင်လိုစိတ်မရှိသောသူအနည်းအကျဉ်းရှိလိမ့်မည်။ {Ed 188.3}

သမ္မာကျမ်းစာကိုသင်နေသောသူတို့အား သင်ယူလိုသောစိတ်ရှိရန် သင်ပေးရမည်။ ကျွန်ုပ်တို့၏အယူအဆများကိုသက်သေထူရန်မဟုတ်ဘဲ၊ ဘုရားသခင်မိန့်တော်မူသည့်အရာကိုသိရှိရန်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာရှာဖွေရမည်။ {Ed 189.1}

နှုတ်ကပတ်တော်ကို ပေးတော်မူသောဝိညာဉ်တော်၏မစမှုအားဖြင့် သာလျှင် သမ္မာကျမ်းစာကိုမှန်ကန်စွာနားလည်နိုင်သည်။ မှန်ကန်သောနားလည်မှုကိုရရှိနိုင်ရန်၊ ၎င်းသမ္မာတရားအတိုင်းအသက်ရှင်ရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှမိန့်ကြားသမျှကို ကျွန်ုပ်တို့နားထောင်ရမည်။ ၎င်း၏ကတိတော်များအားလုံးကို၊ တောင်းခံရမည်။ ၎င်း၏လမ်းညွှန်မှုအတိုင်း ၎င်း၏တန်ခိုးဖြင့်၊ ကျွန်ုပ်တို့အသက်ရှင်ရမည်။ သမ္မာကျမ်းစာကို ထိုသို့လိုက်လျှောက်မှသာ ထိရောက်စွာလေ့လာနိုင်သည်။ {Ed 189.2}

သမ္မာကျမ်းစာကိုလေ့လာရာ၌ အစွမ်းကုန်အားထုတ်မှုနှင့်မဆုတ်မနစ်သောအတွေးအခေါ်များလိုအပ်သည်။ သတ္တုရှာဖွေရေးလုပ်သားသည် ရွှေကိုမြေကြီးတွင်သဲကြီးမဲကြီးစိတ်အားထက်သန်စွာတူးသကဲ့သို့၊ ကျွန်ုပ်တို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏ဘဏ္ဍာကို ကြိုးစားရှာဖွေရမည်။ {Ed 189.3}

နေ့စဉ်လေ့လာရာတွင် ကျမ်းချက်တစ်ခုပြီးတစ်ခုလေ့လာခြင်းသည် အသုံးဝင်သည်။ ကျမ်းချက်တစ်ခုကိုဖတ်ပြီး၊ ထိုကျမ်းချက်တွင် ဘုရားသခင်သည် မိမိအတွက်မည်သည့်အရာထားတော်မူသည်ကိုစဉ်းစားပြီး၊ ယင်းသတင်းစကားသည် မိမိအတွက်ဖြစ်လာသည်အထိအာရုံပြုပါ။ ကျမ်းပိုဒ်တစ်ခုကိုဖတ်ပြီး ယင်း၏အရေးပါမှုကို ရှင်းလင်းစွာသိရှိလာသည်တိုင်အောင်လေ့လာခြင်းသည်၊ ရည်ရွယ်ချက်မရှိ၊ မည်သည့်အကျိုးရှိသောညွှန်ကြားချက်မျှမရရှိဘဲ ကျမ်းစာအခန်းကြီးများစွာကိုဖတ်ခြင်းထက် သာ၍အဖိုးကြီးသည်။ {Ed 189.4}

စိတ်ပိုင်းဆိုင်ရာနှင့်ကျင့်ဝတ်ပိုင်းဆိုင်ရာအားနည်းမှုကို ဖြစ်စေသော အကြောင်းရင်းတစ်ခုမှာ အဖိုးထိုက်သောပန်းတိုင်အတွက် အာရုံစိုက်မှုကင်းမဲ့ခြင်းဖြစ်သည်။ စာပေများကိုကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးသည်ကို ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဂုဏ်ယူတတ်ကြသည်။ သို့ရာတွင် မြောက်မြားစွာသောစာအုပ်များကိုယ်၌ကအန္တရာယ်မရှိသော်လည်း၊ အပေါင်းလက္ခဏာဆောင်သည့် အဆိုးကိုဖြစ်စေနိုင်သည်။ ပုံနှိပ်တိုက်မှပုံနှိပ်စာပေများသည် လှိုင်းလုံးကြီးပမာထွက်ရှိလာရာတွင်၊ လူကြီး၊ လူငယ်တို့သည် မြန်မြန်နှင့်အပေါ်ယံသောဖတ်သည့်အကျင့်ရှိလာကြသည်။ ထိုအခါ စိတ်သည်အာရုံစူးစိုက်မှုအစွမ်းနှင့် အားသွန်ခွန်စိုက်တွေးခေါ်မှုများဆုံးရှုံးရသည်။ ထို့ပြင်မက၊ အီဂျစ်ပြည်မှဖားများကဲ့သို့အပတ်စဉ်၊ လစဉ်ထုတ်စာစောင်များနှင့်စာအုပ်များသည် မြေတစ်ပြင်လုံးတွင်ပျံ့နှံ့ကာ၊ အဆင့်မရှိပျင်းရိဖွယ်ဖြစ်၍ အားကုန်စေသည်သာမက၊ စင်ကြယ်မှုမရှိ၊ အရှက်ရစေသောစာများဖြစ်ပေတော့သည်။ ၎င်းသည် စိတ်ကိုအဆိပ်သင့်စေ၍ဖျက်ဆီးသည်သာမက၊ အသက်ဝိညာဉ်ကိုပါဖေါက်ပြန်စေပြီးပျက်စီးစေသည်။ ပျင်းရိပြီးရည်ရွယ်ချက်ကင်းမဲ့နေသောစိတ်နှလုံးသည် မကောင်းမှု၏သားကောင်အဖြစ်သို့ အလွယ်တကူကျရောက်သွားရသည်။ ရောဂါရ၍ပျက်စီးနေသောသက်ရှိတို့တွင် မှိုတက်လေ့ရှိသည်။ ပျင်းရိသောစိတ်သည် စာတန်၏အလုပ်ရုံဖြစ်သည်။ စိတ်များကိုမြင့်မားပြီးစင်ကြယ်သောစံနမူနာများကို အာရုံပြုစေပါ။ အသက်တာတွင်မွန်မြတ်ပြီးစိတ်ဝင်စားဖွယ်ရည်မှန်းချက်ထားပါ။ ထိုအခါမကောင်းမှုသည် ခြေကုပ်ယူစရာရှိမည်မဟုတ်ချေ။ {Ed 189.5}

ထို့ကြောင့်လူငယ်တို့အား ဘုရားသခင်၏နှုတ်ကပတ်တော်ကို အနီးကပ်လေ့လာနိုင်ရန်သင်ပေးပါ။ စိတ်နှလုံးထဲတွင်ခံယူပြီးသည့်အခါ၊ စုံစမ်းခြင်းကို အခိုင်အမာပိတ်ဆို့သည့်အရာဖြစ်သည်ကိုသိလာကြမည်။ ဆာလံဆရာကဤသို့ဆိုထားသည်။ "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊

ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ။” “လူပြုတတ်သောအမှုများမှာ၊ ဖျက်ဆီးတတ်သောသူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့်၊ အကျွန်ုပ်ရှောင်ပါပြီ” ဆာလံကျမ်း ၁၁၉း၁၁၊ ၁၇း၄။ {Ed 190.1}

သမ္မာကျမ်းစာသည် မိမိကိုယ်ကိုရှင်းပြသည်။ ကျမ်းပိုဒ်တစ်ခုနှင့်တစ်ခုနှိုင်းယှဉ်ရမည်။ ကျမ်းစာလေ့လာသူတို့သည် နှုတ်ကပတ်တော်ကိုပြည့်စုံသည့်တစ်ခုအဖြစ်လည်းကောင်း၊ ကျမ်းပိုဒ်များသည်ဆက်စပ်မှုရှိသည်ဟူ၍လည်းကောင်း မြင်နိုင်ရန်သင်ယူရမည်။ သမ္မာကျမ်းစာ၏အဓိကဆိုလိုရင်း၊ လောကသားများအတွက် ဘုရားသခင်၏မူလရည်ရွယ်ချက်၊ မဟာတိုက်လှန်ပွဲဖြစ်ပေါ်လာခြင်း၊ ရွေးနုတ်ခြင်းအမှုစသည်တို့ကိုသိရှိရမည်။ အထွတ်အထိပ်အတွက်ယှဉ်ပြိုင်နေသော ဥပဒေသနှစ်ခု၏သဘောသဘာဝကိုနားလည်ရမည်။ သမိုင်းမှတ်တမ်းနှင့်အနာဂတ်ဟောပြောချက်တို့တွင် ယင်းတို့၏လုပ်ဆောင်မှုများကို မဟာပြည့်စုံမှုရောက်သည်အထိခြေရာခံရန်သင်ယူရမည်။ ဤမဟာတိုက်လှန်ပွဲသည် လူသားတို့၏ကဏ္ဍစုံတွင်မည်သို့ဝင်ရောက်လာကြောင်း၊ မိမိအသက်တာသည် ထိုရန်လိုနေသောစေ့ဆော်မှုနှစ်ခုတို့၏မည်သူ့ဘက်တွင်ရှိနေကြောင်း၊ မဟာတိုက်လှန်ပွဲ၏မည်သည့်ဘက်တွင်ရောက်ရှိနေမည်ကို ယခုပင်ဆုံးဖြတ်ချက်ချနေကြောင်း စသည်တို့ကိုသိမြင်ရမည်။ {Ed 190.2}

သမ္မာကျမ်းစာ၏အစိတ်အပိုင်းအားလုံးသည် ဘုရားသခင်မှုတ်သွင်းခြင်းအားဖြင့်ဖြစ်၍၊ ကျေးဇူးများကိုပြုတတ်သည်။ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းထက်မလျော့သော အာရုံစိုက်မှုကိုရရှိမည်။ ဓမ္မဟောင်းကျမ်းကိုလေ့လာသောအခါ၊ သတိမဲ့စွာဖတ်သူတို့သည် သဲကန္တာရကိုသာတွေ့ကြချိန်တွင်၊ ကျွန်ုပ်တို့သည်အသက်စမ်းရေကိုတွေ့ရှိကြမည်။ {Ed 191.}

ဗျာဒိတ်ကျမ်းကိုဒံယေလအနာဂတ္တိကျမ်းနှင့်ဆက်စပ်၍ အထူးလေ့လာရမည်။ ဘုရားသခင်ကိုကြောက်ရွံ့သောဆရာသမားတိုင်း၊ ကျွန်ုပ်တို့၏

ကယ်တင်ရှင်သည် မိမိကျွန်ယောဟန်ထံတွင်လူပုဂ္ဂိုလ်အဖြစ်ကြွဆင်းလာသည့် သတင်းကောင်းကို မည်သို့ကောင်းစွာသဘောပေါက်၍ တင်ဆက်နိုင်ရန် တွေးတောကြံဆရမည်။ "ကာလမကြာမမြင့်မီဖြစ်ရမည့်အမှုအရာများကို ယေရှုခရစ်သည် မိမိအစေခံကျွန်တို့အားပြစေခြင်းငှာ၊ ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ဗျာဒိတ်တော်ကိုဆိုပေအံ့" ဗျာဒိတ်ကျမ်း ၁း၁။ ၎င်း၏ဆန်းကြယ်သည်ဟုထင်ရသောပုံဖေါ်မှုများကြောင့် ဗျာဒိတ်ကျမ်းကိုလေ့လာရာတွင် မည်သူမျှစိတ်ဓာတ်မကျရချေ။ "သင်တို့တွင်တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ။ တောင်းလျှင် ရလိမ့်မည်" ယာကုပ် ၁း၅။ {Ed 191.2}

"ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍၊ ရေးထားသမျှကိုစောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏" ဗျာဒိတ်ကျမ်း ၁း၃။ {Ed 191.3}

သမ္မာကျမ်းစာကို အမှန်တကယ်ချစ်သောစိတ်နိုးထလာ၍၊ ကျမ်းစာကို လေ့လာသောသူသည် နယ်ပယ်သည်မည်မျှကျယ်ဝန်း၍ ၎င်း၏ဘဏ္ဍာသည် မည်မျှအဖိုးထိုက်ကြောင်းကိုစတင်သဘောပေါက်လာသောအခါ၊ သူသည်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အကျွမ်းတဝင်ရှိစေရန်၊ အခွင့်အရေးရှိသမျှကိုအမိအရဖမ်းလိုစိတ်ရှိလာလိမ့်မည်။ ၎င်းကိုလေ့လာရာတွင် နေရာနှင့်အချိန်အကန့်အသတ်မရှိချေ။ ဤသို့အစဉ်လေ့လာခြင်းသည် သမ္မာကျမ်းစာကိုချစ်သည့်စိတ်ပျိုးထောင်ပေးသော အကောင်းဆုံးနည်းတစ်ခုဖြစ်သည်။ ကျမ်းစာလေ့လာသူသည် သမ္မာကျမ်းစာအုပ်ကိုမိမိနှင့်အတူအမြဲရှိနေစေရမည်။ သင်အချိန်ရလာသည့်အခါ၊ ကျမ်းချက်ကိုဖတ်ပြီး၊ ၎င်းကိုအာရုံပြုပါ။ လမ်းသွားနေစဉ်၊ ရထားစောင့်နေစဉ်၊ ချိန်းထားချိန်ကိုစောင့်နေစဉ်၊ သမ္မာတရား၏ဘဏ္ဍာတိုက်မှ အဖိုးတန်သောအတွေးအခေါ်တချို့ကိုရရှိနိုင်ရန် အခွင့်အရေးကိုအသုံးပြုပါ။ {Ed 191.4}

အသက်ဝိညာဉ်၏အားကြီးသောစေ့ဆော်မှုစွမ်းအားမှာ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်ချစ်ခြင်းတို့ဖြစ်သည်။ ဤအရာများကိုအမှန်တကယ်ရရှိရန်၊ သမ္မာကျမ်းစာကိုလေ့လာရန်လိုအပ်သည်။ သမ္မာကျမ်းစာ၏အပြင်ပန်းတင့်တယ်မှုမှာစိတ်ကူးဆန်သည့်ဖေါ်ပြမှုများဖြစ်၍၊ ၎င်း၏စစ်မှန်သောဘဏ္ဍာမှာမူ စင်ကြယ်ခြင်း၏လုပမှုဖြစ်သည်။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းခဲ့သောလူတို့၏မှတ်တမ်းတွင်၊ ကိုယ်တော့်ဘုန်းရောင်ခြည်ကိုဖျတ်ခနဲကျွန်ုပ်တို့မြင်နိုင်သည်။ မြေကြီးနှင့်ကောင်းကင်၏လုပမှုအားလုံးကို မှုန်ဝါးဝါးရောင်ပြန်ဟပ်တော်မူသောသူ၌ လုပမှုအလုံးစုံကိုကျွန်ုပ်တို့မြင်နိုင်သည်။ ကိုယ်တော်က "ငါသည်လည်းမြေကြီးနှင့်ခွါ၍ မြှောက်ထားခြင်းကိုခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်ဟု မိန့်တော်မူ၏။" ယောဟန် ၁၂း၃၂။ သမ္မာကျမ်းစာကိုလေ့လာသောသူတို့သည် ရွေးနုတ်သောအရှင်ကို မျှော်ကြည့်သောအခါ၊ စိတ်ဝိညာဉ်ထဲ၌အံ့ဖွယ်ယုံကြည်ခြင်းအစွမ်း၊ ကြည်ညိုခြင်းနှင့်ချစ်ခြင်းများနိုးကြားလာသည်။ ခရစ်တော်ကိုငေးကြည့်ရာတွင်၊ ကြည့်နေသောသူသည် မိမိကြည်ညိုသည့်သူနှင့်တူလာသည်။ တမန်တော်ပေါလု၏စကားသည် အသက်ဝိညာဉ်၏စကားဖြစ်လာသည်။ "ထိုမျှမကငါ၏သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍၊.... ထိုသခင်ကိုလည်းကောင်း၊ ထမြောက်တော်မူခြင်း၏တန်ခိုးကိုလည်းကောင်း၊ ဆင်းရဲခံတော်မူခြင်းကိုဆက်ဆံ၍ခံခြင်းကိုလည်းကောင်း၊ သိကျွမ်းခြင်းငှါ၊... ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။" ဖိလိပ္ပိ ၃း၈–၁၀။ {Ed 192.1}

ဝိညာဉ်တော်မှုတ်သွင်းသောနှုတ်ကပတ်တော်အားဖြင့် စိတ်ဝိညာဉ်မှကောင်းကင်ဆိုင်ရာငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းစမ်းချောင်းလေးများသည်၊ ၎င်းရောက်ရှိနိုင်သည့်လူများအားလုံးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် အားကြီးသောမြစ်ရေကဲ့သို့ ဩဇာလွှမ်းမိုးမှုဖြစ်လာနိုင်သည်။ ယနေ့

လူငယ်များ၊ သမ္မာကျမ်းစာကိုလက်ဖြင့်ကိုင်ဆောင်ပြီး ကြီးပြင်းလာသောလူငယ်တို့သည် အသက်ပေးသောစွမ်းအားကိုရရှိသောသူများ၊ ၎င်းကိုသူတစ်ပါးတို့အားမျှဝေသောသူများဖြစ်လာကြသည်။ လောကသားများအတွက်ကောင်းချီးစမ်းချောင်းအဖြစ်စီးဆင်းကြကာ၊ သူတို့၏သြဇာလွှမ်းမိုးမှုသည်ကျွန်ုပ်တို့ကြံစည်၍မရနိုင်လောက်အောင် သူတစ်ပါး၏အနာကိုငြိမ်းစေရန်နှင့်နှစ်သိမ့်ပေးရန် ထာဝရအသက်စမ်းရေပမာဖြစ်သည်။ {Ed 192.2}

***

# အခန်း ၂၁

# ဇီဝဗေဒကိုလေ့လာခြင်း

စိတ်နှင့်ဝိညာဉ်တို့ကို ခန္ဓာကိုယ်မှာပေါ်လွင်သည်ဖြစ်ရာ၊ စိတ်နှင့်ဝိညာဉ်ရေးတို့၏အားမာန်တို့သည် ကိုယ်ကာယခွန်အားနှင့်လှုပ်ရှားမှုအပေါ်တွင်ကြီးမားစွာမှီတည်နေသည်။ ကိုယ်ခန္ဓာကျန်းမာခြင်းကိုအားပေးသည့်အရာဟူသမျှသည် သန်မာသောစိတ်ကြီးထွားမှုနှင့် ကောင်းစွာချိန်ခွင်လျှာညီသောအကျင့်စာရိတ္တကိုအထောက်အကူပြုသည်။ ကျန်းမာရေးမကောင်းဘဲ၊ မည်သူကမျှမိမိကိုယ်တိုင်အပေါ်၌လည်းကောင်း၊ မိမိလူသားချင်းအပေါ်၌လည်းကောင်း၊ မိမိ၏ဖန်ဆင်းရှင်အပေါ်၌လည်းကောင်း၊ မိမိ၏တာဝန်ဝတ္တရားကိုခွဲခြားနားလည်နိုင်စွမ်းမရှိ၊ ပြည့်စုံစွာဖြည့်ဆည်းနိုင်ခြင်းလည်းမရှိချေ။ ထို့ကြောင့်ကျန်းမာရေးကိုအကျင့်စာရိတ္တကဲ့သို့ပင် သစ္စာရှိရှိစောင့်ရှောက်ရမည်။ သက်ရှိအကြောင်းလေ့လာခြင်းနှင့်တစ်ကိုယ်ရေကျန်းမာရေးကိုသိခြင်းသည် ပညာရေးဆိုင်ရာအားထုတ်မှုအားလုံး၏အခြေခံဖြစ်ရမည်။ {Ed 195.1}

ယခုအချိန်တွင်ဇီဝဗေဒနှင့်ဆိုင်သောအချက်များကို အကြမ်းဖျင်းနားလည်ကြသော်လည်း၊ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို ဥပေက္ခာပြုကြသည်မှာစိုးရိမ်ဖွယ်ဖြစ်သည်။ ဤစည်းမျဉ်းများကိုသိရှိသောသူများကပင်လျှင်၊ လက်တွေ့ကျင့်သုံးသူနည်းပါးသည်။ အသက်တာကိုတိကျပြီးမပြောင်းလဲသောနိယာမများကိုထိန်းချုပ်၍မဟုတ်ဘဲ၊ ကံတရားကထိန်းချုပ်နေသည့်အလား၊ လိုအင်ဆန္ဒသို့မဟုတ် ရတ်တရက်စိတ်ကူးများကိုမိုက်မိုက်မဲမဲလိုက်နေကြသည်။ {Ed 195.2}

လန်းဆန်းတက်ကြွနေသောအရွယ်တွင် လူငယ်တို့သည် မိမိတို့၏ပြည့်ဝသောခွန်အား၏တန်ဖိုးကို အနည်းငယ်သာသဘောပေါက်ကြသည်။ ရွှေထက်တန်ဖိုးကြီးသောဘဏ္ဍာ၊ ပညာ၊ ရာထူး၊ ချမ်းသာမှုထက်တိုးတက်

ရန်အတွက် သာ၍အရေးပါသောအရာကိုအလေးမထား၊ မဆင်မခြင်ဖြုန်းတီးကြလေပြီတကား။ ချမ်းသာခြင်း သို့မဟုတ် အာဏာအတွက်ကျန်းမာရေးကိုလျစ်လျူရှုသောသူများစွာတို့သည် မိမိတို့လိုချင်သည့်အရာကိုရရှိလုနီးနီးအချိန်တွင် ကျန်းမာရေးချို့ယွင်းလျက်ရှိနေချိန်တွင်၊ အခြားသောသူတို့မှာမူသာလွန်သောကိုယ်ကာယကြံ့ခိုင်မှုကိုပိုင်ဆိုင်ပြီး၊ လိုချင်သည့်ဆုလာဘ်ကိုအမိအရဆုပ်ကိုင်လိုက်ကြသည်တကား။ အနိဋ္ဌာရုံအခြေအနေများကြားမှ၊ ကျန်းမာရေးစည်းမျဉ်းများကို လျစ်လျူရှုခြင်း၏ရလဒ်သည် များစွာသောသူတို့ကို မကောင်းသောအကျင့်ဓလေ့သို့ပို့ဆောင်ပြီး၊ ဤလောကနှင့်နောင်လာမည့်ကမ္ဘာအတွက်မျှော်လင့်ချက်များကို စတေးကြရလေပြီ။ {Ed 195.3}

ဇီဝဗေဒကိုလေ့လာရာတွင်၊ ကျောင်းသားတို့အား ကိုယ်ကာယစွမ်းအား၏တန်ဖိုးကိုမြင်နိုင်ရန်သင်ပေးပါ။ ၎င်းသည်အသက်တာ၏ကြီးမားသောအခက်အခဲကို အမြင့်မားဆုံးအောင်နိုင်ရာတွင် ကူညီရန်မည်သို့ထိန်းသိမ်းတိုးတက်အောင်လုပ်နိုင်သည်ကိုသင်ပေးပါ။ {Ed 196.1}

ကလေးများအား ငယ်ရွယ်စဉ်ကပင်သက်ရှိအကြောင်းနှင့် တစ်ကိုယ်ရေကျန်းမာရေးအကြောင်း လွယ်ကူသောသင်ခန်းစာများကို ရိုးရှင်းစွာသင်ပေးရမည်။ ၎င်းအလုပ်ကို မိခင်သည်အိမ်၌စတင်သင်ပေးပြီး၊ ကျောင်း၌ဆက်လက်ပြီးသေသေချာချာသင်ပေးရမည်။ ကျောင်းသားများသည် အသက်ကြီးလာသောအခါ၊ မိမိတို့နေထိုင်သည့်အိမ်ကိုထိန်းသိမ်းလာနိုင်သည်တိုင်အောင်ဆက်လက်သင်ကြားမှုပေးရမည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏အားမာန်ကိုထိန်းသိမ်းခြင်းအားဖြင့် ရောဂါပိုးများကိုကာကွယ်နိုင်ကြောင်း အရေးကြီးမှုကိုသူတို့နားလည်ရမည်။ သာမန်ရောဂါများနှင့်မတော်တဆမှုများကို ကိုင်တွယ်ရမည့်နည်းများကိုလည်းသင်ပေးရမည်။ ကျောင်းတိုင်းသည် ဇီဝဗေဒနှင့်တစ်ကိုယ်ရေကျန်းမာရေးကိုသင်ပေးရမည်။ ဖြစ်နိုင်သရွေ့၊ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံ၊ ပြုစုပုံတို့ကိုရုပ်ပုံဖော်ပြပေးသည့်ပစ္စည်းပစ္စယများကိုစီစဉ်ပေးရမည်။ {Ed 196.2}

ဇီဝဗေဒလေ့လာရာတွင် အများအားဖြင့်မထည့်သွင်းသည့်အရာတချို့စဉ်းစားစရာရှိနေသည်။ ၎င်းတို့သည် နည်းစနစ်အရသင်ကြားနေကျအရာများထက်၊ ကျောင်းသားများအတွက်များစွာတန်ဖိုးကြီးလှသည်။ ဤပညာရပ်တွင် ပညာရေးအားလုံး၏အခြေခံနိယာမအဖြစ်၊ လူငယ်တို့အားသဘာဝတရား၏နိယာမများသည် ဘုရားသခင်၏ပညတ်ချက်များဖြစ်သည်ဟုသင်ပေးရမည်။ ကျွန်ုပ်တို့ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုဘုရားသခင်သည် အာရုံကြောများ၊ ကြွက်သားများ၊ ကိုယ်ခန္ဓာ၏အမျှင်များအပေါ်တွင် ရေးနှင့်ထားတော်မူပြီ။ ဤစည်းမျဉ်းများကိုဂရုမစိုက်ခြင်း၊ သို့မဟုတ် တမင်ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ကိုပြစ်မှားခြင်းပင်ဖြစ်သည်။ {Ed 196.3}

ထို့ကြောင့် ဤပညာရပ်လုံးစေ့ပတ်စေ့ကိုလက်ဆင့်ကမ်းရန်မှာ အလွန်လိုအပ်လှပေသည်။ အစားအစာ၊ ကာယလေ့ကျင့်ခန်း၊ ကလေးများကိုစောင့်ရှောက်ခြင်း၊ လူနာကိုပြုစုခြင်းနှင့် ထိုသို့သောအရာများစွာတို့တွင် တစ်ကိုယ်ရေကျန်းမာရေးစည်းမျဉ်းများကို ကျင့်သုံးရာတွင်၊ အထူးဂရုစိုက်၍သင်ပေးရမည်။ {Ed 197.1}

ကိုယ်ခန္ဓာအပေါ်စိတ်၏ဩဇာသက်ရောက်မှု၊ စိတ်အပေါ်ကိုယ်ခန္ဓာ၏ဩဇာသက်ရောက်မှုတို့ကို အလေးထားရမည်။ စိတ်၏လှုပ်ရှားမှုကလှုံ့ဆော်ပေးသောဦးနှောက်၏လျှပ်စစ်စွမ်းအားသည် ကိုယ်ခန္ဓာတစ်ခုလုံးကိုတက်ကြွစေပြီး၊ ရောဂါပိုးကိုခုခံရာတွင် တန်ဖိုးမဖြတ်နိုင်သော အထောက်အပံ့ကိုပေးသည်။ ဤအရာကိုရှင်းပြရမည်။ စိတ်၏တန်ခိုးစွမ်းအားနှင့်မိမိကိုယ်ကိုချုပ်ထိန်းမှုတို့သည် ကျန်းမာရေးကိုနာလန်ထူရန်နှင့်ထိန်းသိမ်းရန်၊ စိတ်ဓာတ်ကျခြင်းနှင့်ဒေါသ၊ မတင်းတိမ်မှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ မစင်ကြယ်မှုတို့၏ဆိုးကျိုးများကိုပင် ထိန်းသိမ်းပေးနိုင်သည်။ အခြားတစ်ဖက်တွင် အသက်ကိုပေးသောအံ့ဖွယ်တန်ခိုးစွမ်းအားကိုရွှင်လန်းတက်ကြွမှု၊ ကိုယ်ကျိုးမဖက်မှု၊ ကျေးဇူးတင်ခြင်းတို့၌တွေ့ရှိနိုင်ကြောင်းကိုလည်းပြသပါ။ {Ed 197.2}

သမ္မာကျမ်းစာထဲမှ ကျွန်ုပ်တို့စဉ်းစားရမည့်သက်ရှိအကြောင်း လေ့လာခြင်းနှင့်ဆိုင်သောအမှန်တရားရှိနေသည်။ "စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။" သုတ္တံကျမ်း ၁၇း၂၂။ {Ed 197.3}

ဘုရားသခင်သည် "ငါ့ပညတ်တို့ကိုသင်၏နှလုံးစောင့်ရှောက်ပါစေ။ အကြောင်းမူကား၊ ပညတ်တရားသည်အသက်တာရှည်သောကာလနှစ်ပေါင်း များကိုလည်းကောင်း၊ ငြိမ်ဝပ်ခြင်းကိုလည်းကောင်း၊ တိုးပွားစေလိမ့်မည်။" "ထိုတရားစကားကို တွေ့ရသောသူတို့သည် အသက်ရှင်ခြင်း၊ တစ်ကိုယ်လုံး ကျန်းမာခြင်းအကြောင်းကိုတွေ့ရပြီ" ဟု မိန့်တော်မူသည်။ သမ္မာကျမ်းစာသည် "သာယာသောစကားတို့သည်.... စိတ်ဝိညာဉ်၌ချိုမြိန်" သည်ဟူ၍သာမဖော်ပြဘဲ၊ "ကိုယ်အရိုးကိုကျန်းမာစေလျက်ရှိကြ၏" ဟု ဆိုထားသည်။ သုတ္တံကျမ်း ၃း၁၊၂၊ ၄း၂၂၊ ၁၆း၂၄။ {Ed 197.4}

ဘုရားသခင်သည် "အသက်စမ်းရေတွင်း" (ဆာလံ ၃၆း၉) ဖြစ်တော်မူသည်ဟူသော သမ္မာကျမ်းစာ၏နက်နဲသောသမ္မာတရားကို လူငယ်များနားလည်ရန်လိုအပ်သည်။ ကိုယ်တော်သည်အရာခပ်သိမ်းကိုဖန်ဆင်းသည်သာမက၊ သက်ရှိအားလုံး၏အသက်ဖြစ်တော်မူသည်။ နေရောင်ခြည်၊ သန့်ရှင်းလတ်ဆတ်သောလေ၊ ကျွန်ုပ်တို့ကိုယ်ခန္ဓာကိုတည်ဆောက်၍ ခွန်အားပေးသောအစားအစာတို့မှ ကျွန်ုပ်တို့ရရှိသောအရာမှာ ကိုယ်တော်၏အသက်ပင်ဖြစ်သည်။ ကိုယ်တော်၏အသက်ကြောင့် ကျွန်ုပ်တို့သည်အချိန်တိုင်း၊ နာရီတိုင်းတည်ရှိနေခြင်းဖြစ်သည်။ အပြစ်တရားကသွေဖည်သည်မှလွဲ၍၊ ကိုယ်တော်၏ဆုကျေးဇူးအားလုံးသည် အသက်၊ ကျန်းမာရေးနှင့်ဝမ်းမြောက်ခြင်းတို့ကိုဖြစ်စေသည်။ {Ed 197.5}

"ခပ်သိမ်းသောအရာတို့ကို မိမိတို့အချိန်တန်မှ၊ လျောက်ပတ်စွာဖန်ဆင်းတော်မူပြီ။" ဒေသနာကျမ်း ၃း၁၁။ စစ်မှန်သောအလှအပသည် ရုပ်ပျက်သွားသည့်ဘုရားသခင်၏လက်ရာ၌မဟုတ်ဘဲ၊ အရာရာကိုဖန်ဆင်း၍

ယင်းတို့၏ တင့်တယ်မှုနှင့်ပြည့်စုံမှုတို့၌ ပျော်ရွှင်ကြည်နူးတော်မူသော ကိုယ်တော်၏ပညတ်ချက်များနှင့် ကိုက်ညီအောင်နေထိုင်ခြင်းဖြင့် လုံခြုံစိတ်ချစေနိုင်မည်။ {Ed 198.1}

ကိုယ်ခန္ဓာ၏စက်ယန္တရားကိုလေ့လာရာတွင်၊ ၎င်း၏အဲ့ဖွယ်ပတ်ဝန်းကျင်နှင့်ဆီလျော်အောင်စီစဉ်ပေးခြင်း၊ ကိုယ်အင်္ဂါများတစ်ခုနှင့်တစ်ခု သဟဇာတဖြစ်၍၊ မှီခိုနေကြခြင်းတို့ကိုအာရုံစိုက်လေ့လာရမည်။ ကျောင်းသား၏စိတ်ဝင်စားမှုနိုးထလာ၍၊ ကိုယ်ခန္ဓာလေ့ကျင့်ဖွံ့ဖြိုးမှု၏အရေးကြီးမှုကိုသိမြင်လာသောအခါ၊ ဆရာသမားသည် ကျောင်းသား၏မှန်ကန်သောတိုးတက်မှုနှင့်အကျင့်ဓလေ့များစိတ်ချရစေရန် များစွာလုပ်ဆောင်နိုင်သည်။ {Ed 198.2}

အလျင်ဦးဆုံးရည်ရွယ်လုပ်ဆောင်ရမည့်အရာတစ်ခုမှာ ထိုင်သည့်အခါဖြစ်စေ၊ မတ်တတ်ရပ်သည့်အခါဖြစ်စေ၊ မှန်ကန်သောအနေအထားရှိရန်ဖြစ်သည်။ ဘုရားသခင်သည်လူကိုတည့်မတ်နေအောင် ဖန်ဆင်းတော်မူခဲ့သည်။ လူကိုယ်ခန္ဓာကိုသာပိုင်ဆိုင်ရန်မဟုတ်ဘဲ၊ စိတ်နှင့်ကိုယ်ကျင့်တရားကောင်းမှု၊ သိမ်မွေ့ခြင်းနှင့်သိက္ခာတရားရှိခြင်း၊ တည့်မတ်သည့်အနေအထားကို ကြီးမားစွာအထောက်အကူပြုသောသတ္တိနှင့် မိမိကိုယ်ကိုအားကိုးခြင်းတို့ကိုလည်း ပိုင်ဆိုင်ရန် ကိုယ်တော်အလိုတော်ရှိသည်။ ဆရာသမားသည်ပုံစံနမူနာပြခြင်းဖြင့်လည်းကောင်း၊ စည်းကမ်းများဖြင့်လည်းကောင်း ဤအချက်ကို သင်ပေးရမည်။ မှန်ကန်သောအနေအထားကိုပြသပြီး၊ ၎င်းကိုထိန်းသိမ်းရန် ခိုင်ခိုင်မာမာပြောရမည်။ {Ed 198.3}

မှန်ကန်သောကိုယ်ဟန်အနေအထားပြီးနောက် အရေးကြီးသောအရာမှာ အသက်ရှူခြင်းနှင့်အသံကိုလေ့ကျင့်ဖွံ့ဖြိုးအောင်လုပ်ခြင်းဖြစ်သည်။ တည့်မတ်စွာထိုင်သူ၊ မတ်တတ်ရပ်သူသည် အခြားသူများထက်ကောင်းကောင်းအသက်ရှူနိုင်သည်။ သို့သော် ဆရာသည်ကျောင်းသားများကို အသက်ပြင်းပြင်းရှူခြင်း၏ အရေးကြီးမှုကိုစွဲမှတ်စေရမည်။ အသက်ရှူအင်္ဂါ

များကောင်းမွန်စွာလှုပ်ရှားမှုသည် သွေးလည်ပတ်မှုကိုအထောက်အကူပြုကြောင်း၊ ခန္ဓာကိုယ်တစ်ခုလုံးကိုအားတိုးစေကြောင်း၊ စားချင်စိတ်ကိုဖြစ်စေကြောင်း၊ အစာခြေခြင်းကိုအားပေးကြောင်း၊ အိပ်ပျော်စေကြောင်း၊ ကိုယ်ခန္ဓာကိုလန်းဆန်းစေသည်သာမက၊ စိတ်ကိုသက်သာစေ၍ ငြိမ်သက်စေကြောင်းစသည်တို့ကို သူတို့အားပြပါ။ အသက်ပြင်းပြင်းရှူခြင်း၏အရေးပါမှုကိုပြသစဉ်တွင်၊ အသက်ရှူလေ့ကျင့်ခန်းကိုပါသင်ပေးပါ။ ပြင်းပြင်းအသက်ရှူခြင်းကိုအားပေးသည့်လေ့ကျင့်ခန်းများကိုပြုလုပ်စေပါ။ ထို့နောက်အလေ့အကျင့်ရသွားအောင်သင်ပေးပါ။ {Ed 198.4}

အသံကိုလေ့ကျင့်ခြင်းသည် ကိုယ်ကာယလေ့ကျင့်ဖွံ့ဖြိုးမှုအတွက် အရေးပါသောနေရာတွင်ပါဝင်သည်။ ၎င်းသည်အဆုတ်ကိုကျယ်လာစေပြီး သန်မာစေသည့်အတွက် ရောဂါပိုးကိုကာကွယ်နိုင်သည်။ မှန်ကန်သောနည်းဖြင့်အသံထွက်စာဖတ်ခြင်းနှင့် စကားပြောခြင်းကိုလေ့ကျင့်ပါ။ ထိုသို့ဖြင့် ဝမ်းဗိုက်ကြွက်သားတို့သည် အသက်ရှူရာတွင် လှုပ်ရှားကြပြီး၊ အသက်ရှူအင်္ဂါများသည်လည်းလွတ်လပ်စွာလှုပ်ရှားကြသည်။ လည်ချောင်းကြွက်သားများထက်ဝမ်းဗိုက်ကြွက်သားများကိုအားစိုက်စေပါ။ ကြီးစွာသောပင်ပန်းခြင်း၊ ပြင်းထန်သောလည်ချောင်းနှင့်အဆုတ်ရောဂါစသည်တို့ကို ကာကွယ်ပေးသည်။ စကားကိုမြန်မြန်မပြောဘဲ၊ ရှင်းလင်းချောမွေ့ပြီး၊ အတိုးအကျယ်ပြောင်းပြီး ပြောဆိုရန်ဂရုပြုပါ။ ဤအရာသည် ကျန်းမာရေးကိုအားပေးသည်သာမက၊ ကျောင်းသားများ၏အလုပ်ကျွမ်းကျင်မှုကို များစွာတိုးစေလိမ့်မည်။ {Ed 199.1}

ဤအရာများကိုသင်ပေးရာတွင် မလှုပ်သာအောင်တင်းကျပ်သောဝတ်စားဆင်ယင်မှု၏မိုက်မဲဆိုးသွမ်းမှုကိုပြသရန်အတွက် အခွင့်ကောင်းကိုရှာဖွေရမည်။ ကျန်းမာရေးနှင့်မညီညွတ်သောအဝတ်အစားများကြောင့် မဆုံးနိုင်လောက်အောင်ပင်ရောဂါရနေရသည်။ ထို့ကြောင့် ဤအချက်ကို ဂရုတစိုက်ညွှန်ကြားချက်ပေးရမည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ချုံ့သွားအောင် ဖိကပ်သောအဝတ်အစား ဝတ်ဆင်ခြင်း၏အန္တရာယ်ကို

ကျောင်းသားများ၏စိတ်ထဲတွင်စွဲမှတ်စေပါ။ လွတ်လွတ်လပ်လပ်အသက်ရှူနိုင်ပြီး၊ လက်ကိုခေါင်းပေါ်အခက်အခဲမရှိမြှောက်နိုင်အောင် ချောင်လည်သည့်အဝတ်အစားများကို ဝတ်ဆင်ရမည်။ အဆုတ်ကိုကျဉ်းကျုတ်စေခြင်းသည် အဆုတ်ကြီးထွားမှုကိုဟန့်တားသည်သာမက၊ အစာခြေခြင်းနှင့်သွေးလည်ပတ်မှုကိုနှောင့်ယှက်သောကြောင့်၊ ကိုယ်ခန္ဓာတစ်ခုလုံးကိုအားနည်းစေသည်။ ထိုသို့သောအလေ့အကျင့်များသည် ကိုယ်ခန္ဓာနှင့်စိတ်စွမ်းအားတို့ကိုလျော့နည်းစေသည်။ ထို့ကြောင့် ယင်းသည်ကျောင်းသား၏တိုးတက်မှုနှင့်အောင်မြင်မှုတို့ကို အဟန့်အတားဖြစ်စေသည်။ {Ed 199.2}

တစ်ကိုယ်ရေကျန်းမာရေးကိုလေ့လာရာတွင် စိတ်အားထက်သန်သောဆရာသမားသည် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုတို့၏လိုအပ်ချက်ကိုပြသရန် အခွင့်အရေးအားလုံးကို အသုံးချသွားလိမ့်မည်။ ကျန်းမာရေးကိုအားပေးရာနှင့်စိတ်၏လုပ်ဆောင်ချက်ကို လှုံ့ဆော်ရာတို့တွင်နေ့စဉ်ရေချိုးခြင်း၏တန်ဖိုးကို အလေးပေးပြောရမည်။ အိပ်ခန်းနှင့်မီးဖိုချောင်တို့တွင် နေရောင်ခြည်ရရှိရန်နှင့်လေဝင်လေထွက်ကောင်းရန်ကိုလည်း ဂရုစိုက်ပါ။ ကျန်းမာရေးနှင့်ညီညွတ်သောအိပ်ခန်း၊ သန့်ရှင်းသောမီးဖိုချောင်နှင့်အရသာပြည့်ပြီး ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာတို့သည် မိသားစု၏ပျော်ရွှင်မှုကိုစိတ်ချရစေကြောင်းနှင့် အခန်းထဲ၌ရှိသောတန်ဖိုးကြီးအိမ်ထောင်ပရိဘောဂများထက် ဧည့်သည်များကိုဆွဲဆောင်မှုရှိကြောင်းတို့ကိုကျောင်းသားများအားသင်ပေးပါ။ "အစာထက်အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော" (လုကာ ၁၂း၂၃) ဟူသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ရှစ်ရာက ယေရှုမိန့်တော်မူစဉ်ကကဲ့သို့ပင် ယခုတွင်လည်းလိုအပ်သောသင်ခန်းစာဖြစ်သည်။ {Ed 200.1}

ဇီဝဗေဒဆိုင်ရာဘာသာရပ်ကို လေ့လာသောကျောင်းသားအား သူ့သင်ကြားမှု၏ရည်ရွယ်ချက်မှာ အချက်အလက်များနှင့်နိယာမများကိုသိရှိရန်သာမဟုတ်ကြောင်းကိုသင်ပေးရမည်။ ဤအရာတစ်ခုတည်းသည် အကျိုးအနည်း

ငယ်သာပေးလိမ့်မည်။ သူသည်လေဝင်လေထွက်ကောင်းခြင်း၏အရေးကြီး ကြောင်းကိုနားလည်ပြီး မိမိအခန်းကိုသန့်ရှင်းသောလေများဝင်စေနိုင်သည်။ သို့သော် သူသည်မိမိအဆုတ်တွင် လေကိုကောင်းကောင်းမရှူသွင်းလျှင်၊ အသက် ရှူခြင်းပြဿနာကိုခံစားရနိုင်သည်။ ထို့ကြောင့် သန့်ရှင်းခြင်းအရေးကြီးမှုကို နားလည်၍ လိုအပ်သောအရာများကိုဖြည့်စွက်နိုင်ပေသည်။ သို့သော် ယင်းတို့အားလုံးကိုအသုံးမပြုလျှင် အကြောင်းထူးမည်မဟုတ်ချေ။ ဤအခြေခံ စည်းမျဉ်းများကိုသင်ပေးရာတွင် မဟာလိုအပ်ချက်မှာ ယင်းတို့၏အရေးကြီးမှုကို ကျောင်းသားကစိတ်ထဲစွဲမှတ်စေပါ။ ထိုအခါသူသည် အသိနိုး ကြားစွာ ယင်းတို့ကိုကျင့်သုံးလိမ့်မည်။ {Ed 200.2}

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုဂရု စိုက်တော်မူကြောင်းနှင့် ယင်းတို့ကိုအကောင်းဆုံးအခြေအနေ၌ထိန်းသိမ်းရန် ဖြစ်ကြောင်းကို နှုတ်ကပတ်တော်တွင်လှပစွာပုံဖေါ်ထားသည်။ "သင်တို့ကိုယ် ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်း ကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြ သလော။" "အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏၊ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည်သန့်ရှင်း ရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။" ၁ကော၊ ၆း၁၉၊ ၃း၁၇။ {Ed 200.3}

ကိုယ်ခန္ဓာသည် ဘုရားသခင်ကိန်းဝပ်လိုတော်မူသည့်ဗိမာန် တော်ဖြစ်ကြောင်း၊ သန့်ရှင်းစွာစောင့်ရှောက်ပြီးမြင့်မြတ်သောအတွေးအခေါ် များရှိနေရမည့်နေရာဖြစ်ကြောင်းဟူသောအတွေးမျိုးကို ကျောင်းသားများအား စွဲမှတ်စေရမည်။ သက်ရှိများအကြောင်းကိုလေ့လာရာတွင်၊ သူတို့သည် "ကြောက်မက်ဖွယ်ကောင်းသောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်။" (ဆာလံ ၁၃၉း၁၄) ကိုသိမြင်လာသောအခါ၊ သူတို့သည်

ကြည်ညိုခြင်းရှိလာကြမည်။ ဘုရားသခင်၏လက်ရာကို ရုပ်ပျက်စေမည့်အစား၊ ဖန်ဆင်းရှင်၏ကြီးကျယ်ခမ်းနားသောအစီအစဉ်ကို ပြည့်စုံစေရန်အလို့ငှါ၊ တတ်နိုင်သမျှ မိမိတို့ကိုယ်ကိုထိန်းသိမ်းရန် ရည်မှန်းချက်ထားလာကြလိမ့်မည်။ ထို့ကြောင့် သူတို့သည်ကျန်းမာရေးစည်းမျဉ်းများကို လိုက်လျှောက်ခြင်းသည် အနစ်နာခံစွန့်လွှတ်ခြင်းအရာကဲ့သို့မမှတ်ဘဲ၊ မမျှော်မှန်းနိုင်သောအခွင့်အရေးများနှင့် ကောင်းချီးဖြစ်ကြောင်းကိုသိလာကြမည်။ {Ed 201.1}

***

# အခန်း ၂၂

# ချုပ်တည်းခြင်းနှင့် အာဟာရဗေဒ

ကျောင်းသားတိုင်းသည် ရိုးရိုးနေထိုင်ခြင်းနှင့်မြင့်မြင့်တွေးခေါ်ခြင်းတို့၏ဆက်စပ်မှုကိုနားလည်ရန်လိုအပ်သည်။ ကျွန်ုပ်တို့၏အသက်တာကိုစိတ်ဖြင့်ထိန်းချုပ်မည်လော၊ သို့မဟုတ် ကိုယ်ခန္ဓာဖြင့်ထိန်းချုပ်မည်လောဟူသောအမေးကိုဆုံးဖြတ်ရန် လူတစ်ဦးချင်းစီအပေါ်၌တည်သည်။ လူငယ်တစ်ဦးချင်းစီသည် မိမိအသက်တာကိုပုံသွင်းမည့်အရာကို မိမိကိုယ်တိုင်အတွက်ရွေးချယ်ရမည်။ သူကြုံတွေ့ရမည့်အခက်အခဲများနှင့်စာရိတ္တနှင့်ကြမ္မာကိုပုံသွင်းပေးသောအရာများကိုနားလည်ရန် အားထုတ်ရမည်။ {Ed 202.1}

ချုပ်တည်းမှုမရှိခြင်းသည် လူတိုင်းသတိထားအပ်သည့်ရန်သူဖြစ်သည်။ ဤကြောက်မက်ဖွယ်မကောင်းမှုအလျင်အမြန်ပွားများမှုသည် ၎င်းကိုတိုက်ခိုက်ရမည်ဟူသောအသိကို မိမိတို့လူသားမျိုးနွယ်ကိုချစ်သောသူတိုင်းအားလှုပ်နိုးစေရမည်။ ကျောင်းများတွင်ချုပ်တည်းခြင်းအကြောင်းကိုလက်တွေ့သင်ကြားပေးခြင်းသည် မှန်ကန်သောလမ်းကြောင်းကို ဦးတည်နေခြင်းဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ သင်ကြားမှုကိုကျောင်းတိုင်း၊ အိမ်တိုင်းတွင်ပေးရမည်။ လူငယ်များနှင့်ကလေးများသည်အရက်၊ ဆေးရွက်ကြီးနှင့်ကိုယ်ခန္ဓာကိုဖျက်ဆီးပြီး၊ စိတ်ကိုထိုင်းမှိုင်းစေကာ၊ စိတ်ရမ္မက်ကိုနိုးထစေသည့်အခြားသောအလားတူအဆိပ်များအကျိုးဆက်ကိုနားလည်ကြရမည်။ ဤအရာကိုသုံးစွဲသူမည်သူမျှ ကိုယ်ခန္ဓာနှင့်စိတ်စွမ်းအင်အပြည့်နှင့်ကိုယ်ကျင့်ပါရမီတို့ကိုပိုင်ဆိုင်၍မရနိုင်ပါ။ {Ed 202.2}

သို့သော်ချုပ်တည်းမှုမရှိခြင်း၏အရင်းအမြစ်ကိုရောက်ရှိရန် အရက်၊ ဆေးရွက်ကြီးသုံးစွဲမှုထက်သာ၍နက်အောင် ကျွန်ုပ်တို့သွားရမည်။ ပျင်းရိခြင်း၊ ရည်မှန်းချက်ကင်းမဲ့ခြင်း၊ သို့မဟုတ် မကောင်းသောအပေါင်းအသင်းတို့သည် မချုပ်တည်းမှု၏အကြောင်းရင်းဖြစ်နိုင်သည်။ မိမိတို့ကိုယ်ကိုတင်းကျပ်စွာ ချုပ်တည်းသောမိသားစုများ၏အထဲ၌ပင် မကြာမကြာတွေ့ရှိရသည်။ အစာ ချေချက်ခြင်းကိုစနစ်မကျစေသောအရာ၊ လွန်ကဲသောစိတ်လှုပ်ရှားမှုကိုဖြစ်စေသောအရာ၊ ကိုယ်ခန္ဓာစနစ်ကိုအားနည်းစေသောအရာ၊ စိတ်စွမ်းအားနှင့် ကိုယ်ခန္ဓာစွမ်းအားတို့၏ချိန်ခွင်လျှာကို နှောင့်ယှက်သောအရာဟူသမျှသည် စိတ်သည်ကိုယ်ခန္ဓာကိုထိန်းချုပ်ရာတွင်အားနည်းစေပြီး၊ မချုပ်တည်းမှုသို့ ပို့ဆောင်ပေးသည်။ အလားအလာရှိသည့် မြောက်မြားစွာသောလူငယ်တို့၏ ကျရှုံးခြင်းကို ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများကို အာသာငမ်းငမ်း ရှိနေခြင်း၌တွေ့ရှိရသည်။ {Ed 202.2}

လက်ဖက်ရည်နှင့်ကော်ဖီ၊ အစားအစာ၌ထည့်သောအစာပလာများ၊ မုန့်များ၊ သရေစာများအားလုံးသည် အစာချေချက်ခြင်းကိုအနှောင့်အယှက် ဖြစ်စေသည်။ အသားသည်လည်းအန္တရာယ်ရှိသည်။ ၎င်း၏သဘာဝ အလျောက်လှုံ့ဆော်ပေးသောအကျိုးသက်ရောက်မှုပင်လျှင် ၎င်းကိုသုံးစွဲခြင်း နှင့်ဆိုင်၍ငြင်းခုံရန်လုံလောက်နေပေသည်။ နေရာအနှံ့နီးပါး၌ တိရစ္ဆာန်များ ရောဂါဖြစ်နေခြင်းသည် ပို၍ပင်မနှစ်မြို့စရာဖြစ်စေသည်။ ၎င်းသည်အာရုံ ကြောများကို နှောင့်ယှက်ပြီး၊ ကာမစိတ်ကိုနိုးဆွပေးသောကြောင့် စွမ်းအား များချိန်ခွင်လျှာမျှတခြင်းကို နိမ့်ကျစေသည်။ {Ed 203.1}

အဆီအအိမ့်နှင့် အားကြွစေသောအစားအစာကို စားနေကျသူတို့သည် နောက်ပိုင်းတွင်ရိုးရိုးအစာဖြင့်မတင်းတိမ်ကြတော့ချေ။ သူတို့သည် ကြာလေ အချိုမုန့်များများ၊ ဟင်းခတ်အမွှေးအကြိုင်များများ၊ အားကြွစေသောအစာ များများကိုပို၍ပို၍စားလာကြသည်။ အာရုံကြောများသည် ကမောက်ကမဖြစ်၍၊ ကိုယ်ခန္ဓာစနစ်သည်အားနည်းလာသောအခါ၊ သဘာဝမဟုတ်သောအာသာ

ပြင်းပြခြင်းကိုခုခံရန် စိတ်သည်တန်ခိုးလျော့လာသည်။ စိတ်ကြွစေသောအစာများမစားသောအခါ၊ နူးညံ့သောအစာအိမ်အတွင်းပိုင်းသည် ယင်းတို့ကိုတောင့်တလာသည်။ ရေငတ်မှုကိုလည်း အရက်စသည်များကသာပြေစေသည်အထိဖြစ်လာသည်။ {Ed 203.2}

မကောင်းမှုကို အစကတည်းကသတိထားရမည်။ လူငယ်များကိုသင်ကြားပေးရာတွင် မှန်ကန်သောလမ်းကြောင်းမှ အနည်းငယ်လမ်းလွဲခြင်း၏အကျိုးဆက်ကိုရှင်းလင်းစွာပြသရမည်။ သဘာဝမဟုတ်သည့် စိတ်နိုးကြွစေသောအစာများစားလိုစိတ်ကို ကာကွယ်ရာတွင် ရိုးရိုးနှင့်ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာ၏တန်ဖိုးကို ကျောင်းသားတို့အားသင်ပေးရမည်။ မိမိကိုယ်ကိုထိန်းချုပ်နိုင်မှုကို ငယ်စဉ်ကပင်ကျင့်သားရစေပါ။ သူတို့သည်ကျွန်များမဟုတ်၊ သခင်များဖြစ်သည်ဟူသောအတွေးကို လူငယ်တို့အားစွဲမှတ်စေပါ။ သူတို့ကိုယ်ကိုသူတို့အုပ်ချုပ်ရန် ဘုရားသခင်သည်သူတို့ကိုဖန်ဆင်းတော်မူသည်ဖြစ်ရာ၊ ဘုရားပေးအခွင့်အာဏာကိုအသုံးပြုရမည်။ ထိုသို့သောညွှန်ကြားမှုကိုသစ္စာရှိစွာညွှန်ကြားပေးမည်ဆိုလျှင်၊ ရလဒ်သည်သူတို့၌သာမက၊ အခြားသူများကိုပင်လျှင်အကျိုးပြုလိမ့်မည်။ ၎င်း၏အရှိန်သြဇာသည်ပျက်စီးခြင်းနှုတ်ခမ်းဝသို့ရောက်နေသည့်ထောင်ပေါင်းများစွာသော ယောကျ်ားမိန်းမတို့ကိုကယ်တင်ရန် ရောက်ရှိသွားလိမ့်မည်။ {Ed 203.3}

## *အစားအစာနှင့်စိတ်ကြီးထွားမှု*

အစားအစာနှင့်အသိဉာဏ်ကြီးထွားမှုတို့၏ဆက်စပ်မှုကို သာ၍အလေးပေးရမည်။ စိတ်ရှုပ်ထွေးခြင်းနှင့်ထိုင်းမှိုင်းခြင်းတို့သည် အစားအစာများကျန်းမာရေးနှင့်မညီညွတ်ခြင်း၏ရလဒ်ကြောင့်ပင် မကြာခဏဖြစ်နေတတ်သည်။ {Ed 204.1}

အစားအစာကိုရွေးချယ်ရာတွင် အစာစားချင်စိတ်သည် စိတ်ချရသောအညွှန်းမကြာခဏအကြံပြုတတ်ကြသည်။ အကယ်၍ ကျန်းမာရေး

စည်းမျဉ်းများကို အမြဲလိုက်နာနေမည်ဆိုလျှင်၊ ဤအချက်သည်မှန်ကန်ပေလိမ့်မည်။ သို့သော် မကောင်းသောအကျင့်ကိုမျိုးစဉ်အဆက်ဆက်ကျင့်နေခဲ့မည်ဆိုလျှင်၊ စားချင်စိတ်သည်အလွန်ပင်ပျက်ပြားနေပြီဖြစ်သောကြောင့်၊ ကျန်းမာရေးကိုထိခိုက်စေသောအစာတချို့ကို အမြဲတောင့်တနေပေမည်။ ထို့ကြောင့် အစာစားချင်စိတ်ကိုလမ်းပြအဖြစ် ယခုတွင်မူစိတ်ချ၍မရတော့ချေ။ {Ed 204.2}

တစ်ကိုယ်ရေကျန်းမာခြင်းကို သင်ကြားရာတွင်၊ ကျောင်းသားများအားအစားအစာအမျိုးမျိုး၏ အာဟာရတန်ဖိုးကိုသင်ပေးရမည်။ အဆီအနှစ်ဖြစ်သောအစာ၊ လုံ့ဆော်သောအစာများ၊ အာဟာရချို့တဲ့သောအစားအစာများ၏အကျိုးဆက်ကိုရှင်းပြရမည်။ လက်ဖက်ရည်နှင့်ကော်ဖီ၊ ပေါင်မုန့်ဖြူ၊ သနပ်တည်အစာများ၊ အညှံ့စားဟင်းသီးဟင်းရွက်များ၊ သကြားလုံးများ၊ ဟင်းခတ်အစာပလာများ၊ ပါးစ်ထရီမုန့်တို့တွင် အာဟာရမပြည့်ဝချေ။ ယင်းအစာများကိုစားသုံးခြင်းဖြင့် များစွာသောကျောင်းသားများကျန်းမာရေးချို့တဲ့ရသည်။ များစွာသောညက်နေသည့်ကလေးများ စိတ်၊ သို့မဟုတ် ကိုယ်ခန္ဓာတို့သည် သွက်လက်မှုမရှိသောကလေးများသည် အာဟာရကင်းသောအစာ၏သားကောင်များဖြစ်ကြသည်။ ဂျုံစပါး၊ သစ်သီးများ၊ အခွံမာအသီးများ၊ ဟင်းသီးဟင်းရွက်တို့ကို စနစ်တကျရောစပ်ခြင်းသည် အာဟာရအစုံအလင်ပါရှိသည်။ ယင်းတို့ကို စနစ်တကျချက်ပြုတ်သောအခါ၊ ကိုယ်ကာယနှင့်စိတ်တို့၏ ခွန်အားကိုမြှင့်တင်ပေးသောအစာကိုရရှိသည်။ {Ed 204.3}

အစားအစာ၏ဂုဏ်သတ္တိတစ်ခုသာမဟုတ်ဘဲ စားသုံးသူ၏လက်ခံနိုင်မှုကိုလည်းထည့်စဉ်းစားရန်လိုအပ်သည်။ ကာယလုပ်သားများမကြာမကြာစားနေကျအစာများကို ဉာဏလုပ်သားများကရှောင်ကြဉ်ရမည်။ အစားအစာစနစ်တကျရောစပ်မှုကိုလည်း အလေးထားရမည်။ ဦးနှောက်ကိုအသုံးပြုပြီးအလုပ်လုပ်သူများနှင့်အထိုင်များများအလုပ်လုပ်သူတို့သည် တစ်ကြိမ်ထဲ၌အစာအမည်နည်းနည်းသာစားရမည်။ {Ed 205.1}

ကျန်းမာရေးအတွက် အကောင်းဆုံးသောအစာကိုအလွန်အကျွံစားခြင်းကိုရှောင်ကြဉ်ရမည်။ သဘာဝတရားသည် ကိုယ်အင်္ဂါအမျိုးမျိုးတို့ဆောက်တည်ရန်အတွက် လိုအပ်သည်ထက်ပို၍အသုံးမပြုနိုင်ချေ။ ယင်းအပိုအလျှံတို့သည် ကိုယ်ခန္ဓာစနစ်ကိုပိတ်ဆို့သည်။ ကျောင်းသားအမြောက်အမြားသည် အလွန်အကျွံစာဖတ်သောကြောင့် ကျန်းမာရေးချို့တဲ့သည်ဟုယူဆကြသော်လည်း၊ အကြောင်းရင်းအမှန်မှာ အလွန်အကျွံအစာစားခြင်းကြောင့်ဖြစ်သည်။ ကျန်းမာခြင်းစည်းမျဉ်းများကို စနစ်တကျလိုက်နာစဉ်တွင် စိတ်အလွန်ပင်ပန်းခြင်းခံရမည့်အန္တရာယ်မရှိသလောက်ပင်ဖြစ်သည်။ စိတ်ပိုင်းကောင်းစွာအလုပ်မလုပ်ဟုခေါ်သောပြဿနာများစွာသည် ကိုယ်ခန္ဓာကိုပင်ပန်းစေပြီး၊ စိတ်ကိုအားနည်းစေသည့်အစာအိမ်အလွန်အကျွံ ပြည့်အင့်နေခြင်းကြောင့်ဖြစ်သည်။ {Ed 205.2}

အခြေအနေအများစုတွင် တစ်နေ့နှစ်ကြိမ်အစာစားခြင်းသည် သုံးကြိမ်စားခြင်းထက်ပိုမိုသင့်လျော်သည်။ ညစာကိုစောစောစားခြင်းသည် အလျင်စားသောအစာချေချက်ခြင်းကို အနှောင့်အယှက်ဖြစ်စေသည်။ နောက်ကျစားပါကလည်း၊ အိပ်ရာမဝင်မီအစာမကြေချေ၊ ထို့ကြောင့် အစာအိမ်သည်ကောင်းစွာအနားမရဖြစ်ရသည်။ ကောင်းစွာအိပ်မပျော်ဘဲ၊ ဦးနှောက်နှင့်အာရုံကြောတို့သည်နွမ်းနယ်မှုဖြစ်ရပြီး၊ နံနက်စာကိုလည်းစားချင်စိတ်မရှိဖြစ်ရကာ၊ ကိုယ်ခန္ဓာစနစ်တစ်ခုလုံးသည် မလန်းမဆန်းဖြင့်တစ်နေ့တာလုပ်ငန်းအတွက် အဆင်သင့်မဖြစ်တော့ချေ။ {Ed 205.3}

အချိန်မှန်မှန်စားခြင်းနှင့်အိပ်ခြင်း၏အရေးကြီးမှုကို လျစ်လျူမရှုရပေ။ ကိုယ်ခန္ဓာတည်ဆောက်ခြင်းအလုပ်ကို အနားယူသည့်အချိန်အတွင်းလုပ်ဆောင်သည်ဖြစ်ရာ၊ အထူးသဖြင့်လူငယ်တို့သည် အချိန်မှန်မှန်နှင့်အိပ်ရေးဝဝအိပ်ရန်အရေးကြီးသည်။ {Ed 205.4}

တတ်နိုင်သမျှအစာမြန်မြန်စားခြင်းကိုရှောင်ကြဉ်ရမည်။ အစာစားချိန်နည်းနေလျှင်၊ လျှော့စားပါ။ စနစ်တကျဝါးစားခြင်းမရှိသည်ထက် တစ်နပ်စာအစာရှောင်ခြင်းသည် သာ၍ကောင်းသည်။ {Ed 206.1}

အစာစားချိန်သည် စကားစမြည်ပြောဆိုပြီး၊ ပျော်ရွှင်စရာအချိန်ဖြစ်စေရမည်။ စိတ်ဖိစီးစရာများ၊ စိတ်တိုစရာမှန်သမျှကို ထုတ်ပစ်ရမည်။ အရာခပ်သိမ်းကိုပေးသနားတော်မူသောသူအား ယုံကြည်ကိုးစားခြင်းနှင့် ကျေးဇူးတင်သောစိတ်သဘောကိုထွေးပိုက်လျက်၊ စိတ်ထဲ၌ ပူပန်သောကမရှိဘဲအပြန်အလှန်စကားပြောဆိုမှုသည် ပျော်ရွှင်ကြည်နူးဖွယ်ဖြစ်လာမည်။ {Ed 206.2}

ငြိမ်းခြံချုပ်တည်းခြင်းနှင့် အရာရာ၌ပုံမှန်ရှိနေခြင်းသည် အံ့ဖွယ်တန်ခိုးရှိသည်။ အသက်တာလမ်းခရီးကိုချောမွေ့စေရာတွင် အလွန်ထိရောက်စေသည့်စိတ်၏အေးချမ်းသာယာမှုကို အားပေးသောအခြေအနေအမျိုးမျိုး သို့မဟုတ်သဘာဝပံ့ပိုးမှုထက်ပင် ၎င်းသည်သာ၍လုပ်ဆောင်ပေးလိမ့်မည်။ တစ်ချိန်တည်းတွင် လူသားတိုင်းကိုအသင့်စောင့်ကြိုနေသည့် တင်းကျပ်သောတာဝန်များနှင့်လက်တွေ့ဘဝကိုအောင်မြင်စွာ ထိပ်တိုက်ရင်ဆိုင်နိုင်ရန် ကျင့်ယူရရှိသောမိမိကိုယ်ကိုထိန်းချုပ်သည့်အစွမ်းသည် အဖိုးတန်ဆုံးသောလက်နက်တစ်ခုဖြစ်သည်။ {Ed 206.3}

"ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာလမ်းခရီးရှိသမျှတို့သည် ငြိမ်ဝပ်လျက်ရှိကြ၏" သုတ္တံကျမ်း ၃း၁၇။ ထီးနန်းစံရှင်ဘုရင်များထက်ပင်သာ၍မြင့်မားသောဘဝကို ပိုင်ဆိုင်နိုင်ခြေရှိသောကျွန်ုပ်တို့နိုင်ငံရှိလူငယ်တိုင်းသည် ပညာရှိစကားများမှပါရှိသော သင်ခန်းစာကိုတွေးဆကြစေ။ "မင်းသားအစိုးရ၍၊ မှူးမတ်တို့သည် လွန်ကျူးစွာမစားမသောက်ဘဲ၊ အချိန်တန်မှအားဖြည့်ခြင်းငှာသာ၊ စားသောက်တတ်သောပြည်သည် မင်္ဂလာရှိ၏။" ဒေသနာ ၁၀း၁၇။ {Ed 206.4}

***

# အခန်း ၂၃

# အပန်းဖြေခြင်း

အပန်းဖြေခြင်းနှင့်ဖျော်ဖြေမှုသည်ခြားနားသည်။ အပန်းဖြေခြင်းသည် ပြန်လည်အားဖြည့်ရန်နှင့်တည်ဆောက်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏သာမန်သောကများနှင့်လုပ်ငန်းတာဝန်များမှ ကျွန်ုပ်တို့ကိုဖယ်ထုတ်ခြင်းအားဖြင့်၊ ၎င်းသည်စိတ်နှင့်ကိုယ်ခန္ဓာကို ပြန်လည်လန်းဆန်းစေပြီး၊ အသက်တာ၏လုပ်ငန်းများကိုအားအင်အသစ်ဖြင့် ပြန်၍လုပ်နိုင်စေသည်။ အခြားတစ်ဖက်တွင်မူဖျော်ဖြေမှုသည် အပျော်အပါးဘက်ကိုဦးတည်ပြီး၊ အလွန်အကျွံပြုမိတတ်ကြသည်။ အသုံးဝင်သောလုပ်ငန်းအတွက် လိုအပ်သည့်စွမ်းအားများကို စုပ်ယူတတ်သောကြောင့်၊ စစ်မှန်သောဘဝအောင်မြင်မှုအတွက် အတားအဆီးဖြစ်လာသည်။ {Ed 207.1}

ကိုယ်ခန္ဓာတစ်ခုလုံးသည် လှုပ်ရှားရန်အတွက်ဖွဲ့စည်းထားသည်။ တက်တက်ကြွကြွကိုယ်လက်လှုပ်ရှားခြင်းအားဖြင့် ကိုယ်ကာယစွမ်းအားများကို ကျန်းမာအောင်မထိန်းသိမ်းခဲ့လျှင်၊ စိတ်၏စွမ်းအားကို အမြင့်ဆုံးလုပ်ဆောင်နိုင်စွမ်းအထိကြာကြာသုံး၍မရနိုင်ချေ။ ကျောင်းခန်းထဲတွင်ကိုယ်ကာယလှုပ်ရှားမှုမရှိ၊ ကျန်းမာရေးအခြေအနေလည်းမကောင်းဖြစ်နေလျှင်၊ အထူးသဖြင့် ကိုယ်စိတ်ကြံ့ခိုင်မှုမရှိသောကလေးများအတွက် အထူးစီစဉ်ပေးပါ။ လေဝင်လေထွက်မကောင်းသည်လည်းဖြစ်နေနိုင်သည်။ ထိုင်ခုံများစီထားပုံသည်လည်း သဘာဝမကျသောကိုယ်ဟန်အနေအထားမျိုးကို ရောက်စေနိုင်သည်။ ထို့သို့ဖြင့် အဆုတ်နှင့်နှလုံး၏လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေနိုင်သည်။ ကလေးများသည်ကျောင်းခန်းထဲတွင် တစ်နေ့သုံးနာရီမှငါးနာရီအထိနေကြရပြီး၊ မသန့်ရှင်းသောလေ၊ ရောဂါပိုးများပင်ရှိနေနိုင်သည့် လေကိုရှူကြရသည်။

ထို့ကြောင့် ကျောင်းခန်းထဲတွင် ရာသက်ပန်ဖျားနာမှုများကိုမကြာခဏရရှိကြသည်မှာ အံ့အားသင့်ဖွယ်မရှိချေ။ ကိုယ်အင်္ဂါများထဲမှ အနူးညံ့ဆုံးနှင့်ကိုယ်ခန္ဓာတစ်ခုလုံး၏ အာရုံကြောစွမ်းအားများဖြာဆင်းလာရာဦးနှောက်သည် ဒဏ်ရာအကြီးမားဆုံးခံစားရသည်။ ၎င်းကိုကျန်းမာရေးနှင့်မညီညွတ်သောအခြေအနေတွင် အချိန်မတန်မီ သို့မဟုတ် အလွန်အကျွံခိုင်းစေလျှင် အားနည်းလာပြီး၊ မကောင်းသောအကျိုးဆက်ကို တစ်သက်လုံးခံစားရတတ်သည်။ {Ed 207.2}

ကလေးများကို အခန်းထဲတွင်အချိန်ကြာကြာပိတ်လှောင်၍မထားအပ်ချေ။ သို့တည်းမဟုတ် ကိုယ်ကာယကြီးထွားမှုအတွက်ကောင်းသောအခြေခံမျိုးမဖန်တီးနိုင်ချိန်အထိ သူတို့အားပူးပူးကပ်ကပ်ဖြင့်မရှိစေအပ်ချေ။ ကလေးများရှစ်နှစ်၊ ဆယ်နှစ်အတွက် ကွင်းပြင်များနှင့်ပန်းခြံများသည် အကောင်းဆုံးစာသင်ခန်းဖြစ်သည်။ သူတို့အတွက်မိခင်သည် အကောင်းဆုံးဆရာမဖြစ်ပြီး၊ သဘာဝတရားသည် အကောင်းဆုံးဖတ်စာအုပ်ဖြစ်သည်။ ကလေးများသည် ကျောင်းတက်နိုင်သည့်အရွယ်ရောက်လာချိန်၌ပင်၊ သူတို့၏ကျန်းမာရေးသည် ဖတ်စာအုပ်ထဲမှရရှိသောပညာများထက်သာလွန်၍ အရေးတကြီးထားရမည်။ ကိုယ်ကာယနှင့်စိတ်ကြီးထွားမှုအတွက် အကောင်းဆုံးသောအခြေအနေနှင့်နေရာတွင် သူတို့ကိုထားပါ။ {Ed 208.1}

ကလေးများကသာ လေနှင့်ကာယလေ့ကျင့်ခန်းလိုအပ်သည့် အန္တရာယ်ရှိနေကြသည်မဟုတ်။ အတန်းကြီးပိုင်းတွင်လည်း ဤကျန်းမာရေးအတွက်လိုအပ်ချက်များကို မကြာခဏလျစ်လျူရှုကြသည်။ များစွာသောကျောင်းသားများသည် တစ်နေ့ပြီးတစ်နေ့ပိတ်လှောင်နေသောအခန်းတွင်ထိုင်ပြီး၊ မိမိစာအုပ်ကိုငုံ့ကြည့်လျက်အနေအထားဖြင့်ရင်ဘတ်သည် ကျုံ့ပြီးအသက်ဝဝမရှူနိုင်တော့ချေ။ ထိုအခါသွေးလည်ပတ်မှုနှေးကွေးလာကာ ခြေဖျားအေး၊ ကိုယ်ပူဖြစ်လာသည်။ အာဟာရမလုံလောက်သောကိုယ်ခန္ဓာသည် ကြွက်သားများအားလျော့လာ၍၊ ကိုယ်ခန္ဓာစနစ်တစ်ခုလုံးသည် အားကုန်လာပြီးရောဂါရရှိ

တော့သည်။ ထိုသို့သောကျောင်းသားများသည် ယေဘုယျအားဖြင့်တစ်သက် လုံးနာမကျန်းဖြစ်ကြရသည်။ သူတို့သည် သင့်လျော်သောအခြေအနေတွင် ပညာသင်ကြား၍၊ နေရောင်ခြည်ရရှိသောလဟာပြင်တွင် ပုံမှန်ကာယလေ့ ကျင့်ခန်းပြုလုပ်ခဲ့လျှင်၊ ကိုယ်ကာယနှင့်စိတ်ခွန်အားများရရှိကြလိမ့်မည်။ {Ed 208.2}

အချိန်လုပြီးပညာရယူရန်ရန်းကန်နေသော ကျောင်းသားသည် ကာယလေ့ကျင့်ခန်းအတွက် အသုံးပြုသောအချိန်သည် ဆုံးရှုံးသွားသည် မဟုတ်ကြောင်းကိုသဘောပေါက်ရမည်။ မိမိစာအုပ်ကိုသာတောက်လျှောက် စူးစိုက်လေ့လာသောသူသည် တစ်ချိန်တွင်စိတ်လန်းဆန်းမှုကိုဆုံးရှုံးလိမ့်မည်။ ကိုယ်ကာယကြီးထွားမှုကို စနစ်တစ်ကျဂရုစိုက်သောသူတို့မူကား၊ စာပေလေ့လာ ခြင်း၌ မိမိတို့အချိန်အားလုံးကိုနှစ်ထားသောသူတို့ထက် စာပေအရာတွင် သာ၍ ကြီးမားသောတိုးတက်မှုရှိလိမ့်မည်။ {Ed 208.3}

အကြောင်းအရာတစ်ခုတည်းကိုသာ လေ့လာလိုက်စားခြင်းအားဖြင့်၊ စိတ်သည်ချိန်ခွင်လျှာမညီမျှမှုဖြစ်တတ်သည်။ ဉာဏနှင့်ကာယအစွမ်းများကို ညီတူညီမျှလေ့ကျင့်၍၊ ကွဲပြားသောအကြောင်းအရာများကို တွေးခေါ်လျှင်၊ စွမ်းရည်တိုင်းကိုစိတ်ချစွာအသုံးပြုနိုင်လိမ့်မည်။ {Ed 209.1}

ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် ဉာဏစွမ်းအားကိုသာမက ကိုယ် ကျင့်စွမ်းအားကိုပါလျော့နည်းစေသည်။ ကိုယ်ခန္ဓာစနစ်တစ်ခုလုံးကို ဆက်သွယ် သောဦးနှောက်အာရုံကြောများသည် ကောင်းကင်နှင့်လူတို့ကိုကြားခံဆက် သွားပေးသောအရာဖြစ်ပြီး၊ အသက်တာ၏အတွင်းကျဆုံးသောအရာကို အကျိုးသက်ရောက်စေသည်။ အာရုံကြောစနစ်တွင် လျှပ်စစ်စီးကြောင်းကို နှောင့်ယှက်သောအရာဟူသမျှသည် အရေးကြီးသောအစွမ်းများကို အားနည်းစေပြီး၊ စိတ်၏ခံနိုင်ရည်ကိုလျော့နည်းစေကာ၊ ကိုယ်ကျင့်တရား ကိုနိုးထလာစေရန် ပိုမိုခက်ခဲစေသည်။ {Ed 209.2}

ဦးနှောက်ထဲသို့သွေးစီးဝင်မှုကို တိုးစေသည့်အလွန်အကျွံစာလေ့လာခြင်းသည် မိမိကိုယ်ကိုထိန်းချုပ်သည့်အစွမ်းကို လျော့နည်းစေသည့်ဂနာမငြိမ်မှုကိုဖြစ်စေပြီး၊ စိတ်လိုက်မာန်ပါပြုခြင်း၊ သို့မဟုတ် အပြောင်းအလဲလွယ်ခြင်းတို့ကိုဖြစ်စေနိုင်သည်။ ထိုသို့ဖြင့် မစင်ကြယ်မှုကိုလမ်းဖွင့်ပေးလျက်ရှိသည်။ ကာယအစွမ်းကိုတလွဲအသုံးပြုခြင်း၊ သို့မဟုတ် အသုံးမပြုခြင်းသည် ကမ္ဘာပေါ်တွင်ပျံ့နှံ့နေသောစာရိတ္တပျက်စီးခြင်း၏ တရားခံပင်ဖြစ်သည်။ "မာန်မာန၊ အလွန်အကျွံစားခြင်းနှင့် ပျင်းရိမှုပွားများခြင်း" တို့သည် သောဒုံမြို့၏ပျက်စီးခြင်းကိုပို့ဆောင်သကဲ့သို့၊ ယခုမျိုးဆက်လူသားတို့၏တိုးတက်မှုအတွက် ကမ္ဘာ့ရန်သူပင်ဖြစ်သည်။ {Ed 209.3}

ဆရာသမားများသည် ဤအရာများကိုနားလည်ရမည်ဖြစ်၍၊ ဤလမ်းကြောင်းအတိုင်းမိမိတို့တပည့်များကိုသွန်သင်ရမည်။ မှန်ကန်စွာတွေးခေါ်မှုအပေါ် မှန်ကန်သောနေထိုင်မှုသည် မှီခိုကြောင်းကိုလည်းကောင်း၊ အတွေးအခေါ်စင်ကြယ်ဖို့ရန် ကိုယ်ကာယလှုပ်ရှားမှုသည် အရေးပါကြောင်းကိုလည်းကောင်း ကျောင်းသားတို့အားသင်ပေးပါ။ {Ed 209.4}

မိမိတို့တပည့်များအတွက် သင့်လျော်သောအပန်းဖြေနည်းအတွက် ဆရာသမားများသည် စိတ်ရှုပ်နေတတ်ကြသည်။ ကျွမ်းဘားအားကစားလေ့ကျင့်မှုသည် ကျောင်းအမြောက်အမြားတွင်အသုံးဝင်သည်။ သို့သော် ဂရုတစိုက်ကြီးကြပ်မှုမရှိသော် အလွန်အကျွံရောက်သွားတတ်သည်။ အားကစားရုံတွင်များစွာသောလူငယ်များသည် မိမိတို့ခွန်အားစွမ်းဆောင်မှုများကြောင့် မိမိတို့ကိုယ်ကိုတစ်ဘဝစာဒဏ်ရာများပေးကြသည်။ {Ed 210.1}

အားကစားရုံတွင် မည်မျှပင်ကောင်းစွာလေ့ကျင့်ခန်းလုပ်ပါသော်လည်း လဟာပြင်တွင်ကာယလေ့ကျင့်ခန်းလုပ်ခြင်းကို အစားမထိုးနိုင်ချေ။ ဤအတွက်ကြောင့် ကျွန်ုပ်တို့ကျောင်းများသည် သာ၍ကောင်းသောအခွင့်အလမ်းကိုဖေါ်ဆောင်ပေးရမည်။ ကျောင်းသားများသည် အားမာန်ပါပါကာယလေ့ကျင့်ခန်းလုပ်ရမည်။ ထိုသို့ဖြင့် ပျင်းရိပြီး၊ ရည်ရွယ်ချက်မဲ့နေသည်ထက်

မကောင်းမှုကိုမစိုးရိမ်ရချေ။ သို့သော် လူငယ်တို့၏ကောင်းစားရေးကို စိတ်ထဲ၌ထားရှိသောသူတို့အဖို့ ကိုယ်လက်လှုပ်ရှားအားကစားသည် စိုးရိမ်စရာဖြစ်နေတတ်သည်။ ဤအားကစားများက ကျောင်းသားများ၏အတန်းထဲမှ တိုးတက်မှုနှင့်ကျောင်းပြီး၍ သူ၏အောင်မြင်မှုအပေါ်ဩဇာလွှမ်းမိုးနေမည်ကို စဉ်းစားသောအခါ ဆရာသမားများသည် စိတ်ညစ်နေတတ်ကြသည်။ ကျောင်းသား၏အချိန်များစွာကို သိမ်းပိုက်သောအားကစားများသည် ကျောင်းစာမှစိတ်ကိုလွဲသွားစေသည်။ သူတို့သည် လူငယ်တို့အားဘဝ၌လက်တွေ့ကျသောအလုပ်အတွက်ပြင်ဆင်ရန်တွင် ကူညီနေခြင်းမဟုတ်တော့ချေ။ သူတို့၏ဩဇာလွှမ်းမိုးမှုသည် ရည်မွန်ခြင်း၊ စေတနာကောင်းခြင်း၊ အမှန်အကန်ယောကျ်ားဆန်မှုဘက်သို့ဦးမတည်တော့ချေ။ {Ed 210.2}

ဘောလုံးနှင့်လက်ဝှေ့ကဲ့သို့သော လူကြိုက်များသည့်အားကစားတချို့မှာ လူမဆန်သောဖျော်ဖြေမှုပင်ဖြစ်သည်။ ၎င်းတို့သည် ရှေးယခင်ရောမများ၏ကစားနည်းများနှင့်အလားသဏ္ဌာန်တူသည်။ စိုးမိုးမှုကိုနှစ်သက်ခြင်း၊ အကြမ်းပတမ်းအားအင်သုံးမှုမျှတွင်ဂုဏ်ယူခြင်း၊ မဆင်မခြင်အသက်ကိုပဓာနမထားခြင်းတို့သည် လူငယ်တို့အပေါ်တွင်စိတ်ပျက်ဖွယ်လိလိစိတ်ဓာတ်ကျဆင်းစေသောအစွမ်းကို အသုံးပြုသည်။ {Ed 210.3}

အကြမ်းပတမ်းမဟုတ်သော်လည်း အချို့သောအားကစားနည်းများကိုအလွန်အကျွံကစားနေကြသည်ဖြစ်၍၊ ယင်းတို့သည်လည်းမနှစ်မြို့ဖွယ်ရာပင်ဖြစ်သည်။ ယင်းတို့သည် အပျော်အပါးနှင့်စိတ်လှုပ်ရှားမှုတို့ကိုနှစ်သက်စွဲလမ်းစေသည်။ ထို့ကြောင့်အကျိုးရှိသောအလုပ်ကို ခံတွင်းမတွေ့တော့ဘဲ၊ လက်တွေ့ကျသောတာဝန်ဝတ္တရားများကို ရှောင်လိုသည့်စိတ်သဘောရှိလာသည်။ ထိုအားကစားများသည် ဘဝလက်တွေ့ဆန်မှုကိုအကြိုက်တွေ့ခြင်းနှင့်ငြိမ်သက်အေးချမ်းသော ပျော်ရွှင်မှုတို့ကိုဖျက်ဆီးစေလိမ့်မည်။ ထို့ကြောင့် အပျော်အပါးလိုက်စားခြင်းနှင့် ဥပဒေမလေးစားခြင်းများနှင့်

တကွ၊ ယင်းတို့၏အကျိုးဆက်များကို တံခါးဖွင့်ပေးလိုက်တော့သည်။ {Ed 210.4}

ရိုးရိုးကျင်းပသောပါတီပျော်ပွဲများသည်လည်း စိတ်နှင့်ကိုယ်ကျင့်တရားတို့၏ စစ်မှန်သောကြီးထွားမှုအတွက် အဟန့်အတားဖြစ်သည်။ ပေါ့ပြက်သောအပေါင်းအသင်းများနှင့်ပေါင်းဖော်ခြင်း၊ အသုံးအဖြုန်းကြီးသောအကျင့်များ၊ အပျော်အပါးလိုက်စားခြင်းများ စသည်များကိုဖြစ်စေပြီး၊ အသက်တာတစ်ခုလုံးကို မကောင်းမှုအတွက်ပုံသွင်းတော့သည်။ ထိုသို့သောဖျော်ဖြေမှုများအစား၊ မိဘများနှင့်ဆရာသမားများသည် စိတ်အပြောင်းအလဲဖြစ်စေသည့်ကျန်းမာရေးနှင့်ညီညွတ်သောအရာများစွာကို ပံ့ပိုးပေးနိုင်သည်။ {Ed 211.1}

အခြားသောအရာများအားလုံး၌ကဲ့သို့ပင် ဤအရာတွင်ကျွန်ုပ်တို့၏ကောင်းစားရေးအတွက် သမ္မာကျမ်းစာသည် နည်းလမ်းကိုညွှန်ပြပေးသည်။ ဘုရားသခင်၏ညွှန်ကြားမှုအောက်တွင် ရှိနေကြသောသူများနှင့်တကွ ငယ်ရွယ်သောသူတို့၏အသက်တာသည် ရိုးစင်းသည်။ သူတို့သည် သဘာဝတရားနှင့်နီးကပ်စွာရှိနေကြသည်။ မိမိတို့ကလေးများသည် မိဘများ၏အလုပ်ကိုဝိုင်းကူကြပြီး၊ သဘာဝတရား၏လှပမှုများနှင့်နက်နဲမှုဘဏ္ဍာများကိုဆည်းပူးကြသည်။ ဆိတ်ငြိမ်သောကွင်းပြင်များနှင့်တောထဲတွင် မျိုးစဉ်အဆက်ဆက်မွန်မြတ်သောကိုးစားမှုအဖြစ် လက်ဆင့်ကမ်းလာခဲ့သောထိုကြီးမားသောသမ္မာတရားများကို တစိမ့်စိမ့်တွေးဆကြသည်။ ထိုသို့သောသင်တန်းမျိုးသည် အားကြီးသောလူတို့ကိုမွေးထုတ်ပေးသည်။ {Ed 211.2}

ဤခေတ်ကြီးတွင်အသက်တာသည်အတုသာဖြစ်လာပြီး၊ လူတို့သည်ဆုတ်ယုတ်လာကြသည်။ ကျွန်ုပ်တို့သည် ရှေးယခင်အချိန်များက ရိုးစင်းသောအကျင့်ဓလေ့များသို့ အပြည့်အဝနောက်ကြောင်းပြန်၍မရနိုင်သော်လည်း၊ ခန္ဓာစိတ်ဝိညာဉ်အတွက် စစ်မှန်သောတည်ဆောက်ခြင်းဖော်ဆောင်ပေးမည့်အပန်းဖြေမှုမှသင်ခန်းစာများကိုသင်ယူနိုင်သည်။ {Ed 211.3}

အပန်းဖြေခြင်းအရာနှင့်သက်ဆိုင်၍ နေအိမ်နှင့်ကျောင်းဆောင်၏ ပတ်ဝန်းကျင်သည် များစွာအရေးပါသည်။ အိမ်ကိုရွေးချယ်ခြင်း သို့မဟုတ် ကျောင်းဆောင်နေရာကိုရွေးချယ်ရာတွင် ဤအရာများကိုစဉ်းစားရမည်။ စိတ်နှင့်ကိုယ်ကာယကောင်းစားရေးကို ငွေသို့မဟုတ် အသိုက်အဝန်း၏ ဓလေ့များထက်သာ၍ ကြီးမားသည်ဟုခံယူသူတို့သည် မိမိတို့သားသမီးများအတွက် သဘာဝတရားသွန်သင်မှု၏အကျိုးကျေးဇူးနှင့် သဘာဝတရားအလယ်၌ အပန်းဖြေမှုတို့ကိုကြိုးစားရှာဖွေရမည်။ ကျောင်းတိုင်းသည် ကျောင်းသားများစိုက်ပျိုးရန်အတွက် မြေနှင့်လယ်ကွင်းများနှင့်သစ်တောသို့ သွားရောက်နိုင်သည့်မြေကွက်တွင်တည်ရှိနေနိုင်လျှင် ပညာရေးလေ့လာမှုအတွက် ကြီးမားသောအထောက်အကူဖြစ်လိမ့်မည်။ {Ed 211.4}

ကာယလေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် ကျောင်းသားများအတွက်အကောင်းဆုံးသောအကျိုးရလဒ်ကို ဆရာသမား၏ကိုယ်တိုင်ပူးပေါင်းပါဝင်ခြင်းအားဖြင့်ရရှိလိမ့်မည်။ စစ်မှန်သောဆရာသမားမှ မိမိတပည့်များအတွက်ပေးသောဆုလာဘ်အနည်းငယ်ထဲမှ အလွန်အဖိုးတန်သောအရာမှာ မိမိကိုယ်တိုင်အဖော်ပြုခြင်းဖြစ်သည်။ ဤအရာသည် လူကြီးများအတွက်မှန်ကန်သည်။ လူငယ်များနှင့်ကလေးများအတွက်သာလွန်၍ပင်မှန်ကန်သည်။ ကျွန်ုပ်တို့သည် သနားခြင်းကရုဏာဖြင့်ထိတွေ့မှသာ သူတို့ကိုနားလည်နိုင်သည်။ အကျိုးအမြတ်အများဆုံးရရှိစေနိုင်ရန် သူတို့ကိုကျွန်ုပ်တို့နားလည်ရန်လိုအပ်သည်။ ဆရာသမားနှင့်ကျောင်းသားအကြား သနားခြင်းနှောင်ကြိုးကိုခိုင်မာစေရန်မှာ ကျောင်းခန်းပြင်ပတွင်ပျော်ရွှင်စွာအတူတကွပေါင်းသင်းဆက်ဆံခြင်းဖြစ်သည်။ တချို့ကျောင်းများတွင် ဆရာသမားသည် ကျောင်းသားများအပန်းဖြေခြင်းအချိန်အခါများတွင် အတူနေပေးသည်။ သူတို့၏ရှာဖွေမှုများတွင်ပူးပေါင်းသည်။ သူတို့၏လေ့လာရေးခရီးများတွင်လည်း သူတို့နှင့်အတူလိုက်ပါသည်။ သူတို့နှင့်အရောတဝင်ရှိသည်။ ဤအလေ့အကျင့်ကို ကျွန်ုပ်တို့ကျောင်းတိုင်းတွင် လိုက်လျှောက်လျှင်

အလွန်ကောင်းပေလိမ့်မည်။ ဆရာသမားသည် ကြီးမားစွာပေးဆပ်ရမည်ဖြစ်သော်လည်း၊ သူသည်ကြွယ်ဝစွာသောဆုလာဘ်ကို ရိတ်သိမ်းလိမ့်မည်။ {Ed 212.1}

အပန်းဖြေခြင်းသည် ကလေးများနှင့်လူငယ်များအတွက်သာ ကြီးမားသောကောင်းချီးမင်္ဂလာမဟုတ်ဘဲ၊ အခြားသူတို့အားထိုသို့ကူညီသောသူတို့အဖို့လည်းကောင်းချီးဖြစ်စေသည်။ ပင်ကိုအားဖြင့် စိတ်အားထက်သန်ပြီး၊ စိတ်ကိုပုံသွင်းရလွယ်ကူသောလူငယ်များသည် အကြံပြုချက်များကိုအလျင်အမြန်တုံ့ပြန်တတ်ကြသည်။ အပင်များစိုက်ပျိုးရန်အတွက် စီစဉ်ရာတွင် ဆရာသည် ကျောင်းဝင်းနှင့်ကျောင်းခန်းများလှပရေးအတွက် စိတ်ဝင်စားလာစေရန် နည်းလမ်းရှာဖွေရမည်။ အကျိုးရလဒ်နှစ်ဆရရှိလိမ့်မည်။ ကျောင်းဝင်းလှပရေးကိုရှာကြံသောကျောင်းသားများသည် ရုပ်ပျက်ဆင်းပျက်ဖြင့် အလှပျက်သွားမည်ကိုလိုလားကြမည်မဟုတ်။ သန့်စင်သောအရသာ၊ စနစ်ကျမှုကိုမြတ်နိုးခြင်း၊ စောင့်ရှောက်တတ်သောအကျင့်များ အားတက်လာမည်။ ထိုအခါ ဖော်ရွေစွာဆက်ဆံခြင်းစိတ်သဘော၊ အတူတကွလုပ်ဆောင်တတ်သောစိတ်ဓာတ်များကြီးထွားလာ၍၊ ကျောင်းသားများ၏ဘဝတစ်လျှောက်ကောင်းချီးဖြစ်လာလိမ့်မည်။ {Ed 212.2}

ထို့ကြောင့် ဥယျာဉ်ခြံ၌အလုပ်လုပ်ခြင်း၊ လယ်ကွင်းများ၊ သို့မဟုတ်တောအုပ်များထဲ၌ လေ့လာရေးခရီးသွားခြင်းများကို စိတ်ဝင်စားစေလိမ့်မည်။ ထိုပျော်ရွှင်စရာနေရာများ၌ နေရသောအချိန်များကို ခေါင်းထဲစွဲမှတ်စေရန်နှင့်လှပသောသဘာဝတရားများကိုဝေငှစေရန် ကျောင်းသားများကိုအားပေးပါ။ {Ed 213.1}

ဂရုစိုက်သောဆရာသမားသည် တပည့်များအားအသုံးကျသောလုပ်ဆောင်မှုများကို စီမံညွှန်ကြားရန်အခွင့်အရေးများစွာတွေ့ရှိလိမ့်မည်။ ကလေးငယ်များသည် အထူးသဖြင့်ဆရာသမားကိုအလွန်ယုံကြည်စိတ်ချရှိသေကြသည်။ ဆရာအကြံပြုသောအိမ်မှုကိစ္စများကို ကူညီခြင်းနည်းလမ်း

များ၊ နေ့စဉ်လုပ်ငန်းတာဝန်ကို သစ္စာရှိရှိဆောင်ရွက်ခြင်း၊ ဖျားနာသူနှင့်မရှိဆင်းရဲသားများကိုမစခြင်း စသည်တို့သည် အချည်းနှီးဖြစ်မသွားချေ။ ကြင်နာစွာအကြံပြုချက်များသည် အကြံပြုသူအပေါ်သို့ပြန်လည်သက်ရောက်လိမ့်မည်။ မိဘများဘက်မှ ကျေးဇူးတင်ခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် ဆရာသမား၏ဝန်ထုပ်ကိုပေါ့ပါးစေပြီး၊ သူ၏လမ်းခရီးကိုအားတက်စေသည်။ {Ed 213.2}

အပန်းဖြေခြင်းနှင့်ကာယလေ့ကျင့်ခန်းများသည် အခါအားလျော်စွာပုံမှန်ကျောင်းအလုပ်ကို နှောင့်ယှက်မည်မှာအမှန်ဖြစ်သည်။ သို့သော်ထိုအနှောင့်အယှက်သည် အမှန်တကယ်အတားအဆီးမဟုတ်ကြောင်းသိလာလိမ့်မည်။ စိတ်နှင့်ကိုယ်ခန္ဓာကိုလန်းဆန်းစေခြင်း၊ ကိုယ်ကျိုးမဖက်သောစိတ်ဓါတ်ကိုမြှင့်တင်ခြင်းနှင့် ကျောင်းသားများနှင့်ဆရာတို့ကိုဘုံစိတ်ဝင်စားမှုနှင့်ခင်မင်သောပေါင်းသင်းဆက်ဆံခြင်းတို့အားဖြင့် အတူတကွချည်နှောင်သောအခါ၊ ကုန်ဆုံးသွားသောအချိန်နှင့်ကြိုးစားအားထုတ်မှုကိုအဆတစ်ရာပြန်လည်ရရှိလိမ့်မည်။ ငယ်ရွယ်သူများအတွက် မကြာမကြာအန္တရာယ်၏အရင်းအမြစ်ဖြစ်သည့် ဂနာမငြိမ်ဖြစ်သော ကာယ၊ ဉာဏစွမ်းအင်အတွက်ကောင်းသောထွက်ပေါက်ဖြစ်လာလိမ့်မည်။ မကောင်းမှုကိုကာကွယ်ရန်အတွက် စိတ်ကိုကောင်းသောအရာနှင့်ပြည့်စေခြင်းသည် မရေတွက်နိုင်အောင် များပြားသောစည်းမျဉ်းဥပဒေများထက် သာ၍တန်ဖိုးရှိသည်။

***

# အခန်း ၂၄

# လက်မှုသင်တန်း

ဖန်ဆင်းခြင်းအချိန်က၊ အလုပ်လုပ်ခြင်းကိုကောင်းချီးမင်္ဂလာအဖြစ် သတ်မှတ်သည်။ ၎င်းသည်ကြီးထွားတိုးတက်မှု၊ အစွမ်းတန်ခိုး၊ ပျော်ရွှင်မှုတို့မည်သည်။ အပြစ်တရား၏ကျိန်ခြင်းကြောင့် ပြောင်းလဲသွားသောကမ္ဘာ့အခြေအနေသည် အလုပ်လုပ်သည့်အခြေအနေကိုလည်း ပြောင်းလဲပစ်ခဲ့သည်။ သို့သော်လည်း ယခုတွင်စိုးရိမ်မှု၊ ပင်ပန်းမှုနှင့်နာကျင်မှုတို့ရှိနေသော်ငြားလည်း၊ ၎င်းသည် ပျော်ရွှင်မှုနှင့်ကြီးပွားတိုးတက်မှု၏ အရင်းအမြစ်ပင်ဖြစ်နေသေးသည်။ ၎င်းသည်စုံစမ်းခြင်းကိုအကာအကွယ်ပေးသည်။ ၎င်း၏စည်းမျဉ်းသည် မိမိကိုယ်ကိုအလိုလိုက်ခြင်းကိုဆီးတားပြီး၊ လုံ့လဝီရိယ၊ စင်ကြယ်မှုနှင့် တည်ကြည်မှုတို့ကိုအားပေးသည်။ ထို့ကြောင့် ၎င်းသည်အပြစ်ကျရှုံးခြင်းမှပြန်လည်ရုန်းထနိုင်ရန်အတွက် ဘုရားသခင်၏ကြီးမားသောအကြံအစည်၏အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ {Ed 214.1}

လူငယ်တို့အား ခွန်အားစိုက်ထုတ်ရသောအလုပ်၏စစ်မှန်သောဂုဏ်ကိုသိမြင်စေရမည်။ ဘုရားသခင်သည် အစဉ်အလုပ်လုပ်တော်မူသောသူဖြစ်ကြောင်းကို သူတို့အားပြသပါ။ သဘာဝတရားအားလုံးသည် မိမိတို့ကျရာအလုပ်ကိုလုပ်ဆောင်ကြသည်။ ဖန်ဆင်းခြင်းအရာတစ်ခုလုံးတွင် လှုပ်ရှားမှုသည် ပျံ့နှံ့နေပြီး၊ ကျွန်ုပ်တို့၏တာဝန်ကို ဖြည့်စွမ်းနိုင်ရန်၊ ကျွန်ုပ်တို့လည်းလှုပ်ရှားတက်ကြွရမည်။ {Ed 214.2}

အလုပ်လုပ်ရာတွင်ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူလုပ်ဆောင်သူများဖြစ်ရမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အားမြေကြီးနှင့်၎င်း၏ဘဏ္ဍာများကိုပေးတော်မူသည်။ သို့ရာတွင် ကျွန်ုပ်တို့အသုံးပြုရန်နှင့်ကိုယ်စိတ်ချမ်းသာရန်

အတွက် ၎င်းတို့ကိုလိုက်လျောညီထွေမှုရှိအောင်ပြင်ဆင်ညှိနှိုင်းရမည်။ ကိုယ်တော်သည် သစ်ပင်များကိုကြီးထွားစေတော်မူသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ပျဉ်ဆွဲ၍ အိမ်ဆောက်ကြသည်။ ကိုယ်တော်သည် မြေကြီးထဲတွင် ရွှေငွေများ၊ သံနှင့်ကျောက်မီးသွေးများကိုဝှက်ထားတော်မူသည်။ သို့ရာတွင် ပင်ပန်းခက်ခဲစွာလုပ်ဆောင်ခြင်းအားဖြင့်သာ ၎င်းတို့ကို ကျွန်ုပ်တို့ရရှိနိုင်သည်။ {Ed 214.3}

ဘုရားသခင်သည် အရာခပ်သိမ်းကိုဖန်ဆင်း၍အမြဲထိန်းချုပ်တော်မူစဉ်၊ မိမိ၏တန်ခိုးနှင့်လုံးဝမတူသောအစွမ်းကို ကျွန်ုပ်တို့အားပေးတော်မူသည်။ ဘုရားသခင်သည် ပရမ်းပတာအခြေအနေမှကမ္ဘာမြေကို အလှအပဖြင့်ဖန်ဆင်းသကဲ့သို့၊ ကျွန်ုပ်တို့သည် ရှုပ်ထွေးခြင်းထဲမှ စနစ်ကျမှုနှင့်အလှတရားကိုဖော်ဆောင်နိုင်သည်။ အရာရာသည် မကောင်းမှုကြောင့်ရုပ်ပျက်နေပါသော်လည်း၊ ကျွန်ုပ်တို့၏အလုပ်ပြီးဆုံးသောအခါ၊ ကိုယ်တော်သည် "အလွန်ကောင်းသည်" ဟု မိန့်တော်မူသကဲ့သို့၊ တင့်တယ်သောကမ္ဘာမြေကိုကြည့်ပြီး ကိုယ်တော်ကဲ့သို့ပျော်ရွှင်မှုကိုခံစားကြရမည်။ {Ed 214.4}

ပုံမှန်အနေဖြင့်၊ ကာယလေ့ကျင့်ခန်းသည် လူငယ်များအတွက် အများဆုံးအကျိုးပြုသည်ကို အကျိုးရှိသောအလုပ်တွင်တွေ့ရှိနိုင်လိမ့်မည်။ ကလေးငယ်သည်ကစားခြင်းဖြင့် စိတ်ဖျော်ဖြေမှုနှင့်ကြီးထွားမှုကိုရှာတွေ့လိမ့်မည်။ သူကစားသောကစားနည်းသည် ကိုယ်ကာယကြီးထွားမှုသာမက စိတ်နှင့်ဝိညာဉ်ရေးကြီးထွားမှုကိုအားပေးရမည်။ သူသည်ခွန်အားနှင့်ဉာဏ်ပညာကိုရရှိလာသောအခါ၊ အကောင်းဆုံးသောအပန်းဖြေမှုကိုအသုံးဝင်သောအားထုတ်မှုတွင်ရှာတွေ့လိမ့်မည်။ အသုံးဝင်သောအလုပ်အတွက် လေ့ကျင့်ပေးခြင်းနှင့် မိမိတို့ဘဝပေးတာဝန်များကိုထမ်းဆောင်ရန်၊ ငယ်ရွယ်သူများကိုသင်ကြားပေးခြင်းသည် စိတ်နှင့်အကျင့်စာရိတ္တကြီးထွားမှုကိုအားပေးရန်အထိရောက်ဆုံးဖြစ်သည်။ {Ed 215.1}

ဘဝဆိုသည်မှာ စိတ်ထက်သန်စွာအလုပ်လုပ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းဖြစ်ကြောင်း လူငယ်များကိုသင်ပေးရန်

လိုအပ်သည်။ သူတို့အား အရေးပေါ်ကိစ္စများကိုကိုင်တွယ်နိုင်ရန်၊ လက်တွေ့ဆန်သော ယောကျ်ားမိန်းမများအဖြစ်သင်တန်းပေးရန်လိုအပ်သည်။ သူတို့အားစည်းစနစ်တကျစီမံသောအလုပ်သည် အရေးကြီးကြောင်းကိုသင်ပေးရမည်။ ၎င်းသည် အကောင်းဆုံးပြောင်းလဲသောလောကခံကို ကာကွယ်ရန်သာမဟုတ်ဘဲ၊ ဘက်စုံတိုးတက်ကြီးထွားမှုကိုဖြစ်စေကြောင်းသင်ပေးရမည်။ {Ed 215.2}

အလုပ်၏ဂုဏ်နှင့်ပတ်သက်၍ ပြောဆိုရေးသားချက်များအားလုံးရှိနေလင့်ကစား၊ အလုပ်လုပ်ခြင်းသည် သိမ်ငယ်သည်ဟူသောခံစားချက်သည်ပျံ့နှံ့နေသည်။ လူငယ်များသည် ကျောင်းဆရာ၊ ရုံးစာရေး၊ ကုန်သည်၊ ဆရာဝန်၊ ရှေ့နေ သို့တည်းမဟုတ် ကာယအလုပ်မလိုအပ်သည့်အခြားသောရာထူးတချို့ကိုရယူရန်စိုးရိမ်လာကြသည်။ အမျိုးသမီးငယ်များသည် အိမ်မှုကိစ္စကိုရှောင်၍၊ အခြားပညာရေးလိုင်းကိုရှာကြသည်။ သူတို့သည် မည်သည့်ယောကျ်ားမိန်းမမျှ အလုပ်ကြမ်းလုပ်ခြင်းအားဖြင့် အောက်တန်းမကျကြောင်းကို သင်ယူရန်လိုအပ်သည်။ သိက္ခာမရှိသောအရာမှာ ပျင်းရိခြင်းနှင့်တစ်ကိုယ်ကောင်းဆန်သော မှီခိုနေခြင်းသာလျှင်ဖြစ်သည်။ ပျင်းရိခြင်းသည် မိမိအလိုသို့လိုက်ခြင်းကိုအားပေးသည်။ ထိုအခါရလဒ်မှာ ဘဝသည်တန်ဖိုးမဲ့ပြီး အကျိုးမရှိဖြစ်ကာ၊ ဆူးပင်အမျိုးမျိုးကြီးထွားမှုကိုဖိတ်ခေါ်သောလယ်ပြင်ကဲ့သို့ဖြစ်သည်။ "အကြင်မြေသည် မိမိအပေါ်သို့အဖန်ဖန်ကျသောမိုးရေကိုသောက်၍၊ လုပ်သောသူသုံးဖို့ဟင်းသီးဟင်းရွက်ကိုဖြစ်စေတတ်၏။ ထိုမြေသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုခံတတ်၏။ အကြင်မြေသည်ဆူးပင်မျိုးမျိုးကိုဖြစ်စေတတ်၏။ ထိုမြေသည် ပြုစုခြင်းကိုမခံထိုက်။ ကျိန်ခြင်းကိုခံရသောအချိန်နီးသည်ဖြစ်၍၊ နောက်ဆုံး၌မီးရှို့ခြင်းသို့ရောက်တတ်၏။" ဟေဗြဲ ၆း၇၊ ၈။ {Ed 215.3}

ကျောင်းသားများ၏အချိန်ကို ဝါးမျိုပစ်သောပညာရေးလိုင်းအတော်များများသည် အသုံးကျမှု၊ သို့မဟုတ် ပျော်ရွှင်မှုအတွက်အရေးမပါချေ။

သို့သော်လည်း လူငယ်တိုင်းအတွက်နေ့စဉ်တာဝန်များနှင့်အကျွမ်းတဝင်ရှိရန်အရေးကြီးသည်။ အကယ်၍လိုအပ်ခဲ့သော်၊ အမျိုးသမီးငယ်သည် ပြင်သစ်စကားနှင့်အက္ခရာသင်္ချာအတတ်တို့သာမက၊ စန္ဒရားအတတ်ကိုပင် ဝေပေးနိုင်သည်။ သို့ရာတွင် သူသည်ကောင်းစွာမုန့်ဖုတ်ခြင်း၊ စက်ချုပ်ခြင်း၊ အိမ်မှုကိစ္စအမျိုးမျိုးစသည်တို့ကို မဖြစ်မနေသင်ယူရမည်။ {Ed 216.1}

မိသားစုတစ်ခုလုံး၏ကျန်းမာရေးနှင့်ပျော်ရွှင်မှုအတွက် ချက်ပြုတ်ခြင်းအတတ်ပညာထက် မည်သည့်အရာမျှသာ၍အရေးမကြီးချေ။ ကောင်းစွာမချက်သည့် ကျန်းမာရေးနှင့်မညီညွတ်သောအစာကိုပြင်ဆင်ခြင်းဖြင့်သူမသည် လူကြီးများ၏အသုံးဝင်မှုနှင့်ကလေးများ၏ကြီးထွားမှုကို ဟန့်တားသည်သာမက၊ ပျက်စီးစေနိုင်သည်။ စားချင်စဖွယ်အရသာရှိ၊ ကိုယ်ခန္ဓာ၏လိုအပ်ချက်များကိုလည်းဖြည့်စွက်ပေးသောအစာကို ပြင်ဆင်ခြင်းအားဖြင့်သူမသည် မှန်ကန်သောအရာများစွာကို ပြီးစီးစေနိုင်သည်။ ထိုသို့မပြင်ဆင်ပါက မှားယွင်းသောဘက်သို့ဦးတည်နေခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အများအားဖြင့်၊ ဘဝပျော်ရွှင်မှုသည် သာမန်ဝတ္တရား၌ သစ္စာရှိခြင်းနှင့်ပေါင်းစည်းထားသည်။ {Ed 216.2}

အိမ်မှုကိစ္စတွင်ယောကျ်ားမိန်းမတို့သည် လုပ်ဆောင်ရမည့်အပိုင်းရှိကြသည်ဖြစ်၍၊ ယောကျ်ားလေးများနှင့်မိန်းကလေးတို့သည် အိမ်မှုတာဝန်များကိုသိကြရမည်။ အိပ်ရာပြင်ခြင်းနှင့်အိမ်ခန်းကိုရှင်းခြင်း၊ ပန်းကန်ဆေးခြင်း၊ ထမင်းဟင်းပြင်ခြင်း၊ မိမိကိုယ်တိုင်အဝတ်ကိုလျှော်ခြင်းနှင့် ခေါက်သိမ်းခြင်းစသည်တို့သည် ယောကျ်ားလေးများအားယောကျ်ားမဆန်သောအလုပ်မဟုတ်ကြောင်း သင်ပေးရန်လိုအပ်သည်။ ၎င်းသည်သူ့ကိုသာ၍ပျော်ရွှင်စေပြီး၊ အသုံးဝင်စေလိမ့်မည်။ တစ်ဖက်တွင်၊ မိန်းကလေးများသည်မြင်းကကြိုးနှင့်မြင်းစီးခြင်း၊ လွှနှင့်တူကိုအသုံးပြုခြင်း၊ ထွန်ခြစ်ဆွဲခြင်းနှင့်ပေါက်တူးပေါက်ခြင်း စသည်တို့ကိုသင်ယူနိုင်ပြီး၊ အသက်တာတွင် အရေးကြုံလာသောအခါ ကောင်းစွာဖြေရှင်းနိုင်ကြလိမ့်မည်။ {Ed 216.3}

နေ့စဉ်အလုပ်ကြမ်းလုပ်သူ၏အလုပ်ကို ဘုရားသခင်သည်မည်သို့ ဂုဏ်ပြုကြောင်းကို လူငယ်တို့နှင့်ကလေးတို့အား သမ္မာကျမ်းစာမှသင်ယူစေပါ။ ကျောင်းတက်နေသော "ပုရောဖက်အမျိုးသားတို့" (၄ရာ၊ ၆း၁–၇) မိမိတို့အတွက်ကျောင်းဆောင်ကိုတည်ဆောက်၍၊ ငှားရမ်းသောပုဆိန်သွားကို အံ့ဖွယ်နိမိတ်ဖြင့် ပြန်လည်ဆယ်ယူခြင်းအကြောင်းကို သူတို့အားပေးဖတ်ပါ။ လူသားနှင့်ဘုရားရှင်ကိုဆက်သွယ်ပေးသည့် အမြင့်မားဆုံးသောသာသနာကို ဆောင်ရွက်သည့်လက်မှုပညာသည် လက်သမားယေရှုနှင့်ရွက်ဖျင်တဲကို ချုပ်လုပ်သောပေါလုတို့၏ ပင်ပန်းခက်ခဲသောအလုပ်အကြောင်းကိုလည်း သူတို့ဖတ်ပါစေ။ လူထုကြီးကိုကျွေးမွေးရန်အတွက် ကယ်တင်ရှင်သည် အံ့ဖွယ်နိမိတ်ပြုလုပ်ခဲ့သောမုန့်ငါးလုံးကို ယူဆောင်လာသည့်လူငယ်လေးအကြောင်း၊ ဆင်းရဲသားများအတွက်အဝတ်အစားကို ဆက်လက်ချုပ်ပေးနိုင်ရန်အလို့ငှါ သေခြင်းမှရှင်ပြန်ထမြောက်သည့်အပ်ချုပ်သူဒေါ်ကာအကြောင်း၊ "သိုးမွေးနှင့်ဝါကိုရှာ၍ မိမိလက်နှင့်အလိုအလျောက်လုပ်တတ်" သောသူ၊ "အိမ်သူအိမ်သားတို့အားစားစရာကိုလည်းကောင်း၊ ကျွန်မတို့အားအငန်းအတာကို လည်းကောင်း ပေးဝေတတ်" သောသူ၊ "စပျစ်ဥယျာဉ်ကိုပြုစုတတ်" ၍ "မိမိလက်တို့ကိုသန်မြန်စေတတ်" သောသူ၊ ဆင်းရဲသောသူတို့အားလက်ကို ဖြန့်၍၊ ငတ်မွတ်သောသူတို့အား လက်ရုံးကိုဆန့်တတ်" သောသူ၊ "အိမ်သူအိမ်သားပြုမူသမျှတို့ကိုကြည့်ရှု၍၊ ပြင်းရိခြင်းအစာကိုမစားတတ်" သောသူအဖြစ်သုတ္တံကျမ်းတွင် ဖေါ်ပြသောပညာရှိမိန်းမအကြောင်းတို့ကို ပေးဖတ်ပါ။ သုတ္တံကျမ်း ၃၁း၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၂၀၊ ၂၇။ {Ed 217.1}

ထိုသို့သောသူတစ်ယောက်အား၊ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူမသည် "ချီးမွမ်းခြင်းကိုခံရလိမ့်မည်။ ထိုသို့သောမိန်းမကျင့်ရာအကျိုးကို ပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌သူ၏အသရေကိုထင်ရှားစေသတည်း" (သုတ္တံကျမ်း ၃၁း၃၀၊ ၃၁) ဟူ၍ဖြစ်သည်။ {Ed 217.2}

ကလေးတိုင်းအတွက်အိမ်သည် အလျင်ဦးဆုံးသောစက်မှုလက်မှုကျောင်းဖြစ်ရမည်။ ပြီးနောက်ဖြစ်နိုင်သမျှလက်မှုသင်တန်းအတွက် လိုအပ်သောပစ္စည်းများကို ကျောင်းတိုင်းတွင်ထားရှိရမည်။ ကြီးမားသောအတိုင်းအတာတစ်ခုအထိ ထိုသို့သောသင်တန်းမျိုးသည် အားကစားကို၊ နောက်ထပ်အဖိုးတန်သောစည်းမျဉ်းများဖြင့် အကျိုးဖြည့်စွမ်းပေးလိမ့်မည်။ {Ed 217.3}

လက်မှုသင်တန်းသည်ယခုထက်သာ၍ အာရုံစိုက်ထိုက်ပေသည်။ ကျောင်းများသည် အမြင့်မားဆုံးသောစိတ်နှင့်ကိုယ်ကျင့်တရားများကို လေ့ကျင့်ပျိုးထောင်ခြင်းအပြင်၊ ကိုယ်ကာယကြီးထွားခြင်းနှင့်စက်မှုလက်မှုသင်တန်းအတွက်အကောင်းဆုံးဖြစ်နိုင်ခြေပစ္စည်းများကို ပြင်ဆင်ပေးရမည်။ အကျိုးအရှိဆုံးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို များနိုင်သမျှများအောင်စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုတို့ကိုသင်ပေးရမည်ဖြစ်ပြီး၊ မိသားစုစီးပွားရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောချက်ပြုတ်ခြင်း၊ စက်ချုပ်ခြင်း၊ အမျိုးသမီးအဝတ်ချုပ်လုပ်ခြင်း၊ လူနာကိုကုသပေးခြင်းစသည့်အရာများနှင့် ဆက်စပ်သောအရာများကိုလည်းသင်ပေးရမည်။ ဥယျာဉ်ခြံများ၊ အလုပ်ရုံများ၊ ဆေးကုခန်းများတို့ကိုစီစဉ်ပေးရမည်။ ပြီးနောက်လုပ်ငန်းတိုင်းကို ကျွမ်းကျင်သောဆရာများမှဦးဆောင်ညွှန်ကြားရမည်။ {Ed 218.1}

အလုပ်သည်တိကျသောရည်ရွယ်ချက်ရှိရမည်ဖြစ်ပြီး၊ စေ့စပ်သေချာအောင်လုပ်ရမည်။ လူတိုင်းသည်လက်မှုပညာအမျိုးမျိုးကို နည်းနည်းစီသိရန်လိုအပ်သော်လည်း၊ အနည်းဆုံးပညာတစ်ခုကိုမဖြစ်မနေတတ်ကျွမ်းရမည်။ လူငယ်တိုင်းသည်ကျောင်းမှထွက်လာသောအခါ၊ အသက်မွေးဝမ်းကျောင်းအတွက်အရောင်းအဝယ်ပြုခြင်း၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာအလုပ်တို့အတွက် ပညာကိုရရှိထားရမည်။ {Ed 218.2}

ကျောင်းများတွင်စက်မှုလက်မှုသင်တန်းကို မကြာမကြာကန့်ကွက်တတ်ကြခြင်းမှာ ရင်းနှီးမြှုပ်နှံငွေများသောကြောင့်ဖြစ်သည်။ သို့သော်ရရှိမည့်

အရာသည်၎င်း၏တန်ဖိုးနှင့်ထိုက်တန်သည်။ ကျွန်ုပ်တို့အားပေးအပ်သော အလုပ်တွင် လူငယ်များကိုသင်တန်းပေးခြင်းသည် အလွန်အရေးကြီးသည်။ ၎င်းကိုစစ်မှန်စွာပြီးမြောက်စေရန်အတွက် လိုအပ်သောအရင်းအနှီးသည် ကုန်ရကျိုးနပ်ပေသည်။ {Ed 218.3}

ငွေကြေးကုန်ကျစရိတ်ရှုထောင့်မှပင်လျှင်၊ လက်မှုပညာအတွက် လိုအပ်သောအရင်းအနှီးသည် အမှန်ကန်ဆုံးသောချွေတာရေးဖြစ်သည်။ မြောက်မြားစွာသောယောကျ်ားလေးများကို လမ်းကြိုလမ်းကြားနှင့်အရက်ဆိုင်တို့မှထိန်းထားနိုင်မည်။ ဥယျာဉ်ခြံများ၊ အလုပ်ရုံများနှင့်ရေကူးကန်အတွက်ကုန်ကျစရိတ်သည် ဆေးရုံများ၊ ပြုပြင်ရေးစခန်းများထက်လိုအပ်မှုကိုဖြည့်ဆည်းပေးလိမ့်မည်။ ထိုအခါ စက်မှုလက်မှုအတွက်သင်ယူပြီးသောလူငယ်များ၊ အသုံးကျပြီးအကျိုးဖြစ်ထွန်းသောအလုပ်အမျိုးမျိုးတွင်ကျွမ်းကျင်သောလူငယ်များကို ကိုယ်တိုင်၏လူမှုအသိုက်အဝန်းနှင့်နိုင်ငံအတွက် သူတို့၏တန်ဖိုးကို အဘယ်သူခန့်မှန်းနိုင်မည်နည်း။ {Ed 218.4}

စာပေလေ့လာပြီး၍အနားယူချိန်တွင် အိမ်ပြင်တွင်အလုပ်လုပ်ခြင်းနှင့်ကိုယ်ခန္ဓာတစ်ခုလုံးအတွက် လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် အကျိုးအရှိဆုံးဖြစ်သည်။ မည်သည့်လက်မှုသင်တန်းကမျှ စိုက်ပျိုးရေးလောက်တန်ဖိုးမရှိချေ။ စိုက်ပျိုးရေးဘက်တွင်စိတ်ဝင်စားစေရန်သာ၍ကြိုးစားပြီး၊ အားပေးရမည်။ စိုက်ပျိုးရေးအကြောင်း သမ္မာကျမ်းစာပြောသည့်အရာကို အာရုံစိုက်လာစေရန် ဆရာသမားများကလုပ်ဆောင်ရမည်။ မြေကြီးကိုထွန်ယက်ရန်မှာ လူသားတို့အတွက်ဘုရားသခင်၏အစီအစဉ်ဖြစ်သည်။ ကမ္ဘာတစ်ခုလုံးကိုအုပ်စိုးသည့်ရှေးဦးလူသားတို့အား စိုက်ပျိုးရန်ဥယျာဉ်ပေးထားခဲ့သည်။ များစွာသောကမ္ဘာ့အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်များသည် မြေကိုထွန်ယက်သူများဖြစ်ခဲ့ကြသည်။ ထိုသို့သောအသက်တာတွင် အခွင့်အရေးကိုပြသပါ။ ပညာရှိရှောလမုန်က "ရှင်ဘုရင်သော်လည်း လယ်၏ကျေးဇူးကိုခံရ၏။"

(ဒေသနာကျမ်း ၅း၉)။ မြေ၌စိုက်ပျိုးသောသူအား သမ္မာကျမ်းစာက၊ "သူ၏ဘုရားသခင်သည် စီရင်တတ်သောဉာဏ်ကိုပေးတော်မူ၏။ သူ့ကို လည်းသွန်သင်တော်မူ၏" (ဟေရှာယ ၂၈း၂၆) ဟူ၍၎င်း၊ "သင်္ဘောသဖန်း ပင်ကိုစောင့်သောသူသည် သင်္ဘောသဖန်းသီးကိုစားရ၏" (သုတ္တံကျမ်း၂၇း၁၈) ဟူ၍လည်းကောင်းဆိုထားသည်။ စိုက်ပျိုးရေးဖြင့်မိမိအသက်မွေးဝမ်းကျောင်းကိုရှာ ဖွေသောသူသည်စုံစမ်းခြင်းများစွာမှလွတ်မြောက်၍၊ မြို့ကြီးများ၌အလုပ်လုပ် သူများမရရှိသည့် မရေမတွက်နိုင်သောအခွင့်အရေးများနှင့်ကောင်းချီးများကို အကျိုးခံစားရသည်။ ငွေကြေးကိုယုံကြည်အားကိုးမှုနှင့်စီးပွားရေးပြိုင်ဆိုင်မှု ရှိနေသော၍အချိန်အခါတွင်၊ စစ်မှန်သောအမှီအခိုကင်းခြင်း၌ပျော်မွေ့ သောသူ၊ မြေကိုထွန်ယက်သောသူကဲ့သို့ မိမိလုပ်အားအတွက်ကြီးမားသော အကျိုးကိုခံစားသောသူအနည်းငယ်သာရှိသည်။ {Ed 219.1}

စိုက်ပျိုးရေးကိုသင်ကြားရာတွင်၊ ကျောင်းသားများအားစာတွေ့ သာမဟုတ်ဘဲ၊ လက်တွေ့ပါသင်ပေးရမည်။ သိပ္ပံပညာသည် သဘာဝတရား နှင့်မြေသားကိုပြင်ဆင်ခြင်း၊ ကောက်ပဲသီးနှံအမျိုးမျိုး၏တန်ဖိုး၊ အကောင်း ဆုံးသောထုတ်လုပ်နည်းစသည်တို့ကိုသူတို့သင်ယူကြပြီး၊ ၎င်းပညာကိုသူတို့ အားအသုံးချစေပါ။ ဆရာသမားများသည် ကျောင်းသားများနှင့်တွဲ၍ အလုပ်လုပ်ပြီး၊ ကျွမ်းကျင်မှု၊ ပညာပါပါဖြင့်ကြိုးစားအားထုတ်မှု၏ရလဒ်ကို သူတို့အားပြသပါ။ ထိုသို့ဖြင့် အကောင်းဆုံးသောပုံစံဖြင့်အလုပ်လုပ်ရန် စစ်မှန်သောစိတ်ဝင်စားမှုနှင့်ရည်ရွယ်ချက်များရှိလာနိုင်သည်။ ထိုသို့သောရည် မှန်းချက်နှင့်တကွ ကာယလေ့ကျင့်ခန်း၏လန်းဆန်းစေမှု၊ နေရောင်ခြည်၊ လေစသည်တို့သည် စိုက်ပျိုးရေးအလုပ်ကိုနှစ်သက်စေမှာဖြစ်ရာ၊ လူငယ် များစွာတို့သည် ထိုအလုပ်ကိုရွေးချယ်ဆုံးဖြတ်လာကြလိမ့်မည်။ ထိုသို့ဖြင့် မြို့ကြီးများတွင်ပြောင်းရွှေ့အခြေချပြီး အလုပ်လုပ်မည့်သူများကိုဩဇာလွှမ်း မိုးနိုင်သည်။ {Ed 219.2}

ထို့ကြောင့်ကျွန်ုပ်တို့၏ကျောင်းများသည် အလုပ်မရှိသောသူများ၏ အစီအစဉ်တို့၌ ထိရောက်စွာကူညီရမည်။ နေ့စဉ်ပြစ်မှုကျူးလွန်သောလူတန်းစား အဖြစ်တိုးပွားလာမည့် ထောင်ပေါင်းများစွာသောအကူညီမဲ့သူများ၊ ငတ်မွတ်သောသူများတို့သည် လယ်ယာမြေထွန်ယက်ရာတွင်ကျွမ်းကျင်ပြီးကြိုးစားသူများဖြစ်လာနိုင်ခဲ့လျှင်၊ ပျော်ရွှင်၊ ကျန်းမာ၊ အမှီအခိုကင်းသော မိမိကိုယ်ကို ထောက်ပံ့နိုင်သူများဖြစ်လာနိုင်သည်။ {Ed 220.1}

လက်မှုပညာ၏အကျိုးအမြတ်ကို ကျွမ်းကျင်သောအတတ်ပညာရှင်များသည်လည်းလိုအပ်သည်။ လူတစ်ဦး၌ထက်မြက်သောဦးနှောက်ရှိနိုင်သည်။ စိတ်ကူးအကြံအစည်ကို လွယ်လင့်တကူသဘောပေါက်နိုင်သည်။ သူရွေးချယ်လျှောက်ထားသောအလုပ်တွင် ဝင်နိုင်ရန်သူ၏ပညာနှင့်စွမ်းရည်သည် သူ့အတွက်အာမခံပေးနိုင်သည်။ သို့ရာတွင် ၎င်းတာဝန်ကိုထမ်းဆောင်ရန်ကြံ့ခိုင်မှုကိုပိုင်ဆိုင်ခြင်းမှသူသည် အလှမ်းဝေးနေနိုင်သေးသည်။ ပညာသည်အဓိကအားဖြင့်စာအုပ်မှရရှိပြီး၊ အပေါ်ယံအတွေးအခေါ်သို့ပို့ဆောင်ပေးသည်။ လက်တွေ့အလုပ်လုပ်ခြင်းသည် အနီးကပ်လေ့လာခြင်းနှင့် လွတ်လပ်သောအတွေးအခေါ်တို့ကိုအားပေးသည်။ အလုပ်ကိုမှန်ကန်စွာဆောင်ရွက်လျှင်၊ သဘာဝပေးအသိဟုခေါ်ကြသော လက်တွေ့ဆန်သည့်ပညာကိုတိုးပွားစေနိုင်သည်။ ၎င်းသည် ကြံစည်လုပ်ဆောင်ရန် အစွမ်းကိုတိုးပွားစေ၍၊ သတ္တိနှင့်ဇွဲလုံ့လကိုခိုင်မာစေကာ၊ လိမ္မာပါးနပ်မှုနှင့်စွမ်းရည်တို့ကို အသုံးပြုစေသည်။ {Ed 220.2}

လူနာအခန်းတွင်အမှန်တကယ်ဝန်ဆောင်မှုပေးခြင်းအားဖြင့် မိမိ၏အတတ်ပညာကို အုတ်မြစ်ချသောဆရာဝန်သည် အလျင်အမြန်ထိုးထွင်းသိမြင်စွမ်းသောဉာဏ်၊ ဘက်စုံပညာ၊ အရေးပေါ်အခြေအနေများတွင် လိုအပ်သည့်ဝန်ဆောင်မှုကို ပေးနိုင်သောအစွမ်းသတ္တိစသည့်အရေးကြီးသော အရည်အချင်းအားလုံးသည်၊ လက်တွေ့သင်တန်းကိုအပြည့်အဝလုပ်ဆောင်ခြင်းအားဖြင့်သာလျှင်ရရှိသည်။ {Ed 220.3}

တရားဟောဆရာများ၊ သာသနာပြုများ၊ ကျောင်းဆရာများတို့သည် လူများအပေါ် မိမိတို့၏ဩဇာလွှမ်းမိုးမှုသည် နေ့စဉ်အသက်တာမှလက်တွေ့ကျသာတာဝန်များအတွက် လိုအပ်သောပညာနှင့်စွမ်းရည်ကိုသူတို့ပိုင်ဆိုင်ကြောင်းထင်ရှားလာသောအခါ၊ အကြီးအကျယ်တိုးပွားလိမ့်မည်။ သာသနာပြုများနှင့်လူများတို့၏အောင်မြင်မှုသည် လက်တွေ့ဆန်သောအရာများကိုသိခြင်းအပေါ်မှီတည်နေတတ်သည်။ အစားအစာချက်ပြုတ်ရန်၊ မတော်တဆများနှင့်အရေးပေါ်အခြေအနေကိုကိုင်တွယ်ရန်၊ ရောဂါကုသရန်၊ လိုအပ်ပါက အိမ်၊ ဘုရားကျောင်းဆောက်လုပ်ရန် စသည်တို့အတွက် အတတ်စွမ်းရည်အားလုံးသည် ဘဝအောင်မြင်မှုနှင့်ကျရှုံးခြင်းတို့၏ခြားနားမှုကိုဖြစ်စေသည်။ {Ed 221.1}

ပညာကိုဆည်းပူးရာတွင်၊ များစွာသောကျောင်းသားတို့သည် မိမိတို့ကိုယ်ကိုရပ်တည်နိုင်သူများဖြစ်လာလျှင်၊ တန်ဖိုးအကြီးဆုံးသောသင်တန်းကိုရရှိခြင်းဖြစ်သည်။ အကြွေးများရှိခြင်း၊ သို့တည်းမဟုတ် မိဘများအပေါ်မှီခိုခြင်းစသည်တို့အစား၊ ငယ်ရွယ်သူယောကျာ်းမိန်းမများသည် မိမိတို့ကိုယ်တိုင်အပေါ်မှီခိုရမည်။ ထိုအခါသူတို့သည် ငွေ၏တန်ဖိုး၊ အချိန်အခွင့်အရေးနှင့်ခွန်အားတို့၏တန်ဖိုးများကိုနားလည်လာပြီး၊ ပျင်းရိခြင်းနှင့်လက်ဖွာသည့်အကျင့်တို့ကို အောင်နိုင်လာလိမ့်မည်။ ချွေတာရေး၊ လုံ့လဝီရိယ၊ ကိုယ်ကျိုးမဖက်ခြင်း၊ လက်တွေ့စီးပွားရေးစီမံခြင်း၊ ရည်ရွယ်ချက်ခိုင်မာခြင်း စသည့်သင်ခန်းစာများကိုပိုင်နိုင်လျှင် ဘဝတိုက်ပွဲအတွက်အရေးကြီးဆုံးသောတန်ဆာပလာများကိုရရှိလိမ့်မည်။ မိမိကိုယ်ကိုထောက်ပံ့ခြင်းသင်ခန်းစာကိုရရှိသောကျောင်းသားသည် ကျောင်းများကိုအကြွေး၏ဝန်ထုပ်မှလည်းကောင်း၊ ယင်းတို့၏အသုံးဝင်မှုကိုထိခိုက်ပျက်စီးခြင်းမှလည်းကောင်း ထိန်းသိမ်းထားနိုင်လိမ့်မည်။ {Ed 221.2}

လူငယ်များအားပညာရေးသည် အသက်တာ၏မနှစ်မြို့ဖွယ်လုပ်ငန်းတာဝန်များနှင့်ကြီးလေးသောဝန်ထုပ်များမှ မည်သို့လွတ်မြောက်ရမည်အကြောင်း

သူတို့အားသင်ပေးသည်မဟုတ်ကြောင်းကိုလည်းကောင်း၊ ၎င်း၏ရည်ရွယ်ချက်မှာ သာ၍ကောင်းသောနည်းလမ်းများနှင့် သာ၍မြင့်မားသောရည်ရွယ်ချက်များကိုသင်ပေးခြင်းအားဖြင့် အလုပ်ကိုလွယ်ကူစေကြောင်းကိုလည်းကောင်း စိတ်ထဲစွဲမှတ်စေပါ။ ဘဝ၏စစ်မှန်သောရည်မှန်းချက်မှာ မိမိတို့အတွက်အကြီးမားဆုံးသောအမြတ်ကို ရရှိရန်မဟုတ်မူဘဲ၊ လူအများနှင့်ဆိုင်သောအလုပ်တွင် မိမိအပိုင်းကိုလုပ်ဆောင်ခြင်းနှင့် သာ၍အားနည်းသောသူများနှင့်ပညာမဲ့သောသူတို့အား ကူညီသောလက်ကိုကမ်းပေးခြင်းဖြင့် မိမိဖန်ဆင်းရှင်ကိုဂုဏ်ပြုခြင်းဖြစ်သည်။ {Ed 221.3}

အလုပ်ကြမ်းကို အထင်မြင်သေးရခြင်း၏အဓိကအကြောင်းရင်းတစ်ခုမှာ၊ ၎င်းကိုပေါ့ပေါ့ဆဆဖြင့် မဆင်မခြင်လုပ်ဆောင်ခြင်းကြောင့်ဖြစ်သည်။ လိုအပ်ချက်ကြောင့်သာလုပ်ဆောင်ခြင်းဖြစ်၍၊ ရွေးချယ်လုပ်ဆောင်ခြင်းမဟုတ်ချေ။ အလုပ်လုပ်သူတို့သည် စိတ်မပါဘဲလုပ်ကြသည်။ မိမိကိုယ်ကိုလည်းမကြည်ညို၊ အခြားသူတို့၏လေးစားမှုကိုလည်းမခံရချေ။ လက်မှုသင်တန်းသည် ဤအမှားကိုပြင်ပေးရမည်။ ၎င်းသည်တိတိကျကျနှင့်စေ့စပ်သေချာစွာလုပ်တတ်သောအကျင့်ကိုတိုးတက်စေသည်။ ကျောင်းသားများသည် လိမ္မာပါးနပ်မှုနှင့်နည်းစနစ်ကိုသင်ယူရမည်။ အချိန်ကိုအသုံးချတတ်ရန်နှင့် လုပ်ဆောင်မှုတိုင်းအကျိုးရှိစေရန်သင်ယူရမည်။ သူတို့အားအကောင်းဆုံးသောနည်းလမ်းများကိုသာမက၊ အစဉ်တိုးတက်လိုသောရည်မှန်းချက်ကိုလည်းနိုးဆွပေးရမည်။ လူသားဦးနှောက်နှင့်လက်ဖြင့် အဖြစ်နိုင်ဆုံးပြည့်စုံအောင်လုပ်ဆောင်ရန်ရည်ရွယ်ချက်ထားစေပါ။ {Ed 222.1}

ထိုသို့သောသင်တန်းမျိုးသည် လူငယ်တို့အားအလုပ်၏ကျေးကျွန်များမဖြစ်သွားစေဘဲ၊ အလုပ်၏အရှင်သခင်များဖြစ်စေလိမ့်မည်။ ၎င်းသည်ကြမ်းတမ်းသောအလုပ်များစွာကိုပေါ့ပါးစေပြီး၊ အောက်ခြေအလုပ်ကိုပင်လျှင်ဂုဏ်တက်စေလိမ့်မည်။ အလုပ်ကိုငြီးငွေ့ဖွယ်အဖြစ်မှတ်ယူ၍၊ မိမိဘာသာအားရကျေနပ်အောင်လုပ်ပြီး တိုးတက်အောင်အားထုတ်မှုမရှိသောသူသည်

အမှန်တကယ်ပင်အလုပ်ကို ဝန်ထုပ်အဖြစ်မြင်တွေ့လိမ့်မည်။ သို့သော် လောကဓာတ်ပညာကိုအသိအမှတ်ပြုသောသူတို့သည် အလုပ်ကိုမြင့်မြတ်ခြင်းနှင့်တင့်တယ်မှုအဖြစ်မြင်၍၊ အလုပ်ကိုသစ္စာရှိရှိနှင့်ကျွမ်းကျင်စွာလုပ်ဆောင်ခြင်းတို့၌ ပျော်မွေ့လိမ့်မည်။ {Ed 222.2}

သေချာစွာလေ့ကျင့်ပေးထားခြင်းခံရသောလူငယ်သည် ဘဝတွင် ဒေါင်ကျကျပြားကျကျ၊ အလုပ်သည်မှန်ကန်နေသရွေ့၊ မိမိအနေအထားကို အသုံးကျပြီး ဂုဏ်ယူဖွယ်ဖြစ်အောင်ဖြစ်စေလိမ့်မည်။ {Ed 222.3}

***

# အခန်း ၂၅

# ပညာရေးနှင့်အကျင့်စာရိတ္တ

စစ်မှန်သောပညာရေးသည် သိပ္ပံအတတ်နှင့်စာပေဆည်းပူးခြင်းတို့၏တန်ဖိုးကိုလျစ်လျူမရှုချေ။ သို့ရာတွင် ၎င်းသည်သတင်းအချက်အလက်ထက်အစွမ်းတန်ခိုးကိုလည်းကောင်း၊ အစွမ်းတန်ခိုးထက်ကောင်းမြတ်ခြင်းကိုလည်းကောင်း၊ ဉာဏ်ပညာကိုဆည်းပူးခြင်းထက်အကျင့်စာရိတ္တကိုလည်းကောင်း တန်ဖိုးထားသည်။ ကမ္ဘာကြီးသည် ပညာရှင်ကြီးများထက်မွန်မြတ်သောစာရိတ္တပိုင်ရှင်များကို သာ၍များစွာလိုအပ်သည်။ စွမ်းရည်ကိုတည်မြဲသောစည်းမျဉ်းဖြင့် ထိန်းချုပ်သောလူများကို ကမ္ဘာက လိုအပ်သည်။ {Ed 225.1}

“ပညာကိုဆည်းပူးလော့။ ဆည်းပူးသမျှသောဥစ္စာတို့တွင်ဉာဏ်ကိုဆည်းပူးလော့။” “ပညာရှိသောသူ၏လျှာသည် ပညာအတတ်ကိုတင့်တယ်စေတတ်၏။” သုတ္တံကျမ်း ၄း၇။ ၁၅း၂။ စစ်မှန်သောပညာရေးသည် ဤပညာကိုပေးသည်။ ၎င်းသည်ကျွန်ုပ်တို့၏အစွမ်းများနှင့် ဆည်းပူးသမျှကို အကောင်းဆုံးအသုံးချနိုင်ရန်သင့်ပေသည်။ ထို့ကြောင့် ပညာသည်ကျွန်ုပ်တို့၏ကိုယ့်ကိုကိုယ်အပေါ်၊ လောကသားများအပေါ်၊ ဘုရားသခင်အပေါ် တာဝန်ဝတ္တရားကို အားလုံးလွှမ်းခြုံသည်။ {Ed 225.2}

အကျင့်စာရိတ္တတည်ဆောက်ခြင်းသည် လူသားများအားပေးအပ်သောအလုပ်တွင် အရေးကြီးဆုံးဖြစ်ရာ၊ ၎င်းကိုသင်ယူမှုသည် အလျင်ကထက်ယခုတွင်အလွန်အရေးကြီးသည်။ ယခင်မျိုးဆက်တို့သည် ဤကိစ္စကို အလွန်အရေးပါသည်ဟုမမှတ်ယူခဲ့ကြချေ။ ငယ်ရွယ်သူယောကျ်ားမိန်းမတို့သည်

ယနေ့ရင်ဆိုင်နေရသည့်အန္တရာယ်သည် အလျင်ကထက်များစွာကြီးမားပေသည်။ {Ed 225.3}

ထိုသို့သောယခုခေတ်အချိန်တွင်၊ ပညာရေး၏ဦးတည်ရာသည် အဘယ်နည်း။ မည်သည့်အရာက စိတ်ကိုအဆွဲဆောင်ဆုံးဖြစ်သနည်း။ ကိုယ်ကျိုးရှာခြင်းပင်ဖြစ်သည်။ ယခုပေးလျက်ရှိသောပညာရေးသည် ဖေါက်ပြန်ခြင်းသဘောကိုဆောင်သည်။ စစ်မှန်သောပညာရေးသည် ဤလောက၏ကျိန်ခြင်းများဖြစ်သော တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်၊ အာဏာတန်ခိုးကိုငမ်းငမ်းတက်တပ်မက်ခြင်း၊ အမှန်တရားများနှင့်လူသားမျိုးနွယ်၏ လိုအပ်ချက်များကိုဂရုမစိုက်ခြင်း စသည်များကိုတန်ပြန်လွှမ်းမိုးသည်။ ဘုရားသခင်၏အသက်ရှင်ခြင်းအကြံအစည်တော်သည် လူတိုင်းအတွက် ရှိသည်။ လူတိုင်းမိမိအစွမ်းအစများကို အစွမ်းကုန်တိုးတက်စေရမည်။ ထိုသို့ သစ္စာရှိရှိလုပ်ဆောင်ရာတွင် အရည်အချင်းသည်နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ၊ လူတစ်ယောက်ကိုဂုဏ်ရှိစေသည်။ ဘုရားသခင်၏အစီအစဉ်တွင် တစ်ကိုယ်ကောင်းဆန်သောယှဉ်ပြိုင်မှုအတွက်နေရာမရှိချေ။ မိမိတို့အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်ခိုင်းနှိုင်း၍၊ ပြိုင်နှိုင်းသောသူတို့သည် ပညာမဲ့ ဖြစ်ကြသည်။ (၂ကော၊ ၁၀း၁၂)။ ကျွန်ုပ်တို့သည်မည်သည့်အရာ ပင်လုပ်သည်ဖြစ်စေ၊ "ဘုရားသခင်ပေးသနားတော်မူသောအစွမ်းသတ္တိ အတိုင်း" (၁ပေ၊ ၄း၁၁) ဆောင်ရွက်ရမည်။ "လူ၏အမှုကိုသာဆောင် ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့၊ ပြုလေသမျှတို့၌စေတနာစိတ်နှင့်ပြုကြလော့။ သင်တို့သည် သခင်ခရစ်တော်၏ အစေကိုခံကြသည်ဖြစ်၍၊ အမွေတော်တည်းဟူသောအကျိုးကို ထိုသခင်ဘုရား ၏လက်တော်မှခံရလိမ့်မည်။" (ကောလောသဲ ၃း၂၃၊ ၂၄)။ ဤအခြေခံ စည်းမျဉ်းများကိုလိုက်လျှောက်ရာတွင် ဆောင်ရွက်သည့်ဝန်ဆောင်မှုနှင့်

ရရှိသောပညာရေးသည် တန်ဖိုးကြီးလှသည်။ သို့သော် ယခုပေးနေကြသောပညာရေးနှင့် အလွန်ပင်ခြားနားနေသည်တကား။ ယင်းသည် ငယ်ရွယ်စဉ်မှစ၍ သူ့ထက်သာအောင်လုပ်ခြင်းနှင့်ယှဉ်ပြိုင်မှုတို့ကိုအားပေးသည်။ ၎င်းပညာရေးသည် အပြစ်အားလုံး၏အရင်းအမြစ်ဖြစ်သော တစ်ကိုယ်ကောင်းဆန်ခြင်းကိုအားပေးသည်။ {Ed 225.4}

ထို့ကြောင့်ထိပ်ဆုံးနေရာအတွက် ပဋိပက္ခကိုဖန်တီးပေးသည်။ ကိစ္စအတော်များများတွင် ကျန်းမာရေးကိုဖျက်ဆီး၍၊ ကျန်းမာရေးမကောင်းဖြစ်စေသော "တင်းကျပ်" သည့်စနစ်ကိုအားပေးသည်။ အခြားသောအခြေအနေများတွင်လည်း သူ့ထက်သာအောင်လုပ်ခြင်းသည် မရိုးဖြောင့်မှုကိုဦးတည်ပေးသည်။ ကြီးပွားလိုစိတ်နှင့်မရောင့်ရဲသောစိတ်ကို မွေးမြူခြင်းသည် သဘာဝကိုခါးသီးစေ၍၊ လူ့အသိုက်အဝန်းကိုအစဉ်အန္တရာယ်ဖြစ်စေသည့်ဂနာမငြိမ်၊ ဆူဆူပူပူဖြစ်သောစိတ်သဘောထားများနှင့် ကမ္ဘာကိုပြည့်သွားစေသည်။ {Ed 226.1}

ပညာသင်ကြားသည့်နည်းစနစ်၌သာ အန္တရာယ်ရှိသည်မဟုတ်။ သင်ကြားသည့်ဘာသာရပ်၌လည်းတွေ့ရှိရပါသည်။ {Ed 226.2}

စိတ်အထိခိုက်အလွယ်ကူဆုံးသောအရွယ်တွင် လူငယ်တို့စိတ်တွင်စွဲသွားစေသောအလုပ်များသည်အဘယ်အရာနည်း။ ဘာသာစကားရပ်နှင့်စာပေတို့ကိုလေ့လာရာတွင် ပညာသင်ယူသောလူငယ်တို့သည်မည်သည့်စမ်းမှရေကိုသောက်ကြမည်နည်း။ သူတို့သည် ဒိဋ္ဌိဝါဒစမ်းရေတွင်းများမှရှေးသာသနာပလူတို့၏ပျက်စီးမှုများကို သောက်သုံးရကြသည်။ သူတို့သည်အကျင့်စာရိတ္တဆိုင်ရာစည်းမျဉ်းများကို အလေးမထားသောစာရေးဆရာတို့၏စာပေများကို အတင်းအကျပ်လေ့လာကြရသည်။ {Ed 226.3}

များစွာသောခေတ်သစ်စာရေးဆရာများသည် အတူတူပင်ဖြစ်ကြသည်။ ၎င်းစာပေများသည် ညက်ညောတင့်တယ်ပါသော်လည်း၊ စာဖတ်

သူတို့အား ၎င်းတို့၏စစ်မှန်သောချို့ယွင်းမှုသို့တွန်းပို့သောအယောင်ဆောင် စည်းမျဉ်းများပင်ဖြစ်တော့သည်။ {Ed 227.1}

ဤအရာများအပြင်၊ စိတ်ကူးယဉ်ကမ္ဘာထဲ၌ ကြည်နူးနေရန်သွေး ဆောင်သည့် စိတ်ကူးယဉ်ဝတ္ထုစာရေးဆရာများစွာရှိနေသည်။ ဤစာရေး ဆရာများသည် ဒုစရိုက်ဘက်သို့ မဆွဲသော်လည်း၊ ၎င်းတို့၏လုပ်ဆောင်ချက် သည် အမှန်ပင်မကောင်းမှုထက်မလျော့ပေ။ ၎င်းသည် ထောင်ပေါင်းများစွာတို့၏ ခက်ထန်သောဘဝတိုက်ပွဲရင်ဆိုင်ရန် လိုအပ်သောအချိန်၊ ခွန်အားနှင့်မိမိ ကိုယ်ကိုစောင့်ရှောက်ခြင်းစသည်တို့ကို ဆုံးရှုံးစေသည်။ {Ed 227.2}

လူအများလေ့လာသောသိပ္ပံပညာတွင်လည်း အလားတူကြီးမားသော အန္တရာယ်များရှိနေသည်။ ဆင့်ကဲဖြစ်စဉ်နှင့် ထိုသို့သောအမှားများကို သူငယ် တန်းမှကောလိပ်အထိ အတန်းတိုင်းတွင်သင်ပေးလျက်ရှိသည်။ ထို့ကြောင့်ဘုရား သခင်ကိုသိကျွမ်းသည့်ပညာကိုပေးနေရမည့် သိပ္ပံပညာသည် လူတို့၏ထင်မြင် ယူဆချက်များနှင့်လွန်စွာရောနှောသောကြောင့် ဖောက်ပြန်မှုသို့ပို့ဆောင်ပေး သည်။ {Ed 227.3}

ကျောင်းများ၌ သမ္မာကျမ်းစာသင်ပေးမှုပင်လျှင် ဘုရားသခင့် နှုတ်ကပတ်တော်၏တန်ဖိုးမဖြတ်နိုင်သောဘဏ္ဍာကို လောကသည် မကြာမကြာလုယူတတ်သည်။ စိတ်ဖြာလေ့လာ၊ စိတ်ကူးမှန်းဆပြီးပြန် လည်ဆက်စပ်အမိပ္ပါယ်ဖေါ်ထုတ်ရာတွင် ဝေဖန်ထောက်ကွက်ခြင်းအလုပ်သည် သမ္မာကျမ်းစာသည် ဘုရားရှင်၏ဖေါ်ပြချက်ဖြစ်သည်ဟူသော ယုံကြည်ခြင်း ကိုဖျက်ဆီးပြီး၊ လူအသက်တာကိုထိန်းချုပ်၊ မြှင့်တင်၊ အားပေးသော နှုတ်ကပတ်တော်၏တန်ခိုးကိုလုယူသည်။ {Ed 227.4}

လူငယ်တို့သည် လောကကြီးထဲသို့ထွက်သွား၍ ၎င်း၏အပြစ် သို့ဆွဲဆောင်သည့်ပြင်းပြသောငွေရလိုစိတ်၊ အပျော်အပါးမက်မောခြင်း၊

ထင်ပေါ်ခြင်း၊ ဖိမ်ခံခြင်း၊ သုံးဖြုန်းကြီးခြင်း၊ အလွန်အကျွံပြုခြင်း၊ လိမ်လည်ခြင်း၊ လုယူခြင်း၊ ပျက်စီးခြင်းစသည့်တပ်မက်ခြင်းတို့ကို တွန်းလှန်ရင်ဆိုင်နိုင်ရန် မည်သည့်အရာကိုသင်ပေးရမည်နည်း။ {Ed 227.5}

ကွယ်လွန်သူ၏ဝိညာဉ်နှင့်ဆက်သွယ်ခြင်းသည် လူတို့သည် အပြစ်မရှိသော ဘုရားတစ်ပိုင်းဖြစ်ကြောင်း၊ မိမိကိုယ်ကိုသာအကဲဖြတ်စီရင်ရမည်ဖြစ်ကြောင်း၊ စစ်မှန်သောပညာသည် လူတို့ကိုဥပဒေ၏အထက်တွင်ထားရှိကြောင်း၊ အရာရာသည်မှန်ကန်၍ ဘုရားသခင်သည်မရှုတ်ချသောကြောင့်ကျူးလွန်သမျှဒုစရိုက်သည် အပြစ်ကင်းကြောင်းစသည့်ယုံကြည်ချက်ကိုအခိုင်အမာဆိုသည်။ အဆင့်အနိမ့်ဆုံးသောလူသားများကို ကောင်းကင်တွင်လွန်စွာချီးမြှောက်ခြင်းခံရကြသည်။ ထို့ကြောင့် လူသားတိုင်းအား "သင်ဘာလုပ်တယ်ဆိုတာအရေးမကြီးဘူး၊ ပျော်သလိုသာနေ၊ ကောင်းကင်ဟာသင့်ရဲ့အိမ်ဖြစ်တယ်" ဟု ပြောဆိုသည်။ ထိုသို့ဖြင့် များစွာသောလူတို့အားလိုချင်သောစိတ်သည် အမြင့်ဆုံးသောဥပဒေဖြစ်ကြောင်း၊ ခွင့်ပြုချက်သည်လွတ်လပ်မှုဖြစ်ကြောင်း၊ လူသည် မိမိကိုယ်ကိုသာတာဝန်ခံရမည်ဖြစ်ကြောင်း စသည်များကိုယုံကြည်စေသည်။ {Ed 227.6}

ထိုသို့သောသွန်သင်ချက်ကို ဘဝကိုစတင်ချိန်၊ စိတ်လိုက်မာန်ပါလုပ်လိုစိတ်အပြင်းပြဆုံးသောအချိန်၊ မိမိကိုယ်ကိုထိန်းချုပ်မှုနှင့်စင်ကြယ်မှုအလိုအပ်ဆုံးသောအချိန်တွင်သင်ပေးသော်၊ အကျင့်သီလကိုကာကွယ်ပေးသည့်အရာများသည်အဘယ်နည်း။ လောကကြီးကို ဒုတိယသောဒုံမြို့ဖြစ်လာခြင်းမှမည်သည့်အရာကကာကွယ်မည်နည်း။ {Ed 228.1}

တစ်ချိန်တည်းတွင် မင်းမဲ့စရိုက်သည် ဘုရားသခင်၏ပညတ်ချက်များကိုသာမက၊ လူတို့၏ဥပဒေများအားလုံးကိုဖယ်ရှားရန်ကြိုးပမ်းနေသည်။ ပြင်သစ်တော်လှန်ရေးကိုဖြစ်ပေါ်စေသည့် ကြွယ်ဝမှုနှင့်အာဏာတန်ခိုးကို

ချုပ်ကိုင်ခြင်း၊ လူနည်းစု၏ချမ်းသာမှုအတွက် လူအများကပေးဆပ်ခြင်း၊ သူတို့၏အကျိုးစီးပွားကိုကာကွယ်ရန် ဆင်းရဲသားလူတန်းစားကိုအသုံးချခြင်း၊ ဆူပူအုံကြွပြီးသွေးဆာလောင်သောစိတ်ဓါတ်များ၊ ထိုသို့သောသဘောတရားကို ကမ္ဘာအနှံ့ပြန့်စေခြင်းစသည်အရာအားလုံးသည် ပြင်သစ်နိုင်ငံကိုအပြင်းအထန်လှုပ်ခါစေသော အလားတူပဋိပက္ခတွင် ကမ္ဘာတစ်ခုလုံးကိုပါဝင်လာစေရန်ဆွဲထည့်လျက်ရှိသည်။ {Ed 228.2}

ထိုသို့သောသြဇာလွှမ်းမိုးမှုကို ယနေ့လူငယ်များရင်ဆိုင်ရကြမည်။ ထိုသို့သော ကသောင်းကနင်းဖြစ်မှုအလယ်တွင်ရပ်တည်နိုင်ရန်၊ သူတို့သည် အကျင့်စာရိတ္တ၏အုတ်မြစ်ကို ယခုချကြရမည်။ {Ed 228.3}

မျိုးဆက်တိုင်း၊ နိုင်ငံတိုင်းတွင်စာရိတ္တကိုတည်ဆောက်ရန်အတွက် စစ်မှန်သောအုတ်မြစ်နှင့်ပုံစံသည် အတူတူပင်ဖြစ်သည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့.... ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" (လုကာ ၁၀:၂၇) ဟူသော ဘုရားရှင်၏ပညတ်တော်သည် ကျွန်ုပ်တို့ကယ်တင်ရှင်၏ဂုဏ်တော်နှင့်အသက်တာတွင်ထင်ရှားသည့်ကြီးမားသောစည်းမျဉ်းသည် တစ်ခုတည်းသောလုံခြုံသည့်အုတ်မြစ်နှင့်တစ်ခုတည်းသော စိတ်ချရသည့်လမ်းပြဖြစ်သည်။ {Ed 228.4}

"သင်၏လက်ထက်၌ တည်ကြည်ခြင်း၊ မြဲမြံစွာကယ်တင်ခြင်းကိုဖြစ်စေသည့် ဉာဏ်နှင့်ပညာသည်" (ဟေရှာယ ၃၃:၆ Leeser's ၏ဘာသာပြန်) ဘုရားသခင်၏နှုတ်ကပတ်တော်ကသာပေးစွမ်းနိုင်သောပညာနှင့်ဉာဏ်ဖြစ်သည်။ {Ed 229.1}

ဣသရေလတို့အား "ထိုပညတ်တရားရှိသမျှတို့ကို ကြားရသောလူမျိုးများရှေ့မှာ၊ သင်တို့၏ဉာဏ်ပညာသည် ထင်ရှားလိမ့်မည်။" တရားဟောရာကျမ်း ၄:၆ ဟူ၍ ကိုယ်တော်၏ပညတ်ချက်များကို

နားထောင်ရန်ပြောဆိုသောအချိန်ကကဲ့သို့ပင် ယခုတွင်လည်းမှန်ကန်ပါသည်။ {Ed 229.2}

ဤကျမ်းချက်တွင်လူတစ်ဦးချင်းစီ၏ ရိုးသားမှုအတွက်သော်လည်းကောင်း၊ အိမ်ထောင်ရေးစင်ကြယ်မှု၊ လူ့အသိုက်အဝန်း၏ကောင်းစားရေးသို့မဟုတ် တိုင်းနိုင်ငံ၏တည်ငြိမ်ရေးအတွက်သော်လည်းကောင်း၊ တစ်ခုတည်းသောအကာအကွယ်ရှိသည်။ အသက်တာ၏ရှုပ်ထွေးမှုများ၊ အန္တရာယ်များနှင့်ပဋိပက္ခများအားလုံးအလယ်တွင် စိတ်ချသေချာသောစည်းမျဉ်းမှာဘုရားသခင်၏မိန့်တော်မူချက်ကိုလုပ်ဆောင်ရန်ဖြစ်သည်။ "ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍၊" ဤအရာများကို "ကျင့်သောသူသည်လှုပ်ရှားခြင်းနှင့်အစဉ်အမြဲကင်းလွတ်လိမ့်သတည်း။ ဆာလံကျမ်း ၁၉း၈၊ ၁၅း၅။ {Ed 229.3}

***

# အခန်း ၂၆

# သင်ကြားနည်းများ

ခေတ်အဆက်ဆက်ပညာရေးသည် မှတ်ဉာဏ်ကိုအဓိကထားသည်။ ဤစွမ်းရည်ကို အဆုံးစွန်ထိအောင်ဦးစားပေးသောကြောင့်၊ အခြားစိတ်ပိုင်းဆိုင်ရာအစွမ်းများသည် လိုက်လျောညီထွေစွာကြီးထွားမလာတော့ချေ။ ကျောင်းသားများသည် စိတ်ကိုအသိပညာများဖြင့်ပင်ပင်ပန်းပန်းသိပ်ထည့်ရင်းအချိန်ကုန်ဆုံးစေကြစဉ်၊ ယင်းအသိပညာကိုအနည်းအကျဉ်းမျှသာ အသုံးပြုကြသည်။ ထို့ကြောင့် ထိုသို့သောပင်ပန်းနေသည့်စိတ်သည် အစာမခြေနိုင်၊ လက်သင့်မခံနိုင်ဖြစ်လာပြီး၊ အားနည်းလာသည်။ ၎င်းသည် တက်ကြွပြီး မိမိကိုယ်ကိုမှီခိုအားထုတ်နိုင်စွမ်းမရှိဖြစ်လာက၊ အခြားသူများ၏ဆုံးဖြတ်ချက်နှင့်အမြင်သဘောထားများအပေါ် မှီခိုနေရခြင်းကိုအားရကျေနပ်နေသည်။ {Ed 230.1}

ဤနည်းလမ်း၏အမှားများကိုမြင်ပြီး၊ အချို့သောသူတို့သည် အခြားတစ်ဖက်စွန်းသို့ရောက်ရှိသွားကြသည်။ သူတို့၏အမြင်တွင်၊ လူသည် မိမိအထဲ၌နေသောအရာကိုသာ တိုးတက်အောင်လုပ်ရန်လိုအပ်သည်။ ထိုသို့သောပညာရေးသည် ကျောင်းသားအား မိမိကိုယ်ကိုပြည့်စုံသည်ဟုခံယူစေသောကြောင့်၊ စစ်မှန်သောအသိပညာနှင့်အစွမ်းတန်ခိုးများ၏အရင်းအမြစ်နှင့် ပြတ်တောက်သွားစေသည်။ {Ed 230.2}

ကိုယ်ပိုင်အတွေးအခေါ်ကို အားမပေးသည့်မှတ်ဉာဏ်ကိုလေ့ကျင့်ပေးသောပညာရေးသည် စိုးစဉ်းမျှသာတန်ဖိုးထားသည့်ကိုယ်ကျင့်တရားကိုပေးသည်။ ကျောင်းသားသည်စဉ်းစားချင့်ချိန်နိုင်စွမ်းနှင့် မိမိကိုယ်ကိုဆင်ခြင်

နိုင်စွမ်းတို့ကိုပေးဆပ်လိုက်ရသောအခါ၊ အမှန်နှင့်အမှားကိုမပိုင်းခြားနိုင်တော့ဘဲ၊ လှည့်ဖြားခြင်း၏သားကောင်အဖြစ်အလွယ်တကူကျရောက်သွားသည်။ ထုံးတမ်းအစဉ်အလာများကို လွယ်လင့်တကူလိုက်သွားတော့သည်။ {Ed 230.3}

ဤအချက်ကိုကျယ်ကျယ်ပြန့်ပြန့်လျစ်လျူရှုထားကြပြီး၊ အန္တရာယ်မကင်းသော်လည်း၊ ၎င်းအမှား၏အဖြစ်မှန်ကိုမြင်တွေ့ရန်ခဲယဉ်းသည်။ ၎င်းသည် အမှန်တရားနှင့်ရောနှောနေ၍ ဆွဲဆောင်မှုရှိသောကြောင့်လက်ခံကြသည်။ ကောင်းမကောင်းသိကျွမ်းသောအပင်၏အသီးကိုစားခြင်းဖြင့်ကျွန်ုပ်တို့၏ရှေးဦးမိဘနှစ်ပါးသည်ပျက်စီးခဲ့ရပြီး၊ အကောင်းနှင့်အဆိုးရောနှောနေခြင်းကိုလက်ခံခြင်းသည် ယနေ့ယောကျ်ားမိန်းမများ၏ပျက်စီးခြင်းပင်ဖြစ်သည်။ တစ်ပါးသူတို့၏ဆင်ခြင်တုံတရားအပေါ်မှီခိုသောသူတို့သည် အမှန်တကယ်ပင်အနေးနှင့်အမြန်လှည့်ဖြားခြင်းခံရကြမည်။ {Ed 230.4}

အမှန်နှင့်အမှားကိုဝေဖန်ပိုင်းခြားနိုင်သောအစွမ်းကို တစ်ဦးချင်းစီဘုရားသခင်အပေါ်မှီခိုခြင်းဖြင့်သာ ကျွန်ုပ်တို့ပိုင်ဆိုင်နိုင်သည်။ တစ်ဦးချင်းစီသည် မိမိအတွက်နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်ထံတော်၌သင်ယူကြရမည်။ ကျွန်ုပ်တို့၏စဉ်းစားချင့်ချိန်နိုင်စွမ်းများကို အသုံးပြုရန်အတွက်ကျွန်ုပ်တို့အားပေးထားသည်။ "လာကြ၊ တရားစီရင်ကြကုန်အံ့" (ဟေရှာယ ၁း၁၈) ဟု ကိုယ်တော်ဖိတ်ခေါ်တော်မူသည်။ ကိုယ်တော်ကိုမှီခိုခြင်းအားဖြင့် ကျွန်ုပ်တို့သည် "မကောင်းသောအရာကိုပယ်၍၊ ကောင်းသောအရာကိုရွေးတတ်" သောပညာကိုရရှိနိုင်သည်။ (ဟေရှာယ ၇း၁၅၊ ယာကုပ်၁း၅။ {Ed 231.1}

စစ်မှန်သောသင်ကြားမှုအားလုံးတွင် ကိုယ်တိုင်ကိုယ်ကျသင်ယူရန်အရေးကြီးသည်။ ခရစ်တော်သည် သွန်သင်ရာတွင်တစ်ဦးတစ်ယောက်ချင်းစီဖြင့်သင်ပေးသည်။ ကိုယ်တိုင်ထိတွေ့ပေါင်းသင်းခြင်းအားဖြင့် တပည့်တော်

(၁၂) ပါးကို ကိုယ်တော်လေ့ကျင့်ပေးသည်။ တစ်ခါတစ်ရံတစ်ဦးချင်းသင်ပေး၍၊ အဖိုးတန်ဆုံးသောသွန်သင်ချက်များကိုပေးတော်မူသည်။ ဂုဏ်အသရေရှိကျမ်းတတ်တစ်ဦးနှင့်ညအချိန်တွင် သံလွင်တောင်ပေါ်၌လည်းကောင်း၊ အပယ်ခံအမျိုးသမီးအားရှုခါမြို့ရှိရေတွင်း၌လည်းကောင်း၊ ကိုယ်တော်သည်အမွန်မြတ်ဆုံးသောဘဏ္ဍာများကို ဖွင့်ပြတော်မူသည်။ အကြောင်းမှာ ဤလူများ၌ ပုံသွင်းရလွယ်သောစိတ်၊ ဖွင့်ထားသောစိတ်၊ သဘောပေါက်လက်ခံဖွယ်သောစိတ်ရှိသည်ကို ကိုယ်တော်သိမြင်တော်မူသည်။ ကိုယ်တော်၏ခြေလှမ်းများကိုမကြာမကြာတိုးဝှေ့ကြသောလူအုပ်ကြီးကိုပင်လျှင် ခရစ်တော်သည်လက်လွှတ်စပယ်ပြုတော်မမူချေ။ ကိုယ်တော်သည် အယောက်စီတိုင်းကိုတိုက်ရိုက်စကားပြော၍၊ စိတ်နှလုံးတိုင်းကိုဆွဲဆောင်တော်မူသည်။ ကိုယ်တော်သည်မိမိ၏တရားနာများ၏မျက်နှာကိုကြည့်၍၊ မိန့်တော်မူသောသမ္မာတရားသည် စိတ်နှလုံးထဲရောက်ရှိကြောင်းကို သူတို့၏ရွှန်းလက်နေသောမျက်နှာ၊ တုံ့ပြန်သောအကြည့်များကို ကိုယ်တော်အသိအမှတ်ပြုတော်မူသည်။ ထိုအခါကိုယ်တော်၏စိတ်နှလုံးတွင် ကြင်နာသောကျေနပ်မှုသံစဉ်များလှုပ်ခါသွားသည်။ {Ed 231.2}

ခရစ်တော်သည် လူသားတိုင်း၌ဖြစ်နိုင်ခြေအလားအလာကို ခွဲခြားသိမြင်တော်မူသည်။ အပြင်ပန်းအားဖြင့် အလားအလာမရှိခြင်း သို့တည်းမဟုတ်မသင့်လျော်သောပတ်ဝန်းကျင်များကြောင့် ကိုယ်တော်သည်ကျော်ခိုင်းမသွားချေ။ ကိုယ်တော်သည် မဿဲအားငွေကောက်ခံသည့်ရုံမှလည်းကောင်း၊ ပေတရုနှင့်သူ၏ညီအစ်ကိုများအား တံငါလှေမှလည်းကောင်း သူ့အကြောင်းကိုသင်ယူရန်ခေါ်တော်မူသည်။ {Ed 232.1}

အလားတူကိုယ်ပိုင်စိတ်ဝင်စားမှု၊ တစ်ဦးချင်းစီ၏တိုးတက်မှုကိုအလားတူစိတ်ဝင်စားမှုသည် ယနေ့ပညာရေးလုပ်ငန်းတွင်လိုအပ်သည်။ အလားအလာမရှိဟု ထင်ရသည့်များစွာသောလူငယ်တို့သည် အသုံးမပြုခဲ့

သောအစွမ်းများဖြင့်ကြွယ်ဝစွာပံ့ပိုးမှုခံရကြသည်။ သူတို့ဆရာသမားများ၏ ခွဲခြားသိမြင်နိုင်မှုကင်းမဲ့ခြင်းကြောင့် သူတို့၏အစွမ်းများမီးခဲပြာဖုံးဖြစ်ရသည်။ များစွာသောယောက်ျားလေးများ၊ မိန်းကလေးများသည်အကြမ်းထည်ထွင်းထားသောကျောက်ကဲ့သို့ အပြင်ပန်းအားဖြင့်ဆွဲဆောင်မှုမရှိကြသော်လည်း၊ အပူဒဏ်၊ မုန်တိုင်းဒဏ်၊ ဖိအားဒဏ်တို့ကိုခံနိုင်သည့်အဖိုးတန်ပစ္စည်းပါရှိနိုင်သည်။ မိမိကျောင်းသားများမည်သို့ဖြစ်လာနိုင်သည်ကို အစဉ်စောင့်ကြည့်နေသည့်စစ်မှန်သောဆရာသမားသည် သူကိုင်တွယ်နေသည့်ပစ္စည်း၏တန်ဖိုးကိုသိရှိလိမ့်မည်။ ကျောင်းသားတစ်ဦးချင်းစီကို ကိုယ်တိုင်ကိုယ်ကျစိတ်ဝင်စားမည်ဖြစ်ပြီး၊ သူတို့၏အစွမ်းအစအားလုံးကို တိုးတက်အောင်ကြိုးစားလိမ့်မည်။ မည်မျှပင်မပြည့်စုံစေကာမူ မှန်ကန်သောစည်းမျဉ်းများနှင့်ကိုက်ညီစေရန်ကြိုးစားမှုကိုအားပေးလိမ့်မည်။ {Ed 232.2}

လူငယ်တိုင်းအား လက်တွေ့အသုံးချမှုလိုအပ်ချက်နှင့်၎င်း၏အစွမ်းကိုသင်ပေးရမည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ပင်ကိုစွမ်းရည်ထက်အောင်မြင်မှုကိုပေးသည်။ လက်တွေ့အသုံးချခြင်းမရှိပါက အထက်မြက်ဆုံးသောအစွမ်းများသည် အနည်းငယ်သာထိရောက်လိမ့်မည်။ သို့သော်လည်း သဘာဝအစွမ်းများရှိသည့်သာမာန်လူကို မှန်ကန်စွာလုပ်ဆောင်ရန်လမ်းညွှန်ပေးသောအခါ အံ့သြဖွယ်ရာများကိုစွမ်းဆောင်လိမ့်မည်။ ကျွန်ုပ်တို့အံ့သြလောက်အောင်စွမ်းဆောင်သောပါရမီရှင်များသည် မမောမပန်း၊ အာရုံစိုက်လျက်အမြဲအားထုတ်ကြသူများဖြစ်ကြသည်။ {Ed 232.3}

လူငယ်တို့အား သူတို့၏အားနည်းသောစွမ်းရည်များနှင့် အားကြီးသောစွမ်းရည်များအားလုံးတိုးတက်အောင် ရည်မှန်းကြရန်သင်ပေးရမည်။ လူများစွာတို့သည် သူတို့နှင့်ဆက်စပ်သည့်အချို့သောဘာသာရပ်များကိုသာသင်ယူမည်ဟူသောစိတ်သဘောရှိကြသည်။ ဤအမှားကိုသတိထားရမည်။ ပင်ကိုစွမ်းရည်များသည် ဘဝရပ်တည်နိုင်ရေးကို ညွှန်ပြပေးသည်ဖြစ်ရာ၊ အချိန်အခါကျရောက်လာသောအခါ၊ ဂရုတစိုက်ပျိုးထောင်ပေး

ရမည်။ တစ်ချိန်တည်းတွင် ချိန်ခွင်လျှာညီမျှသောအကျင့်စရိုက်နှင့်ပညာရေးပိုင်းတစ်ခုခုတွင် ကျွမ်းကျင်သောလုပ်ဆောင်မှုသည် စေ့စပ်သေချာစွာဘက်စုံလေ့ကျင့်မှု၏ရလဒ်ဖြစ်သော အချိုးညီညီတိုးတက်မှုအပေါ် ကြီးမားသောအတိုင်းအတာမှီတည်နေကြောင်းကို စိတ်ထဲ၌စွဲမှတ်ထားရမည်။ {Ed 232.4}

ဆရာသမားသည် ရိုးရှင်းမှုနှင့်ထိရောက်မှုတို့ကိုအစဉ်ဦးတည်ရမည်။ ပုံပမာများများသုံး၍ သင်ပေးရမည်။ သာ၍ကြီးသောကျောင်းသားများကို ရှင်းပြသောအခါ၌ပင်လျှင်၊ ရိုးရိုးနှင့်ရှင်းလင်းအောင်ရှင်းပြနိုင်ရန်ဂရုပြုရမည်။ များစွာသောကျောင်းသားများသည် အသက်ကြီးလာသော်လည်း၊ နားလည်နိုင်မှုတွင် ကလေးများဖြစ်နေကြသည်။ {Ed 233.1}

ပညာရေးအလုပ်တွင်အရေးကြီးသောအရာတစ်ခုမှာ စိတ်အားထက်သန်မှုဖြစ်သည်။ ဤအချက်တွင်နာမည်ကြီးသရုပ်ဆောင်တစ်ဦး၏မှတ်ချက်သည် အသုံးဝင်သောအကြံပြုချက်တစ်ခုဖြစ်သည်။ Canterbury နယ်ပိုင်ဂိုဏ်းချုပ်က၊ "သရုပ်ဆောင်တွေဟာ စိတ်ကူးယဉ်တွေကိုပြောခြင်းဖြင့် သူတို့ရဲ့ပရိတ်သတ်တွေကို အကြီးအကျယ်ဆွဲဆောင်နေတဲ့အချိန်မှာ၊ ဧဝံဂေလိဓမ္မအမှုဆောင်တွေဟာ စစ်မှန်တဲ့အရာတွေကိုဟောပေမဲ့၊ ပရိသတ်တွေကိုအနည်းငယ်သာဆွဲဆောင်တာဟာဘာကြောင့်လဲ" ဟုမေးခွန်းထုတ်ခဲ့သည်။ သရုပ်ဆောင်က၊ "ဘုန်းဘုန်း၊ အကြောင်းရင်းကရိုးရိုးလေးပါ။ ဒါကတော့စိတ်အားထက်သန်မှုရဲ့အစွမ်းပါပဲ။ ကျွန်တော်တို့ကစင်ပေါ်မှာ စိတ်ကူးယဉ်တွေကိုတကယ်အစစ်အမှန်လိုပြောတယ်။ တရားပလ္လင်ကဘုန်းဘုန်းတို့ကတော့တကယ့်စစ်မှန်တဲ့အရာတွေကို စိတ်ကူးယဉ်ပုံစံမျိုးနဲ့ဟောတယ်။ ဒါပါပဲ" ဟုပြန်ဖြေခဲ့သည်။ {Ed 233.2}

ဆရာသမားသည် သူ့အလုပ်တွင်အမှန်တကယ်ရှိနေသောအရာများကိုကိုင်တွယ်လျက်ရှိသည်။ ထို့ကြောင့် ခွန်အားအပြည့်၊ အစွမ်းကုန်စိတ်အားထက်သန်မှုဖြင့် သင်ကြားပေးသောအခါ၊ ၎င်းတို့၏စစ်မှန်မှုနှင့်

အရေးကြီးမှုကိုသိရှိလာခြင်းဖြင့် တပည့်များကိုစိတ်ဝင်စားစေနိုင်သည်။ {Ed 233.3}

မိမိတို့၏အလုပ်သည် တိကျသောအကျိုးရလဒ်ဖြစ်ထွန်းမည်ဖြစ်ကြောင်းကို ဆရာသမားတိုင်းသိမြင်ရမည်။ ဘာသာရပ်ကိုမသင်ကြားမီ၊ သူတို့သည်ပြတ်သားသောအစီအစဉ်ရှိကြရမည်။ မည်သည့်အရာကိုတတ်မြောက်စေလိုသည်ကိုလည်းအတိအကျသိရမည်။ ကျောင်းသားများသည် ဘာသာရပ်၌ပါဝင်သော အခြေခံသဘောတရားများကိုနားလည်၍၊ အမှန်တရားကိုသိရှိကာ၊ သူတို့သင်ယူသောအရာကို ရှင်းလင်းစွာမပြောပြနိုင်မချင်း၊ ဘာသာရပ်တစ်ခုခုသင်ကြားမှုကို ကျေနပ်နေ၍မရချေ။ {Ed 233.4}

ပညာရေး၏ကြီးမားသောရည်ရွယ်ချက်ကို စွဲမှတ်နေသရွေ့၊ လူငယ်များအား သူတို့အစွမ်းအစရှိသမျှတိုးတက်အောင်ကြိုးစားရန်အားပေးရမည်။ သို့သော်လည်း အဆင့်မြင့်ဘာသာရပ်များကိုမသင်ကြားမီ၊ သူတို့အားအောက်ခြေကိုပိုင်နိုင်စေပါ။ ဤအရာကိုမကြာမကြာလျစ်လျူရှုတတ်ကြသည်။ အထက်တန်းကျောင်းများနှင့်ကောလိပ်ကျောင်းများမှ ကျောင်းသားများအထဲ၌ပင် သာမန်ပညာရပ်များကို မသိသူများစွာရှိသည်။ များစွာသောကျောင်းသားများသည် အဆင့်မြင့်သင်္ချာကိုသင်ကြားနေစဉ်၊ ရိုးရှင်းသောစာရင်းများကိုမရှင်းတတ်ကြချေ။ များစွာသောကျောင်းသားများသည် စကားကိုသံနေသံထားနှင့်ပီသစွာပြောဆိုနိုင်မှုအတတ်ရှိသော်လည်း၊ နားလည်နိုင်အောင်စွဲမှတ်စေသည့်ပုံစံဖြင့်စာမဖတ်တတ်ကြချေ။ ဟောပြောမှုအတတ်ကိုပြီးအောင်သင်သောသူများစွာတို့သည် သာမန်စာကိုရေးရာတွင် စာကိုပေါင်းစပ်ဖွဲ့စည်းပုံနှင့်စာလုံးပေါင်းများမှားနေကြသည်။ {Ed 234.1}

ပညာရေး၏အရေးပါမှုများကို ဂဃနဏသိခြင်းသည်သာအဆင့်မြင့်ဘာသာရပ်ကိုသင်ကြားရန်အခြေအနေမဟုတ်ဘဲ၊ ဆက်လက်လုပ်ဆောင်ခြင်းနှင့်တိုးတက်မှုအတွက် အမြဲတမ်းဆန်းစစ်သောအရာလည်းဖြစ်သည်။ {Ed 234.2}

ပညာရေးဘာသာရပ်တိုင်းတွင် နည်းပညာအသိမှုကိုသာရယူနိုင်ခြင်းထက်ရည်ရွယ်ချက်များကိုရရှိခြင်းသည် သာ၍အရေးကြီးသည်။ ဥပမာ၊ ဘာသာစကားဆိုပါစို့။ အသုံးပြုဆဲ သို့မဟုတ် အသုံးမပြုတော့သောနိုင်ငံခြားဘာသာစကားကိုဆည်းပူးရယူခြင်းထက်၊ မိခင်ဘာသာစကားကိုအလွယ်တကူတိတိကျကျရေးတတ်ပြောတတ်ခြင်းသည် သာ၍အရေးကြီးသည်။ သဒ္ဒါနည်းကျကျသင်ယူသောအသိပညာ၏အရေးကြီးမှုကို ဘာသာစကားကို အခြားရှုထောင့်မှသင်ယူမှုနှင့်နှိုင်းယှဉ်၍မရနိုင်ချေ။ ဤသင်ကြားမှုနှင့်အတူဘဝ၏ဒုက္ခသုက္ခတို့သည် အတော်များများတွဲပါလျက်ရှိသည်။ {Ed 234.3}

ဘာသာစကား၏အဓိကလိုအပ်ချက်မှာ “စိတ်အတွင်းကျေးဇူးတရားကိုအပြင်ပန်းတွင်ဖေါ်ပြသည့်” စင်ကြယ်ခြင်း၊ ကြင်နာခြင်းနှင့်သစ္စာရှိခြင်းတို့ဖြစ်သည်။ ဘုရားသခင်သည် “ညီအစ်ကိုတို့၊ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသောသတင်းတစ်ပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုလည်းကောင်း နှလုံးသွင်းကြလော့” (ဖိလိပ္ပိ ၄း၈) ဟု မိန့်တော်မူသည်။ ထိုသို့သောအရာများကိုစဉ်းစားလျှင်၊ ထိုသို့သောအရာများထင်ရှားလိမ့်မည်။ {Ed 235.1}

ဘာသာစကားကိုသင်ကြားရမည့်အကောင်းဆုံးကျောင်းမှာ အိမ်ဖြစ်သည်။ သို့ရာတွင် အိမ်တွင်းမှုအလုပ်ကိုမကြာမကြာပျက်ကွက်သောကြောင့်၊ မှန်ကန်သောစကားပြောခြင်းဓလေ့ကိုပုံသွင်းရန်၊ ကျောင်းသားများကိုကူညီရန် ဆရာသမားလက်အောက်သို့လွှဲအပ်လိုက်ရသည်။ {Ed 235.2}

ဆရာသမားသည် မကောင်းသောအလေ့အကျင့်၊ လူအစုအဖွဲ့၊ အိမ်နီးချင်းနှင့်အိမ်၏ဘေးသင့်ခြင်းဖြစ်သည့် အတင်းပြောခြင်းနှင့်ရက်စက်

သောဝေဖန်မှုများတို့ကို ကာကွယ်ပေးရန်များစွာလုပ်ဆောင်နိုင်သည်။ ထိုသို့ပြုရာတွင် စည်းကမ်းကျပ်ရမည်။ ဤအကျင့်ဓလေ့သည် ယဉ်ကျေးမှုနှင့်ရည်မွန်မှုကင်းမဲ့ခြင်း၊ စစ်မှန်သောစိတ်နှလုံး၏ကောင်းမြတ်ခြင်းတို့ကိုဖေါ်ပြသည်ဟူသောအချက်ကို ကျောင်းသားများအားစွဲမှတ်စေရမည်။ ၎င်းအလေ့အကျင့်များသည် ယဉ်ကျေးရည်မွန်သောလူ့အသိုက်အဝန်းအတွက်နှင့်သန့်ရှင်းသောကောင်းကင်သားများနှင့်ပေါင်းဖေါ်ရန်အတွက် သင့်လျော်မှုမရှိချေ။ {Ed 235.3}

လူသားစားသူတို့သည် မိမိတို့သားကောင်၏နွေးလျက်လှုပ်နေသေးသောလူ၏အသားစားခြင်းကို ထိတ်လန့်ဖွယ်အဖြစ်ကျွန်ုပ်တို့တွေးကြသည်။ သို့သော် ဤအလေ့အထ၏ရလဒ်များသည် မှားယွင်းသောရည်ရွယ်ချက်၊ သိက္ခာချခြင်း၊ အကျင့်ပျက်ခြင်းတို့အားဖြင့် ဖြစ်ပေါ်လာသောပူပန်သောကနှင့်ပျက်စီးခြင်းထက် သာ၍ကြောက်မက်ဖွယ်ကောင်းသည်မဟုတ်လော။ ဤအရာများအကြောင်း ဘုရားသခင်မိန့်တော်မူသည့်အရာကို ကလေးများနှင့်လူငယ်များတို့အားသင်ယူစေပါ။ {Ed 235.4}

"လျှာသည်အသက်သေခြင်းနှင့်ရှင်ခြင်းကိုအစိုးရ၏။" သုတ္တံကျမ်း ၁၈း၂၁။ {Ed 235.5}

သမ္မာကျမ်းစာတွင် ကွယ်ရာ၌မကောင်းပြောသောသူများကို "ဘုရားသခင်ကိုမုန်းသောသူ၊" "အလုံးစုံသောအဓမ္မကိုကျင့်ခြင်း၊" "မတရားသောမေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကြူးခြင်း၊" "ငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကိုမြင်ပျင်းခြင်း၊" တို့နှင့်ပြည့်စုံသောသူတို့နှင့်တစ်တန်းတည်းထားသည်။ ရောမ ၁း၂၉–၃၂။ ဘုရားသခင်ကဇိအုန်မြို့သားအဖြစ်သတ်မှတ်သောသူမှာ "သစ္စာစကားကိုစိတ်နှလုံးပါလျက်ပြောထသော၊" "သူတစ်ပါး၏အသရေကိုပျက်စေခြင်းငှါပြောဆိုခြင်း၊" "ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း ကဲ့ရဲ့ခြင်းကိုရှောင်ထသော" သူဖြစ်သည်။ ဆာလံကျမ်း ၁၅း၂၊ ၃။ {Ed 235.6}

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရိုသေလေးစားမှုမရှိသည့် အဓိပ္ပါယ်မဲ့စကားများနှင့် ဆဲရေးတိုင်းထွာသောစကားများကိုလည်းပြစ်တင်ရှုတ်ချသည်။ ၎င်းသည်လှည့်ဖြားသောချီးမွမ်းခြင်းစကားများ၊ အမှန်တရားကိုလိမ်းလွှဲခြင်း၊ ပုံကြီးချဲ့ပြောခြင်း၊ လူအသိုက်အဝန်းနှင့်စီးပွားရေးလောကတွင်လက်ရှိဖြစ်နေသောမှားယွင်းစွာတင်ပြခြင်းများကိုလည်း ပြစ်တင်ရှုတ်ချသည်။ "သင်၏စကားမှာ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကိုမဟုတ်ဖြစ်စေကြလော့။ ဤထက်လွန်သောစကားသည် မကောင်းသောအရာနှင့်စပ်ဆိုင်၏။" မဿဲ ၅း၃၇။ {Ed 236.1}

"ငါကျီစားရုံမျှသာပြုသည်ဟုဆိုလျက်၊ မိမိအိမ်နီးချင်းကိုလှည့်စားသောသူသည် မီးစ၊ မြား၊ သေဘေးကိုပစ်တတ်သောအရူးနှင့်တူ၏။" သုတ္တံကျမ်း ၂၆း၁၈၊ ၁၉။ {Ed 236.2}

သူတို့ပွင့်ပွင့်လင်းလင်းမပြောဆိုရဲသည့် မကောင်းသောအရာများကိုတိတ်တခိုးစောင်းမြောင်းပြောဆိုခြင်းသည် အတင်းအဖျင်းပြောဆိုခြင်းပင်ဖြစ်သည်။ ဤကျင့်စဉ်ဓလေ့များနှင့်သက်ဆိုင်၍နှနာကဲ့သို့ရှောင်ရန် လူငယ်များကိုသင်ပေးရမည်။ {Ed 236.3}

စကားပြောဆိုရာတွင် လူငယ်၊ လူကြီးတို့သည် အလျင်စလိုစိတ်မရှည်ဘဲပြောဆိုခြင်းမျိုးထက် ပေါ့ပေါ့တန်တန်ပြောဆိုခြင်းအမှားများကိုပြုမိတတ်ကြသည်။ "ကျွန်တော် သတိလက်လွတ်ဖြစ်သွားတယ်၊ ကျွန်တော်အဲဒီလိုဆိုလိုပြီးပြောတာမဟုတ်ဘူး" ဟူသောဆင်ခြင်သည် လုံလောက်သည်ဟုသူတို့ထင်ကြသည်။ သို့ရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်းကိုပေါ့ပေါ့တန်တန်မထားကြောင်း အောက်ပါကျမ်းချက်များတွင်ဖေါ်ပြသည်။ {Ed 236.4}

"သတိမရှိဘဲစကားများသောသူရှိလျှင်၊ ထိုသူ၌မျှော်လင့်စရာအခွင့်ရှိသည်ထက်၊ မိုက်သောသူ၌သာ၍မျှော်လင့်စရာအခွင့်ရှိ၏။" သုတ္တံကျမ်း ၂၉း၂၀။ {Ed 236.5}

"ကိုယ်စိတ်ကိုမချုပ်တည်းနိုင်သောသူသည် မြို့ရိုးပြိုပျက်၍ဟင်းလင်းရှိသောမြို့နှင့်တူ၏" သုတ္တံကျမ်း ၂၅း၂၈။ {Ed 236.6}

တစ်ချိန်ချိန်တွင်၊ အလျင်စလိုအသည်းအသန်နှင့်သတိလက်လွတ်ပြောဆိုသောစကားသည် တစ်ဘဝလုံးပြန်လည်ပြုပြင်၍မရသော မကောင်းမှုကိုယူဆောင်လာနိုင်သည်။ အကူအညီနှင့်သက်သာခြင်းအခွင့်ကိုပေးမည့်သူများ၏ကြမ်းတမ်းပြီးအလောတကြီးပြောလိုက်သောစကားအားဖြင့် စိတ်နှလုံးကြေကွဲခြင်း၊ မိတ်ဆွေများခပ်တန်းတန်းဖြစ်သွားခြင်း၊ ဘဝပျက်စီးခြင်းစသည်တို့ကိုဖြစ်စေသည်။ {Ed 236.7}

"သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ်သောလူတချို့ရှိ၏။ ပညာရှိတို့၏လျှာမူကား အနာကိုပင်ပျောက်စေတတ်၏။" သုတ္တံကျမ်း ၁၂း၁၈။ {Ed 237.1}

ကလေးတိုင်း၌ အထူးသဖြင့်ရင်ဝယ်ပိုက်လျက်ပြုစုပျိုးထောင်ရမည့်ပင်ကိုယ်စရိုက်တစ်ခုမှာ ဘဝတွင်သတိမမူမိသည့်လူမှုရေးရည်မွန်မှုကိုပေးသော မိမိကိုယ်ကျိုးစွန့်ခြင်းဖြစ်သည်။ အကောင်းဆုံးသောအကျင့်စာရိတ္တတွင် ဤအရာသည်အလှပဆုံးနှင့်၊ စစ်မှန်သောဘဝရပ်တည်ရေးအလုပ်အတွက် အရေးကြီးဆုံးသောအရည်အချင်းတစ်ခုဖြစ်သည်။ {Ed 237.2}

ကလေးများသည်အသိအမှတ်ပြုခြင်း၊ သနားကြင်နာခြင်းနှင့်အားပေးမှုတို့လိုအပ်သည်။ သို့သော်ချီးမွမ်းခြင်းအပေါ်သာယာလာမည်ကိုသတိပြုပါ။ သူတို့အားအထူးအာရုံစိုက်ခြင်း သို့မဟုတ် သူတို့ရှေ့တွင်သူတို့၏လိမ္မာသောအပြောအဆိုများကိုထပ်ခါထပ်ခါပြောခြင်းသည် မသင့်လျော်ချေ။ သူတို့၏စံပြုထိုက်သောအကျင့်နှင့် လုပ်ဆောင်နိုင်သည့်အလားအလာများကိုမြင်တွေ့နေသောမိဘ သို့မဟုတ် ဆရာသမားသည် မိမိကိုယ်ကိုပြည့်စုံသည်ဟူသောစိတ်မဝင်စေရန် ဟန့်တားပါ။ သူသည်လူငယ်တို့အား မိမိတို့၏အရည်အချင်း သို့မဟုတ် ကျွမ်းကျင်မှုကိုထုတ်ဖော်လိုသောဆန္ဒ၊ ကြိုးစားမှုတို့ကိုအားပေးရမည်မဟုတ်ချေ။ မိမိကိုယ်ကိုထက်သာ၍မြင့်သောအရာကို

ကြည့်ရှုသောသူသည်နိုမ့်ချလိမ့်မည်။ သို့သော်လည်း သူသည်အပြင်ပန်းပြသခြင်း သို့မဟုတ် လူသား၏ကြီးမြတ်ခြင်းတို့ဖြင့် အနေခက်အောင်မပြုသောဂုဏ်သိက္ခာကိုပိုင်ဆိုင်လိမ့်မည်။ {Ed 237.3}

ရည်မွန်သောအကျင့်စာရိတ္တကို အာဏာရှင်ဆန်သောဥပဒေ၊ စည်းမျဉ်းများဖြင့်တိုးတက်အောင်လုပ်ခြင်းမဟုတ်ပေ။ ၎င်းသည်စင်ကြယ်၊ မြင့်မြတ်၊ မှန်ကန်သောပတ်ဝန်းကျင်တွင် နေထိုင်ခြင်းအားဖြင့်ဖြစ်သည်။ စင်ကြယ်သောနှလုံးနှင့်မြင့်မြတ်သောစာရိတ္တရှိသည့်နေရာတိုင်းတွင်၊ အပြုအမူနှင့်အပြောအဆိုများ၌ စင်ကြယ်ခြင်းနှင့်မြင့်မြတ်ခြင်းများပေါ်လွင်လာလိမ့်မည်။ {Ed 237.4}

"စိတ်နှလုံးဖြူစင်ခြင်းကိုနှစ်သက်သောသူသည် လျောက်ပတ်သောစကားကိုပြောတတ်၍၊ ရှင်ဘုရင်နှင့်မိတ်ဆွေဖွဲ့ရလိမ့်မည်" သုတ္တံကျမ်း ၂၂း၁၁။ {Ed 237.5}

ဘာသာစကားလေ့လာခြင်းကဲ့သို့ပင်၊ အခြားသောဘာသာရပ်များသည်လည်း အကျင့်စာရိတ္တကိုခိုင်မာစေရန်နှင့်မြှင့်တင်တည်ဆောက်ရန်ရည်ရွယ်ပြီးလုပ်ဆောင်ရမည်။ {Ed 238.1}

ဤအချက်သည် အခြားဘာသာရပ်သင်ကြားမှုများထက်ရာဇဝင်သမိုင်းတွင် သာ၍များစွာမှန်ကန်သည်။ ဘုရားရှင်၏ရှုထောင့်မှတွေးတောဆင်ခြင်ရမည်။ {Ed 238.2}

မကြာမကြာသင်ရသကဲ့သို့ ရာဇဝင်သမိုင်းသည်ရှင်ဘုရင်များ၏အတက်အကျ၊ တရားရုံးများ၏စိတ်ဝင်စားမှုများ၊ စစ်တပ်များ၏အောင်ပွဲများနှင့်စစ်ရှုံးခြင်းများ၊ လောဘကြီးမှု၊ လိမ်လည်မှု၊ ရက်စက်မှု၊ သွေးသွန်းမှုဖြစ်ရပ်များကိုရေးထားသောမှတ်တမ်းထက်အနည်းငယ်သာပိုသည်။ ဤအရာများကိုသင်ပေးသောအခါ၊ အကျိုးပျက်ပြားစေနိုင်သည်။ ရာဇဝတ်မှုများနှင့်ကြမ်းကြုတ်မှုများ၊ ကြီးလေးသောပြစ်မှုများ၊ ပြသထားသောရက်စက်မှုများကိုစိတ်တုန်လှုပ်ဖွယ်ထပ်လောင်းပြောဆိုခြင်းသည် များစွာသောသူတို့၏

အသက်တာတွင် မကောင်းမှုအသီးကိုရိတ်သိမ်းစေမည့်မျိုးစေ့များကိုစိုက်ပေးသည်။ {Ed 238.3}

ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းတရား၌ တိုင်းနိုင်ငံများပေါ်ထွန်းပျောက်ကွယ်ခြင်းကိုဖြစ်စေသော အကြောင်းရင်းများကိုသင်ယူခြင်းသည် သာလွန်ကောင်းမွန်သည်။ လူငယ်တို့အားဤမှတ်တမ်းမှတ်ရာများကိုလေ့လာစေပြီး၊ စစ်မှန်သောတိုင်းနိုင်ငံတို့၏ကြွယ်ဝချမ်းသာမှုသည် ဘုရားရှင်၏စည်းမျဉ်းများကိုလက်ခံခြင်းနှင့်မည်သို့ပေါင်းစပ်နေကြောင်းကိုသိမြင်စေပါ။ မဟာပြန်လည်ပြုပြင်ခြင်းသမိုင်းကို သူတို့အားလေ့လာစေပါ။ ပြီးနောက်ဤအခြေခံစည်းမျဉ်းများကို အထင်သေးမုန်းတီး၍၊ ထောက်ခံသောသူတို့ကိုအကျဉ်းချခြင်း၊ ကြိုးစင်တင်ခြင်းပြုကြသော်လည်း၊ ဤပေးဆပ်မှုများအားဖြင့်ပင် မည်သို့အောင်ပွဲခံခဲ့သည်ကိုနားလည်စေပါ။ {Ed 238.4}

ထိုသို့သောသင်ကြားမှုသည် ဘဝ၏ကျယ်ပြန့်ပြည့်စုံသောအမြင်ကိုပေးလိမ့်မည်။ ၎င်းသည် လူငယ်တို့အားအရာများတို့၏ဆက်စပ်မှီခိုနေကြခြင်းကိုနားလည်စေလိမ့်မည်။ ကြီးမားသောလူ့အဖွဲ့အစည်းနှင့်လူ့အမျိုးမျိုးတို့၏ညီအစ်ကိုတော်စပ်မှုတွင် ကျွန်ုပ်တို့သည်မည်သို့ပေါင်းစပ်ပါဝင်ကြောင်းနှင့်အဖွဲ့တစ်ဖွဲ့၏ဖိနှိပ်မှု သို့မဟုတ် အောက်တန်းကျအလုပ်သည် အားလုံးကိုမည်မျှကြီးမားသောအတိုင်းအတာအထိ ဆုံးရှုံးစေကြောင်းတို့ကိုသဘောပေါက်စေပါ။ {Ed 238.5}

ကိန်းဂဏန်းများကိုလေ့လာရာတွင် အလုပ်ကိုလက်တွေ့ဆန်အောင်လုပ်ပါ။ လူငယ်များနှင့်ကလေးများအားစိတ်ကူးယဉ်ပုစ္ဆာများကိုသာမတွက်ခိုင်းဘဲ၊ မိမိကိုယ်ပိုင်ဝင်ငွေနှင့်ထွက်ငွေကိုတိကျသောစာရင်းဖြင့်ထားစေပါ။ ငွေကိုပေးသုံးခြင်းဖြင့်မှန်ကန်သောငွေသုံးနည်းကိုသင်ပေးပါ။ မိဘများကပေးသည်ဖြစ်စေ၊ မိမိတို့ကိုယ်တိုင်ရှာသည့်ငွေဖြစ်စေ၊ ယောကျ်ားလေးများနှင့်မိန်းကလေးများကိုမိမိတို့ကိုယ်ပိုင်အဝတ်အစား၊ စာအုပ်များ၊ အခြားလိုအပ်ချက်များကိုရွေး၍ဝယ်ရန်သင်ပေးရမည်။ မိမိတို့ကုန်ကျစရိတ်များကို

စာရင်းပြုစုခြင်းအားဖြင့်၊ အခြားနည်းလမ်းဖြင့်သင်ယူ၍မရနိုင်သောငွေ၏တန်ဖိုးနှင့်အသုံးပြုနည်းကိုသင်ယူကြလိမ့်မည်။ ဤသင်တန်းသည် ကပ်စေးနဲခြင်းနှင့်အသုံးအဖြုန်းကြီးခြင်းတို့မှ စစ်မှန်သောရွှေတာရေးကိုခွဲခြားတတ်လာစေမည်။ မှန်မှန်ကန်ကန်လမ်းပြပေးသောအခါ ရက်ရောသောသဒ္ဓါတရားအကျင့်ဓလေ့ကိုရရှိလိမ့်မည်။ ၎င်းသည်လူငယ်တို့အားရုတ်တရက်ဖြစ်ပေါ်သောဆန္ဒကြောင့်မဟုတ်ဘဲ၊ စိတ်၏ခံစားမှုကြောင့်ပေါ်လာပြီးစနစ်တကျမှန်မှန်ပေးတတ်ရန်ကူညီလိမ့်မည်။ {Ed 238.6}

ဤနည်းလမ်းအားဖြင့် သင်ကြားမှုတိုင်းသည်အကြီးမားဆုံးသောပြဿနာများ၏အဖြေကိုရှာရန် အထောက်အကူဖြစ်လာနိုင်ပြီး၊ ဘဝပေးတာဝန်ဝတ္တရားများကို အကောင်းဆုံးထမ်းဆောင်နိုင်ရန်အတွက်ယောကျ်ားမိန်းမတို့၏သင်တန်းလည်းဖြစ်လာနိုင်သည်။ {Ed 239.1}

***

# အခန်း ၂၇

# ကိုယ်ဟန်အပြုအမူ

ယဥ်ကျေးလိမ္မာခြင်းကို အနည်းငယ်သာတန်ဖိုးထားကြသည်။ စိတ်နှလုံးထဲ၌ကြင်နာတတ်သူများစွာတို့သည် ကြင်နာခြင်းအပြုအမူခေါင်းပါးနေကြသည်။ သူတို့၏ရိုးသားဖြောင့်မှန်မှုကြောင့် ရိုသေခြင်းခံရသူများစွာတို့သည်လည်း ခင်မင်ဖော်ရွေမှုများဝမ်းနည်းဖွယ်ချို့တဲ့နေကြသည်။ ဤလစ်ဟင်းမှုသည် သူတို့ကိုယ်ပိုင်ပျော်ရွှင်မှုကိုဖျက်ဆီးပြီး၊ သူတစ်ပါးအားအလုပ်အကျွေးပြုခြင်းကိုလျော့ကျစေသည်။ များစွာသောဘဝ၏အချိုမြိန်ဆုံးနှင့်အသုံးဝင်ဆုံးသောအတွေ့အကြုံများကို ယဥ်ကျေးလိမ္မာမှုမရှိခြင်းကြောင့် ပေးဆပ်လိုက်ရသည်။ {Ed 240.1}

တက်ကြွရွှင်လန်းခြင်းနှင့်ယဥ်ကျေးလိမ္မာခြင်းတို့ကို အထူးသဖြင့်မိဘများနှင့်ဆရာသမားများက ပြုစုပျိုးထောင်ကြရမည်။ လူတိုင်းလူတိုင်းရွှင်ပျသောမျက်နှာထား၊ ကြင်နာသောအသံ၊ ယဥ်ကျေးလိမ္မာသောအပြုအမူများကိုပိုင်ဆိုင်နိုင်ကြပြီး၊ ယင်းတို့မှာစွမ်းအားများဖြစ်သည်။ ကြည်နူးရွှင်ပျသောပြောဆိုပြုမူပုံသည် ကလေးများအတွက်ဆွဲဆောင်မှုရှိသည်။ သူတို့အားကြင်နာမှုနှင့်ယဥ်ကျေးလိမ္မာမှုကိုပြသပါ။ ထိုအခါသူတို့သည် အလားတူစိတ်ထားကို သင်နှင့်တစ်ပါးသူတို့အားပြသလိမ့်မည်။ {Ed 240.2}

စစ်မှန်သောယဥ်ကျေးလိမ္မာခြင်းကို ထုံးတမ်းကျင့်ဝတ်များကျင့်ရုံဖြင့်သင်ယူ၍မရနိုင်ပါ။ ရည်မွန်သောကိုယ်ဟန်အပြုအမူကိုအမြဲတမ်းစောင့်ကြည့်ရမည်။ အခြေခံနိယာမကိုအထိခိုက်မခံသည့်နေရာတိုင်းတွင်၊ သူတစ်ပါး

ကိုစာနာထောက်ထားသည့် အများလက်ခံသောဓလေ့များကိုလေးစားလိုက်နာစေလိမ့်မည်။ သို့သော် စစ်မှန်သောယဉ်ကျေးလိမ္မာခြင်းသည် အစဉ်အလာများကိုစွန့်လွှတ်ရန်မတောင်းဆိုချေ။ ယင်းသည်ဇာတ်အနိမ့်အမြင့်ခွဲခြားမှုမရှိချေ။ ယင်းသည်မိမိကိုယ်ကိုလေးစားခြင်း၊ သူတစ်ပါး၏ဂုဏ်သိက္ခာကိုလေးစားခြင်း၊ လူသားမျိုးနွယ်တစ်ဦးချင်းစီကိုအလေးထားခြင်းစသည်များကိုသင်ပေးသည်။ {Ed 240.3}

သာမန်အပြုအမူ၊ ပုံစံကိုအလွန်အကျွံတန်ဖိုးထားခြင်းနှင့်ဤအရာများသင်ယူရန် အချိန်များလွန်းစွာမြှုပ်နှံခြင်းတို့သည် အန္တရာယ်ရှိသည်။ ဘဝဆိုသည်မှာလူငယ်တိုင်းအတွက် အားသွန်ခွန်စိုက်ရုန်းကန်ရမည့်အရာဖြစ်သည်။ ဘဝ၏သာမန်ဝတ္တရားများအတွက်ပင်လျှင် ခက်ခဲမွေ့လျော်ဖွယ်မရှိသောအလုပ်ကိုလုပ်ရန်လိုအပ်သည်။ မသိနားမလည်မှုနှင့်ပျက်စီးခြင်းတို့ဖြင့်လေးလံနေသောလောက၏ဝန်ထုပ်ကြီးကို ပေါ့ပါးစေရန်မှာ သာ၍အားစိုက်မှုလိုအပ်ပေသည်။ {Ed 241.1}

ယဉ်ကျေးရည်မွန်မှုကို အထူးအလေးပေးသည့်သူများစွာတို့သည် အခြားသောအရာများမည်မျှပင်ကောင်းပါစေ၊ လေးစားမှုမရှိကြသည်မှာ မှားယွင်းသောစံကိုထားခြင်းပင်ဖြစ်သည်။ ဤအရာသည်မှားယွင်းသောပညာရေးဖြစ်သည်။ ယင်းသည်မာန်မာနနှင့်သေးသိမ်သောစိတ်ထားကိုအားပေးသည်။ {Ed 241.2}

စစ်မှန်သောယဉ်ကျေးသိမ်မွေ့မှု၏အနှစ်သာရမှာ သူတစ်ပါးကိုစာနာထောက်ထားခြင်းဖြစ်သည်။ အရေးပါပြီးတည်တံ့သောပညာရေးမှာ သနားကြင်နာမှုကိုကျယ်ပြန့်စေပြီး၊ လူတိုင်းကိုကြင်နာစိတ်ထားခြင်းဖြစ်သည်။ မိမိ မိဘများကိုမရိုမသေ၊ မိမိတို့၏ထူးချွန်မှုကိုတန်ဖိုးမထား၊ မိမိတို့၏ချို့ယွင်းချက်များကိုခွင့်လွှတ်သည်းခံ၊ မိမိတို့၏လိုအပ်ချက်များတွင်အသုံးဝင်မှုကိုဂရုမစိုက်သောယဉ်ကျေးမှု၊ မိမိကိုစာနာတတ်သူသိမ်မွေ့သူမဖြစ်စေ၍၊ လူငယ်လူကြီးကံအကြောင်းမလှသူများအပေါ် ရက်ရောကူညီမှုမရှိ၊ သူတစ်ပါး

အားယဉ်ကျေးလိမ္မာမှုကို မပြသည့်ယဉ်ကျေးမှုသည် ကျရှုံးမှုပင်ဖြစ်သည်။ {Ed 241.3}

စိတ်အတွေးနှင့်အပြုအမူကို အမှန်အကန်မွမ်းမံခြင်းကို လိုက်နာရမည့်စည်းမျဉ်းတစ်စုံကိုလိုက်နာခြင်းထက် ဘုရားရှင်ထံတွင်သင်ယူခြင်းသည် သာ၍ကောင်းသည်။ ကိုယ်တော်၏မေတ္တာနှင့်ပြည့်နှက်သောစိတ်သည် ကိုယ်တော်၏စိတ်တော်နှင့်တွေ့စေရန် အကျင့်စာရိတ္တကိုမွမ်းမံလိမ့်မည်။ ဤသို့သောပညာရပ်သည် ကောင်းကင်ကပေးသောဂုဏ်သိက္ခာနှင့်ရည်မွန်ခြင်းအသိတရားကိုပေးသည်။ ယင်းသည် အပေါ်ယံတိုက်ချွတ်ထားသောခေတ်မီလူ့အဖွဲ့အစည်းနှင့်မည်သို့မျှမတူနိုင်သောပင်ကိုစိတ်၏ ချိုမြိန်မှုနှင့်အပြုအမူ၏သိမ်မွေ့မှုကိုပေးသည်။ {Ed 241.4}

သမ္မာကျမ်းစာသည် ယဉ်ကျေးလိမ္မာမှုကိုလမ်းညွှန်ပေး၍၊ တစ်ကိုယ်ကောင်းမဆန်သောစိတ်ဓာတ်၊ ညင်သာသိမ်မွေ့ခြင်း၊ နှစ်လိုဖွယ်စိတ်၊ စသည့်စစ်မှန်သောလိမ္မာယဉ်ကျေးမှုသာဓကများစွာကိုလည်း ကျမ်းစာကဖော်ပြသည်။ ဤအရာများသည် ခရစ်တော်၏ဂုဏ်တော်ကိုရောင်ပြန်ဟပ်သောအရာများဖြစ်သည်။ ကိုယ်တော်၏နာမတော်ကိုမသိသောသူများအကြား၌ပင်၊ ဤကမ္ဘာပေါ်ရှိစစ်မှန်သောသိမ်မွေ့ယဉ်ကျေးမှုအားလုံးသည် ကိုယ်တော်ထံမှလာသည်။ ဤအကျင့်စာရိတ္တများကို မိမိ၏သားသမီးများတွင် စုံလင်စွာရောင်ပြန်ဟပ်ရန် ကိုယ်တော်အလိုတော်ရှိသည်။ ကိုယ်တော်၏တင့်တယ်ခြင်းကို လူတို့သည် ကျွန်ုပ်တို့၌မြင်တွေ့ရန်မှာ ကိုယ်တော်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ {Ed 241.5}

တန်ဖိုးအကြီးမားဆုံးသောကျင့်ဝတ်ဆိုင်ရာကျမ်းကို ကယ်တင်ရှင်ပေးသည့်အဖိုးတန်မိန့်တော်မူချက်များနှင့်၊ တမန်တော်ပေါလုမှတစ်ဆင့်သန့်ရှင်းသောဝိညာဉ်တော်၏မိန့်တော်မူချက်တို့တွင်ပါရှိသည်။ ထိုစာသားများကိုလူသားတိုင်း၊ သက်ငယ်သက်ကြီးတို့၏စိတ်ထဲတွင် မမေ့မှိန်အောင်ရေးသားရမည်။ {Ed 242.1}

"ငါသည်သင်တို့ကိုချစ်သည်နည်းတူအချင်းချင်းချစ်ကြလော့။" ယောဟန် ၁၃း၃၄။

"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည်ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကိုမျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကိုသည်းခံတတ်၏။ မေတ္တာသည်ဖေါက်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏။" ၁ကော၊ ၁၃း၄–၈။ {Ed 242.2}

သေသေချာချာရင်ဝယ်ပိုက်ထားရမည့် တန်ဖိုးရှိသောကျက်သရေမှာ ကြည်ညိုခြင်းဖြစ်သည်။ ဘုရားသခင်ကို စစ်မှန်သောကြည်ညိုခြင်းသည် ကိုယ်တော်၏အနန္တကြီးမြတ်ခြင်းကို ခံစားခြင်းနှင့်ကိုယ်တော်ရှိနေခြင်းကို သဘောပေါက်ခြင်းတို့မှလာသည်။ ဤအရူပဖြစ်တော်မူသောသူကိုထိတွေ့ခံစားခြင်းသည် ကလေးငယ်တိုင်း၏စိတ်ထဲတွင်နက်နက်နဲနဲစွဲမြဲစေရမည်။ ဆုတောင်းသည့်အချိန်နှင့်နေရာ၊ လူထုဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များတွင် ဘုရားသခင်ရှိတော်မူသောကြောင့် သန့်ရှင်းမွန်မြတ်သည်ဟုကလေးများကို သွန်သင်ရမည်။ စိတ်နှလုံးနှင့်ပြောဆိုပြုမူပုံတွင် ရိုသေသမှုကိုပြသသောအခါ၊ သာ၍စွဲမှတ်လိမ့်မည်။ {Ed 242.3}

ဘုရားသခင်အထူးကိန်းဝပ်တော်မူရာအဖြစ် သတ်မှတ်သောနေရာကို မည်သို့သဘောထားရမည်ဟူသော သမ္မာကျမ်းစာ၏ဖေါ်ပြချက်စကားလုံးများကို သက်ငယ်၊ သက်ကြီးသူတို့သည် လေ့လာချင့်ချိန်၍၊ မကြာမကြာအထပ်ထပ်ပြောဆိုရမည်။ {Ed 243.1}

မီးလောင်နေသောချုံပုတ်ထဲမှ ဘုရားသခင်က မောရှေအား "သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား သန့်ရှင်းသောမြေဖြစ်သည်။" (ထွက်မြောက်ရာ ၃း၅) ဟုမိန့်တော်မူခဲ့သည်။ {Ed 243.2}

ယာကုပ်သည် ရူပါရုံတွင်ကောင်းကင်တမန်များကိုမြင်တွေ့ပြီးနောက် "ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။..... ဤအရပ်ကားအခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်၊ ကောင်းကင်တံခါး၀ဖြစ်သည်တကား။" (ကမ္ဘာဦး ၂၈း၁၆၊ ၁၇) ဟု ဆိုခဲ့သည်။ {Ed 243.3}

"ထာဝရဘုရားမူကား၊ သန့်ရှင်းသောဗိမာန်တော်၌ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ငြိမ်ဝပ်စွာနေကြလော့" ဟာဗက္ကုတ် ၂း၂၀။

"ထာဝရဘုရားသည် ကြီးမြတ်သောဘုရား၊ ဘုရားတကာတို့ထက်ကြီးမြတ်သောဘုရင်ဖြစ်တော်မူ၏။... လာကြ။ ပျပ်ဝပ်ကိုးကွယ်ကြကုန်အံ့။ ငါတို့ကိုဖန်ဆင်းတော်မူသော ထာဝရဘုရား၏ရှေ့တော်၌ဒူးထောက်ကြကုန်အံ့။" "ထာဝရဘုရားသည် ငါတို့ကိုဖန်ဆင်းတော်မူ၍၊ ငါတို့၏အရှင်ဖြစ်တော်မူ၏။ ငါတို့သည်လည်း ဘုရားသခင်၏လူဖြစ်ကြ၏။ အထံတော်၌ကျက်စားသောသိုးစုလည်းဖြစ်ကြ၏။ ကျေးဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုလည်းကောင်း၊ ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်းတော်တို့ကိုလည်းကောင်း ဝင်ကြလော့။ ကျေးဇူးတော်ကိုချီးမွမ်း၍၊ နာမတော်ကိုကောင်းချီးပေးကြလော့။" ဆာလံ ၉၅း၃–၆၊ ၁၀၀း၃၊ ၄။ {Ed 243.4}

ဘုရားသခင်၏နာမတော်ကိုလည်း ကြည်ညိုလေးစားရမည်။ နာမတော်ကိုပေါ့ပေါ့ပျက်ပျက် သို့မဟုတ် မဆင်မခြင်ဘယ်ခါမျှမမြွက်ဆိုရပါ။ ဆုတောင်းသည့်အခါတွင်လည်း မကြာခဏ သို့မဟုတ် မလိုအပ်ဘဲအထပ်ထပ်မြွက်ဆိုခြင်းကိုရှောင်ကြဉ်ရမည်။ "နာမတော်သည်သန့်ရှင်း၏။ ကြောက်ရွံ့ရှိသေဖွယ်ဖြစ်၏" ဆာလံ ၁၁၁း၉။ ကောင်းကင်တမန်များသည် နာမတော်ကိုမြွက်ဆိုသောအခါ မျက်နှာကိုဖုံးအုပ်ကြသည်။ ကျရှုံးပြီးအပြစ်သား ကျွန်ုပ်တို့၏နှုတ်ခမ်းသည် မည်မျှပင်ရိုသေကြည်ညိုရမည်နည်း။ {Ed 243.5}

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလည်းရိုသေရမည်။ ပုံနှိပ်ထားသောကျမ်းစာအုပ်ကိုရိုသေရမည်ဖြစ်ပြီး၊ နမော်နမဲ့ထားခြင်း၊ အလေးမထားဘဲကိုင်တွယ်ခြင်းကို အဘယ်ခါမျှမပြုပါနှင့်။ ကျမ်းစကားများကိုအပြောင်အပြက်၊ ဟာသသဘောဖြင့် ဘယ်ခါမျှမကိုးကားပါနှင့်။ "ဘုရားသခင်၏စကားတော်ရှိသမျှသည်စင်ကြယ်၏။" "မြေနှင့်ကင်းစင်စေခြင်းငှာ၊ မိုက်၌ခုနစ်ကြိမ်စစ်သောငွေကဲ့သို့ဖြစ်ကြ၏။" သုတ္တံ ၃၀း၅၊ ဆာလံ ၁၂း၆။ {Ed 244.1}

အချုပ်အားဖြင့်၊ နားထောင်ခြင်းဖြင့်စစ်မှန်သောရိုသေသမှုကို ပြသရမည်ဟုကလေးများကိုသင်ပေးရမည်။ ဘုရားသခင်သည် အရေးမပါသောအဘယ်အရာကိုမျှမိန့်တော်မမူချေ။ ကိုယ်တော်၏စကားတော်ကိုနားထောင်ခြင်းကဲ့သို့ ကိုယ်တော်ကိုအားရစေသောရိုသေသမှုကိုပြသသည့် အခြားနည်းလမ်းမရှိချေ။ {Ed 244.2}

ကိုယ်တော်ကိုယ်စားဟောပြောဆောင်ရွက်ရန် ခေါ်တော်မူခြင်းခံရသောတရားဟောဆရာများ၊ ကျောင်းဆရာသမားများ၊ မိဘများကိုရိုသေလေးစားမှုပြုရမည်။ {Ed 244.3}

ဘုရားသခင်သည် သက်ကြီးရွယ်အိုများကိုအထူးသဖြင့် ကြင်နာ၊ ရိုသေရန်အထူးသြဝါဒပေးတော်မူခဲ့ပြီး။ "ဖြူသောဆံပင်သည် ဖြောင့်မတ်ခြင်းတရားလမ်းထဲ၌တည်လျှင်၊ ဘုန်းကြီးသောသရဖူဖြစ်၏" (သုတ္တံ ၁၆း၃၁) ဟု ဆိုထားသည်။ ယင်းသည် ဆင်နွှဲခဲ့သောတိုက်ပွဲများနှင့် ရရှိခဲ့သောအောင်မြင်မှုများ၊ ထမ်းခဲ့သောဝန်ထုပ်များနှင့်တွန်းလှန်ခဲ့သောစုံစမ်းခြင်းအကြောင်းများကိုပြောပြနေသည်။ ယင်းသည် ဘဝနေဝင်ချိန်ကိုချဉ်းကပ်လာသည့်နွမ်းလျသောခြေများ၊ မကြာမီလစ်လပ်သွားမည့်နေရာများကိုပြောပြနေသည်။ ဤအရာကိုကလေးများအားစဉ်းစားစေပါ။ ထိုအခါ သူတို့၏ယဉ်ကျေးမှု၊ ရိုသေမှုများဖြင့် သက်ကြီးရွယ်အိုတို့၏ခရီးလမ်းကိုချောမွေ့စေကြလိမ့်မည်။ "ဆံပင်ဖြူသောသူရှေ့မှာထရမည်။ အသက်ကြီးသောသူ၏

မျက်နှာကိုရှိသေရမည်” (ဝတ်ပြုရာ ၁၉း၃၂) ဟူသောစေခိုင်းချက်ကို သူတို့သတိပြုလာသောအခါ၊ သူတို့၏ငယ်ရွယ်သောအသက်တာသည် တင့်တယ်လှပလိမ့်မည်။ {Ed 244.4}

ဖခင်များ၊ မိခင်များ၊ ဆရာသမားများတို့သည် ဘုရားသခင်က သူငယ်တို့အား မိမိ၏ကိုယ်စားလှယ်များဖြစ်စေပါဟူသောစေခိုင်းချက်ကို အပြည့်အဝတာဝန်ယူ၍လေးစားရမည်။ နေ့စဉ်ထိတွေ့မှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အကောင်းဖက် သို့မဟုတ် အဆိုးဖက်သို့အနက်ဖွင့်ဆိုပေးလိမ့်မည်။ {Ed 244.5}

“အဘသည်သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏” ဆာလံ ၁၀၃း၁၃။ “အမိသည်သားငယ်ကိုနှစ်သိမ့်စေသကဲ့သို့၊ သင်တို့ကိုငါနှစ်သိမ့်စေမည်” ဟေရှာယ ၆၆း၁၃။ {Ed 245.1}

ဤနှုတ်တော်ထွက်စကားအားဖြင့်ချစ်ခြင်း၊ ကျေးဇူးတရား၊ ကိုးစားခြင်းများနိုးကြားလာသောကလေး၊ မိခင်၊ ဖခင်၊ ဆရာတို့၏ကြင်နာမှု၊ တရားမျှတမှု၊ သည်းခံခြင်းတို့ဖြင့် ဘုရားသခင်၏မေတ္တာ၊ တရားမျှတမှုနှင့်သည်းခံခြင်းကိုပြသခြင်းခံရသောကလေး၊ မိမိ၏အုပ်ထိန်းသူများကိုကိုးစား၊ နာခံ၊ ရိုသေခြင်းဖြင့်၊ ဘုရားသခင်ကိုကိုးစား၊ နားထောင်၊ ရိုသေရန်သင်ယူသောကလေးသည် ပျော်ရွှင်သောကလေးဖြစ်သည်။ ထိုသို့သောဆုကျေးဇူးကို ကလေး သို့မဟုတ် တပည့်အားပေးအပ်သောသူသည် လောကီကြွယ်ဝမှုထက်သာ၍တန်ဖိုးရှိသည့် ထာဝရတည်သော ဘဏ္ဍာကိုပေးအပ်ခြင်းပင်ဖြစ်သည်။ {Ed 245.2}

***

# အခန်း ၂၈

# ဝတ်စားဆင်ယင်မှုနှင့်ပညာရေးဆက်စပ်မှု

ဝတ်စားဆင်ယင်မှုနှင့်သက်ဆိုင်၍ မှန်ကန်သောနည်းလမ်းကို မသွန်သင်သော အဘယ်ပညာရေးမျှမပြည့်စုံနိုင်ချေ။ ထိုသို့သောသင်ကြားပေးမှုမရှိသည့်ပညာရေးသည် မကြာမကြာနှောင့်နှေးပြီး၊ သွေဖည်သွားတတ်သည်။ အဝတ်အစားကိုခင်တွယ်ခြင်းနှင့်ဖက်ရှင်ကိုလိုက်စားခြင်းတို့သည် ဆရာသမားတို့အတွက် အဖြိုရဆုံးသောပြိုင်ဘက်၊ အထိရောက်ဆုံးသော အတားအဆီးဖြစ်သည်။ {Ed 246.1}

ဖက်ရှင်သည် သံလက်ဖြင့်အုပ်ချုပ်သောသခင်မဖြစ်သည်။ အိမ်တိုင်းလိုလို၌ပင် မိဘများနှင့်သားသမီးတို့၏အားအင်၊ အချိန်နှင့်အာရုံကိုယင်း၏တောင်းဆိုမှုကစုပ်ယူလိုက်သည်။ ချမ်းသာသူတို့သည် ယင်း၏အမြဲပြောင်းလဲသောစတိုင်ကိုလိုက်ရင်း အချင်းချင်းဂုဏ်ပြိုင်နေကြသည်။ လူလတ်တန်းစားနှင့်ဆင်းရဲသားတို့သည်လည်း သူတို့၏လက်လှမ်းမီရာစံထားနောက်သို့အားသွန်ခွန်စိုက်လိုက်နေကြသည်။ ငွေကြေးအင်အားနည်း၍၊ ဖက်ရှင်အတွက်ရည်မှန်းချက်ကြီးမားသောအခါ၊ ဝန်ထုပ်ဝန်ပိုးသည် မထမ်းနိုင်လောက်အောင်ဖြစ်လာသည်။ {Ed 246.2}

များစွာသောသူတို့သည် အဝတ်အစားကောင်းမွန်လှပနေစေဦးတော့၊ ဖက်ရှင်ရေစီးကြောင်းပြောင်းသွားသောအခါ၊ ယင်းကိုပြန်ပြုပြင် သို့မဟုတ်ဘေးဖယ်လိုက်ကြသည်။ မိသားစုဝင်တို့သည်မပြီးဆုံးနိုင်သောအလုပ်ဖြင့် ပျက်ကိန်းဆိုက်လာကြသည်။ သားသမီးများကိုသွန်သင်ရန်လည်းကောင်း၊

ဆုတောင်း၊ ကျမ်းစာလေ့လာရန်လည်းကောင်း၊ ဘုရားရှင်၏လက်ရာများမှကိုယ်တော်နှင့်ကလေးများကိုသိကျွမ်းစေရန် အချိန်မရှိတော့ချေ။ {Ed 246.3}

ပေးကမ်းစွန့်ကြဲရန်အချိန်နှင့်ငွေမရှိတော့ချေ။ တစ်ခါတစ်ရံမိသားစုစားစရာအတွက်တွန့်တိုလာသည်။ အစားအစာကိုညံ့ဖျင်းစွာရွေးချယ်ပြီး၊ အလျင်စလိုချက်ပြုတ်ကြသည်။ ကိုယ်ခန္ဓာ၏လိုအပ်ချက်ကို တစ်ပိုင်းတစ်စသာဖြည့်ဆည်းနိုင်တော့သည်။ ထိုသို့ဖြင့်စားသောက်မှုဓလေ့မှားယွင်းလာပြီး၊ ရောဂါရလာစေသည်။ မချုပ်တည်းနိုင်မှုကိုလည်းဖြစ်စေသည်။ {Ed 247.1}

ရှိုးထုတ်ခြင်းကိုခုံမင်ခြင်းသည် ဖြုန်းတီးမှုကိုဖြစ်စေသည်။ များစွာသောလူငယ်တို့တွင် သာ၍မြင့်မြတ်သောအသက်တာမျိုးရလိုစိတ်ကို ပျက်ပြားစေသည်။ ပညာကိုရှာမည့်အစား၊ သူတို့သည်ငယ်ရွယ်စဉ်ကပင်အဝတ်အစားအတွက်စိတ်ပြင်းပြမှုကြောင့် ငွေရှာသည့်အလုပ်ကိုလုပ်လာကြသည်။ အဝတ်အစားခုံမင်မှုမှ များစွာသောမိန်းကလေးများသည် ပျက်စီးခြင်းထဲလှည့်ဖြားခြင်းခံရကြသည်။ {Ed 247.2}

မိသားစုများစွာတို့တွင် အလွန်အကျွံသုံးလာကြသည်။ မိခင်နှင့်သားသမီးတို့၏တောင်းဆိုမှုကို မပံ့ပိုးနိုင်သောဖခင်သည် မရိုးမသားပြုရန်သွေးဆောင်ခံရပြီး၊ မရိုးသားမှုနှင့်ပျက်စီးခြင်းစသည့်အကျိုးဆက်ဖြစ်လာသည်။ {Ed 247.3}

ဝတ်ပြုရာနေ့နှင့်ဝတ်ပြုခြင်းအစီအစဉ်များသည် ဖက်ရှင်၏လွှမ်းမိုးခြင်းမှမကင်းလွတ်ချေ။ သာ၍ပင်အဝတ်အစားပြိုင်ဆိုင်မှုအခွင့်အရေးပင်ဖြစ်လာချေသည်။ ဘုရားကျောင်းသည်ဖက်ရှင်လျှောက်ရာစင်မြင့်ဖြစ်စေပြီး၊ တရားဒေသနာထက် ဖက်ရှင်များကိုသာ၍လေ့လာကြသည်။ ယင်းယဉ်ကျေးမှု၏တောင်းဆိုမှုကို မဖြည့်စွမ်းနိုင်သောဆင်းရဲသားများမှာ ဘုရားကျောင်းနှင့်ဝေးကွာသွားကြရသည်။ နားနေရာနေ့ကိုပျင်းရိခြင်းနေ့အဖြစ်အသုံးပြု၍၊ လူငယ်တို့သည်ကိုယ်ကျင့်တရားလျော့ရဲသောအပေါင်းအသင်းများဖွဲ့လာကြသည်။ {Ed 247.4}

ကျောင်းများတွင်၊ မိန်းကလေးများသည်ပညာလေ့လာခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုအတွက် မသင့်လျော်သည့်အပြင်၊ သက်သောင့်သက်သာမရှိသောအဝတ်များကိုဝတ်ကြသည်။ သူတို့၏စိတ်သည် အဝတ်အစား၌နှစ်မြှုပ်နေရကာ၊ ဆရာသမားများသည် သူတို့၏စိတ်ဝင်စားမှုကို နိုးထစေရန်အခက်ကြုံကြရသည်။ {Ed 247.5}

ဖက်ရှင်၏ကျိန်စာမှလွတ်မြောက်စေရန်၊ ဆရာသမားများသည် သဘာဝတရားနှင့်ထိတွေ့စေခြင်းထက် သာ၍ထိရောက်သောနည်းလမ်းကိုရှာမတွေ့နိုင်ကြချေ။ ကျောင်းသူ၊ ကျောင်းသားများအားချောင်းနံဘေး၊ ကန်နံဘေး၊ ပင်လယ်ကမ်းခြေတို့ကို မြည်းစမ်းနှစ်သက်စေပါ။ သူတို့အား တောင်ကုန်းပေါ်သို့ခေါ်သွားပြီး နေဝင်ဆည်းဆာအလှကိုငေးမောစေခြင်း၊ သစ်တောအုပ်နှင့်ကွင်းပြင်တို့၏ရတနာသိုက်ကိုစူးစမ်းရှာဖွေစေပါ။ သစ်ပင်၊ ပန်းပင်စိုက်ပျိုးခြင်း၏ကြည်နူးမှုကို သင်ယူစေပါ။ ထိုအခါ အဝတ်အစားချယ်သမှု၊ အရေးပါမှုသည် ကွယ်ပျောက်သွားလိမ့်မည်။ {Ed 247.6}

အစားအသောက်ကဲ့သို့ဝတ်စားဆင်ယင်မှုတွင် ရိုးရိုးနေထိုင်ခြင်းသည် မြင့်မြင့်မားမားတွေးခေါ်ရန် မရှိမဖြစ်လိုအပ်ကြောင်းကို လူငယ်တို့အားသိမြင်စေပါ။ သင်ယူစရာ၊ လုပ်ဆောင်စရာမည်မျှများပြားကြောင်း၊ ဘဝရပ်တည်ရေးအတွက်ပြင်ဆင်ရန် ငယ်ရွယ်ချိန်သည် မည်မျှတန်ဖိုးရှိကြောင်းတို့ကိုလူတို့အားနားလည်စေပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌လည်းကောင်း၊ သဘာဝတရား၌လည်းကောင်း၊ မွန်မြတ်သောဘဝမှတ်တမ်းတွင်လည်းကောင်း ရှိသောဘဏ္ဍာများကို သူတို့အားသိမြင်စေပါ။ {Ed 248.1}

သူတို့၏စိတ်နှလုံးကို သူတို့ကူညီပေးနိုင်မည့်ဒုက္ခဆင်းရဲခံရသောသူတို့ဘက်သို့ဦးတည်ပေးပါ။ ရှိုးထုတ်ရန်အတွက် အသုံးပြုသောငွေကြေးအားလုံးကိုဆာငတ်သူတို့အားကျွေးမွေးရန်၊ အဝတ်မရှိသူတို့အားဝတ်ဆင်ပေးရန်၊ ဝမ်းနည်းသူတို့အားနှစ်သိမ့်ပေးရန် အသုံးပြုနိုင်ကြောင်းကို သူတို့အားနားလည်စေပါ။ {Ed 248.2}

တွေးခေါ်ခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ သို့မဟုတ် ကြော့ရှင်းလုပခြင်းအတွက် အခြေအမြစ်မရှိသောအရာကိုလိုက်လျှောက်ခြင်းဖြင့် ဘဝ၏ခမ်းနားသောအခွင့်အရေးများကိုလက်လွှတ်ခြင်း၊ မိမိတို့စိတ်ကိုသေးနုပ်စေခြင်း၊ မိမိကျန်းမာရေးကိုဖျက်ဆီးခြင်း၊ မိမိ၏ပျော်ရွှင်မှုကိုစတေးခြင်း စသည်များကို သူတို့လုပ်နိုင်ကြမည်မဟုတ်ချေ။ {Ed 248.3}

တစ်ချိန်တည်းတွင် "ခပ်သိမ်းသောအရာတို့ကို မိမိအချိန်တန်မှ၊ လျောက်ပတ်စွာဖန်ဆင်းတော်မူ" (ဒေသနာ ၃း၁၁) သော သဘာဝတရားမှ သင်ခန်းစာကို သိမှတ်နိုင်အောင်လူငယ်များကို သင်ပေးရမည်။ ဝတ်စားဆင်ယင်မှုနှင့်အရာရာတွင် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ကိုချီးမြှောက်ရန်မှာ ကျွန်ုပ်တို့၏အခွင့်ထူးပင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အဝတ်အစားများသပ်ရပ်ပြီးကျန်းမာရေးနှင့်ညီညွတ်သည်သာမက၊ သင့်လျော်လိုက်ဖက်မှုရှိရန် အလိုရှိတော်မူသည်။ {Ed 248.4}

လူတစ်ယောက်၏အကျင့်စာရိတ္တကို သူ၏ဝတ်စားဆင်ယင်ပုံစံဖြင့် အကဲဖြတ်နိုင်သည်။ ယဉ်ကျေးသောနေထိုင်ပုံ၊ ရည်မွန်သောစိတ်တို့သည် ရိုးရှင်းလျောက်ပတ်သောအဝတ်အစားကို ရွေးချယ်မှုတွင်ပေါ်လွင်သည်။ ဝတ်စားဆင်ယင်မှုတွင် ရိုးရှင်းသိက္ခာရှိပြီး၊ ပြောဆိုပုံတွင် ဣန္ဒြေရှိခြင်းသည် များစွာသောပျက်စီးခြင်းများမှ မိန်းကလေးများကိုပတ်လည်ဝန်းရံကာကွယ်ပေးလိမ့်မည်။ {Ed 248.5}

မိန်းကလေးများကို ဝတ်စားဆင်ယင်မှုပညာနှင့်မိမိအဝတ်ချုပ်သည့်ပညာကိုသင်ပေးရမည်။ ဤအရာမှာ မိန်းကလေးတိုင်းရင်ဝယ်ပိုက်ထားရမည့် ရည်မှန်းချက်ဖြစ်သည်။ ယင်းသည် အသုံးဝင်မှုနှင့်မိမိခြေထောက်အပေါ်ရပ်တည်နိုင်ရေးအတွက် လက်လွှတ်မရသောအရာဖြစ်သည်။ {Ed 248.6}

အလှအပကို နှစ်သက်လိုချင်ခြင်းသည် မှန်ကန်သောအရာဖြစ်သည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အားမပျက်စီးနိုင်သည့်အမြင့်မားဆုံးသော လှပမှုကိုအလျင်နှစ်သက်ရှာဖွေရန် အလိုရှိတော်မူသည်။ လူသား၏စွမ်းရည်

အကောင်းဆုံးသော ထုတ်လုပ်မှုများသည်၊ ကိုယ်တော်၏ရှေ့တော်တွင် "အဖိုးကြီးသော" အကျင့်စာရိတ္တ၏တင့်တယ်မှုနှင့်နှိုင်းယှဉ်ရန် လုပမှုမရှိချေ။ {Ed 249.1}

ကောင်းကင်ရက်ကန်းမှရက်လုပ်သည့် "စင်ကြယ်ပြောင်လက်သော ပိတ်ချော" (ဗျာဒိတ် ၁၉း၈) တည်းဟူသော တော်ဝင်ဝတ်လုံကို မိမိအတွက် ရွေးချယ်ရန် လူငယ်များနှင့်ကလေးငယ်များကို သင်ပေးရမည်။ ထိုဝတ်ရုံကို မြေကြီးပေါ်ရှိသန့်ရှင်းသောသူအားလုံးက ဝတ်ဆင်ကြလိမ့်မည်။ ခရစ်တော်၏အပြစ်မဲ့စာရိတ္တဖြစ်သော ထိုဝတ်ရုံကိုလူသားတိုင်းအား အခမဲ့ပေးဝေလျက်ရှိသည်။ သို့သော် လက်ခံသောသူတိုင်း ယင်းကိုရရှိပြီး၊ ဤမြေကြီးပေါ်တွင် ဝတ်ဆင်ကြလိမ့်မည်။ {Ed 249.2}

ကလေးသူငယ်တို့သည် သူတို့၏စိတ်ကိုစင်ကြယ်ပြီးနှစ်သက်ဖွယ်အတွေးများအတွက်ဖွင့်ပေးပြီး၊ နှစ်သက်ဖွယ်အသုံးဝင်သောအလုပ်ကိုလုပ်ခြင်းဖြင့်၊ သူတို့သည် ကိုယ်တော်၏တင့်တယ်သောအကျင့်စာရိတ္တဝတ်ရုံကို ဝတ်ဆင်နေကြသည်ဖြစ်ကြောင်းကိုသင်ပေးပါ။ ဤအဝတ်အစားသည် သူတို့အားဤမြေကြီးပေါ်တွင်လှပ၊ ချစ်စရာကောင်းသောသူများဖြစ်စေပြီး၊ အရှင်မင်းကြီး၏နန်းတော်ထဲသို့ ဝင်ခွင့်ကိုရရှိစေလိမ့်မည်။ {Ed 249.3}

ကိုယ်တော်၏ကတိတော်မှာ "ထိုသူတို့သည်ထိုက်တန်သောသူဖြစ်၍၊ အဖြူဝတ်လျက်ငါနှင့်အတူသွားကြလိမ့်မည်။" (ဗျာဒိတ် ၃း၄) ဟူ၍ဖြစ်သည်။ {Ed 249.4}

***

# အခန်း ၂၉

# ဥပုသ်နေ့

ပညာရေးနည်းစနစ်တွင် ဥပုသ်နေ့၏တန်ဖိုးကိုခန့်မှန်း၍မရနိုင်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ တောင်းဆိုသမျှအတွက်၊ ကိုယ်တော်သည် ပြန်ပေးတော်မူပြီး၊ မိမိဘုန်းတော်ဖြင့်ကြွယ်ဝပြောင်းလဲစေတော်မူသည်။ ကိုယ်တော်သည် ဣသရေလတို့ထံမှတောင်းဆိုသောဆယ်ဖို့တစ်ဖို့သည် လူတို့အကြား တွင် ထိန်းသိမ်းထားရန် မြှုပ်နှံထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့အား တောင်းဆိုသောအချိန်အတွက်၊ မိမိ၏နာမနှင့်တံဆိပ်တော်ပါရှိသောအချိန်ကို ပြန်ပေးတော်မူသည်။ ကိုယ်တော်က "ငါသည်သင်တို့ကို သန့်ရှင်းစေသော ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိစေခြင်းငှာ၊ ငါနှင့်သင်တို့၏..... စပ်ကြား၌လက္ခဏာသက်သေဖြစ်" သည် ဟုမိန့်တော်မူသည်။ "အကြောင်းမူကား၊ ထာဝရဘုရားသည်မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ကိုကောင်းချီးပေး၍၊ သန့်ရှင်းစေတော်မူ၏။" ထွက်မြောက်ရာ ၃၁း၁၃၊ ၂၀း၁၁။ ဥပုသ်နေ့သည် ဖန်ဆင်းခြင်းတန်ခိုးနှင့်ရွေးနုတ်ခြင်းတန်ခိုး၏ အမှတ်လက္ခဏာဖြစ်သည်။ ဘုရားသခင်သည် အသက်နှင့်ဉာဏ်ပညာ၏မူလဖြစ်ကြောင်းကိုညွှန်ပြသည်။ ၎င်းသည် လူသား၏ကမ္ဘာဦးဂုဏ်ကျက်သရေကိုသတိရစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အား မိမိပုံသဏ္ဌာန်တော်အတိုင်း ပြန်လည်ဖန်ဆင်းမည့်ဘုရားသခင်၏ရည်ရွယ်ချက်ကို သက်သေထူသည်။ {Ed 250.1}

ဥပုသ်နေ့နှင့်မိသားစုတို့ကို ဧဒင်ဥယျာဉ်တွင်တူညီစွာစတင်ခဲ့ပြီး၊ ဘုရားသခင်၏ရည်ရွယ်ချက်တွင် ယင်းတို့သည်ခိုင်မြဲစွာချိတ်ဆက်ရန်ဖြစ်သည်။

အခြားနေ့များနှင့်မတူဘဲ၊ ဤနေ့တွင် ဧဒင်ဥယျာဉ်၏အသက်တာမျိုးဖြင့် ကျွန်ုပ်တို့နေထိုင်နိုင်သည်။ မိသားစုဝင်များသည် အလုပ်လုပ်ရာနှင့်ကျမ်းစာလေ့လာရာတွင်လည်းကောင်း၊ ဝတ်ပြုရာနှင့်ကစားရာ၌လည်းကောင်း၊ ဖခင်သည်မိသားစု၏ယဇ်ပုရောဟိတ်အရာ၌ဦးဆောင်ပြီး၊ မိခင်ဖခင်တို့သည်သားသမီးများ၏ဆရာသမားများ၊ သူငယ်ချင်းများကဲ့သို့အတူတကွရှိနေကြရန်မှာ ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်။ သို့ရာတွင် အပြစ်တရား၏ရလဒ်ကြောင့်၊ ဘဝအခြေအနေပြောင်းလဲသွားခဲ့ပြီး၊ ဤအတူတကွရှိနေခြင်းကို ကြီးမားစွာအဟန့်အတားဖြစ်စေသည်။ တစ်ခါတစ်ရံဖခင်သည်တစ်ပတ်တာလုံး သားသမီးတို့၏မျက်နှာကိုမတွေ့ရသည်များရှိသည်။ သူတို့နှင့်ပေါင်းဖော်ရန် သို့မဟုတ် သွန်သင်ရန်အခွင့်အရေးဆုံးရှုံးရသည်။ သို့ရာတွင် ဘုရားသခင်၏မေတ္တာသည်အလုပ်အတွက်အချိန်ကန့်သတ်ထားတော်မူသည်။ ဥပုသ်နေ့တွင် မိမိ၏ကြင်နာသောလက်တော်ကို သူတို့အပေါ်တင်တော်မူသည်။ ဥပုသ်နေ့တွင်မိသားစုဝင်များ ကိုယ်တော်နှင့်လည်းကောင်း၊ သဘာဝတရားနှင့်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရင်းနှီးစွာဆက်ဆံရန် ကိုယ်တော်သည် အခွင့်အရေးကိုထိန်းသိမ်းထားတော်မူသည်။ {Ed 250.2}

ဥပုသ်နေ့သည် ဖန်ဆင်းခြင်းတန်ခိုး၏အထိမ်းအမှတ်ဖြစ်ရကာ၊ အခြားနေ့များကဲ့သို့မဟုတ်ဘဲ၊ ဤနေ့တွင်ဖန်ဆင်းခြင်းလက်ရာများမှတစ်ဆင့် ဘုရားသခင်နှင့်ကျွန်ုပ်တို့အကျွမ်းတဝင်ရှိရမည်။ သားသမီးများ၏စိတ်ထဲတွင် ဥပုသ်နေ့သည်သဘာဝတရား၏ အလှအပနှင့်တွဲလျက်ရှိနေရမည်။ ယေရှုနှင့်တပည့်တော်တို့သည် လယ်ကွင်းများ၊ ကမ်းနံဘေးတစ်လျှောက် သို့မဟုတ် သစ်တောအုပ်ကိုဖြတ်၍တရားဇရပ်သို့သွားခဲ့ကြသကဲ့သို့၊ ဥပုသ်နေ့တွင်ဝတ်ပြုသည့်နေရာသို့သွားနိုင်သောမိသားစုသည် ပျော်ရွှင်ကြရသည်။ သားသမီးများကို နှုတ်ကပတ်တော်၌သဘာဝတရားများမှပုံပမာပေး၍ သင်ပေးသောမိခင်ဖခင်များ၊ စိမ်းလန်းသောသစ်ပင်အောက်၌ လတ်ဆတ်သော

လေကိုရှုရှိုက်ရင်းကျမ်းစာသင်၍ ကောင်းကင်ဘုံ၌ရှိသောခမည်းတော်ကို ချီးမွမ်းသီချင်းဆိုရန် သားသမီးများကိုစုစည်းသော မိခင်ဖခင်များတို့သည် ပျော်ရွှင်သူများဖြစ်ကြသည်။ {Ed 251.1}

ထိုသို့သောရင်းနှီးပေါင်းဖော်ခြင်းအားဖြင့် မိဘများသည်သားသမီးတို့၏ စိတ်နှလုံးကိုမိမိတို့နှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း၊ အဘယ်ခါမျှမပြတ်တောက်နိုင်သောနှောင်ကြိုးဖြင့် ချည်နှောင်ရာရောက်စေနိုင်သည်။ {Ed 251.2}

အသိဉာဏ်လေ့ကျင့်ပေးရာတွင် နည်းလမ်းအဖြစ်၊ ဥပုသ်နေ့၏ အခွင့်အရေးများသည် တန်ဖိုးဖြတ်၍မရနိုင်ချေ။ ဥပုသ်စာဖြေကို ဥပုသ်နေ့ မနက်တွင်အလျင်စလိုလေ့လာခြင်းမဟုတ်ဘဲ၊ လာမည့်အပတ်အတွက် ဥပုသ်နေ့မွန်းလွဲမှစ၍နေ့စဉ်ကလေးများကို သင်ယူစေပါ။ ထိုသို့ဖြင့် သင်ခန်းစာသည် သူတို့စိတ်တွင်စွဲမှတ်ပြီး၊ ဘယ်သောအခါမျှလုံးလုံးမပျောက်ဆုံးသော ဘဏ္ဍာဖြစ်လာမည်။ {Ed 251.3}

တရားဟောချက်ကိုနားထောင်ရာတွင်၊ မိဘများနှင့်သားသမီးတို့သည် ကျမ်းချက်များကိုရေးမှတ်ပြီး၊ စဉ်းစားတွေးခေါ်ကာ၊ အိမ်တွင်ပြန်၍ တစ်ခုချင်းပြန်ဖတ်ပါ။ ဤနည်းဖြင့်တရားဟောချိန်တွင် ကလေးများ ငြီးငွေ့ခြင်းကိုပြေပျောက်စေပြီး၊ အာရုံစိုက်တတ်သောအကျင့်နှင့်ဆက်စပ်တွေးခေါ်ခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေလိမ့်မည်။ {Ed 252.1}

အဓိကဆိုလိုရင်းကို အာရုံပြုခြင်းအားဖြင့်၊ အဘယ်ခါမျှမတွေးမိသော ဘဏ္ဍာများကိုတွေ့ရှိလာလိမ့်မည်။ ကျမ်းစာ၌ဖော်ပြသောအရာများသည် မိမိဘဝ၏လက်တွေ့အတွေ့အကြုံများဖြစ်လာမည်။ {Ed 252.2}

"အကျွန်ုပ်တွေ့သောနှုတ်ကပတ်တော်စကားကို ခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းစရာအကြောင်းဖြစ်ပါ၏။" ယေရမိအနာဂတ္တိ ၁၅း၁၆။ {Ed 252.3}

"အထုံးအဖွဲ့တော်တို့ကို ဆင်ခြင်အောက်မေ့ပါမည်။" "ရွှေထက်မက၊ များစွာသောရွှေစင်ထက်နှစ်သက်ဖွယ်ဖြစ်၍၊.... တရားတော်အားဖြင့် ကိုယ်တော်၏ကျွန်သည်သတိရ၍၊ တရားစောင့်ခြင်းအကျိုးသည်ကြီးလှပါ၏။" ဆာလံ ၁၁၉း၄၈၊ ၁၉း၁၀၊ ၁၁။ {Ed 252.4}

***

# အခန်း ၃၀

# ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်း

ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုချစ်၍၊ ကျွန်ုပ်တို့ကောင်းစားရေးအတွက် အကောင်းဆုံးသောအရာကို သိတော်မူသည်ဟူ၍ယုံကြည်ပြီး ဘုရားသခင်ကိုကိုးစားခြင်းဖြစ်သည်။ ထို့ကြောင့် မိမိလမ်းကိုလိုက်မည့်အစား၊ ကိုယ်တော်၏လမ်းကိုရွေးချယ်နိုင်ရန် ကျွန်ုပ်တို့ကိုပို့ဆောင်ပေးသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏မသိနားမလည်ခြင်းနေရာအစား ကိုယ်တော်၏ဉာဏ်တော်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အားနည်းခြင်းနေရာအစား ကိုယ်တော်၏ခွန်အားကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အပြစ်ရှိခြင်းနေရာအစား ကိုယ်တော်၏ဖြောင့်မတ်ခြင်းကိုလည်းကောင်း အသိအမှတ်ပြုသည်။ ကျွန်ုပ်တို့အသက်တာ၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် ကိုယ်တော်၏ဥစ္စာဖြစ်နေပေပြီ။ ယုံကြည်ခြင်းသည် ကိုယ်တော်၏ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုပြီး၊ ၎င်း၏ကောင်းချီးများကိုလက်သင့်ခံယူသည်။ သမ္မာတရား၊ ဖြောင့်မှန်ခြင်း၊ စင်ကြယ်ခြင်းတို့သည် ဘဝအောင်မြင်ခြင်း၏လျှို့ဝှက်ချက်များဖြစ်ကြောင်းကိုညွှန်ပြပေးသည်။ ယုံကြည်ခြင်းသည် ဤအခြေခံနည်းဥပဒေသများကို ကျွန်ုပ်တို့အားပိုင်ဆိုင်စေသည်။ {Ed 253.1}

ကောင်းသောစေ့ဆော်မှု သို့မဟုတ် ပြင်းပြသောရည်မှန်းချက်တိုင်းသည် ဘုရားသခင်၏ဆုလက်ဆောင်ဖြစ်သည်။ ယုံကြည်ခြင်းသည် စစ်မှန်သောကြီးထွားမှုနှင့်ကျွမ်းကျင်မှုကိုထုတ်ပေးနိုင်သည့် တစ်ခုတည်းသောအသက်တာကို ဘုရားသခင်ထံမှရရှိသည်။ {Ed 253.2}

ယုံကြည်ခြင်းတိုးပွားအောင်ရိုးရိုးလေးသာပြုလုပ်ပါ။ ဘုရားသခင်၏ကတိတော်တိုင်းသည် အခြေအနေအပေါ်တည်သည်။ အကယ်၍ကျွန်ုပ်

တို့သည် ကိုယ်တော်၏အလိုတော်ကိုလုပ်ဆောင်လိုလျှင်၊ ကိုယ်တော်၏ခွန်အားအလုံးစုံသည် ကျွန်ုပ်တို့၏ခွန်အားဖြစ်လာသည်။ ကိုယ်တော်ကတိပေးသောဆုလက်ဆောင်ဟူသမျှသည်၊ ယင်းကတိတော်အထဲ၌ပင်ရှိနေသည်။ "မျိုးစေ့သည်ဘုရားသခင်၏တရားစကားဖြစ်သည်" လုကာ ၈း၁၁။ ဝက်သစ်ချပင်သည် ဝက်သစ်ချသီး၌ အမှန်အကန်ရှိနေသကဲ့သို့၊ ဘုရားသခင်၏ဆုလက်ဆောင်သည် သူ၏ကတိတော်ထဲ၌ အမှန်ပင်ရှိနေသည်။ အကယ်၍ကျွန်ုပ်တို့သည် ကတိတော်ကိုရပြီဆိုလျှင်၊ ဆုလက်ဆောင်ကိုရရှိသည်။ {Ed 253.3}

ဘုရားသခင်၏ဆုလက်ဆောင်ကိုရရှိစေသောယုံကြည်ခြင်းသည် ၎င်းကိုယ်၌ကဆုလက်ဆောင်ဖြစ်နေပေသည်။ ၎င်းကိုအတိုင်းအတာတစ်ခုအထိလူသားတိုင်းကိုပေးအပ်ထားသည်။ ၎င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုရယူခြင်းအားဖြင့်ကြီးထွားလာသည်။ ယုံကြည်ခြင်းခိုင်မာလာစေရန်၊ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်နှင့်ဆက်သွယ်ရမည်။ {Ed 253.4}

သမ္မာကျမ်းစာကိုလေ့လာရာတွင်၊ ကျောင်းသားတို့အား ဘုရားသခင့်နှုတ်ကပတ်တော်၏တန်ခိုးကိုတွေ့မြင်စေပါ။ ဖန်ဆင်းခြင်းတွင် "ထာဝရဘုရားမြွက်ဆို၍၊ မြွက်ဆိုသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်းတည်လျက်နေ၏။" ကိုယ်တော်သည် "မဖြစ်သေးသောအရာတို့ကိုဖြစ်သောအရာကဲ့သို့မှာထားတော်မူ၏" (ဆာလံ ၃၃း၉၊ ရောမ ၄း၁၇)။ အကြောင်းမှာ ကိုယ်တော်မိန့်တော်မူသောအခါ၊ ထိုအရာများဖြစ်လာသည်။ {Ed 254.1}

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားသောသူတို့သည်၊ လုံးလုံးအကူအညီမဲ့နေသောအချိန်များ၌ပင် လောကတစ်ခုလုံး၏စွမ်းအားကိုကြံ့ကြံ့ခံနိုင်ကြသည်။ စိတ်နှလုံးစင်ကြယ်၍၊ သန့်ရှင်းသည့်အသက်တာရှိသော ဧနောက်သည်ပျက်စီး၊ လော့င်ပြောင်သောမျိုးဆက်ကိုတွန်းလှန်လျက်၊

ဖြောင့်မတ်ခြင်း၏အောင်မြင်မှု၌ ယုံကြည်ခြင်းကိုမြဲမြဲစွာစွဲကိုင်ခဲ့သည်။ နောဧနှင့်သူ၏မိသားစုသည် သူ့အချိန်ကကိုယ်ခန္ဓာကြီးထွားပြီး၊ ခွန်အားကြီးသော အကျင့်စာရိတ္တပျက်ပြားသူတို့၏တစ်ဖက်တွင် ရပ်တည်ခဲ့ကြသည်။ ပင်လယ်နီတွင်အကူအညီမဲ့လျက်ကြောက်ရွံ့နေသောကျွန်၊ ဣသရေလတို့သည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးသောလူမျိုး၏ ခွန်အားအကြီးဆုံးသောစစ်တပ်ကိုဆန့်ကျင်နိုင်ခဲ့ကြသည်။ နန်းတက်ရမည်ဟူသော ဘုရားသခင်၏ကတိတော်ကိုရရှိထားသောသိုးထိန်းယောက်ျားလေးဒါဝိဒ်သည် မိမိတန်ခိုးကိုကိုင်စွဲထားသည့် နန်းတက်ဘုရင်ရှောလုကိုအောင်နိုင်ခဲ့သည်။ မီးဖိုထဲမှ ရှာဒရက်နှင့်သူ၏အဖော်တို့သည် ရာဇပလ္လင်ပေါ်ကနေဗုခဒ်နေဇာကိုအံ့တုနိုင်ခဲ့သည်။ ခြင်္သေ့ကြားထဲကဒံယေလသည် သူ၏ရန်သူနိုင်ငံအကြီးအကဲများကို အောင်နိုင်ခဲ့သည်။ လက်ဝါးကပ်တိုင်ပေါ်က ယေရှုသည် ရောမအာဏာပိုင်ကိုပင်မိမိတို့အလိုအတိုင်းအတင်းလုပ်ဆောင်စေသော ယုဒယဇ်ပုရောဟိတ်များနှင့်ခေါင်းဆောင်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ရာဇဝတ်သားကဲ့သို့ သေဒဏ်စီရင်ရန်သံကြိုးခတ်ထားသောပေါလုသည် လောကအင်ပါယာကြီး၏သက်ဦးဆံပိုင်နီရိုးမင်းကြီးကိုအံ့တုနိုင်ခဲ့သည်။ {Ed 254.2}

ထိုသို့သောပုံပမာများကို ကျမ်းစာထဲ၌သာတွေ့ရသည်မဟုတ်။ သမိုင်းစာမျက်နှာတွင် များစွာတွေ့ရသည်။ ဗားဒိုး (Vaudois) များနှင့်ဟွန်ဂိုးနော့ဂ်(စ်) (Huguenots) များ၊ ဝိကလစ် (Wycliffe) နှင့်ဟား(စ်) (Huss)၊ ဂျယ်ရိုး(မ်) (Jerome) နှင့် လူးသာ (Luther)၊ တင်ဒဲလ် (Tyndale) နှင့် နော့စ် (Knok)၊ ဇီဇန်ဒေါ့ဖ် (Zinzendorf) နှင့် ဝက်စလီ (Wesley) စသည်တို့နှင့်များစွာသောသူတို့နှင့်အတူ၊ မကောင်းမှုကိုထောက်ခံသောလူသားအစွမ်းနှင့်မူဝါဒများကိုဆန့်ကျင်လျက် ဘုရားသခင့်နှုတ်ကပတ်တော်၏တန်ခိုးကို သက်သေခံခဲ့ကြသည်။ ဤသူတို့သည် လောက၏စစ်မှန်သောမြင့်မြတ်သူများဖြစ်ကြသည်။ ဤအရာမှာ မင်းစည်းစိမ်ရှိသောအနွယ်ဝင်ပင်ဖြစ်သည်။ ဤအနွယ်

ထဲတွင် ထိုသူတို့၏နေရာကို ယနေ့လူငယ်များသည်ဝင်ယူရန်ခေါ်ခြင်းကို ခံရကြသည်။ {Ed 254.3}

ယုံကြည်ခြင်းသည် အသက်တာ၏ငယ်သောကိစ္စ၊ ကြီးသောအရာတို့တွင်အတူတူပင်လိုအပ်သည်။ ကျွန်ုပ်တို့၏နေ့စဉ်စိတ်ဝင်စားမှုများနှင့် လုပ်ငန်းဆောင်တာအားလုံးတွင် ဘုရားသခင်၏စောင့်ထိန်းသောခွန်အားသည် ယုံကြည်ကိုးစားခြင်းမှတစ်ဆင့် ကျွန်ုပ်တို့အတွက်အမှန်တကယ်ဖြစ်လာသည်။ {Ed 255.1}

လူသားရှုထောင့်မှကြည့်သောအခါ၊ အသက်တာသည်မလျှောက်ဖူးသေးသောလမ်းကိုလျှောက်လှမ်းခြင်းဖြစ်သည်။ ဤခရီးလမ်းတွင်အတွေ့အကြုံသာ၍ရင့်ကျက်စေရန် တစ်ဦးချင်းလျှောက်ကြရသည်။ ကျွန်ုပ်တို့၏ဘဝအထဲတွင် မည်သည့်လူသားမျှအပြည့်အဝမဝင်ရောက်နိုင်ချေ။ ကလေးငယ်သည်ဤခရီးလမ်းကို စတင်လျှောက်လှမ်းရာတွင်၊ အနှေးနှင့်အမြန်မိမိလမ်းကြောင်းကိုရွေးရမည်ဖြစ်၍၊ မိမိခရီးလမ်းဆုံးအတွက် ဘဝ၏အရေးကိစ္စများကိုဆုံးဖြတ်ကာ၊ လမ်းပြရှင်နှင့်ကူညီသောအရှင်အား ယုံကြည်ကိုးစားရန်ကြိုးစားအားထုတ်ရမည်။ {Ed 255.2}

စုံစမ်းခြင်းကိုတွန်းလှန်ရန်နှင့်စင်ကြယ်မှန်ကန်မှုကိုစေ့ဆော်ရန်မှာ ဘုရားသခင်အတူရှိနေခြင်းကို သိရှိခံစားခြင်းကိုအခြားမည်သည့်သြဇာလွှမ်းမိုးခြင်းနှင့်မျှမတူနိုင်ချေ။ "ခပ်သိမ်းသောအရာတို့သည် အကွယ်အကာမရှိဘဲ၊ မျက်မှောက်တော်၌လှန်ထားလျက်ရှိ၏။" ကိုယ်တော်သည် "သန့်ရှင်းသောမျက်စိရှိတော်မူ၏။ အဓမ္မအမှုကိုကြည့်ရှု၍နေတော်မမူတတ်ပါ" ဟေဗြဲ ၄း၁၃။ ဟဗက္ကုတ် ၁း၁၃။ ဤအတွေးသည် အီဂျစ်ပြည်၏ပျက်စီးခြင်းမှ ယောသပ်ကိုကာကွယ်သောဒိုင်းဖြစ်သည်။ မက်မောဖွယ်ညှို့ခြင်း၏ဆွဲဆောင်မှုမှ သူ၏အဖြေသည်တည်ကြည်မြဲမြံခဲ့သည်။ "အပြစ်ကြီးသော ဤအမှုကိုအကျွန်ုပ်ပြု၍၊ ဘုရားသခင်ကိုအဘယ်သို့ပြစ်မှားနိုင်သနည်း" ကမ္ဘာ ၃၉း၉။ ယုံကြည်ခြင်း

ကိုရင်ဝယ်ပိုက်ထားလျှင်၊ ထိုသို့သောဒိုင်းလွှားကို လူတိုင်းအားယူဆောင်လာပေးမည်။ {Ed 255.3}

ဘုရားသခင်အတူရှိနေခြင်းကို သိရှိခံစားခြင်းသာလျှင် ကြောက်တတ်သောကလေးငယ်၏ဘဝကို ဝန်ထုပ်ဖြစ်စေသောကြောက်ရွံ့ခြင်းကို ထုတ်ပစ်နိုင်သည်။ "ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တို့သည်တပ်ချ၍ ကယ်လွှတ်တတ်ကြ၏" (ဆာလံ ၃၄း၇) ဟူသောကတိတော်ကို သူ့အားစိတ်ထဲစွဲမှတ်စေပါ။ တောင်ပေါ်မြို့ကဧလိရှဲနှင့်ရန်သူစစ်တပ်ကြားကပတ်လည်ဝိုင်းနေသော ကောင်းကင်တမန်များအကြောင်းကိုပေးဖတ်ပါ။ ထောင်ထဲတွင်သေဒဏ်စီရင်ခြင်းခံရသောပေတရုထံသို့ဘုရားသခင်၏ကောင်းကင်တမန်ပေါ်ထွန်းလာပုံ၊ လက်နက်ကိုင်အစောင့်များကိုကျော်ဖြတ်၍၊ ကြီးမားသောထောင်တံခါးများနှင့်သော့ခတ်ထားသောသံဂိတ်တံခါးများကိုကျော်ဖြတ်ပြီး၊ ကောင်းကင်တမန်သည် ဘုရားသခင်အစေခံကို လုံခြုံသောနေရာသို့ပို့ဆောင်ပုံများကိုပေးဖတ်ပါ။ လှိုင်းလုံးကြီးများဒဏ်ကိုခံရသောစစ်သားများနှင့်သင်္ဘောသားတို့အား၊ နွမ်းလျပြီးအပြစ်စီရင်ခြင်းကိုခံရမည့်အကျဉ်းသားပေါလု၏ရဲရင့်ပြီး မျှော်လင့်ခြင်းပါသောအားပေးစကားကိုပေးဖတ်ပါ။ "ယခုတွင်စိတ်သက်သာခြင်းရှိကြလော့။ အကြောင်းမူကား သင်္ဘောဆုံးခြင်းမှတစ်ပါး သင်တို့တွင်အဘယ်သူမျှအသက်မဆုံးရ။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါ့ကိုပိုင်တော်မူ၍ ငါကိုးကွယ်သောဘုရားသခင်၏ကောင်းကင်တမန်သည် ယနေ့ညတွင်ငါ့အနားမှာပေါ်လာလျက်၊ ပေါလု၊ သင်သည်မစိုးရိမ်နှင့်။ ကဲသာဘုရင်ရှေ့သို့ရောက်ရမည်။ သင်နှင့်အတူပင်လယ်ကူးသောသူအပေါင်းတို့ကို ဘုရားသခင်သည် သင့်အားပေးတော်မူပြီဟုဆို၏။" ယုံကြည်ခြင်းဖြင့် ပေါလုသည်ဤကတိတော်ဖြင့်မိမိအဖော်တို့အားအခိုင်အမာပြောသည်။ "သင်တို့ဆံခြည်တစ်ပင်မျှမပျက်စီးရ" ဟူသောပြောသည့်အတိုင်းဖြစ်လာခဲ့သည်။ အကြောင်းမှာ ထိုသင်္ဘောပေါ်တွင်သူ့အားဖြင့် ဘုရားသခင်အလုပ်လုပ်ဆောင်နိုင်သောသူတစ်ဦးရှိသောကြောင့်၊

သဘော်ာအပြည့်ပါလာသော တစ်ပါးအမျိုးသားစစ်သားများနှင့် သဘော်ာသားတို့သည် လွတ်မြောက်ခဲ့ကြရသည်။ "ထိုသို့လူအပေါင်းတို့သည် ဘေးနှင့်လွတ်၍ကုန်းပေါ်သို့ရောက်ကြ၏။" တမန်တော်၂၇း၂၂–၂၄၊ ၃၄၊ ၄၄။ {Ed 255.4}

ဤအရာများကိုကျွန်ုပ်တို့သည်ဖတ်၍ အံ့ဩနေရန်အတွက်မျှသာ ရေးသားခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏အစေခံဘိုးဘေးများကို ပို့ဆောင်ပေးသောထိုယုံကြည်ခြင်းသည် ကျွန်ုပ်တို့အထဲတွင်လုပ်ဆောင်နိုင်ရန်ဖြစ်သည်။ ရှေးယခင်ကလုပ်ဆောင်ခဲ့သော ထင်ပေါ်မှုထက်မလျော့သောလုပ်ဆောင်ချက်ဖြင့်ဘုရားသခင်သည် ယုံကြည်ခြင်းစိတ်နှလုံးရှိသောနေရာတိုင်းတွင် မိမိတန်ခိုးကိုပြသနိုင်ရန် လမ်းကြောင်းအဖြစ်လုပ်ဆောင်တော်မူလိမ့်မည်။ {Ed 256.1}

မိမိကိုယ်ကိုမှီခိုနိုင်စွမ်းကင်းမဲ့ပြီး၊ တာဝန်ဝတ္တရားများကို ကောင်းစွာလုပ်ဆောင်နိုင်စွမ်းမရှိသော၊ မိမိကိုယ်ကိုယုံကြည်မှုမရှိသောသူတို့အား ဘုရားသခင်အပေါ်မှီခိုရန်သင်ပေးပါ။ ဤလောကတွင်အကူအညီမဲ့ပြီး ဝန်ထုပ်ထမ်းနေရသောဖိုးသုညတို့သည်၊ တမန်တော်ပေါလုကဲ့သို့၊ "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့်ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃) ဟု ပြောနိုင်ကြလိမ့်မည်။ {Ed 256.2}

စိတ်မကျေမချမ်းဖြစ်လွယ်သောကလေးအတွက်လည်း၊ အဖိုးကြီးသောယုံကြည်ခြင်းသင်ခန်းစာများရှိသည်။ မကောင်းမှုကိုတွန်းလှန်ရန် သို့မဟုတ် အမှားကိုအပြစ်ပေးလိုသောပင်ကိုစိတ်ကို တရားမျှတမှုကိုနှစ်သက်၍၊ တက်ကြွအားအင်ရှိသောစိတ်မှလှုံ့ဆော်ပေးသည်။ ထိုသို့သောကလေးကို ဘုရားသခင်သည်အမှန်တရားကို အစဉ်ကာကွယ်ပေးသူဖြစ်ကြောင်းကိုသင်ပေးရမည်။ ကိုယ်တော်သည်ချစ်၍ မိမိအချစ်ဆုံးသောသားတော်ဖြင့် ကယ်တင်သောလူသားများကိုကြင်နာယုယတော်မူသည်။ ကိုယ်တော်သည် မကောင်းမှုပြုသောသူတိုင်းကိုကိုင်တွယ်ဖြေရှင်းလိမ့်မည်။ {Ed 256.3}

"သင်တို့ကိုထိသောသူသည် မျက်ဆန်တော်ကိုထိသောသူဖြစ်၏" ဇာခရိ ၂း၈။ {Ed 257.1}

"ကိုယ်အမှုအရာကိုထာဝရဘုရား၌အပ်လော့။ ကိုတော်ကိုကိုးစားလော့။ သို့ပြုလျှင်စီရင်တော်မူမည်။ သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်းကဲ့သို့လည်းကောင်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့လည်းကောင်း ဖေါ်ပြတော်မူမည်" ဆာလံ ၃၇း၅၊ ၆။ {Ed 257.2}

"ထာဝရဘုရားသည်ညှဉ်းဆဲခြင်းကိုခံရသောသူတို့၏ခိုလှုံရာ၊ ဘေးအန္တရာယ်ရောက်သည်ကာလခိုလှုံရာဖြစ်တော်မူ၏။ နာမတော်ကိုသိသောသူတို့သည် ကိုယ်တော်ကိုယုံကြည်ကြပါလိမ့်မည်။ အကြောင်းမူကား၊ အိုထာဝရဘုရား၊ ကိုယ်တော်ကိုရှာသောသူတို့ကိုစွန့်ပစ်တော်မမူတတ်ပါ" ဆာလံ ၉း၉၊ ၁၀။ {Ed 257.3}

ကျွန်ုပ်တို့အပေါ် ဘုရားသခင်ထင်ရှားစေတော်မူသောသနားခြင်းကရုဏာကို၊ သူတစ်ပါးအပေါ်တွင်ကျွန်ုပ်တို့ပြသရန် ကိုယ်တော်တောင်းဆိုတော်မူသည်။ စိတ်လိုက်မာန်ပါပြုတတ်သောသူ၊ မိမိကိုယ်ကိုပြည့်စုံသည်ဟုယူဆသူ၊ လက်တုံ့ပြန်တတ်သောသူတို့၊ အသေသတ်ခြင်းဌာဆောင်သွားခံရ၍၊ သိုးမွေးညှပ်သောသူရှေ့မှာ မပြည်ဘဲနေသည့်သိုးကဲ့သို့သော နူးညံ့နှိမ့်ချသောသူအားကြည့်ကြပါ။ ကျွန်ုပ်တို့၏အပြစ်ကြောင့် ထိုးဖောက်ခြင်းခံရပြီး၊ ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းဝန်ထုပ်များကို ထမ်းပေးတော်မူသောသူကို သူတို့ကြည့်ကြစေ။ သူတို့သည် သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့်ခွင့်လွှတ်ခြင်းတို့ကို သင်ယူကြလိမ့်မည်။ {Ed 257.4}

ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် အကျင့်စာရိတ္တ၏ဟာကွက်တိုင်းကိုဖြည့်ပေးနိုင်သည်။ ညစ်ညမ်းမှုများကို သန့်ရှင်းစေနိုင်သည်။ အမှားအားလုံးကို ပြုပြင်နိုင်သည်။ အကောင်းဆုံးသောအရာများကို တိုးတက်စေနိုင်သည်။ {Ed 257.5}

"ထိုသခင်၌သင်တို့သည် စုံလင်ခြင်းရှိကြ၏။" ကောလောသဲ ၂း၁၀။ {Ed 257.6}

ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းသည် နီးကပ်စွာဆက်နွယ်ကြပြီး၊ ၎င်းတို့ကိုအတူတူလေ့လာရန်လိုအပ်သည်။ ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်းသည်ကောင်းကင်ပညာရပ်တစ်ခုဖြစ်သည်။ မိမိဘဝအသက်မွေးဝမ်းကျောင်းတွင်အောင်မြင်လိုသောသူသည် ဤပညာရပ်ကိုနားလည်ရမည်။ ခရစ်တော်က "သင်တို့သည်ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်" (မာကု ၁၁း၂၄) ဟု မိန့်တော်မူသည်။ ကျွန်ုပ်တို့တောင်းသောအရာသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ရမည်ဟု ကိုယ်တော်သည်ရိုးရှင်းစွာမိန့်တော်မူသည်။ ကိုယ်တော်ကတိထားတော်မူသောအရာကိုတောင်းလျှောက်ရမည်။ ကျွန်ုပ်တို့ရရှိသမျှသောအရာကို ကိုယ်တော်၏အလိုတော်ကိုဆောင်ရာ၌အသုံးပြုရမည်။ အခြေအနေကလည်းပေးလာလျှင်၊ ကတိတော်သည် တိကျပြတ်သားသည်။ {Ed 257.7}

အပြစ်ဖြေလွှတ်ရန်၊ သန့်ရှင်းသောဝိညာဉ်တော်ရရှိရန်၊ ခရစ်တော်ကဲ့သို့သောစိတ်ထားရှိရန်၊ ကိုယ်တော်၏အလိုတော်ကိုဆောင်ရန်၊ ပညာနှင့်ခွန်အားရရှိရန်၊ ကတိထားတော်မူသောအရာတစ်ခုခုကိုရရှိရန်၊ ကျွန်ုပ်တို့တောင်းလျှောက်ရမည်။ ပြီးနောက် ကျွန်ုပ်တို့ရရှိသည်ဟု ယုံကြည်ရမည်။ ကျွန်ုပ်တို့ရရှိပြီးဖြစ်သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ရမည်။ {Ed 258.1}

ကျွန်ုပ်တို့ကောင်းချီးမင်္ဂလာရရှိကြောင်း အပြင်ပန်းအထောက်အထားရှာရန်မလိုအပ်ချေ။ ဆုကျေးဇူးသည် ကတိတော်အထဲ၌ပါရှိသည်။ ဘုရားသခင်သည် ကတိပေးတော်မူပြီးသောအရာကို လုပ်ဆောင်နိုင်သည်ဟု စိတ်ချလျက် ကျွန်ုပ်တို့၏ပုံမှန်အလုပ်ကို ဆက်လက်လုပ်ဆောင်နိုင်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်ပြီးနှင့်နေသောထိုဆုကျေးဇူးကို ကျွန်ုပ်တို့အလိုအပ်ဆုံးသောအချိန်တွင်သဘောပေါက်လာလိမ့်မည်။ {Ed 258.2}

ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ခြင်းမှာ အသက်တာတစ်ခုလုံးကို ကိုယ်တော်ထံအပ်နှံခြင်းဖြစ်သည်။ လိုအပ်ချက်နှင့်မှီခိုအားကိုးခြင်းတို့ကို ဆက်လက်ခံစားမှုရှိပြီး၊ စိတ်နှလုံးသည် ဘုရားသခင်ထံတော်သို့နီးစပ်သွားလိမ့်မည်။ ဆုတောင်းခြင်းသည်လိုအပ်သည်။ အကြောင်းမှာ ၎င်းသည်ဝိညာဉ်၏အသက်ဖြစ်သည်။ မိသားစုဆုတောင်းခြင်း၊ လူထုဆုတောင်းခြင်းတို့သည် သူ့နေရာနှင့်သူရှိသည်။ သို့သော် ဘုရားသခင်နှင့် တိတ်တဆိတ်ဆက်သွယ်ခြင်းသည်၊ အသက်ဝိညာဉ်ကိုထိန်းသိမ်းပေးသည်။ {Ed 258.3}

ဘုရားသခင်၏ဘုန်းတော် ကိန်းဝပ်ရမည့်အုံ့ဖွယ်အဆောက်အဦ ပုံစံကိုမောရှေသည် ဘုရားသခင်နှင့်အတူကြည့်သောအရပ်သည် တောင်ပေါ်၌ဖြစ်သည်။ ဆိတ်ငြိမ်ရာတောင်ပေါ်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ ဆက်ဆံလျက်၊ လူသားများအတွက် ကိုယ်တော်၏ခမ်းနားသောစံထားကို အာရုံပြုဆင်ခြင်ရမည်။ ထိုအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်များ ကျွန်ုပ်တို့၌ပြည့်စုံစေမည်အကြောင်း၊ ကျွန်ုပ်တို့၏အကျင့်စာရိတ္တကို ဆောက်တည်နိုင်ကြမည်။ "သူတို့တွင် ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူသည်။" ၂ကော ၆း၁၆။ {Ed 258.4}

ယေရှုသည် မြေကြီးပေါ်၌အသက်ရှင်စဉ်က ဉာဏ်ပညာနှင့်တန်ခိုးကိုရရှိခဲ့သည်မှာ တစ်ဦးတည်းဆုတောင်းသည့်အချိန်များ၌ဖြစ်သည်။ နံနက်နှင့်ညနေတိတ်ဆိတ်ချိန်တွင် မိမိတို့၏ကောင်းကင်ဘုံမှအဖခမည်းတော်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြင့် လူငယ်တို့သည် ကိုယ်တော်၏စံနမူနာကိုလိုက်ကြစေ။ တစ်နေ့တာပတ်လုံးမိမိတို့စိတ်နှလုံးကို ဘုရားသခင်ထံမြှင့်တင်ကြစေ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခြေလှမ်းတိုင်းတွင် "မစိုးရိမ်နှင့်။ ငါမစမည်ဟုသင့်အားဆိုလျက်၊ သင်၏လက်ယာလက်ကိုကိုင်မည်" (ဟေရှာယ ၄၁း၁၃) ဟု မိန့်တော်မူသည်။ ကျွန်ုပ်တို့၏ကလေးများသည် ငယ်ရွယ်စဉ်တွင် ဤသင်ခန်းစာ

များကို သင်ယူနိုင်မည်ဆိုလျှင်၊ သူတို့၏အသက်တာသည် မည်မျှလန်းဆန်း၍ အားရှိပြီး၊ ပျော်ရွှင်ချိုသာလိမ့်မည်နည်း။ {Ed 259.1}

ဤသင်ခန်းစာကိုသင်ယူပြီးသောသူသာလျှင် သင်ပေးနိုင်သည်။ အဘယ်ကြောင့်ဆိုသော် များစွာသောမိဘများနှင့်ဆရာသမားများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်သည်ဟုဝန်ခံကြသော်လည်း၊ သူတို့၏အသက်တာသည် ၎င်း၏တန်ခိုးကိုငြင်းပယ်ကြသည်။ ထို့ကြောင့် သူတို့ကျမ်းစာကိုသင်ပေးသောအရာသည် လူငယ်တို့အပေါ်တွင် ကြီးမားသောအကျိုးသက်ရောက်မှုမရှိချေ။ တစ်ခါတစ်ရံလူငယ်တို့အား နှုတ်ကပတ်တော်၏တန်ခိုးကိုထိတွေ့ခံစားစေသည်။ သူတို့သည် ခရစ်တော်မေတ္တာ၏တန်ဖိုးကိုမြင်တွေ့ကြသည်။ ခရစ်တော်ဂုဏ်တော်၏တင့်တယ်မှုကို သူတို့မြင်တွေ့ကြသည်။ သို့သော် အခြားတစ်ဖက်တွင် ဘုရားသခင်၏ပညတ်ချက်များကို လေးစားသည်ဟုဝန်ခံသောသူတို့၏အသက်တာကို သူတို့မြင်ကြသည်။ အောက်ပါပရောဖက်ယေဇကျေလ၏ ပြောဆိုသည့်စကားများသည် မှန်ကန်လှပေသည်။ {Ed 259.2}

လူတို့က “အချင်းလူသား၊ သင်၏အမျိုးသားချင်းတို့က၊ ငါတို့သွားကြကုန်အံ့။ ထာဝရဘုရားသည် အဘယ်သို့ဗျာဒိတ်ပေးတော်မူသည်ကိုကြားကြကုန်အံ့ဟု၊ ထရံနား၊ အိမ်တံခါးနားမှာ သင့်ကိုရည်မှတ်၍ တစ်ယောက်ကိုတစ်ယောက်ပြောတတ်ကြ၏။ ငါ၏လူကဲ့သို့သင့်ထံသို့လာ၍၊ ငါ၏လူကဲ့သို့သင့်ရှေ့မှာထိုင်လျက်၊ သင်၏စကားကိုကြားသော်လည်း၊ နားမထောင်ဘဲနေကြ၏။ အလွန်ချစ်ဖွယ်သောလက္ခဏာကိုနှုတ်နှင့်ပြသော်လည်း၊ စိတ်နှလုံးမူကားလောကီဥစ္စာကိုစွဲလမ်းလျက်ရှိ၏။ သင်၏စကားသည် ကောင်းမွန်စွာတီး၍၊ သာယာသောအသံနှင့်ပြည့်စုံသောသူဆိုသော၊ နှစ်သက်ဖွယ်သောသီချင်းကဲ့သို့သူတို့၌ဖြစ်၍၊ သူတို့သည်ကြားရသော်လည်းနားမထောင်တတ်ကြ။” ယေဇကျေလ ၃၃:၃၀–၃၂။ {Ed 259.3}

သမ္မာကျမ်းစာကို ကောင်းသောကိုယ်ကျင့်တရားသွန်သင်ပေးသော စာအုပ်ကဲ့သို့ မှတ်ယူခြင်း၊ ကာလအချိန်ရွှေ့လျားပြီး ကျွန်ုပ်တို့၏အခြေအနေနှင့်ကိုက်ညီနေသရွေ့ အရေးစိုက်ခြင်းဟူ၍တစ်မျိုးခံယူမှုရှိသည်။ အခြားတစ်ဖက်တွင်မူ သမ္မာကျမ်းစာသည် အမှန်တကယ်ပင်အသက်ရှင်တော်မူသောဘုရားသခင်၏နှုတ်ကပတ်တော်၊ ကျွန်ုပ်တို့၏အသက်ဖြစ်သောနှုတ်ကပတ်တော်၊ ကျွန်ုပ်တို့၏အပြုအမူ၊ စကားနှင့်အတွေးများကို ပုံသွင်းပေးသည့်နှုတ်ကပတ်တော်ဟု မှတ်ယူခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဤအရာထက်လျှော့တွက်ခြင်းသည် ၎င်းကိုငြင်းပယ်ခြင်းပင်ဖြစ်သည်။ ၎င်းကိုယုံကြည်ပါသည်ဟု ဝန်ခံသောသူတို့က ဤသို့ငြင်းပယ်ခြင်းဖြင့်၊ လူငယ်များ၌ ယုံကြည်မှုကင်းမဲ့ခြင်းနှင့်ဖေါက်ပြန်ခြင်းတို့၏ အဦးဆုံးသောအကြောင်းရင်းတစ်ခုဖြစ်သည်။ {Ed 260.1}

ယခင်ကမမြင်ဖူးသောပြင်းပြမှုသည် ဤလောကကိုသိမ်းပိုက်လျက်ရှိနေသည်။ ဖျော်ဖြေမှု၊ ငွေကြေးရှာဖွေခြင်း၊ အာဏာပြိုင်ခြင်း၊ အသက်ရှင်ရန်ရုန်းကန်ခြင်းစသည်တို့တွင် ကြောက်မက်ဖွယ်သောစွမ်းအားသည် ကိုယ်စိတ်နှလုံးကိုဖမ်းစားလျက်ရှိသည်။ ဤစိတ်ပျက်ဖွယ်အလောတကြီးဖြစ်နေမှုအကြားထဲမှ ဘုရားသခင်စကားပြောတော်မူသည်။ ထိုအထဲမှထွက်လာ၍၊ ကိုယ်တော်နှင့်ရင်းနှီးစွာဆက်ဆံရန် ခေါ်တော်မူသည်။ “ငြိမ်ဝပ်စွာနေကြလော့။ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။” ဆာလံ ၄၆း၁၀။ {Ed 260.2}

မိမိတို့ဘုရားဝတ်ပြုနေကြသောအချိန်၌ပင်လျှင် များစွာသောသူတို့သည် ဘုရားသခင်နှင့်အတူ အမှန်တကယ်ဆက်ဆံရသောကောင်းချီးကိုမရရှိကြချေ။ သူတို့သည်အလောတကြီးဖြစ်နေကြသည်။ အလျင်စလိုခြေလှမ်းများဖြင့် ခရစ်တော်၏နှစ်သက်ဖွယ်ရှိနေသောနေရာကို ရောက်လာကြပြီး၊ မွန်မြတ်သည်ဟုသတ်မှတ်သောနေရာတွင် ခဏတာမျှရပ်နားပြီး၊ အကြံအဉာဏ်အတွက်စောင့်ဆိုင်းမှုမရှိချေ။ ဘုရားရှင်ဆရာသမားကြီးနှင့်အတူနေရာအချိန်

မရှိကြချေ။ သူတို့၏ဝန်ထုပ်များနှင့်မိမိတို့အလုပ်သို့ပြန်သွားကြသည်။ {Ed 260.3}

ဤအမှုတော်ဆောင်များသည် ခွန်အား၏လျှို့ဝှက်ချက်ကိုမသင်ယူမချင်း၊ အမြင့်မားဆုံးသောအောင်မြင်မှုကို ဘယ်ခါမျှဆွတ်ခူးနိုင်မည်မဟုတ်ချေ။ သူတို့သည် ကာယ၊ ဉာဏ၊ ဝိဉာဏ အစွမ်းများပြန်လည်ပြုပြင်ရန်အတွက် စဉ်းစား၊ ဆုတောင်းပြီး ဘုရားသခင်ကိုစောင့်ရန်အချိန်ပေးကြရမည်။ သူတို့သည် ဝိညာဉ်တော်၏ချီမခြင်းတန်ခိုးကိုလိုအပ်ကြသည်။ ဤအရာကို သူတို့ရရှိလာသောအခါ၊ သူတို့သည်လန်းဆန်းသောအသက်တာဖြင့် ထက်မြက်လာကြလိမ့်မည်။ နွမ်းနယ်ပင်ပန်းသောဦးနှောက်သည် လန်းဆန်းလာ၍၊ ဝန်ထုပ်ပိနေစေသောစိတ်သည် ပေါ့ပါးလာလိမ့်မည်။ {Ed 260.4}

ကိုယ်တော်၏ရှေ့တော်မှောက်တွင် ခဏမျှသာရပ်နားခြင်းမဟုတ်ဘဲ၊ ခရစ်တော်နှင့်ကိုယ်တိုင်တွေ့ဆုံခြင်းဖြင့်၊ ကိုယ်တော်နှင့်အတူ ဆက်ဆံပြီးထိုင်နေခြင်းသည် ကျွန်ုပ်တို့၏လိုအပ်ချက်ဖြစ်သည်။ မိဘများနှင့်ကျောင်းဆရာသမားများသည် ရှောလမုန်သီချင်းမှ ပုံဖော်ထားသည့်တန်ဖိုးရှိအတွေ့အကြုံကို မိမိတို့အသက်တာတွင်သင်ယူကြသောအခါ၊ ကျွန်ုပ်တို့အိမ်မှ သားသမီးများနှင့်ကျောင်းမှကျောင်းသူ၊ ကျောင်းသားများသည် ပျော်ရွှင်ကြလိမ့်မည်။ “တောပင်စုထဲမှာ ရှောက်ချိုပင်ကဲ့သို့ ငါချစ်ရာသခင်သည် လူမျိုးသားစုထဲမှာဖြစ်တော်မူ၏။ ငါသည်သူ၏အရိပ်ဝယ်ပျော်မွေ့နေထိုင်၍ မြိန်စွာသောအသီးကိုစားရ၏။ ပွဲခံရာအိမ်သို့ ငါ့ကိုဆောင်သွား၍၊ မေတ္တာတော်အလံကို ငါ့အပေါ်မှာမိုးတော်မူပြီ။” ရှောလမုန်သီချင်း ၂း၃၊ ၄။ {Ed 261.1}

***

# အခန်း ၃၁

# အသက်မွေးဝမ်းကျောင်းလုပ်ငန်း

မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်း၌မဆို အောင်မြင်ရန် တိကျသောရည်မှန်းချက်လိုအပ်သည်။ အသက်တာ၌ စစ်မှန်သောအောင်မြင်ခြင်းကိုရရှိမည့်သူသည် ကြိုးစားအားထုတ်ရန်ထိုက်တန်သည့်ရည်ရွယ်ချက်ကို ရှေ့တွင်အမြဲထားရှိရမည်။ ထိုသို့သောရည်မှန်းချက်သည်၊ ယနေ့လူငယ်များ၏ ရှေ့တွင်ချထားလျက်ရှိသည်။ ယနေ့ကမ္ဘာပေါ်ရှိလူသားတို့အား ဧဝံဂေလိသတင်းကိုဟောပြောရမည့် ဘုရားရှင်ခန့်ထားသောရည်မှန်းချက်မှာ လူသားတို့အား မေတ္တာရပ်ခံသည့်အမွန်မြတ်ဆုံးသောအရာဖြစ်သည်။ ၎င်းသည် ခရစ်တော်တို့ထိတော်မူပြီးသောသူအားလုံးအတွက် လုပ်ငန်းနယ်ပယ်ကို ဖွင့်လှစ်ပေးသည်။ {Ed 262.1}

ကျွန်ုပ်တို့၏ချစ်ခြင်းအောက်၌ ကြီးပြင်းလာသောကလေးများအတွက် ဘုရားသခင်၏ရည်ရွယ်ချက်သည် ကျွန်ုပ်တို့၏အကန့်အသတ်ရှိသော အမြော်အမြင်၊ နားလည်နိုင်စွမ်းထက်သာ၍ကျယ်ပြန့်၊ နက်နဲ၍မြင့်မားသည်။ ယခင်အချိန်တွင် အနိမ့်ကျဆုံးသောအရာများအပေါ်၌ သစ္စာစောင့်သိသောသူတို့အား ကမ္ဘာ့အမြင့်ဆုံးသောအရပ်များ၌ မိမိအတွက်သက်သေခံရန် ကိုယ်တော်ခေါ်တော်မူသည်။ မိမိယုဒပြည်နေအိမ်၌ရှိသော ဒံယေလကဲ့သို့ကြီးပြင်းလာပြီး၊ ဘုရားရှင်၏နှုတ်ကပတ်တော်နှင့်လက်ရာများကိုလေ့လာ၍၊ သစ္စာရှိစွာလုပ်ဆောင်ခြင်း၏သင်ခန်းစာများကိုသင်ယူသော ယနေ့ယောကျ်ားလေးများစွာတို့သည်၊ ဥပဒေပြုအမတ်များ၏ အစည်းအဝေးများ၌လည်းကောင်း၊ တရားစီရင်ရေးခန်းမများ၌လည်းကောင်း၊ သို့မဟုတ် ရှင်ဘုရင်နန်းတော်များ၌လည်းကောင်း၊ ဘုရင်တကာတို့၏ဘုရင်အတွက် မတ်တတ်ရပ်လျက်၊

သက်သေခံကြလိမ့်မည်။ များစွာသောသူတို့ကို သာ၍ကျယ်ပြန့်သောအမှုတော်အတွက်ခေါ်တော်မူခြင်းခံရကြမည်။ ကမ္ဘာကြီးတစ်ခုလုံးသည် ဧဝံဂေလိတရားဟောပြောရန် ပွင့်လျက်ရှိနေသည်။ အီသီယိုးပီးယားနိုင်ငံသည် မိမိလက်ဖြင့်ဘုရားသခင်ကိုလှမ်းနေသည်။ ဂျပန်၊ တရုတ်နှင့်အိန္ဒိယနိုင်ငံများမှလည်းကောင်း၊ ကျွန်ုပ်တို့တိုက်ကြီးမှ ဧဝံဂေလိသတင်းမကြားသေးသောနိုင်ငံများမှလည်းကောင်း၊ ကျွန်ုပ်တို့ကမ္ဘာ၏ထောင့်စုံမှလည်းကောင်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သိလိုသောလူပေါင်းများစွာရှိနေသည်။ လူသန်းပေါင်းများစွာတို့သည် ဘုရားသခင်အကြောင်း၊ သို့မဟုတ် ခရစ်တော်၌ထင်ရှားသောကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ဘယ်ခါမျှမကြားဖူးကြသေးချေ။ ဤအကြောင်းအရာကို သူတို့ရရှိနိုင်ခွင့်ရှိသည်။ သူတို့သည် ကျွန်ုပ်တို့နည်းတူ ခရစ်တော်၏ကျေးဇူးတော်ကို တောင်းဆိုခွင့်ရှိသည်။ ဤအရာကိုရရှိပြီးသော ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့လက်ဆင့်ကမ်းမည့်သားသမီးများသည် သူတို့၏တောင်းဆိုချက်ကိုဖြေကြားရန်တာဝန်ရှိကြသည်။ ဧဝံဂေလိသတင်းရရှိပြီးသောအိမ်ထောင်တိုင်းနှင့်ကျောင်းတိုင်း၊ မိဘ၊ ဆရာသမား၊ ကလေးတိုင်းသည် ဧက္လသရေလသမိုင်း၌ ဘေးကျပ်နံကျပ်ဖြစ်နေသည့်အချိန်တွင် မိဖုရားဧသတာရောက်လာသကဲ့သို့၊ ဤဘေးကျပ်နံကျပ်ကာလတွင် ရောက်ရှိနေကြသည်။ "ယခုအမှုကိုဆောင်ဖို့ရာ သင်သည်မိဖုရားအရာကိုရသည်ဟုထင်စရာရှိသည်မဟုတ်လော။" ဧသတာ ၄း၁၄။ {Ed 262.2}

ဧဝံဂေလိကို မြန်ဆန်စေခြင်း သို့မဟုတ် တားဆီးခြင်း၏ရလဒ်ကိုစဉ်းစားနေသောသူသည် မိမိတို့နှင့်လည်းကောင်း၊ ကမ္ဘာနှင့်လည်းကောင်းဆက်စပ်၍တွေးနေကြခြင်းဖြစ်သည်။ ဘုရားသခင်နှင့်ဆက်စပ်၍ အနည်းငယ်ကသာတွေးကြသည်။ အပြစ်တရားသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ကိုထိခိုက်စေသည်ဟူသော ဒုက္ခဆင်းရဲကိုလူအနည်းငယ်ကသာ စဉ်းစားကြသည်။ ခရစ်တော်၏မချိမဆံ့ဝေဒနာကို ကောင်းကင်တစ်ခုလုံးကခံစားခဲ့ရသည်။ သို့သော်

ဒုက္ခဆင်းရဲသည် ကိုယ်တော်လူသားဇာတိခံယူချိန်ကစတင်ခြင်း သို့မဟုတ် ပြီးဆုံးခြင်းမဟုတ်ပါ။ အပြစ်တရားသည် အစကနဦးကပင် ဘုရားသခင်၏ နှလုံးသားကို ယူဆောင်လာသောနာကျင်မှုကို ကျွန်ုပ်တို့မခံစားကြကြောင်းကို လက်ဝါးကပ်တိုင်၌ပေါ်လွင်လျက်ရှိသည်။ အမှန်တရားမှလမ်းလွဲမှုများ၊ ရက်စက်မှုများ၊ ကိုယ်တော်၏စံနှုန်းကိုမမီနိုင်သောလူသားတို့၏ကျရှုံးခြင်းများ စသည်တို့သည် ကိုယ်တော်ကိုဝမ်းနည်းစေသည်။ ဘုရားသခင်ထံမှ ခွဲထွက်ခြင်း၏ရလဒ်အဖြစ် ဣသရေလတို့သည် ရန်သူများ၏ဖိနှိပ်ခြင်း၊ ချုပ်ချယ်ခြင်း၊ ရက်စက်ခြင်းနှင့်သေခြင်းတည်းဟူသောဘေးဒုက္ခများကို ခံကြရသောအခါ၊ "ထာဝရဘုရားသည် ဣသရေလအမျိုးခံရသောဒုက္ခဆင်းရဲကြောင့် ကြင်နာသောစိတ်နှလုံးရှိတော်မူ၏။" "အမှုရောက်လေရာရာ၌ သူတို့ကိုညှဉ်းဆဲတော်မမူ။.... ရှေးကာလပတ်လုံးသူတို့ကို ချီဆောင်တော်မူသည်။" တရားသူကြီး ၁၀း၁၆။ ဟေရှာယ ၆၃း၉။ {Ed 263.1}

"ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သောညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည်စောင့်မတော်မူ၏။" "ဤလောကတစ်နိုင်ငံလုံးသည် ယခုတိုင်အောင်တညီတညွတ်တည်းညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကိုခံရ" (ရောမ ၈း၂၆၊ ၂၂) သကဲ့သို့၊ အနန္တခမည်းတော်၏နှလုံးသားသည် သနား၍နာကျင်လျက်ရှိတော်မူသည်။ ကျွန်ုပ်တို့ကမ္ဘာသည် လူနာအိမ်ကြီးဖြစ်နေပြီး၊ နေထိုင်ရန်တွေး၍ပင်မရနိုင်သော ဒုက္ခများနှင့်ပြည့်နေသည်။ အမှန်ပင်ဝန်ထုပ်ကြီးသည် အလွန်ကြောက်မက်ဖွယ်ဖြစ်သည်ကို ကျွန်ုပ်တို့သဘောပေါက်ကြပါရဲ့လား။ အပြစ်တရားနှင့်၎င်း၏အကျိုးဆက်များကို ဖျက်ဆီးရန် ကိုယ်တော်သည် ချစ်လှစွာသောသားတော်ကိုပေးတော်မူခဲ့သည်။ ဤဒုက္ခဆင်းရဲကိုအဆုံးသတ်ရန်၊ ကိုယ်တော်နှင့်အတူတွဲ၍လုပ်ဆောင်ခြင်းမှတန်ခိုးကို ကျွန်ုပ်တို့အားပေးတော်မူသည်။ "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံ

အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတ္တံ့။" မဿဲ ၂၄း၁၄။ {Ed 263.2}

"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" (မာကု ၁၆း၁၅) မှာ မိမိနောက်လိုက်များကို ခရစ်တော်၏မိန့်မှာချက်ဖြစ်သည်။ ကျွန်ုပ်တို့ အားလုံးကိုတရားဟောဆရာများ သို့မဟုတ် သာသနာပြုများအဖြစ်ခေါ်တော် မူသည်မဟုတ်၊ သို့သော်လည်း လူသားများအား "ဝမ်းမြောက်ဖွယ်သတင်း စကား" ကိုပြောကြားရာတွင်၊ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်နှင့်အတူ လုပ်ဆောင်သူများဖြစ်နိုင်ကြသည်။ {Ed 264.1}

ဤမိန့်မှာချက်၏ရှုထောင့်မှကြည့်သောအခါ၊ ကိုယ်တော်၏ နစ်နာစွန့်လွှတ်ခြင်းအသက်တာမျိုးမရှိပါဘဲလျက်၊ ကျွန်ုပ်တို့၏သားများ၊ သမီး များကို အစဉ်အလာသိက္ခာရှိသောအသက်တာ၊ စစ်မှန်သောခရစ်ယာန် အသက်တာအတွက် ပညာပေးနိုင်မည်လား။ {Ed 264.2}

ထောင်ပေါင်းများစွာတို့သည် ထိုသို့ပြုနေကြသည်။ သူတို့သည် ဧဝံဂေလိတရား၏အနှစ်ကို ငြင်းပယ်ရင်း၊ ဧဝံဂေလိတရား၏အကျိုးကို မိမိတို့ သားသမီးများရရှိစေရန် စဉ်းစားကြသည်။ သို့သော် ထိုသို့မဖြစ်နိုင်ပါ။ သာသနာလုပ်ငန်းတွင် ကိုယ်တော်နှင့်အတူမိတ်သဟာယဖွဲ့ရမည့်အခွင့်ထူး ကိုငြင်းပယ်သောသူတို့သည်၊ ကိုယ်တော်၏ဘုန်းတော်၌ ကိုယ်တော်နှင့်အတူ ပါဝင်ရန်ထိုက်တန်စေမည့်သင်တန်းကို ငြင်းပယ်နေကြခြင်းဖြစ်သည်။ သူတို့ သည် ဤအသက်တာတွင် အကျင့်စာရိတ္တ၏ခွန်အားနှင့်မြင့်မြတ်မှုကိုပေးသည့် သင်တန်းကိုငြင်းပယ်ကြသည်။ မိမိတို့သားသမီးများကို ခရစ်တော်၏လက် ဝါးကပ်တိုင်သို့ ခေါ်ဆောင်ရန်ပျက်ကွက်သည့် များစွာသောမိခင်ဖခင်များ သည်၊ သူတို့အား ဘုရားသခင်နှင့်လူသားတို့၏ ရန်သူလက်သို့ပေးအပ်ကြ ကြောင်းကို အလွန်နောက်ကျပြီးမှ သိရှိလာကြသည်။ သားသမီးများ၏အနာ ဂတ်အတွက်သာမက၊ လက်ရှိအသက်တာ၌ပါပျက်စီးခြင်းရောက်စေကြသည်။

စုံစမ်းခြင်းသည် သူတို့ကိုအောင်နိုင်ခဲ့သည်။ သူတို့သည် လူသားများအတွက် အကုသိုလ်၊ သူတို့အားမွေးဖွားပေးသူတို့အတွက် ဝမ်းနည်းခြင်းနှင့်ရှက်ရွံ့ခြင်း အဖြစ်ကြီးပြင်းလာကြသည်။ {Ed 264.3}

ဘုရားသခင်၏အမှုတော်အတွက်ပြင်ဆင်ရာ၌ပင်လျှင်၊ များစွာသော သူတို့သည် မှားယွင်းသောပညာရေးအားဖြင့် လမ်းလွဲသွားကြသည်။ အသက်တာကိုပြင်ဆင်ရန် ပညာသင်ရမည့်ကာလ၊ အောင်မြင်မှုအတွက်လုပ်ဆောင်ရမည့်ကာလဟူ၍၊ အသက်တာအပိုင်းအခြားကို တိတိကျကျဆွဲထားကြသည်။ ဘဝရပ်တည်ရေးအတွက်ပြင်ဆင်ရန် လူငယ်များကိုကျောင်းသို့ပို့ပြီး၊ ဖတ်စာအုပ်များမှ အသိပညာကိုရရှိစေကြသည်။ နေ့စဉ်အသက်တာ၏တာဝန်များကို လုပ်ဆောင်မှုမရှိဘဲ၊ သူတို့သည် သင်ကြားရေး၌နှစ်နေကြပြီး၊ ပညာသင်ကြားခြင်း၏ရည်ရွယ်ချက်ကို မျက်ခြည်ပြတ်သွားတတ်ကြသည်။ သူတို့၏ငယ်ရွယ်သောစိတ်အားထက်သန်မှုပပျောက်သွားပြီး၊ များစွာသောသူတို့သည် ကိုယ်ပိုင်၊ တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်များကိုထားရှိလာကြသည်။ ဘွဲ့ရလာသောအခါ၊ ထောင်ပေါင်းများစွာတို့သည် အသက်တာ၏အနှစ်သာရကိုမရရှိကြတော့ချေ။ ပြင်းထန်သောလက်တွေ့ဘဝတိုက်ပွဲ ပါဝင်ဆင်နွှဲလာသောအခါ၊ လက်တွေ့မပါသည့်ပညာရေး၌ အချိန်ကြာမြင့်စွာနှစ်နေခဲ့ကြသောကြောင့်၊ သူတို့သည် အဆင်သင့်မဖြစ်ကြတော့ချေ။ သူတို့ရည်ရွယ်သည့်မွန်မြတ်သောမျှော်မှန်းချက်ကို လုပ်ဆောင်မည့်အစား၊ ရိုးရိုးအသက်ရှင်နေထိုင်ရေးအတွက်ရုန်းကန်ရင်း သူတို့၏အင်အားများကုန်ခန်းသွားရသည်။ ထပ်ခါထပ်ခါစိတ်ပျက်လာကြပြီးနောက်၊ ရိုးရိုးသားသားလုပ်ကိုင်ခြင်းကိုစိတ်ပျက်လာပြီး၊ များစွာသောသူတို့သည် မရိုးမသား၊ ရာဇဝတ်မြောက်သည့်အလုပ်များ၌မျောပါသွားကြသည်။ ကမ္ဘာသူ၊ ကမ္ဘာသားများအတွက်လုပ်ပေးနိုင်ခြင်းလည်းမရှိတော့ချေ။ ဘုရားသခင်၏ကိုယ်စားလှယ်များအဖြစ်၊ မြင့်မြတ်၊ ကျက်သရေရှိစေရန် ချီးမြှောက်လိုသော များစွာသောဝိညာဉ်များသည်လည်း ဘုရားသခင်ထံမှလုယူခြင်းခံရသည်။ {Ed 265.1}

များစွာသောမိဘများသည် ပညာရေးကိစ္စတွင် မိမိတို့သားသမီးများကို ခွဲခြားသည့်အမှားကိုပြုတတ်ကြသည်။ သူတို့သည် စာတော်၍အလားအလာရှိသောသားသမီးများအတွက် အခွင့်ထူးပေးတတ်ကြသည်။ အလားအလာနည်းသောသားသမီးများအတွက်မူ ထိုသို့သောအခွင့်ထူးများမလိုအပ်ဟု တွေးထင်ကြသည်။ နေ့စဉ်သာမန်လုပ်ငန်းများကိုဆောင်ရွက်ရန် ပညာရေးအနည်းငယ်သာလိုအပ်သည်ဟုမှတ်ယူကြသည်။ {Ed 265.2}

သို့သော် မိသားစု၏သားသမီးများထဲမှ မည်သူ့အပေါ်၌အရေးကြီးဆုံးသောတာဝန်ဝတ္တရားများကျရောက်လာမည်ကို အဘယ်သူရွေးချယ်နိုင်မည်နည်း။ လူသား၏ဆုံးဖြတ်ချက်သည် မကြာခဏမှားယွင်းတတ်သည်။ ဣသရေလရှင်ဘုရင်အတွက် ယေရှဲ၏သားတစ်ယောက်ကိုဆီလိမ်းဘိသိက်ပေးရန်စေလွှတ်ခြင်းခံရစဉ်က ရှမွေလ၏အတွေ့အကြုံကိုသတိရပါ။ ရုပ်ရည်ခန့်ညားသောသောလူငယ်ခုနစ်ဦး သူ့ရှေ့တွင်ဖြတ်သွားကြသည်။ ထောင်ထောင်မောင်းမောင်းရှိ၍၊ ကြော့ရှင်းပြီးမင်းသားရုပ်ပေါက်သော ပထမလူရောက်ရှိလာသောအခါ၊ ပုရောဖက်က၊ "စင်စစ်ထာဝရဘုရားအခွင့်နှင့်ဘိသိက်ခံရသောသူသည် ငါ့ရှေ့မှာရှိသည်ဟုဆိုလေသော်၊ ထာဝရဘုရားက၊ သူ၏မျက်နှာသူ၏အရပ်ကိုမကြည့်မရှုနှင့်။ သူ့ကိုငါပယ်ပြီ။ ထာဝရဘုရားသည်လူမြင်သကဲ့သို့မြင်တော်မူသည်မဟုတ်။ လူသည်အဆင်းသဏ္ဌာန်ကိုကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကိုကြည့်ရှုတတ်သည်ဟု ရှမွေလအားမိန့်တော်မူ၏။" ထိုသူခုနစ်ယောက်စလုံးအား "ထာဝရဘုရားရွေးတော်မမူ" ၁ရာ၊ ၁၆း၆၊ ၇၊ ၁၀။ သိုးကျောင်းသားဒါဝိဒ်အားမခေါ်မချင်း ပုရောဖက်သည် မိမိတာဝန်ကိုဆက်လက်လုပ်ဆောင်ခွင့်မရှိချေ။ {Ed 265.3}

ရှမွေလက ရွေးချယ်ရန်ပြုခဲ့သည့်အစ်ကိုခုနစ်ဦးတို့သည် မိမိလူတို့ကိုအုပ်ချုပ်ရန်လိုအပ်သည်ဟု ဘုရားသခင်မြင်တော်မူသောအရည်အချင်းများကိုပိုင်ဆိုင်ခြင်းမရှိကြချေ။ ဘဝင်မြင့်၊ အတ္တကြီး၍၊ မိမိကိုယ်ကိုယုံကြည်လွန်းသောသူတို့သည် ဘေးသို့ဖယ်ထုတ်ခြင်းကိုခံရပြီး၊ သူတို့အလေးမထားသည့်သူ၊

လူငယ်ဘဝ၏ရိုးရှင်းမှုနှင့်ရိုးသားမှုတို့ကို ထိန်းသိမ်းသောသူ၊ နှိမ့်ချသော သူကို နိုင်ငံတာဝန်များကိုထမ်းဆောင်ရန် ဘုရားသခင်လေ့ကျင့်ပေးနိုင်သော သူကိုရွေးချယ်ခဲ့သည်။ ထို့ကြောင့်၊ ယနေ့မိဘများစွာက အလေးမထားသည့် ကလေးတစ်ယောက်တွင်၊ အခြားသူများက အလားအလာများစွာရှိသည်ဟု ယူဆခံရသူများထက် များစွာသာလွန်သောအစွမ်းများကို ဘုရားသခင်မြင် တော်မူသည်။ {Ed 266.1}

အသက်တာတွင် ဖြစ်နိုင်ခြေများနှင့်ပတ်သက်၍၊ မည်သည့်အရာ သည်ကြီးမား၍၊ မည်သည့်အရာသည်သေးငယ်သည်ဟု အဘယ်သူဆုံးဖြတ် နိုင်သနည်း။ နှိမ့်ကျသောနေရာများမှာ အမှုဆောင်များစွာတို့သည် လောက ကြီးကောင်းကျိုးအတွက် လုပ်ဆောင်လာကြသောအခါ ရှင်ဘုရင်များကပင် အားကျလောက်သည့်ရလဒ်များကို စွမ်းဆောင်ကြသည်တကား။ {Ed 266.2}

ထို့ကြောင့်၊ ကလေးတိုင်းကို အမြင့်မားဆုံးသောတာဝန်ကို ထမ်း ဆောင်နိုင်စေမည့်ပညာရေးကိုရရှိစေပါ။ "နံနက်အချိန်၌ မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌လည်းမကြဲဘဲမနေနှင့်။ အကြောင်းမူကား၊ အဘယ်အရာသည် အကျိုးရှိမည်ကိုလည်းကောင်း၊ နှစ်ပါးစလုံးတို့သည်အညီအမျှအကျိုးရှိမည် ကိုလည်းကောင်း မသိနိုင်" ဒေသနာ ၁၁း၆။ {Ed 266.3}

ပေးအပ်သည့်တာဝန်ကို ကျွန်ုပ်တို့၏လုပ်နိုင်စွမ်းများကအဆုံး အဖြတ်ပေးသွားလိမ့်မည်။ လူအားလုံးသည် တူညီသောတိုးတက်မှုကိုရောက် ရှိသွားသည်မဟုတ်သကဲ့သို့၊ တူညီသောအလုပ်၌လည်း တူသောကျွမ်းကျင်မှု ဖြင့် လုပ်ဆောင်မှုမရှိချေ။ ဘုရားသခင်သည် ဟုသုပ်ပင်တို့အားအရဇ်ပင်၏ အချိုးအစားအတိုင်းသော်လည်းကောင်း၊ သံလွင်ပင်ကိုစွန်ပလွံပင်ကဲ့သို့မြင့် မားရန်မျှော်လင့်တော်မမူချေ။ သို့သော် လူသားအစွမ်းနှင့်ဘုရားတန်ခိုးပေါင်း စပ်ခြင်းဖြင့် ရောက်ရှိနိုင်မည့်အမြင့်ကို အယောက်စီတိုင်းရည်မှန်းချက်ထား ရမည်။ {Ed 267.1}

များစွာသောသူတို့သည် မိမိတို့ဖြစ်လာနိုင်ချေအထိဖြစ်မလာကြချေ။ အကြောင်းမှာ သူတို့အထဲ၌ရှိသောအစွမ်းကိုမထုတ်သုံးခြင်းကြောင့်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ခွန်အားကိုစွဲကိုင်သင့်သလောက် ကိုင်စွဲခြင်းမရှိကြချေ။ များစွာသောသူတို့သည် သူတို့အမှန်ကန်ဆုံးသောအောင်မြင်မှုရရှိနိုင်မည့်လမ်းကြောင်းမှ လွဲသွားကြသည်။ သာ၍ကြီးမားသောဂုဏ်သိက္ခာ သို့မဟုတ် သာ၍ပျော်ရွှင်ဖွယ်အလုပ်ကိုရှာကြရင်း သူတို့နှင့်မသင့်လျော်သောအရာအတွက် ကြိုးစားနေကြသည်။ များစွာသောသူတို့သည် မိမိအစွမ်းနှင့်သင့်လျော်သောအရာအတွက် ခေါ်ခြင်းခံရသော်လည်း၊ အခြားသောအလုပ်ကို မှန်းရွယ်ကြသည်။ လယ်သမား၊ လက်မှုပညာသည် သို့မဟုတ် သူနာပြုအဖြစ်လုပ်ကိုင်အောင်မြင်မည့်သူသည်၊ တရားဟောဆရာ၊ ဥပဒေအကျိုးဆောင်၊ သို့မဟုတ် ဆရာဝန်အဖြစ်မပြည့်မစုံထမ်းဆောင်ကြသည်။ တစ်ဖန်တချို့မှုကား ခွန်အား၊ အားသွန်ခွန်စိုက်လုပ်ခြင်း သို့မဟုတ် သည်းခံကြိုးပမ်းခြင်းလိုအပ်သောအလုပ်အတွက်ခေါ်ခြင်းခံရသော်လည်း၊ သက်သောင့်သက်သာရှိသောနေရာ၌ကျေနပ်နှစ်သိမ့်နေကြပြန်သည်။ {Ed 267.2}

အသက်တာအတွက် ဘုရားသခင်၏အကြံအစည်တော်ကို ကျွန်ုပ်တို့သည်သာ၍နီးကပ်စွာလိုက်ရန်လိုအပ်သည်။ အနီးဆုံး၌ရှိသောအလုပ်ကိုအကောင်းဆုံးလုပ်ဆောင်ခြင်း၊ ကိုယ်အမှုအရာများကို ဘုရားသခင်အားအပ်နှံခြင်း၊ သို့မဟုတ် ကိုယ်တော်၏စောင်မခြင်းကိုစောင့်နေခြင်း စသည့်စည်းမျဉ်းများသည် စိတ်ချရသောလမ်းညွှန်ချက်များဖြစ်သည်။ {Ed 267.3}

ကျွန်ုပ်တို့၏စံနမူနာအဖြစ် ကောင်းကင်မှဆင်းကြွလာတော်မူသောသူသည် နှစ်ပေါင်းသုံးဆယ်နီးပါးသာမန်အသက်တာဖြင့်နေထိုင်ပြီး၊ စက်မှုလက်မှုလုပ်ငန်းကိုလုပ်ဆောင်တော်မူခဲ့သည်။ သို့သော် ထိုသို့လုပ်ဆောင်နေစဉ်အတွင်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်လက်ရာများကိုလေ့လာခဲ့ပြီး၊

သူလက်လှမ်းမီသောသူအားလုံးကိုကူညီခြင်း၊ သင်ကြားပေးခြင်းများ ပြုတော်မူခဲ့သည်။ လူထုအကြားသာသနာကိုစတင်သောအခါ၊ ကိုယ်တော်သည် ဒေသစာရီလှည့်ကာအနာရောဂါများကို ငြိမ်းစေခြင်း၊ ဝမ်းနည်းသူများအား နှစ်သိမ့်ခြင်း၊ ဆင်းရဲသူတို့အား ဧဝံဂေလိတရားကိုဟောပြောခြင်းတို့ကိုပြုတော်မူခဲ့သည်။ ဤအရာမှာ ကိုယ်တော့်နောက်လိုက်များအားလုံး၏အလုပ်ပင်ဖြစ်သည်။ {Ed 267.4}

ကိုယ်တော်သည် "သင်တို့တွင်အကဲအမှူးပြုသောသူကို ငယ်သားကဲ့သို့ဖြစ်စေ။ အုပ်စိုးသောသူကိုလည်း အစေခံကဲ့သို့ဖြစ်စေ။" အကြောင်းမူကား၊ "ငါသည်သင်တို့တွင် လုပ်ကျွေးသောသူကဲ့သို့ဖြစ်၏" (လုကာ ၂၂း၂၆၊ ၂၇) ဟု မိန့်တော်မူသည်။ {Ed 268.1}

ခရစ်တော်ကိုချစ်ခြင်းနှင့်သစ္စာစောင့်ခြင်းတို့သည် စစ်မှန်သောဝန်ဆောင်မှုအားလုံး၏ပေါက်ဖွားရာဖြစ်သည်။ ကိုယ်တော်၏မေတ္တာဖြင့်ထိတွေ့သောနှလုံးသားတွင် ကိုယ်တော်အတွက်အမှုဆောင်လိုသောစိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ဤစိတ်ဆန္ဒကိုအားပေးပြီး၊ မှန်ကန်စွာလမ်းပြပါ။ အိမ်၌ဖြစ်စေ၊ အိမ်နီးချင်း၌ဖြစ်စေ၊ သို့မဟုတ် ကျောင်း၌ဖြစ်စေ၊ ဆင်းရဲသားများ၊ ဒုက္ခရောက်နေသူများ၊ အပယ်ခံများ သို့မဟုတ် ကံမကောင်းအကြောင်းမလှသူတို့အား၊ ကံဆိုးသူများအဖြစ်မမှတ်ဘဲ၊ သူတို့ရှိနေခြင်းသည် သူတို့အားကူညီနိုင်မည့် မွန်မြတ်သောအခွင့်အရေးအဖြစ်မှတ်ယူရမည်။ {Ed 268.2}

အခြားလုပ်ငန်းတိုင်းမှာကဲ့သို့၊ ဤအမှုတော်တွင်၊ ပါဝင်လုပ်ဆောင်ရင်းကျွမ်းကျင်မှုရှိလာသည်။ သာမန်ဘဝလုပ်ငန်းများနှင့်ဆင်းရဲဒုက္ခရောက်သူတို့အားပြုစုခြင်းတို့၌ လေ့ကျင့်သင်ယူခြင်းသည် ကျွမ်းကျင်မှုကိုအမှန်ရရှိစေသည်။ ထိုသို့လုပ်ဆောင်မှုမရှိပါက အကောင်းဆုံးအားထုတ်မှုသည် အသုံးမဝင်ဖြစ်တတ်ပြီး၊ အန္တရာယ်ပင်ဖြစ်စေနိုင်သည်။ လူသည်ကုန်းပေါ်၌မဟုတ်ဘဲ ရေထဲ၌ရေကူးနည်းကိုသင်ယူရသည်။ {Ed 268.3}

မကြာမကြာအလေးမထားသည့်အခြားသောဝတ္တရားမှာ၊ လူငယ်တို့အား ခရစ်တော်၏တောင်းဆိုချက်များကို ရှင်းပြရမည့်အသင်းတော်၏ဆက်ဆံရေးတာဝန်ပင်ဖြစ်သည်။ {Ed 268.4}

သတို့သားဖြစ်တော်မူသောခရစ်တော်နှင့် သတို့သမီးတည်းဟူသောကိုယ်တော်၏အသင်းတော်တို့အကြားတွင် အလွန်နီးကပ်၍မွန်မြတ်သောဆက်စပ်မှုရှိသည်။ ကိုယ်တော်သည် ဦးခေါင်းဖြစ်တော်မူ၍၊ အသင်းတော်သည်ကိုယ်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်နှင့်ဆက်သွယ်ခြင်းသည်အသင်းတော်နှင့်ဆက်သွယ်ခြင်းပါဝင်သည်။ {Ed 268.5}

အသင်းတော်ကို အမှုတော်အတွက်ဖွဲ့စည်းထားသည်။ အသက်တာ၌ ခရစ်တော်အတွက်အမှုဆောင်ရာတွင်၊ အသင်းတော်နှင့်ဆက်သွယ်ခြင်းသည် ပထမခြေလှမ်းဖြစ်သည်။ ခရစ်တော်အပေါ်သစ္စာစောင့်ခြင်းသည်အသင်းတော်တာဝန်များကို သစ္စာရှိစွာဆောင်ရွက်ခြင်းကိုတောင်းဆိုသည်။ ဤအရာမှာ လူတစ်ဦး၏လေ့ကျင့်သင်ယူမှုအတွက် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သခင်၏အသက်တာဖြင့် ပြည့်ဝသောအသင်းတော်တွင် ၎င်းသည်ကမ္ဘာသူကမ္ဘာသားများအတွက်ကြိုးပမ်းရန် တိုက်ရိုက်ပို့ဆောင်ပေးလိမ့်မည်။ {Ed 268.6}

လူငယ်များသည်အသုံးကျသောကြိုးစားမှုအတွက် အခွင့်အရေးကိုရှာနိုင်သည့်လမ်းကြောင်းများစွာရှိသည်။ ခရစ်ယာန်အမှုထမ်းရွက်ခြင်းအတွက်သူတို့အား အဖွဲ့များဖွဲ့စည်းစေပါ။ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းသည်ကူဖေါ်လောင်ဖက်နှင့်အားပေးမှုကိုရရှိစေသည်။ မိဘများနှင့်ဆရာသမားများသည် လူငယ်များ၏အလုပ်၌ စိတ်ဝင်စားခြင်းဖြင့်သူတို့၏သာ၍ကြီးသောအတွေ့အကြုံ၌ အကျိုးအမြတ်ကိုရရှိစေနိုင်ပြီး၊ ကောင်းသောအရာကိုကြိုးစားလုပ်ဆောင်ရန် အကူအညီဖြစ်စေနိုင်သည်။ {Ed 269.1}

ခင်မင်ကျွမ်းဝင်မှုသည် ကြင်နာခြင်းကိုနိုးကြားစေလာပြီး၊ ကြင်နာခြင်းသည်လည်း ထိရောက်သောသာသနာပေါက်ပွားရာဖြစ်သည်။ ကလေးများနှင့်လူငယ်တို့တွင် ကြင်နာခြင်းနှင့်ဆင်းရဲဒုက္ခရောက်နေသည့် လူသန်းပေါင်းများစွာအတွက် အနစ်နာခံလိုစိတ်များနိုးထလာစေရန်၊ သူတို့အားတိုင်းသူပြည်သားများနှင့်အကျွမ်းဝင်စေပါ။ ဤလမ်းကြောင်း၌ ကျွန်ုပ်တို့၏ကျောင်းများတွင် မြောက်မြားစွာပြီးမြောက်စေနိုင်သည်။ သမိုင်းမှအလက်ဇန္ဒားနှင့်နပိုလျံတို့၏စွန့်စားခန်းတို့ကိုသာလေ့လာမနေဘဲ၊ ကျောင်းသူ၊ ကျောင်းသားတို့အား တမန်တော်ပေါလုနှင့်မာတင်လူသာတို့အကြောင်းများ၊ မောဖတ် (Motfat) နှင့် လစ်ဗင်းစတုန်း၊ (Livingstone) နှင့် ကယ်ရီ (Carey) တို့ အကြောင်းများ၊ လက်ရှိသာသနာပြုများ၏ ကြိုးပမ်းမှုစသည်တို့ကို လေ့လာသင်ကြားစေပါ။ များစွာသောနာမည်နှင့်သူတို့အသက်တာ၌ စွဲမှတ်ခြင်းမရှိမည့်အယူအဆများနှင့်ကျောင်းစာသင်ခန်းပြင်ပတွင် မေ့သွားကြမည့်အရာများတို့ဖြင့် သူတို့၏မှတ်ဉာဏ်များကို ဝန်ထုပ်ဖြစ်စေမည့်အစား၊ သာသနာပြုများ၏ကြိုးပမ်းမှုဖြင့်အလင်းတရားရောက်ရှိသောနိုင်ငံများအကြောင်းကို လေ့လာစေပြီး၊ ထိုနေရာမှလူများနှင့်သူတို့၏လိုအပ်ချက်များတို့နှင့် သိကျွမ်းစေပါ။ {Ed 269.2}

ဤဧဝံဂေလိတရားဟောပြောခြင်းအဆုံးပိုင်းကာလတွင်၊ ဟောပြောရန်နေရာများစွာရှိနေသေးသည်ဖြစ်ရာ၊ အလျင်ကနှင့်မတူဘဲသာမန်ပုဂ္ဂိုလ်များမှအမှုတော်တွင်ပါဝင်လာကြရန်ဖြစ်သည်။ လူငယ်များနှင့်လူကြီးများကို လယ်ကွင်း၊ စပျစ်ဥယျာဉ်၊ အလုပ်ရုံစသည်တို့မှခေါ်ထုတ်ပြီး၊ ကိုယ်တော်၏သတင်းစကားကိုကြားပြောရန် သခင်၏စေလွှတ်တော်မူခြင်းကိုခံကြရန်ဖြစ်သည်။ ဤလူများစွာတို့သည် ပညာသင်ကြားရန်အခွင့်အရေးအနည်းငယ်သာရရှိခဲ့ကြသည်။ သို့သော် ခရစ်တော်သည်သူတို့အထဲ၌ မိမိ၏ရည်ရွယ်ချက်ကို ပြည့်စုံစေနိုင်မည့်အရည်အချင်းများကို မြင်တော်မူသည်။ အကယ်၍သူတို့သည် မိမိတို့စိတ်နှလုံးကိုအမှုတော်၌နှစ်၍၊ ဆက်လက်သင်ယူသူများဖြစ်နေကြလျှင်၊

ကိုယ်တော်သည်သူတို့အား မိမိအတွက် လုပ်ဆောင်ရန်ထိုက်တန်စေလိမ့်မည်။ {Ed 269.3}

လောကသားတို့၏ဝေဒနာနှင့်စိတ်ပျက်ခြင်းအတိမ်အနက်ကို သိတော်မူသောသူသည် သက်သာခြင်းရစေမည့်အရာကိုလည်းသိနေသည်။ အမှောင်ထုထဲမှအသက်ဝိညာဉ်များသည် အပြစ်တရား၊ ဝမ်းနည်းခြင်းနှင့်နာကျင်ခြင်းတို့ကြောင့် ဦးခေါင်းငိုက်စိုက်လျက်ရှိနေကြသည်ကို သူမြင်သည်။ သို့သော်သူသည် သူတို့၏ဖြစ်နိုင်ခြေများကိုလည်းမြင်သည်။ သူတို့ရောက်ရှိနိုင်မည့်အမြင့်ကိုလည်းသူမြင်သည်။ လူသားများသည် မိမိတို့သနားကြင်နာမှုကိုအလွဲသုံးစားပြုခြင်း၊ မိမိတို့စွမ်းရည်ကိုဖြုန်းတီးခြင်း၊ မိမိတို့ဂုဏ်သိက္ခာကိုဆုံးရှုံးခြင်းများရှိကြသော်လည်း၊ သူတို့အားရွေးနုတ်ခြင်းအရာ၌ ဖန်ဆင်းရှင်၏ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်သည်။ {Ed 270.1}

ကမ္ဘာမြေပေါ်ရှိခက်ခဲသောနေရာများမှ ဤဆင်းရဲချို့တဲ့သူများအတွက်လုပ်ဆောင်ရမည့်ဝန်ထုပ်ကို၊ ခရစ်တော်သည် အပယ်ခံများနှင့်လမ်းလွဲသူတို့အတွက်ခံစားနိုင်သောသူတို့အပေါ်တွင် တင်တော်မူသည်။ သူတို့၏လက်များသည် ကြမ်းတမ်း၍ကျွမ်းကျင်မှုမရှိသော်ငြားလည်း၊ ကိုယ်တော်သည်သနားတတ်သောစိတ်နှလုံးရှိသူတို့အား ကူညီရန်ရှိနေလိမ့်မည်။ ကိုယ်တော်သည် ဒုက္ခဆင်းရဲထဲမှာ ကြင်နာသနားခြင်း၊ ဆုံးရှုံးမှုထဲမှအမြတ်ကိုမြင်တတ်သောသူတို့အားဖြင့်လုပ်ဆောင်တော်မူလိမ့်မည်။ လောက၏အလင်းဖြစ်တော်မူသောသူသည် ဖြတ်လျှောက်လာသောအခါ၊ အခက်အခဲထဲမှအခွင့်အရေးကိုလည်းကောင်း၊ ရှုပ်ထွေးမှုထဲမှ စနစ်ကျမှုကိုလည်းကောင်း၊ ကျရှုံးမှုထဲမှအောင်မြင်ခြင်းကိုလည်းကောင်း၊ တွေ့မြင်ကြလိမ့်မည်။ ဘေးဒုက္ခများကိုရုပ်ဖျက်ထားသည့်ကောင်းချီးအဖြစ်လည်းကောင်း၊ ပူဆွေးသောကကိုကံကောင်းထောက်မမှုအဖြစ်လည်းကောင်း မြင်ကြလိမ့်မည်။ မိမိတို့သခင်သည် လူသားတစ်မျိုးနွယ်လုံး၏ဝမ်းနည်းခြင်းကိုမျှဝေခံစားသကဲ့သို့၊ မိမိတို့လူသားချင်းတို့၏

ဝမ်းနည်းခြင်းကိုမျှဝေခံစားသည့်သာမန်လူပုဂ္ဂိုလ်များထဲမှ၊ အမှုတော်ဆောင်သူများသည် သူတို့နှင့်အတူကိုယ်တော်လုပ်ဆောင်တော်မူသည်ကို ယုံကြည်ခြင်းအားဖြင့်မြင်ကြလိမ့်မည်။ {Ed 270.2}

"ထာဝရဘုရား၏နေ့ကြီးနီးပြီ။ နီးပြီ။ အလျင်အမြန်လာ၏" (ဇေဖနိ ၁း၁၄)။ ထို့ကြောင့် ကမ္ဘာကြီးကိုသတိပေးရမည်။ {Ed 270.3}

ထိုသို့သောပြင်ဆင်မှုကိုရနိုင်ကြသည်ဖြစ်က၊ ထောင်ပေါင်းများစွာသောလူငယ်၊ လူကြီးတို့သည် ဤအမှုတော်တွင် မိမိတို့ကိုယ်ကိုဆက်ကပ်ကြရမည်။ များစွာသောသူတို့သည် သခင်၏ခေါ်တော်မူခြင်းကို တုံ့ပြန်ကြပြီဖြစ်က၊ သူတို့အရေအတွက်သည် တိုးပွားလာသည်။ ခရစ်ယာန်ဆရာသမားတိုင်းသည် ထိုသို့သောအမှုတော်ဆောင်များအားကြင်နာ၍၊ သူတို့နှင့်အတူပူးပေါင်းလုပ်ဆောင်ရမည်။ မိမိထိန်းချုပ်မှုအောက်၌ရှိသောလူငယ်တို့ကို အမှုတော်၌ပါဝင်ရန်အတွက် အားပေးကူညီရမည်။ {Ed 270.4}

လူငယ်များအတွက်သာ၍ကြီးမားသောအကျိုးအမြတ်ရရှိနိုင်မည့်အခြားလုပ်ငန်းမရှိပါ။ အမှုတော်၌ပါဝင်သောသူအားလုံးသည် ဘုရားရှင်၏ကူညီသောလက်များဖြစ်ကြသည်။ သူတို့သည် ကောင်းကင်တမန်များနှင့်အတူလုပ်ဆောင်သူများဖြစ်ကြသည်။ တိတိကျကျဆိုရသော်၊ သူတို့သည် ကောင်းကင်တမန်များက မိမိတို့လုပ်ငန်းကိုပြီးစီးအောင်ဆောင်ရွက်နိုင်ရန် အသုံးပြုသောလူသားကိုယ်စားလှယ်များဖြစ်ကြသည်။ ကောင်းကင်တမန်များသည် ထိုသူတို့၏အသံများဖြင့်စကားပြော၍၊ ထိုသူတို့၏လက်များဖြင့် အမှုဆောင်ကြမည်။ ကောင်းကင်စေတမန်များနှင့်အတူတူပူးပေါင်းလုပ်ဆောင်သောလူသားအမှုဆောင်များသည်၊ မိမိတို့ပညာရေးနှင့်အတွေ့အကြုံ၏အကျိုးကျေးဇူးကိုရရှိကြသည်။ ပညာရေးရရှိနိုင်သည့်နည်းလမ်းတွင်၊ တက္ကသိုလ်ပညာရေးနှင့်ပင်နှိုင်း၍ရနိုင်ပါမည်လား။ {Ed 271.1}

ထိုသို့သောမုန်ကန်စွာလေ့ကျင့်ပေးသည့် ကျွန်ုပ်တို့၏လူငယ်ထုကြီးသည်၊ အသေသတ်ခြင်းခံ၍ ပြန်လည်ထမြောက်ပြီး၊ မကြာမီကြွလာမည့်ကယ်တင်ရှင်၏သတင်းစကားကို လောကတစ်ခုလုံးသို့သယ်ဆောင်ရန် ပံ့ပိုးလျှင်၊ မည်မျှလျင်မြန်စွာပုံ့နှံ့လိမ့်မည်နည်း။ ဒုက္ခဆင်းရဲခြင်း၊ ဝမ်းနည်းခြင်းနှင့် အပြစ်တရားတို့၏ဆုံးခန်းသည် မကြာမီရောက်လာလိမ့်မည်။ “အပြစ်တရားနှင့်နာကြင်မှုများဖြင့်ပြီးသော၍လောကမှ ကျွန်ုပ်တို့၏သားသမီးများသည်၊ ‘ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံ၍၊ အစဉ်အမြဲနေရကြမည့်နေရာ၊ ‘ငါနာသည်ဟုမဆိုရ’ သောနေရာ၊ ငိုကြွေးသံနှင့်အော်ဟစ်သံကိုနောက်တစ်ဖန်မကြားရ” သောနေရာတို့မကြာမြင့်မီရောက်ကြရလိမ့်တကား။” ဆာလံ ၃၇:၂၉။ ဟေရှာယ ၃၃:၂၄။ ဟေရှာယ ၆၅:၁၉။ {Ed 271.2}

***

# အခန်း ၃၂

# ကြိုတင်ပြင်ဆင်မှု

ကလေးငယ်၏လက်ဦးဆရာမှာ မိခင်ဖြစ်သည်။ အယုံလွယ်ဆုံးအချိန်ကာလတွင်၊ သူ့အသိပညာအမြန်ဆုံးတိုးတက်ရန်မှာ မိခင်အပေါ်များစွာမူတည်နေသည်။ သူ၏အကျင့်စာရိတ္တကိုအကောင်းဘက် သို့မဟုတ် အဆိုးဘက်သို့ပုံသွင်းပေးရန်မှာ သူမ၏ပထမအခွင့်အရေးဖြစ်သည်။ သူမသည် မိမိအခွင့်အရေး၏တန်ဖိုးကိုနားလည်ရမည်။ အခြားဆရာသမားများအားလုံးထက် ၎င်းအခွင့်အရေးကိုအသုံးချရန် အရည်အချင်းပြည့်မီရမည်။ သို့သော်လည်း အခြားသောသူတို့၏လေ့ကျင့်သင်ကြားမှုကိုလည်း အရေးထားရမည်။ ပညာရေး၌အထိရောက်ဆုံးနှင့်ခရီးအပေါက်ဆုံးလွှမ်းမိုးမှုရှိသောသူသည် စည်းစနစ်တကျကြိုးစားလုပ်ဆောင်သောသူထက် ထိရောက်မှုရှိသည်။ {Ed 275.1}

ကလေးငယ်အားစောင့်ရှောက်ရန် တာဝန်ပေးအပ်ခြင်းခံရသောသူတို့သည်၊ ကိုယ်ကာယလိုအပ်ချက်များကို မကြာခဏလျစ်လျူရှုတတ်ကြသည်။ သူတို့သည် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ သို့မဟုတ် ကြီးထွားခြင်းဆိုင်ရာနိယာမများကိုမသိကြချေ။ ကလေးများ၏စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးကြီးထွားမှုကိုဂရုစိုက်ရန်လည်းသင့်လျော်မှုမရှိကြချေ။ သူတို့သည် စီးပွားရေးလုပ်ရန် သို့မဟုတ် အဖွဲ့အစည်းတွင်ထွန်းတောက်ရန် သင့်လျော်နိုင်သည်။ စာပေနှင့်သိပ္ပံအတတ်တွင်လည်း ထူးချွန်နေနိုင်သည်။ သို့သော် ကလေးငယ်ကိုလေ့ကျင့်ပေးရန် အသိပညာမဆိုစလောက်သာရှိကြသည်။ အဓိကအားဖြင့်ဤအရာကိုလစ်ဟင်းကြသောကြောင့်၊ အထူးသဖြင့်အသက်ငယ်ရွယ်စဉ်ကကိုယ်ခန္ဓာကြီးထွားမှုကိုလျစ်လျူရှုသောကြောင့် မွေးကင်းစအရွယ်၌ များစွာသော

ကလေးများသေဆုံးကြရကာ၊ အရွယ်ရောက်လာသူများကလည်း လူများ အတွက်ဝန်ထုပ်ဖြစ်ရကြသည်။ {Ed 275.2}

ဖခင်နှင့်မိခင်များအပေါ်တွင် ကလေးများငယ်ရွယ်စဥ်နှင့်အသက်ရလာသည်အထိ လေ့ကျင့်သင်ကြားပေးရမည့်တာဝန်ရှိနေသည်။ မိဘနှစ်ပါးအတွက်ဂရုတစိုက်စေ့စေ့စပ်စပ်ကြိုတင်ပြင်ဆင်မှုသည် အလိုအပ်ဆုံးသော အရေးတကြီးလုပ်ဆောင်ရမည့်အရာဖြစ်သည်။ ဖခင်ဘဝ၊ မိခင်ဘဝ၏တာဝန်ဝတ္တရားများကိုမထမ်းဆောင်မီ၊ ယောကျ်ား၊ မိန်းမတို့သည် ကိုယ်ကာယကြီးထွားခြင်း၏စည်းမျဉ်းများဖြစ်သည့် သက်ရှိကိစ္စနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးစဉ်းမျဉ်းများ၊ မီးမဖွားမီပြင်ဆင်မှုဆိုင်ရာစည်းမျဉ်းများ၊ မျိုးရိုးဗီဇ၊ မိလ္လာ၊ ရေဆိုးနုတ်စနစ်၊ ဝတ်စားဆင်ယင်မှု၊ လေ့ကျင့်ခန်းနှင့်ရောဂါကုသခြင်းဆိုင်ရာစည်းမျဉ်းများကို သိရှိနေရမည်။ သူတို့သည်အသိဉာဏ်ကြီးထွားမှုနှင့်ကိုယ်ကျင့်တရားလေ့ကျင့်သင်ကြားမှုဆိုင်ရာ နည်းဥပဒေသများကိုလည်းနားလည်ကြရမည်။ {Ed 276.1}

ဤပညာရေးလုပ်ငန်းကို အနန္တတန်ခိုးရှင်က အလွန်အရေးကြီးသည်ဟုမှတ်ယူတော်မူရကာ၊ မိမိပလ္လင်တော်မှ စေတမန်များကိုစေလွှတ်ကာ မိခင်ဖြစ်လာမည့်သူအား "သူငယ်သည်အဘယ်သို့သောသူဖြစ်ပါလိမ့်မည်နည်း။ သူ၌အဘယ်သို့ပြုရပါမည်နည်း" (တရားသူကြီး ၁၃း၁၂) ဟူသောမေးခွန်းကိုဖြေဆိုစေရန်နှင့် ဖခင်အားကတိထားတော်မူသောသား၏ပညာရေးနှင့်သက်ဆိုင်၍လမ်းညွှန်ပေးရန် စေလွှတ်တော်မူသည်။ {Ed 276.2}

မိဘတို့အလုပ်၏အရေးကြီးခြင်းကို အပြည့်အဝအသိအမှတ်ပြု၍၊ သူတို့သည် ၎င်း၏မွန်မြတ်သောတာဝန်ဝတ္တရားများအတွက် လေ့ကျင့်သင်ကြားမှုကိုမရရှိမချင်း၊ ပညာရေးလုပ်ငန်းသည် ဆုံးခန်းတိုင်ပြီးမြောက်စေနိုင်မည်မဟုတ်ချေ။ {Ed 276.3}

ဆရာသမားအတွက် ကြိုတင်လေ့ကျင့်သင်ကြားမှုလိုအပ်သည်ကို လူတိုင်းလက်ခံထားသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုတွင် အရေးကြီးဆုံးသော

အချက်အလက်များကို လူအနည်းငယ်ကသာသိသည်။ လူငယ်တို့အား လေ့ကျင့်သင်ကြားပေးရာတွင် ပါဝင်သည့်တာဝန်ကိုသဘောပေါက်သော သူသည် သိပ္ပံပညာရပ်နှင့်စာပေဆိုင်ရာဘာသာရပ်တို့မှ သင်ကြားပို့ချမှုများသည် မလုံလောက်ကြောင်းကို သဘောပေါက်ကြသည်။ ဆရာသမားသည် ဖတ်စာအုပ်များထဲမှရရှိနိုင်သည့်အရာထက် ပို၍ပြည့်စုံသောပညာကိုရှိရမည်။ သူသည်စိတ်၏အစွမ်းသာမက ကျယ်ပြန့်မှုကိုလည်းကောင်း၊ စိတ်ထားရှိသည် သာမက ကြင်နာစိတ်ထားကိုလည်းကောင်း ပိုင်ဆိုင်ရပါမည်။ {Ed 276.4}

စိတ်နှလုံးကိုဖန်ဆင်း၍၊ ၎င်း၏နည်းဥပဒေသများကို စီမံတော်မူသောသူကသာလျှင်၊ ၎င်း၏လိုအပ်ချက်များ သို့မဟုတ် ၎င်း၏ကြီးထွားမှုညွှန်ကြားခြင်းကို ပြည့်စုံစွာနားလည်နိုင်သည်။ ကိုယ်တော်ပေးတော်မူခဲ့ပြီးသောပညာရေးစည်းမျဉ်းများသည်သာ စိတ်ချရသောလမ်းညွှန်ဖြစ်သည်။ ဆရာသမားတိုင်းအတွက် အခြေခံကျသောအရည်အချင်းတစ်ခုမှာ ဤအခြေခံစည်းမျဉ်းများကိုသိခြင်းနှင့်၊ ၎င်းတို့ကို မိမိတို့အသက်တာ၌ထိန်းချုပ်သည့် တန်ခိုးအဖြစ်လက်ခံခြင်းဖြစ်သည်။ {Ed 276.5}

လက်တွေ့အသက်တာ၌ အတွေ့အကြုံသည်မရှိမဖြစ်သောအရာဖြစ်သည်။ စနစ်တကျရှိခြင်း၊ စေ့စပ်သေချာမှု၊ အချိန်မှန်ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်း၊ ရွှင်ပျသောစိတ်၊ ပုံမှန်ပင်ကိုစရိုက်၊ အနစ်နာခံခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့်ယဉ်ကျေးလိမ္မာခြင်းတို့သည် အရေးပါသောအရည်အချင်းများဖြစ်သည်။ {Ed 277.1}

ပေါ့ပျက်သောအကျင့်စာရိတ္တ၊ လူငယ်တို့ပတ်လည်တွင်အတုအပများအလွန်များပြားလှသောကြောင့်၊ ဆရာသမား၏စကားလုံးများ၊ စိတ်ထားနှင့်အပြုအမူတို့သည် မြင့်မြတ်သောအရာ၊ စစ်မှန်သောအရာကို သရုပ်ဖော်ရန်သာ၍များစွာလိုအပ်သည်။ ကလေးသူငယ်များသည် ဟန်ဆောင်မှု၊ အားနည်းချက် သို့မဟုတ် ချို့ယွင်းချက်တစ်စုံတစ်ခုကို လွယ်ကူစွာသတိပြုမိကြသည်။ ဆရာသမားသည် မိမိတပည့်များထံမှရိုသေမှုကို၊ သူတို့အား

သင်ကြားပေးမည့်အခြေခံစည်းမျဉ်းများကို မိမိကိုယ်တိုင်အကျင့်စာရိတ္တတွင် ပေါ်လွင်စေခြင်းမှတစ်ပါး၊ အခြားနည်းလမ်းဖြင့်မရနိုင်ချေ။ ဤအချက်ကို သူတို့နှင့်နေ့စဉ်ဆက်ဆံရာတွင် လုပ်ဆောင်ခြင်းအားဖြင့်သာ သူတို့အပေါ် အကောင်းဘက်မှ အစဉ်သြဇာလွှမ်းမိုးနိုင်မည်။ {Ed 277.2}

မိမိ၏အောင်မြင်မှုကို ပံ့ပိုးပေးသည့်အခြားသောအရည်အချင်းအား လုံးနီးပါးအတွက်၊ ဆရာသမားသည် မိမိကိုယ်ကာယအားမာန်အပေါ်တွင် အတိုင်းအဆများစွာမှီခိုသည်။ ကျန်းမာရေးကောင်းလေ၊ သူ၏အလုပ်ပို၍ ကောင်းလေဖြစ်သည်။ {Ed 277.3}

ထိုကြောင့်သူသည် မကြာမကြာစိတ်ပင်ပန်းခြင်း၊ ဦးနှောက်ပင်ပန်းခြင်း ဖြစ်ပြီး၊ စိတ်ဓါတ်ကျခြင်း၊ အေးစက်စက်နိုင်ခြင်း သို့မဟုတ် စိတ်ဆိုးမာန်ဆိုး ဖြစ်ခြင်းများကို မထိန်းနိုင်မသိမ်းနိုင်လုနီးပါးဖြစ်ရသည်။ သူသည် ထိုစိတ်နေ စိတ်ထားများကို တွန်းလှန်ရုံမျှမက၊ ၎င်းတို့ကိုဖြစ်စေသောအကြောင်း တရားများကိုလည်း ရှောင်ရှားရန်တာဝန်ရှိသည်။ သူသည် စင်ကြယ်ချိုသာ သောစိတ်၊ အားကိုးထိုက်သောစိတ်၊ စာနာသောစိတ်ရှိစေရန်လိုအပ်သည်။ အမြဲတမ်းတည်ကြည်၊ ငြိမ်သက်၍ရွှင်ပျစေရန်၊ သူသည် ဦးနှောက်နှင့်အာ ရုံကြောတို့၏စွမ်းအားကို ထိန်းသိမ်းရမည်။ {Ed 277.4}

သူ၏အလုပ်တွင် အရည်အချင်းသည် အရေအတွက်ထက်များစွာ သာ၍ အရေးကြီးသည်ဖြစ်ရာ၊ အလွန်အကျွံအလုပ်လုပ်ခြင်းများဖြစ်သည့် မိမိလုပ်ငန်းတာဝန်တွင် များပြားလွန်းသောအရာကို ကြိုးပမ်းအားထုတ်ခြင်း၊ မိမိအလုပ်နှင့်အံဝင်ခွင်ကျမဖြစ်သည့် အခြားတာဝန်များကိုလက်ခံခြင်း၊ အားပြည့်လန်းဆန်းစေခြင်းမရှိဘဲ၊ ခြေကုန်လက်ပန်းကျစေသည့်ဖျော်ဖြေမှုများနှင့် လူမှုရေးအပျော်အပါးတို့၌ပါဝင်ခြင်းစသည်များမှ သူသည် မိမိကိုယ်ကို စောင့်ကြပ်ရမည်။ {Ed 278.1}

အိမ်အပြင်ဘက်၌ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အထူးသဖြင့် အသုံးဝင် သောအလုပ်ကိုလုပ်ခြင်းသည် ကိုယ်ခန္ဓာနှင့်စိတ်နှလုံးတို့အပန်းဖြေမှုအတွက်

အကောင်းဆုံးသောနည်းလမ်းတစ်ခုဖြစ်သည်။ ဆရာသမား၏ပုံနမူနာသည် မိမိတပည့်များအား လက်မှု သို့မဟုတ် ကာယအလုပ်ကိုစိတ်ဝင်စားပြီး၊ အလေးထားစေလိမ့်မည်။ {Ed 278.2}

မည်သည့်ကဏ္ဍ၌မဆို ဆရာသမားသည် ကျန်းမာရေးစည်းမျဉ်းများကို အပြည့်အဝလိုက်လျှောက်ရမည်။ သူသည် မိမိအတွက်အသုံးဝင်ခြင်းကြောင့်သာမဟုတ်ဘဲ၊ မိမိတပည့်များအပေါ်၎င်း၏အကျိုးသက်ရောက်မှုရှိစေရန်လည်းဖြစ်သည်။ သူသည် အရာခပ်သိမ်း၌ ချုပ်တည်းမှုရှိရမည်။ အစာစားခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ အလုပ်လုပ်ခြင်း၊ အပန်းဖြေခြင်း စသည်များတို့တွင် သူသည်စံနမူနာဖြစ်ရမည်။ {Ed 278.3}

ကိုယ်ကာယကျန်းမာခြင်းနှင့် မြင့်မြတ်သောစာရိတ္တတို့သည် မြင့်မားသောစာပေအရည်အချင်းများနှင့်ပေါင်းစပ်ရမည်။ ဆရာသမားသည် အသိပညာကြွယ်ဝလေ၊ သူ၏အလုပ်သည်လည်း သာ၍ကောင်းလာလေဖြစ်သည်။ ကျောင်းစာသင်ခန်းသည် အပေါ်ယံအလုပ်အတွက်နေရာမဟုတ်ပါ။ အပေါ်ယံအသိပညာဖြင့် ကျေနပ်နှစ်သိမ့်သောဆရာသမားသည် မြင့်မားသည့်တတ်ကျွမ်းမှုကိုရရှိနိုင်မည်မဟုတ်ချေ။ {Ed 278.4}

သို့သော် ဆရာသမား၏အသုံးဝင်မှုသည် သူစံချိန်ထား၍ရည်မှန်းသည့်အရာကိုအမှန်တကယ်ဆည်းပူးကျင့်ယူမှုပမာဏအပေါ် များစွာတည်နေခြင်းမရှိပါ။ စစ်မှန်သောဆရာသမားသည် ထိုင်းမှိုင်းသောအတွေးများ၊ ပျင်းရိသောစိတ်၊ မတိကျသောမှတ်ဉာဏ်တို့ဖြင့် တင်းတိမ်ရောင့်ရဲခြင်းမရှိချေ။ သူသည် သာ၍မြင့်မားသောအောင်မြင်မှုများနှင့် သာ၍ကောင်းသောနည်းလမ်းများကို အမြဲကြိုးပမ်းရှာဖွေနေသည်။ သူ့အသက်တာသည်အစဉ်တိုးတက်နေသည်။ ထိုသို့သောဆရာသမား၏အလုပ်တွင် မိမိတပည့်များကိုနှိုးဆော်အားပေးသည့်လန်းဆန်းမှု၊ ထက်မြက်လာသောအစွမ်းများရှိနေသည်။ {Ed 278.5}

ဆရာသမားသည် မိမိအလုပ်နှင့်လိုက်ဖက်မှုရှိရမည်။ သူသည် တပည့်များ၏စိတ်ကိုပြုပြင်ရာတွင် ဉာဏ်ပညာနှင့်ပါးနပ်မှုရှိရမည်။ သူ၏ သိပ္ပံအတတ်သည် မည်မျှပင်ကြီးမား၍၊ အခြားဘာသာရပ်တွင်သူ၏အရည်အချင်းသည်မည်မျှပင်ထူးချွန်နေစေကာမူ၊ သူသည် မိမိတပည့်များ၏ရိုသေမှုနှင့်ယုံကြည်စိတ်ချမှုကိုမရရှိခဲ့ပါသော်၊ သူ၏ကြိုးစားအားထုတ်မှုသည် အချည်းနှီးဖြစ်လိမ့်မည်။ {Ed 278.6}

ကောင်းသောအရာကိုပြုလုပ်ရန်အတွက် အခွင့်အရေးမှန်သမျှကို အလျင်အမြန်တွေ့မြင်၍၊ ၎င်းကိုတိုးတက်ကောင်းမွန်စေသော ဆရာသမားများ၊ စိတ်အားထက်သန်မှုနှင့်မှန်ကန်သောဂုဏ်သိက္ခာရှိသော ဆရာသမားများ၊ အုပ်ချုပ်နိုင်၍ ဆီလျော်အောင်သင်ပေးတတ်သောဆရာသမားများ၊ စိတ်ကိုနိုးဆော်၍၊ စွမ်းအားကိုတက်ကြွစေကာ၊ သတ္တိနှင့်တက်ကြွမှုကိုပေးသည့်ဆရာသမားများကိုအလိုရှိသည်။ {Ed 279.1}

ဆရာသမား၏အကျိုးအမြတ်သည် နည်းနေသောကြောင့်၊ သူရည်မှန်းထားသည့်မြင့်မားသော ပညာအရည်အချင်းမရှိဘဲရှိနေနိုင်သည်။ သို့သော် အကယ်၍သူသည် လူသား၏သဘောသဘာဝကိုအမှန်သိရှိလျှင်လည်းကောင်း၊ အကယ်၍သူသည် မိမိအလုပ်ကိုအမှန်နှစ်သက်၍၊ ၎င်း၏အလွန်အရေးပါမှုကိုနားလည်ပြီး တိုးတက်အောင်လုပ်ဆောင်လျှင်လည်းကောင်း၊ အကယ်၍ သူသည်စိတ်အားထက်သန်စွာနှင့်ဖွဲ့ကောင်းကောင်းဖြင့် လုပ်ဆောင်ရန်ဆန္ဒရှိလျှင်လည်းကောင်း၊ သူသည် မိမိတပည့်များ၏လိုအပ်ချက်များကိုနားလည်လာလိမ့်မည်။ သူ၏စာနာသောစိတ်၊ တိုးတက်သောစိတ်အားဖြင့်၊ သူတို့အား မြေတောင်မြှောက်ပေးလိုသောလမ်းသို့လိုက်လိုကြလိမ့်မည်။ {Ed 279.2}

ဆရာသမား၏စောင့်ရှောက်ပြုစုခြင်းအောက်၌ရှိသော ကလေးများနှင့် လူငယ်များသည် ပင်ကိုစိတ်၊ အကျင့်ဓလေ့များနှင့်လေ့ကျင့်သင်ကြားမှုများတွင် များစွာခြားနားသည်။ အချို့သောသူတို့သည် တိကျသောရည်မှန်းချက် သို့မဟုတ် ခိုင်မာသောစည်းမျဉ်းများမရှိကြချေ။ ထိုသူတို့အား မိမိတို့၏တာဝန်များနှင့်

ဖြစ်နိုင်ခြေအလားအလာများကို သတိပြုမိစေရမည်။ အနည်းငယ်သောကလေးများသာအိမ်၌ မှန်ကန်စွာပုံသွင်းခြင်းခံရကြသည်။ အချို့သောကလေးများသည် အိမ်မွေးတိရစ္ဆာန်ကဲ့သို့ပင်ဖြစ်နေကြသည်။ သူတို့ကိုလေ့ကျင့်သင်ကြားပေးမှုများသည် အပေါ်ယံသာဖြစ်သည်။ ကလေးများအား မိမိတို့ကြိုက်သလိုနေစေရန်နှင့် တာဝန်များကိုရှောင်ရှားရန်ခွင့်ပြုကြသည်။ သူတို့သည် တည်ငြိမ်မှု၊ ဖွဲလုံ့လနှင့်မိမိအလိုငြင်းပယ်ခြင်းများကင်းမဲ့ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ စည်းကမ်းများသည် မလိုလားသောချုပ်ချယ်မှုအဖြစ်မှတ်ယူကြခြင်းကြောင့်ဖြစ်သည်။ အချို့သူတို့မှာမူ အပြစ်တင်ခြင်းနှင့် စိတ်ပျက်ခြင်းများခံရကြသည်။ တစ်ဖက်သတ်ချုပ်ချယ်ခြင်းနှင့်ကြမ်းတမ်းခြင်းတို့သည် သူတို့အထဲ၌ခေါင်းမာခြင်းနှင့်အာခံခြင်းများကိုဖြစ်လာစေသည်။ အကယ်၍ ဤမှုမမှန်သောအကျင့်များကို ပြန်လည်ပုံသွင်းခြင်းအလုပ်ကိုကိစ္စအတော်များများတွင် ဆရာသမားများက လုပ်ဆောင်ကြသည်။ အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အလို့ငှါ၊ ဆရာသမားသည်သနားကြင်နာခြင်းရှိရမည်ဖြစ်ကာ၊ မိမိတို့တပည့်များ၏မှားယွင်းရခြင်းအကြောင်းရင်းကိုရှာဖွေနိုင်ရန် ထိုးထွင်းဉာဏ်ရှိရမည်။ သူသည် လိမ္မာပါးနပ်မှုနှင့်ကျွမ်းကျင်မှု၊ သည်းခံခြင်းနှင့်တည်ကြည်မြဲမြံခြင်းရှိရမည်။ ထိုသို့ဖြင့်သူသည် သူတို့တစ်ဦးချင်းစီလိုအပ်သည့်အကူအညီများကို ပေးနိုင်လိမ့်မည်။ မပြတ်မသားနှင့်အေးတိအေးစက်ချစ်တတ်သူတို့အား၊ အားစိုက်ကြိုးစားလာစေရန်လှုံ့ဆော်စေမည့်အားပေးမှုနှင့်အကူအညီကိုလည်းကောင်း၊ စိတ်ပျက်နေသူတို့အား မိမိကိုယ်ကိုယုံကြည်စိတ်ဖြစ်လာစေပြီး အားထုတ်လိုစိတ်ဖြစ်ပေါ်စေမည့်ကြင်နာခြင်းနှင့်အသိအမှတ်ပြုခြင်းတို့ကို ပေးနိုင်လိမ့်မည်။ {Ed 279.3}

ဆရာသမားများသည် မိမိတို့တပည့်များနှင့်လုံလုံလောက်လောက်လူမှုရေးပေါင်းသင်းမှုမရှိဖြစ်နေတတ်သည်။ သူတို့သည် ကြင်နာသနားခြင်းနှင့်သိမ်မွေ့ခြင်းကို အနည်းငယ်မျှသာပြသကြပြီး၊ ခက်ထန်သောတရားသူကြီးကဲ့သို့ဟိတ်ကြီးဟန်ကြီးလုပ်တတ်ကြသည်။ ဆရာသမားသည် ခိုင်မာပြတ်

သားရန်လိုအပ်သော်လည်း၊ သူသည် အမှားမခံခြင်း သို့မဟုတ် အာဏာရှင်ဆန်ခြင်းတို့ကိုမပြုရချေ။ ကြမ်းတမ်းပြီးအလွန်အပြစ်ရှာတတ်ခြင်း၊ မိမိတပည့်များကို အဖက်မလုပ်ခြင်း သို့မဟုတ် သူတို့အားဂရုမစိုက်ခြင်းတို့သည် သူတို့အားအကောင်းဘက်မှ ဩဇာလွှမ်းမိုးနိုင်မည့်လမ်းကြောင်းများကိုပိတ်ပစ်လိုက်ခြင်းပင်ဖြစ်သည်။ {Ed 280.1}

မည်သည့်အခြေအနေမျိုး၌မျှ ဆရာသမားသည်ဘက်လိုက်မှုမရှိရချေ။ တော်၍ဆွဲဆောင်မှုရှိသောတပည့်ကို မျက်နှာသာပေး၍၊ အားပေးမှုနှင့်အကူအညီအလိုအပ်ဆုံးသောသူတို့အားပြစ်တင်ခြင်း၊ စိတ်မရှည်ခြင်း သို့မဟုတ် သနားမှုမရှိခြင်းသည် ဆရာသမား၏အလုပ်ကို လုံးဝနားလည်မှုလွဲမှားစွာဖော်ပြခြင်းဖြစ်သည်။ အမှားပြု၍၊ သည်းခံစရာမရှိသောသူတို့နှင့်ဆက်ဆံခြင်းသည် အကျင့်စာရိတ္တကို ဆန်းစစ်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ဆရာသမားသည် မိမိအလုပ်၌ အမှန်တကယ်အရည်အချင်းပြည့်မီသည်၊ မပြည့်မီသည်ကို သက်သေထူလိမ့်မည်။ {Ed 280.2}

လူသားတို့စိတ်ဝိညာဉ်ကို လမ်းညွှန်မှုပေးနေသောသူတို့၏တာဝန်သည်ကြီးလှပေသည်။ စစ်မှန်သောမိခင်ဖခင်တို့သည် မိမိတို့တာဝန်ကို ဘယ်သောအခါမျှ လုံးလုံးလျားလျားပစ်လွှတ်၍မရသော ယုံကြည်အပ်နှံမှုအဖြစ်မှတ်ယူကြသည်။ ကလေးမွေးခါစမှ နောက်ဆုံးနေ့ရက်အထိ၊ ကလေးငယ်၏ဘဝသည် မိဘများ၏စိတ်နှလုံးနှင့်ချည်နှောင်ခြင်းအင်အားကိုခံစားရသည်။ မိဘတို့၏အပြုအမူများ၊ အပြောအဆိုများနှင့်အကြည့်များတို့သည် ကလေးငယ်အားအကောင်းဘက် သို့မဟုတ် အဆိုးဘက်သို့ဆက်လက်ပုံသွင်းနေသည်။ ဆရာသမားသည် ဤတာဝန်ကိုမျှဝေထမ်းဆောင်သည်ဖြစ်ကာ၊ ၎င်း၏မွန်မြတ်ခြင်းကိုအမြဲသဘောပေါက်နားလည်ပြီး၊ မိမိအလုပ်၏ရည်ရွယ်ချက်ကို စွဲမှတ်ရမည်။ သူသည် နေ့စဉ်အလုပ်ကိုပြီးရုံမျှလုပ်ခြင်း၊ မိမိအလုပ်ရှင်များကို ဖားခြင်း၊ ကျောင်း၏ရပ်တည်မှုကို ထိန်းသိမ်းရုံမျှလုပ်ဆောင်ခြင်းစသည်တို့ကို မပြုရချေ။ ဤကျောင်းသားများတစ်ဦးချင်းစီအတွက်အကောင်းဆုံးသောအရာ၊

သူတို့အပေါ်ကျရောက်မည့်တာဝန်များ၊ လုပ်ငန်းထမ်းဆောင်ရန် လိုအပ်သော အရာများ၊ လိုအပ်သောပြင်ဆင်မှုများတို့ကို စဉ်းစားဆင်ခြင်ရမည်။ တစ်နေ့ပြီး တစ်နေ့သူလုပ်နေသောအလုပ်သည် မိမိတပည့်များအပေါ်သို့လည်းကောင်း၊ တပည့်များမှတစ်ဆင့်အခြားသူတို့ထံသို့လည်းကောင်း၊ ကာလအချိန်ကုန်ဆုံးသည် အထိဆန့်၍အားဖြည့်ပေးမည့်ဩဇာလွှမ်းမိုးခြင်းရှိလိမ့်မည်။ ပြောစကားများနှင့် လုပ်ဆောင်မှုများတို့ကို ဘုရားသခင်ရှေ့တော်၌စစ်ဆေးမည့် ထိုနေ့ရက်ကြီးတွင် သူသည် မိမိအလုပ်၏ရလဒ်များကို မြင်တွေ့ရလိမ့်မည်။ {Ed 280.3}

ဤအရာကို သဘောပေါက်နားလည်သောဆရာသမားသည် နေ့စဉ် စာသင်ကြားခြင်းပုံမှန်လုပ်ငန်းပြီးဆုံးသောအခါ၌ဖြစ်စေ၊ မိမိ၏တိုက်ရိုက် စောင့်ရှောက်မှုမှ မိမိတပည့်များအောင်မြင်သွားသောအခါ၌ဖြစ်စေ၊ မိမိအလုပ် ပြီးဆုံးပြီဟုမခံစားချေ။ သူသည် ဤကလေးများနှင့်လူငယ်တို့ကို မိမိစိတ် ထဲ၌ စွဲလမ်းနေလိမ့်မည်။ အမွန်မြတ်ဆုံးသောအောင်မြင်ခြင်းစံချိန်ကို သူတို့မည်သို့ရောက်ရှိသွားနိုင်မည်ဆိုသည်မှာ သူ့အမြဲလေ့လာကြိုးပမ်းနေ လိမ့်မည်။ {Ed 281.1}

မိမိအလုပ်၏အခွင့်အလမ်းများကို သိမြင်သောသူသည် မိမိကိုယ်ကို တိုးတက်အောင်အပတ်တကုတ်ကြိုးပမ်းရာလမ်းကြောင်းတွင် မည်သည့်အရာကမျှ တားဆီးမည်ကိုခွင့်ပြုလိမ့်မည်မဟုတ်ချေ။ သူသည် အမြင့်မားဆုံးသောထူးချွန်မှု စံချိန်ကိုရောက်ရှိရန် အနာခံသွားလိမ့်မည်။ မိမိတပည့်များအားဖြစ်စေချင် သည့်အရာများအားလုံးကို သူကိုယ်တိုင်ရယူရန်ကြိုးစားလိမ့်မည်။ {Ed 281.2}

တာဝန်ကိုသာ၍ လေးနက်စွာနားလည်ခံယူ၍ မိမိကိုယ်တိုင်တိုး တက်မှုအတွက် သာ၍ကြိုးစားအားထုတ်လေ၊ ဆရာသမားသည်မိမိအသုံးကျမှုကို ဟန့်တားသည့် အပြစ်အနာအဆာများကိုသာ၍ရှင်းလင်းစွာသိမြင်ပြီး၊ သာ၍ ပြင်းပြင်းပြပြနောင်တရလေဖြစ်မည်။ သူသည် မိမိအလုပ်၏အလွန်အရေး ပါမှုနှင့်၊ ၎င်း၏ခက်ခဲမှုများနှင့်ဖြစ်နိုင်ခြေတို့ကို ရှုမြင်သောအခါ၊ မကြာမကြာ

စိတ်ထဲမှ "ဤအရာများကိုဆောင်ရွက်ရန် အဘယ်သူသည်ပြည့်စုံသနည်း" ဟုညည်းတွားလိမ့်မည်။ {Ed 281.3}

ချစ်သောဆရာ၊ သင်၏ခွန်အားနှင့်လမ်းပြမှုလိုအပ်ချက်ကို လူသားများကမပံ့ပိုးနိုင်သည်ကို သင်စဉ်းစားချင့်ချိန်သောအခါ၊ အံ့ဩဖွယ်တိုင်ပင်ဘက်ဖြစ်တော်မူသောသူ၏ကတိတော်များကို ဆင်ခြင်တွေးတောပါ။ {Ed 282.1}

ကိုယ်တော်သည် "အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ ငါဖွင့်ထားပြီ" (ဗျာဒိတ် ၃း၈) ဟု မိန့်တော်မူပြီ။ {Ed 282.2}

"ငါ့ကိုခေါ်လော့။ ငါထူးမည်။" "သင်သွားရမည့်လမ်းကို ပြညွှန်မည်။ သင့်ကိုကြည့်ရှုပြုစုမည်။" ယေရမိ ၃၃း၃။ ဆာလံ ၃၂း၈။ {Ed 282.3}

"ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" မဿဲ ၂၈း၂၀။ {Ed 282.4}

သင်၏အလုပ်အတွက် အမြင့်မားဆုံးကြိုတင်ပြင်ဆင်မှုပြုရာတွင်၊ ကျွန်ုပ်သည်သင့်အား ဆရာသမားများ၏အရှင်သခင်၏နှုတ်တော်ထွက်စကားများ၊ အသက်တာနှင့်နည်းလမ်းများကိုညွှန်ပြပါသည်။ ကိုယ်တော်အားစဉ်းစားဆင်ခြင်ပါ။ သူသည် သင်၏စစ်မှန်သောစံပြဖြစ်တော်မူသည်။ ဝိညာဉ်တော်သည်သင့်စိတ်နှလုံးနှင့်အသက်တာကို မသိမ်းပိုက်မချင်း၊ ၎င်းတို့ကိုရှုမြင်ပါ။ ထိုအတိုင်းအသက်ရှင်ပါ။ {Ed 282.5}

"မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊.... ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏။" ၂ကော ၃း၁၈။ {Ed 282.6}

ဤအရာသည် သင်၏တပည့်များအပေါ်လွှမ်းမိုးဝက်သောအစွမ်းတန်ခိုးဖြစ်သည်။ ကိုယ်တော်ကိုရောင်ပြန်ဟပ်ပါ။ {Ed 282.7}

***

# အခန်း ၃၃

# ပူးပေါင်းလုပ်ဆောင်ခြင်း

အကျင့်စာရိတ္တဖြစ်တည်လာခြင်းတွင်၊ အိမ်ထောင်၏လွှမ်းမိုးမှုထက် အရာအရာများကထိရောက်မှုမရှိချေ။ ဆရာသမား၏အလုပ်သည် မိဘတို့၏ အလုပ်ကိုဖြည့်စွက်ပေးရမည်။ သို့သော် အစားထိုးရန်မဟုတ်ပါ။ ကလေးတစ်ယောက်၏ကောင်းစားရေးနှင့်သက်ဆိုင်သော အရာအားလုံးတွင်၊ မိဘများနှင့်ဆရာသမားများကြိုးစား၍ ပူးပေါင်းလုပ်ဆောင်ရမည်။ {Ed 283.1}

ပူးပေါင်းလုပ်ဆောင်ခြင်းကို မိခင်ဖခင်တို့ကိုယ်တိုင်အိမ်တော်၌ စတင်ရမည်။ မိမိတို့သားသမီးများကိုလေ့ကျင့်သင်ကြားပေးရာတွင် သူတို့သည်ပူးတွဲတာဝန်ရှိကြသည်။ သူတို့သည် အစဉ်တစိုက်အတူတူကြိုးစားအားထုတ်ရမည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်ထံဆက်ကပ်၍၊ အချင်းချင်းဖေးမနိုင်ရန် ကိုယ်တော်ထံအကူအညီတောင်းခံရမည်။ သူတို့သည် မိမိတို့သားသမီးတို့အား ဘုရားသခင်အပေါ်သစ္စာရှိရန်နှင့်စည်းမျဉ်းများကိုလိုက်လျှောက်ရန်သွန်သင်ပါစေ။ ထိုသို့ဖြင့်၊ သူတို့ကိုယ်တိုင်အပေါ်၌လည်းကောင်း၊ သူတို့နှင့်ဆက်နွှယ်သောသူအားလုံးအပေါ်၌လည်းကောင်း မှန်ကန်မှုရှိကြလိမ့်မည်။ ထိုသို့သောသင်ကြားမှုမျိုးဖြင့် ကလေးများကိုကျောင်းထားသောအခါ၊ အနှောင့်အယှက် သို့မဟုတ် ပူပန်မှုများကိုဖြစ်ပေါ်စေကြမည်မဟုတ်။ သူတို့သည် ဆရာသမားများအတွက် အထောက်အပံ့များဖြစ်လာ၍၊ မိမိတို့အဖော်များအတွက် စံနမူနာနှင့်အားပေးမှုဖြစ်လာကြမည်။ {Ed 283.2}

ဤသို့သင်ကြားပေးသောမိဘများသည် ဆရာသမားများကို ဝေဖန်လေ့မရှိကြချေ။ သူတို့သည် မိမိတို့သားသမီးများ၏ ကောင်းကျိုးနှင့်

ကျောင်း၏တရားမျှတမှုတို့ကို သတိထားမိပြီး ဖြစ်နိုင်သရွေ့မိမိတို့တာဝန်ကို မျှဝေလုပ်ဆောင်သောသူတို့ကိုအားပေး၍ လေးစားဂုဏ်ပြုကြသည်။ {Ed 283.3}

များစွာသောမိဘတို့သည် ဤနေရာတွင်ပျက်ကွက်ကြသည်။ သူတို့၏အလျင်စလို၊ အခြေအမြစ်မရှိသောဝေဖန်မှုများအားဖြင့်၊ သစ္စာရှိသောဆရာသမား၏ဩဇာလွှမ်းမှု၊ ကိုယ်ကျိုးစွန့်ခြင်းတို့သည် ပျက်စီးလုမတတ်ဖြစ်ရသည်။ များစွာသောမိဘတို့၏အလိုလိုက်ခြင်းအားဖြင့်၊ သားသမီးများကိုဖျက်ဆီးကြပြီး၊ မိမိတို့လျစ်လျူရှုမှုကိုပြုပြင်ရန် မနှစ်မြို့စရာအလုပ်ကို ဆရာသမားတို့အားပေးကြသည်။ ထို့နောက် သူတို့ကိုယ်တိုင်လုပ်ဆောင်မှုကြောင့်၊ ဆရာသမား၏အလုပ်ကို မျှော်လင့်ချက်ကင်းမဲ့လုနီးပါးဖြစ်စေကြသည်။ ကျောင်း၏စီမံခန့်ခွဲမှုအပေါ် သူတို့၏ပြင်းထန်စွာဝေဖန်ပြစ်တင်မှုသည် ကလေးများ၌အမိန့်မနာခံခြင်းကိုအားပေးပြီး၊ မှားယွင်းသောအကျင့်ကိုခိုင်မြဲစေသည်။ {Ed 284.1}

အကယ်၍ ဆရာသမား၏လုပ်ရပ်သည် ဝေဖန်ရန် သို့မဟုတ် အကြံပြုရန် လိုအပ်လာလျှင်၊ သူနှင့်နှစ်ကိုယ်ကြားပြုရမည်။ ထိုသို့ပြု၍မထိရောက်ခဲ့လျှင်၊ ကျောင်း၏စီမံအုပ်ချုပ်ရေး၌ တာဝန်ရှိသောသူတို့အားပြောပြပါ။ ကလေးများ၏ကောင်းစားရေးတွင် အလွန်ကြီးမားစွာမှီခိုရသောဆရာသမားအပေါ် သူတို့၏ရှိသေလေးစားမှုလျော့နည်းစေမည့်အရာမပြောမဆိုရ၊ သို့မဟုတ်မပြုရချေ။ {Ed 284.2}

မိဘများက သားသမီးများ၏အကျင့်စာရိတ္တနှင့် သူတို့ကိုယ်ခန္ဓာထူးခြားချက်များ သို့မဟုတ် ချည့်နဲ့ခြင်းများကို ဆရာသမားကိုပြောပြလျှင်၊ သူ့အတွက်အထောက်အကူပြုလိမ့်မည်။ ဤအရာကိုမြောက်မြားစွာသောသူတို့သည် နားလည်သဘောပေါက်ခြင်းမရှိကြချေ။ များစွာသောမိဘတို့သည် ဆရာသမား၏အရည်အချင်း သို့တည်းမဟုတ် သူ၏အလုပ်တွင်သူနှင့်အတူပူးပေါင်းလုပ်ဆောင်ရန် စိတ်ဝင်စားမှုမရှိကြချေ။ {Ed 284.3}

မိဘများသည် ဆရာသမားနှင့်အကျွမ်းတဝင်မရှိသောကြောင့်၊ ဆရာသမားသည် မိဘများနှင့်အကျွမ်းတဝင်ရှိအောင်ကြိုးစားရန်မှာ သာ၍အရေးကြီးသည်။ သူသည် တပည့်များ၏အိမ်သို့လည်ပတ်၍၊ သူတို့ပတ်ဝန်းကျင်နှင့်၎င်း၏လွှမ်းမိုးမှုကို သိရှိနိုင်ရန်လုပ်ဆောင်ရမည်။ သူသည် တပည့်များ၏အိမ်သို့ကိုယ်တိုင်သူတို့နှင့်ထိတွေ့ခြင်းဖြင့် သူနှင့်မိမိတပည့်များအကြားခိုင်မာလာနိုင်ပြီး၊ သူတို့၏ခြားနားသောပင်ကိုစိတ်နှင့်စရိုက်များကို သာ၍အောင်မြင်စွာကိုင်တွယ်နိုင်ရန် သင်ယူနိုင်လိမ့်မည်။ {Ed 284.4}

ဆရာသမားသည် တပည့်များ၏အိမ်တွင်းပညာရေးကို စိတ်ဝင်စားလာသောအခါ၊ သူသည်နှစ်ဆသောအကျိုးအမြတ်ကို ဖန်တီးပေးရာရောက်သည်။ များစွာသောမိဘတို့သည် အလုပ်၌နှစ်နေကြကာ၊ မိမိတို့သားသမီးများအားအကောင်းဘက်မှ သြဇာလွှမ်းမိုးစေမည့်အခွင့်အရေးများကို မျက်ခြည်ပြတ်သွားကြသည်။ ဆရာသမားသည် ဤမိဘများအား သူတို့၏အလားအလာနှင့်အခွင့်အရေးများကို သတိပြုမိလာစေရန် များစွာလုပ်ဆောင်နိုင်သည်။ မိမိတို့သားသမီးများသည် လူတော်လူကောင်းဖြစ်လာ၍ အသုံးကျသောယောကျ်ားမိန်းမများဖြစ်လာစေမည့်အရေး အလွန်စိုးရိမ်၍၊ မိမိတို့တာဝန်သည် အလွန်လေးလံသည်ဟု ခံစားရသည့်အခြားသောသူတို့ကိုလည်း ဆရာသည်တွေ့ရလိမ့်မည်။ မကြာမကြာဆရာသမားသည်၊ ဤကဲ့သို့သောမိဘများ၏ဝန်ထုပ်ကိုကူထမ်းပေးနိုင်ပြီး၊ အကြံပေးခြင်းအားဖြင့်လည်းဆရာနှင့်မိဘတို့နှစ်ဦးနှစ်ဖက်တို့သည် အားတက်လာပြီးခွန်အားပြည့်လာလိမ့်မည်။ {Ed 284.5}

လူငယ်များ၏အိမ်တွင်းလေ့ကျင့်သင်ကြားမှုသည် တန်ဖိုးဖြတ်၍မရချေ။ ငယ်စဉ်တောင်ကျေးဘဝမှ ကလေးများအားအိမ်ထောင်စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်းများဖြစ်ကြကြောင်းကိုသိမြင်ခံစားစေရမည်။ ကလေးငယ်များပင်လျှင် နေ့စဉ်လုပ်ငန်း၌ပါဝင်လုပ်ဆောင်ရန် လေ့ကျင့်သင်ကြားပေးရမည်။ သူတို့၏ကူညီမှုသည် လိုအပ်ပြီးတန်ဖိုးရှိသည်ဟု သူတို့အားခံစားမိစေရမည်။ အရွယ်ရောက်လာသောအခါ သူတို့သည် မိဘများ၏လက်ထောက်များဖြစ်

လာပြီး၊ မိဘများ၏အစီအစဉ်များတွင်ဝင်ရောက်၍၊ သူတို့၏တာဝန်များနှင့်ဝန်ထုပ်များကိုမျှဝေထမ်းပေးရကြရမည်။ ဖခင်များနှင့်မိခင်တို့သည် မိမိတို့သားသမီးများကို သွန်သင်ရန်အချိန်ယူရမည်။ သူတို့၏အကူအညီကိုတန်ဖိုးထားကြောင်း၊ သူတို့၏ယုံကြစိတ်ချမှုကိုလိုချင်ကြောင်း၊ သူတို့နှင့်အတူရှိသည်ကိုပျော်ရွှင်ကြောင်း မိဘများကပြသပါစေ။ ထိုအခါ ကလေးများသည်မနှေးအမြန်တုံ့ပြန်ကြလိမ့်မည်။ မိဘတို့၏ဝန်ထုပ်သည် ပေါ့ပါးလာပြီး၊ သားသမီးများသည် တန်ဖိုးမဖြတ်နိုင်သောလက်တွေ့သင်တန်းကိုရရှိကြမည်။ ထို့ပြင်မက အိမ်ထောင်အတွင်း၌ ချစ်ခြင်းမေတ္တာခိုင်မာလာပြီး၊ အကျင့်စာရိတ္တ၏အုတ်မြစ်သည် နက်နဲခိုင်မြဲလာမည်။ {Ed 285.1}

ပူးပေါင်းလုပ်ဆောင်ခြင်းသည် ကျောင်းစာသင်ခန်း၏စိတ်ဓာတ်၊ စာသင်ခန်း၏စည်းမျဉ်းဖြစ်ရမည်။ မိမိကျောင်းသားများ၏ပူးပေါင်းဆောင်ရွက်မှုကိုရရှိသောဆရာသည် စည်းကမ်းကိုထိန်းသိမ်းရာတွင် အဖိုးမဖြတ်နိုင်သောထောက်ပံ့မှုကိုရရှိနေခြင်းဖြစ်သည်။ ကျောင်းခန်း၌စာသင်ချိန်တွင်၊ ဂနာမငြိမ်မှုကြောင့် ဆူဆူပူပူဖြစ်ခြင်းနှင့်အာခံခြင်းကိုဖြစ်စေသည့် များစွာသောယောကျ်ားလေးများသည် မိမိတို့၏မလိုလားအပ်သောအားထုတ်မှုအတွက်ထွက်ပေါက်ကိုရှာတွေ့သွားကြလိမ့်မည်။ ကြီးသောသူသည် ငယ်သောသူကိုလည်းကောင်း၊ အားကြီးသောသူသည် အားနည်းသောသူကိုလည်းကောင်းကူညီကြစေ။ ဖြစ်နိုင်သမျှ၊ အယောက်စီတိုင်းသည် သူကျွမ်းကျင်သောအရာ၌တစ်ခုခုကိုလုပ်ဆောင်ကြစေ။ ဤအရာသည် မိမိကိုယ်ကိုလေးစားခြင်းနှင့်အသုံးကျလိုစိတ်ကိုအားပေးသည်။ {Ed 285.2}

သမ္မာကျမ်းစာ၌သွန်သင်သကဲ့သို့၊ ပူးပေါင်းလုပ်ဆောင်ခြင်းသင်ခန်းစာကိုလေ့လာခြင်းသည် လူငယ်များ၊ မိဘများနှင့်ဆရာသမားများအတွက်အသုံးဝင်သည်။ ဥပမာ များစွာအထဲက တဲတော်တည်ဆောက်ရာတွင်၊ အကျင့်စာရိတ္တတည်ဆောက်ခြင်းဆိုင်ရာ သရုပ်ပြသင်ခန်းစာကိုတွေ့ရသည်။ "မိမိစိတ်နှလုံးနှိုးဆော်သောသူ၊ ကြည်ညိုသောစေတနာစိတ်သဘောရှိသော

သူအပေါင်းတို့သည်” (ထွက်မြောက်ရာ ၃၅:၂၁) စည်းလုံးကြသည်။ ဖမ်းချုပ်ခြင်းခံရသူထဲမှပြန်လာသောသူတို့သည် ဆင်းရဲခြင်း၊ အခက်အခဲနှင့်အန္တရာယ်များကြားမှယေရုရှလင်မြို့ရိုးကိုမည်သို့တည်ဆောက်ကြောင်းကိုဖတ်ပါ။ “တည်လုပ်သောသူတို့သည် စေတနာကြီးသောကြောင့်” (နေဟမိ ၄:၆) ကြီးမားသောလုပ်ငန်းသည် အောင်မြင်စွာပြီးစီးသွားခဲ့သည်။ လူအုပ်ကြီးကိုကျွေးမွေးရန်အတွက် ကယ်တင်ရှင်၏နိမိတ်လက္ခဏာပြုလုပ်ရာတွင် တပည့်တော်များလည်းပါဝင်ကြောင်းကို စဉ်းစားဆင်ခြင်ပါ။ ခရစ်တော်၏လက်တော်၌ မုန့်သည်ပွားများလာသည်။ သို့သော်လည်း တပည့်တော်များကမုန့်များကိုယူ၍၊ စောင့်နေသောလူအုပ်ကြီးအားဝေငှပေးခဲ့ကြသည်။ {Ed 286.1}

“ငါတို့သည် အချင်းချင်းအင်္ဂါချင်းဖြစ်ကြ၏” “သင်တို့သည် ဆုကျေးဇူးတော်ကိုအသီးအသီးခံကြရသည်နှင့်အညီ၊ ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်းဝေငှပေးကမ်းကြလော့။” ဧဖက် ၄:၂၅။ ၁ပေ ၄:၁၀။ {Ed 286.2}

ရှေးကရုပ်တုထုဆစ်သူတို့၏ပြောစကားမှတ်တမ်းတင်ထားသည့်အရာကို၊ ယနေ့အကျင့်စာရိတ္တတည်ဆောက်သောသူတို့က၊ သာ၍မြတ်သောရည်မှန်းချက်နှင့်အတူ ဆောင်ပုဒ်အဖြစ်လက်ခံရွေးချယ်ကြသည်။ {Ed 286.3}

“အိမ်နီးချင်းတစ်ယောက်ကိုတစ်ယောက်မစ၍၊ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက်၊ မစိုးရိမ်နှင့်ဟုဆိုကြ၏။” ဟေရှာယ ၄၁:၆။ {Ed 286.4}

***

# အခန်း ၃၄

# စည်းမျဉ်းစည်းကမ်း

ကလေးငယ်တစ်ဦးက လိုအပ်သည့်အလျင်ဦးဆုံးသောသင်ခန်းစာတစ်ခုမှာ နားထောင်ခြင်းသင်ခန်းစာဖြစ်သည်။ သူသည် ကျိုးကြောင်းသင့်ဆင်ခြင်နိုင်စွမ်းရှိသည့်အရွယ်မရောက်မီ၊ သူ့အားနားထောင်ခြင်းကို သင်ပေးနိုင်သည်။ ညင်သာပြီး၊ ဖွဲကောင်းကောင်းဖြင့် အကျင့်ဓလေ့ကိုတည်ဆောက်ရမည်။ ထို့ကြောင့် ကြီးမားသောအတိုင်းအတာတစ်ခုအထိ၊ မိဘများနှင့်ဆရာသမားများအပေါ် စိမ်းကားခြင်းနှင့်နာကြည်းခြင်းကိုလည်းကောင်း၊ လူသားနှင့်ဘုရားရှင်၏အခွင့်အာဏာအားလုံးကို အတိုက်အခံပြုခြင်းကိုလည်းကောင်းများစွာကိုဖြစ်စေသည့် ပဋိပက္ခများမှသူ့အားတားဆီးနိုင်လိမ့်မည်။ {Ed 287.1}

စည်းမျဉ်းစည်းကမ်း၏ရည်ရွယ်ချက်မှာ ကလေးသည် မိမိကိုယ်ကိုအုပ်ထိန်းနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည်။ သူ့အား မိမိကိုယ်ကိုအားကိုးခြင်းနှင့် မိမိကိုယ်ကိုထိန်းချုပ်ခြင်းတို့ကိုသင်ပေးရမည်။ ထို့ကြောင့် သူသည်နားလည်နိုင်စွမ်းရှိလာသောအခါ၊ သူ၏ကျိုးကြောင်းသင့်ဆင်ခြင်နိုင်စွမ်းကိုနားထောင်ခြင်းဘက်သို့ ဆွဲသွင်းရမည်။ သူ့အားလေ့ကျင့်သင်ကြားပေးမှုအားလုံးသည် တရားမျှတမှုရှိသောသူ၊ လက်တွေ့ကျသောသူဖြစ်လာစေလိုသောငှါ နားထောင်မှုရှိရန်ဖြစ်သည်။ အရာခပ်သိမ်းသည် စည်းမျဉ်းဥပဒေအောက်တွင်ရှိသောကြောင့်၊ နားမထောင်မှုသည် အဆုံးတွင် ဘေးဒုက္ခဆင်းရဲခြင်းသို့ပို့ဆောင်ကြောင်းကလေးကိုသိမြင်စေပါ။ ဘုရားသခင်က "မလုပ်ရ" ဟု တားမြစ်တော်မူရာတွင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဘေးအန္တရာယ်နှင့်ဆုံးရှုံးခြင်းမှ ကယ်တင်ရန်အလို့ငှာ၊ မေတ္တာဖြင့်နားမထောင်ခြင်း၏အကျိုးဆက်ကိုသတိပေးတော်မူခြင်းဖြစ်သည်။ {Ed 287.2}

မိဘများနှင့်ဆရာသမားများသည် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်ကြောင်းကို ကလေးများအားသိမြင်စေပါ။ သူတို့သည် ကိုယ်တော်နှင့်စိတ်သဘောထားညီညွတ်လာရာတွင်၊ အိမ်နှင့်ကျောင်းမှစည်းမျဉ်းစည်းကမ်းများသည် ကိုယ်တော်၏ဉစ္စာလည်းဖြစ်သည်။ ကလေးများသည် မိဘများနှင့်ဆရာသမားတို့၏စကားကို နားထောင်လာကြသောအခါ၊ သူတို့သည် ဘုရားသခင်၏စကားကိုလည်း နားထောင်လာကြသည်။ {Ed 287.3}

ကလေးငယ်၏ကြီးထွားလာမှုကို အတားအဆီးမဲ့လွှန်ကဲစွာစီမံခြင်းကို မိဘများနှင့်ဆရာသမားများက လေ့လာသုံးသပ်ကြရမည်။ ထိန်းချုပ်လွန်းခြင်းသည်ထိန်းချုပ်မှုမရှိခြင်းကဲ့သို့ပင်ဆိုးရွားသည်။ ကလေး၏စိတ်ဆန္ဒကိုရိုက်ချိုးရန်အားထုတ်ခြင်းမှာ ကြောက်မက်ဖွယ်အမှားဖြစ်သည်။ စိတ်ကိုခြားနားစွာဖွဲ့စည်းထားသည်။ အတင်းအကျပ်ပြုခြင်းသည် အပြင်ပန်းနားထောင်မှုကိုသေချာစေနိုင်သော်လည်း၊ များစွာသောကလေးများ၌မူ ပုန်ကန်လိုသောစိတ်ကိုသာ၍ဖန်တီးပေးသည်။ မိဘ သို့မဟုတ် ဆရာသမားသည်စိတ်ကြိုက်ထိန်းချုပ်နိုင်လျှင်ပင်၊ ရလဒ်မှာ ကလေးအတွက်အန္တရာယ်လျော့နည်းမသွားဘဲဖြစ်နိုင်သည်။ အသိဉာဏ်ဖွံ့ဖြိုးလာသောလူသားအတွက် စည်းမျဉ်းစည်းကမ်းသည် မိုက်မဲဆွံ့အသောတိရစ္ဆာန်ကို လေ့ကျင့်သင်ကြားပေးခြင်းနှင့်ခြားနားသည်။ သားရဲများကို မိမိသခင်ကိုနာခံရန်သာသင်ကြားပေးသည်။ သားရဲအတွက်သခင်သည်၎င်း၏စိတ်၊ ဆုံးဖြတ်ချက်နှင့်စိတ်ဆန္ဒပင်ဖြစ်သည်။ ဤနည်းလမ်းကိုတစ်ခါတစ်ရံကလေးများကို လေ့ကျင့်သင်ကြားပေးရာတွင်အသုံးပြုသောအခါ၊ သူတို့သည် စက်ရုပ်လူသားသာဖြစ်သည်။ စိတ်၊ လိုအင်ဆန္ဒနှင့်အသိတရားတို့သည် အခြားသူတစ်ဦး၏ထိန်းချုပ်မှုအောက်သို့ရောက်သွားသည်။ တစ်စုံတစ်ဦး၏စိတ်ကို စိုးမိုးခြယ်လှယ်ရန်မှာ ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်ချေ။ လူတစ်ယောက်၏ပင်ကိုလက္ခဏာကို အားနည်းစေသောသူများ သို့မဟုတ် ဖျက်ဆီးသူတို့သည် မကောင်းမှုကိုသာဖြစ်စေသည့်တာဝန်များကို လက်ခံယူသူများဖြစ်ကြသည်။ ထိန်းချုပ်မှုအောက်၌

ရှိနေစဉ်ကလေးများသည် ကောင်းမွန်စွာလေ့ကျင့်ပေးထားသော စစ်သားများကဲ့သို့မြင်ရနိုင်သည်။ သို့သော် ထိန်းချုပ်မှုရပ်တန့်သောအခါ၊ အကျင့်စာရိတ္တာတွင်ခွန်အားနှင့်တည်ကြည်ခိုင်မာမှုကင်းမဲ့သည်ကိုတွေ့ရလိမ့်မည်။ မိမိကိုယ်ကိုအုပ်ထိန်းရန် ဘယ်ခါမျှမသင်ယူခဲ့သောကြောင့်၊ လူငယ်တို့သည် မိဘများသို့မဟုတ် ဆရာသမားများ၏ပြဋ္ဌာန်းချက်မှလွဲ၍ အခြားထိန်းချုပ်မှုများကိုမသိကြတော့ချေ။ သူတို့အပေါ်ထိန်းချုပ်မှုကို ဖယ်ရှားလိုက်သောအခါ၊ သူတို့သည်မိမိတို့လွတ်လပ်မှုကို မည်သို့အသုံးချရမည်ကိုမသိတော့ဘဲ၊ မိမိပျက်စီးခြင်းကိုပို့ပေးမည့် မိမိအလိုလိုက်ခြင်းနောက်သို့ပါသွားလိမ့်မည်။ {Ed 288.1}

အခြားသောသူများထက်အချို့သောတပည့်များအတွက် စိတ်အလိုကိုငြင်းပယ်ရန် သာ၍များစွာခက်ခဲသောကြောင့်၊ ဆရာသမားကနားထောင်ခြင်းသည်ဖြစ်နိုင်သမျှလွယ်ကူအောင် လုပ်ဆောင်ရမည်။ စိတ်အလိုကိုလမ်းညွှန်ပေး၍၊ ပုံသွင်းပေးရမည်။ သို့သော်လျစ်လျူရှုပြီးမနင်းခြေရပါ။ စိတ်ဓါတ်ခွန်အားကိုသိမ်းဆည်းပါ။ ဘဝတိုက်ပွဲတွင် လိုအပ်လာလိမ့်မည်။ {Ed, 288.2}

ကလေးငယ်တိုင်းသည် စစ်မှန်သောစိတ်စွမ်းအားကို နားလည်ကြရမည်။ ဤဆုကျေးဇူး၌ပါဝင်သောတာဝန်သည် မည်မျှကြီးမားကြောင်းကိုသူတို့အားသိမြင်စေရမည်။ စိတ်စွမ်းအားသည် လူသား၏သဘောသဘာဝကိုလည်းကောင်း၊ ဆုံးဖြတ်ရွေးချယ်နိုင်စွမ်းကိုလည်းကောင်း ထိန်းချုပ်သောအစွမ်းတန်ခိုးဖြစ်သည်။ ကျိုးကြောင်းသင့်ဆင်ခြင်နိုင်သောလူသားတိုင်းသည်အမှန်တရားကိုရွေးချယ်နိုင်သော အစွမ်းရှိသည်။ ဘဝအတွေ့အကြုံတိုင်းတွင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အားပြောနေသည်မှာ "အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့" (ယောရှု ၂၄း၁၅) ဟူ၍ဖြစ်သည်။ လူတိုင်းသည် မိမိစိတ်အလိုကို ဘုရားသခင်၏အလိုတော်ဘက်သို့ထားရှိ၍၊ ကိုယ်တော်၏စကားကိုနားထောင်ရန်ရွေးချယ်နိုင်သည်။ မိမိကိုယ်ကို ဘုရားရှင်၏ကိုယ်စားလှယ်တော်များနှင့်ဆက်သွယ်ခြင်းအားဖြင့်၊ မကောင်းမှုကိုမိမိအား အတင်းအကျပ်လုပ်ဆောင်စေမည့်အရာမရှိ

သည့်နေရာတွင်ရပ်နေနိုင်သည်။ ဘုရားသခင်၏မစခြင်းအားဖြင့် ရိုးသား ဖြောင့်မတ်သောအကျင့်စာရိတ္တတည်ဆောက်ရန်နှင့် အသုံးကျသောအသက်တာ ဖြင့်အသက်ရှင်နိုင်ရန်၊ လူငယ်တိုင်း၊ ကလေးတိုင်းတွင်အစွမ်းတန်ခိုးရှိနေသည်။ {Ed 289.1}

ထိုသို့သောသင်ကြားမှုဖြင့် ကလေးကိုလေ့ကျင့်သင်ကြားပေးသော မိဘ သို့မဟုတ် ဆရာသမားသည် အသုံးအကျဆုံးသောသူနှင့်အမြဲတမ်း အောင်မြင်သောသူဖြစ်လိမ့်မည်။ အပေါ်ယံကိုသာကြည့်သောသူအတွက် သူ၏လုပ်ဆောင်မှုသည် အကောင်းဆုံးသောအကျိုးအမြတ်ကဲ့သို့ပေါ်လွင် မည်မဟုတ်ချေ။ အကြွင်းမဲ့အာဏာအောက်တွင် ကလေးငယ်၏စိတ်နှင့်လိုအင် ဆန္ဒကို ကိုင်စွဲသောသူကဲ့သို့ သူတို့သည်တန်ဖိုးထားခြင်းခံရကောင်းခံရလိမ့် မည်။ သို့ရာတွင် နှစ်ပေါင်းကြာလာသောအခါ သာ၍ကောင်းသော သင်ကြားမှုနည်းလမ်း၏ရလဒ်သည် ပေါ်လာလိမ့်မည်။ {Ed 289.2}

ပညာရှိသောဆရာသမားသည် မိမိတပည့်များကိုကိုင်တွယ်ရာတွင် မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကိုအားပေးပြီး၊ ဂုဏ်သိက္ခာရှိလိုစိတ်ခိုင်မာစေသည်။ ကလေးများနှင့်လူငယ်တို့ကို ယုံကြည်အားကိုးခြင်းအားဖြင့် အကျိုး ရရှိကြသည်။ ကလေးငယ်များပင်အပါအဝင်၊ များစွာသောသူတို့သည် ဂုဏ်သိက္ခာရှိလိုစိတ်မြင့်မားစွာရှိကြသည်။ လူအားလုံးသည် ယုံကြည်စိတ်ချမှု နှင့်ရိုသေသမှုတို့ဖြင့်ဆက်ဆံရန်အလိုရှိကြသည်။ ဤအရာသည် သူတို့၏အခွင့် အရေးပင်ဖြစ်သည်။ သူတို့အားမစောင့်ကြည့်ဘဲ ဝင်ထွက်မသွားလာနိုင်ဟူ သောခံစားချက်မျိုးသူတို့၌မရှိစေရပါ။ မယုံသင်္ကာမှုသည် စိတ်ဓါတ်ကျဆင်း စေပြီး၊ ၎င်းကကာကွယ်ရမည့်ထိုမကောင်းမှုများကို ဖြစ်ပေါ်စေသည်။ မကောင်းမှုဖြစ်မည်ကို စိတ်မချသည့်အလား အမြဲစောင့်ကြည့်နေမည့်အစား၊ မိမိတို့တပည့်များနှင့်အမြဲတမ်းထိတွေ့နေသော ဆရာသမားများသည် စိတ် ဂနာမငြိမ်မှု၏လုပ်ဆောင်မှုများကို ရိပ်စားမိကြမည်ဖြစ်၍၊ မကောင်းမှုကိုတိုက် ဖျက်မည့်အရာများကိုလုပ်ဆောင်လိမ့်မည်။ လူငယ်တို့ကို သူတို့အားယုံကြည်

ကိုးစားကြောင်းသိမြင်ခံစားစေပါ။ မိမိတို့ကိုယ်ကိုယုံကြည်ကိုးစားထိုက်သူများဖြစ်ရန် အားမထုတ်မည့်သူအနည်းငယ်ရှိသည်။ {Ed 289.3}

စည်းမျဉ်းတစ်ခုတည်း၌ပင်အမိန့်ပေးခြင်းထက် မေတ္တာရပ်ခံခြင်းသည် သာ၍ကောင်းသည်။ ထို့ကြောင့်တစ်စုံတစ်ဦးသည် မှန်ကန်သောစည်းမျဉ်းများကိုလိုက်လျှောက်ကြောင်း မိမိကိုယ်ကိုသက်သေပြရမည့်အခွင့်အရေးရှိသည်။ သူ၏နားထောင်မှုသည် မလုပ်မနေလုပ်ရခြင်းမျိုးမဟုတ်ဘဲ၊ ရွေးချယ်မှု၏ရလဒ်ပင်ဖြစ်သည်။ {Ed 290.1}

ကျောင်းစာသင်ခန်းထဲက စည်းမျဉ်းစည်းကမ်းများသည်၊ ဖြစ်နိုင်သရွေ့၊ ကျောင်း၏အာဘော်ကိုကိုယ်စားပြုရမည်။ စည်းမျဉ်းတိုင်းကိုကျောင်းသားများရှေ့၌ချပြပြီး၊ ထိုသို့ဖြင့်သူတို့သည် တရားမျှတမှုရှိကြောင်းကိုလက်ခံယုံကြည်လိမ့်မည်။ ထိုအခါ မိမိကိုယ်တိုင်ပါဝင်ရေးဆွဲသောစည်းမျဉ်းစည်းကမ်းကိုလိုက်လျှောက်ရမည့်တာဝန်ရှိသည်ဟုခံစားလိမ့်မည်။ {Ed 290.2}

စည်းကမ်းသည် နည်းနည်းဖြင့်စေ့စေ့စပ်စပ်သုံးသပ်ထားသောအရာဖြစ်ရမည်။ စည်းကမ်းကိုတစ်ကြိမ်ချမှတ်ပြီးလျှင်၊ တည်စေရမည်။ ပြောင်းလဲ၍မရနိုင်ဟူ၍တွေ့မြင်ရသမျှကို စိတ်သည်လက်ခံရန်သင်ယူပြီး၊ ၎င်းတို့နှင့်လိုက်ဖက်ညီစေသည်။ သို့သော် အလိုလိုက်ခံရနိုင်ခြေရှိခြင်းသည် စိတ်ဆန္ဒ၊ မျှော်လင့်ချက်နှင့်မသေချာမှုများကိုဖြစ်ပေါ်စေပြီး၊ ဂနာမငြိမ်ခြင်း၊ စိတ်ဆိုးမာန်ဆိုးဖြစ်ခြင်းနှင့်အာဏာဖီဆန်ခြင်းတို့ကို အကျိုးဆက်ရရှိစေသည်။ {Ed 290.3}

ဘုရားသခင်၏အုပ်စိုးမှုသည် မကောင်းမှုနှင့်အပေးအယူမလုပ်ကြောင်းကိုရှင်းလင်းရမည်။ အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေနားမထောင်မှုကိုသည်းမခံရပါ။ မိမိစောင့်ရှောက်မှုအောက်၌ရှိသောသူတို့၏ကောင်းစားရေးကိုစိတ်နှလုံးထဲ၌ထားရှိသောမိဘ သို့မဟုတ် ဆရာသည်၊ နားမထောင်မှုကိုရှောင်လွှဲရလေအောင်အာဏာကိုဖီဆန်သည့် သို့မဟုတ် ကလိမ်ဉာဏ်ကျင့်သုံးသည့်ခေါင်းမာစွာမိမိအလိုလိုက်ခြင်းကို လက်ခံကြလိမ့်မည်မဟုတ်ချေ။ ဤအရာသည်

ချစ်ခြင်းမဟုတ်ဘဲ၊ အမှားပြုခြင်း၊ မလိမ့်တပတ်ပြုသည့်စိတ်ကူးယဉ်ဆန်မှု၊ ချော့မော့လာတတ်ထိုးခြင်းဖြင့် အလျှော့ပေးရန်ကြိုးပမ်းခြင်းသာဖြစ်သည်။ အဆုံးတွင်လိုအပ်သည့်အရာအစား အခြားသောအရာဖြင့်အစားထိုးရန် လက်ခံလာလိမ့်မည်။ {Ed 290.4}

"မိုက်သောသူတို့သည် ဒုစရိုက်အပြစ်ကိုမထီလေးစားပြုကြ၏" သုတ္တံကျမ်း ၁၄း၉။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကိုပေါ့ပေါ့တန်တန်မထားရန် သတိပြုရမည်။ အမှားပြုလုပ်သောသူအပေါ်၌ ၎င်း၏အစွမ်းတန်ခိုးသည် ကြောက်မက်ဖွယ်ကောင်းလှသည်။ "အဓမ္မလူသည် မိမိပြုသောဒုစရိုက်အပြစ်ဖြင့်ဖမ်းမိခြင်း၊ မိမိအပြစ်ကြိုးတို့ဖြင့်ချည်နှောင်ခြင်းကိုခံရလိမ့်မည်။ သုတ္တံကျမ်း ၅း၂၂။ ကလေးငယ် သို့မဟုတ် လူငယ်အပေါ်တွင် ပြုမိသောအကြီးမားဆုံးအမှားသည် မကောင်းသောအကျင့်၏ချုပ်နှောင်ခြင်း၌ စွဲမြဲလာစေခြင်းပင်ဖြစ်သည်။ {Ed 291.1}

လူငယ်တို့သည် လွတ်လပ်မှုကိုမွေးရာပါနှစ်သက်ကြသည်။ လွတ်မြောက်ခြင်းကိုလိုလားကြသည်။ ဘုရားသခင်၏ပညတ်ချက်များကို လိုက်နာခြင်းအားဖြင့်သာလျှင် ခံစားရမည့်မခန့်မှန်းနိုင်သောကောင်းချီးများကို သူတို့နားလည်ရန်လိုအပ်သည်။ ဤပညတ်ချက်မှာ စစ်မှန်သောလွတ်မြောက်ခြင်းနှင့်လွတ်လပ်မှုတို့ကို ကာကွယ်ထိန်းသိမ်းပေးသောအရာဖြစ်သည်။ ၎င်းသည် အရှက်ရစေ၍ ထိန်းချုပ်ခြင်းပြုမည့်အရာများကိုညွှန်ပြပြီး၊ တားမြစ်သည်။ ထို့ကြောင့် နားထောင်ခြင်းသည် မကောင်းမှု၏တန်ခိုးမှ ကာကွယ်ပေးသည်။ {Ed 291.2}

ဆာလံဆရာသည် "ပေးတော်မူသောဩဝါဒများကို အကျွန်ုပ်ရှာဖွေမေးမြန်းသည်ဖြစ်၍၊ အဆီးအတားမရှိဘဲ သွားလာရပါ၏။" "သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်မွေ့လျော်ရာ အကျွန်ုပ်တိုင်ပင်ရာဖြစ်ကြပါ၏" ဆာလံ ၁၁၉း၄၅၊ ၂၄။ {Ed 291.3}

ကျွန်ုပ်တို့သည် အမှားကိုပြုပြင်ရာတွင်၊ အပြစ်ရှာခြင်း သို့မဟုတ် ဝေဖန်ခြင်းတို့ကို ရှောင်ရှားရမည်။ ထပ်တလဲလဲပြစ်တင်ဝေဖန်ခြင်းသည် စိတ်ရှုပ်ထွေးစေပြီး၊ ပြုပြင်ပြောင်းလဲမှုမဖြစ်လာစေပါ။ များစွာသောသူများနှင့် စိတ်သဘောထားကောင်းသောသူများတို့ကိုပင်လျှင် ပစ်ပစ်ခါခါဝေဖန်ခြင်းသည် ဆိုးဆိုးရွားရွားအားထုတ်မှုပင်ဖြစ်သည်။ ပန်းများသည် ဖျက်ဆီးသည့်လေတိုက်ခိုက်မှုအောက်တွင် ပွင့်အာမလာချေ။ {Ed 291.4}

အမှားတစ်ခုကြောင့် မကြာခဏပြစ်တင်ခြင်းခံရသောကလေးငယ်သည် ထိုအမှားကို မိမိ၏တစ်မူထူးခြားမှု၊ ကြိုးစားအားထုတ်သင့်သည့်အရာမဟုတ်ဟု မှတ်ယူလာမည်။ ထိုသို့ဖြင့် စိတ်ဓာတ်ကျခြင်းနှင့်မျှော်လင့်ချက်ကင်းမဲ့လာ၍၊ ဥပေက္ခာပြုခြင်း သို့မဟုတ် ထိရောက်မှုမရှိသောလုပ်ဆောင်မှုများအောက်တွင် ပုံးကွယ်နေလိမ့်မည်။ {Ed 291.5}

စစ်မှန်သောပြစ်တင်ဆုံးမစကား၏ရည်ရွယ်ချက်ကို၊ အမှားပြုသောသူကိုယ်တိုင်အား မိမိအမှားကိုသိမြင်စေပြီး၊ ပြုပြင်ခြင်းကိုခံလိုသောဆန္ဒရှိသည့်အခါမှသာလျှင်ရရှိသည်။ ဤအရာ ဤသို့ဖြစ်မြောက်စေပြီးနောက်၊ သူ့အားခွင့်လွှတ်ခြင်းနှင့်အစွမ်းတန်ခိုး၏အရင်းအမြစ်ကိုညွှန်ပြပါ။ သူ၏သိက္ခာကိုဆယ်ပေးရန်နှင့် သူ့အားခွန်အားနှင့်မျှော်လင့်ချက်များ စိတ်ထဲတွင်ပေါ်လာစေရန်ကြိုးစားရာကြပါ။ {Ed 291.6}

ဤအလုပ်မှာလူသားများအားပေးအပ်သည့် အကောင်းဆုံးနှင့်အခက်ခဲဆုံးသောအရာဖြစ်သည်။ ဤအလုပ်တွင် အနူးညံ့ဆုံးသောပါးနပ်မှု၊ အကောင်းဆုံးသောစိတ်နှလုံး၊ လူ့သဘောသဘာဝကိုနားလည်ခြင်း၊ ဘုရားပေးသောယုံကြည်ခြင်းနှင့်စိတ်ရှည်ခြင်း၊ လုပ်ဆောင်လိုစိတ်၊ စောင့်ကြည့်လိုစိတ်နှင့်စောင့်ဆိုင်းလိုစိတ် စသည့်များလိုအပ်သည်။ ဤအလုပ်ထက် မည်သည့်အရာကမျှသာ၍အရေးမကြီးနိုင်ချေ။ {Ed 292.1}

သူတစ်ပါးကိုထိန်းချုပ်လိုသောသူတို့သည် မိမိတို့ကိုယ်ကိုရှေးဦးစွာထိန်းချုပ်ရမည်။ ကလေး သို့မဟုတ် လူငယ်ကိုအပြင်းအထန်ဆက်ဆံလျှင်

သူ၏ဒေါသကိုဆွပေးခြင်းသာဖြစ်လိမ့်မည်။ မိဘ သို့မဟုတ် ဆရာသည် သည်းမခံနိုင်ဖြစ်လာ၍၊ မဆင်မခြင်စကားပြောလာမည့် စိုးရိမ်ဖွယ်ဖြစ်လာလျှင်၊ သူသည် ရေငုံနှုတ်ပိတ်နေပါစေ။ ဆိတ်ဆိတ်နေခြင်း၌အံ့ဖွယ်အစွမ်းရှိသည်။ {Ed 292.2}

ဆရာသမားသည် ကကြိုကကြောင်နိုင်သောပင်ကိုစရိုက်နှင့်ခေါင်းမာသောစိတ်တို့ကိုရင်ဆိုင်ရန် မျှော်လင့်ထားရမည်။ သို့သော်လည်း သူတို့ကိုကိုင်တွယ်ရာတွင်၊ သူကိုယ်တိုင်သည် တစ်ချိန်ကစည်းမျဉ်းစည်းကမ်းဖြင့်အုပ်ထိန်းရန် လိုအပ်သောကလေးတစ်ယောက်ဖြစ်ခဲ့ကြောင်းကို ဘယ်ခါမျှမမေ့ရချေ။ ယခုအချိန်၌ပင်၊ သူသည်အသက်ရလာ၍၊ ပညာရေးနှင့်အတွေ့အကြုံများရှိလာသော်လည်း၊ မကြာခဏမှားတတ်ပြီး၊ သက်ညှာမှုနှင့်စိတ်ရှည်သည်းခံခြင်းလိုအပ်လျက်ရှိသည်။ လူငယ်များကို လေ့ကျင့်သင်ကြားပေးရာတွင်၊ သူသည် မိမိနှင့်အလားတူမကောင်းမှုဘက်သို့တိမ်းညွတ်နေသောသူတို့အား ကိုင်တွယ်နေသည်ကိုစဉ်းစားဆင်ခြင်ရမည်။ သူတို့သည် အရာရာအားလုံးနီးပါးကို သင်ယူကြရမည်။ အချို့တို့သည် အခြားသူများထက်သင်ယူမှုတွင်သာ၍များစွာခက်ခဲသည်။ သူသည် ဉာဏ်ထိုင်းသောတပည့်အပေါ်သည်းခံစိတ်ရှည်ရမည်။ သူ၏မသိနားမလည်မှုကို ပြစ်တင်ဝေဖန်ခြင်းမပြုဘဲ၊ သူ့ကိုအားပေးနိုင်မည့်အခွင့်အရေးမှန်သမျှကို တိုးတက်စေရမည်။ စိတ်ထိခိုက်လွယ်ပြီးကြောက်ရွံ့တတ်သောတပည့်များကို အလွန်ကြင်ကြင်နာနာဖြင့်ဆက်ဆံရမည်။ မိမိကိုယ်တိုင်၏မပြည့်စုံခြင်းကို နားလည်ခံယူတတ်ခြင်းသည် အခက်အခဲများနှင့်ရုန်းကန်နေရသောသူတို့အပေါ် အမြဲစာနာခြင်းနှင့်စိတ်ရှည်သည်းခံခြင်းရှိလိမ့်မည်။ {Ed 292.3}

ကယ်တင်ရှင်၏ "သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသည်အတိုင်း သူတစ်ပါး၌ပြုကြလော့" (လုကာ ၆း၃၁) ဟူသောပညတ်ချက်သည် ကလေးများနှင့်လူငယ်တို့ကို လေ့ကျင့်သင်ကြားပေးရာတွင် တာဝန်ခံသောသူအားလုံး၏ပညတ်ချက်ဖြစ်ရမည်။ သူတို့သည် ဘုရားသခင်၏မိသားစုမှ

ငယ်ရွယ်သူများဖြစ်ကြ၍၊ ကျေးဇူးတော်ကိုကျွန်ုပ်တို့နှင့်အတူ အမွေခံသူများ ဖြစ်ကြသည်။ ခရစ်တော်၏ပညတ်ကို အထုံထိုင်းဆုံးသောသူ၊ အသက် အငယ်ဆုံးသောသူ၊ အဆိုးဝါးဆုံးသောအမှားပြုသောသူ၊ ပုန်ကန်တတ်သောသူ တို့အပေါ်တွင် အလေးထားလိုက်နာရမည်။ {Ed 292.4}

ဤပညတ်ချက်သည် ဆရာအား ဖြစ်နိုင်သရွေ့တပည့်၏အမှားကို လူပုံအလယ်၌ အရှက်ခွဲခြင်းမှရှောင်ရှားစေလိမ့်မည်။ သူသည် အခြားသူများ ရှေ့တွင်ပြစ်တင်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းကို ကြိုးစားရှောင်လိမ့်မည်။ တပည့်၏ပြုပြင်ပြောင်းလဲခြင်းအတွက် အစွမ်းကုန်ကြိုးစားအားထုတ်မှုမရှိမချင်း ကျောင်းသားကိုထုတ်ပစ်မည်မဟုတ်ချေ။ သို့သော် ကျောင်းသားသည်ပြုပြင် လိုစိတ်မရှိကြောင်း သက်သေထင်ရှားလာ၍၊ သူ၏အာဏာဖီဆန်မှု သို့မဟုတ် ဂရုမစိုက်ခြင်းသည် ကျောင်းအုပ်ချုပ်ရေးကို တိုက်ခိုက်လာပြီး၊ သူ၏ဩဇာ လွှမ်းမိုးမှုသည် အခြားသူများထိခိုက်နစ်နာစေလာသောအခါ၊ သူ့ကိုထုတ် ပစ်ရန်လိုအပ်လာသည်။ သို့သော်အများသောသူမူကား လူပုံအလယ်ထုတ် ပစ်ခြင်းဖြင့်အရှက်ရခြင်းသည် လုံးလုံးမဆင်မခြင်ပြုခြင်းနှင့်ပျက်စီးခြင်းကိုပို့ ဆောင်လိမ့်မည်။ ကိစ္စအများစုတွင်မလွဲမရှောင်သာ ကျောင်းထုတ်ရသောအခါ၊ အများရှေ့တွင်ပြုလုပ်ရန်မလိုအပ်ချေ။ မိဘများနှင့်အကြံပြုခြင်းနှင့်ပူးပေါင်း လုပ်ဆောင်ခြင်းအားဖြင့်၊ ဆရာသည် ကျောင်းသားနုတ်ထွက်ခြင်းအတွက် သိုသိုသိပ်သိပ်စီစဉ်ပါစေ။ {Ed 293.1}

လူငယ်များအတွက် အထူးအန္တရာယ်များသောယခုချိန်တွင်၊ စုံစမ်း ခြင်းသည် သူတို့ကိုပတ်လည်ဝိုင်းနေသည်။ ထို့ကြောင့် အလွယ်တကူမျော ပါသွားနိုင်သည်ဖြစ်ရာ၊ ရေကိုဆန်တက်နိုင်ဖို့ရန် အပြင်းထန်ဆုံးအားထုတ် ရန်လိုအပ်သည်။ ကျောင်းတိုင်းသည် လူငယ်များအတွက် "ခိုလှုံရာမြို့၊" သူတို့၏မိုက်မဲမှုများကို စိတ်ရှည်စွာဖြင့်ပညာသားပါပါကိုင်တွယ်ရမည့်နေရာ ဖြစ်သည်။ မိမိတို့တာဝန်များကိုနားလည်သောဆရာများသည် ဖွတ်တရွတ် နိုင်သော၊ နားကောက်သောသူတို့ကိုအောင်မြင်စွာကိုင်တွယ်ခြင်းကို ဟန့်တား

မည့်အရာမှန်သမျှကို မိမိတို့စိတ်နှလုံးနှင့်အသက်တာမှဖယ်ထုတ်ကြလိမ့်မည်။ ချစ်ခြင်းနှင့်သိမ်မွေ့ခြင်း၊ သည်းခံစိတ်ရှည်ခြင်းနှင့်မိမိကိုယ်ကိုထိန်းချုပ်ခြင်းတို့သည် သူတို့ပြောသောစကားကိုအမြဲထိန်းကျောင်းပေးလိမ့်မည်။ ခွင့်လွှတ်ခြင်းနှင့်ကရုဏာတို့သည် တရားမျှတခြင်းနှင့်အတူရောသွားလိမ့်မည်။ ပြစ်တင်ဆုံးမရန်လိုအပ်လာသောအခါ၊ သူတို့သည် စကားချဲ့ပြောဆိုခြင်းမရှိဘဲ၊ နှိမ့်ချကြလိမ့်မည်။ သူတို့သည် သိမ်မွေ့စွာဖြင့် အမှားပြုသူအားသူ၏အမှားကိုချပြပြီး၊ သူ့ကိုယ်သူဣန္ဒြေဆည်နိုင်ရန်ကူညီလိမ့်မည်။ စစ်မှန်သောဆရာသည် အမှားပြုမိသည်ရှိသော်၊ စေတနာအမှားဖြစ်ကသာ၍ကောင်းသည်။ {Ed 293.2}

ပြုပြင်မရနိုင်ဟုယူဆရသည့်များစွာသောလူငယ်တို့သည် သူတို့အားယူဆသကဲ့သို့ မခဲယဉ်းလွန်းချေ။ မျှော်လင့်ခြင်းမရှိဟု မှတ်ယူရသည့်များစွာသောသူတို့သည် ပညာသားပါသောစည်းမျဉ်းဖြင့်ပြန်လည်ပြုပြင်၍ရနိုင်သည်။ မကြာမကြာကြင်နာမှုအောက်တွင် အရည်ပျော်လုနီးနီးဖြစ်နေသည့်သူများရှိသည်။ ဆရာသမားသည် ဖြားယောင်းခြင်းခံရသောသူ၏ယုံကြည်စိတ်ချမှုကိုရယူပါစေ။ သူ၏အကျင့်စာရိတ္တတွင် ကောင်းသောအရာကိုအသိအမှတ်ပြု၍၊ တိုးတက်စေခြင်းအားဖြင့်၊ ဆရာသည်ကိစ္စအတော်များများတွင် မကောင်းမှုကိုအာရုံစိုက်ခြင်းမပြုဘဲ၊ ပြုပြင်နိုင်သည်။ {Ed 294.1}

ဘုရားရှင်ဆရာတော်ကြီးသည် မှားယွင်းသူတို့နှင့်၎င်းတို့၏ပေကတ်ကတ်နိုင်ခြင်းကိုသည်းခံတော်မူသည်။ သူ၏ချစ်ခြင်းသည် အေးစက်မသွားချေ။ ဆန့်တန်းသောလက်တော်ဖြင့် မှားယွင်းသောသူ၊ ပုန်ကန်သောသူ၊ ဖေါက်ပြန်သောသူကိုပင်လျှင် အကြိမ်ကြိမ်ကြိုဆိုရန်စောင့်ဆိုင်းတော်မူသည်။ အကြမ်းပတမ်းဖြစ်သွားနိုင်သည့် ကလေးငယ်၏အကူအညီမဲ့နေမှုသည် သူ၏စိတ်တော်ကိုထိခိုက်စေသည်။ လူသားတို့၏ငိုကြွေးခြင်းသည် သူ၏နားတော်သို့အချည်းနှီးရောက်သွားခြင်းမရှိချေ။ သူ၏ရှေ့တော်မှောက်တွင် လူအားလုံးသည် တန်ဖိုးရှိသော်လည်း၊ ကြမ်းသောစိတ်၊ သုန်မှုန်နေသောစိတ်၊ ခေါင်းမာသောစိတ်တို့သည် ကိုယ်တော်၏သနားခြင်းနှင့်မေတ္တာကို အများဆုံး

လိုအပ်သည်။ အကြောင်းမှာ ကိုယ်တော်သည် အကြောင်းနှင့်အကျိုးဇာစ်မြစ်ကိုလိုက်သည်။ ဖြားယောင်းရန်အလွယ်ကူဆုံးသောသူသည် အမှားပြုရန်အတိမ်းညွတ်ဆုံးသောသူဖြစ်ကာ၊ ကိုယ်တော်၏အထူးဆုတောင်းပေးသောသူဖြစ်သည်။ {Ed 294.2}

မိဘတိုင်းနှင့်ဆရာသမားတိုင်းသည် ဖိနှိပ်ခံရသူ၊ ဝေဒနာခံရသူ၊ ဖြားယောင်းခြင်းခံရသူတို့၏အရေးကို မိမိဥစ္စာအဖြစ်ခံယူတော်မူသောသူ၏ ပင်ကိုလက္ခဏာကိုရင်ဝယ်ပိုက်ထားရမည်။ “ကိုယ်တိုင်နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍၊ မိုက်သောသူ၊ မှားယွင်းသောသူတို့ကို သည်းခံခြင်းငှါတတ်နိုင်” (ဟေဗြဲ ၅း၂) သောသူဖြစ်ရမည်။ ယေရှုသည် ကျွန်ုပ်တို့ကို ထိုက်တန်သည်ထက် သာလွန်ကောင်းမွန်စွာပြုမူဆက်ဆံတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုဆက်ဆံသကဲ့သို့၊ ကျွန်ုပ်တို့သည် သူတစ်ပါးကိုဆက်ဆံရမည်။ တူညီသောအခြေအနေအောက်တွင် ကယ်တင်ရှင်ကလုပ်ဆောင်မည့်ပုံစံနှင့် တူအောင်မလုပ်ဆောင်ပါက၊ မိဘ သို့မဟုတ် ဆရာသမား၏ဆောင်ရွက်ပုံသည်မှန်ကန်ကြောင်းပြသနိုင်မည်မဟုတ်ချေ။ {Ed 294.3}

## *အသက်တာ၌စည်းကမ်းကိုရင်ဆိုင်ခြင်း*

အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်းအပြင်၊ လူအားလုံးသည် အသက်တာ၌ တင်းကျပ်သောစည်းကမ်းကိုရင်ဆိုင်ကြရမည်။ ဤအရာကိုမည်သို့ပညာရှိရှိရင်ဆိုင်ရမည်ဟူသောသင်ခန်းစာကို ကလေးတိုင်း၊ လူငယ်တိုင်းကိုရှင်းပြပေးရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ကြောင်း၊ ကျွန်ုပ်တို့ပျော်ရွှင်မှုအတွက် လုပ်ဆောင်တော်မူကြောင်းမှာမှန်ကန်ပါသည်။ ထိုသို့ဆိုရာတွင်၊ အကယ်၍ကိုယ်တော်၏ပညတ်ချက်ကိုလိုက်လျှောက်လျှင်၊ ကျွန်ုပ်တို့သည်ဘယ်ခါမျှဝေဒနာခံစားရမည်မဟုတ်ချေ။ ဤကမ္ဘာပေါ်တွင် အပြစ်၏အကျိုးဆက်ကြောင့် လူတိုင်းထံသို့ဆင်းရဲဒုက္ခနှင့်ဝန်ထုပ်ဝန်ပိုးများ ရောက်ရှိလာသည်မှာလည်းမှန်ကန်ပါသည်။ ကလေးများနှင့်လူငယ်တို့ကိုဤဒုက္ခများနှင့်

ဝန်ထုပ်ဝန်ပိုးများကို ရဲရင့်စွာရင်ဆိုင်နိုင်ရန် တစ်ဘဝစာကျွန်ုပ်တို့သင်ပေးနိုင်သည်။ ကျွန်ုပ်တို့သည် သူတို့ကိုညှာတာထောက်ထားသော်လည်း၊ မိမိကိုယ်ကိုသနားခြင်းမျိုးကို ဘယ်ခါမျှအားမပေးရပါ။ သူတို့လိုအပ်သောအရာမှာ အားပျော့စေသောအရာမဟုတ်ဘဲ၊ တက်ကြွစေသောအရာ၊ အားဖြည့်သောအရာဖြစ်သည်။ {Ed 295.1}

ဤလောကသည် လမ်းသလားရာမြေပြင်မဟုတ်ဘဲ၊ စစ်မြေပြင်ဖြစ်ကြောင်းကို သူတို့အားသင်ပေးရမည်။ လူသားအားလုံးသည် ကောင်းသောစစ်သည်ကဲ့သို့ အခက်အခဲကိုကြံ့ကြံ့ခံရန်ဖြစ်သည်။ သူတို့သည် ယောကျ်ားဆန်ဆန်ကြံ့ခိုင်ပြီး၊ မိမိတို့ကိုယ်ကိုပယ်ထုတ်ရမည်။ အကျင့်စာရိတ္တကိုအမှန်စစ်သောအရာမှာ လောကီဆိုင်ရာအသိအမှတ်ပြုခြင်း၊ သို့မဟုတ် ဆုလာဘ်ကိုမရသော်လည်း ဝန်ထုပ်ဝန်ပိုးကိုထမ်းလိုခြင်း၊ ခက်ခဲသောနေရာကိုယူလိုခြင်း၊ ဆောင်ရွက်ရမည့်အလုပ်ကိုလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ {Ed 295.2}

စစ်ဆေးစမ်းသပ်မှုကို မှန်ကန်သောကိုင်တွယ်နည်းမှာ ရှောင်ထွက်သွားရန်ကြိုးစားခြင်းမဟုတ်ဘဲ၊ ၎င်းကိုပြုပြင်ပြောင်းလဲခြင်းအားဖြင့်သာဖြစ်သည်။ ဤအရာသည် အစောပိုင်း၌ဖြစ်စေ၊ နောက်ပိုင်း၌ဖြစ်စေ၊ စည်းကမ်းအားလုံးအပေါ်အကျုံးဝင်သည်။ ကလေးငယ်ရွယ်စဉ်ကသင်ကြားပေးရန်ပျက်ကွက်ခြင်း၊ မှားယွင်းတတ်မှုကိုအားကောင်းစေခြင်း၏ရလဒ်တို့ကြောင့်၊ ကလေး၏နောက်ပိုင်းပညာရေးသည်သာ၍ခက်ခဲလာပြီး၊ စည်းကမ်းလိုက်နာရန်ခက်ခဲလာသည်။ ကြားကာလတွင် သဘာဝလိုအင်ဆန္ဒကြောင့်နာကျင်မည်မှန်သော်လည်း၊ နာကျင်မှုသည် အသာစံသောအခါပျောက်ကွယ်သွားလိမ့်မည်။ {Ed 295.3}

ကလေးများနှင့်လူငယ်တို့အား အောင်နိုင်ခဲ့သောအမှားများနှင့် အခက်အခဲတို့သည် သာ၍ကောင်းမွန်၊ မြင့်မားသောအရာတို့အတွက်ခုတုံးများဖြစ်ကြောင်းသင်ပြပေးရမည်။ ဘဝကိုရှင်သန်ရန် ထိုက်အောင်ပြုသောသူအားလုံးသည် အောင်မြင်မှုကိုဆွတ်ခူးကြသည်မှာ ထိုသို့သောအတွေ့အကြုံများအားဖြင့်ဖြစ်သည်။

"ကြီးမြတ်သောပုဂ္ဂိုလ်များ၊ အထွတ်အထိပ်သို့အရောက်လှမ်းကြရာဝယ်၊ ရုတ်ခြည်းပျံသန်းမှုမှ၊ ရောက်ရှိသွားခြင်းမမည်ပါ။ သို့သော်၊ သူတို့သည် အဖော်အလျော်များ၊ အိပ်ပျော်ချိန်ဝယ်၊ သန်းခေါင်ညတွင်၊ ကုတ်ကတ်တက်သူများဖြစ်ကြ၏။"

"ကျွန်ုပ်တို့၏ခြေထောက်အောက်၌ ရှိသောအရာများအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ပိုင်နိုင်ကျွမ်းကျင်သောအရာများအားဖြင့်လည်းကောင်း၊ နန်းချသည့်မာန်မာနနှင့် ကွပ်မျက်လိုက်သောဒေါသထွက်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အချိန်တိုင်းရင်ဆိုင်ရသည့်နှိမ်နင်းလိုက်သောဘေးဥပဒ်အားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကြီးမြင့်သွားကြရ၏။"

"နေ့စဉ်ဖြစ်ရပ်များမှ သာမန်အရာများအားလုံးအစနှင့်အဆုံးများ၊ ကျွန်ုပ်တို့၏ပျော်ရွှင်မှုများနှင့် မကျေမချမ်းမှုများစသည်တို့သည် ကျွန်ုပ်တို့အမြင့်သို့တက်လှမ်းနိုင်ရန် ပတ်လည်ဝိုင်းလျက်ရှိသည်။" {Ed 296.1}

ကျွန်ုပ်တို့သည် "မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍၊ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည်ထောက်လျက်၊ ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ၊ မထင်ရှားသော... နိစ္စထာဝရဘုန်းအသရေကို" (၂ကော၊ ၄း၁၈) ကြည့်မှတ်ရမည်။ တစ်ကိုယ်ကောင်းဆန်သောလိုအင်ဆန္ဒများကိုငြင်းပယ်ခြင်းနှင့် ကျွန်ုပ်တို့အလဲအလှယ်ပြုသောအရာမှာ၊ တန်ဖိုးကြီးပြီးအမြဲတည်သောအရာအတွက် တန်ဖိုးမဲ့ပြီးခဏသာတည်သောအရာနှင့် အလဲအလှယ်ပြုခြင်းဖြစ်သည်။ ဤအရာသည် စွန့်လွှတ်အနစ်နာခံခြင်းမဟုတ်ဘဲ၊ မရေတွက်နိုင်သောအမြတ်ကိုရရှိခြင်းဖြစ်သည်။ {Ed 296.2}

"သာ၍ကောင်းသောအရာ" တစ်ခုမှာ ပညာရေး၏ဆောင်ပုဒ်၊ မှန်ကန်သောအသက်ရှင်နေထိုင်မှု၏ဥပဒေဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အားစွန့်လွှတ်ရန်တောင်းဆိုသည့်အရာရာအစား၊ သာ၍ကောင်းသောအရာကို ကမ်းလှမ်းတော်မူသည်။ တစ်ခါတစ်ရံလူငယ်များသည် မကောင်းသောအရာ

ဟုမယူဆရသည့်အရာဝတ္ထုများ၊ လိုက်စားမှုများ၊ ပျော်ရွှင်မှုများကိုချစ်ခင်မြတ်နိုးတတ်ကြသည်။ သို့သော် အကောင်းဆုံးသောအရာကို မပေးစွမ်းနိုင်ချေ။ ၎င်းတို့သည် ဘဝ၏အမွန်မြတ်ဆုံးသောရည်မှန်းချက်မှလမ်းလွဲစေသည်။ အာဏာရှင်ဆန်ဆန်အကဲဖြတ်ခြင်း သို့မဟုတ် တိုက်ရိုက်စွပ်စွဲရှုတ်ချခြင်းသည် လူငယ်တို့အားသူတို့မြတ်နိုးသောအရာကို စွန့်လွှတ်စေရာတွင်အရာမရောက်ဖြစ်စေမည်။ သူတို့အားဟန်ရေးပြခြင်း၊ ကြီးပွားလိုစိတ်၊ မိမိအလိုလိုက်ခြင်းတို့ထက်သာ၍ကောင်းသောအရာကိုညွှန်ပြပေးရမည်။ သူတို့အားစစ်မှန်သောအလှ၊ သာ၍မြင့်မြတ်သောစည်းမျဉ်းများ၊ သာ၍မြင့်မြတ်သောသူများနှင့်ထိတွေ့စေပါ။ သူတို့ကို အလုံးစုံချစ်ဖွယ်ဖြစ်တော်မူသောသူအား ရှုမြင်စေပါ။ သူတို့၏အကြည့်သည် ကိုယ်တော်အပေါ်သို့တစ်ကြိမ်မျှကျရောက်သောအခါ၊ ဘဝ၏ရည်ရွယ်ချက်ကိုရှာတွေ့လိမ့်မည်။ လူငယ်တို့၏စိတ်အားထက်သန်မှု၊ စိတ်ရင်းကောင်းခြင်း၊ ပြင်းပြသောစိတ်ဇောတို့သည် စစ်မှန်သောအရာကိုရှာဖွေတွေ့ရှိလိမ့်မည်။ တာဝန်ဝတ္တရားသည် သာယာကြည်နူးစရာဖြစ်လာပြီး၊ စွန့်လွှတ်အနစ်နာခံခြင်းသည်လည်း ပျော်ရွှင်စရာဖြစ်လာသည်။ ခရစ်တော်ကိုလေးစားခြင်း၊ သူနှင့်တူလာခြင်း၊ သူ့အတွက်လုပ်ဆောင်ခြင်းတို့သည် ဘဝ၏အမြင့်မားဆုံးသောရည်မှန်းချက်နှင့် အကြီးမားဆုံးသောပျော်ရွှင်မှုဖြစ်သည်။ {Ed 296.3}

"ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏။" ၂ကော၊ ၅း၁၅။ {Ed 297.1}

***

# အခန်း ၃၅

# အနာဂတ်ကျောင်း

ကောင်းကင်ဘုံသည် ကျောင်းဖြစ်၍၊ စကြဝဠာသည်သင်ခန်းစာ စာအုပ်ဖြစ်ပြီး၊ ဆရာမှာ ထာဝဘုရားဖြစ်သည်။ ဤကျောင်း၏တွဲဖက်ကျောင်း ကို ဧဒင်ဥယျာဉ်၌တည်ထောင်ခဲ့သည်။ ရွေးနုတ်ခြင်းစီမံကိန်းသည် ပြီးမြောက် သွားပြီးဖြစ်၍၊ တစ်ဖန်ပညာရေးကို အထက်ဧဒင်ကျောင်းသို့ပြောင်းရွှေ့သွား လိမ့်မည်။ {Ed 301.1} •

"ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှါ၊ ဘုရားသခင်ပြင်ဆင် တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး" ၁ကော၊ ၂း၉။ ကိုယ်တော်၏နှုတ်ထွက်စကားအားဖြင့်သာ ဤအရာများကိုသိရှိနိုင်သည်။ ဤရရှိသောအခွင့်အလမ်း၌ပင်တချို့တစ်ဝက် ကိုသာသိမြင်နိုင်သည်။ {Ed 301.2}

ပတ်မုကျွန်းမှပုရောဖက်သည် အနာဂတ်ကျောင်း၏တည်နေရာကို အောက်ပါအတိုင်းဖော်ပြထားသည်။ {Ed 301.3}

"ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်း ဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွေ့သွားကြပြီ။… သန့်ရှင်း သောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက် ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်သည်ကိုငါမြင်၏။" ဗျာဒိတ် ၂၁း၁၊၂။ {Ed 301.4}

"ထိုမြို့သည်နေ၏အရောင်၊ လ၏အရောင်ကိုအလိုမရှိ။ အကြောင်း မူကား၊ ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကိုလင်းစေ၏။ သိုးသငယ်သည် လည်းထိုမြို့၏ဆီမီးဖြစ်၏" ဗျာဒိတ်ကျမ်း ၂၁း၂၃။ {Ed 301.5}

အစအဦး၌ဧဒင်ဥယျာဉ်တွင် တည်ထောင်ခဲ့သောကျောင်းနှင့်အနာဂတ်ကျောင်းတို့၏စပ်ကြားတွင်၊ လူသားတို့၏ကျူးလွန်ခြင်းနှင့်ဒုက္ခဆင်းရဲခံရခြင်းသမိုင်းရာဇဝင်၊ ဘုရားရှင်၏အသေခံခြင်း၊ သေခြင်းနှင့်အပြစ်တရားအပေါ် အောင်ခြင်းမှတ်တမ်းစသည့် ကမ္ဘာ၏သမိုင်းရာဇဝင်အားလုံးရှိနေသည်။ ပထမဧဒင်ဥယျာဉ်ကျောင်း၏အခြေအနေအရပ်ရပ်အားလုံးကို အနာဂတ်အသက်တာ၏ကျောင်းတွင်တွေ့ရလိမ့်မည်မဟုတ်ချေ။ စုံစမ်းခြင်းအတွက် အခွင့်အရေးရစေမည့်ကောင်းမကောင်းသိကျွမ်းရာအပင်သည် ရှိလိမ့်မည်မဟုတ်။ လှည့်ဖြားသူမရှိ၊ မှားယွင်းစရာအကြောင်းလည်းမရှိချေ။ လူတိုင်းသည် မကောင်းမှု၏ဆန်းစစ်မှုကိုကြံ့ကြံ့ခံနိုင်ခဲ့ပြီဖြစ်၍၊ မည်သူမျှဒင်း၏တန်ခိုးကို ယုံလွယ်ကြတော့မည်မဟုတ်ချေ။ {Ed 301.6}

"အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင်ပရဒိသုဥယျာဉ်၌ရှိသောအသက်ပင်၏အသီးကို စားစေခြင်းငှါငါအခွင့်ပေးမည်။ (ဗျာဒိတ်ကျမ်း ၂:၇) ဟု ခရစ်တော်မိန့်တော်မူသည်။ ဧဒင်ဥယျာဉ်ကအသက်ပင်ကိုပေးခြင်းသည် အခြေအနေတစ်ရပ်အပေါ်မူတည်ခဲ့ပြီး၊ အဆုံးတွင် ၎င်းကိုရုပ်သိမ်းခဲ့သည်။ သို့သော် အနာဂတ်အသက်တာ၌ရရှိမည့်ဆုကျေးဇူးများမှာမူအကြွင်းမဲ့ဖြစ်၍၊ ထာဝရတည်သည်။ {Ed 302.1}

ပုရောဖက်သည် "ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်ကို" ကြည့်ရှုရသည်။ "ထိုမြစ်နှစ်ဖက်၌.... အသက်ပင်ရှိ၏။" "နောက်တစ်ဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ" ဗျာဒိတ်ကျမ်း ၂၂:၁၊ ၂။ ၂၁:၄။

"သင်၏လူအပေါင်းတို့သည် ဖြောင့်မတ်၍၊ ပြည်တော်ကိုအစဉ်အမြဲအမွေခံသဖြင့်၊ ငါ၏ဘုန်းပွင့်စေခြင်းငှါ၊ ငါ့ကိုယ်တိုင်စိုက်၍ပြုစုသောပျိုးပင်ဖြစ်ရကြလိမ့်မည်" ဟေရှာယ ၆၀:၂၁။ {Ed 302.2}

"ငါ၏လူတို့သည် ငါ့ကိုသိကြလိမ့်မည်။ ကတိထားသောသူကား၊ ငါဖြစ်သည်ကိုအချိန်ရောက်မှသိကြလိမ့်မည်။ အကယ်စင်စစ်ငါရှိသည်ဟု ထာဝရဘုရားမိန့်တော်မူ" (ဟေရှာယ ၅၂း၆) ချက်ကိုခံယူ၍၊ အစအဦးကကဲ့သို့ ပင်တစ်ဖန်လူသားသည် ကိုယ်တော်၏ရှေ့တော်မှောက်တွင် နဂိုအတိုင်းပြန်ဖြစ်လာလိမ့်မည်။ {Ed 302.3}

"ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူကိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍၊ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။" ဗျာဒိတ်ကျမ်း ၂၁း၃။ {Ed 302.4}

"ဤသူတို့သည် ကြီးစွာသောဆင်းရဲဒုက္ခအထဲကထွက်မြောက်၍၊ မိမိတို့ဝတ်လုံကို သိုးသငယ်၏အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ ထို့ကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍၊ ဗိမာန်တော်၌ ဘုရားဝတ်ကိုနေ့ညမပြတ်ပြုရကြ၏။.... သူတို့သည်နောက်တစ်ဖန်ရေစာကိုမငတ်မမွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှမခံရကြ။ အကြောင်းမူကား၊ ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍၊ အသက်စမ်းရေတွင်းသို့လမ်းပြလိမ့်မည်။" ဗျာဒိတ်ကျမ်း ၇း၁၄–၁၇။ {Ed 303.1}

ယခုတွင်ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင် ငါအသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ငါသိရလိမ့်မည်။" ၁ကော ၁၃း၁၂။ {Ed 303.2}

"မျက်နှာတော်ကိုမြင်ရ၍၊ သူတို့နဖူး၌လည်းနာမတော်ရေးထားလျက်ရှိလိမ့်မည်။" ဗျာဒိတ်ကျမ်း ၂၂း၄။ {Ed 303.3}

ထိုနေရာတွင် ကျွန်ုပ်တို့၏အမြင်အာရုံကိုကာဆီးသောခြုံလွှာသည် ဖယ်ရှားခြင်းခံရသောအခါ၊ အနုကြည့်မှန်ပြောင်းဖြင့်ယခုခဏမျှမြင်ရသော

လှပသည့်ကမ္ဘာလောကကို ကျွန်ုပ်တို့၏မျက်စိဖြင့်ရှုမြင်ကြရမည်။ ကောင်းကင်၏ဘုန်းတန်ခိုးများကို ကျွန်ုပ်တို့ကြည့်သောအခါ၊ အဝေးကြည့်မှန်ပြောင်းဖြင့်အဝေးမှကြည့်နိုင်သည်။ အပြစ်၏အကျည်းတန်ခြင်းကိုဖယ်ရှားသောအခါ၊ "ကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရား၏တင့်တယ်ခြင်း" ၌ကမ္ဘာမြေတစ်ခုလုံးသည်ပေါ်လာလိမ့်မည်။ ကျွန်ုပ်တို့လေ့လာရမည့်ပညာရပ်နယ်ပယ်သည် ကျယ်ပြန့်လှသည်တကား။ ထိုနေရာတွင် သိပ္ပံပညာကိုလေ့လာသောသူတို့သည် ဖန်ဆင်းခြင်း၏မှတ်တမ်းများကိုဖတ်၍၊ မကောင်းမှု၏နိယာမကို သတိပေးသည့်အရာများမရှိသည်ကိုသိမြင်နိုင်ကြမည်။ သူသည် သဘာဝတရား၏တေးသံသာများကိုနားထောင်နိုင်မှာဖြစ်ပြီး၊ မြည်တမ်းခြင်းသံစဉ်နှင့်ဝမ်းနည်းခြင်းတီးတိုးလေသံမျှရှာဖွေတွေ့ရှိမည်မဟုတ်ချေ။ ဖန်ဆင်းသည့်အရာအားလုံးတွင်လက်ရေးမူတစ်ခုကိုတွေ့ရှိနိုင်လိမ့်မည်။ ၎င်းမှာကျယ်ပြောလှသောစကြဝဠာတွင် ဘုရားသခင်၏နာမတော်ကို အကြီးကြီးရေးထားသည်ကို ရှုမြင်ရမည်။ သို့သော် ဒုက္ခလက်ကျန်တစ်ခုကိုမျှမြေကြီး၊ ပင်လယ် သို့မဟုတ် ကောင်းကင်တွင်တွေ့ရလိမ့်မည်မဟုတ်။ {Ed 303.4}

ထိုနေရာတွင်၊ ဧဒင်ဥယျာဉ်၌နေထိုင်သည့်ပုံစံမျိုးဖြင့်၊ ဥယျာဉ်များနှင့်ကွင်းပြင်များတွင် နေထိုင်ကြရမည်။ "ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍၊ အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍၊ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကိုကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။" ဟေရှာယ ၆၅း၂၁၊ ၂၂။ {Ed 303.5}

"ငါ၏သန့်ရှင်းသောတောင်တစ်ပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြဟုထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၆၅း၂၅။ ထိုနေရာတွင် လူသားသည်လက်လွတ်ဆုံးရှုံးခဲ့သော ဘုရင့်အရိုက်အရာကိုပြန်လည်ရရှိလိမ့်မည်။ တိရစ္ဆာန်တို့သည်သူ၏စိုးမိုးခြက်လှယ်မှုကို အသိအမှတ်

ပြုကြလိမ့်မည်။ သားရဲတို့သည် သိမ်မွေ့လာ၍၊ ကြောက်တတ်သောအကောင်တို့သည်အားကိုးတတ်လာမည်။ {Ed 304.1}

စာသင်သားအတွက် မရေမတွက်နိုင်သောနယ်ပယ်သမိုင်းကြောင်းနှင့် ဖေါ်ပြ၍မရနိုင်သည့်ကြွယ်ဝသောသမိုင်းကြောင်းများ ဖွင့်ထားလျက်ရှိလိမ့်မည်။ ဤမြေကြီးတွင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ရှုထောင့်မှ၊ ကျောင်းသားသည် ကျယ်ပြောလှသောသမိုင်းနယ်ပယ်ကို ရှုမြင်ခွင့်ရရှိပြီး၊ လူသားတို့၏ဖြစ်စဉ်လမ်းကြောင်းထိန်းချုပ်သည့် နိယာမတချို့ကိုသိနိုင်လိမ့်မည်။ သို့သော် သူ၏အမြင်အာရုံသည် တိမ်ဖုံးနေသေးပြီး၊ သူ၏အသိဉာဏ်သည်လည်းမပြည့်စုံချေ။ သူသည် ထာဝရအလင်းတွင်ရပ်ရသောအခါ၊ အရာခပ်သိမ်းကိုရှင်းလင်းစွာမြင်ရလိမ့်မည်။ {Ed 304.2}

ကာလအချိန်မတိုင်မီ ပေါက်ပွားခဲ့သောမဟာတိုက်လှန်ပွဲလမ်းကြောင်းသည် သူ့ရှေ့တွင်ဖွင့်ထားလျက်ရှိမည်ဖြစ်ကာ၊ ၎င်းသည် ကာလအချိန်ကုန်ဆုံးမှသာပြီးဆုံးလိမ့်မည်။ အပြစ်တရားကနဦးသမိုင်း၊ ၎င်း၏ကောက်ကျစ်သောလုပ်ရပ်၌သေစေနိုင်သောမုသားသမိုင်း၊ မိမိ၏ဖြောင့်တန်းသောလမ်းကြောင်းမှ တိမ်းပါးခြင်းမရှိသည့်သမ္မာတရားသည် အမှားကိုအောင်နိုင်သည့်သမိုင်းစသည်အားလုံးသည် ပေါ်လွင်လာလိမ့်မည်။ မြင်နိုင်သောကမ္ဘာနှင့်မမြင်နိုင်သောကမ္ဘာအကြားတွင် တိုးဝင်လာသောကန့်လန့်ကာကို ဘေးသို့ဆွဲချလိုက်သောအခါ၊ အံ့ဩဖွယ်အရာများပေါ်လာလိမ့်မည်။ {Ed 304.3}

ထာဝရကာလ၏အလင်းတွင် ဘုရားသခင်၏စောင်မခြင်းကိုမြင်တွေ့ရသောအခါ၊ ကောင်းကင်တမန်များ၏စောင့်ရှောက်ခြင်းနှင့်ကြားဝင်မှုအပေါ်ကျွန်ုပ်တို့အကြွေးတင်သည့်အရာကို ကျွန်ုပ်တို့နားလည်လာမည်။ ကောင်းကင်ဘုံသားတို့သည် လူတို့၏အရေးကိစ္စတွင်တက်ကြွစွာပါဝင်ကြသည်။ သူတို့သည်လျှပ်စီးကဲ့သို့တောက်ပသောအဝတ်များဖြင့်ပေါ်လာခဲ့ကြသည်။ သူတို့သည်ခြေကျင်ခရီးသည်ပုံစံဖြင့်ဝတ်ဆင်၍၊ လူသားကဲ့သို့လာတတ်ကြသည်။ သူတို့သည် လူတို့ဧည့်ဝတ်ပျူငှာခြင်းကိုလက်ခံကြသည်။ သူတို့သည် မသိနား

မလည်သောခရီးသွားများအား လမ်းပြအဖြစ်လည်းလုပ်ဆောင်ကြသည်။ သူတို့သည် ဖျက်ဆီးသောသူ၏ရည်ရွယ်ချက်ကို ပိတ်ဆို့တားဆီး၍၊ သူတို့၏ရိုက်ချက်ကို လွဲသွားစေသည်။ {Ed 304.4}

ဤလောကကိုအုပ်ချုပ်သောသူတို့သည် မသိလိုက်သော်လည်း၊ ကောင်းကင်တမန်များသည် သူတို့၏အုပ်ချုပ်ရေးအဖွဲ့တွင် ပြောရေးဆိုခွင့်ရှိသူအဖြစ်ပါဝင်ခဲ့ကြပြီ။ လူသားတို့သည် သူတို့ကိုလေးစားကြသည်။ လူတို့သည် သူတို့၏တောင်းဆိုချက်များကို နားထောင်ကြသည်။ တရားစီရင်ရေးခန်းမတွင်၊ ကောင်းကင်တမန်တို့သည် ညှဉ်းဆဲဖိနှိပ်ခြင်းခံရသောသူတို့အရေးကို အသနားခံပေးခဲ့ကြပြီ။ သူတို့သည် ဘုရားသခင်၏သားသမီးများအပေါ် မှားသောအရာနှင့်ဆင်းရဲဒုက္ခကို မကောင်းဆိုးဝါးတို့၏ရည်ရွယ်ချက်များကို ကျရှုံးစေပြီး၊ ၎င်းတို့ကိုဖမ်းချုပ်ထားလေပြီ။ ကောင်းကင်ဘုံရှိကျောင်းတွင် ကျောင်းသားများအတွက် ဤအရာအားလုံးတို့ကိုဖွင့်ချလိမ့်မည်။ {Ed 305.1}

ရွေးနုတ်ခြင်းကိုခံရသောသူတိုင်းသည် မိမိကိုယ်ပိုင်အသက်တာတွင် ကောင်းကင်တမန်များ၏စောင်မခြင်းကိုနားလည်လိမ့်မည်။ ငယ်စဉ်တောင်ကျေးဘဝမှ စောင့်ရှောက်သောကောင်းကင်တမန်၊ သူ၏ခြေလှမ်းများကိုစောင့်ထိန်း၍၊ ဒုက္ခရောက်စဉ်တွင် သူ၏ဦးခေါင်းကိုကွယ်ကာပေးသောကောင်းကင်တမန်၊ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲတွင်သူနှင့်အတူရှိ၍၊ သူ၏နားရာနေရာကိုပြသပေးသောကောင်းကင်တမန်၊ ထမြောက်ခြင်းနံနက်တွင် သူ့အားအလျင်ဦးဆုံးကြိုဆိုမည့်ကောင်းကင်တမန်နှင့်စကားစမြည်ပြောရမည့်အဖြစ်၊ တစ်ဦးချင်းစီ၏အသက်တာ၌ ဘုရားရှင်၏ကြားဝင်မှုနှင့်လူသားအတွက်လုပ်ဆောင်မှုတိုင်းတွင် ကောင်းကင်သားတို့၏ပူးပေါင်းလုပ်ဆောင်မှုသမိုင်းကို သင်ယူရမည့်အဖြစ်သည်မည်သို့ဖြစ်လိမ့်မည်နည်း။ {Ed 305.2}

အသက်တာ၏အတွေ့အကြုံမှ ရှုပ်ထွေးမှုအားလုံးသည် ထိုအချိန်တွင်ရှင်းလင်းသွားလိမ့်မည်။ ကျွန်ုပ်တို့အတွက်ရှုပ်ထွေးခြင်းနှင့်စိတ်ပျက်ခြင်း၊

ပျက်စီးသွားသောရည်ရွယ်ချက်များနှင့် လမ်းလွဲသောအကြံအစည်များအဖြစ်သာမြင်ရသည့်နေရာတွင်၊ ခမ်းနား၍အောင်မြင်သောရည်ရွယ်ချက်များ၊ ဘုရားရှင်နှင့်သဟဇာတဖြစ်ခြင်းများကို မြင်တွေ့ရမည်။ {Ed 305.3}

ကိုယ်ကျိုးမဖက်သောစိတ်ဓာတ်ဖြင့် လုပ်ဆောင်သောသူအားလုံးသည် မိမိတို့အားထုတ်မှု၏အကျိုးကိုမြင်ရကြမည်။ မှန်ကန်သောစည်းမျဉ်းနှင့်မွန်မြတ်သောလုပ်ဆောင်မှုများကိုမြင်ရလိမ့်မည်။ ဤအရာတချို့ကို ဤကမ္ဘာတွင်ကျွန်ုပ်တို့မြင်ရသည်။ သို့သော် လုပ်ဆောင်သောသူအတွက် ဤအသက်တာတွင် လောက၏အမွန်မြတ်ဆုံးသောလုပ်ဆောင်မှု၏အကျိုးထင်ရှားမှုသည် အလွန်နည်းပါးလှသည်တကား။ မိမိတို့လက်လှမ်းမမီတော့သည့်သူများ၊ ကူညီရန်မိမိတို့အသိဉာဏ်ဖြင့်မမီတော့သည့်သူများအတွက် ကိုယ်ကျိုးမဖက်၊ မငြီးငွေ့ဘဲကြိုးစားလုပ်ဆောင်သောသူအဘယ်မျှရှိလေသနည်း။ မိဘများနှင့်ဆရာသမားများသည် အိပ်စက်အနားယူကြလေပြီ။ သူတို့ဘဝတစ်လျှောက်လုံးဆောင်ရွက်မှုသည် အရာမရောက်သည့်အလားဖြစ်နေသည်။ သူတို့၏သစ္စာရှိမှုသည် ဘယ်ခါမျှမခန်းခြောက်သောကောင်းချီးမင်္ဂလာစမ်းရေကိုဖွင့်ပေးခဲ့ကြောင်း သူတို့မသိလိုက်ရချေ။ သူတို့သွန်သင်ခဲ့သောသားသမီးများသည်ကောင်းချီးဖြစ်လာ၍၊ မိမိတို့လူသားချင်းများအတွက်လှုံ့ဆော်အားပေးသူများဖြစ်လာကာ၊ သူတို့၏ဩဇာလွှမ်းမိုးမှုသည် ထောင်သောင်းချီ၍အထပ်ထပ်ဖြစ်ပေါ်လာမည်ကို ယုံကြည်ခြင်းအားဖြင့်သာသူတို့မြင်ခဲ့ကြသည်။ များစွာသောသူတို့သည် အားရှိသောသတင်းစကား၊ မျှော်လင့်ခြင်းနှင့်ရဲစွမ်းသတ္တိကိုပေးသောသတင်းစကား၊ တိုင်းနိုင်ငံအရပ်ရပ်ရှိလူတို့ထံသို့ ကောင်းချီးကိုသယ်ဆောင်ပေးသောသတင်းစကားကိုပါးကြသည်။ သို့သော် သူတို့သည် အထီးကျန်လျက်၊ မထင်မပေါ်ကြိုးစားလုပ်ဆောင်ခြင်း၏ရလဒ်များကိုမူမသိရကြချေ။ ထို့ကြောင့် ဆုလာဘ်များကိုသိထားလေပြီ၊ ဝန်ထုပ်များလည်းထမ်းခဲ့ပြီ၊ အလုပ်လည်းပြီးစီးလေပြီ။ လူတို့သည် မိမိတို့သင်္ချိုင်းပေါ်တွင်မျိုးစေ့ကိုကြဲ၍၊ အခြားသောသူတို့သည် မြတ်သောသီးနှံကိုရိတ်သိမ်းကြသည်။ အခြား

သောသူများကသစ်သီးစားခြင်းငှါသူတို့သည် သစ်ပင်စိုက်ကြသည်။ သူတို့သည် ကောင်းသောအရာလုပ်ဆောင်သည်ကိုသိရ၍ ကျေနပ်နှစ်သိမ့်ကြသည်။ အနာဂတ်တွင် ဤလုပ်ဆောင်မှုအားလုံးနှင့်ရလဒ်အားလုံးကို မြင်တွေ့ရလိမ့်မည်။ {Ed 305.4}

ဘုရားသခင်အပ်နှင်းထားသောဆုကျေးဇူးတိုင်းတွင်၊ လူတို့ကိုကိုယ်ကျိုးမဖက်ဘဲကြိုးစားလုပ်ဆောင်စေသည့်လုပ်ရပ်ကို ကောင်းကင်တွင်မှတ်တမ်းတင်ထားသည်။ ဤသို့သောလုပ်ဆောင်မှု၏ ကျယ်ပြန့်စွာပျံ့နှံ့မှုကိုခြေရာကောက်ခြင်း၊ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကြောင့် စိတ်ဓာတ်မြင့်လာသူများနှင့်သူကောင်းဖြစ်လာသူတို့ကိုစဉ်းစားခြင်း၊ သူတို့၏ရာဇဝင်တွင် စစ်မှန်သောစည်းမျဉ်းများလိုက်လျှောက်ခြင်းကို ရှုမျှော်ခြင်းစသည်တို့သည် ကောင်းကင်ကျောင်းတော်တွင် လေ့လာရမည့်ဘာသာရပ်တစ်ခုဖြစ်၍၊ ရရှိမည့်ဆုလာဘ်လည်းဖြစ်သည်။ {Ed 306.1}

ထိုနေရာတွင် သူတစ်ပါးသည် ကျွန်ုပ်တို့ကိုသိသကဲ့သို့ကျွန်ုပ်တို့သိရလိမ့်မည်။ ထိုအခါ ဘုရားသခင်သည် စိတ်ဝိညာဉ်ထဲ၌စိုက်ပျိုးတော်မူသောချစ်ခြင်းမေတ္တာနှင့်သနားကြင်နာမှုများကို အမှန်ကန်ဆုံးနှင့်အချိုသာဆုံးကျင့်သုံးခဲ့သည်ကိုတွေ့မြင်ရလိမ့်မည်။ မြတ်သောကောင်းကင်တမန်များနှင့်လည်းကောင်း၊ ခေတ်အဆက်ဆက်မှသစ္စာရှိသောသူများနှင့်လည်းကောင်း အတွဲအဖက်ညီညီစင်ကြယ်ရင်းနှီးသောဆက်ဆံမှုဖြင့်၊ ကောင်းကင်မိသားစုတစ်ခုလုံးနှင့် မြေကြီးမိသားစုတစ်ခုလုံးအတူတကွ သန့်ရှင်းမွန်မြတ်သောမိတ်သဟာယဖွဲ့ခြင်းသည် အနာဂတ်၌ခံစားရမည့်အတွေ့အကြုံဖြစ်သည်။ {Ed 306.2}

ထိုနေရာတွင် ဘုရားသခင်၏စိတ်တော်၌သိုမှီးထားသောတေးသီချင်းကဲ့သို့သောတေးသီချင်းများရှိလိမ့်မည်။ ထိုတေးသီချင်းကို လူတို့နားဖြင့်မကြား၊ စိတ်နှလုံး၌လည်းစိတ်ကူးမပေါက်သေးချေ။ {Ed 307.1}

"သီချင်းသည်နှင့်ပွဲသဘင်ခံသောသူ အစရှိသောငါ၏ပျော်မွေ့ခြင်း အကြောင်းရှိသမျှတို့သည် သင်၌ရှိကြသတည်း" ဆာလံ ၈၇း၇။ "ထိုသူတို့သည် ကြွေးကြော်၍ရွှင်လန်းစွာသီချင်းဆိုကြလိမ့်မည်။ ထာဝရဘုရားကိုချီးမွမ်းသော အသံနှင့်ပင်လယ်တစ်ဖက်မှာ မြည်ကြလိမ့်မည်။" ဟေရှာယ ၂၄း၁၄။ {Ed 307.2}

"ထိုသို့နှင့်အညီထာဝရဘုရားသည် ဇိအုန်မြို့ကိုချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာအရပ်အလုံးစုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို ဧဒင်အရပ်ကဲ့သို့လည်းကောင်း၊ သူ၏လွင်ပြင်ကိုထာဝရဘုရား၏ဥယျာဉ်ကဲ့သို့လည်းကောင်း၊ ဖြစ်စေတော်မူသဖြင့်၊ ဇိအုန်မြို့သည်ဝမ်းမြောက်ရွှင်လန်းခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့်ပြည့်စုံလိမ့်မည်။" ဟေရှာယ ၅၁း၃။ {Ed 307.3}

ထိုနေရာတွင်အစွမ်းတန်ခိုးအားလုံးဖွံ့ဖြိုးလာ၍၊ လုပ်နိုင်စွမ်းအားလုံးလည်းတိုးပွားလာမည်။ အခမ်းနားဆုံးသောလုပ်ငန်းကို ဆက်လက်လုပ်ဆောင်မည်။ အမြင့်မြတ်ဆုံးသောရည်မှန်းချက်ကို ရောက်ရှိသွားမည်။ အမြင့်မားဆုံးသောစိတ်ဆန္ဒကိုလည်း နားလည်သဘောပေါက်လာလိမ့်မည်။ ဆက်လက်ပြီး၊ အသစ်သောကျော်လွှားရမည့် အထွတ်အထိပ်များ၊ အားကျရှုစားရမည့်အံ့ဖွယ်ရာအသစ်များ၊ နားလည်သဘောပေါက်ရမည့်အသစ်သောသမ္မာတရားများ၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့၏အစွမ်းတန်ခိုးစိုက်ထုတ်ရမည့်အသစ်သောအရာများထပ်မံပေါ်ထွက်လာလိမ့်ဦးမည်။ {Ed 307.4}

ဘုရားသခင်၏သားသမီးများလေ့လာရန် စကြဝဠာ၏ဘဏ္ဍာအားလုံးကိုဖွင့်ချလိမ့်မည်။ နှုတ်ဖြင့်မြွက်ဆို၍မရနိုင်သော သာယာကြည်နူးခြင်းဖြင့် ကျွန်ုပ်တို့သည် မကျရှုံးသောကောင်းကင်သားတို့၏ပျော်ရွှင်မှုနှင့်ပညာထဲသို့ဝင်စားကြရမည်။ ကာလအဆက်ဆက် ဘုရားသခင်၏လက်ရာတော်များကို လေ့လာဆည်းပူးခြင်းမှရရှိသောဘဏ္ဍာများကို ကျွန်ုပ်တို့မျှဝေကြမည်။

ထာဝရနှစ်ကာလသည် ရွှေ့လျားသည်နှင့်အမျှသာ၍ကြီးကျယ်ခမ်းနားသော ဖော်ပြချက်များထွက်ပေါ်လာမည်။ "ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြား" (ဧဖက် ၃း၂၀) သောအရာတို့သည် ထာဝရကာလပတ်လုံး ရှိလိမ့်မည်ဖြစ်၍၊ ဘုရားသခင်၏ဆုကျေးဇူးလည်းဖြစ်ပေသည်။ {Ed 307.5}

"ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်" ဗျာဒိတ် ၂၂း၃။ ဤမြေကြီးပေါ်မှအသက်တာသည် ကောင်းကင်ဘုံအသက်တာ၏ အစဖြစ်သည်။ မြေကြီးပေါ်ရှိပညာရေးသည် ကောင်းကင်၏အခြေခံစည်း မျဉ်းများကိုအစပြုခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ထိုနေရာမှ လုပ်ငန်းအတွက် သင်တန်းယူနေခြင်းဖြစ်သည်။ ယခု ကျွန်ုပ်တို့အကျင့်စာရိတ္တ နှင့်စင်ကြယ်သောဝတ်ပြုကိုးကွယ်ခြင်းသည် အနာဂတ်တွင် ကျွန်ုပ်တို့ ဖြစ်လာမည့်အရာကို နိမိတ်လက္ခဏာပြခြင်းဖြစ်သည်။ {Ed 307.6}

"လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာမလာ။ သူတစ်ပါးအစေကို ခံခြင်းငှာလာ၏" မဿဲ ၂၀း၂၈။ ဤမြေကြီးပေါ်ခရစ်တော်၏အမှုတော်မှာ အထက်မှကိုယ်တော်၏အမှုတော်ပင်ဖြစ်သည်။ ဤလောကတွင်ကိုယ်တော်နှင့် အတူအမှုဆောင်အတွက် ကျွန်ုပ်တို့၏ဆုလာဘ်သည် နောင်လာမည့်ကမ္ဘာတွင် ကိုယ်တော်နှင့်အတူ သာ၍ကြီးမားသောတန်ခိုးနှင့် သာ၍ကျယ်ပြန့်သောအခွင့် အရေးများဖြင့် အတူတူလုပ်ဆောင်ခြင်းပင်ဖြစ်သည်။ {Ed 308.1}

"ငါသည် ဘုရားသခင်မှန်ပြီဟုသင်တို့သည် ငါ၏သက်သေဖြစ် ကြ၏" ဟေရှာယ ၄၃း၁၂။ ဤအတိုင်း ကျွန်ုပ်တို့သည် ထာဝရကာလပတ် လုံးဖြစ်ကြလိမ့်မည်။ {Ed 308.2}

မည်သည့်အတွက်မဟာတိုက်လှန်ပွဲကို ခေတ်ကာလတစ်လျှောက် ဆက်လက်ရှိနေခွင့်ပြုသနည်း။ အဘယ်ကြောင့် စာတန်၏တည်ရှိနေခြင်းကို သူ၏ပုန်ကန်ခြင်းအစ၌မဖြတ်ပစ်ခဲ့သနည်း။ မကောင်းမှုကိုကိုင်တွယ်ရာတွင် ဘုရားသခင်၏တရားမျှတမှုကို စကြဝဠာတစ်ခုလုံးကလက်ခံယုံကြည်စေမည် အကြောင်းနှင့်အပြစ်တရားသည် ထာဝရရှုတ်ချခြင်းခံရမည်အကြောင်းတည်း။

ရွေးနုတ်ခြင်းစီမံကိန်းတွင်၊ ထာဝရကာလပတ်လုံးမကုန်ခန်းနိုင်သော မြင့်မားခြင်းများနှင့်နက်နဲခြင်းများ၊ ကောင်းကင်တမန်များကပင်မြင်လိုကြသည့်အံ့ဖွယ်ရာများပါရှိသည်။ ဖန်ဆင်းသောသတ္တဝါအားလုံးထဲမှ၊ ရွေးနုတ်ခြင်းခံရသောသူတို့သာလျှင်၊ မိမိတို့ကိုယ်ပိုင်အတွေ့အကြုံ၌၊ အပြစ်တရားနှင့်အမှန်တကယ်တိုက်လှန်ပွဲကို ခံစားခဲ့ကြရသည်။ သူတို့သည် ကောင်းကင်တမန်များကပင်မရရှိနိုင်သည့် ကိုယ်တော်၏ဝေဒနာခံစားခြင်းကိုမျှဝေခံစားနိုင်ကြသည်။ သူတို့သည်ကယ်တင်ခြင်းဆိုင်ရာအတတ်ပညာရပ်ကို သက်သေခံခြင်းမရှိခဲ့ပါသော်၊ မကျရှုံးသောကောင်းကင်သားများအတွက် မည်သည့်အရာမျှထိုက်တန်မှုရှိလိမ့်မည်မဟုတ်။ {Ed 308.3}

"ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်အာဏာစက်တို့သည်၊ ဘုရားသခင်၏ထူးဆန်းသောပညာတော်ကို အသင်းတော်အားဖြင့် ယခုသိရကြမည်။" "ယေရှုခရစ်အားဖြင့် ငါတို့ကိုထမြောက်စေ၍ ကောင်းကင်အရပ်၌နေရာပေးတော်မူပြီ။ အကြောင်းမူကား၊..... ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကိုနောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း" ဧဖက် ၃း၁၀၊ ၂း၆၊ ၇။ {Ed 308.4}

"ဗိမာန်တော်၌ ခပ်သိမ်းသောသူတို့သည် ဘုန်းတော်ကိုဖေါ်ပြကြစေ" ဆာလံ ၂၉း၉။ ရွေးနုတ်ခံသူတို့သည် မိမိတို့အတွေ့အကြုံကိုရေးသားသီကုံးသည့်သီချင်းကိုဆို၍၊ ဘုရားသခင်၏ဘုန်းတော်ကိုဖေါ်ကျူးကြလိမ့်မည်။ "အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍အံ့သြဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အိုထာဝရဘုရား၊ ကိုယ်တော်ကိုမကြောက်ရွံ့ဘဲ၊ နာမတော်ကိုမချီးမွမ်းဘဲအဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။" ဗျာဒိတ်ကျမ်း ၁၅း၃၊ ၄။ {Ed 308.5}

ဤမြေကြီးပေါ်ကျွန်ုပ်တို့၏အသက်တာတွင် အပြစ်တရားသည်ကန့်သတ်ထားသော်လည်း၊ အကြီးမားဆုံးသောပျော်ရွှင်မှုနှင့်အမြင့်မားဆုံးသောပညာရေးသည် အမှုထမ်းရွက်ခြင်း၌ရှိနေသည်။ အပြစ်ရှိသောလူသားတို့၏ကန့်သတ်ချက်များဖြင့် အချုပ်အချယ်မရှိတော့သည့် အနာဂတ်အခြေအနေတွင် ကျွန်ုပ်တို့၏အကြီးမားဆုံးသောပျော်ရွှင်မှုနှင့် အမြင့်မားဆုံးသောပညာရေးကို အမှုထမ်းရွက်ခြင်း၌တွေ့ရှိလိမ့်မည်။ ကျွန်ုပ်တို့သည် အသစ်အသစ်သော "နက်နဲသောအရာနှင့်ဆိုင်သောမဟာစည်းစိမ်" ကို အစဉ်သင်ယူမည်ဖြစ်ပြီး၊ "ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသောသင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း။" ကောလောသဲ ၁း၂၇။ {Ed 309.1}

"နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့။" ၁ယော၊ ၃း၂။ {Ed 309.2}

ထိုအချိန်တွင် ခရစ်တော်သည် မိမိဆက်ကပ်အနစ်နာခံတော်မူခြင်း၏အကျိုးရလဒ်ကိုမြင်တော်မူမည်။ လူတို့မရေမတွက်နိုင်သောလူအုပ်ကြီးသည် "အပြစ်မရှိဘဲဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်... ဘုန်းအသရေတော်ရှေ့၌" (ယုဒ ၂၄) ရောက်ရှိလာလိမ့်မည်။ မိမိအသွေးတော်အားဖြင့် ရွေးနုတ်တော်မူ၍၊ မိမိအသက်တာအားဖြင့် ကျွန်ုပ်တို့အားသွန်သင်တော်မူသောသူသည် "မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်။" ဟေရှာယ ၅၃း၁၁။ {Ed 309.3}

***